
ပြည်မြို့တော်လွှာရာမကျောင်းတိုက်ပဓာနနှစ်ဝယ်က
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝေဓလ္ဟ
ဒီဃနိကာယ(ပါဠိတော်)
စီရကာရိကာဖိုင်းနှင့်စီရကာရိုင်းတစ်းကြော်
စီရကာရပကာသနီကျမ်း

မာတိကာ

၁။	ပဏာမ စကားအစဉ် စကားအဖွင့်	က-ဇ
၂။	ကျမ်းဦးဆုတောင်း	၁
၃။	အလုပ်ည(၅)ပါး မသိခြားက ဆရာဟူ၍ မခေါ်ရ	၅
၄။	ထွက်ရပ် ဝိဇ္ဇာလမ်းကြီး(၄)ပါး	၃၅
၅။	ဝိဇ္ဇာတို့၏ အမျိုးမျိုးအပြားပြားကို ခွဲခြားပြဆိုခြင်း	၅၂
၆။	အဖျက်ဝိဇ္ဇာများအကြောင်း	၇၈
၇။	ဝိဇ္ဇာ အစစ်နှင့်အတု ခွဲခြားပြပုံ	၁၀၇
၈။	ကန်တော့ပွဲထိုးပုံ အမျိုးမျိုးနှင့် ဝိဇ္ဇာဓိရ် ဆရာတော်ကြီးများ ကန်တော့ခန်း	၁၄၀
၉။	ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာဓိရ်တို့၏ စာရင်း	၁၅၈
၁၀။	ဗောဓိပက္ခိယ အင်းဝိဇ္ဇာ ထွက်လမ်း	၁၆၈
၁၁။	ဂါထာ ဝိဇ္ဇာဓိရ် ထွက်လမ်း	၂၀၂
၁၂။	ဝိဇ္ဇာဓိရ်(၅)မျိုးတို့နှင့် ပဓာနိယင်္ဂ(၅)ပါး	၂၃၅
၁၃။	အရိယာဝိဇ္ဇာအဖြစ်ဒွတ္တိသကောဇ္ဇာသကမဟာန်း	၂၇၉
၁၄။	ဝိဇ္ဇာလမ်းပေါက် ဂါထာမန္တာန်များ	၂၉၁
၁၅။	နိဂုံးချုပ်ကထာ	၃၁၂
၁၆။	ကိုးကားသော ကျမ်းများ	၃၁၈

ပဏာမ စကားအစဉ် စကားအမှာ

ခေတ်ကာလ၊ ခေတ်အခါသမယ၊ ခေတ်တစ်ခေတ်၏ ရာစုနှစ်ကာလ အကန့်အကန့်များသည် ရောဝတီမြစ် ရေအလျဉ်ကဲ့သို့ တသွင်သွင်စီးဆင်း၍ တသွင်သွင်ပြောင်းလဲ သွားကြလေကုန်ပြီ။ ခေတ်တစ်ခေတ်၏ ရာစုနှစ်များစွာသည်လည်း နေဝင်နေထွက်အခိုန် နာရီများစွာကိုကျော်ဖြတ်၍ ရာစုနှစ်ပေါင်းများစွာသည်လည်း ပြောင်းလဲသွားကြလေကုန်ပြီ။

နဒီသောတောဝိယ. မြစ်ရေအသွင်ကဲ့သို့ ဒီပဇလတောဝိယ. မီးဇာမီးတောက်အလျင်ကဲ့သို့လည်းကောင်း၊ ဖြစ်ခြင်းတည်းဟူသောဘဝတို့သည်လည်း တစ်ဘဝပြီးတစ်ဘဝ ပြုပြင်ပြောင်းလဲလျက် ရှိနေကြလေကုန်ပြီ။ ခေတ်ကာလ၊ သမယ၊ နာရီ၊ မိနစ်၊ စက္ကန့်တို့သည်လည်း တသွင်သွင် ပြုပြင်ပြောင်းလဲလျက်ရှိနေကြပေပြီ။ ရုပ်ဝတ္ထုတို့သည်လည်းကောင်း၊ နာမ်၊ စိတ်တို့သည်လည်းကောင်း ရက်၊ လ၊ နှစ်များစွာတို့ကို လွန်လာခဲ့ပြီ။

တစ်ခေတ်ပြီးတစ်ခေတ် ပြောင်းလဲတိုးတက် လာခဲ့ကြလေကုန်ပြီ။ အချို့အချို့တို့သည်လည်း တစ်ခေတ်ပြီးတစ်ခေတ် တိုးတက်ပြောင်းလဲလာကုန်ကြသလို အချို့အချို့တို့သည်လည်း တစ်ခေတ်ပြီးတစ်ခေတ် ဆုတ်ယုတ်ပျက်ပြား လာကြကုန်တော့၏။ အချို့အချို့တို့သည်လည်း တစ်ခေတ်ပြီးတစ်ခေတ် ကျော်လွှားရင်းဖြင့် ဘဝတိုးတက်မှုကို မရရှာဘဲ၊ လောကဓံလှိုင်းပုတ်ခြင်းများကို ခံရပါများပြီး ဘဝနိုင်းချုပ်သွားကြလေကုန်၏။

အချို့အချို့တို့သည်လည်း တစ်ခေတ်ပြီးတစ်ခေတ် ကျော်လွှားရင်းဖြင့် ကုသိုလ်ကံကလည်း အကျိုးပေးအား ကောင်းလှသောကြောင့် တိုးတက်ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ အောင်မြင်ပြီးစီးခြင်းများတို့သည် အားကောင်းစွာ၊ ပြုံးရွှင်စွာ၊ စိတ်ချမ်းသာစွာ ခံစားနေရတော့၏။ ထိုသို့သော အကြောင်းအရာများတို့တွင်လည်း အကျွန်ုပ်လည်း တစ်ပါးအပါအဝင်ဖြစ်ခဲ့သည့်အလျောက် အကျွန်ုပ်ကျမ်းပြုအရှင်သည်လည်း ကုန်လွန်ခဲ့ပြီဖြစ်သော နှစ်ပေါင်းငါးဆယ်ခန့် အကျွန်ုပ်အသက် (၁၇ နှစ်၊ ၁၈နှစ်) အရွယ်မှစ၍ အစဉ်တစိုက် အမြဲမပြတ် လေ့လာဆည်းပူးခဲ့သော ဝိဇ္ဇာပညာရပ်များ၊ အသိပညာရပ်များ၊ အတတ်ပညာရပ်များ၊ ဂါထာမန္တန် ပညာရပ်များ၊ အင်းစာမ ပညာရပ်များ၊ သမထပညာရပ်များ၊ အဓိဋ္ဌာန် ပညာရပ်များတို့သည် များစွာရှိလာခဲ့ကြလေကုန်ပြီ။

ယခုဆိုလျှင် အကျွန်ုပ်ကျမ်းပြုအရှင်၏ အသက်တော်သည်လည်း (၆၀)နှစ်ကျော်လွန်လာခဲ့ချေပြီ။ ထို့ပြင် ထိုနှစ်ပေါင်းငါးဆယ်ခန့် အတောအတွင်း၌ ဆရာအမျိုးမျိုး၊ ဆရာတော်၊ သမားတော်အမျိုးမျိုး၊ အတတ်ပညာအမျိုးမျိုး၊ အကျင့်ပညာအမျိုးမျိုး၊ လောကီပညာရပ်အမျိုးမျိုးတို့ကိုလည်း ကိုယ်တွေ့ရော၊ စာတွေ့ရော၊ လက်တွေ့ရော၊ ဗဟုသုတအနေနှင့်ရော၊ နည်းနာနိဿယမျိုးစုံတို့ကို တွေ့ဖူးခဲ့လေပြီ။ ကြုံဖူးခဲ့လေပြီ။ နဖူးတွေ့၊ ဒူးတွေ့၊ အတွေ့ပေါင်း စုံလာခဲ့လေပြီ။ အချို့လည်း မှန်မှန်ကန်ကန် ကျင့်ကြံပွားများ အားထုတ်နေတာများကို မြင်တွေ့ရသလို၊ အချို့မှာလည်း အကျင့်မှား၊ လမ်းမှား၊ အတတ်မှား၊ ပညာမှားများဖြစ်နေကြသည်များကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ထို့အပြင် ဆရာအမှား၊ မကောင်းသော လက်ဝဲဆရာများကို သူတော်ကောင်းဆရာအမှတ်ဖြင့် ကိုးကွယ်ဆည်းကပ်မိခြင်းများသည် အဆိုးဝါးဆုံးမြင်ကွင်းများ ဖြစ်ခဲ့ရပါသည်။ မသိမမြင်၍ ဆည်းကပ်နေမိတာလား၊ အမှန်တကယ်အတိုင်းသိမြင် ပြီးဖြစ်ပါလျက်နှင့် ဆည်းကပ်အားကိုးနေတာလားဆိုသည်များကို ယနေ့တိုင် တွေးတောနေမိခဲ့ပါ၏။

တိတိကျကျ အဖြေတော့မရခဲ့သေးပါ။ ဘကျွန်ုပ်ကျမ်းပြုဆရာအရှင်၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဝေဖန်မိလျှင်မူ ပညာမရှိ၍ ပညာမတတ်၍၊ သို့မဟုတ် ပညာနုနယ်နေသေး၍ အတွေးအခေါ်၊ အယူအဆ၊ မမှန်ကန်နေသေးသော ကာလသမယများတွင် ဝိဇ္ဇာအတုအယောင်ကို ဝိဇ္ဇာအစစ်ဟု ထင်လိုထင်၊ မြင်လိုမြင်၊ မှတ်လိုမှတ်၊ အဟုတ်အမှန်ဖြစ်သော သူတော်ကောင်း ဝိဇ္ဇာအစစ်အမှန်ကြတော့ အမှားမြင်လိုမြင်၊ အဆိုးထင်လိုထင်နှင့် ဖြစ်နေကြပါသည်။

နှစ်သက်လို့ ဆည်းကပ်ပြီး ဆရာအမှတ်ဖြင့်လည်းကောင်း ကြိုက်လို့၊ အားရလို့၊ ကျေနပ်လို့ ဆရာအမှတ်ဖြင့် ဆည်းကပ်နေတာမျိုးလည်း များစွာတွေ့မြင်ခဲ့ရပါသည်။ အချို့ကတော့ ဘာမှမတွေးတော၊ မစဉ်းစား၊ မဝေဖန်တော့ဘဲ၊ မေးမြန်းစုံစမ်းခြင်း မပြုလုပ်တော့ဘဲ၊ အမှန်အမှားလည်း မတွေးတော၊ မဝေဖန်တော့ဘဲ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ "ဒီဆရာမှ ဒီဆရာ။" "ဒါမှ တကယ့် ဆရာကောင်း၊ ဆရာမြတ်" ဟု အမိုးစွဲအောင် ပုံသေသတ်မှတ်ပြီး အသက်ကိုပဲ၊ ဘဝကိုပဲပြီး ယုံကြည်ဆည်းကပ်တာမျိုးလည်း များစွာတွေ့ခဲ့ရပါသည်။

"ဒီဆရာက သေဆိုသေ၊ ရှင်ဆိုရှင်၊ ဒီဆရာက ဒီအတိုင်းနေ၊ ဒီအတိုင်းစား၊ ဒီအတိုင်းကျင့်ဆိုလျှင် ဒီအတိုင်းလုပ်လေလုပ်ထရှိခဲ့ပြီး၊ ဒီဆရာနှင့် ပေါင်းလျှင် အဝိစိငရဲကမည်ဟု ဆိုဆဲမသည်ကိုပင် ဂရုမစိုက်ငရဲကျချင်ကျ"ဟူသော ဇွဲမျိုးဖြင့် ဆည်းကပ်ကိုးကွယ်တာမျှားကိုလည်း များစွာတွေ့ခဲ့ရဖူးတယ်။

ထို့ကြောင့်ပင်လျှင် ရှေးဆရာ၊ ဆရာကြီးများ၊ ရှေးဆရာတော်ကြီးများ အပိန့်ရှိဖူးသည်ကို နာခံမှတ်သားခဲ့တာမျှား ရှိခဲ့ဖူးပါတယ်။ ထိုစကားမှာ "အတုတစ်ထောင်၊ အယောင်တစ်သိန်း အစစ်တစ်ယောက်" ဟု ဆိုဩဇာစကားရှိခဲ့သည်မျှားကို ကြားခဲ့ရဖူးလေပြီ။ မှန်လည်း မှန်ပါတယ်။ ဟုတ်လည်း ဟုတ်ပါပေတယ်။ ယခုခေတ်၊ ယခုကာလများတွင် ဆရာအတု၊

သမားအတု၊ ဝိဇ္ဇာအတု၊ ပညာအတုများသည် နေရာတကာ ဒေသခပ်
များများတွင် ထောင်နှင့်သောင်းနှင့်ချီပြီး အတုတွေ ပေါများနေကြပါပြီ။
ထို့အတူပင် ဆရာယောင်၊ သမား ယောင်၊ ဝိဇ္ဇာယောင်၊ ပညာယောင်
ထိုအတုအယောင်များတို့သည်လည်း နေရာတကာ၊ နေရာအနံ့များမှာပင်
ပို့လိုပေါက်၍ ပေါများနေကြခဲ့ပြီ။ ထို့ကြောင့် ရှေးဆရာမြတ်များက
အတုတစ်ထောင်၊ အယောင်တစ်သိန်းဟု ဆိုရိုးရှိခဲ့ပေ၏။ ထိုသို့
အတုအယောင်တွေ ထောင်နှင့်သောင်းနှင့်သိန်းနှင့်ချီ၍ နေရတကာတွင်
ပေါများ၊ ဖေါင်းပွနေခြိန်တွင် ရှားရှားပါးပါး မြင်ရတွေ့ရ၊ ကြုံရခဲလှသော
ပုဂ္ဂိုလ်မှာ (အစစ်တစ်ယောက်)ပင် ဖြစ်ပါသည်။

အစစ်ဆိုသည်မှာ နေရာဒေသများများတွင် မတွေ့မမြင်ရတတ်
ပေ။ ဤသည်မှာ လောက၏ သဘာဝတရားပင်ဖြစ်ပါသည်။ စစ်မှန်
သောပညာ၊ စစ်မှန်သောအကျင့်၊ ဝိဇ္ဇာအစစ်အမှန်စသည်များသည်
နေရာတကာတွင် ပေါပေါများများ မတွေ့နိုင်ပေ။ တွေ့နိုင်ဖို့၊ မြင်သိနိုင်ဖို့
အလွန်ပင်ခက်ခက်ခဲခဲ ရှိလှ၏။ လွယ်လွယ်ကူကူ မရှိနိုင်ပေ။ ထို့ကြောင့်
နေရာတကာများတွင် လည်းကောင်း၊ မြို့၊ ရွာ၊ ဒေသအတော်များများတွင်
လည်းကောင်း အတုအယောင်များသာ ကြိုးစိုးလွှက်၊ ထွန်းကားလွှက်
ရှိနေလေတော့၏။

ထိုအတုအယောင်များကိုပင် လူအများစုက တကယ်ဝိဇ္ဇာ
အစစ်အမှန်ဟူ၍လည်းကောင်း၊ တကယ်ပညာအစစ်အမှန်ဟူ၍ လည်း
ကောင်း၊ တကယ်ဆရာကောင်း၊ ဆရာမြတ်များဟူ၍လည်းကောင်း၊
ထင်မှတ်မှားပြီး အားထားဆည်းကပ် နေကြခြင်းသာ ဖြစ်နေကြရ
တော့၏။ ထိုကာလ၊ ထိုသမယများတွင် အစစ်မှာတစ်ယောက်သာဟု
ပြသထားသောကြောင့် အတုအယောင်တွေ များပြားနေသောခေတ်မှာ
(အစစ်မှာတစ်ယောက်)နှုန်းလောက်သာ ပေါ်ထွက်နေခြင်းကြောင့် ထို
အစစ်အမှန်တစ်ယောက်ကိုပင် အထင်မှား၊ အမြင်မှားပြီး "ဒါလည်း ဒီ
ပုတ်ထဲက ဒီပဲပါပဲကွာ"ဟု ရောနှောအထင်ခံ၊ အပြောခံရတာများလည်း

ရှိခဲ့ကြပေသည်။

ထိုအတူတစ်ထောင် အယောင်တစ်သိန်း၊ အစစ်တစ်ယောက်ဟူသော စကားကိုပင် သက်သေသာဓကတစ်ရပ်ကို ဆိုပါဦးအံ့ . .

ဂေါတမမြတ်စွာဘုရားလက်ထက်တော်က ဝုဒ္ဓမြတ်စွာဘုရားမပွင့်ခင်ကာလနှင့် ပွင့်ဆဲကာလများတွင် အိန္ဒိယနိုင်ငံ၊ ဒေသ အတော်များများတွင် ဘုရားအတုအယောင်များ ပေါများနေကြပါသည်။ ဒိဋ္ဌဂိုဏ်းဆရာကြီးများကပင် သူလည်းဘုရား၊ ကိုယ်လည်းဘုရားဟု နေရာတကာတွေမှာပင် 'ဘုရား'များ ပေါများနေကြပါသည်။

ထိုသို့ မိမိကိုယ်တိုင်ပင်လျှင် ဘုရားအစစ်မဟုတ်ပါဘဲလျက် ဘုရားအတုအယောင်များ ပေါများနေသော ခေတ်ကာလအခိုက်အခါတွင် တကယ့်ဘုရားစစ်၊ ဘုရားမှန်ဖြစ်သော ဂေါတမဝုဒ္ဓမြတ်စွာဘုရား ပွင့်ထွန်းပေါ် ပေါက်လာသည့်အခါ တန်ခိုးပြုင်၊ တန်ခိုးပြပြီး နှိမ်နင်းရသည်အထိ ဖြစ်ခဲ့ရပါသည်။ တို့ဝုဒ္ဓမြတ်စွာဘုရားသည် ဘုရားအတုအယောင်များကြားတွင် ပွင့်ထွန်းပေါ် ပေါက် ရသည့်သဘောဖြစ်ပါသည်။ ထို့ကြောင့် အတုအယောင်တွေမှာ ထောင်နှင့်သိန်းနှင့်ချီ၍ ပေါများနေတတ်ပြီး အစစ်အမှန်မှာမူ ရှားရှားပါးပါး တစ်ယောက်တလေသာ ဟုမှတ်ယူသင့်လှတော့၏။

ဤသက်သေသာဓက သည် ဝုဒ္ဓမြတ်စွာဘုရားလက်ထက်တော်က ဖြစ်ခဲ့ပါသည်။ ယခုဆိုပါလျှင် သာသနာ(၂၅၀၀) ကျော်လာခဲ့ပါပြီ။ ဆိုလိုသည်မှာ ဝုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် နှစ်ပေါင်း (၂၅၀၀) ကျော်လာခဲ့ပြီဟု ဆိုလိုပါသည်။ ဝုဒ္ဓဘုရားရှင်လက်ထက်တော်မှာပင် အတုအယောင်များ ပေါများနေခဲ့ပါလျှင် ယခုဆိုပါလျှင်မူ ပြောစရာ၊ ပြစရာ အထူးမလိုတော့ပါပေ။ ပို၍ပို၍ များ၍များ၍၊ ပိုပေါ၍၊ ပို၍များပြား၍ အတုအယောင်များသည် နေရာတကာတွင်လည်းကောင်း မြို့များစွာ၊ ရွာများစွာ၊ နယ်ဒေသများစွာမှာပင် ပေါများလျက်ရှိနေကြခြင်းမှာ အမှန်တော့ အသစ်အဆန်းမဟုတ်တော့

ပါပေ။ လောက၏ နိယာမသဘာဝပင် ဖြစ်ပါ၏။

ဤသို့သောအကြောင်းများကြောင့် လောကလူသား၊ ကမ္ဘာသူ၊ ကမ္ဘာသား အများသူငါတို့သည် ထိုဆရာအတုအယောင်များ၊ ဝိဇ္ဇာအတုအယောင်များ၊ ပညာအတုအယောင်များကို ဆရာစစ်ဆရာမှန်၊ ဝိဇ္ဇာစစ်၊ ဝိဇ္ဇာမှန်၊ ပညာစစ်၊ ပညာမှန်ဟု အထင်မှတ်ပြီး ကိုးကွယ်မှုများပါက၊ ဆည်းကပ်မှု များပါက ယခုဘဝတွင်မက လာမည့်ဘဝပေါင်းများစွာ ဆင်းရဲဒုက္ခအဖြာဖြာနှင့် တွေ့ကြုံခံစားရတတ်ပါသည်။ (သတိပြုပါရန်)

ထို့ကြောင့် . . .

(၁) သတိအမှတ်လွဲခဲ့လျှင် တစ်ဘဝလုံး မှောက်တတ်သည်။ တစ်သံသရာလုံးမှောက်တတ်သည်။

(၂) ဆရာဆည်းကပ်မှု မှားခဲ့လျှင် တစ်ဘဝလုံးမှောက်တတ်သည်။ တစ်သံသရာလုံးမှောက်တတ်သည်။

(၃) အကျင့်အားထုတ်မှု မှားခဲ့လျှင် တစ်ဘဝလုံးမှောက် တတ်သည်။ တစ်သံသရာလုံး မှောက်တတ်ပါသည်ဟု မှတ်ယူသင့်လှ၏။

ထိုကဲ့သို့အခြေအနေမျိုးတွင် ဝိဇ္ဇာနှင့်ပတ်သက်သည့် ကိစ္စများတွင်လည်းကောင်း၊ ဝိဇ္ဇာအကြောင်းများနှင့် ပတ်သက်၍လည်းကောင်း၊ ဝိဇ္ဇာတို့၏အကျင့်နှင့် ထွက်ရပ်ပေါက်လမ်းကြောင်းနှင့် ပတ်သက်၍လည်းကောင်း၊ မရှင်းမရှင်းကိစ္စများ၊ မပွင့်မလင်းကိစ္စများ၊ ယောင်ယောင်ဝါးဝါးကိစ္စများအမျိုးမျိုးထွက်ပေါ်လျက်ရှိနေကြပါသည်။ စာအုပ်၊ စာပေ၊ စာစောင်၊ မဂ္ဂဇင်းများမှလည်း အမျိုးမျိုးဝေဖန်၍ ရေးသားနေကြပါသည်။ ဆရာအမျိုးမျိုးတို့ကလည်း အယူအဆအမျိုးမျိုးနှင့်ရေးသားကြ၊ ပုံနှိပ်ကြ၊ ဝေဖန်ဟောပြောကြနှင့် ရှိနေတတ်ပါသည်။

ထိုသို့သော အခြေအနေမျိုးတွင် အကျွန်ုပ်ကျမ်းပြုဆရာအရှင်သည် သို့လော၊ သို့လောနှင့် ယုံမှား၊ သံသယမကင်းသော၊ မရှင်းလင်းနိုင်

သေးသော ဝိဇ္ဇာအကြောင်းနှင့်ပတ်သက်၍ အားမလို၊ အားမရ ရှိနေသေးသော၊ အားလုံးသော ကမ္ဘာသူ၊ ကမ္ဘာသား ပရိသတ်အများအတွက် ရည်သန်ရည်စူး၍ အမှန်ကိုမြင်နိုင် ပါစေခြင်းအကျိုးငှာ၊ အမှန်အတိုင်း သိမြင်နိုင် ပါစေခြင်းအကျိုးငှာ၊ ဟုတ်တိုင်းမှန်ရာကို ကွက်ကွက်ကွင်းကွင်း ထင်မြင်နိုင်ပါစေခြင်းအကျိုးငှာ၊ လူလိမ်လူကောက်များရန်မှ ကင်းဝေးပါစေခြင်း အကျိုးငှာ၊ ဆရာလိမ်၊ ဆရာအညာများမှ ကင်းလွတ်ပါစေခြင်း အကျိုးငှာ၊ အလိမ်မခံရစေခြင်းငှာ၊ ဤဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း ခေါ် ဝိဇ္ဇာဓရပကာသနီကျမ်းကို ရေးသားပြုစုရခြင်း ဖြစ်ပါတော့သည်။

ခေတ်ရှေ့ပြေးအတွေးအခေါ်၊ အမြင်ကတစ်မျိုး၊ ခေတ်ဟောင်း ခေတ်ဆွေး အတွေးအခေါ် အမြင်က တစ်မျိုး၊ ဘာသာရေး၊ သာသနာရေးရှုဒေါင့်က တစ်ဖုံ၊ သိပ္ပံအမြင်၊ ဘဝအမြင်၊ ဒဿနအမြင်က တစ်နည်း၊ သူနည်းသူဟန်၊ သူအတွေး၊ သူအယူအဆ၊ ကိုယ့်အတွေး၊ ကိုယ့်အမြင်၊ ကိုယ့်အထင်က တစ်ဘာသာ၊ ဤသို့သော အယူအဆ၊ အတွေးအခေါ် ကိစ္စပြဿနာအထွေထွေကြောင့် ဤ ဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း ခေါ် ဝိဇ္ဇာဓရပကာသနီကျမ်းသည် တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းပေးနိုင်လိမ့်မည်ဟု ထင်မြင်မိပါသည်။

အကျွန်ုပ် ကျမ်းပြုအရှင်ကိုယ်တိုင်ပင်လျှင် ငယ်ရွယ်စဉ်အခါ၊ ပညာမပြည့်စုံခင်အခါ၊ ပညာရှာမှီးနေစဉ်အခါများတွင်၊ အကျင့်တရားများကို ရှာမှီး၍ ကျင့်ဆောင်အားထုတ် နေစဉ်အခါများတွင်ပင်လျှင် လူလိမ်လူကောက်များ၊ ဝိဇ္ဇာအလိမ်များ၊ ဝိဇ္ဇာအတုအယောင်များနှင့် များစွာကြုံတွေ့ခဲ့ရဖူးပါသည်။ အကယ်၍ မိမိဘက်တွင်သာ ဆရာကောင်း၊ သမားကောင်းများ မရှိခဲ့ပါလျှင် ခတွေးပင်မတွေးရဲတော့ပါ။ ကောင်းကောင်း အလိမ်ခံရမှာ အမှန်ပင်ဖြစ်ပါတော့သည်။ ကံကောင်းလို့သည်မှာ ပုဂ္ဂိုလ်စစ်၊ ပုဂ္ဂိုလ်မှန်ဖြစ်သော ဆရာကောင်း၊ ဆရာမြတ်များဖြစ်သော ရှင်ဥတ္တမကျော်ဆရာတော်ကြီးများ၊ ဓမ္မသီဠိပါရဂူ၊ လေးကွန်းပိုင် ဆရာတော်ကြီးများ၊ သထုံမယ်တော်ကြီးများ၊ မြစ်ချမ် ပြဂါးဝိဇ္ဇာ

ဆရာတော်ကြီးများနှင့် အနီးကပ်နေထိုင်၍ တရားဓမ္မများ၊ ကျင့်ဆောင်ပွားများအားထုတ်နေ၍ သာလျှင် ကြီးကြီးကျယ်ကျယ် အလိမ်မခံရခြင်း ဖြစ်ပါသည်။

ဤဝိဇ္ဇာစကားဝိုင်းနှင့်ဝိဇ္ဇာရှင်းတမ်းခေါ်ဝိဇ္ဇာဓရ ပကာသနီ ကျမ်းတွင် ဥပမာများ၊ သာဓကများ၊ အကိုးအကားများ၊ အထောက် အထားများဖြင့် ဖွင့်ဆိုထားပါသည်။ ထို့ပြင် ဆရာ့ဆရာကြီးများ၏ နည်း နိဿယများ၊ ဆရာ့ဆရာတော်ကြီးများ၊ ရှေးပညာရှင်ကြီးများ၏ အဆို အမိန့်များ၊ ဩဝါဒများဖြင့် စုံစုံညီညီဖော်ပြ ရေးသားထားပါသည်။ အသိ ပညာလိုလား အမျိုးကောင်းသားများသည် လူလိမ်လူကောက် မခံရ အောင်၊ ဝိဇ္ဇာလိမ်၊ ဝိဇ္ဇာညာများ၏ အလိမ်မခံရအောင် ဤ ဝိဇ္ဇာစကား ဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်းခေါ် ဝိဇ္ဇာဓရပကာသနီကျမ်းကို အထူးလေ့လာ မှတ်သားပြီး၊ ဆောင်ထားသင့်ကြောင်း တင်ပြအပ်ပါသတည်း။ ။

ဓမ္မပ္ပလာရာမဆရာတော်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

နမော ဝုဒ္ဓါယ သိဒ္ဓံ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ အရဟတော. . လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူထသော သမ္မာသမ္ဗုဒ္ဓဿ. . ဥယျဉ်းဖြာလေးသစ္စာကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် အမှန်ထင်လင်း၊ ထိုးထွင်း၍သိမြင်တော်မူပေထသော ဘဂဝတော ဘုန်းတော်ခြောက်စုံတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူပေသော၊ တဿ ထိုဝုဒ္ဓမြတ်စွာဘုရားအား အဟံ တပည့်တော်သည် နမော နမာမိ ရှိခိုးပါ၏ဘုရား။

ဤကောင်းမှုကုသိုလ်ကြောင့် ဝိဇ္ဇာဓရပကာသနီကျမ်းသည် ပြီးစီးခြင်းသို့ ရောက်ပါစေသတည်း။

၂။ ပုဒီ အာ သ ဉာဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော ဝုဒ္ဓမြတ်စွာဘုရားအား၊ အဟံ တပည့်တော်သည်၊ နမောနမာမိ ရှိသေစွာ ရှိခိုးပါ၏ဘုရား။

ဤကောင်းမှုကုသိုလ်ကြောင့် ဝိဇ္ဇာဓရပကာသနိကျမ်းသည် အောင်မြင်ခြင်းသို့ ရောက်ပါစေသတည်း။

၃။ အ - သံ - ဝိ - သု - လော - အ - သ - ဝု - ဘ။ အရဟံ အစ ဘဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူ ပေထသော ဝုဒ္ဓမြတ်စွာဘုရားအား။ အဟံ . . ဘုရားတပည့်တော်သည် နမော-နမာမိ ရှိသေစွာ ရှိခိုးပါ၏ဘုရား။

ဤကောင်းမှု ကုသိုလ်ကြောင့် ဝိဇ္ဇာစကားဝိုင်းကျမ်းသည် ပြီးစီး အောင်မြင်ခြင်းသို့ ရောက်စေသတည်း။

၄။ သော - သော - သ - သ - အ - အ - အ - အ - နိ . . မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တည်းဟူသော အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်အထိ မျက်မှောက်ပြုတော်မူပေထသော ဝုဒ္ဓမြတ်စွာ ဘုရားအား အဟံ တပည့်တော်သည် နမော-နမာမိ ရှိခိုးကန်တော့ ပါ၏ဘုရား။

ဤကောင်းမှုကုသိုလ်ကြောင့် ဝိဇ္ဇာရှင်းတမ်းသည် အောင်မြင်ပြီး စီးခြင်းသို့ ရောက်စေသတည်း။

၅။ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော် အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကမ္ဘာမြေမိုး-ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေသော ဝုဒ္ဓမြတ်စွာဘုရားအား အဟံ . . ဘုရားတပည့်တော် ဝေပုလ္လသည် နမောနမာမိ ရှိသေစွာ ရှိခိုးပါ၏ဘုရား။

ဤကောင်းမှု၊ ဤကုသိုလ်ကြောင့် တပည့်တော်စိရင် ရေးသား အပ်သော ဝိဇ္ဇာစကားဝိုင်း၊ ဝိဇ္ဇာရှင်းတမ်းနှင့် ဝိဇ္ဇာဓရပကာသနိကျမ်း သည် အခက်အခဲ၊ အထစ်အငေါ့မရှိ ဘေးရန်အန္တရာယ် ကင်းရှင်းစွာဖြင့် အောင်မြင်ပြီးစီးခြင်းသို့ ရောက်ရှိပါစေသတည်း ။

၆။ ကရာကရော တမံမောဟံ ပတ္ထောဒေသိ ဇနမ္ပတိ၊

ဓမ္မေတ္တာ ဓမ္မရံသီဟိ ဝရံသောဒေတု မေဖလံ၊
ယမိတဗ္ဗော ယမောဒေန္တော ဂမိတဗ္ဗော ဂမာမိကော၊
ဝလံမာရဿ ယောဓိနော ဝရံသောဒေတု မေဇယ် ။

(ကပ္ပလက်ာရက္ခမ်း ဝိဇ္ဇာမယိဒ္ဓိက္ခမ်းဦး (၂)ဂါထာ ဖြစ်ပါသည်။)

(က) ကရာ. . အတိုင်းမသိမျှားစွာသော ဒါနပါရမီစသော ပါရမီဆယ်စု ငါးခုသောစွန့်ခြင်းကြီးတို့ကို လွန်မင်းကဲမိုး၊ ကြိုးပမ်းကျင့်ဆောင်သည်၏ အဖြစ်ကြောင့် ကရော. . လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့အား နတ်ရွာနိဗ္ဗာန်ဖြစ်သော(ဝါ)အသခ်တဓာတ်၊ မြတ်သော နိဗ္ဗာန်ကို ကောင်းစွာ ပို့ဆောင် တော်မူပေထသော မြတ်စွာဘုရားကြီးသည်၊ အမျှလံ. . ကြာနှင့်တူသော၊ ဇနံ. . ကျွတ်ထိုက်ကုန်သော၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏. . တမံမောဟံ. . အဝိဇ္ဇာန္ဓ-မောဟ ပိတ်ဆီး မိုက်မှောင်ကြီးကို ဓမ္မရံ သီဟိ. . ဆယ်ပါးသော တရားတော်တည်းဟူသော ရောင်ခြည်ဝှမ်းထက် ရွှေသံလျက်ဖြင့်၊ ဓမ္မေတ္တာ ချိုးဖဲ့နှိမ်နင်း ဖျက်ဆီးတော်မူလျက်၊ . . ပဗ္ဗောဒေသိ . . . ညစ်ဘိလ့စွာ-တဏှာမြေစေး-နွံစေးများမှ- လွန်ကဲထွက်မြောက် တော်မူလေပြီသော ဘဂဝါ ထိုသုံးတိုက်ဘုံကျော်ဟီး သတ္တဉာမြတ်စွာဘုရားကြီးသည် မေ-တပည့်တော်အား ဝရံ၊ မြတ်လ့စွာသော၊ ဖလံ-ကောင်းကျိုးချမ်းသာ မင်္ဂလာသုခကို၊ ဒေတု သားတော်ရာဟုလာ ကဲ့ပမာသို့ မေတ္တာတရားရွေထား၍ ပေးသနားတော်မူပါစေသတည်း။ ပေးသနားတော်မူလည်ပါ မြတ်စွာဘုရား။

(ခ) ယောဘဂဝါ. . . အကြင်သုံးတိုက်ဘုံကျော်ဟီး- မြတ်စွာဘုရားကြီးသည် ယမိတဗ္ဗေ နှစ်လိုအပ်သော ပါရမီတော်တို့ကို၊ ယမောဒေန္တော နှစ်သက်ယဉ်ကျေး၊ လေးမြတ်စွာ ဖြည့်တော်မူပြီး၍၊ ဂမိတဗ္ဗော ရောက်အပ်သော ဘုရားအဖြစ်သို့၊ ဂမာမိကော ရောက်ဦးဟစ၊ ကာလတို့၌၊ ဗလံ . ဗလဿ. ဝိုလ်ထုတ်ပြီးလတ်၊ စီးကြပ်ပြီးသော၊ မာရဿ. . နတ်ပြည်မြောက်ထပ် ပိုင်စိုးသော မာရ်နတ်မင်းဟူ ရန်သူဘား၊ ဝိနော

..မကျန်မကြွင်း အောင်တော်မူ၏။ သောဘဂဝါ.. ထိုသုံးတိုက်ဘုံ ကျော်ဟီး မြတ်စွာဘုရားကြီးသည်၊ မေ-တပည့်တော်အား။ ဝရဲ-မြတ်လှစွာသော၊ ဇယ်-အောင်ကြောင်းမင်္ဂလာ အောင်ကြောင်းဖြာ၍ အောင်အပ်သော ဆုကို၊ ဒေတု သားရာဟုလာ ကဲ့ပမာသို့ ဂရုဏာတရား ရေ့ထား၍ ပေးသနားတော်မူလှည့်ပါ။ ရွှေဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။ ။

၁

အလှည့်(၅)ပါး မသိခြားက ဆရာဟူ၍ မခေါ်ရ

သက္ကရာဇ်၁၃၀၀ပြည့်နှစ်က ပုဗ္ဗားကဘိုးမင်းခေါင်
၏ ဩဝါဒစကား။
သက္ကရာဇ် ၁၃၀၀ ခုနှစ်က ဒုတိယ ယက္ခန်းစင်
တောင်ဆရာတော်၏ ဩဝါဒစကား။
သက္ကရာဇ် ၁၃၂၆ ခုနှစ်က လေးကျွန်းပိုင်ဆရာတော်
ကြီး၏ ဩဝါဒကထာ ဖြစ်ပါသည်။

လေးကျွန်းပိုင်ဆရာတော်ကြီးသည် စိတ္တသုခတောင်ထိပ်တွင် ပေါက်ရောက်နေသော ညောင်ပင်ကြီး၏အောက်တွင် ကွပ်ပျစ်တစ်ခုပေါ်၌ သီတင်းသုံးနေတော်မူ၏။ တောင်ထိပ်ပေါ်တွင် လူသူလေးပါး ကင်းဝေးလှပြီး အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးဖြစ်၍လည်း ထို ညောင်ပင်အောက်တွင် ဆရာတော်ကြီးသည် စိတ်ချမ်းသာစွာ၊ စိတ်ငြိမ်းချမ်းစွာ နေထိုင်သီတင်းသုံးနေခြင်းလည်း ဖြစ်ဟန်တူပါသည်။ ထိုသို့ ဆရာတော်ကြီးသည် နေ့လယ်နေ့ခင်း၌ တစ်ပါးတည်းပင် ထိုစိတ္တသုခတောင်ထိပ်သို့ တက်ကြွသွားတော်မူပြီး နေ့သန့်တော်မူ၍ တစ်ပါးတည်း နေထိုင်လေ့ရှိပါသည်။ ထိုအချိန်တိုအခါမျိုး၌ အကျွန်ုပ်သည် ကျောင်း

ဝင်းထဲတွင် ဗဟုကိစ္စအထွေထွေမှန်သမျှ တာဝန်ယူနေရခြင်းဖြစ်ပါသည်။

ထိုသို့တာဝန်ယူ၍ နေရအခိုက်တွင် ကျောင်းဝင်းဧရပ်တစ်ဆောင်တွင် ယောဂီမများကို တာဝန်ယူ အုပ်ချုပ်နေရသော ခေါ်သုတအမည်တွင်သော အသက်(၆၀)ခန့်ရှိ ယောဂီမကြီးနှင့် အသက်(၆၀) ကျော်ကျော်ခန့်ရှိသော ဒကာတစ်ယောက် အကျွန်ုပ်ထံမှောက်သို့ ရောက်ခဲ့ပါသည်။ အကျွန်ုပ်သည် ဝင်ရောက်၍ ဦးချကန်တော့နေသော ခေါ်သုတအား -

"ဒကာမကြီး ဘာကိစ္စ၊ ဘာအကြောင်း ပေါ်လာပြန်ပြီတုံး" ဟု နှုတ်ဆက်ရင်း မေးမြန်းလိုက်ပါသည်။ ခေါ်သုတသည် အသက်ကြီးကြီး တကာတစ်ဦးနှင့်အတူ ဦးချကန်တော့ပြီးနောက်-

"ဆရာတော် ဦးဝေပုလ္လဘုရား ဆရာတော်ကြီးဆီကို လျှောက်ထားစရာ ရှိလို့ဆိုပြီး ညောင်တုံးမြို့က အင်းဝီဇာဆရာကြီး ပါလာပါသည်ဘုရား၊ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ နေရာကိုပို့ပေးဖို့ တပည့်တော်မ လာရောက် လျှောက်ထားတာပါဘုရား"။

သို့နှင့် အကျွန်ုပ်လည်း ဦးခေါင်းကို အသာငြိမ့်ရင်း -

"အခုပါလာတဲ့ ဒကာကြီးက ညောင်တုံးမြို့က အင်းဝီဇာ ဆရာကြီး ဆိုတာလား"ဟု မေးလိုက်ပါသည်။ ဤတွင် ထိုဒကာကြီးက ဆက်လက်၍-

" တပည့်တော်ပါဘုရား။ တပည့်တော် ညောင်တုံးမြို့ကနေ ဆရာတော်ကြီးဆီကို တပည့်အဖြစ်ခံယူရင်း မရှင်းမလင်းတာများ လျှောက်ထားချင်၍ ရောက်လာရခြင်းပါဘုရား "

ထိုတွင် အကျွန်ုပ်က လူပုံပန်းသဏ္ဌာန်ကို အကဲခတ်ရင်း -

"ဒကာကြီးနာမည်က ဘယ်လို ခေါ်ပါသလဲ ဒကာကြီး"ဟု မေးလိုက်ပါသည်။ ဤတွင် ညောင်တုံးမြို့မှ လာသည်ဆိုသော တကာကြီးက-

" တပည့်တော်နာမည်က ဦးအေးမောင်လို့ ခေါ်ပါတယ် ဘုရား။

အင်းစမယညာများကို လိုက်စားအားထုတ်ရင်းနှင့် လူအများကတော့ တပည့်တော်ကို အင်းဝဝိဇ္ဇာဦးအေးမောင်လို့ ခေါ်ကြတာပါ ဘုရား "

သို့နှင့် အကျွန်ုပ်လည်း ကိုအင်းဝဝိဇ္ဇာဆိုသူ တကာကြီး ဦးအေးမောင်အား အသင့်အတင့် မေးမြန်းပြီးနောက် ထိုအင်းဝဝိဇ္ဇာ ဦးအေးမောင်အား ဆရာတော်ကြီး သီတင်းသုံးတော်မူရာ စိတ္တသုခတောင်ထိပ် ညောင်ပင်ကြီးအောက်သို့ ခေါ်ဆောင်သွား၍ ဆရာတော်ကြီးထံ ပို့ဆောင်အပ်နှံပေးခဲ့ပါသည်။ ဆရာတော်ကြီးတံသို့ ရောက်သည်နှင့် ခပ်လှမ်းလှမ်းမှ လာနေသော ကျွန်ုပ်တို့အား ဆရာတော်ကြီးက လှမ်း၍ကြည့်ရင်းဖြင့်-

" ဟ ဝေပုလ္လကြီး မင်းဘာကိစ္စများတုံး ဟ "

ဟု ဆရာတော်ကြီးက လှမ်း၍မေးလိုက်ခြင်း ဖြစ်ပါသည်။ ဤတွင်ကျွန်ုပ်က ဆရာတော်ကြီးအား ရိုသေစွာ ဝိုက်ကိုက်တော့ပြီးနောက်-

" ဆရာတော်ကြီးဘုရား၊ ဒီဘကာကြီးက ညောင်တုံးမြို့က လာတာပါလို့ဆိုပါတယ်ဘုရား။ နာမည်က အင်းဝဝိဇ္ဇာဆရာကြီး ဦးအေးမောင်လို့ ခေါ်ပါတယ်ဘုရား။ ဆရာတော်ကြီးဆီ တပည့် အဖြစ်ခံယူရင်း မရှင်းမလင်းသောကိစ္စများ လျှောက်ထားချင်လို့ပါတဲ့ ဘုရား။ ဒါကြောင့် ဆရာတော်ကြီးဆီ တပည့်တော် ခေါ်ဆောင်လာခဲ့တာပါ ဘုရား "

ဟုလျှောက်ထား လိုက်ပါသည်။ ဤတွင် လေးကျွန်းပိုင်ဆရာတော်ကြီးသည် အင်းဝဝိဇ္ဇာဆိုသူ ဦးအေးမောင်အား သေချာစွာစိုက်ကြည့်ပြီးနောက် အကျွန်ုပ်ဘက်သို့ တစ်ချက်လှည့်ပြီး-

" ဝေပုလ္လကြီးလည်း အောက်ပြန်မဆင်းနဲ့ဦး၊ အနားမှာ ခဏထိုင်စောင့်နေပါဦး ပြီးမှဒီတကာကြီးနဲ့ အတူတူ ဆင်းကြတာပေါ့ "

ဟု အမိန့်ရှိပါတော့သည်။ ဤတွင် အကျွန်ုပ်လည်း ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း ဆရာတော်ကြီးအနားမှာ ကျုံ့ကျုံ့ထိုင်၍ အမိန့်ရှိမည့် မိန့်ကြားမည့်စကားများကို မျှော်လင့်စောင့်စား နေရပါတော့သည်။ ဤသို့ဖြင့် အကျွန်ုပ်သည် ဆရာတော်ကြီးနားတွင် ကျုံ့ကျုံ့ထိုင်ရင်း ဦးခေါင်းငုံ့၍ ငြိမ်သက်စွာနေရပါတော့၏။ ဤတွင် လေးကျွန်းပိုင် ဆရာတော်ကြီးက စ၍-

ဆရာတော်ကြီး- "ကဲညောင်တုံးက အင်းဝိဇ္ဇာကြီး လျှောက်ထားစရာ ရှိတာ လျှောက်ပါဗျာ။"

ဆရာတော်ကြီးက လျှောက်ချင်ရာလျှောက်ဖို့ ခွင့်ပြုလိုက်ခြင်း ဖြစ်ပါသည်။

အင်းဝိဇ္ဇာကြီး- " လေးကျွန်းပိုင်ဆရာတော်ကြီးအား ရိုသေစွာရှိခိုး ကန်တော့ပါ၏ ဘုရား။ တပည့်တော်၏ စိတ်ထဲမှာ မရှင်း တာ၊ မသိ တာ၊ ဝေဝါးနေသော ကိစ္စများ၊ ပြဿနာများ အား ရိုသေစွာ လျှောက်ထားခွင့် ပြု တော်မူပါ ဘုရား။ "

ဆရာတော်ကြီး- " အေးအေး။ မင်းစိတ်ကြိုက်သာ လျှောက်ထားနိုင်ပါ တယ်။ "

အင်းဝိဇ္ဇာကြီး- " တပည့်တော် မရှင်းတာ၊ မပိုင်းခြားနိုင်တာတွေ ရှိ နေပါတယ် ဘုရား၊ ဝိဇ္ဇာတွေဟာ လိမ်တတ်သလား၊ ဆရာတွေဟာ လိမ်ညာတတ်သလား၊ လိမ်တာတွေ ဟာ ဘယ်လိုပုဂ္ဂိုလ်တွေမှာ ဖြစ်တတ်ပါသလဲဘုရား၊ ဝိဇ္ဇာလောကမှာ အလိမ် အညာ တွေ၊ အ လိမ် အ ကောက်တွေဟာ ဘယ်နှမျိုးရှိနေပါသလဲဘုရား။ ဝိဇ္ဇာ လမ်းစဉ်၊ ကျင့်စဉ်အောင်မြင် အောင်ဘယ်လို အလိမ် အညာတွေကို ရှောင်ကြဉ်သင့်ပါသလဲ ဘုရား ။ ဒီလို လိမ်ညာတာကိုလည်း ဘယ်လို သိမြင်အောင် ကျင့် သင့်ပါသလဲ ဘုရား။ ဒီ ကိစ္စ၊ ဒီ ပြဿနာများကို တပည့်တော်မှာ အရေးတကြီး သိချင်နေပါတယ် ဘုရား။ ဆရာတော်ကြီး မိန့်ကြားတော်မူပါ ဘုရား။"

ဆရာတော်ကြီး- " လောကမှာ အလှည့်ငါးပါး ရှိတယ်ကွယ်၊ ရှင်းရှင်း လေးထပ်ပြောရရင် လောကီဝိဇ္ဇာလောကနယ်ပယ်မှာ လိမ်တဲ့ညာတဲ့ အလှည့်ငါးပါးဆိုတာ ရှိတယ်ကွယ်။ ဒါကို မင်းတို့သိထားဖို့က အရေးကြီးလှပါတယ်။ ဒီ

လှည့်တာ၊ လိမ်တာ၊ ဒီငါးပါးကိုသိအောင် မလုပ်ထား ဘဲနဲ့ ဒီလောက၊ ဒီနယ်ပယ်မှာ အလှည့်ခံရတာ၊ အ လိမ်ခံရတာ ဒါဘာဆန်းသလဲကွ။

လောကမှာဆရာတစ်ဆူ လုပ်တော့မယ်ဆို ရင် လောကီဝိဇ္ဇာ လောကရဲ့ အလှည့်ငါးပါးကို သိ ထားဖို့ ကောင်းတာပေါ့ကွာ။ ဒီတော့ - ညောင်တုံး အင်းဝိဇ္ဇာကြီး-အခု ဆရာတော် ပြောမယ့် အလှည့် ငါးပါးဆိုတာကို မင်း သိပါသလား။ သိတယ်ဆိုရင် ငါ ဆရာတော်ကို လျှောက်တင်စမ်းကွာ"

လို့ အမိန့်ရှိပါတော့သည်။

အကျွန်ုပ်ကျမ်းပြုအရှင်သည်လည်း လေးကျွန်းပိုင်ဆရာတော်ကြီးအနားတွင် ကျွဲ့ကျွဲ့ထိုင်၍ နာခံရင်းဖြင့် " ဒီအလှည့်ငါးပါးက ဝိဇ္ဇာလောကမှာ အ တော်ပင် အရေးကြီးပါလား၊ ဆရာတော်ကြီး မိန့်ကြားတာများကို သေ သေချာချာ မှတ်သားထားဦးမှဖြစ်မယ် "ဟု တွေးတောစဉ်းစားရင်း ဆက် လက်ပြီး လေးကျွန်းပိုင်ဆရာတော်ကြီး မိန့်ကြားမည့် သြဝါဒစကားများ ကိုပင် နာခံလျက်. . . ။

အင်းဝိဇ္ဇာကြီး- " ဒီလောက ဝိဇ္ဇာလောကနယ်ပယ်ရဲ့ အလှည့် ငါးပါးကို တပည့်တော် မသိခဲ့ရိုး အမှန်ပါဘုရား။ ဆရာတော်ကြီးအမိန့်ရှိမှ သိမြင်ရမယ့် ဘဝမျိုးဖြစ် သည့်အတွက် ဆရာတော်ကြီးဘုရား တပည့်တော် အား သနားသောအားဖြင့် အလှည့်ငါးပါးကို အမိန့်ရှိ တော်မူပါဘုရား"

ဆရာတော်ကြီးက အကျွန်ုပ်ဘက်ကို တစ်ချက် ကြည့်ပြီး -

" ဝေပုလ္လကြီးလည်း အနားမှာ ရှိနေတယ်ဆို တော့ အတော်ပဲပေါ့ကွာ၊ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်

ဆိုသလိုပေါ့။ မပင်းလည်း တစ်ခါတည်း ပညာရတာ ပေါ့ကွာ။ ကဲ. . . ကဲ. . အားလုံးနားထောင်ကြ၊ နာယူကြ၊ မှတ်ထားကြဟေ့။

ဒီအလှည့်ငါးပါးမသိငြားက. . . ဆရာဟူ၍ မခေါ်ထိုက်ဆိုတဲ့စကားကို တို့ရဲ့ပထမလက်ဦး ဆရာတစ်ဆူ ဖြစ်တော်မူတဲ့ ပုပ္ပါးဘိုးမင်းခေါင်ထံမှ ပထမဆုံးကြားသိမှတ်သားခဲ့ရဖူးတယ်ကွဲ့။ အဲဒီ နောက်တော့ ဒုတိယဆရာဖြစ်တဲ့ တောင်တွင်းကြီးမြို့ ဇင်ဇိုးရွာ၊ ဒုတိယ ယက္ကန်းစင်တောင် ဆရာတော် ဦးဥဂ္ဂံသထံမှ ဒီအလှည့်ငါးပါးအကြောင်းကို ဒုတိယ မိုထပ်မံပြီး သင်ယူမှတ်သား ခဲ့ရပြန်တယ်ကွဲ့။ လောကမှာ ကိုယ့်ကိုယ်ကို
ဆရာတစ်ဆူလုပ်တော့မယ်ဆိုရင် ဒီအလှည့် အလိမ်ငါးပါးတို့ကို သိထားရမယ်လို့ ဆိုတာကွဲ့။ ဒီအလှည့် အလိမ်ငါးပါးကိုမှ မသိမမြင်ထားရင် ဒီဆရာကို ဆရာလို့ မခေါ်ထိုက်သေးဘူးလို့ ဆိုလိုရင်းကွဲ့။ ဒါ ကြောင့် **(အလှည့်သိမှ ဆရာလို့ခေါ်တယ်လို့ မှတ်။ အလှည့် မသိရင် ဆရာလို့မခေါ်ထိုက်ဘူးလို့ မှတ်ထားရမယ်။ အလိမ်သိမှ ဆရာ။ အလိမ် မသိရင် ဆရာဟု မဆိုရလို့ ဆိုလိုတာကွဲ့.)** ဒါကိုပဲ ဒုတိယယက္ကန်းစင်တောင် ဆရာတော်ကြီး ဦးဥဂ္ဂံသက လောကမှာ ကမ္ဘာမှာ လှည့်တာရယ်၊ လိမ်တာရယ်၊ ညာတာ ရယ်၊ ပတ်တာရယ် အတုတုပါပဲလို့ ဆိုတာပေါ့။ ဥပမာ ပေးလိုက်သေးတယ်ဟေ့။ (ကုလားမှန်ရင် အမျိုးအစား ဘယ်လိုဘဲကွဲ့ကွဲ့ နာခေါင်းမွှန်တာ၊ ရှည်တာခြင်းကတော့ အတုတုပါပဲကွာ)လို့ အပိန့်ရှိခဲ့ဖူးတယ်ဟေ့။ "

ထို့နောက် လေးကျွန်းပိုင်ဆရာတော်ကြီးသည် ဆရာတစ်ဆူလုပ်လိုသူများအတွက် သိမှတ်ဖွယ်ရာ အလှည့်(၅)ပါးကို ဆက်လက်အပိန့်ရှိ ဟောကြားပါတော့၏။

လောကိဝိဇာ လောကနယ်ပယ်၏ အလှည့် (၅) ပါး

(၁) ဝိဇ္ဇာအလှည့်။ လောကနယ်ပယ်တွင် ဝိဇ္ဇာများ၏ လှည့်ပတ်မှု။

(၂) နတ်အလှည့်။ လောကနယ်ပယ်တွင် နတ်များ၏ လှည့်ပတ်မှု။

(၃) သိုက်အလှည့်။ လောကနယ်ပယ်တွင် သိုက်နှင့်ပတ်သက်၍ လှည့်ပတ်မှု။

(၄) ရာဇာအလှည့်။ ရှေးလွန်လေပြီးသော မင်း၊ အမတ်၊ သုခမိန်၊ မိဖုရား၊ မင်းသမီးနှင့် ပတ်သက်၍ လှည့်ပတ်မှု။

(၅) ဆရာအလှည့်။ (တစ်နည်း) ဇီဝကအလှည့် ဟုလည်း ခေါ်ပါသည်။ ရှေးရှေးတုန်းကဆရာ၊ ယခုခေတ်ဆရာ၊ ထိုဆရာများနှင့် ပတ်သက်၍ ဆေးဝါးကုသမှုနှင့် ဆက်နွယ်ရာ လှည့်ပတ်မှု။

ထိုအလှည့်ငါးပါး (သို့မဟုတ်) ထိုအလိမ်ငါးပါးတို့ကို ဆရာ တစ်ဆူလုပ်မည့်သူသည် သိထားသင့်၊ မှတ်ထားသင့်ကြောင်း။ထိုအလှည့်ငါးပါးကို သိထား၊ တတ်ထားမှသာလျှင် လောကကမ္ဘာ အလယ်တွင် ဝိဇ္ဇာအလိမ်အလှည့်၊ နတ် အလိမ်အလှည့်၊ သိုက် အလိမ် အလှည့်၊ ရာဇာအလိမ်အလှည့်၊ ဆရာအလိမ်အလှည့်တို့၏ ရန်အန္တရာယ် များ၊ အနှောင့်အယှက် အတိုက်အခိုက်များမှ ထာဝရကင်းဝေး ပပျောက်စေရုံမျိုး မိမိ ပွားများအားထုတ်နေသည့် မှန်ကန်သော သူတော်ကောင်းလမ်းများ၊ အရိယာလမ်းများ၊ ဗီဇာန်ရောက်ရာရောက်ကြောင်း အကျင့်

လမ်းများသည် သန့်ရှင်း စင်ကြယ်၍ ဝိသုဒ္ဓိဖြစ်၍ စိတ်ချမ်းချမ်းသာသာ အေးချမ်းသာယာစွာ ကျင့်ဆောင်ပွားများ အားထုတ်နိုင်မည်ဖြစ်ပေလိမ့်မည်ဟု မှတ်ရပါမည်။ သို့မှသာလျှင် လိုရာခရီး၊ လိုရာပန်းတိုင်ကို အောင်အောင်မြင်မြင်နှင့် လမ်းဆုံးအောင်၊ ပေါက်မြောက်အောင် အားထုတ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ယခုပြဆိုထားသော အလှည့်(၅)ပါးတွင် တစ်ပါးပါးနှင့် ငြိနေလျှင် လည်းကောင်း၊ နှစ်ပါးသုံးပါးစသည်ဖြင့် ငြိစွဲနေလျှင်လည်းကောင်း၊ မိမိ၏ ခန္ဓာကိုယ်မှာလည်းကောင်း၊ မိမိ၏စိတ်ထဲတွင်လည်းကောင်း၊ မိမိ၏ဉာဏ်စဉ်တွင်လည်းကောင်း၊ လိုရာပန်းတိုင်၊ လိုရာခရီးကို အပြီးတိုင် မပေါက် မြောက်နိုင်တော့ဘဲ၊ မစွဲလမ်းအပ်သော အစွဲတရားများ မမြင် မတွေ့ရနိုင်သော အားကိုးယုံကြည်မှုများ၊ မဖြစ်နိုင်သော သက္ကာယဒိဋ္ဌိတရားများ ရောထွေးဝင်ရောက် နှံပ်စက်နေသည်ဖြစ်၍ အမြင့် တက်လေ၊ အောက်ဆုံးသို့ ပြုတ်ကျလေ၊ အမြင့်ရောက်ခါနီးလေ၊ မရောက်နိုင်ဘဲ အောက်ထစ်ပြန်ရောက်လေ ဖြစ်နေရတော့၏။ မိမိ၏ စိတ်ဓာတ်တွင်လည်းကောင်း၊ မိမိ၏ အတွေးအခေါ် ဉာဏ်အမြင်တွင်လည်းကောင်း၊ မိမိ၏ကျင့်ကြံ အားထုတ်နေသော အကျင့်တရားများတွင်လည်း အမြင်မကြည်လင်တော့ခြင်း၊ မိစ္ဆာ နတ်များ၊ ဝိဇ္ဇာလမိုင်းများ၊ နတ်လမိုင်းများ၊ အဖျက်ဝိဇ္ဇာများ၊ သူ တော်ကောင်း အယောင်ဆောင်၍ ဖျက်ဆီးလာကြတော့၏။ ထို့နောက် မိမိစိတ်ထဲ၊ မိမိ၏ မျက်စိထဲတွင် မကောင်းတာကို အကောင်း ထင်၊ မဟုတ်တာကို အဟုတ်ထင်(လောကဓံ. . လံကဓော-ပြောင်းတိ-ပြောင်းပြန်ဖြစ်ချင်တိုင်း ဖြစ်ပျက်နေလေတော့၏) ရှေ့ကို ပညာမဖြစ်နိုင်တော့၊ ရှေ့ကို အတွေးအခေါ် အယူအဆ၊ မမှန်ကန်တော့။ ရှေ့ဆက်လက်ပြီး အကျင့်လမ်းလည်း မမှန်ကန်တော့ ပေ။ ထို့ကြောင့် ပင်လျှင် လောကကြီး၏ ဘဝနိယာမ၏ ဓမ္မတာသဘာဝ၏ လှည့်ပတ်တာ၊ လိမ်တာ၊ ညာတာ၊ လှည့်တာများကို သိမှဆရာ. . ။ မသိရင် ဆရာမခေါ် ထိုက်ဟု ရှေးသူတော်ကောင်းများ၊ ရှေးပညာရှိ ဝိဇ္ဇာပုဂ္ဂိုလ်များ အမိန့်ရှိခဲ့ကြဖူး၏။

လေးကျွန်းပိုင်ဆရာတော်ကြီး ဆက်လက် အမိန့်ရှိခဲ့ဖူးသည်မှာ မည်မျှကြောက်စရာ ကောင်းသလဲဆိုရင် " ဒီအလှည့် ငါးပါးထဲမှ တစ်ပါး ပါးကို ခံနေရသောပုဂ္ဂိုလ်သည်လည်းကောင်း ဒီအလှည့် ငါးပါးထဲမှ တစ် ပါးဖြစ်စေ၊ နှစ်ပါးသုံးပါး ဖြစ်စေ ခံနေရသော ပုဂ္ဂိုလ်များသည် သမထ တရား အားထုတ်၍ မရနိုင်တော့ပေ။ သမထ မပေါက်မြောက် နိုင်တော့ ပေ။ သမထအကျင့်များ ပျက်စီးကုန်တော့၏။ ထို့အတူ ဝိပဿနာ တရားများလည်း အားထုတ်၍ မရနိုင်တော့။ ဝိပဿနာ အကျင့်များ အားလုံးပျက်စီး ရတော့၏။ ဝိပဿနာတရား မပေါက်မြောက်နိုင်တော့ ပေ။ အချို့ ဒဟုသုတကြွယ်ဝသော စာပေပရိယတ္တိနှင့် ပြည့်စုံသော ဝိပဿနာအကျင့်လမ်းတွင် တစ်ဝက်/တစ်ဆို့ပေါက်မြောက် အောင်မြင်ပြီး သော ကမ္မဋ္ဌာနစရိယ ဆရာကောင်းကောင်းနှင့် ဆည်းကပ် အားကိုးမိ လျှင်မူ တော်ပေသေး၏။ ထိုကမ္မဋ္ဌာနစရိယဆရာသည် မိမိတပည့်၊ တပည့်မတွင် စွဲဝင်နေသော ထိုအလိမ်အလှည့်၊ အစွဲတရားကို ဝိပဿနာ ပညာဖြင့် ပယ်ခွာထုတ်၍ပြီးလျှင် ထိုတပည့်-တပည့်မ၏ အနီးကပ် ကြည့်ရှု စောင့်ကြပ်၍ ထိန်းသိမ်းပေးခြင်းဖြင့် အလှည့်၊ အလိမ်တရား များမှ လွန်မြောက်၍ ဝိပဿနာတရား ပေါက်မြောက် သွားကြသည် လည်း ရှိကြကုန်၏"

အကျယ်ကို ပေးနှံပြဆို ပါဦးအံ့

(၁) ဝိဇ္ဇာအလှည့်

လောကအလယ်တွင် ဝိဇ္ဇာများ၏ လှည့်ပတ်မှုဖြစ်ပါသည်။

ဥပမာ- "မင်းကို ပထမံဘိုးဘိုးအောင်က စောင့်ရှောက်နေ တယ်။ မင်းကြီးပွားတိုးတက်အောင် ပထမံဘိုးဘိုးအောင်က မင်းကိုမစ စောင့်ရှောက်လိမ့်မယ်။ မင်းအရက်မသောက်ပါနဲ့၊ အရက်ကိုဖြတ်ပစ်ပါ။ မင်း ဒီမကောင်းမှု ဒုစရိုက်အလုပ်များမှ ရှောင်ကြဉ်ပါ။" အပြောခံရသော ပုဂ္ဂိုလ်သည် မိမိအား ပထမံဘိုးဘိုးအောင် တကယ်ပဲစောင့်ရှောက်

နေတာပါလားဟု အဟုတ်ထင်၍ ထိုပထမဘိုးဘိုးအောင်ကိုပဲ အမြဲတမ်း စွဲလမ်း၍ တမ်းတခြင်း၊ ပထမဘိုးဘိုးအောင်၏ ရုပ်တုရှေ့တွင် ဆုတောင်း ခြင်းစသည်သည်(ဝိဇ္ဇာလှည့်)ဟု ခေါ် ဆိုခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် ပထမဘိုးဘိုးအောင်သည် ဘယ်နေမှန်း မသိ၊ ဘယ် ရောက်နေ မှန်းမသိ၊ ရှိမှန်းမသိ၊ မရှိမှန်းမသိဘဲနှင့် လိမ်ညာ၍ မင်းမှာ ပထမဘိုးဘိုးအောင် စောင့်ရှောက်နေတာဟု လိမ်ပြောနေတာကို ဘ ပြောခံရသူက အမှန်တကယ် အဟုတ်တကယ်အမှန်ပဲ ဘိုးဘိုးအောင် စောင့် နေတာပါလားဟု ယုံကြည်ကိုးကွယ်သွားခြင်းမျိုးကို ဆိုလိုရင်း ဖြစ်ပါသည်။ ဒါကို (ဝိဇ္ဇာလှည့်)ဟု ခေါ် ဆိုပါသည်။

ဥပမာ- "မင်းကို ပုပ္ပါးက ဘိုးမင်းခေါင်က စောင့်ရှောက်နေတာ မင်းကို ပုပ္ပါးတောင်က ဘိုးမင်းခေါင်ကြီးက မင်းကို မစလိမ့်မယ်"ဟု ဆိုခြင်းသည် ဝိဇ္ဇာတစ်ပါးပါး၏နာမည်ကို အလွဲသုံးစားလုပ်၍ ပြောလိုက် ခြင်းဖြစ်သည်။ ထိုသို့အပြောခံရသူသည် အမှန်တကယ် အဟုတ်ထင်၍ နောင်မည်သည့်ကိစ္စကိုပဲ လုပ်လုပ်၊ ပုပ္ပါးဘိုးမင်းခေါင်ကို တမ်းတ၍၊ ဆုတောင်း၍ အလုပ်လုပ်နေခြင်း၊ ဘာလုပ်လုပ် ပုပ္ပါးဘိုးမင်းခေါင်ကို တကယ်စောင့်ရှောက်နေတာဟု အထင်နှင့် စွဲလမ်းနေခြင်းသည်(ဝိဇ္ဇာ လှည့်)ဟု ဆိုလိုခြင်းဖြစ်သည်။

" မင်းထိပေါက်နေတာ ဘိုးမင်းခေါင်ဆိုသော ဝိဇ္ဇာဓိရ်တစ်ပါးက မစ နေတာပဲ "ဟု ပြောဆိုနေတာကို ဆိုလိုသည်။ "မင်းဒီမိန်းကလေးနှင့် လက်ထပ်ယူဖို့ ဘိုးမင်းခေါင်ဆိုသော ဘိုးတော်တစ်ပါးက တိုက်တွန်းနေ တယ် "ဟုဆို၍ လိမ်ညာတိုက်တွန်းနေတာသည်(ဝိဇ္ဇာလှည့်)ဟု ဆိုလိုပါ သည်။ " မင်း ဒီနာမည်ပါတဲ့ ဒီမိန်းကလေးနှင့် လက်ထပ်ယူကို ယူရမယ်၊ ဒါဟာ ဘိုးတော်ရဲ့အမိန့်"စသည်ဖြင့် ပြောဆိုနေတာသည် ဝိဇ္ဇာပဋိလ်လ တစ်ပါးပါး၏ အမည်နာမကို အလွဲသုံးစားသုံး၍ လိမ်ညာခြင်းကို(ဝိဇ္ဇာ လှည့်) လှည့်ပတ်သည်ဟု ဆိုလိုပါသည်။ အပြောခံရသော ပုဂ္ဂိလ်မှာ လည်း အမှန်တကယ်ပင် အထက်ဘိုးတော်က အမိန့်ချတာဘဲဟု ထင် မှတ်ပြီးနေတာကို ဝိဇ္ဇာလှည့်ဟု ခေါ်ပါသည်။

မှတ်ချက်။ ယခုခေတ်၊ ယခုကာလ၊ ဝိတ်ဖြူစင်ကြယ်ဝတ်ပြုံး ကန်တော့ပွဲတွေ ထိုးပြီးအဆောင်အယောင် အခမ်းအနားပြင်ဆင်ပြီး တကယ်ပဲ အမြင်အကြား ပေါက်သလိုလို နှင့် မဟုတ်တာကို အဟုတ်လုပ်ပြီး ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင် နာမည်များကို အလွဲသုံးစားလုပ်၍ စားသောက်နေထိုင်ကြသည်ကို(ဝိဇ္ဇာလှည့်)လှည့်ပတ်ပြီး လုပ်ကိုင်နေသည်ဟု ဆိုလိုသည်။

တချို့များ လူအများရှေ့ ပြောသံဆိုသံ ကြားရသေးသည်။ "ကျွန်မတို့ကလေး အထက်ဘိုးတော်က ပေးစားလို့ အခုလိုဖြစ်လာတာ" ဟု ဆိုတာမျိုးများ နားဆတ်ဆတ် ကြားခဲ့မြင်ခဲ့ရပါသည်။ အထက်ဘိုးတော်ဆိုသူက ဘယ်နားနေမှန်းမသိ၊ ဘယ်ဘုံဘယ်ဘဝ ပြောင်းနေ မှန်းမသိ ဒီမှာတော့ ဘိုးတော်နာမည်ကို အလွဲသုံးစား၊ လုပ်စား၊ လိမ်စားနေကြသည်ကို ဆိုလိုပါသည်။ ပေးစားခံထားရသော မိန်းကလေးကလည်း သူ့ကိုယ်သူ တကယ်ပဲ အထက်ဘိုးတော်က ပေးစားထားတာဟု ယုံကြည်စွဲလမ်းနေမှုကို ဝိဇ္ဇာလှည့် ခံထားရသည်ဟု ဆိုလိုရင်း ဖြစ်ပါသည်။

(၂) နတ်အလှည့်

လောကနယ်ပယ်တွင် နတ်များ၏ လှည့်ပတ်မှုဖြစ်သည်။

ဤနတ်အလှည့်၌လည်း (၁) ဝိဇ္ဇာလှည့်နည်းအတိုင်း လောကလူသားများအား နတ်နှင့်လှည့်ခြောက်ခြင်း၊ နတ်အမည်နာမည် တစ်မျိုးမျိုးကိုသုံးစွဲ၍ လှည့်ပတ်လိမ်ညာခြင်း၊ နတ်ရုပ်များ၊ နတ်ပွဲများ၊ နတ်ကန္ဒားပွဲများ ပြင်ဆင်၍ ဟိတ်-ဟန်ပန်နှင့် သရုပ်ဆောင်၍ နတ်နှင့်လှည့်၍ လိမ်ညာခြင်းကို နတ်လှည့်ဟု ခေါ်ဆိုရပါမည်။

မှတ်ချက်။ တိုနတ်လှည့်များ၌ အောက် (၃၇)မင်းနတ်များ၊ အောက်နတ်များ၊ အောက်နတ်မိဖွာများ၊ အောက် နတ်စိမ်းများ၊ အောက်နတ်သမီးများကို အများဆုံးအသုံးခံ၊ လှည့်ပတ်

တာ များလှပါသည်။ အထက်နတ်မင်းများဖြစ်သည့် နတ်ပြည်(၆)ထပ်၊ ဗြဟ္မာဘုံ (၂၀)မှ နတ်ပြဟ္မာများ မပါဝင်တတ်ချေ။ အောက်ထစ် သူရဿတီ နတ်သမီးနှင့် အောက်(၃၇)မင်းနတ်များနှင့် အများဆုံး လှည့်ပတ်လိမ်ညာခြင်းကို နတ်လှည့်ဟု ခေါ် ဆိုပါသည်။

(တစ်နည်း) လောကလူသားများ အသိများသော နတ်များနှင့် လှည့်လိမ်တာမျိုးလည်း ရှိတတ်ပါသည်။

(ယခုကာလ ယခုခေတ်များတွင် ၃၇ မင်းနတ်ထဲက မင်းကြီးမင်းလေးနတ်များ၊ ပုပ္ပါးမယ်တော်ခေါ် သော ပန်းစားဘီလူးမများ၊ အနောက်ကတော်၊ ရေယဉ်ကတော်၊ မြောက်ဘက်ရှင်မ၊ ဦးမင်းကျော်၊ ရေနံပိုင် ဦးရှင်ကြီး၊ ရှမ်းကိုးမြို့ရှင်၊ ဟိန္ဒူဘာသာထဲက လက်ချိမီးမယ်တော်၊ ကာလီမယ်တော်၊ မဟာပိန္ဓဲနတ်၊ မဟာပိသဒိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ သူရဿတီနတ်သမီးနှင့် ဒေဝီ(၇)ပါးများကို လူသားများ၊ လူမိန်းမများက အသိများလှသောကြောင့် ထိုနတ်များနှင့် ဆွဲဆောင်ဖြားယောင်း၍ လှည့်ပတ်သည်တို့ကို(နတ်လှည့်)ဟု ခေါ် ဆိုခြင်းဖြစ် ပါသည်။

ဥပမာဆိုပါဦးဘုံ။ မိန်းကလေးတစ်ယောက်သည် ကိုယ့်ဘက်ကို မပါခဲ့လျှင် ကိုယ့်အလိုကို မလိုက်ပါခဲ့လျှင် (သို့မဟုတ်) ကိုယ်ခိုင်းတိုင်း မလုပ်ခဲ့ဘဲ ပေတေတေ၊ ကပ်တတ်တတ်လုပ်ခဲ့ပါလျှင်" နှင့်ကို ကိုယ်တော်ကြီး၊ ကိုယ်တော်လေး မင်း(၂) ပါးက သဘောကျ နှစ်သက်နေတယ်၊ နှင့် ကိုယ်တော်လေး(၂)ပါးနဲ့ လက်ထပ်ပါလား"ဟု နတ်နှင့်လှည့်စားတာ၊ ထိုအခါ ထိုသို့အပြောခံရသော မိန်းကလေးမှာ အဟုတ်မှတ် ထင်ပြီး နတ်နှင့်လက်ထပ်ပွဲလုပ်ပြီး မိမိဘက်ပါအောင် လှည့်ပတ်တာမျိုးကို(နတ်လှည့်)ဟု ဆိုလိုပါသည်။

တို့အတူ "နှင့်ကို သူရဿတီနတ်သမီးက စောင့်ရှောက်နေတယ်တော်၊ နင်မသိဘူးလား၊ နှင့်ကို စီးပွားရေးကောင်းအောင်၊ ထီပေါက်အောင် မ, မလို့တဲ့ " ဟု ဆိုပြီး သူရဿတီနတ်သမီးနှင့် လှည့်ပတ်၍

ဆွဲဆောင်ခြင်းသည်(နတ်လှည့်)ဟု ခေါ်တွင်ပါသည်။ သူရဿတီ နတ်သမီးဆိုတာ ဘယ်နား နေမှန်းမသိ၊ ရှိတယ်၊ မရှိဘူးဆိုတာလဲ မသိဘဲနှင့် သူရဿတီနတ်သမီး နာမည် ကို ကြားဖူးရုံဖြင့် ထိုနတ်သမီး၏ အမည်နာမကို အလွဲသုံးစားသုံး၍ နတ်လှည့် လှည့်ပတ်ခြင်း ဖြစ်ပါသည်။

ထို့အတူ " ကိုကြီးကျော်က မင်းတို့ကို သွားပြောခိုင်းလို့ တို့က လာပြောရတာ၊ မင်းတို့ တစ်မိသားစုလုံးကို ကိုကြီးကျော်က စောင့်ရှောက်ပေးနေတာ ကြာလှပြီတဲ့။ ဒီတော့ ဒီထက်ချမ်းသာအောင် သိန်းသုံးရာထီကြီးပေါက်အောင် မစ,မလို့တဲ့။ ဒီတော့ ကိုကြီးကျော်မျော်ဖို့ ပွဲကြီးလမ်းကြီးပေးရမယ်လို့ဆိုလို့ တို့က လာပြောပြရတာ" ဒါလည်း နတ်လှည့်တစ်မျိုးပါပဲ၊ တချို့လည်း ဒီလိုအပြောခံရတော့ အဟုတ်မှတ်ပြီး မရှိမဲ့ရှိမဲ့နဲ့ သိန်းနှင့်ချီပြီးကုန်ကျတဲ့ နတ်ပွဲကြီးများကို ပေးကြတော့တာပါပဲ။ တချို့ နတ်ကတော်များ၊ နတ်ထိမ်းများ၊ နတ်နှင့်လှည့်စားသည့် အတတ်တစ်မျိုးပါပဲ။

ထို့အတူ " မင်းခန္ဓာကိုယ်မှာ စတုလောကပါလ နတ်မင်းကြီး(၄)ပါးက စောင့်ရှောက်ပေးနေတယ်လို့ ဆရာတွေ့နေရတယ်။ မင်း ဒါဆိုရင် ညစဉ်ပရိတ်လေး၊ ဘာလေး ရွတ်ပေးပါ။ အရဟံဂုဏ်တော်ကို ပုတီး စိပ်ပေးပါ။ အရက်သေစာကို မသောက်ပါနဲ့၊ ဖြတ်ပစ်ပါ " ဒါလည်း နတ်လှည့်တစ်မျိုးဟု၍ မှတ်ယူသင့်ပါသည်။

တစ်ခါတစ်ရံ နတ်လှည့်ကောင်းလို့ အလှည့်ခံရသူသည် သူတော်ကောင်းလမ်းစဉ်ဘက် ပါလာတာရှိသလို တစ်ခါတစ်ရံနှင့် များသောအားဖြင့်မူ နတ်အလှည့်ခံရတာများကြောင့် လောကလူသားများ ဒုက္ခရောက်ရတာလည်း များပြားလှပါသည်။

ရှေ့ရေး၊ နောက်ရေး၊ သံသရာအရေးတို့ကိုမျှော်တွေး၍ ကုသိုလ်ကောင်းမှုဖြစ်ထွန်းရန်အတွက် သူတော်ကောင်းတရား လက်ကိုင်ထားရန်အတွက်၊ သံသရာဘဝကူးကောင်းရန်အတွက် ကောင်းမြတ်သော (အလှည့်)ဟူသည်ကား ရှားမှရှားလှပါ၏။ ပါရမီရင့်ပညာရင့်ကြွများ အတွက်သာပင် သူယက်မှား လူယက်မှားများ၊ စိုလာနတ်များ၏ အယူ

နာမကို အလွဲသုံးစားလုပ်၍ တစ်ဘဝစံအတွက် ဘယ်သူဒုက္ခရောက်ရောက်၊ ငါကောင်းစားရင်ပြီးရော ဆိုသည့်ထုံးကိုနှလုံးမူ၍ လိမ်ညာလှည့်ပတ်လျှင်ကား. . သံသရာဝန် လေးလှပေစွတကား။

(များသောအားဖြင့် ယောကျ်ားများထက် မိန်းမများက ပို၍ များပြားစွာ ဒုက္ခရောက်ရတော့၏)

(နတ်ဆိုလျှင် ယောကျ်ားများထက် မိန်းမများက ပို၍ ဝါသနာအထုံ အားကြီးလှ၏)

(၃) သိုက်အလှည့်

လောကနယ်ပယ်တွင် သိုက်နှင့်ပတ်သက်၍ လှည့်ပတ်မှုဖြစ်သည်။ သိုက်ဆိုသည်မှာ စတုမဟာရာဇ် နတ်ဘုံအနွယ်ပင်ဖြစ်ပါသည်။ စတုမဟာရာဇ် နတ်စစ်စစ်တော့ မဟုတ်လှပေ။ ကုသိုလ်၊ ကုသိုလ် ဝိပါက် အားနည်းလှပြီး၊ အကုသိုလ်၊ အကုသလဝိပါက် အားကြီးလှသောကြောင့် ဘုမ္မစိုးနတ်များ၏အောက်၊ ပြိတ္တာနွယ်ဝင်၊ ပြိတ္တာအဖြစ် များပြားလှပါသည်။ ဤတွင် ဘုရားသိုက်အကြီးစား၊ ပညာသိုက်၊ ဥစ္စာစောင့်သိုက် အငယ်စားများဟူ၍ သုံးမျိုးသုံးစား ရှိပါသည်။ ထိုသုံးမျိုးသုံးစားတို့တွင် ဘုရားသိုက်ကြီးများနှင့် ပညာသိုက်ကြီးများတို့၏ ဥစ္စာစောင့်များမှာ ကမ္မဇိဒ္ဓိတန်ခိုး ကြီးမားကြတတ်ပါသည်။ သိုက်စောင့်များ၊ သိုက်ချုပ်များ၊ သိုက်အနေအထားများမှာ အဆင့်အတန်းမြင့် နေတတ်ပါသည်။ သာမန် ဥစ္စာစောင့်၊ သိုက်အငယ်စား များမှာမူ ကမ္မဇိဒ္ဓိတန်ခိုး သေးငယ်လှကုန်၏။ မည်မျှပင် ကမ္မဇိဒ္ဓိကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကျမ်းဂန်စာပေများအရ ပြိတ္တာမျိုးနွယ်များသာ ဖြစ်ကြရကုန်၏။ များသောအားဖြင့် အစောင့်အရှောက်များသည်လည်း ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ ဘီလူး များ၊ သရဲသဘက်များ၊ ပြိတ္တာများ၊ မိချောင်းများ၊ ဟူးပီတုန်းများ၊ မြွေများ၊ နဂါးများစသည်တို့ ဖြစ်ကြကုန်၏။

မှတ်ချက်။ မြန်မာနိုင်ငံအတွင်း၌ သိုက်လှည့်ဖြင့် လှည့်တတ်ကြသည့်ပုဂ္ဂိုလ်များသည် များသောအားဖြင့်(နဂါး)သာ

သီထားကြသည် ဖြစ်သောကြောင့် သိုက်လှည့်လျှင် "နင့်ကို နဂါးသိုက်က ခေါ်တော့မယ်၊ နင်သေရင် နဂါးသိုက်ထဲ ပြန်ရောက်မယ်"စသည်ဖြင့် သိုက်လှည့်ဖြင့် ခြိမ်းခြောက်တတ်ပါသည်။

အသိအမြင်၊ ဗဟုသုတကလည်း နည်းပါးတော့ သိတာကလည်း နဂါးတစ်မျိုးသာ သိထားတော့၊ နေရာတကာမှာ (နဂါးသိုက်)ဆိုပြီး သိုက်လှည့် လှည့်တတ်ကြပါတယ်။ ကျန်သည့် ဘုမ္မစိုးနတ်သိုက်တို့၊ ရုက္ခစိုးနတ်သိုက်တို့ ဘီလူးသိုက်၊ မိချောင်းသိုက်၊ ပိတုန်းသိုက်တို့ကြတော့ သိုက်လှည့်မယ့် ပုဂ္ဂိုလ်က မသုံးဟတ်တာရယ်၊ မကျွမ်းကျင်တာရယ်၊ တစ်ခါမှ မသုံးဖူးတာရယ်ကြောင့် ကျန်တဲ့သိုက်တွေ ရှိနေလျက်နှင့် မလှည့်တတ်/မသုံးတတ်ကြတာ ဖြစ်တယ်။ ထို့ကြောင့် မြန်မာနိုင်ငံအတွင်းက သိုက်လှည့်လှည့်သော ဆရာများသည်(နဂါး)သာသိ၍ (နဂါးသိုက်)ကိုသာသုံးစွဲပြီး သိုက်လှည့် လှည့်နေကြခြင်း ဖြစ်ကြောင်း သိထားတတ်ကြပါလေ။ ရှေးမှတ်တမ်း မှတ်ရာများ၊ ရှေးလောကီကျမ်းစာများအရမူ မြန်မာနိုင်ငံအတွင်း သိုက်စုစုပေါင်းမှာ (၉၉၉၉၉၉၉) (ကိုးသန်း၊ ကိုးသိန်း၊ ကိုးသောင်း၊ ကိုးထောင်၊ ကိုးရာ၊ ကိုးဆယ့်ကိုးရှိကြောင်းသိထားခဲ့ရပါသည်။)

သိုက်လှည့်လှည့်ကြကုန်သော ကိစ္စများတွင် (အမျိုးသားများထက်/အမျိုးသမီးများက ပိုမိုများပြားစွာ ခံရတတ်ပါသည်။) အဘယ့်ကြောင့်ဆိုသော် ဥစ္စာစောင့်(သို့မဟုတ်)သိုက်ကဟူ၍ အသံကိုကြားလိုက်ရသည်နှင့် အမျိုးသမီးများက ပိုမို၍ စိတ်ဝင်စားခြင်း ဝါသနာ ပါခြင်း ဖြစ်ပါသည်။ " ဟာ. . . ဥစ္စာစောင့်မက ဘယ်လိုချောတာပဲ၊ သိုက်စောင့် ဥစ္စာစောင့်မက သိပ်လှတာပဲ" စသည်ဖြင့်လည်းကောင်း ပြောဆိုတတ်ကြသေး၏။ ထို့အပြင် " ဥစ္စာစောင့်မက တို့ကို ကြိုးပမ်းအောင်၊ ချမ်းသာအောင် ပေးမယ်တဲ့ " ဟူ၍လည်းကောင်း၊ " ဘယ်နဂါးသိုက်က ပြောတယ်၊ နင်တို့ကို ကြိုးပမ်းချမ်းသာအောင် မ,မယ်တဲ့၊ ဘုရားလည်း တည်ပါ။ သူတို့ကိုလည်း အမှုပေးပါတဲ့" စသည်ဖြင့် အမျိုးသမီးလောက

မှာ အတော်များများ ပြောဆို တတ်ကြပါတယ်။ ထို့အပြင် " အသက် ဘယ်လောက်ကျရင် နဂါးသိုက်က နှင့်ကိုပြန်ခေါ်မယ်တဲ့" စသည် စသည် ဖြင့် များစွာသောသိုက်စကားများ၊ ဥစ္စာစောင့်စကားများသည် အမျိုးသား များထက် အမျိုးသမီးလောကတွင် ပို၍များစွာ ကြားသိနိုင်ပါသည်။

" ဒီနေရာမှာ အကြောင်းသင့်လို့ ပြောရဦးမယ်၊ အတုတစ် ထောင်၊ အယောင်တစ်သိန်း၊ အစစ်တစ်ယောက်ဆိုသော စကားအတိုင်း ပါပဲ " မှန်မှန်ကန်ကန် အနီးကပ်ဆုံးဘဝက ဥစ္စာစောင့်သိုက် နှင့်နီးကပ်၍ သိုက်ကပြန်ခေါ်တာ၊ သိုက်က မစပေးကမ်းတာ ဆိုတာသည် ရှားရှား ပါးပါးအားဖြင့် အစစ် အမှန်အကန်ကိစ္စဖြစ်၍၊ တစ်ယောက်တလေသာ ဖြစ်နိုင်သည်ဟု သိမှတ်ရမည်ဖြစ်ပြီး၊ ဖြစ်ပျက်သမျှသည် ဥစ္စာစောင့်သိုက် က သဘောမျိုး၊ မြင်မြင်သမျှ၊ နဂါးသိုက်ကဆိုတာမျိုး မိန်းကလေး လှလှပပ၊ သားသားနားနား အပျိုအရွယ် ဖြစ်နေလျှင် မြင်မြင်သမျှ နဂါးသိုက်က လာတာမျိုးသည် (သိုက်လှည့်)ဟု မှတ်ရပါမည်။ မဟုတ် ဘဲနှင့် အဟုတ်လုပ်တာ မမှန်ကန်ဘဲနှင့် အမှန်အကန်လုပ်ပြီး သိုက်ကပါ ဟု လိမ်လည် လှည့်ဖြားခြင်းကို (သိုက်လှည့်)ဟု ဆိုလိုရင်းဖြစ်၏။

အချို့ငွေကြေးပြည့်စုံသော တိုက်နှင့်တာနှင့် ကားစီးနိုင်သော မိသားစုအသိုင်းအဝိုင်းမှ ဖြစ်သော ငယ်ရွယ်သည့်၊ လှပသည့် အမျိုးသမီး များ ဖြစ်လျှင် " နှင့်အသက်ဘယ်လောက်ကျရင် နှင့်ကိုသိုက်က ပြန်ခေါ် တော့မယ်၊ ဒီတော့နှင်မကြောက်ဘူးလား။ ပြန်မသွားချင်ရင် ပြန်မလိုက် ချင်ရင် ကန်တော့ပွဲ ဘယ်နှစ်ပွဲပြင်၊ ငွေကဘယ်လောက်ထည့်၊ ဒါဆိုရင် ဒို့ကသိုက်ကြိုးဖြတ်ပေးပြီး လွှဘဝမှာ ကြာကြာနေရအောင် သိုက်ထဲက အသက်ကို တောင်းပေးနိုင်တယ် " စသည်ဖြင့် လည်းကောင်း၊

(တနည်း)

" တို့က အခုကျောင်းဆောက်နေတယ်၊ ဘုရားတည်နေတယ်၊ မပြီးသေးဘူး မြန်မြန်ပြီးအောင် ငွေဘယ်နှစ်သိန်းလှူပါလား ဒါမှမဟုတ် ဒီစေတီပြီးစီးအောင်ဆိုရင် ငွေသိန်းပေါင်း(၂၀)လောက် ကုန်မယ်၊

တာဝန်ယူလုပ်ဆောင်နိုင်မယ်ဆိုရင် တို့ကလူလောက၊ လူဘဝမှာ သက်တမ်းစေ့နေခွင့်ရအောင် သိုက်ကြိုးဖြတ်ပေးမယ်" ဆိုတာမျိုးသည် သိုက်နှင့် လှည့်ပတ်ခြင်း မျိုးဖြစ်၍ (သိုက်လှည့်)ဟု ဆိုရခြင်း ဖြစ်ပါသည်။ အမှန်အတိုင်းဟုတ်မှန်ပါက တော်သေးတာ။ လိမ်ညာပြီး (သိုက်လှည့်)လှည့်မိပါက (ခိုးခြင်း ၂၅ပါးထဲမှာ ပါဝင်ရတော့သည်ဖြစ်၍ ဘဝဆုံးလျှင် အပါယ်ဘုံသို့ ကျရောက်ရတော့တာ)သံသရာကို သတိပြုကြပါလေ "

ထိုသို့လေးကျွန်းပိုင်ဆရာတော်ကြီးသည် စိတ်ပါလက်ပါဖြင့် ရှင်းလင်းဟောကြားနေသည်ကို အကျွန်ုပ် နှင့်အင်းဝဋ္ဌာဆရာကြီးသည် စိတ်ပါဝင်တစား နာခံမှတ်သားလျက်ရှိပါသည်။ ထို့ပြင်ဆရာတော်ကြီး (သိုက်လှည့်)နှင့်ပတ်သက်၍ ရှင်းလင်းဟောကြားခါမှ အကျွန်ုပ်ကျမ်းပြုအရှင်သည် ကုန်လွန်ပြီးခဲ့သော နှစ်ပေါင်း(၂၀)ကျော်ခန့်က ဖြစ်ပါသည်။ မော်လမြိုင်မြို့၊ တောင်ဝိုင်းအရပ်မှ အဖြစ်အပျက်တစ်ခုကို သတိရမိပြီး မျက်စိထဲ မြင်ယောင်လာပါတော့သည်။

ထိုအချိန် ထိုအခါက အကျွန်ုပ်ကျမ်းပြုအရှင်သည် သီကျောဝါ (၂၀)ခန့်ပဲ ရှိပါသေးသည်။ အမှတ်မထင် မော်လမြိုင်မြို့သို့ ရောက်ရှိခဲ့ပြီး အကျွန်ုပ်၏ ဇာတိချက်မြုပ်ရာဖြစ်သော ညောင်ပင်ဆိပ် ကျေးရွာတွင် ဆွေမျိုးတစ်စုအိမ်၌ ခေတ္တယာယီ သီတင်းသုံးနေခိုက်. . အမျိုးသမီးကြီးတစ်ယောက်နှင့် မိန်းကလေးငယ်တစ်ယောက် လမ်းမအတိုင်း ဖြတ်သွားတာကို တွေ့မြင်လိုက်ရပြီး ထိုအမျိုးသမီး(၂) ယောက်တို့သည် အကျွန်ုပ်ရောက်နေသည်ကို သတင်းကြား၍ လာ ရောက် ရှာဖွေနေခြင်းဖြစ်ပြီး တခြားအိမ်တစ်အိမ်က လမ်းညွှန်ပြလိုက်သည့်အတွက် အကျွန်ုပ်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာ ခဲ့ပါသည်။ အနားနားရောက်၍ ဦးချပြီး ကန်တော့ပါမှ လွန်ခဲ့သော (၅)နှစ်ခန့်က အကျွန်ုပ်ကျောင်းသို့ (ဆယ်ခေါက်ထက်မနည်း)ရောက်ဖူးနေတာကို သတိရနေပါတော့သည်။

သူနာမည်က ဒေါ်ဝင်းမြဖြစ်ပြီး ပြည်မြို့အနီး၊ သဲကုန်းမြို့မှ၊ မော်လမြိုင်မြို့ကို ပြောင်းရွှေ့သွားမှန်း အကျွန်ုပ် သိလိုက်ရပါသည်။

အကျွန်ုပ်။ ဟမဝင်းမြ နင်မော်လမြိုင်ကို ရောက်နေတာလား ဟ။

မဝင်းမြ။ မှန်ပါ့ဘုရား၊ တပည့်တော်မှ မော်လမြိုင်မှာ ပြောင်းရွှေ့နေတာပါဘုရား။ အခုဆိုရင်(၃)နှစ်လောက်ရှိသွားပါပြီဘုရား၊ တောင်ဝိုင်းဘက်မှာ ခြံဝယ်ပြီး ကျွဲကော်၊ ဒူးရင်းများ စိုက်ပျိုးပြီးနေပါတယ်ဘုရား အရှင်ဘုရား၊ မော်လမြိုင်ကို ရောက်နေကြောင်း သတင်းကြားလို့ ကိစ္စလေးလည်းရှိတာနဲ့ အရှင်ဘုရားကို မတွေ့တွေ့အောင်ရှာပြီး လာရောက်ဖူးမျှော်တာပါဘုရား။

အကျွန်ုပ်။ ကိုင်း ဒါဖြင့်ဆိုလဲ ဘာကိစ္စရှိလဲ လျှောက်စမ်းဟ။

မဝင်းမြ။ ဒီလိုပါဘုရား (အနားနားမှာရှိသော မိန်းကလေးကို ကြည့်ပြီး) ဒီသမီးလေးပါ သူမိဘ (၂)ပါးစလုံး မရှိရှာတော့ပါဘူးဘုရား၊ တပည့်တော်မလည်း သနားတာနဲ့ ခေါ်ယူပြီးမွေးစားထားတာ ပါဘုရား၊ အခုကလေးမလေးက ဝမ်းဝိုက်မှာ သူများပြုစားထားတာလား၊ ဘာလား မပြောတတ်ပါဘူးဘုရား။ နောက်ပြီး ဥစ္စာစောင့် ဝင်စားတာလို့ဆိုလို့ (ဆရာ)နဲ့ သိုက်ကြိုးဖြတ်နေတာ(ဆယ်ခါ)စေ့နေပြီဘုရား ပျောက်တယ်ကို မရှိဘူး။ ဒါနဲ့ ယခုဆရာတော်ရောက်နေကြောင်း သတင်းကြားတာနဲ့ ဥစ္စာစောင့်သိုက်က ဟုတ်မဟုတ်လာပြကြည့်တာပါဘုရား။

အကျွန်ုပ်။ အကျွန်ုပ်သည် ကလေးမလေး တစ်ချက်စောင့်ကြည့်ပြီးမှ(ဟဲ့မဝင်းမြ ကလေးမလေးက အပျိုအရွယ်ဆိုတော့၊ တွေ့ကရာတွေ လျှောက်လုပ်လို့ မဖြစ်သေးဘူး။ နေရာတကာတိုင်း၊ ဥစ္စာစောင့်တို့၊ သိုက်တို့ ဆိုပြီးတော့ မဟုတ်တာတွေဖြစ်နေတတ်တယ်။ တွေ့လိုက်တာနဲ့၊ မြင်လိုက်တာနဲ့ ဥစ္စာစောင့်သိုက်ဆိုတာ ဖြစ်နိုင်

ပါ့မလားဟဲ့၊ အကောင်းဆုံးကတော့ သင့်တော်တဲ့ သားဖွားမီးယပ် ပါရဂူတစ်ဦးဦးနှင့်ဖြစ်စေ၊ ဒါမှမဟုတ် ဝါရင့်ပြီး ကျွမ်းကျင်လိမ္မာတဲ့ နပ်(စ်)မတစ်ဦးဦးနှင့်ဖြစ်စေ၊ သွေးသားစပွတာမှန်မမှန်၊ မိန်းမရောဂါဟုတ်မဟုတ် စစ်ဆေးကြည့်စေချင်တယ်။ အဲဒါ အရင် စစ်ဆေးဦး။ ပြီးမှ ငါဆီခေါ်လာခဲ့ဟဲ့။

မဝင်းမြ။ မှန်လှပါဘုရား၊ ဒီကိစ္စဆိုတာတော့ ဘာမှမစစ်ဆေးရသေးပါဘူး ဘုရား။ ဒါဆိုရင် အသေးစိပ် အားလုံးစစ်ဆေးပြီးမှပဲ ဆရာတော့်ဆီ ပြန်လာပြီး လျှောက်ထားပါ့မယ်ဘုရား။

ဤသို့လျှောက်ထားပြီး မဝင်းမြသည် မိန်းကလေးငယ်အား ခေါ်သွားပြီး မော်လမြိုင်မြို့ပေါ်သို့ ပြန်ထွက်သွားပါတော့သည်။ မိန်းကလေးကိုကြည့်ရသည်မှာ အသက်အားဖြင့် (၁၇ နှစ်/ ၁၈နှစ်ခန့်) ရှိနိုင်သည်ဟု ခန့်မှန်းရပြီး ဆေးပညာအရ အကဲခတ်ရသည်မှာ ဓမ္မတာသွေးသားနှင့်ပတ်သက်နိုင်သည်ဟုထင်ပြီး အကျွန်ုပ်ကျမ်းပြုအရှင်က " မီးယပ်သားဖွားသမားတော် / ပါရဂူနှင့် အသေးစိပ်စစ်ဆေးပြီးမှ ငါဆီခေါ်လာခဲ့ " လို့ အမိန့်ရှိလိုက်ခြင်းဖြစ်ပါသည်။

သို့နှင့် အကျွန်ုပ်ကျမ်းပြုအရှင်သည်လည်း ရွာတွင်ရောက်နေသည့်အခိုက် ဆွမ်းစား၊ ကွမ်းစား၊ အလှူကိစ္စများ၊ အပင့်အဖိတ်တွေများနေ၍ ရွာမှာပင် တစ်ပတ်ခန့် ကြာသွားခဲ့ပါပြီ။ ထိုသို့တစ်ပတ်ခန့် ကြာသွားသည်နှင့် တစ်နေ့တွင် မဝင်းမြနှင့် မိန်းကလေးနှစ်ယောက် အကျွန်ုပ်ထံသို့ ပြန်ရောက်လာခဲ့ပါပြီ။ အကျွန်ုပ်အား ရှိခိုးကန်တော့ပြီး နောက် မဝင်းမြသည် ဆိုင်းမဆင့်၊ ဝံ့မဆင့်ဘဲ မျက်နှာကို လက်ဝါးနှင့်အုပ်၍ ခဲ့ငိုပါတော့သည်။ ဤတွင်မှ အကျွန်ုပ်က . .

အကျွန်ုပ်။ ဟ. . မဝင်းမြ၊ နင်ဘယ်လိုဖြစ်တာလဲဟ၊ နင့်နားက မိန်းကလေးကိုရော ငါပြောတဲ့အတိုင်း အပြီးအစီး စစ်ဆေးခဲ့ပြီးပြီလား။ စစ်ဆေးပြီးရင်လည်း အပြေက

ဘာထွက်တယ်ဆိုတာ ငါ့ကို ပြန်လည်လျှောက်တင်စမ်းဟ။

မဝင်းမြ။ ရှက်လွန်းလို့ ငိုမိတာပါဘုရား၊ ယခု သားဖွားမီးယပ်သမားတော်များနှင့် အသေးစိတ် စမ်းသပ်ကြည့်လိုက်တော့မှ တပည့်တော်မရဲ့ သမီးဆီမှာ ကိုယ်ဝန်ရနေပါပြီဘုရား။ ဒါနဲ့ တပည့်တော်မလည်း အိမ်ရောက်တော့ တိုးတိုးတိတ်တိတ် သမီးကိုမေးမြန်းကြည့်တော့. . သိုက်ကြိုး ဖြတ်ပေးမယ်ဆိုတဲ့ဆရာက ကလေးမကို သိုက်ကြိုးဖြတ်ရင် မိခင်လုပ်သူက ဘုရားခန်းမှာသမ္မာဒွေဂါထာကို ဂါထာ(၁၀၀၀)စေ့အောင် တစ်ထိုင်ထဲနှင့် မထဘဲ အပြီးရွတ်ပြီး ပုတီးစိပ်နိုင်းပါတယ်ဘုရား. . တပည့်တော်မ လည်း အော်-သိုက်ကြိုးဖြတ်တာ ဒီလိုပဲ ဖြတ်ရတာနဲ့ တူပါရဲ့. . ဟုမှတ်ထင်ပြီး ဘုရားခန်းမှာဘဲ သမ္မာဒွေဂါထာကို ပုတီးစိပ်ရတာပါဘုရား။ သမ္မာဒွေဂါထာ (တစ်ထောင်)ဆိုလျှင် အနည်းဆုံးတော့ နာရီအားဖြင့် (၃)နာရီလောက်တော့ကြာတာပေါ့ ဘုရား. . ထိုသုံးနာရီကြာတာကို အခွင့်ကောင်းယူပြီး တပည့်တော်မရဲ့ သမီးလေးကို ဆရာက သွားပိတ်ရာ၊ သွားခန်းထဲ ခေါ်ပြီး သားမယားအဖြစ် ပြု ကျင့်တော့တာပါပဲဘုရား။ သမီးလေးကလဲ ရိုးရိုးအအဆိုတော့ အမေကိုကြောက်လို့ မပြောရဲတာက တစ်ကြောင်း၊ ဆရာကို ကြောက်လို့ မဟရဲတာကတစ်ကြောင်း အော် သိုက်ကြိုး ဖြတ်တယ်ဆိုတာ ဒီလိုဆရာ လုပ်သမျှခံရတာနဲ့တူပါရဲ့ဟု သမီးလေးက မှတ်ထင်ပြီး သိုက်ကြိုးဖြတ် နေတာ အခုဆို ရင် ဆယ်ကြိမ်ခန့်ရှိသွားပြီး ကိုယ်ဝန်ပါရလာတဲ့အထိ ဖြစ်ပျက်ကုန်တော့တာပါဘုရား။

အကျွန်ုပ်။ တော်. . တော် မဝင်းမြ၊ ထပ်မလျှောက်နဲ့တော့. . . ဒီလောက်ဆို ငါသဘောပေါက်ပြီ. . ဖြစ်ပြီးတာတွေ ထပ်မပြောနဲ့တော့. . . ငါထပ်ပြီးမကြားချင်တော့ဘူး၊ ဒီတော့ ဒီပိန်းကလေးကို သားမယားအဖြစ် ပြုကျင့်တဲ့ လူယုတ်မာ ဆရာဆီခေါ် ရပ်ကွက်လူကြီး၊ အာဏာပိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဒီလူယုတ်မာကို တရားဝင်လက်ထပ်ခိုင်း၊ တရားဝင် တာဝန်ယူစေရမယ်။ တာဝန်မယူလို့ကတော့ ဘယ်ဖြစ်မလဲ၊ တာဝန်မယူရင်တော့ တရားဥပဒေအရ ဆက်တိုင်တော့။ ဒါမှ ဒီလူယုတ်မာ ကောင်းကောင်းမှတ်မှာ၊ နှင့်တို့တွေတွေ့ကရာ ဆရာဆိုတိုင်း လူကောင်းသူကောင်းများမှတ်နေတာလားဟ၊ အခုကြည့်စမ်း ဘယ်လောက် အရုပ်ဆိုးသလဲဆိုတာ၊ လူကြားမကောင်း၊ သူကြားမကောင်း၊ ကြားလား မဝင်းမြ၊ ငါပြည်ကို မပြန်သေးဘူး၊ ငါမပြန်ခင် တာဝန်ယူမယ့် ငါသိချင်တယ်-လုပ်စရာရှိတာ ဆက်လက်ပြီး လုပ်ပါ။

အကျွန်ုပ်သည် ထိုကိစ္စအတွက် အထူးပင် စိတ်မကောင်းခြင်းဖြစ်ခဲ့ရပါသည်။ သို့နှင့် အကျွန်ုပ် မပြန်ခင်မှာပင် ထိုလူယုတ်မာဆရာက သားမယားမရှိတဲ့ လူလွတ်ဆိုတော့ ထိုလူယုတ်မာကဘဲ သူတရားဝင် လက်ထပ်ယူပါမယ်ဟူ၍ ရပ်ရွာလူကြီးများ ရပ်ကွက်အာဏာပိုင် လူကြီးများရှေ့တွင် လက်မှတ်ထိုး၍ တာဝန်ယူသွားကြောင်း သတင်းစကားကြားရပါမှ အကျွန်ုပ်လည်း စိတ်ထဲမှာပေါ့သွားပြီး သက်ပြင်းပင် ချမိပါတော့သည်။ အော်. . ဆရာက သိုက်ကြိုးအဖြတ်ကောင်းလိုက်တာ လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ပါ ရသွားပါရော့လား။

လေးကွန်းပိုင်ဆရာတော်ကြီးသည် ခေတ္တ/ခဏ အနားယူနေခိုက် အကျွန်ုပ်ကျမ်းပြုအရှင်သည် အင်းဝဝိဇ္ဇာဆရာကြီးနှင့်အတူ သိုက်လှည့်အခန်းကဏ္ဍကို တွေးတောစဉ်းစားရင်း တစ်လောကမှ ပုပ္ပန္နေးန္နေး

ကိစ္စပြဿနာလေးတစ်ခုကို ပြန်လည်တွေးတောရင်း မြင်ယောင်လာမိပြန်တော့တ်။ ရန်ကုန်ပြို့မှာနေထိုင်သည့် တပည့်အရင်းတကာ၊ တကာမနှစ်ယောက်သည် သူသမီးကိုခေါ်ဆောင်၍ အကျွန်ုပ်၏ကျောင်းတိုက်သို့ ရောက်လာခဲ့ပါသည်။ အကြောင်းကတော့ သူတို့သမီးလေးက ဘွဲ့ရပြီးသား၊ ကျောင်းပြီးပြီးသား အခုတစ်လောမှာ နေ့လည်းမအိပ်၊ ည‌လည်းမအိပ်ဘဲ စိတ်ကြောင်တောင်တောင်ဖြစ်နေကြောင်း၊ သူတစ်ပါး မနာလို၍ အနှောင့်အယှက်များ ပြုစားထားတာလားဆိုတာ တပည့်တော်မတို့သိချင်၍ ဆရာတော်ထံခေါ်လာပြီး လာရောက်ပြသရတာဖြစ်ကြောင်း၊ ဆရာတော်မှ ကြည့်ရှုပေးစေလိုကြောင်းဖြင့် လျှောက်ထားလာ ပါသည်။ ရင်းနှီးပြီးသား တကာ၊ တကာမများဖြစ်နေ၍ အထူးတလည် မဆိုတော့ဘဲ သူတို့သမီးဖြစ်သူကို ခစားကြည့်ပြီး၊ အကဲခတ်မိပါတော့ သည်။

အကျွန်ုပ်။ နင်တို့သမီးက ဘာအနှောက်အယှက်မှ ရှိတာမဟုတ်ဘူး၊ စိတ်ကဖြစ်နေတာ ဖြစ်လိမ့်မယ်။ ဒီတော့ စိတ်ရောဂါကုဆရာဝန်ကြီးတွေနဲ့ အသေးစိတ်ပြသကြည့်ပါလား. . . ထိုသို့ အကျွန်ုပ်က ပြောလိုက်သည်ကိုပင် အမျိုးသမီးလုပ်သူက သိပ်ကျေနပ်ပုံမပေါ်ချေ။ သူတို့ပြောစေချင်တာက တစ်ခုခုဘ နှောင့်အယှက် ရှိနေတာကို ပြောစေချင်နေတာပါ။ အကျွန်ုပ်ကလည်း ဘာအနှောင့်အယှက်မှ မတွေ့တော့ ဒါအနှောင့်အယှက် လုံးဝမဖြစ်နိုင်ဘူး။ ဒါဟာ စိတ်ရောဂါတစ်မျိုးသာ ဖြစ်နိုင်ကြောင်း အမိန့်ရှိလိုက်ပါသည်။

ထို့နောက် သမီးကိုချော့ခေါ်ပြီး ရန်ကုန်ကို ပြန်သွားကြပါသည်။ နောက်ထပ် (၁၀)ရက်ခန့်ကြာသော အခါ ထိုအမျိုးသမီးဇနီးမောင်နှံနှင့် သူသမီးအပါအဝင် အခြားတစ်မိ်းတရံ အမျိုးသမီးငါးယောက်နှင့် သီလရှင်သုံးပါးက ဦးဆောင်ပြီး အကျွန်ုပ်ထံ ဒုတိယအကြိမ်ထပ်မံရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ဤတွင် စိတ်ကသိကအောက်ဖြစ်ရပြီး. .

အကျွန်ုပ်။ ဟဲ့ နင်တို့ ဘာကိစ္စ တစ်ခေါက်ပြန်လာရတာတုံးဟဲ့။ ကလေးမလေးရော စိတ်ရောဂါကု သမားတော်ကြီးများနဲ့ စစ်ဆေးပြသပြီးပြီ လားဟေ့ . . ။ အကျွန်ုပ်က မေးလိုက်ပါသည်။ ထိုအခါ ယခင်လာနေကျ အမျိုးသမီးကြီးကပင် လက်အုပ်ချီလျက် "စိတ်ရောဂါကု သမားတော်နှင့်တော့ လောလောဆယ် မပြမိသေးပါဘူးဘုရား။ အခု ဒီသီလရှင်ဆရာလေးများနှင့် တွေ့ပြီး စစ်ဆေးကြည့်တော့ တပည့်တော်မရဲ့ သမီးက သိုက်ကလာတာတဲ့ ဘုရား။ တပည့်တော်မ သမီးအသက် (၂၅)နှစ်မှာ ပြန်ခေါ်တော့မယ် တဲ့ဘုရား။ အခု အသက်က (၂၄)နှစ်ဆိုတော့ နောက်တစ်နှစ်ပဲ လိုပါတော့တယ်ဘုရား။ သီလရှင်ဆရာလေးက ဆက်လက်ပြီး အမိန့်ရှိပါတယ် ဘုရား။ လွှဘဝမှာ အသက် (၈၀)အထိ နေခွင့်ရအောင် တောင်းခံပေး မယ်ပေါ့။ ဒေးစွန်ပါတောင်မှာ အခုဘုရားစေတီ(၂)ဆူ တည်နေတယ်။ ဒါကို ပြီးစီးအောင် တာဝန်ယူ လှူမှာလား။ လှူမယ်ဆိုရင် လွှဘဝမှာ အသက် (၈၀) အထိ နေခွင့်ရအောင် သူတာဝန်ယူတယ်ပေါ့ ဒီလို အမိန့်ရှိပါတယ် ဘုရား။ ပြီးတော့ ဒီသီလရှင်ဆရာလေးများကလည်း ဆရာတော်ကိုပါ ဖူးတွေ့ချင်ပါ သည်ဟု ဆို၍ တပည့်တော်မတို့ လာရောက်ပို့တာပါဘုရား . . ဟု လျှောက်ထားလာပါသည်။

ဤတွင် အကျွန်ုပ်သည် စိတ်အလွန်တိုသွားပြီး ဒေါသ အလွန်ဖြစ်မိပါသည်။ နောက်မှ အသာအယာပင် စိတ်ကိုပြန်လျှော့လိုက်ပြီး အေးအေးဆေးဆေးပင် " ဟာ. . . ကောင်းတာပေါ့။ ကောင်းတာပေါ့ လုပ်ပါ လုပ်စရာရှိတာ။ ပျောက်ကင်းသွားဘို့ဘဲ အရေးကြီးတာပါပဲ"ဟု ပြန်လည်ပြောလိုက်ပြီး အကျွန်ုပ်နောက်ထပ် ဘာမှမပြောတော့ဘဲ နှတ်ပိတ်၍ နေလိုက်ပါတော့သည်။

" ဒီလောက်မိုက်လုံးကြီးတဲ့ တကာမတွေ ခံရတာပဲအေးမယ်" လို့ စိတ်ထဲမှာရေရွတ်ရင်း သူတို့ကို ပြန်ခွင့်ပြုလိုက်ပါတော့သည်။ ဘာအနှောင့်အယှက်မှ မရှိလို့ မရှိဘူးပြောပြီး စိတ်ရောဂါကု သမားတော်တွေနဲ့ ပြပါလို့ ပြောပြီးသားကိစ္စကို မယုံသလို-ယုံသလိုနှင့် " သိုက်လှည့်လှည့်တတ်တဲ့ အုပ်စုနှင့်တွေ့တော့ ။ မဟုတ်ပါဘဲနဲ့ အဟုတ်လုပ်ပြီး၊ အကုန်ခံချင်တဲ့ ဟာတွေ ကုန်မှအေးမယ်" လို့စိတ်ထဲက ဆုံးဖြတ်ပြီး အသာပဲ ခပ်မဆိတ်နေလိုက်ပါတော့သည်။ နောက်ထပ် များမကြာပါ။ နောက်ထပ် လေးလခန့်ကြာသောအခါ ရန်ကုန်မှသတင်းတွေ ကြားသိလာရတော့တ်။ ငွေသိန်းပေါင်း(သုံးဆယ်)ခန့်ကုန်သွားကြောင်း၊ ရောဂါကလည်း မပျောက်ဘဲ ပိုဆိုးဝါးလာကြောင်း ကြားသိလာရပါသည်။ ထိုဆရာလေးအုပ်စုလည်း လက်လျှော့ပြီး ဒေးစွန့်ပါကို ပြန်သွားကြောင်း ကြားသိလာရပါသည်။

ဝါကျွတ်လို့ ကိစ္စတစ်ခုနှင့် ရန်ကုန်မြို့ကိုရောက်မှ ကိစ္စအားလုံးအကုန်သိလာရတော့တ်။ ရန်ကုန်မြို့မှာ ဘုန်းကြီး ကြွ ရောက်နေကြောင်း ကြားသိရ၍ သူတို့မိသားစု လာရောက်ကန်တော့ကြပါသည်။

" နောက်ဆုံးတော့ တပည့်တော်မလည်း ငွေကလည်းကုန်၊ ရောဂါကလည်းမပျောက်တဲ့အပြင် နေ့မအိပ်၊ ညမအိပ်၊ ထမင်း မစား၊ ဟင်းမစားနဲ့ တော်တော်လေးဆိုးဝါးလာတော့ မတတ်သာတော့ နီးစပ်ရာ ဆွေမျိုးတွေနဲ့တိုင်ပင်ပြီး စိတ်ရောဂါကု ဆရာကြီးများနှင့် ကြပ်ကြပ်မတ်မတ် ကုသတော့မှပဲ အခုဆိုရင် သမီးလေး အတော်လေး ကောင်းသွားပါပြီဘုရား"ဟု လျှောက်တင်နေပါတော့သည်။ ဤတွင်မှ အကြောင်းစုံ သိလာရတော့သည်။ ထိုကလေးမလေးက အပျိုရွယ်ထဲက အိပ်ဆေးသောက်သောက်ပြီးမှ အိပ်လို့ရတယ်။ အိပ် ဆေးမသောက်မိတဲ့ နေ့ဆိုရင် ညဘက်မအိပ်တော့ဘူး။အိပ်မပျော်တော့ဘူး။ ဒီလိုနဲ့ နှစ်ပေါင်း ကြာလာ နောက်အိမ်ထောင်ကျလာတော့ အိပ်ဆေးသောက်ပြီးမှ အိပ်ရတာကို လင်ယောကျ်ားက မကြိုက်၊ နောက်ဆုံးတော့ ယောကျ်ား မကြိုက်တဲ့ ဒီအိပ်ဆေးကို မသောက်ဘဲ ဖြတ်တော့မယ်လည်းဖြတ်ရော အခုလို နေ့

မအိပ်၊ ညမအိပ်ဘဲ စိတ်ကြောင်တောင်တောင် ဖြစ်လာရတော့တာ။ ဒါကို စိတ်ရောဂါကုသမားတော်များနဲ့ စစ်ဆေးပြသပါလို့ ပြောပါလျက်နဲ့ (ဥစ္စာစောင့်သိုက်ခေါ်လို့) ဆိုတော့ မခက်ဘူးလား။ သို့နှင့် အကျွန်ုပ်လည်း စိတ်တိုတိုနှင့်...

"နင်တို့တွေက ငွေကုန်မှအေးမှာ၊ ငွေကုန်ခံချင်နေတာ မဟုတ်လား၊ ဒီတော့ ကုန်ကြပေါ့။ ကုန်မှအေးမှာ၊ အခုတော့ ငွေကုန်သွားတော့ အေးသွားတာပေါ့ဟယ်။ အစောပိုင်းက ငါပြောတော့ နင်တို့က မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ ဒီလို လူလိမ်လူကောက် (သိုက်လှည့်အလှည့်ခံရတော့မှ) ငွေကုန်လူပန်းဖြစ်မှ ဒါမှ နင်တို့နဲ့တန်တာ"

သူတို့လည်း ယခုမှ နောင်တရလို့မဆုံး၊ ယူကျုံးမရ၊ သူတို့အမှားကိုဝန်ခံ၍ ကန်တော့ပြီး ပြန်သွားကြပါတော့တာ။ အကျွန်ုပ်သည် လေးကျွန်းပိုင်ဆရာတော်ကြီး ခေတ္တအနားယူနေခိုက် အကျွန်ုပ်ကြုံတွေ့ခဲ့ရသော နမူးတွေ့၊ ဒုးတွေ့ (သိုက်အလှည့်ခံရသည်များကို) စဉ်းစားတွေးတောရင်းဖြင့် အင်းဝရွာကြီး ဆရာကြီးဦးအေးမောင်နှင့် အာလာပ၊ သလ္လာပ ရှေ့ဖြစ်နောက်ဖြစ်များ ပြောဆိုလျက်ရှိပါတော့တာ။ မည်မျှ အချိန်ကြာသွားသည်ကို အမှတ်မထားဘဲ လေးကျွန်းပိုင်ဆရာတော်ကြီး အနားယူရာမှ ကြွလာတော့မှပဲ ဆရာတော်ကြီးတောင် အနားယူရာမှ ထလာပြီပဟု စိတ်ထဲမှမှတ်ထင်ကာ ဆရာတော်ကြီးအား ရှိခိုးဦးချကန်တော့ကြပါတော့တာ။ ဆရာတော်ကြီးသည် အနားယူရာမှ ကြွလာခြင်းပင် သောက်ရေတစ်ခွက်ဘဉ်းပေးပြီး ခန္ဓာကိုယ်ကိစ္စအတွက် ကုယ်လက်သုတ်သင်ပြီး ကျောင်းပေါ်သို့ ပြန်ကြွလာကာ ဆေးပြင်းလိပ်တစ်လိပ်ကို တစ်ကိုက်ခန့်ကိုက်ဖြတ်၍ ဆေးငုံရင်းထိုင်နေ သီတင်းသုံးနေပါတော့တာ။ ဆက်လက်ပြီး ဆရာတော်ကြီးသည် (ရာဇာလှည့်)ကို မိန့်ကြား ပါတော့တာ။

၄။ ရာဇာလှည့်

လောကအလယ်တွင် မင်းစိုးရာဇာနှင့်ပတ်သက်၍ လည်ပတ်မ

ဖြစ်ပါသည်။

" ရာဇာလှည့် ဆိုတာကတော့ကွာ- ရာဇဝင်တွေမှာပါတဲ့ ထင်ရှားကျော်ကြားတဲ့ ရှင်ဘုရင်တွေ မင်းတွေ၊ မိဖုရားတွေ၊ မင်းသမီးတွေ အမတ်/သုခမိန်တွေနဲ့ခေါ်ဝေါ်သုံးစွဲပြီး လှည့်ပတ်တဲ့နည်းကို ခေါ်ဆိုရပါမည်။ အမျိုးရယ်၊ ဘာသာရယ်၊ သာသနာရယ်အတွက် ကောင်းကျိုးဖြစ်စေရန် ရာဇာလှည့်ကို အသုံးပြုနေတာလိုပဲ။ ဒါနကုသိုလ်-သီလကုသိုလ်- ဘာဝနာကုသိုလ် ကောင်းမှုများအတွက်လည်း ဤရာဇာလှည့်ကို အသုံးပြုကြတာရှိပါသည်။ မိမိအတွက် ကိုကျိုးအတွက် အသုံးချခံရတာလည်း ရံဖန်ရံခါ ရှိနေတတ်ပါသည်။

ဥပမာ။ ဘုရားတည်ကျောင်းဆောက် စေတီတည်ကိစ္စများတွင် မပြီးစီးနိုင်ဘဲ အထစ်အငေါ့ အခက်အခဲများနှင့် ကြုံတွေ့နေသည့်အခိုက် ထိုအခိုက်အတန့်တွင်ပင် ငွေကြေးပြည့်စုံသော ပိုက်ဆံချမ်းသာသည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို တွေ့သည့်အခါ. . .

" ဒီဘုရားစေတီက မင်းကိုမျှော်နေတာ မင်းတို့ မိသားစုစုံမှ ဒီဘုရားစေတီက ပြီးစီးလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မင်းတို့က ရှေ့ဘယ်နှစ်ဘဝတုံးက အနော်ရထာမင်း ဖြစ်ခဲ့တာကိုးကွ။ ဒီတော့ ဒီဘုရားစေတီကို မင်းတို့မှ မပြုပြင်ရင် ဘယ်သူပြုပြင်မှာလဲ၊ မင်းတို့မှ မလုပ်ရင် ဘယ်သူလာလို့လုပ်မှာလဲကွ၊ မင်းက အနော်ရထာမင်း ဖြစ်ခဲ့တာဆိုတော့ မင်းတို့ ပြုပြင်မှ အောင်မြင်လိမ့်မယ်ကွ " လို့ အနော်ရထာမင်းနှင့် လှည့်ပတ်တာကို (ရာဇာလှည့်) ဟုခေါ်ပါသည်။

ထိုပုဂ္ဂိုလ်မိသားစုသည် " အော်. . လက်စသတ်တော့ ပြီးခဲ့သော ဘဝတွေက ငါတို့က အနော်ရထာဘုရင်ဖြစ်ခဲ့တာကိုး၊ ဒါကြောင့် ဒီလို နေရာမျိုး၊ ဒီဘုရားစေတီ တည်သောနေရာကို ရောက်ခဲ့ရတာကိုး၊ ဒါဆိုရင် ဒီဘုရားစေတီတော်ကို အမြန်ပြီးစီးအောင် ငါလုပ်ဦးမှပဲဟု၍

မိမိကိုယ်ကို ပြုးခဲ့သောဘဝတွေက (အနော်ရထာမင်း)ဆိုတာကို စိတ်ထဲမှာ ယုံကြည်စွဲလမ်းပြီး ဘုရားစေတီတော်ကို မပြုး/ပြုးအောင် လှူဒါန်းပြီး ဆောင်ရွက်တာကို ရာဇာလှည့်ဟု ခေါ်ဆိုပါသည်။

ထို့ပြင် " ဘယ်ဘဝတုံးက မင်းက ကျန်စစ်သားမင်း ဖြစ်လာတာ၊ ကျန်စစ်သားမင်းဘဝတုံးကလည်း၊ ဒီကျောင်းဆောင်ကြီးကို မင်းက ဦးစီးပြီး တည်ဆောက်လာတာ အခုလည်း မင်းကမလုပ်ရင် ဘယ်သူလာလုပ်မှာလဲ၊ ဒီတော့ မင်းပဲဦးစီးပြီး လှူဒါန်းပြီးလုပ်ပါ "

ဤသို့ဆို၍ လှည့်ဖြင်းသည် (ရာဇာလှည့်)လှည့်သည်ဟု ဆိုလိုပါသည်။ အပြောခံ/အလှည့်ခံရသော ပုဂ္ဂိုလ်သည်လည်း အမှန်တကယ် အဟုတ်ထင်၍ " ငါကျန်စစ်သားမင်းဖြစ်ခဲ့တာကိုး "ဟု စိတ်ထဲမှာ စွဲလမ်းပြီး ဘုရား/စေတီပုထိုးများ ကျောင်းကန်ဇရပ်များ၊ တန်ဆောင်း များကို စိတ်အားတက်ပြီး ပြုပြင်တာ ဆောင်ရွက်တာသည်(ရာဇာလှည့်) အလှည့်ခံရသည်ဟု ဆိုလိုပါသည်။

ထိုနည်းတူစွာပင် မိန်းမ/အမျိုးသမီးများကိုလည်း သာသနာအတွက် ဘာသာအတွက် လူမျိုးအတွက် အရေးတကြီးလိုအပ်ပါလျှင်

" ဟဲ့မိန်းကလေး နင်ပြုးခဲ့သောဘဝက ရှင်စောပုမင်းသမီးဖြစ်ခဲ့တာ "တို့။ " တကာမကြီး. . . တကာမကြီးတို့ဟာ ဟိုပြုးခဲ့သော ဘဝတွေတုံးက အနော်ရထာမင်း၏ မိဖုရားဖြစ်ခဲ့တာ" စသဖြင့် ပြောဆို၍ အမိန့်ရှိ၍ ကုသိုလ်ရေး သာသနာရေး အလှူအတန်းကိစ္စများတွင် ပိုမိုပြီး သဒ္ဓါထက်သန်လာအောင် လှည့်ဖြင်းသည် (ရာဇာလှည့်) ဟုခေါ်ဆိုခြင်း ဖြစ်သည်။ ဒါလောက်ရှင်းပြပါလျှင် (ရာဇာလှည့်) အကြောင်းကို သဘောပေါက်လောက်ပြီဟု ထင်မြင်မိနိုင်ပါသည်။

ထိုနည်းတူစွာပင် " တကာမကြီးက ပြုးခဲ့သော ဘယ်ဘဝတုံးက ဘုရင့်နောင်မင်းတရားကြီး၏ သမီးတော်ဖြစ်ခဲ့တာ ဘယ်မင်း ဘယ်မိဖုရား၏ သမီးတော်ဖြစ်ခဲ့တာ " စသဖြင့် ရာဇာလှည့်နှင့် လှည့်ပတ်ပြီး သာသနာရေးရာ ဆောင်ရွက်တာကို ရာဇာလှည့်နှင့် သာသနာမြှသည်ဟု

ယခုခေတ် ဆိုကြ/ပြောကြပါသည်။ လှည့်သည့်ပုဂ္ဂိုလ်က ဟိတ်ဟန်ပါပါ နှင့် လှည့်ပတ်ခြင်း၊ အလှည့်ခံရသော ပုဂ္ဂိုလ်ကလည်း အဟုတ်တကယ် မှတ်ပြီး ယုံကြည်ခြင်းဖြင့် ရာဇာလှည့်ကီစွမ်းအောင်မြင်ပြီးစီးရတော့၏။

မှတ်ချက်။ (၃၁ ဘုံတွင် ကျင်လည်ခဲ့ကြသော သတ္တဝါမှန်သမျှသည် နိဗ္ဗာန်မရမီစပ်ကြား(၃၁)ဘုံတွင် ကျင်လည်နေ သမျှသော သတ္တဝါအပေါင်းတို့သည် တစ်ဦးနှင့် တစ် ဦး သားအမိ မတော်ခဲ့တာမရှိ၊ မောင်နှမ မတော်ခဲ့ တာ မရှိ၊ သားအဖ မတော်ခဲ့တာ မရှိ၊ နတ်-သိကြား ရှင်ဘုရင် မိဖုရား မဖြစ်ဖူးတာ မရှိ ။ ရာဇာလှည့်သည် ထို အကြောင်းအရာကို မူတည်၍ ဖြစ်လာရခြင်း ဖြစ်ပါသည်။ ကောင်းမြတ်သော ကုသိုလ်စိတ်ဖြင့် ဆောင်ရွက်ကြရာ၏။ မကောင်းသော အကုသိုလ်စိတ်ဖြင့် လုပ်ဆောင်မိပါက သံသရာဝန်လေး လှပါသည်။)

၅။ ဆရာလှည့် - တနည်း ဇီဝကလှည့်

နွေးခေတ်ဆရာ၊ ယခုခေတ်ဆရာနှင့်ပတ်သက်၍ ဆေးဝါးကုသရာနှင့် ဆက်နွယ်မှုကို ဆရာလှည့်ဟု ခေါ်သည်။ ဆရာလှည့်မှာ ရှင်းပါသည်။ ရောဂါဝေဒနာရရှိလာပြီး တော်ရုံတန်ရုံ ကုသရုံနှင့် မပျောက်ကင်း နိုင်ဘဲ နာတာရှည်ရောဂါဝေဒနာများအား ကြုံတွေ့ခဲ့သော "ဆေးဝိဇ္ဇာ ဆရာကြီး မည်သူမည်ဝါက ညွှန်ကြားလိုက်သည်။ ဘယ်ဆေး ဘယ်ဝါး ဘယ်ဆရာနှင့် ပျောက်ကင်းအောင် ကုသရမည်။ ရောဂါအနာများ ပျောက်ကင်းသွားပါက အစီဇာန် ဘယ်နှစ်ရက် ဝင်ရမည်။ ရဟန်းအောင် ဘယ်နှစ်ရက် တက်ရမည်။ စေတီတော်ကို ပြီးစီးအောင်တည်ရမည်" စသည်ဖြင့် ဆောင်ရွက်ကြသည်ကို (ဆရာလှည့် သို့မဟုတ် ဇီဝကလှည့်) ဟုခေါ်ပါသည်။

(တနည်း) ဆိုးသွမ်းနေသော ပုဂ္ဂိုလ်များ အရက်သမားများ၊ ကစားသမားများ၊ အသောက်အစား အပျော်ပါးသမားများ လူကောင်းသူကောင်း ဖြစ်လာစေရန်အတွက် တနည်း-သူတော်ကောင်း ဖြစ်လာစေရန်အတွက် . . ဆေးဝါးကုသသော ဝိဇ္ဇာဂိုဏ်း၊ နတ်ဂိုဏ်း၊ ဆရာဂိုဏ်း

တစ်ခုခုကို ဆရာလုပ်သူက စိတ်ပါဝင်စားလာအောင် ဟောပြောပြသပြီး စိတ်ပါဝင်စားလာသည့်အခါ ဝိဇ္ဇာဂိုဏ်း၊ နတ်ဂိုဏ်း၊ ဆရာဂိုဏ်းတစ်ခုခု၏ စည်းကမ်းဥပဒေအရ ငါးပါးသီလထဲမှ ကံနှစ်ပါးကိုဖြစ်စေ၊ ကံသုံးပါးကို ဖြစ်စေ၊ ကံငါးပါးကိုဖြစ်စေ၊ ထိမ်းသိမ်းအပ်နှံ၍ ဆေးဆရာ၊ ဂိုဏ်းဆရာ ဖြစ်လာအောင် ဆောင်ရွက်ပေးခြင်းသည်လည်း (ဇီဝကလှည့်) တစ်မျိုးပင်ဖြစ်၏။

ထို့အတူ ရောဂါဝေဒနာခံစားနေရသော ရောဂါသည်အား လည်းကောင်း။ လူကျင့်ဝတ်ကို ဖောက်ဖျက်ပြီး ရပ်ကွက်ရပ်ရွာအတွင်း မိသားစုအတွင်း သောင်းကျန်းနေသော ဆိုးသွမ်းနေသော လူများအား မပျောက်နိုင်ခဲသော ရောဂါအနာတစ်ခုခု ရရှိလာသည်ကို ဂိုဏ်းတစ်ပါးပါးက ဆရာတစ်ဦးဦးက " မင်းရောဂါကို ဒို့ကပျောက်အောင် ကုသပေးမယ်။ ပျောက်ကင်းသွားရင်၊ မင်းအရက်သောက်တာကို လျှော့ရမယ်၊ မင်းမသောက် ရတော့ဘူး၊ သို့မဟုတ် ဒီရောဂါ ဒီဝေဒနာ ပျောက်ကင်းသွားရင် မင်းတို့နဲ့အတူ ဘုရားတည်ရမယ်၊ တည်မယ်ဆိုရင် မင်းရောဂါ ဝေဒနာပျောက်ကင်းအောင် တို့ကကုသပေးမယ်" စသည်ဖြင့် ရောဂါ ဝေဒနာများကို ပျောက်အောင်ကုသပေး၍ ပျောက်ကွင်းသွားသည့်အခါ အရက်ပြတ်သွားခြင်း။ ဘုရားတည် သာသနာပြု သူတောင်းကောင်း အလုပ်များကို ကြိုးစားအားထုတ်ခြင်းမှာ ဖြစ်လာအောင် ဆောင်ရွက်ခြင်းသည်လည်း (ဆရာလှည့်)တစ်မျိုးပင်ဖြစ်တော့၏။ ဒါလောက်ဆိုရင် ဝေပုလ္လကြီးတို့ အင်းဝိဇ္ဇာတကာကြီး ဦးအေးမောင်တို့ သဘောပေါက် လောက်ပြီလို့ ဆရာတော်ယူဆပါသည်။

ဆရာတော်ကြီး။ ဘယ်လိုလဲဟေ့။ သဘောပေါက်ရဲ့လား။ နားလည်ရဲ့လား။

အင်းဝိဇ္ဇာဆရာကြီး။ ဒီအလှည့်ငါးပါးကို အခု ဆရာတော်ကြီး ဟောကြားမှပဲ တပည့်တော်ကောင်းကောင်း သဘောပေါက်ပါပြီဘုရား။ နားလည်ပါပြီဘုရား။ လေးကျန်းပိုင် ဆရာတော်ကြီးတဲ

မှာ တပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ် တရားများကို အပ်နှင်းပါ၏ဘုရား တပည့် အဖြစ် အသိအမှတ်ပြုတော်မူပါဘုရား။

အကျွန်ုပ်။ ဒီအလှည့်ငါးပါးကို သိထားမှ တတ်ထားမှ (ဆရာ) ဟူ၍ ခေါ်ထိုက်သည်။ ဒီအလှည့် ငါးပါးကို မသိမမြင်လျှင် (ဆရာ)ဟူ၍ မ ခေါ်ထိုက်လို့ ဆိုထားတော့ တပည့်တော်တို့ အထက်/အထက် သမထလမ်း/ ဝိပဿ နာလမ်းများ အားထုတ်ရာမှာ ဒီအလှည့်ငါး ပါးက အထူးသိထားဖို့ အရေးကြီးတယ် ဆို တာ တပည့်တော် သဘောပေါက်မိပါပြီ ဘုရား။ ယနေ့ ဆရာတော်ကြီးနားမှာ နေရ တာ တပည့်တော် ပညာအများကြီး ရပါ တယ် ဘုရား။ ထို့အတွက် ညောင်းတုံးက ကြွလာတဲ့ အင်းဝဒွာဆရာကြီး ဦးအေး မောင်ကို အထူးကျေးဇူးတင်ပါတယ်ဗျာ။

အကျွန်ုပ်နှင့်အင်းဝဒွာဆရာကြီးသည် စီတွဆုခတောင်မှ အောက်ကျောင်းဝင်းသို့ တဖြည်းဖြည်း ဆင်းသက်လာခဲ့ပါပြီ။ လမ်းတစ် လျှောက်လုံးမှာလည်း တစ်ဦးနှင့် တစ်ဦး စကားစမြည် မပြောဖြစ်ခဲ့ကြပါ။ သူလည်း သူ့အတွေး ကိုယ်စီ၊ အကျွန်ုပ်လည်း အကျွန်ုပ်၏ အတွေးကိုယ်စီ နှင့် ဆင်းလာခဲ့ကြပြီး အကျွန်ုပ်ကျောင်းသို့ရောက်သောအခါ အလှည့် ငါးပါးမသိငြားက ဆရာဟူ၍မခေါ်ရဟူသော ခေါင်းစဉ်ဖြင့် မှတ်တမ်း ရေးသွင်းရပါတော့သတည်း။ ။



ထွက်ရပ် ဝိဇ္ဇာလမ်းကြိုး(၄)ပါး

ဓမ္မသီဒီပါရဂူလေးကျွန်းပိုင်ဆရာတော်၏ ဩဝါဒကထာ
ဒုတိယ ယက္ကန်းစင်တောင်ဆရာတော်ကြီး၏ ဩဝါဒကထာမှ
ဓမ္မဝိဇ္ဇာဦးကလျာထား (ပုဗ္ဗိုး)တောင်၏ ဩဝါဒကထာမှ
မဟာသရဖူကျမ်း (၉)တောင်တွဲကျမ်းမှ ကောက်နုတ်ချက်

ထွက်ရပ်ပေါက် လမ်းကြိုးလေးလမ်း၏ လူးပောင်းလဲပုံ

ကရဏီယအောက် ဝလေးထောင့် ပေါက်ကွဲရှင်ကြိုး ထိုးနှင့်မျှောက်
ဝလေးထောင့်ကို တွေ့အောင်ရှာ ဂဏန်းကိုးလုံးမှာ
အင်းလည်းသည်မှာ ဆေးလည်းသည်မှာ - ပြဒါးလည်းသည်မှာ
သံလည်းသည်မှာ - ရွှေလည်းသည်မှာ - ငွေလည်းသည်မှာ
အသက်ရှည်လို - အာယုဝမ္မာ - ခေမာအမတ - နိဗ္ဗာန်
ပေတွေ့ရှင်လို-ဖူးတွေ့ရမည်ပ. . . ခန္ဓာငါးပါး - ရုပ်နာမ်တရားရှိက
ကြံနိုင်ကြ၏။

အဓိပ္ပာယ်ရှင်းလင်းချက် ဝလေးထောင့်ကိုတွေ့အောင်ရှာ . .
ဂဏန်းကိုးလုံးမှာ



စုစုပေါင်းဂဏန်း ၉ လုံး
တစ်-နှစ်-သုံး-လေး
စာမတွေးနှင့်

အလယ်ဗဟိုကွက်မှာ (၅) သည် ခန္ဓာငါးပါးကို ဆိုလိုသည်။

၁+၉ • ၁၀ ၁ က ဗုဒ္ဓဘုရား ဝ . . . ဝ တလုံးပိုင်၏။
၂+၈ • ၁၀ ၁ က ဗုဒ္ဓဘုရား ဝ . . . ဝ တလုံးပိုင်၏။
၃+၇ • ၁၀ ၁ က ဗုဒ္ဓဘုရား ဝ . . . ဝ တလုံးပိုင်၏။
၄+၆ • ၁၀ ၁ က ဗုဒ္ဓဘုရား ဝ . . . ဝ တလုံးပိုင်၏။

(က) ၁-ကား ဗုဒ္ဓဘုရား+၉-ကား ဂုဏ်တော်ကိုးပါး • ၁ရယ် - ၉ ရယ်ပေါင်းတော့ (၁၀) တစ်ဆယ်။ ၁ တစ်ကား - တန်ဘိုးရှိသောကြောင့် ဧကောဗုဒ္ဓေါအရ ၁-ကား ဗုဒ္ဓဘုရား၊ ကျန်တာ ဝ သုံးသည်။ ဝ - သုံးသည်ကို ဖျည်း ၃၃လုံးမှာ ရှာဖွေကြည့်လျှင် ဝ အကွရာကိုရ၏။ ထို့ကြောင့် ထိုလမ်းကို ပထမံထွက်ရမ် ပေါက်ဝိဇ္ဇာလမ်းဟုခေါ်ပါသည်။ ဤလမ်းသည်ပထမံ ဦးအောင်တို့ (ဝ)တစ်လုံးပိုင်၍ ထွက်ရပ်လမ်း ပေါက်တော်မူ၏။ ထို့ကြောင့် ထို(ဝ)တစ်လုံးပိုင်သောလမ်းကို ပထမံထွက်ရမ် ပေါက်ဝိဇ္ဇာလမ်းဟု ခေါ်ပါသည်။ အဓိပ္ပာယ်မှာ ၁-ကား ဗုဒ္ဓဘုရားကိုအာရုံပြု၍ ၉ ကား ဂုဏ်တော်ကိုးပါးကို ပုတီးစိပ်

မွားမှားသော ဝဒွနုသာတိကမ္မဌာန်း၏ အစွမ်းကြောင့် ပထမ ဝိဇ္ဇာလမ်း ပေါက်မြောက်တော့၏။

(ခ) ၂ ကား နေ+လနှစ်ပါး+ ၈ ကား မဂ္ဂင်ရှစ်ပါး • ၂ ရယ် • ၈ ရယ်ပေါင်းတော့ (၁၀) တစ်ဆယ်ရသည်။ ၁-ကား တန်ဖိုးရှိသောကြောင့် ဧကောဝဒွေါအရ ၁-တစ်ကား ဝဒွဘုရား၊ ကျန်တာ (၀) သုညကျန်သည်။ (၀) သုညကို ဗျည်း (၃၃)လုံးမှာ ရှာဖွေကြည့်ပါလျှင် (၀)အက္ခရာကိုရ၏။ ထို့ကြောင့် ဤလမ်း သည်လည်း (၀)တစ်လုံးပိုင်သောကြောင့် ၄င်းလမ်းကို လောကီယဝိဇ္ဇာလမ်းဟု ခေါ်ပါသည်။ ၄င်းလောကီယဝိဇ္ဇာ လမ်းကို ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်လိုသော ပုဂ္ဂိုလ်သည် မဂ္ဂင်ရှစ်ပါးနှင့်အညီ မိမိရုပ်နာမ်ခန္ဓာအား မဂ္ဂင် ရှစ်ပါးအကျင့်တရားနှင့် ပြည့်စုံအောင် ဖြည့်ကျင့်လျက် နေ ကသိုက်း ၊ လ ကသိုက်းတို့ကို အားထုတ်ခြင်းဖြင့် အဘိညာဉ်၊ စွာန်သမာပတ်တို့ကို ရရှိပြီးလျှင် အောင်မြင်ပေါက်ရောက် သောကြောင့် ဤလမ်းကို လောကီယဝိဇ္ဇာလမ်းဟုခေါ်ပါ သည်။ နွေးအခါက ရှင်ဒေဝိလရသေ့တို့ နေမိန္ဒရရသေ့တို့ ထွက် တော်မူသည့် လမ်းဖြစ်ပါသည်။

(ဂ) ၃-ကား သရဏာဂုံသုံးပါး+၇-ကား တောရွှင်ခုနစ်ပါး ၃-ရယ်၊ ၇-ရယ်ပေါင်းတော့ (၁၀) တစ်ဆယ်ရသည်။ ၁-တစ်ကား တန်ဖိုး ရှိသောကြောင့် ဧကောဝဒွေါအရ ၁-တစ်ကား ဝဒွမြတ်စွာ ဘုရား၊ ကျန်တာ(၀) သုညကျန်သည်။ (၀)သုညကို ဗျည်း (၃၃) လုံးမှာ ရှာဖွေလျှင် (၀)အက္ခရာကို ရ၏။ ထို့ကြောင့် ဝိဇ္ဇာလမ်း ကို အောင်မြင်နိုင်ပေလိမ့်မည်။

(ဃ) ၄-ကား၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓသစ္စာ ဟူဆိုအပ်သော သစ္စာလေးပါး+၆ကား အာရုံခြောက်ပါး။ ၄ ရယ်၊ ၆ ရယ်ပေါင်းတော့ (၁၀) တစ်ဆယ်ရသည်။ တစ်(၁) ကား တန်ဖိုးရှိသောကြောင့် ဧကောဝဒွေါအရ (၁)တစ်ကား

ဝုဒ္ဓမြတ်စွာဘုရားဖြစ်၏။ ကျန်တာ (၀)သုည ကျန်သည်၊ (၀)သုညကို ဗျည်း (၃၃)လုံးတွင် ရှာဖွေကြည့်လျှင် (၀) အက္ခရာကို ရ၏။ ထို့ကြောင့် ဤလမ်းသည်လည်း(၀)တစ်လုံးပိုင်သောလမ်း ဖြစ်ခြင်းကြောင့် ထိုလမ်းကို ဘုရားရဟန္တာတို့ ထွက်တော်မူသော နိဗ္ဗာန်ကိုဝင်စံတော်မူသော **အရိယာဝိဇ္ဇာလမ်း** ဟုခေါ်သည်။ ထိုအရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက် အောင်မြင်အောင် အားထုတ်လိုသောပုဂ္ဂိုလ်များသည် သင့်တင့်လျောက်ပတ်သော ဥပစာရသမာဓိ-အပ္ပနာသမာဓိ တရားတို့ကို မွေးမြူအားထုတ်ပြီးလျှင် အာရုံ (၆)ပါးကို အလိုမလိုက်ဘဲ အာရုံခြောက်ပါးကိုပယ်ခွာ၍ ဝိပဿနာတရားကို ဆင့်ကာဆင့်ကာ အားထုတ်ခြင်းဖြင့် **သစ္စာလေးပါးတရား** ကိုသိမြင်ပြီး မဂ်(၄)ပါး၊ ဖိုလ်(၄)ပါး အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို ရောက်စေနိုင်သော အရိယာဝိဇ္ဇာလမ်းဟု မှတ်ယူရပါမည်။

မှတ်ချက်။ ဤကမ္ဘာလောကကြီးတွင် ခန္ဓာငါးပါးရှိသော မနုဿတ္တဘာဝဒုလ္လဘဟူသည်နှင့်အညီ ရတောင့်ရခဲလှသော လူဘဝကိုရရှိလာပြီးနောက် လူသားတစ်ဦးအနေနှင့် ကြိုးစားအားထုတ် နိုင်သည့် ထွက်ရပ်လမ်းများအနက် ထိုထွက်ရပ်လမ်းကြီး (၄)လမ်းကလွဲ၍ တစ်ခြားမရှိနိုင်ကြောင်းကို အထူးသတိပြုကြပါလေ။ ထွက်ရပ်လမ်းမှန်သမျှ မည်မျှပင်ရှိရှိ၊ မည်မျှပင်ပေါပေါ ဤယခုပြဆိုအပ်သော လမ်းကြီး (၄)လမ်းမှလွဲ၍ တခြားအပိုလမ်းမရှိကြောင်း သိထားသင့်ပါသည်။

ဒါနတရား၊ သီလတရားကိုမှတည်၍ ကုသိုလ်ကံ၊ အကုသိုလ်ကံများကို မှတည်၍ ကံကြောင့်ဖြစ်ပေါ်လာသော လူ၊ နတ်၊ ငြဟ္မာအဖြစ်ကလွဲ၍ အတတ်ပညာအမျိုးမျိုးတို့ကို ကျွမ်းကျင်စွာတတ်ကျွမ်း၍ မပေါက်

မြောက် ပေါက်မြောက်အောင်၊ မအောင်မြင် အောင်မြင်ပြီးစီးအောင် ကြိုးစားဆောင်ရွက်၍ သာသနာတော်အတွင်း ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားတို့ကို လိုအပ်လျှင် လိုအပ်သောနေရာတွင် အားဖြည့်၍ လောကီထွက်ရပ်(၃)ပါး၊ လောကုတ္တရာထွက်ရပ်(၁)ပါး စုစုပေါင်း ထို(၄)မျိုးသာ ရှိကြောင်းဖြင့် သိရှိနိုင်ပါသည်။

မှတ်ချက်။ ဤထွက်ရပ်ဝိဇ္ဇာလမ်းကြီး (၄)ပါးသည် ဝုဠဂမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ကြုံကြိုက်နေသောကာလ၏ ဝိဇ္ဇာလမ်းကြီး(၄လမ်း ဖြစ်ပါသည်။ ထို့ကြောင့် ဤထွက်ရပ်ဝိဇ္ဇာ လမ်းကြီး(၄)လမ်းတွင် အရိယာဝိဇ္ဇာလမ်းဖြစ်သော ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းလမ်းကလွဲလျှင် ကျန်သော ပထမံဝိဇ္ဇာလမ်း၊ လောကီယဝိဇ္ဇာလမ်း၊ ဂန္ဓရိလမ်းစသော ထို(၃)လမ်းစလုံးပင်လျှင် လောကီသက်သက်လမ်းများဖြစ်လင့်ကစား ဘုရားသာသနာတော် အတွင်းမှာဖြစ်ကြသောကြောင့် ထိုလောကီထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းများ ပြီးစီးအောင်မြင်ပြီးနောက်၊ ဒါနတရား၊ သီလတရား၊ သမထတရား၊ ဝိပဿနာတရားများကို လက်ကိုင်ထားပွားများ အားထုတ်ခြင်းဖြင့် လောကီထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းမှတစ်ဆင့် အရိယာဝိဇ္ဇာလမ်းကို တက်လှမ်း၍ လောကုတ္တရာ အရိယာဝိဇ္ဇာအဖြစ် ရောက်ရှိပြီး၊ သံသရာတစ်ခွင်က လွတ်မြောက်၊ ထွက်ရပ်ပေါက်စေနိုင်တော့၏ဟု သိမှတ်ကြကုန်ရာ၏။ ဝုဠဂမြတ်စွာဘုရားရှင်၏ သာသနာတော်နှင့် မကြုံကြိုက်ပါက သာသနာပ ကာလဖြစ်သောကြောင့် လောကုတ္တရာ ထွက်ရပ်ဖြစ်သော ဘုရား၊ ရဟန္တာ၊ အရိယာဝိဇ္ဇာလမ်းသည် ခဲယဉ်းလှစွာ တိမ်ကော ကွယ်ပျောက်ပြီး ကျန်သောဝိဇ္ဇာလမ်း(၃)လမ်း

သာလျှင် လောကီသက်သက် အားထုတ်ခွင့်ရ ပြီး၊ လောကထွက်ရပ်သက်သက်သာ ဖြစ်စေတော့ပြီး သဲသရာ တစ်ခွင် မလွတ်ကင်းဘဲ လည်ပတ်လျက်ရှိ စေလေတော့၏ဟု မှတ်ယူတတ်ကြရာ၏။

ထို့ကြောင့်ပင်လျှင် ဝုဒ္ဓမြတ်စွာဘုရားရှင်၏ အဆုံးအမ၊ သာသနာတော်အတွင်းနှင့် ကြဲကြို့က်၏-မကြဲကြို့က်၏တွင်လည်းကောင်း၊ ဝုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ဖြစ်၏-မဖြစ်၏အပေါ်တွင် လည်းကောင်း အလွန်အရေးကြီးလှကြောင်း၊ အလွန်အရေးပါလှကြောင်း၊ အထူးသိမြင်ကြကုန်ရာ၏။ သာသနာတော်အတွင်း ကြဲကြို့က်ပါက သာသနတော်အတွင်း ဖြစ်ခွင့်ကြုံပါက လောကီထွက်ရပ်ပေါက် သည်သာမက သဲသရာဝဋ်က ကျွတ်ရာကျွတ်ကြောင်း လောကုတ္တရာ အရိယာဝိဇ္ဇာသူတော်ကောင်း နိဗ္ဗာန်ဝင်စံရာလမ်းအထိ အောင်မြင်ပြီးစီး နိုင်ကြောင်းကို သိမြင်တတ်ကြရာ၏။

(၁) ၁+၉ - ၁၀ (၀) တစ်လုံးပိုင်သော ပထမဝိဇ္ဇာလမ်း

ဤပထမဝိဇ္ဇာထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းတွင် ပထမဆေးဝိဇ္ဇာ၊ ပထမအင်းဝိဇ္ဇာ၊ ပထမဂါထာဝိဇ္ဇာ၊ ပထမရုပ်ဝိဇ္ဇာ၊ ပထမစာမဝိဇ္ဇာ စသည်ဖြင့် ထွက်ရပ်လမ်း (၅)မျိုးရှိလေ၏။ ဤတွင် ပထမဘိုးဘိုးအောင်သည် ပထမစာမဝိဇ္ဇာဖြစ်ကြောင်း၊ ပထမဘိုးဘိုးအောင်၏ သွဒ္ဓာဝ၊ သွအတ္ထု ပွတ္တိတွင် ပြသထားပါသည်။

ဤပထမဝိဇ္ဇာထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းသည်လည်း သာသနာတော်အတွင်းဖြစ်လျှင်၊ အရိယာဝိဇ္ဇာအထိ တက်လှမ်းနိုင်ပြီး သာသနာပအဒါကာလတွင်ကား လောကီ၊ လောကထွက်ရပ်သာ ပြီးစီးစေနိုင်ပြီး အရိယာဝိဇ္ဇာလမ်းမပေါက်မြောက်ဘဲ၊ လောကီသက်သက်နှင့်ပင် သဲသရာလည်စေတော့၏။

(၂) ၂+၈-၁၀ (၀)တစ်လုံးပိုင်သော လောကီယထွက်ရပ်ပေါက် ဝိဇ္ဇာလမ်း

လောကီယ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းတွင် ကသိုက်း(၁၀)ပါး၊ ဈာန်တရားများ၊ ပဉ္စမဈာန်၊ အာရုပ္ပဈာန်သမာပတ်(၈)ပါး၊ သမာပတ်(၉)ပါးအထိ အားထုတ်နိုင်သော ဈာန်လမ်း၊ လောကီ အဘိညာဉ်လမ်းများကို ဆိုလိုပါသည်။ ဤလောကီယ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းသည်လည်း ပုဒ္ဓဖြတ်စွာ ဘုရားသာသနာတော် အတွင်းမှာမူ လောကီယ ဝိဇ္ဇာမှ တစ်ဆင့်/တစ်မဂ်တစ်ဖိုလ်ရရာရကြောင်း ဖြစ်သော လောကုတ္တရာ-အရိယာဝိဇ္ဇာအထိ ရောက်ရှိနိုင်ပါသည်။ သာသနာပ အခါတွင်ကား လောကီယဝိဇ္ဇာအဖြစ်နှင့်သာ သံသရာလည် စေရတော့၏။ သံသရာတစ်ခွင်မှ ထွက်ခွာမရနိုင်ကြသေးပေ။

ရှေးအခါက ရှင်ဒေဝိလရသေ့၊ အာဠာရ ရသေ့၊ ဥဒက ရသေ့၊ မုနိဒ္ဓရှင်ရသေ့၊ လောကတဘိန္ န ရှင်ရသေ့၊ နေမိန္ဒရ ရှင်ရသေ့များ၏ ပေါက်မြောက် အောင်မြင်ကြကုန်သော မြေလျှိုးမိုးပျံ၊ ဈာန်အဘိညာဉ် တန်ခိုးနှင့်ပြည့်စုံသော လမ်းဖြစ်၏။

(၃) ၃+၇ - ၁၀ (၀) တစ်လုံးပိုင်သော မဟာဂန္ဓာရီ ထွက်ရပ် ပေါက် ဝိဇ္ဇာလမ်း

ဤမဟာဂန္ဓာရီ ထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းတွင် -

အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ပေဒဝိဇ္ဇာ၊ အင်္ဂဝိဇ္ဇာ၊ နက္ခတ္တဝိဇ္ဇာ၊ တပသီဝိဇ္ဇာ၊ ဇော်ဂျီ ဝိဇ္ဇာဟူ၍ ဝိဇ္ဇာ(၁၁)မျိုးတို့၏ ထွက်ရပ်လမ်းများ ပါဝင်ပါသည်။ ထိုမဟာဂန္ဓာရီ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းသည်လည်း ပုဒ္ဓဖြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌ ကြုံကြိုက်ပါက ထိုမဟာဂန္ဓာရီ ဝိဇ္ဇာမှတစ်ဆင့် တက်၍ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတရားများကို အထပ်ထပ် ပွားများခြင်းဖြင့် တမဂ်တစ်ဖိုလ် ရရာရကြောင်း၊ ကောင်းမြတ်သော အရိယာဝိဇ္ဇာ၊ လောကုတ္တရာ ထွက်ရပ်ပေါက်အဆင့်သို့ ရောက်စေနိုင်ပြီး၊ သံသရာဝဋ်ဒုက္ခမှ

ကျွတ်လွတ်၍ နိဗ္ဗာန်ကို ဝင်စံနိုင်တော့၏။ သာသနာပကာလနှင့် ကြုံကြိုက်ပါက ထိုမဟာဂန္ဓာရိဝိဇ္ဇာအဖြစ်နှင့်ပင် သံသရာလည်စေ၍ လောကုတ္တရာ အရိယာဝိဇ္ဇာအဖြစ်ကို မရရှိနိုင်တော့ပေ။

မှတ်ချက်။ ဤမဟာဂန္ဓာရိဝိဇ္ဇာလမ်းဌိ ထူးခြားချက်များမှာ ဤမဟာဂန္ဓာရီ ဝိဇ္ဇာလမ်းဝင်တွင် ရှိကြကုန်သော အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဤဝိဇ္ဇာ(၃)မျိုးသည် အခြားအခြားသော ဝိဇ္ဇာများထက် တန်ခိုးအာနုဘော်ကြီးမားကြကုန်၏။ ရှေ့(၁၂)ဘဝ၊ နောက်(၁၂)ဘဝ တို့ကို သိမြင်နိုင်စွမ်းရှိ၏။ ပိဋကတ်သုံးပုံ၊ ဗောဓိလေးပုံတို့ကို အကုန်တတ်မြောက်ကုန်၏။ အကုန်သိမြင်ကုန်၏။ ဆယ်ပါးသော သိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဘာဂ်တို့ကို အကုန်ပြီးစီး တတ်မြောက်ကုန်၏။ အခြားအခြားသော ဝိဇ္ဇာ၊ ဇော်ဂျီတို့သည် အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများကို တွေ့မြင်ပါက အဖေးက ရှောင်ခွာ ပြေးကြကုန်၏။ မျက်တောင်တစ်ခတ် အတွင်း စကြာဝဠာတစ်ခွင် လေးကျွန်းတစ်မြင့်မိုရ် နတ်ပြည်ခြောက်ထပ်ကို ကျော်လွှားရ၍ ပထမစျာန်(၃)ဘုံတွင် ရောက်ရှိစေနိုင်တော့၏။ ထိုအင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာမျိုးတို့သည် များသောအားဖြင့် ဝုဠဘုရားရှင်၏ သာသနာတော်အတွင်း ဖြစ်ပေါ်ကြသည်မှာ များလှ၏။ သာသနာပ ကာလမှာ ဖြစ်ပေါ်မှုသည် အလွန်နည်းပါးကြ၏။ ဤသို့လျှင် သာသနာတော်အတွင်းမှာသာ အဖြစ်များပြားလှသောကြောင့် အကျင့်၊ သီလ၊ သမာဓိအရာတွင် အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများသည် အခြားအခြားသော ဝိဇ္ဇာများထက် သာလွန်မြင့်မြတ် ကုန်တော့၏။ ထို့ကြောင့် အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများသည် အခြား

အခြားသော ဝိဇ္ဇာများထက်၊ သိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ အာဏာတန်ခိုး၊ မဟိဒ္ဓိတန်ခိုးများ ကြီးမားကြကုန်သည်ဖြစ်၍ အခြားအခြားသော ဝိဇ္ဇာများသည် အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာများနှင့် (တစ်ယူဇနာ) ကွာခြား၍ သွားလာကြရကုန်၏။ အချို့သော ဝိဇ္ဇာအပေါင်းတို့သည် အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ များနှင့် (သုံးယူဇနာ) ကွာမှ သွားလာကြရကုန်၏။ အနားကိုကပ်၍ မရနိုင်ပေ။ ဤမှတန်ခိုးမဟိဒ္ဓိ ကြီးမားကြရကုန်၏။ (ဤအင်းဝိဇ္ဇာ၊ ဂါထာ ဝိဇ္ဇာများသည် လုပ်ရပ်အတတ်ပညာနှင့် မဆိုင်ဘဲ အကျင့်၊ သီလ၊ သမာဓိတရား၊ သမထတရား၊ ဝိပဿနာတရားများကို ကျင့်ကြံအားထုတ်ပါမှ ပေါက်မြောက်ပြီး စီးနှင်သော ဝိဇ္ဇာများဖြစ်ကြောင်းကို သတိပြုပါလေ။ ထို့ကြောင့်ပင်လျှင် အင်းဝိဇ္ဇာ၊ ဂါထာ ဝိဇ္ဇာများသည် ဘုရားရှင်၏ သာသနာတော်အတွင်းမှာမှ အဖြစ်များသည်၊ အောင်မြင်မှုများသည်ဟုဆိုလိုသည်။ ထိုမှတဆင့် ဂါထာဝိဇ္ဇာ၊ အင်းဝိဇ္ဇာများသည် ဂန္ဓာရီဝိဇ္ဇာနယ်ပယ်မှ ကျော်လွှား၍ ကိုယ်ကျင့် သီလသိက္ခာ၊ သမာဓိတရားကို လက်ကိုင်ထား၍ အရိယာဝိဇ္ဇာနယ်ပယ်သို့ ဝင်ရောက်ခါ သမထတရား၊ ဝိပဿနာ တရားတို့ကို ဖြစ်စေလျက် မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားကို မျက်မှောက်ပြုကာ သံသရာဝဲသြဃမှထွက်မြောက်ကြ ကုန်သည်လည်း များပြားစွာ ဖြစ်ကုန်တော့၏။

ကျန်သော အခြားအခြားသော ဝိဇ္ဇာများသည် လုပ်ရပ်အတတ်ဖြစ်သော ပြဒါးဝိဇ္ဇာများ၊ သံဝိဇ္ဇာများ၊ ဆေးဝိဇ္ဇာများဖြစ်ကြ၍ ကိလေသာတဏှာရာဂ လိုက်စားတတ်သော ဝိဇ္ဇာများဖြစ်ကြသည်ကား များပြားလှ၏။ ဗုဒ္ဓဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ပါက အတော်

အသင့် သီလ၊ အကျင့်၊ သိက္ခာနှင့်ပြည့်စုံနိုင်သေး၏။ သာသနာပ ကာလများတွင်မူ ကိလေသာ၊ တဏှာရာဂနှင့်သာ ပေါ်ပါးနေသည်က များပြားလှ၏။ ထိုအခြားအခြားသော ဝိဇ္ဇာများတွင် (သံဝိဇ္ဇာ)သည် သိဒ္ဓိအကြီးဆုံး၊ တန်ခိုးအကြီးဆုံးဖြစ်ကုန်၏။ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ ဇော်ဂျီ တပသီတို့သည် သံဝိဇ္ဇာကို မလွန်ဆန်နိုင်တော့ပေ။ သံဝိဇ္ဇာနှင့် တွေ့မည်ဆိုလျှင် ရှောင်ကွင်း၍ သွားလာကြရကုန်၏။

(၄) ၄+၆-၁၀ (ဝ) တစ်လုံးပိုင်သော အရိယာဝိဇ္ဇာ ထွက်ရပ်လမ်း

ဤအရိယာဝိဇ္ဇာထွက်ရပ်လမ်းသည် လောကုတ္တရာထွက်လမ်းဖြစ်ပြီး ဘုံ ၃၁ မှလည်းကောင်း၊ သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရာ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်ကို ဝင်စံရသော လမ်းဖြစ်ကြောင်းကို သတိပြုပါလေ။ ဤအရိယာဝိဇ္ဇာလမ်းတွင် သောတာပန် ပုဂ္ဂိုလ်များ၊ သကဒါဂါမ်ပုဂ္ဂိုလ်များ၊ အနာဂါမ်ပုဂ္ဂိုလ်များ၊ အရဟန္တပုဂ္ဂိုလ်များ။ အဂ္ဂသာဝကပုဂ္ဂိုလ်များ၊ မဟာသာဝကပုဂ္ဂိုလ်များ၊ ဝုဠဂမြတ်စွာဘုရား အပါအဝင် ဘုရား၊ ရဟန္တာ၊ ပစ္စေကဝုဒ္ဓါများ သံသရာဝဋ်မှ လွတ်မြောက်ရာ အသင်္ခတဓာတ် နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်သော အရိယာဝိဇ္ဇာလမ်းဟု ခေါ်ဆိုပါသည်။ ထိုအရိယာဝိဇ္ဇာလမ်းသည် သာသနာပ ကာလမှာ မရှိဝေနိုင်ပါ။ ဝုဠဂမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းမှာသာ ဖြစ်ပေါ်စေနိုင်သောကြောင့် ထိုလမ်းကို ဝုဠဘုရားရှင်နှင့်တကွ ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်များသာ နိဗ္ဗာန်ကိုဝင်စံနိုင်သော အရိယာဝိဇ္ဇာလမ်းဟု မှတ်သားထားရာ၏။

မှတ်ချက်။ ပထမဝိဇ္ဇာလမ်း လောကီယဝိဇ္ဇာလမ်း မဟာဂန္ဓာရီဝိဇ္ဇာလမ်း ဤလမ်း(၃)လမ်းသည် သာသနာပ ကာလမှာလည်း အမြဲတမ်းရှိနေမည်။ သာသနာတော်အတွင်းမှာလည်း ရှိနိုင်ပါသည်။ နောက်ဆုံး အရိယာဝိဇ္ဇာလမ်းမှာမူ သာသနာပ အဆိုးနှံကာလများတွင် မပေါ်ပေါက်နိုင် မရှိဝေနိုင်ဘဲ၊ ဝုဠဂမြတ်စွာဘုရား သာ

သနာတော်အတွင်းမှာပင် ဖြစ်ပေါ်နိုင်ပြီး သာသနာတော် အတွင်းမှာပင် တည်ရှိနိုင်သောလမ်းဖြစ်ကြောင်းကို သိထားကြပါလေ။ ထို့အတူ ပထမံလမ်း လောကီယဝိဒ္ဓာလမ်း မဟာဂန္ဓာရိလမ်း ဤလမ်းသုံးလမ်းသည် လောကီသက်သက်သာ ဖြစ်ပြီး လောကုတ္တရာအလုပ် မဟုတ်ပါပေ။ လောကီထွက်ရပ်ဝိဒ္ဓာလမ်းများသည် သံသရာလည်စေတတ်သော ဝိဒ္ဓာလမ်းများ ဖြစ်ပါသည်။ သံသရာဝဋ်က ထွက်ရာထွက်ကြောင်းလမ်းများ မဟုတ်ကြပါပေ။ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း လမ်းကောင်းမဟုတ်ပါပေ။ နောက်ဆုံး အရိယာဝိဒ္ဓာလမ်း တစ်လမ်းတည်းသာလျှင် ဘုံသုံးဆယ့်တစ်ဘုံမှ လွတ်ရာလွတ်ကြောင်း သံသရာဝဋ်ဩဃမှ ကျွတ်ရာကျွတ်ကြောင်း အသစ်တဖာတ်မြတ်လှစွာသော နိဗ္ဗာန်ကိုဝင်စံနိုင်သောတစ်ခုတည်းသော လမ်းမှာ အရိယာဝိဒ္ဓာလမ်းသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အရိယာဝိဒ္ဓာလမ်းသည် သာသနာရှိမှ အရိယာဝိဒ္ဓာလမ်းရှိသည် သာသနာ မရှိခဲ့လျှင် အရိယာဝိဒ္ဓာလမ်းလည်း မရှိနိုင်ပါပေ။ ဤသို့ အထူးသိမှတ်ကြရာ၏။

ထို့ကြောင့်ပင်လျှင် ပထမံဝိဒ္ဓာလမ်းများ လောကီယဝိဒ္ဓာလမ်းများ မဟာဂန္ဓာရိဝိဒ္ဓာလမ်းများမှ ပေါက်မြောက်အောင်မြင်လာကြသော ဝိဒ္ဓာများသည် အရိယာဝိဒ္ဓာလမ်းကို မတက်လှမ်းသမျှ ကာလပတ်လုံး သံသရာတစ်ခွင်မှာ လည်ပတ်လှုပ်သာရှိနေပြီး ဘုံ(၃၁)ဘုံမှ မလွတ်ကင်းနိုင်သေးချေ။ ဘုံ(၃၁)ဘုံအတွင်းမှာ လည်ပတ်လှုပ်သာ ရှိနေပေလိမ့်မည်။ ဘဝအတိတ်ပေါင်းများစွာမှ ကံကုသိုလ်အထုံ ပါရှိလာခဲ့ပြီး ကံပါရမီ ကြီးရင့်တော်မူသော ပညာရှင်ကြီးများ၊ ပါရမီရှင်ကြီးများ၊ သမာဓိရှင်ကြီးများသည်သာ လောကီထွက်ရပ် ဝိဒ္ဓာလမ်းများဖြစ်သော ပထမံ

ဝိဇ္ဇာလမ်း၊ လောကီယဝိဇ္ဇာလမ်း၊ မဟာဂန္ဓာရီဝိဇ္ဇာလမ်းများဖြင့် အားရ မကျေနပ်သေးဘဲ၊ အားရမတင်းတိမ်နိုင်သေးဘဲ တစ်မင်္ဂလာတစ်ဖိုလ် ရရှိရန်အတွက် အသခ်တဓာတ် နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်ရန်အတွက် အထက်အထက်ပြုဖွယ် ကိစ္စရှိနေသေးသော ဘုရား၊ ရဟန္တာ၊ အရိယာပုဂ္ဂိုလ်တို့၏ ထွက်ရာဖြစ်သော အရိယာဝိဇ္ဇာလမ်းသို့ မရောက်-ရောက်အောင်တက်လှမ်း၍ အရိယာဝိဇ္ဇာကျင့်စဉ်အတိုင်း ကျင့်ဆောင်ပွားများ အားထုတ်ခြင်းဖြင့် ဝုဒ္ဓဘုရားရှင် ရဟန္တာတို့၏ ဝင်စံရာဖြစ်သော သန္ဓိသုခ အသခ်တဓာတ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါမှ ဘဝ၏ကိစ္စ၊ လောက၏ကိစ္စ၊ လောကုတ္တရာ၏ကိစ္စ၊ သံသရာ၏ကိစ္စ အားလုံးချုပ်ငြိမ်းပြီး၊ ငြိမ်းခြင်းကြီးမက ငြိမ်းစေပြီး၊ အေးမြခြင်းမက အေးမြကာ သံသရာဘဝဇာတ် သိမ်းချုပ်ငြိမ်းစေကုန်တော့၏။ ဤသို့မှသာလျှင် ဘဝ၏ လောက၏ လောကုတ္တရာ၏ သံသရာ၏ ပြုဖွယ်ကိစ္စများ၊ ပြုရမည့်ကိစ္စများ၊ ပြုသင့်သည့်ကိစ္စများ အပြီးတိုင်ပြီးစီးတော့၏။ တစ်ဖန်ပြုဖွယ်ကိစ္စ မရှိတော့လေပြီ။

မှတ်ချက်။ ဤထွက်ရပ်ပေါက်ဝိဇ္ဇာလမ်းကြီး(၄)လမ်းသည် ပေါက်မြောက်ဖူးသော ပေါက်ဆရာများ၊ ပေါက်ဝိဇ္ဇာများနှင့်အတူတကွ နေထိုင်ဖူးမှသာ၊ ထို့ပြင် ထိုပေါက်မြောက်ပြီးသော ပေါက်ဆရာများထံ ပေါက်ဝိဇ္ဇာများထံ နည်းနာနိဿယခံယူဖူးမှသာလျှင် ဤဝိဇ္ဇာလမ်းကြီး(၄)လမ်း၏ အကြောင်းအရာများကို ဂဃနဏ သိမြင်နိုင်ပါသည်။ သို့မဟုတ်ပါက ထိုဝိဇ္ဇာလမ်းကြီး(၄)လမ်းကို သိမြင်ဖို့ မလွယ်ကူလှပါပေ။ အကျွန်ုပ်ကျမ်းပြုအရှင် ကိုယ်တိုင်ပင် ပေါက်မြောက်ဖူးသော ဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင် ဆရာတော်ကြီးနှင့်အတူတကွလည်းကောင်း၊ ပေါက်မြောက်ပြီးသော ရှင်ဥတ္တမကျော်လို ပုဂ္ဂိုလ်မျိုးများထံ ဆည်းကပ်မိလာ၍လည်းကောင်း လောကတွင် သိသင့်သိထိုက်သော

ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကြီး(၄)လမ်းကို သိခွင့်ရရှိ
လာခဲ့ခြင်း ဖြစ်ပေတော့သတည်း။

ဝိဇ္ဇာလမ်းကြီး(၄)လမ်းဆိုသော လက်ာကို အဓိပ္ပါယ်ပွင့်ကြပါဦးစို့.

ကရဏီယအောက် (ဝ)လေးထောင့် ပေါက္ကံ့ရွှင်ကြီး ထီး နှင့် ပျောက်ဆိုသော လက်ာအရ ထို(ဝ)လေးထောင့်ကို တွေ့အောင်ရှာ၍ တွေ့အောင်ကြံစည်၍ ရရှိလာခဲ့ပြီဆိုပါလျှင် ထို(ဝ)လေးထောင့် ဝိဇ္ဇာလမ်းကြီး(၄)ပါး အင်းတော်ကိုစိုရင်၍ ကောင်းမြတ်သော အချိန် အခါ၊ မင်္ဂလာအခါသမယတွင် ကောင်းမြတ်သော နက္ခတ်၊ ကမ္ဘါဒ်၊ တိထီ၊ ဝိထီ တို့ကို ကြဲကြိုက်စေ၍ နံ့သာငါးပါး၊ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်းပေါင်း တို့နှင့်တွဲ၍ ကောင်းမြတ်သောဆုကိုတောင်း၍ သောက်သုံးပါက (ပေါက္ကံ့ရာမ ကောင်းစားစဉ်အခါက(သို့မဟုတ်) ပေါက္ကံ့ပြည်ဖြစ်သော ပုဂံပြည် အနော်ရထာမင်းလက်ထက် သာသနာတော် စည်ပင် ဝင်ပြောပြီး သာသနာ ထွန်းကားစဉ်ကာလက- ရွှင်ကြီးဆိုသည်မှာ ပုဂံခေတ်အခေါ် အဝေါ် ဖြစ်သည်။ အမှန်က ရဟန်းသီကွာ(ဝါ)ရပြီး၍ သက်တော်ကြီးရင့်သော ရွှင်ရဟန်းကို ပုဂံခေတ်က ရွှင်ရဟန်းကြီး၊ ရွှင်ကြီးခေါ်ဆိုခြင်း ဖြစ်ပါသည်။ ဤအသုံးအနှုန်းသည် ပုဂံခေတ် သာသနာတော် စည်ကားထွန်းလင်းနေစဉ် ရဟန်းသံဃာတော်များ ပေါ်ထွန်းနေသည့် အချိန်အခါကို ဆိုလိုသည်။ ပေါက္ကံ့ပြည်ဖြစ်သော ပုဂံပြည်တွင် သာသနာပြု အနော်ရထာမင်း နန်းမတက်ခင်ကဆိုလျှင် ဘုရားသာသနာ မရောက်သေးသည့်အတွက် ရေငုပ်၊ မီးလုံး၊ တုံးခုန်၊ လယ်ပစ်၊ အကျင့်မှိုင်းဆာရှိပြီး မိစ္ဆာဒိဋ္ဌိ၊ အရည်းကြီးများသော ရှိနေခဲ့ပါသည်။ (အကျယ်ကို သိလိုပါလျှင် မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင်တွင် ကြည့်ရှုပါလေ) ပေါက္ကံ့ရွှင်ကြီး ထီးနှင့်ပျောက်ဆိုသည့်အတိုင်း ရဟန်း

ဆောင်ထီးရော ရဟန်းရှင်ကြီးရော ခန္ဓာကိုယ်ပျောက်၍ ထွက်ရပ်လမ်း ပေါက်သွားသည်ဟု ဆိုလိုသည်။

ဝလေးထောင့်ကို တွေ့အောင်ရှာ ဂဏန်း ၉လုံးမှာ ဆိုသည်မှာလည်း ရှင်းလင်းအောင် ကျမ်းတစ်နေရာမှာ အင်းကွက်နှင့်တကွ ဖော်ပြထားပြီး ဖြစ်ပါသည်။ ပညာလိုလား အမှီသားကောင်းများ ကြံကြလေ။ (ဝ)လေးထောင့်လည်း ပြထားပြီး ဂဏန်း(၉)လုံးလည်း ပြသထားပြီးဖြစ်ပါသည်။ အခက်အခဲ မရှိနိုင်တော့ပေ။

လက်ာကို ဆက်လက်သုံးသပ်ပါလျှင် **အင်း**လည်း သည်မှာ၊ **ဆေး**လည်း သည်မှာ၊ **ပြဒါး**လည်း သည်မှာ၊ **သံ**လည်း သည်မှာ၊ **ရွှေ**လည်း သည်မှာ၊ **ငွေ**လည်း သည်မှာဟု ဆိုလိုသည့်အဓိပ္ပါယ်မှာ ဤထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကြီး(၄)လမ်းကို အသေးစိတ်ပြသထားပြီး နောက် ထိုကရကီယအောက် (ဝ)လေးထောင့်အင်းကွက်ကို ကြံစည်အားထုတ်ခြင်းဖြင့်-

(က) အင်းအတတ်ကိုတတ်ချင်ရင် တခြားလိုက်စရာမလို၊ ရှာစရာမလို ဤကရကီယအောက် (ဝ)လေးထောင့်အင်းနှင့်တကွ ဤဝိဇ္ဇာလမ်းကြီးကို အောင်မြင်ရင် အင်းအတတ်တွေကို အားလုံးတတ်မြောက်ပြီး၊ အောင်မြင်ပြီး ဖြစ်လိမ့်မည်ဟု ဆိုလိုသည်။

(ခ) ဆေးအတတ်ကိုတတ်ချင်ရင်လည်း ထို့အတူ တခြားလိုက်စရာမလို၊ ရှာစရာမလို ဤ(ဝ)လေးထောင့်အင်းနှင့်တကွ ယခုပြသထားသော ဝိဇ္ဇာလမ်းကြီး (၄)လမ်းထဲမှ နှစ်သက်ရာ တစ်လမ်းလမ်းကို ကြိုးစားအားထုတ်သည်နှင့် ဆေးအတတ်ပညာများ၊ ဆေးဝိဇ္ဇာများ ဖြစ်နိုင်၊ အောင်မြင်ပြီးစီးလိမ့်မည်။

(ဂ) ပြဒါးဓာတ်နှင့်လည်းကောင်း၊ သံဓာတ်နှင့်လည်းကောင်း၊ လုပ်ရတ်အတတ်များကို တတ်မြောက်ချင်

ပါသလား။ ထိုသို့ တတ်မြောက်ချင်ရင်လည်း တခြားလိုက်စရာ မလို၊ တခြားရှာစရာ မလိုပါဘူးတဲ့ ဤဝိဇ္ဇာလမ်းကြီး(၄)လမ်းမှ မိမိအလိုရှိရာ တစ်လမ်းလမ်းကို ကြိုးစားဆောင်ရွက်သည် နှင့် ပြဒါးအတတ်၊ သံအတတ်၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာများကို အောင်မြင်စွာပြီးစီးနိုင်ပါလိမ့်မည်။

(ဃ) ရွှေဖြစ်ငွေဖြစ်၊ ရွှေငွေများကို အလိုရှိပါသလား။ ဒါဆိုရင်လည်း တခြားလိုက်စရာမလို၊ တခြားရှာစရာ မလိုပါဘူးတဲ့။ ဤယခုပြသထားသော ဝိဇ္ဇာလမ်းကြီး (၄) လမ်းထဲမှ မိမိအလိုရှိရာ လမ်းတစ်လမ်းလမ်းကို ကြိုးစားအားထုတ်သည်နှင့်ပင် မိမိအလိုရှိသော ရွှေ၊ ငွေ၊ ရတနာများကို ရရှိလိမ့်မည်တဲ့။

လက်ဝါးအစိပ်ပွါယ်ကို ဆက်လက်ပြီးပြေပါဦးအုံး။ **အသက်ရှည်လှ အာယုဝဍ္ဎနာ ခေမာအမတ နိဗ္ဗာန် မေတ္တေရှင်လှ ဖူးတွေ့ရမည်ပဟု** ဆိုလိုသည့် အစိပ်ပွါယ်မှာ ခပ်ရှင်းရှင်းလေးပင် အသက်ရှည်ရှည် နေချင်သလား၊ အာယုကပ်ပတ်လုံး အနာရောဂါကင်းဝေးပြီး အသက်ရှည်ရှည်နေချင်ရင် တစ်ကမ္ဘာနှင့်တစ်ကမ္ဘာခြားအထိ ကမ္ဘာနှင့်ချီပြီး အသက်ရှည်ချင်ရင်လည်း တခြားလမ်းလိုက်စရာမလိုပါ။ တခြားရှာစရာမလိုပါ။ တခြား လုပ်စရာလည်းမလိုပါ။ ဤဝိဇ္ဇာလမ်းကြီး (၄)လမ်းထဲမှ မိမိအလိုရှိရာ မိမိနှစ်သက်ရာ တစ်လမ်းလမ်းကို ကြိုးစားအားထုတ်သည်နှင့်ပင် **အာယုဝဍ္ဎနာလမ်းပေါက်ပြီး** အောင်မြင်ပြီးစီးပါလိမ့်မည်လို့ ဆိုလိုထားပါသည်။

ထို့အတူ နောင်ပွင့်မည့် အရိမေတ္တေယျ ဗုဒ္ဓဘုရားကို ဖူးတွေ့ချင်ပါသလားတဲ့။ သို့မဟုတ် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားကို ဖူးတွေ့ရ ပြီးမှ ကျွတ်တမ်းဝင်ပြီး နိဗ္ဗာန်ကူးချင်ပါသလားတဲ့။ သို့မဟုတ် နောင်ပွင့်မည့် အရိမေတ္တေယျ ဗုဒ္ဓဘုရားက ပွင့်မှာက အဝေးကြီး ကျန်နေသေးတယ်။ ဒီတော့ အရိမေတ္တေယျဘုရားကို မဖူး၊ မတွေ့တော့ဘူး။

အခု အမြန်ဆုံး အသစ်တစာတ်၊ သန္ဓိသုခ၊ နိဗ္ဗာနစာတ်ကို မျက်မှောက်ပြုချင်ပါသလားတဲ့။ ဤသို့ဖြစ်လျှင် တခြားလမ်းလိုက်စရာမလိုတော့ပါ။ တခြားလည်း ရှာစရာမလိုတော့ပါ။ တခြားလုပ်စရာလည်း မလိုတော့ပါ။ ဤဝိဇ္ဇာလမ်းကြီး (၄)လမ်းထဲမှ မိမိနှစ်သက်ရာ မိမိအလိုရှိရာ ဝိဇ္ဇာလမ်းတစ်လမ်းလမ်းကို ကြိုးစားအားထုတ်ခြင်း ကျင့်ကြံပွားများ အားထုတ်ခြင်းသည်ပင်လျှင် အသစ်တစာတ်၊ သန္ဓိသုခနိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြု နိုင်ကြပေလိမ့်မည် (သို့မဟုတ်) နောင်ပွင့်မည့် အရိမေတ္တေယျ ဘုဉ္ဇာဘုရားရှင်ကို ဖူးတွေ့ရပြီးမှ ကျွတ်တမ်းဝင်ကြမည်ဆိုလျှင်လည်း ဒီလမ်းကြီး (၄)လမ်းမှ တစ်လမ်းလမ်းကိုသာ အားထုတ်ကြိုးမားရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဤတွင် ကရကီယအောက် (၀)လေးထောင့် ပေါက်ကွဲရှင်းကြီး ထီးနှင့်မျှောက်ဟူသော ဝိဇ္ဇာလမ်းကြီးလေးလမ်းကို အသေးစိတ် အကျယ်တဝင့် ပြသခဲ့ပြီးဖြစ်ပါသည်။ ထို့အတူ ကရကီယအောက် (၀)လေးထောင့် ပေါက်ကွဲရှင်းကြီး ထီးနှင့်မျှောက်ဟူသော ဝိဇ္ဇာလမ်းကြီး လေးလမ်း၏ လက်ကာအစအဆုံးအဓိပ္ပါယ်များကို အသေးစိတ်ရှင်းလင်းပြသပြီး ဖြစ်ပါသည်။ အကျွန်ုပ်ကျမ်းပြုအရှင်သည်ပင်လျှင် ဆရာ့ဆရာကြီးများနှင့်လည်းကောင်း သိဒ္ဓိစခန်း အောင်မြင်ပြီးစီးကြကုန်သော ပေါက်ဝိဇ္ဇာများ ပေါက်ဆရာများနှင့် အနီးကပ်နေထိုင်ခဲ့ဖူး၍ သာ ဤထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကြီးလေးလမ်းကို လေ့လာသင်ယူခဲ့ခြင်းဖြစ်ပါသည်။

သင်ခါစတုံးကတော့ လူယေ်လူရွယ်ရဟန်းငယ်ဆိုတော့ ပေါ့ပေါ့ဆဆ၊ ပေါ့ပေါ့တန်တန်ပဲ သဘောထားမိခဲ့ပါသည်။ သို့နှင့်အထက် အထက်ပညာလမ်းများ၊ အကျင့်လမ်းများကို အားထုတ်လာသည့်အခါ တွင်မှ စိတ်ပါဝင်တစားလေ့လာမိသောအခါမှ ဤကမ္ဘာလောကမှာ ကဲ့တရားကြောင့်ဖြစ်သော အကြောင်းအရာမှလွဲလျှင် အတတ်ပညာအားဖြင့် လည်းကောင်း၊ အကျင့်ပဋိပတ်ပညာအားဖြင့်လည်းကောင်း၊ တတ္တဒေဝအင်္ဂလုပ်ရတဲ့ အတတ်ပညာဖြင့်လည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရား အကျင့်လမ်းဖြင့်လည်းကောင်း၊ လောကီ

လောက၏ ဝိဇ္ဇာအဖြစ်လမ်းက သုံးလမ်းအားဖြင့် သိမြင်လာ၍လည်း ကောင်း၊ ဘုရား၊ ရဟန္တာ၊ သာဝက အရိယာတို့၏ သံသရာဝဋ်မှ ကျွတ်ရာ ကျွတ်ကြောင်း အရိယာဝိဇ္ဇာ အကျင့်လမ်းတို့ကိုလည်းကောင်း စုစုပေါင်း လောကီဝိဇ္ဇာလမ်း (၃) လမ်း၊ လောကုတ္တရာ အရိယာလမ်း (၁) လမ်း စုစုပေါင်း ဤလမ်း(၄) လမ်းသာလျှင် ကြီးစားအားထုတ် နေကြပါလားဟု လေ့လာမှတ်သား၍ နှလုံးအိမ်တွင် ကမ္မည်းထိုးတင် ထားရပေသတည်း။

၃

ဝိဇ္ဇာတို့၏ အမျိုးမျိုး အပြားပြားကို ခွဲခြားပြဆိုခြင်း

ရှေးဟောင်း လောကီကျမ်းများမှ၊
မဟာသမ္မု ကိုးထောင်တွဲကျမ်းမှ၊
လယ်တီဆရာတော်၏ ဝိဇ္ဇာမဂ္ဂဒီပနီမှ၊

အကျွန်ုပ်ကျမ်းပြုအရှင်သည် အဓိဋ္ဌာန်ဝင်ရာ ကျောင်းလေးပြစ်သော သစ်သားတိုင်၊ ရှာထိုးခင်း၊ ထရံကာ၊ သက္ကယိမိုး ကျောင်းလေးတွင် အဓိဋ္ဌာန်ဝင်၍ မဟာသရဏာကုံတော်ကြီးကို ပွားများလျက် နေထိုင်သီတင်းသုံးလျက်ရှိပါသည်။ ညဘက်တွင်သာ ညလုံးပေါက် မဟာသရဏာကုံတော်ကြီးကို မအိပ်မနေ ပွားများတာဖြစ်ပြီး နေ့လယ်နေ့ခင်းများတွင်မူ အားလပ်နေသည့်အတွက် အိပ်စက်အနားယူခြင်း၊ နေ့ဆွမ်းစားခြင်း အပြင်၊ နေ့လယ်နေ့ခင်းဝိုင်း၊ ညနေဘက်ဝိုင်းတွင် ပြည်ပြီ့၏ ရာသီဥတုကပူပြင်းလွန်းသည့်အတွက် ယပ်တောင်တစ်ချောင်းနှင့် ယပ်လေခတ်ရင်း အနားယူလျက်ရှိပါသည်။

ထိုအခိုက် ကျောင်းဝင်းထဲ မော်တော်ကားတစ်စီး ဝင်လာသံ ကြားလိုက်ရပါသည်။ ရပ်ဝေးက ဘုရားဖူး ညည့်သည်တွေနဲ့ တူပါရဲ့ ဟု သာ စိတ်ထဲမှမှတ်ထင်ရင်း ယပ်တောင်ခတ်၍ ကျောင်းလေး၏ ဘုရား စင် ဘက်တိုင်ကို ခေါင်းမှီရင်း အနားယူနေပါသည်။ မကြာခင် ယောကျ်ား ငါးယောက်သည် အကျွန်ုပ်ကျမ်းပြုအရှင်၏ သီတင်းသုံးရာ သစ်သား ကျောင်းလေးပေါ် သို့ တက်လာခဲ့ပြီး ဘုရားအား ရှိခိုးကန်တော့ခြင်း အကျွန်ုပ်အား ရှိခိုးဦးချပြီးနောက် အကျွန်ုပ်ကျမ်းပြုအရှင်အား လျှောက် ထားမေးမြန်းပါတော့၏။ ထိုအခါမှ မေးမြန်းပြောဆိုချက်အရ ယခုလာ ရောက်သော အဖွဲ့သည် ရန်ကုန်မှ ရောက်လာခဲ့သော စာရေးဆရာအဖွဲ့ တစ်ဖွဲ့ပင်ဖြစ်နေကြောင်း သိလာရပါသည်။

"ဆရာတော်ကို ကြည့်ရတာ အတော်မှနေဟန်တူပါတယ် ဘုရား၊ ယပ်တောင်တဖျတ်ဖျတ်နဲ့ ဆိုတော့" ဟု ရန်ကုန်မှ စာရေးဆရာ အဖွဲ့က စကားစလျှောက်ထား လိုက်ပါသည်။ ဤတွင် အကျွန်ုပ်က-

"တို့ပြည်မြို့က ဒီလိုပါပဲကွာ၊ ဒီလဒီရာသီကိုရောက်ရင် အ တော် ပူတာကွ၊ ယပ်တောင်မကိုင်ရင် သိပ်မကိုက်ဘူးဟာ၊ ယပ်တောင် ကုမ္ပဏီ အသင့်အတင့်နေနိုင်တာဟေ့" ဟုပြောလိုက်ပါသည်။

သို့နှင့် တစ်ဆက်တည်းပင် မင်းတို့တကာတွေ လာရင်းကိစ္စရှိရင် လျှောက်ထားနိုင်ပါတယ်။ ရှိရင်လျှောက်ပါလို့ အကျွန်ုပ်က အမိန့်ရှိလိုက် ပါသည်။

စာရေးဆရာအဖွဲ့။ လောကကြီးမှာ မရှင်းမလင်းတာတွေအများ ကြီးဖြစ်နေလို့ပါဘုရား။ တပည့်တော်တို့၏ ဉာဏ်၊ ဦးနှောက်နှင့် လိုက်မမီတာတွေလည်း အများကြီးပါဘုရား။ ဒီအထဲက ဝိဇ္ဇာ ကောင်းနှင့်ပတ်သက်၍ မသဲကွဲတာသို့ လော၊ သို့လော သံသယဖြစ်နေတာ တပည့် တော်တို့ သိချင်နေတာများကို ဆရာတော်

ကြီးပမှ အဝိန်ရှိပေးပါရန် လျှောက်ထားပါ
သည် ဘုရား။

ဆရာတော်။ ဝိဇ္ဇာအကြောင်းနဲ့ပတ်သက်လို့ မင်းတို့က
အယ်ပုံအယ်နည်းသိချင်တာလဲ၊ အယ်လိုအ
ကြောင်း အချက်အလက်တွေကို အဓိကသိ
ချင်နေတာလဲ။

စာရေးဆရာအဖွဲ့။ တပည့်တော်များ သိချင်တာကဘုရား ဝိဇ္ဇာ
အမျိုးအစား အယ်နှစ်မျိုး ရှိပါသလဲဘုရား၊
ထို့နောက် ဝိဇ္ဇာတွေရဲ့ အကျင့်လမ်းစဉ်များ
ကိုလည်းကောင်း၊ ဝိဇ္ဇာတွေရဲ့ အဆင့်အတန်း
များကိုလည်းကောင်း၊ မည်သည့်အကျင့်ကို
ကျင့်မှ ဝိဇ္ဇာဖြစ်စေနိုင်ကြောင်းကို လည်း
ကောင်း၊ ဖေးခေတ်ဝိဇ္ဇာများနှင့် ယခုခေတ်
ဝိဇ္ဇာများ ကွာခြားပုံများကို လည်းကောင်း ဒါ
တွေဟာ တပည့်တော်တို့ သိချင်နေတဲ့ အချက်
အလက်များဖြစ်ပါတယ် ဘုရား။

ဆရာတော်။ ကောင်းပြီလေ၊ မင်းတို့အဖွဲ့ သိချင်နေတဲ့
ဝိဇ္ဇာအမျိုးအစားများ၊ ဝိဇ္ဇာအဆင့်အတန်း
များ၊ ဖေးခေတ်ဝိဇ္ဇာများနှင့် ယခုခေတ် ဝိဇ္ဇာ
များ ကွာခြားပုံများကို အပြည့်အစုံ ငါဟော
ကြားပေးပါမယ်။ မင်းတို့အဖွဲ့ မှတ်စရာရှိတာ
မှတ်သားထားကြပါ။ ထပ်ခါထပ်ခါတော့
မဟောနိုင်တော့ဘူးကွ။ ငါလည်း အသက်က
နည်းနည်းရလာပြီ၊ အရင်လို အသင် ပန်းပြီ
မဟောနိုင်တော့ဘူးကွ။

ယခင်လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့် အကိုလိပ်

ခုနှစ်နဲ့ ပြောရင်တော့ကွာ- ကုန်လွန်ခဲ့ပြီးသော ၁၉၇၅ ခုနှစ်လောက်က ဝိဇ္ဇာအကြောင်းနဲ့ပတ်သက်ပြီးတော့ ဝိဇ္ဇာရှင်းတမ်း၊ ဝိသေသဝိဇ္ဇာရှင်းတမ်း၊ အထူးဝိဇ္ဇာရှင်းတမ်း ဆိုပြီးတော့ တိတ်ခွေ၊ စုစုပေါင်း(၄)ခွေတိတိအထိ ဆရာတော်ဟောကြား လာခဲ့တာပါ။ နောက်ကျတော့ ဒီဝိဇ္ဇာရှင်းတမ်းတိတ်ခွေတွေက ပေါက်ခေါင်းမြို့က လာငှားတာ။ ရန်ကုန်မြို့တွေက လာငှားတာ။ ပဲခူးမြို့က လာငှားတာ။ ကြာတော့ ငှားတာ ငှားတာပဲ။ ဘုန်းကြီးဆီက ဒီတိတ်ခွေတွေ တစ်ခုမှ ပြန်မရောက်ဘူး။ ဒါကြောင့် ဒီဝိဇ္ဇာရှင်းတမ်းတွေကို ပြန်မဟောဖြစ်တော့တာ။ အခုတော့ မင်းတို့ စာရေးဆရာအဖွဲ့တွေက လာပြီး လျှောက်ထားပြန်တော့ ပြန်လည်ပြီး ဟောရတာ ပေါ့ကွယ်၊ သိချင်တယ် ဆိုရင်တော့ ဘုန်းကြီးတို့က ကြဲကြိုက်ရင် ကြဲကြိုက်သလို ဟောပြောပြသပေးပါတယ်။ ကဲ. . မင်းတို့ စာရေးဆရာအဖွဲ့တွေ အသေအချာမှတ်သားထားပြီး နာယူကြပေတော့ . . ဟေ။

ဆရာတော်။ ဝိဇ္ဇာဆိုတာသည် အသိဝိဇ္ဇာနှင့် အတတ်ဝိဇ္ဇာ၊ အကျင့်ဝိဇ္ဇာ၊ လောကီဝိဇ္ဇာ၊ လောကုတ္တရာဝိဇ္ဇာ စသည်ဖြင့် (၅)မျိုးရှိတယ်ဟော့။ သေချာစွာ မှတ်ယူပါ။

(က) အသိဝိဇ္ဇာဆိုတာက စာသိ သိတာလည်း ဝိဇ္ဇာပဲ၊ ဗဟုသုတများပြား ဘာမဆို သိနေတာလည်း ဝိဇ္ဇာပဲ။ ပဋိကဝ်စာပေများမှာ ကျမ်းကျင်လိမ္မာစွာသိမြင်တာလည်း ဝိဇ္ဇာပါပဲ။ ကျင့်ကြံပွားများအားထုတ်လို့ အမြင်အကြားရှင်းပြီး အဘိ

ညာဉ်ပေါက်တဲ့ ပုဂ္ဂိုလ်များ၊ မနောမယသိဒ္ဓိ ပေါက်ဖသော ပုဂ္ဂိုလ်များ၊ အဘိညာဉ်(၅)ပါး၊အဘိညာဉ်(၆)ပါး ဒီလိုပေါက်မြောက်သည်အထိ သိနေတာလဲ စိန္ဒာပဲ။

ဝုဒ္ဓမြတ်စွာဘုရားကတော့ ပု- စိန္ဒာ၊ ဒီ- စိန္ဒာ၊ အာ- စိန္ဒာ၊ စိန္ဒာ (၃)ပါးလို့ ခေါ်ပါတယ်။ ပု- ပုဗ္ဗေနိဝါသဉာဏ်လို့ ခေါ်ပါတယ်။ ဒီ - ဒိဗ္ဗစက္ခုဉာဏ်တော်လို့ခေါ်ပါတယ်။ အာ- အာသဝက္ခယ ဉာဏ်တော်လို့ ခေါ်ပါတယ်။ ဒီ စိန္ဒာဉာဏ် သုံးပါးနှင့်တကွ သ- သတ္တဝါတ ဉာဏ်တော်ကြီးကိုပါ ရရှိလာတော့ ဉာဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော ဝုဒ္ဓမြတ်စွာ ဘုရားဟူ၍ ဆိုလိုတာပေါ့။ ထို့ပြင် စိန္ဒာဉာဏ်မှန်သမျှ ပေါက်မြောက်အောင်မြင်ပြီးဖြစ်လို့ စိန္ဒာဉာဏ်မှန်သမျှ အားလုံးတို့၏ ဦးစီးဥက္ကဋ္ဌ ဖြစ်တော်မူတာ မြတ်စွာဘုရားပေါ့။

(ခ) အတတ်စိန္ဒာ ဆိုတာလည်း အင်း ပညာ၊ အင်းအတတ်ကို ကျွမ်းကျင်စွာ တတ်မြောက်ရင် အင်းစိန္ဒာပါပဲ။ ဆေးဝါးအတတ်ကို ကျွမ်းကျွမ်းကျင်ကျင်တတ်ရင်လည်း ဒါလဲဆေးစိန္ဒာ ပါပဲ။ ဗေဒင်ပညာကို လိမ္မာပါးနပ်စွာတတ်ရင် လည်း ဒါဟာ ဗေဒစိန္ဒာပါပဲ။ ထို့အတူ စက်မှုပညာကို လိမ္မာစွာတတ်ကျွမ်းခြင်း၊ သိပ္ပံပညာများကို လိမ္မာစွာတတ်ကျွမ်းခြင်းများသည်လည်း အတတ်ပညာစိန္ဒာထဲမှာ ပါပါတယ်။ ဒါကို အတတ်စိန္ဒာလို့ ဆိုလိုတာပါ။ ပြဒါးတို့ သံတို့ကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်၍ ပြဒါးတို့ သံတို့ ကို သိဒ္ဓိအမျိုးမျိုး ပေါက်သည်အထိ စိရင်နိုင်တာသည်လည်း ပြဒါး

ဝိဇ္ဇာ၊ သံဝိဇ္ဇာဖြစ်ပြီး ဒါဟာလည်း အဂ္ဂိရတ် လုပ်ရတ်အတတ် ဝိဇ္ဇာလို့ ခေါ်တာပါပဲ။ နောက်ဆုံးမည်သည့် အတတ်ပညာမဆို လိမ္မာပါးနပ်စွာတတ်သိပါလျှင် အတတ်ဝိဇ္ဇာဟုပင်ဆိုထိုက် ခေါ်ထိုက်ပါသည်။ ဝိဇ္ဇာသည် အသိကိုလည်း ဟောသည်၊ အတတ်ကိုလည်း ဟော၏။

(ဂ) အကျင့်ဝိဇ္ဇာဆိုသည်မှာလည်း ဒါနတရား၊ သီလတရားတို့ကို အားပြု၍ ဒေါက်ထစ် အဓိဋ္ဌာန်အကျင့်လမ်းများကို အားကြိုးမာန်တက် အားထုတ်ကျင့်ဆောင်နေခြင်းပင်လျှင် အကျင့်ဝိဇ္ဇာဟု ဆိုလိုသည်။ အောက်ဆုံးအထစ် ဘုရားဂုဏ်တော် (၉)ပါးကို ပွားများ၍ ဗုဒ္ဓဘုရားကို အာရုံပြု၍ ဗုဒ္ဓါနုသတိ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံပွားများ အားထုတ်ခြင်းသည်ပင်လျှင်လည်း အကျင့်ဝိဇ္ဇာဟုခေါ်ဆိုနိုင်ပါသည်။ ထို့ပြင် နေကသိုက်၊ လ ကသိုက် အပါအဝင် ကသိုက် (၁၀)ပါး ထဲမှ တစ်ပါးပါးကို စွဲစွဲမြဲမြဲ ကျင့်ကြံ အားထုတ်လျှင်ပင် အကျင့်ဝိဇ္ဇာဟု ခေါ်ထိုက်ပါသည်။ ထို့ထက်လွန်ကဲ၍ သမထတရား၊ ဝိပဿနာတရားများကို ကြိုးစားပြီး ကျင့်ဆောင်နေပါကလည်း အကျင့်ဝိဇ္ဇာဟုပင် ခေါ်ဆိုထိုက်ပါသည်။

မှတ်ချက်။ အကျင့်ဝိဇ္ဇာကဏ္ဍတွင် ကျင့်ကြံပွားများအားထုတ်ရာ၌ သမထအကျင့်တွင် အောက်ဆုံးအထစ် ပဋိဘာဂနိမိတ်၊ အပ္ပနာသမာဓိအဆင့်မှစ၍ စွာန်တရားများ၊ အဘိညာဉ်တရားများရသည့် အဆင့်အထိ များကိုပင် အကျင့်ဝိဇ္ဇာဟု သတ်မှတ်ရပါမည်။ ထို့ပြင် နိဗ္ဗာန်ရောက် ကြောင်း ဝိပဿနာတရားတို့ကို ကျင့်ဆောင်

ပွားများ အားထုတ်လျှင်လည်း အောက်ဆုံးအထစ် ဥဒယဗွယ ဉာဏ်မှစတင်၍ ဝိပဿနာဉာဏ်ဆယ်ပါး အပါအဝင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်အထိသည် အကျင့်ဝိဇ္ဇာဟု ခေါ်ဆို ထိုက်ပါသည်။ အကျင့်ဝိဇ္ဇာ ဆိုပေသည့် မိမိကျင့်ကြံအားထုတ်ရာ အကျင့်သည် သမထ တရားတွင် ပဋိဘာဂနိမိတ်၊ အပ္ပနာသမာဓိအဆင့်ကို အောက်ဆုံးအထစ် ရရှိထားမှ အကျင့်ဝိဇ္ဇာဟု ဆိုရမည်ဖြစ်ပြီး ဝိပဿနာတရား တွင်လည်း ဤအတိုင်း ကျင့်ခဲ့နှင့်မပြီး။ ကျင့်သာ ကျင့်နေ ပြီး ဘာဉာဏ်မှ မရ၊ ဘာအကျိုးထူး တရားကိုမှ မရှိဘဲ၊ မထူးခြားဘဲ၊ အကျင့်ဝိဇ္ဇာဟု မခေါ်ထိုက်ပါ။ အောက်ဆုံး အထစ် ဥဒယဗွယဉာဏ်အဆင့်ကိုရရှိထားမှသာလျှင် အကျင့် ဝိဇ္ဇာဟုဆိုသင့်၏။ ဒါကို အထူးသဘောပေါက်ရမည်။

(ဃ) လောကီဝိဇ္ဇာဆိုရာမှာလည်း လောကီပညာ အတတ်များဖြင့် အောက်ဆုံးအထစ်၊ သတ္တဝါများ၏အန္တရာယ်ကို ဖယ်ခွာစေနိုင်ခြင်း၊ ရောဂါဝေဒနာများကို ဖယ်ရှားပေးနိုင်ခြင်း၊ သတ္တဝါအများကို တိုးတက်အောင်၊ ကြီးပွားအောင်၊ ချမ်းသာအောင်၊ ဆောင်ရွက်ပေးနိုင်ခြင်းသည် အောက်ဆုံးအဆင့် လောကီဝိဇ္ဇာ ဟုပင် ခေါ်ဆိုထိုက်၏။ လောကီပညာအတတ်ကို တတ်တာတော့မှန်ပါ၏။ ထိုအတတ်ပညာဖြင့် သတ္တဝါအများ၊ လောကလူသားများအား မည်သည့်အရာ တစ်ခုတလေမျှ အောင်မြင်အောင် မစွမ်းဆောင်နိုင်ပါလျှင်(တနည်း) မည်သည့် အာနိသင်၊ စွမ်းအားတစ်ခုတလေမျှ မရခဲ့သေးလျှင် ထိုပုဂ္ဂိုလ်များကို လောကီဝိဇ္ဇာဟု မခေါ်ဆိုထိုက်ပါ။ လောကီဝိဇ္ဇာအဆင့်သည် စွမ်းအား

တစ်ခုခု သိဒ္ဓိတစ်မျိုးမျိုး၊ လောကီဝိဇ္ဇာဉာဏ် တစ်မျိုးမျိုးကို အောက်ဆုံးထစ်အနေဖြင့် ရရှိထားရပါမည်။ သို့မှသာ လောကီဝိဇ္ဇာခေါ်ထိုက်ပါသည်။ ထို့ထက်လွန်ကဲ၍ ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော အဘိညာဉ်တို့ကို ရပြီးပါမူကား၊ ဆိုဖွယ်ရာမရှိ၊ လောကီဝိဇ္ဇာအစစ်ကြီး ဖြစ်လေတော့၏။ ဤသို့ သဘောတရားတို့ကို သိရှိထားရာ၏။

(c) လောကုတ္တရာဝိဇ္ဇာဟူသည် သမထတရားကို ကျော်လွန်၍ ဘုံ(၃၁)ဘုံက လွတ်ရာလွတ်ကြောင်း သံသရာဝဋ်ဆင်းရဲမှ လွတ်ရာလွတ်ကြောင်း သစ္စာတရော်၊ သန္တိသုခနိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်သည်အထိ ဝိပဿနာ တရားများကို ပွားများကျင့်ဆောင် အားထုတ်ကြရာ၌ ဝိပဿနာဉာဏ် (၁၀)ပါး နှင့်တကွ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိသည်အထိ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်သည် အထိသည် လောကုတ္တရာဝိဇ္ဇာ မည်၏။ လောကုတ္တရာ ဝိဇ္ဇာမျိုးသည် လောကီနှင့် လုံးဝမသက်ဆိုင်။ သံသရာဝဋ်ကကျွတ်ရာကျွတ်ကြောင်း နိဗ္ဗာန်ရောက်ကြောင်း တရားနှင့်သာ သက်ဆိုင်နေကြောင်းကို သတိပြုပါလေ။

မှတ်ချက်။ တတ်မြောက်သည်၊ ကျွမ်းကျင်သည်၊ လိမ္မာသည်၊ ပါးနပ်သည်၊ ပါရဂူဖြစ်သည်ဟုဆိုရာ၌ ပညာရပ်တစ်ခု၏ အကျင့်မှန်ကန်လို၊ တက်စဉ်မှန်ကန်လို့ လမ်းစဉ်လမ်းကြောင်း မှန်ကန်၍သာလျှင် တတ်မြောက်သည်၊ ကျွမ်းကျင်သည်၊ လိမ္မာသည်၊ ပါးနပ်သည်၊ ပါရဂူဖြစ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

အကယ်၍ ပညာရပ်တစ်ခုတွင် အကျင့်မမှန်ကန်လျှင် တက်စဉ်မမှန်ကန်လျှင် လမ်းစဉ်လမ်းကြောင်း မှန်ကန်မှုမရှိလျှင် တတ်မြောက်သည်ဟုမဆိုနိုင်၊ ကျွမ်းကျင်သည်ဟု မဆိုနိုင်၊ လိမ္မာသည်ဟု သုံးခြင်မရ၊ ပါးနပ်သည်ဟု ပြောခြင်မဖြစ်၊ ပါရဂူလည်း မဖြစ်နိုင်တော့ပေ။

တစ်ဖန်ပြန်၍ကြည့်ပါလျှင် ပညာရပ်တစ်ခုတွင် အကျင့်မှန်ကန်ခဲ့ပါလျှင် တက်စဉ်မှန်ကန်ခဲ့ပါလျှင် လမ်းစဉ်လမ်းကြောင်း မှန်ကန်ခဲ့ပါလျှင် တတ်မြောက်သည်၏ အခြားမဲ့မှာ စွမ်းအားတစ်ခုခု၊ သိဒ္ဓိတစ်မျိုးမျိုး၊ မဟိဒ္ဓိအဖုံဖုံသည်ရပြီ၊ ရှိပြီ၊ ခံစားမြဲဖြစ်၏။ ကျွမ်းကျင်သည်၏ အခြားမဲ့မှာ စွမ်းအား၊ သိဒ္ဓိအား၊ မဟိဒ္ဓိအားများသည် ရရှိပြီ၊ ခံစားမြဲဖြစ်ပါသည်။ ထို့အတူ လိမ္မာသည်၊ ပါးနပ်သည်၏ အခြားမဲ့မှာ စွမ်းအားများ၊ သိဒ္ဓိအားများ၊ မဟိဒ္ဓိအားများ ရရှိပြီ၊ ခံစားမြဲဖြစ်ပါသည်။ ထိုနည်းတူစွာပင် ပါရဂူမြောက်ဖြစ်ပါပြီဆိုပါမှ ထိုပါရဂူ၏ အခြားမဲ့မှာ စွမ်းအား အမျိုးမျိုး၊ သိဒ္ဓိ အမျိုးမျိုး၊ တန်ခိုးအဖုံဖုံတို့ကို ရရှိပြီ ပြီးစီးပြီ အောင်မြင်ထားပြီ ဖြစ်လေတော့၏။

ဤသဘောတရားတို့ကို သိမြင်၍ သိရှိထား..ပြီးလျှင် အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ မန္တန်ဝိဇ္ဇာများကို ဤနည်းအတိုင်း ရှုမြင်သုံးသပ်ရာ၏။ ဤနည်းအတိုင်း သိမှတ်ထားကြရာ၏ဟု မှတ်သား ကြပါလေ။

ထို့ကြောင့် ဝိဇ္ဇာဟူသည် ဝိဇ္ဇာဟူသည်နှင့်အညီ အကျင့်ဝိဇ္ဇာဆိုလျှင် အကျင့်နှင့်ပတ်သက်သော သတ္တိထူး၊ သိဒ္ဓိထူးရထားမှ ဝိဇ္ဇာ၊ ရရှိ မထားလျှင် ဝိဇ္ဇာမမည်။ ထို့အတူ အတတ်ဝိဇ္ဇာဆိုလျှင် အတတ်ပညာနှင့်ပတ်သက်သော သတ္တိထူး၊ စွမ်းအား၊

သိဒ္ဓိထူး ရရှိထားမှ ဝိဇ္ဇာ၊ ရရှိ မထားလျှင် ဝိဇ္ဇာမမည်၊ လောကီဝိဇ္ဇာဟူသည် တစ်နည်းအားဖြင့် သမထဝိဇ္ဇာဟု ခေါ်ဆိုနိုင်ပြီး လောကုတ္တရာဝိဇ္ဇာကို တစ်နည်းအားဖြင့် ဝိပဿနာဝိဇ္ဇာဟုလည်း ခေါ်နိုင်ပါသေးသည်။ ဤသို့ လျှင်လည်း အထူးသိရှိထား သင့်ပါသည်။

ယခုပြဆိုထားသော ဝိဇ္ဇာ(၅)မျိုး၏ သဘောတရားများ၊ အယူအဆများ၊ သိသင့်သိထိုက်သည်များကို အကျဉ်းအားဖြင့် ပြဆိုထားပြီး ဖြစ်ပါသည်။ အသိပညာ၊ ဗဟုသုတလိုလား သူတော်ကောင်းများသည် အထူးလေ့လာ မှတ်သားထားသင့်ပါသည်။ ယခုခေတ် ယခုကာလ စာသင်ကျောင်းများ၊ အဖိုးရ ကျောင်းများတွင်ပင် ဝိဇ္ဇာဘာသာရပ်၊ သိပ္ပံဘာသာရပ်ဟူ၍ ခွဲခြားပြီး သင်ကြားနေတာ ကြားသိုးပါသည်။ သိပ္ပံတွဲ ဝိဇ္ဇာတွဲ အောင်တာတောင်မှ ဝိဇ္ဇာနဲ့ အောင်တာလား၊ သိပ္ပံနဲ့ အောင်တာလား စသည်ဖြင့် သူ့ခေတ်နှင့် သူ့စနစ်၊ သူ့အယူအဆ၊ သူ့အတွေးအခေါ်နှင့်သူ ပြဌာန်းနေကြသည်ကိုပင် အထူး လေ့လာမှတ်သား ထားသင့်ပါကြောင်း။ ကျောင်းပြီးတာတောင်ပင် သိပ္ပံနှင့် ကျောင်းပြီးတာလား၊ ဝိဇ္ဇာနှင့် ကျောင်းပြီးတာလား။ ဒီလို အမေးမျိုး မဟာသိပ္ပံဘွဲ့ရတာလား၊ မဟာဝိဇ္ဇာဘွဲ့ ရတာလား ဆိုသည့် မေးခွန်းမျိုးသည် ဒီခေတ်၊ ဒီကာလ၊ ဒီသမယတွင် အဆန်းမဟုတ်တော့ပေ။

ဤနေရာ၌ သိပ္ပံနှင့်မဆိုင်ဘဲ ဝိဇ္ဇာနှင့်သာ သက်ဆိုင်သော ကျမ်းစာအုပ်ဖြစ်နေ၍ ဝိဇ္ဇာနှင့် ပတ်သက်တာကိုသာ ရှင်းပြနေခြင်း ဖြစ်ပါသည်။

ဆရာတော်။ ။ ယခုခေတ် သိသင့်သိထိုက်တဲ့ ဝိဇ္ဇာ (၅)မျိုးနှင့်တကွ ဝိဇ္ဇာဆိုသည့် သဘောတရားများကို အခု

ရှင်းပြ၊ ဟောပြတာ မင်းတို့ သဘောပေါက်ကြ ရဲ့လား။ မရှင်းလင်းတာရော ရှိသေးလား။ မရှင်း ရင် အခုတည်းက ပြန်လျှောက်ပါ။ ရှင်းပါပြီ ဆို ရင်လဲ သေချာစွာ မှတ်သားထားပါ။

စာရေးဆရာအဖွဲ့။ အခုဆရာတော်ဘုရား ရှင်းပြတာဆိုရင်ယခု ခေတ်နဲ့ပါ တွဲယှဉ်ပြီးတော့ ရှင်းလင်းပြသွားတော့ တပည့်တော်များ မရရှင်း မလင်းတာ မရှိတော့ပါ ဘူးဘုရား။ ဝိဇ္ဇာတို့၏ သဘောသဘာဝတို့ကို တပည့်တော်တို့ ရှင်းလင်းပါပြီ ဘုရား။ ရှေးနှစ် ပေါင်းများစွာနဲ့ ရှေးခေတ်ဝိဇ္ဇာ အမှီးအစားများ ရှိခဲ့ရင်လည်း တပည့်တော်များ သိချင်ပါသေး တယ် ဘုရား။ ဆက်လက်အမိန့်ရှိပါဦး ဘုရား။

ဆရာတော်။ အေး. . . အေး။ ကြုံကြိုက်တုန်း မေးလျှောက် လာတော့လည်း မင်းတို့ သိမြင်အောင် ပြောပြ ဟောပြရတာပေါ့ကွာ။ ကဲ. . သေချာစွာ မှတ် ကြပါကုန်ဟော့ ။

ရှေးခေတ်သာသနာပ ကာလမှာဖြစ်စေ၊ ဗုဒ္ဓမြတ် စွာဘုရားရှင်၏ သာသနာတော်အတွင်းမှာဖြစ် စေ၊ သတ်မှတ်ပြဋ္ဌာန်းသော ဝိဇ္ဇာဝိုရ် များမှာ(၅) မျိုးရှိတယ်။ ဒီ (၅)မျိုးကို မင်းတို့ သေချာစွာမှတ် ကြ။ ဒါကတော့ (ဆရာ)ဆိုရင် သိထားရမယ့် အလုပ်ပဲဟော့။

(၁) အင် ဝိဇ္ဇာဝိုရ်တစ်ပါး
(၂) ကော်ကို ဝိဇ္ဇာဝိုရ်တစ်ပါး
(၃) တပသီ ဝိဇ္ဇာဝိုရ်တစ်ပါး
(၄) သေသ ဝိဇ္ဇာဝိုရ်တစ်ပါး

(၅) ဂါထာ ဝိဇ္ဇာဓိုရ်တစ်ပါး

စုစုပေါင်း (၅) ပါး ရှိပါတယ်။

ထို (၅)ပါးကို တစ်ပါးစီ အသေးစိတ် ရှင်းပြရမည် ဆိုပါလျှင် -



(၁) ဆေးဝိဇ္ဇာဓိုရ်ဆိုသည်မှာ -

အစွမ်းသတ္တိထက်မြက်သော ဆေးပင်၊ ဂမုန်းပင်၊ ပန်းပေါင်း၊ မင်းပေါင်းများဖြင့် သီဒွိဝင်ဆေးမှား စီရင်ပြီးနောက် တစ်နှစ်ဂုအောင်း၍ ဆေးစားခြင်း၊ သုံးနှစ်ဂုအောင်း၍ ဆေးတက်၊ ဆေးစားခြင်း၊ အချို့ဆေးဝိဇ္ဇာများသည် မြေကြီးတွင် ဂုသဏ္ဌာန်၊ တွင်းသဏ္ဌာန် တူး၍၊ လူသုမန်းတောကြီးထဲတွင် ဂုအောင်း၊ တွင်းအောင်း၍ ဆေးစား၊ ဆေးတက်ခြင်း၊ ထုံကွားခြင်း၊ ထုံဆေးစားခြင်းဖြင့် ဆေးဝိဇ္ဇာဓိုရ်လမ်းကို အားထုတ်ကြခြင်း ဖြစ်ပါသည်။

(၂) ဂါထာမန္တန်ဝိဇ္ဇာဓိုရ်ဆိုသည်မှာ -

ဂါထာ၊ မန္တန်များကို အဓိဌာန်နှင့်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် မြေလျှိုး၊ မိုးပုံ့၊ တန်ခိုးဗျာန်ကို ရရှိခြင်းကို ဆိုလိုသည်။ အချို့လည်း ဂါထာ၊ မန္တန်များကို ဂု အောင်း ပြီးကွင်ဆောင်ခြင်းဖြင့် သီဒွိမြောက်မြား ဂါထာ

မန္တန်ဝိဇ္ဇာမိုရ် ဖြစ်သွားတာလည်း ရှိကြသေး၏။ အချို့ ဂါထာ မန္တန်ဝိဇ္ဇာလမ်းသည် သစ်ပင်(၁၂)ပင်၊ တောကြီး(၁၂)တော၊ တောင်ကြီး (၁၂) တောင်၊ သဘ္ဘင်းကြီး (၁၂)သဘ္ဘင်းများတွင် ဂါထာမန္တန်အကျင့်ကို ကျင့်ပြီး ဝိဇ္ဇာမိုရ်ဖြစ်ပြီး ကောင်းကင်ပျံတက်ကုန်၏။

(၃) သုတပြဒါး ပြာစားဝိဇ္ဇာမိုရ်ဆိုသည်မှာ -

သုတ-ပြာစားဝိဇ္ဇာမိုရ်မှာ လုပ်ရပ်အတတ်ဖြင့် ပြဒါးကို သေစေပြီးနောက် ပြဒါးကို ပြာချ၍ ထိုပြဒါးပြာကို ကွမ်းရိုး တစ်တို့ဖြင့် စားသုံး၍ သုတပြာစား ဝိဇ္ဇာမိုရ် ဖြစ်သည်ကို ဆိုလိုပါသည်။

မှတ်ချက်။

နဝနိပါတ်၊ သမုဂ္ဂဇာတ်၌ ဒါနဝဘီလူးသည် မိန်းမငယ် မင်းသမီး ထည့်ပေးလိုက်သော ကြွတ်ဘူးကိုချထားပြီး အစာရှာထွက်လာခဲ့ရာ ကောင်းကင်မှာ ပျံသန်းလာသော ဝါယသုပုတ္တမန္တန်ဝိဇ္ဇာသည် ချထားသော ကြွတ်အတွင်းမှ မိန်းမငယ်မင်းသမီးကို မြင်တွေ့သွားရာ ကြွတ်အတွင်းသို့ ကိုယ်ဖျောက်၍ဝင်ပြီး ထိုမင်းသမီး မိန်းမငယ်နှင့် ကာမရာဂသံဝါသ ပေါင်းသင်းနေ၏။ ဒါနဝဘီလူးပြန်လာရာ ကြွတ်ထဲသို့ မန္တန်ဝိဇ္ဇာ ဝင်ရောက်နေသည်ကို မသိမမြင်ဘဲ ဘီလူးသည် ကြွတ်ကိုငုံ၍သွားလေသော် ဆရာရသေ့ထံရောက်သောအခါ ခံတွင်းမှကြွတ်ကို ထုတ်၍ ကြွတ်ကို ဖွင့်လှစ်သောအခါ၌ ဝါယသုပုတ္တ မန္တန်ဝိဇ္ဇာမိုရ်သည် မန္တန်ကို စပ်၍ သံလျက်ကိုပိုက်၍ ကောင်းကင်သို့ ပျံတက်သွားလေ၏။

ဤသည်ကိုကြည့်လျှင် ဘုရားရှင်၏ သာသနာတော်အတွင်း ဖြစ်သော ဝိဇ္ဇာမိုရ်နှင့် သာသနာတော်မရှိရာ သာသနာပ ကာလတွင် ဖြစ်သောဝိဇ္ဇာတို့၏ ကွာခြားကြပုံတည်း။ သာသနာတော်အတွင်း၌ကား အကျင့်၊ သီလ၊ သိက္ခာကို အထူးတန်ဖိုးထား ရှေ့တန်းတင်၏။ သာသနာပ ကာလတွင်ကား အကျင့်၊ သီလ၊ သိက္ခာတို့ကို တန်ဖိုးထားရမှန်း၊ ရှေ့

တန်းတင်ရမှန်း မသိနိုင်တော့ချေ။



ကော်ကွိဝိဇ္ဇာဝိုရ်ကား စုစုပေါင်း (၃) မျိုးရှိပါသည်။

(၁) တပသိဝိဇ္ဇာဝိုရ်

တပသိဝိဇ္ဇာဝိုရ်ကား ပြဒါးသေကို ငုံပြသော ဝိဇ္ဇာဝိုရ် တစ်ပါးသာရှိ၏။

(၄) သေသဝိဇ္ဇာဝိုရ်ကား (၂)ပါး

(က) သံသေကိုငုံ၍ပျံသော ဝိဇ္ဇာဝိုရ်

(ခ) သံသေပြာ စားသောဝိဇ္ဇာဝိုရ် ဟူ၍ (၂)မျိုး ရှိ၏။

ဂါထာဝိဇ္ဇာဝိုရ်၊ အင်းဝိဇ္ဇာဝိုရ်တို့ကား အခြားအခြားသော ဝိဇ္ဇာဝိုရ်တကာတို့ထက် ကိလေသာ၊ တဏှာ၊ ရာဂ၊ နည်းပါးကြကုန်၏။ ထို့ပြင် ဂါထာဝိဇ္ဇာဝိုရ်၊ အင်းဝိဇ္ဇာဝိုရ်တို့ကား မြတ်စွာဘုရားရှင်၏ သာသနာတော်မှသာ ဖြစ်ပေါ်စေနိုင်၏။ သာသနာပကာလမှ မဖြစ်ပေါ်စေနိုင်ပေ။ သံသေလုံးကို ငုံပျံသော သံသေဝိဇ္ဇာဝိုရ်သည် စတုမဟာရာဇ်နတ်ဘုံမှစ၍ နတ်ပြည်ခြောက်ထပ်စလုံးမှာပင် ပျော်ပါးနိုင်သော စွမ်းအားရှိကြကုန်၏။ ပထမစျာန်ဘုံ၊ ဒုတိယစျာန်ဘုံသို့တိုင်အောင်ပင် ရောက်စေနိုင်ကြောင်း၊ မကြီသာရမဟ္ဗျူကျမ်းများ၊ ရွေးနိပါတ်တော်များ၊ ရွေးဟောင်းကျမ်းများတွင်ပါရှိပါသည်။ အဆို့အဆို့သော တန်ဖိုးကြီးမားသည့် အင်းဝိဇ္ဇာဝိုရ်ကြီးများ၊ ဂါထာဝိဇ္ဇာဝိုရ်ကြီးများသည် မှက်တောင်တစ်ခတ်အတွင်း နတ်ပြည်

ခြောက်ထပ်ကိုလွန်၍ ပြဟ္မာပြည်သို့တိုင် ရောက်နိုင်၊ နေနိုင်ကြကုန်၏။ ထို့ပြင် အသက်အာယုမှာလည်း နှစ်ပေါင်းငါးထောင်၊ တစ်သိန်း၊ တစ်သန်းမက၊ အချို့ဝိဇ္ဇာဓိရိမျိုးသည် တစ်ကမ္ဘာနှင့်တစ်ကမ္ဘာ ကြာအောင်ပင် အာယုသိဒ္ဓိပြု၍ အသက်ရှည်ကြကုန်၏ဟု ရှေးဟောင်းကျမ်းဂန်များ အာဒိကပ္ပ ကမ္ဘာဦးကျမ်းများ၊ ပဏ္ဏိတဝေဒနိယကျမ်းများတွင် အထင်အရှား ပြသထားပါသည်။

အချို့သော သံဝိဇ္ဇာကြီးများ၊ သံသေပြာစားဝိဇ္ဇာကြီးများသည် ထိုသံပြာ စားထားသည့်အခါ ထိုသံပြာသည် ခန္ဓာကိုယ်အတွင်း မပျောက်မပျက်သမျှ ကာလပတ်လုံး၊ မတစ်ထောင်ကို စွမ်းဆောင်နိုင်ခြင်း၊ ထိုသံပြာ မပျောက်သမျှ ကာလပတ်လုံး မောခြင်း၊ ပန်းခြင်းမရှိ။ ခရီးတစ်ထောင်း၊ ခရီးတစ်သိန်း၊ ခရီးတစ်သန်းကို မမောဘဲ၊ မပန်းဘဲ သွားလာနိုင်ကြကုန်၏။ ထိုသံပြာသည် မပျောက်ပျက်၊ မကုန်ခမ်းသမျှ ကာလပတ်လုံး မွှက်စိလှခြင်း၊ အသံသာခြင်း၊ ရုပ်ဆင်းအဂါ လှပတင့်တယ်ခြင်း၊ အနာရောဂါလုံးဝမရှိ အာရောဂျသိဒ္ဓိ ပြီးစီးခြင်းရှိ၏။

အင်္ဂဝိဇ္ဇာဓိရိမျိုးကား- ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ဝိဇ္ဇာမန္တသိဒ္ဓိတို့ကို ပြီးစီးစေ၏။ အနုလောမသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိ တို့ကိုကား မပြီးစီးနိုင်။

ဧကင်္ဂဝိဇ္ဇာဓိရိမျိုးကား-အင်္ဂဝိဇ္ဇာဓိရိမျိုးနှင့် အကျိုးခြင်းတူမျှကြကုန်၏။

တပသိဝိဇ္ဇာဓိရိမျိုးကား-ဓနသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ အနုလောမသိဒ္ဓိတို့ကိုသာ ပြီးစီးစေနိုင်၏။ ဝိဇ္ဇာမယသိဒ္ဓိမျိုးကိုကား မပြီးစီးနိုင်။

သေသဝိဇ္ဇာဓိရိမျိုးကား အမျိုးမျိုးသော သိဒ္ဓိအားလုံးတို့ကိုပင် ပြီးစီးစေနိုင်၏။ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာမျိုးကလွဲလျှင် ကျန်သောဝိဇ္ဇာများ၊ ဝိဇ္ဇာဓိရိများသည် သေသဝိဇ္ဇာများကို (၃)ယူဇနာအကွာမှ ရောင်ခွာ၍ သွားလာ ကြရကုန်၏။ ထို့ကြောင့် သာသနာတော်အတွင်းဖြစ်သော အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာများကလွဲလျှင် သံသေလုံး ငုံပုံသော သေသဝိဇ္ဇာဓိရိများ၊

သံသေပြာစားသော ဝိဇ္ဇာဝိရိမ္ဘားတို့သည် အခြားအခြားသော ဝိဇ္ဇာဝိရိမ္ဘားထက် တန်ခိုးအာဏာ ကြီးမားကြကုန်၏။ သိဒ္ဓိတန်ခိုးလည်း ကြီးမားကြကုန်၏။ သံသေသတ္တိ၊ သံပြာသတ္တိတို့၏ တန်ခိုးပင်ဟု ယူဆရန်ဝိပါသည်။

ထိုဆိုခဲ့ပြီးသော ဝိဇ္ဇာဝိရိမ္ဘားတွင် အင်္ဂဝိဇ္ဇာဝိရိမ္ဘာ၊ ဇော်ဂျီဝိဇ္ဇာဝိရိမ္ဘားကား လူသူမနီးသော တော၊ တောင်အရပ်တို့တွင် သေလေပြီးသော လူသေ၊ မိန်းမငယ်အလောင်းများကို အသက်သွင်း၍လည်းကောင်း၊ သေလေပြီးသော မိန်းမယျိုများ၏အိုးတို့ကို ရလျှင်လည်းကောင်း၊ တစ်ဖန်အသက်သွင်း၍လည်းကောင်း၊ တစ်ဖက်တစ်ဖက်လျှင် အခြံအရံ မိန်း မ(၅၀၀၀)ခန့်နှင့် စံစား၍နေလေ၏။ ထို့ပြင် လူသေကောင်အရိုး၊ မိန်းမငယ်အရိုးများကို မရနိုင်ပါက အောက်တန်းအဆင့် နတ်စိမ်းမိန်းမများ၊ နတ်မိစ္ဆာမိန်းမများနှင့် တစ်ဖက်လျှင် (၅၀၀၀)စီ ပျော်ပါးစံစား၍နေကြလေ၏။

ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တို့၏ ဦးခေါင်း၊ အရိုးစသည်များကိုလည်း ရှင်စေနိုင်၏။ ရွှေ ငွေ၊ ကျောက်သံ ပတ္တမြား၊ ရတနာအမျိုးမျိုးတို့ကို ဖြစ်စေလိုပါက တံတွေး ထွေးကာမျှဖြင့် ရွှေ ငွေ၊ ရတနာတို့ကို ဖြစ်စေနိုင်တော့၏။ သေလေပြီးသော လူသေကောင်၊ လူရိုး၊ သတ္တဝါတို့၏အသေကောင်၊ အရိုးစုတို့ကိုလည်းကောင်း၊ နာဖျားသော ကျန်းမာရေးမကောင်းသော လူနာများ၊ သတ္တဝါများကို ကျန်းမာခြင်းသာစေလိုသော် ရေကိုင့်၍ထွေးကာမျှဖြင့် ပြန်လည်၍ ရှင်စေနိုင်လေသည်။ ဤကား အင်္ဂဝိဇ္ဇာ၊ ဇော်ဂျီဝိဇ္ဇာတို့၏ ပြီးစီးကြောင်း များဖြစ်၏။

တပသိဝိဇ္ဇာမျိုးကား-ရွှေ ငွေ၊ စည်းစိမ်တို့ကို ပယ်ပြီးသော်၊ လူသူမနီးသော တော၊ တောင်အရပ်၌ ကျောက်ရုပ်၊ ရွှံ့ရုပ်၊ သစ်သားရုပ် တို့ကို မိမိစိတ်တိုင်းကျ အလိုရှိရာကိုလုပ်၍ အသက်သွင်းစေ၍ တောတောင်ထဲတွင် တစ်ဖက်လျှင် အခြံအရံ (၅၀၀၀)နှင့်တကွ ပျော်ပါးစံစား ကြကုန်၏။

လူစသော သတ္တဝါတို့၏အကောင်၊ အရိုးကိုလည်းကောင်း၊

အနာရောဂါတို့ကို ပျောက်စေလိုသော် လည်းကောင်း၊ ရှဲ့ရှပ်၊ ကျောက်ရှပ်၊ သစ်သားရုပ်တို့ကိုလည်းကောင်း ပြဒါးသေကို ရေစိမ်၍ ပက်ဖျန်းကာမျှဖြင့် ရှင်စေ၊ ပျောက်စေနိုင်တော့၏။ ရွှေ ငွေတို့ကို အလိုရှိသော် စာတ်လေးပါး အရည်လင်းရာတွင် ပြဒါးသေကို ပစ်ချကာမျှဖြင့် အပြီးတိုင် ဖြစ်စေနိုင်တော့၏။ **ဤကား တပသိဝိဇ္ဇာဝိုရိမျာ၏ သိဒ္ဓိတန်ခိုး ပြီးစီးကြောင်း ဖြစ်၏။**

သေသဝိဇ္ဇာဖြစ်သော၊ သံသေဝိဇ္ဇာဝိုရိမျိုးကား-ဟိမဝန္တာတောမှာ သူယောင်သီးကို ဆွတ်ခူး၍ အသက်သွင်းပြီးနောက် တစ်ဖက်၊ တစ်ဖက်လျှင် အခြံအရံ (၅၀၀)စီ စံစားပျော်ပါး၍နေကြကုန်၏။ အသက်ရှည်ကြာစွာ နေရကုန်၏။ အထက်အမြင့်ကို ယူဇနာခြောက်ဆယ် ပျံတက်နိုင်၏။ သွားလာနိုင်၏။ ဝိဇ္ဇာမျိုး (၃)ပါးတို့သည် သံဝိဇ္ဇာကို (တစ်ယူဇနာ)အကွာက ကွင်းရှောင်ရ၏။ သံဝိဇ္ဇာဝိုရိအကျော်တည်း၊ ရှေးဆရာတော်ကြီးများ အမိန့်ရှိခဲ့သည်မှာ ယခုအခါကာလအထိ ဟိမဝန္တာတောတွင်လည်းကောင်း၊ သူယောင်တောတွင်လည်းကောင်း အုပ်ချုပ်နေသည်မှာ သံဝရမာလာသံဝိဇ္ဇာကြီးဖြစ်ကြောင်း အမိန့်ရှိသည်ကို မှတ်သားခဲ့မှုပါ၏။

၎င်းသေသဝိဇ္ဇာဝိုရိသည် အသားအရေတို့သည် ရွှေအဆင်းနှင့်တူကုန်၏။ ခြေသည်း၊ လက်သည်းတို့သည် ဟသ်ပြဒါးကဲ့သို့ နီမြန်းကုန်၏။ မျက်လုံးကား ပတ္တမြား၊ ကျောက်နီနှင့်တူကုန်၏။ အင်ဝိဇ္ဇာတို့၏ အတတ်ပညာများ၊ ဇော်ဂျီဝိဇ္ဇာဝိုရိတို့၏ အတတ်ပညာများ၊ တပသိဝိဇ္ဇာဝိုရိတို့၏ အတတ်ပညာများကို ထိုဝိဇ္ဇာဝိုရိ (၃)ပါးတို့၏ အတတ်ပညာများအပြင် ရက္ခစိုးနတ်တို့၏အတတ်၊ ဘုမ္မစိုးနတ်တို့၏အတတ်တို့ကိုလည်း အကုန်အစင်တတ်သိကုန်၏။ ဝိဋူကတ် (၃)ပုံ၊ ဝေဒင်(၃)ပုံ၊ ဓမ္မခန္ဓာ (၈၄၀၀၀)တို့ကိုလည်း အကုန်အစင် တတ်သိမြင်ကုန်၏။ ထို့ပြင် ဗိမိဘဝဖြစ်စဉ်ကိုလည်းကောင်း၊ သူတစ်ပါးဖြစ်စဉ်ကိုလည်းကောင်း ရှေ့ (၇)ဘဝ၊ နောက်(၇)ဘဝတို့ကို အကုန်အစင်သိမြင်ကြကုန်၏။ **ဤကား သေသဝိဇ္ဇာဝိုရိမျာ၏ သိဒ္ဓိတန်ခိုးနှင့် ပြီးစီးကြောင်းဖြစ်တော့၏။**

အခုလို ရှေးခေတ်၊ ရှေးကာလ၊ ဝိဇ္ဇာဓိရ်အမျိုးမျိုးတို့ကို ခွဲခြားစိစစ်ပြီးစီးသောကြောင့် မင်းတို့ စာရေးဆရာအဖွဲ့သည် အခုဆရာတော်မိန့်ကြားသော ရှေးခေတ်ဝိဇ္ဇာဓိရ်အမျိုးမျိုးတို့၏ အနေအထားအမျိုးမျိုး၊ သိဒ္ဓိတန်ခိုးအမျိုးမျိုးတို့ အထူးလေ့လာမှတ်သားထားကြပါ။ ဒီဝိဇ္ဇာဓိရ်များ၏ နေပုံထိုင်ပုံ၊ အနေအထား အမှိုးမျိုးတို့ကို သိမှတ်ပြီးတာနဲ့ တစ်ပြိုင်နက် သူယောင်သီး၊ သူယောင်ပင် အကြောင်းကလည်း တစ်ခါတည်း တွဲပြီးပါလာပါတယ်။ အခုခေတ်နဲ့တော့ တစ်ခြားစီဖြစ်နေပေမဲ့ ဝိဇ္ဇာအကြောင်း ပြောပြကြမှာတော့ ဒီသူယောင်ပင်၊ သူယောင်သီးကလည်း သုမပါရင် မပြီးဘူးပေါ့ကွာ။ ဒီတော့ မင်းတို့စာရေးဆရာအဖွဲ့တွေ သူယောင်ပင်၊ သူယောင်သီးအကြောင်းတော့ နည်းနည်းပါးပါးမှတ်ကြပါဦး. . ဟော့။

စာရေးဆရာအဖွဲ့။ ဒါလည်းခေတ်နဲ့အညီ မဟုတ်ပေမဲ့ ဇာတ်သုတအဖြစ် မှတ်သင့် မှတ်ထိုက်တာ၊ သိသင့် သိထိုက်တာမျှားကတော့ ဆရာတော် ဆက်လက်ပြီး အမိန့်သာရှိပါဘုရား။ တပည့်တော်များ လိုက်နာပါ့မယ် ဘုရား။

ဆရာတော်။ အေး. . . အေး။ ကောင်းတာ ပေါ့ကွာ၊ ဘာပဲဖြစ်ဖြစ် အခု မှတ်သားထားကြတော့၊ နောက်တစ်ချိန် ကျလာရင် အသုံးတည့် ချင်တည့် တာမျိုးပဲဟ။ ကဲ. . ကဲ၊ သူယောင်သီးနဲ့ ပတ်သက်တာကတော့ ဒီလိုကွဲ့။ သူယောင်တော ဆိုတာ ဟိမဝန္တာမှာ ရှိတယ်ကွဲ့။ ဟိမဝန္တာ၊ သတ္တ ရုဘန်၊ သီတာခုနစ်တန်ဆိုတာမှာ သူယောင်တောဟာလည်း တစ်ဘာသာ၊ တစ်ကဏ္ဍ ပါတာပေါ့။ ဟော့. . . သူ ယောင်အပင်များသည်ဟိမဝန္တာတောကြီးထဲတွင် သူယောင်တောလည်း အပါအဝင်ဖြစ်သည်။

အပင်ကပင်လျှင် တခြားအပင်နှင့် မတူဘဲ

လှလှပပ တင့်တင့်တယ်တယ်ရှိသော အပင်ဖြစ်ပြီး၊ သူယောင်သီးမှာလည်း လူမိန်းမအရွယ် (၁၅)နှစ်၊(၁၆)နှစ်အရွယ် အလွန်တင့်တယ်ပါတယ်။ သူယောင်သီးများသည် စတုမဟာရာဇ်နတ်သမီးကဲ့သို့လည်းကောင်း၊ တာဝတိံသာနတ်ဘုံမှ နတ်သမီးများကဲ့သို့ လည်းကောင်း၊ အထူး လှပတင့်တယ်ကြကုန်၏။ သူယောင်ပင်ကို လေတိုက်သည့်အခါ သူယောင်သီးများ တစ်ခုနှင့် တစ်ခု ထိခိုက်မိသော အသံများသည် သာယာနာပျော်ဖွယ်ရာ တူရိယာ၊ စောင်း ဗြင်း ပတ်သာ ငြိမ့်ညောင်းဟန် ထွက်ပေါ်လာပြီး သူယောင်သီး၊ သူယောင်မတို့၏ ရယ်မောသံ၊ စကားပြောဆိုသံ၊ သီချင်းဆိုသံ တို့သည်လည်း ထိုတူရိယာ၊ စောင်းဗြင်းသံကဲ့သို့ ငြိမ့်ညောင်းသော အသံနှင့်အတူ ထွက်ပေါ်လာသောကြောင့် စွာန်ရရသေ့ သူတော်စင်များပင်လျှင် ကောင်းကင်ပျံသန်း၊ စွာန်ရပုဂ္ဂိုလ်များ၊ အဘိညာဉ်ရပုဂ္ဂိုလ်များပင် ကိလေသာမီးထကြွတောက်လောင်၍ မြေပြင်ပြုတ်ကျ စွာန်လျှော ကျရသောဟူ၏။

သာမည ဝိဇ္ဇာဓိရ၊ ဇော်ကို၊ တပသီတို့မှာ ဆိုဖွယ်ရာမရှိတော့ပါချေ။ ထိုသူယောင်မများတို့နှင့် ကာမ ဂုဏ်အာရုံ မူးမေ့ကြရကုန်တော့၏။ သူယောင်သီး ကို ဆွတ်ယူပြီးနောက်တွင်ကား (၆)လ ကြာပါမှ သေကျေပျက်စီး ပုပ်ပွဆွေးမြေ့ကြရကုန်၏။ ထိုသူ ယောင်မများနှင့် ပျော်မွေ့ကြကုန်သော ဝိဇ္ဇာ ပုဂ္ဂိုလ်များသည်လည်း (၄)လကြာမှ ပြန်လည်၍ သတိရ ကြကုန်တော့၏။

ထိုသူယောင်သီး၏သဏ္ဌာန်ကား လူမိန်းမသဏ္ဌာန်ပင်ဖြစ်၏။ မိန်းမမျိုး (၁၅)နှစ်၊ (၁၆)နှစ်အရွယ်ရှိပြီး နတ်သမီးတမျှ လှပတင့်တယ်၏။ မိန်းမတို့၏ အင်္ဂါကြီးငယ်အားလုံးပြည့်စုံ၏။ ဆံထုံးက အညှာပေါက်ကုန်လှက် တင့်တယ်စွာ၊ လှပစွာသီးကုန်၏။ သူယောင်သီးကြွေ၍ ပုပ်သောအနံ့ကား လူတို့သေ၍ပုပ်သော အနံ့အတိုင်းရှိ၏။ ပုပ်၏။ အပင်အောက်တွင် ပုပ်၍ကြွေကျသောသူယောင်သီးများကို ဟိမဝန္တာတွင် နေထိုင်သော ဆဒ္ဒန်ဆင်မင်းတို့စားကြ၍ ကုန်လေကုန်၏။ ထိုသူယောင်တော၌ကား သေသဝိဇ္ဇာခေါ် သံဝိဇ္ဇာတစ်ပါးသာနေထိုင်၏ လောကီစွာန် အဘိညာဉ်ရသော သူတော်ရသေ့သူမြတ်တို့ကား ထိုသူယောင်တောကို မသွားမလာကြကုန်။ မနေထိုင်ကြကုန်။

အဘယ့်ကြောင့်ဆိုသော် ထိုသူယောင် သီးတို့သည် လေပြည်လေညင်း သုတ်သွင်းဖျန်းပက်သည်ရှိသော် ကိန္နရီ၊ ကိန္နရာတို့သည် ကသိမြူးထူးပျော်ရွှင်သကဲ့သို့ ပြုံးတုံ့၊ ရယ်တုံ့ ပုံသဏ္ဌာန်ရှိသောကြောင့် ရသေ့အရှင်၊ သူတော်ကောင်း ရသေ့ရဟန်းတို့ မသွားမလာကြကုန်။ ထိုသူယောင်မ၊ သူယောင်မယ်၊ သူယောင်သီးတို့၏ အဆင်းရုပါတို့ကို မြင်တွေ့မိလျှင် ရာဂစိတ်တို့ကို ပိတ်ဆို့မနိုင်၊ ကြံမိုင် မနော၊ ရာဂပြော၍ စွာန်လျှောကျသဖြင့် အသစ်တစ်ဖန် ပရိဏ်ဖြင့် စွာန်ကို ပြန်ဖြစ်စေရသောကြောင့်တည်း။ ထို့ကြောင့် ဘုန်းတန်ခိုးကြီး မားကြကုန်သော အင်းဝိဇ္ဇာများ၊ ဂါထာဝိဇ္ဇာမိုရ်ကြီးများ၊ စွာန်ရရသေ့၊ ရဟန်း သူတော်စင်များသည် ထိုသူယောင်တောကို အဝေးမှပင် ရှောင်ကွင်း၍ သွားလာကြရကုန်၏ဟု မှတ်သားနာယူသင့်လှ၏။

ဤကား ဝိဇ္ဇာမိုရ် (၄)ပါးနှင့်တကွ - သေသဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်များ၏ ပျော်မွေ့ရာ၊ ဟိမဝန္တာတောင်တွင် ရှိသော ကျန်ဦးဇမ္ဗူသပြေပင်ကြီးကို မြဲရံ၍နေသော ဟိမဝန္တာတောကြီး (၈)တောတွင် ဤသူယောင်တောသည်လည်း တစ်တောအပါအဝင်ဖြစ်ကြောင်းကို သေချာစွာ ဟောပြောပြသခဲ့လေပြီ။ သူယောင်တော သူယောင်သီးကို ဟောဆိုရာ၌ သေသဝိဇ္ဇာပါသကဲ့သို့ သေသဝိဇ္ဇာမိုရ်အကြောင်းကို ပြဆိုလျှင်လည်း

သူယောင်တော၊ သူယောင်သီးသည်လည်း တစ်ခုအပါအဝင် ဖြစ်ကြောင်းကို အထူးသတိပြုကြပါလေ။ ဤသူယောင်တော၊ သူယောင်သီးက သေသဝိဇ္ဇာခေါ် သံဝိဇ္ဇာဓိုရ် တစ်ပါးတည်းအတွက် သာ ဖြစ်၏။

(၅) ဂါထာဝိဇ္ဇာဓိုရ်အာနိုး

ဂါထာဝိဇ္ဇာဓိုရ်ဟူသည်ကား -

ဂါထာဝိဇ္ဇာဓိုရ်၊ အင်းဝိဇ္ဇာဓိုရ်တို့သည်ကား သံဝိဇ္ဇာတို့ထက် တန်ခိုးအာနုဘော်ကြီးမားကြကုန်။ ကျန်သောဝိဇ္ဇာဓိုရ် (၄)မျိုးတို့သည် ဂါထာဝိဇ္ဇာဓိုရ်၊ အင်းဝိဇ္ဇာဓိုရ်တို့ကို (၃)ယူဇနာမှ ခွာရှောင်၍ သွားလာကြရကုန်၏။ ဝိဇ္ဇာတကာတို့ထက် ပိဋ္ဌကတ်(၃)ပုံ၊ ဓေဒင် (၄)ပုံတို့ကို တတ်မြောက်ကုန်၏။ ရှေ့လာမည့်ဘဝ ပေါင်း (၁၂)ဘဝတို့ကိုလည်းကောင်း၊ ပြီးခဲ့သော ဘဝပေါင်း (၁၂)ဘဝတို့ကိုလည်းကောင်း အကုန်အစင် သိမြင်ကြရကုန်၏။

ဂါထာဝိဇ္ဇာဓိုရ်၏ အဆင်းအဂိလက္ခဏာကား -

သိင်္ဂီလျှံဝင်း၊ ရွှေဆင်းသို့၊ ထွန်းလင်းရောင်ဝါ၊ နီတွာတွတ်တွတ်၊ ချိတ်ရည်သွတ်ဖုံး၊ ဆုန်းဟသံပဒါး၊ ရေးသားသုတ်နည်း၊ ခြေသည်းလက်သည်း ဤနည်းပမာ၊ အာပေါင်အာရင်း နီခြင်းတွတ်တွတ်၊ ရွှေမှင်ကွပ်သို့ ပြောင်ထွတ်ကြည်လင်၊ မျက်လုံးတွင်လည်း မျက်ရှင်ပတ္တမြား ရတနာအားကို တပ်ငြားသောသွင်၊ ဘုံတစ်ခွင်တွင်၊ ယှဉ်ရာမဲ့ရှား၊ ရှည်ငြားအာယု၊ စတုမဟာ နတ်ဒေဝါနှင့် ကာမာဝစရ ခြောက်ဌာနဘုံ လွှမ်းခြုံပေါ်လှို့၊ ပထမဈာန်သုံးဝ၊ ဒုတိယဈာန် သုံးဘုံ၊ အာကာစုံဝယ်၊ တဒ့်တယ်ကျော်ကြား၊ ဂါထာအားကြောင့် ပျော်ပါးစံရာ၊ လူမမျှသည် နတ်မဟိ၊ ဖြတ်ပြတ်တွင်ကြီးအင်အားရာ၊ ရောင်ဝန်းဖြာလျက်၊ တန်ဆာနတ်ဝတ်၊ ဘုံတမွှတ်

တွင် လူထွတ်ဝိဇ္ဇာ ကျော်စောဖြာသည်။ ဂါထာတန်ခိုး လို့က်ဆူကြိုး။

(ဤတွင် ဂါထာဝိဇ္ဇာဝိုရ်အခန်း ပြီး၏။)

ဂန္ဓာရီ ဝိဇ္ဇာဝိုရ်များ၏ အခန်း

(က) ဆေးပင်အမျိုးမျိုး၊ ဂမုန်းပင်အမျိုးမျိုး၊ ပန်းပေါင်း၊ မင်းပေါင်း၊ အမတေပေါင်းများဖြင့် ကြိုးစားအားထုတ်၍ ဖြစ်သော ထွက်ရပ်ပေါက်သော ဆေးဝိဇ္ဇာ။

(ခ) အကွရာ ဝဏ္ဏာ၊ ဗျည်း၊ သရနှင့် စာမတစ်ဖြာ အကွရာများကို နံသင့်ကောက်သချိုးဖြင့်လည်းကောင်း၊ သချိုးများကို အကွရာကောက်၍ ဂါထာအကွရာ စာမများကို လည်းကောင်း၊ အင်းကမ္မဋ္ဌာန်း၊ စာမကမ္မဋ္ဌာန်း၊ အကွရာ ကမ္မဋ္ဌာန်း၊ သချိုးကမ္မဋ္ဌာန်းစသည်ဖြင့် ပိဋကတ်(၃)ပုံ ဗောဓိပက္ခိယ အစုံဖြင့် အဖန်ဖန်အထပ်ထပ် ကမ္မဋ္ဌာန်းထိုင်သလို အင်းကွက်များ ဆင်၍ မိတ်၊ ရန်တို့ကိုဆင်ခြင်၍ သမာဓိတရားကို အခြေခံပြု၍ ပွားများအားထုတ်၍ ထွက်ရပ်ပေါက်သော အင်းဝိဇ္ဇာ။

(ဂ) ပြဒါးကို ထုံခွက်တည်၍ ထုံဖြင့်လည်းကောင်း၊ ပြဒါးကို သေစေနိုင်သော သစ်ရွက်သစ်ပြစ်များဖြင့် မူလသတ်နည်းများဖြင့်လည်းကောင်း၊ ပြဒါးကိုနိုင်သော ဓါတ်များဖြင့်လည်းကောင်း၊ နက္ခတ်များဖြင့် လည်းကောင်း ဖမ်းယူ၍ မင်းလေးပါးဟူသော မာတ်တို့ဖြင့်လည်းကောင်း၊ သတ္တကွတ်ဟူသော (၇)ပါးသော မာတ်တို့ဖြင့်လည်းကောင်း၊ မဂ္ဂင်(၈)ပါးဆေး

ဟူသော ဓာတ်(၈)ပါးဆေးတို့ဖြင့် လည်းကောင်း၊ ဓာတ်သတ္တ နဝင်းဆေးဟူသော(၉)ပါးသော နဝင်းဆေးတို့ဖြင့် စီရင်၍ ထွက်ရပ်လမ်း ပေါက်မြောက်သော ပြဒါးဝိဇ္ဇာမိုရ်။

(ဃ) ရောဂယဲသံများ၊ ခြသံများကို၊ သံသတ်ဆေးများဖြင့်စီရင်၍ သံသေစေသော ဓာတ်တို့ဖြင့်လည်းကောင်း၊ သံကိုသေစေနိုင်သော ခံရည်လောင်းခြင်း၊ အခြားအခြားသော ဆေးပင်ဆေးမြစ်များဖြင့်၊ သံကိုသေအောင် ပြုတ်စေခြင်းဖြင့်၊ သံသေလုံးကို အမျိုးမျိုးသော ပြုတ်ဆေးများဖြင့်ပြုတ်၍ အမျိုးမျိုးသော ဓာတ်ဆေးရည်၊ နွားနို့၊ ဆီတ်နို့၊ ပြာရည်၊ သံပရာရည်၊ လူနို့ရည် စသည် များတွင် ခံရည်ကိုလောင်းရင်း၊ ကစားရင်းဖြင့် သံသေ၍ သိဒ္ဓိပေါက်သော၊ သံသေဖြစ်၍ ထွက်ရပ်ပေါက်သွားသော သံဝိဇ္ဇာဓိုရ် ထိုမူလ (၄)မျိုးသော ဝိဇ္ဇာဓိုရ်ကြီးများသည် ကာယသိဒ္ဓိများ၊ ပီယသိဒ္ဓိများ၊ ဓနသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိများကို ပေါက်မြောက်အောင်မြင် ပြီးစီးရသည်ဖြစ်၍ ဣဒ္ဓိဝိဓ အဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ ပရစိတ္တဝိဇာနန အဘိညာဉ်၊ ပုဗ္ဗေနိဝါသ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်စသော လောကီဝိဇ္ဇာဉာဏ်တန်ခိုး တို့ကိုပါ ရရှိ၍ စိန္တာမယ သိဒ္ဓိမျိုးတို့ကို ပေါက်မြောက်ကာ နတ်၊ သိကြားနှင့်တူမျှသော တန်ခိုး၊ လောကီဝိဇ္ဇာဉာဏ်တို့နှင့်ပြည့်စုံ၍ လေးပါးသော သိဒ္ဓိ၊ ခြောက်ပါးသော သိဒ္ဓိ၊ ကိုးပါးသော သိဒ္ဓိ၊ ဆယ်ပါးသော သိဒ္ဓိမျိုးကို အစိုးရ အောင်မြင် ပြီးစီးသော ဝိဇ္ဇာမျိုး၊ ဝိဇ္ဇာဓိုရ်မျိုးမှန်သမျှတို့သည် ဂန္ဓာရီ ဝိဇ္ဇာဟု ခေါ်ဆိုသတည်း။

ဂန္ဓာရီ ဟည ဘဝ

ဂန္ဓာရီတိ ဂန္ဓာရေန နာမ ဂ္လသိနာ ကတာ။
ဂန္ဓာရ ရဋ္ဌေဝါ ဥပ္ပန္နေ ဝိဇ္ဇာ။ တတ္ထ ကိရတဟူ
ဂ္လာသသော တသိသု ဇေန ကတာ ဝိဇ္ဇာတိ အဓိပ္ပါယော

(သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၊ ကေဝဋ္ဋသုတ္တန်)

ဂန္ဓာရီတိ. . ဂန္ဓာရီဟူသည်ကား ဂန္ဓာရေန နာမ ဂန္ဓာရမည်သော ဂ္လသိနာ ရသေ့သည် ကတာ မြှုအပ်သောကြောင့် (ဝါ) တစ်နည်းကား ဂန္ဓာရရဋ္ဌေ. . ဂန္ဓာရတိုင်းဌ် ဥပန္နဝိဇ္ဇာ. . ဖြစ်ပေါ်လာသော အတတ်သည်လည်းကောင်း၊ ကိရ. . တစ်ဆင့်စကား ကြားသိရဖူးသည်ကား တတ္ထ ထိုဂန္ဓာရတိုင်းဌ် ဗဟု. . များပြားလှစွာကုန်သော ဂ္လသော. . ရသေ့တို့သည် ဝသိသု-နေကြကုန်၏။ တေသု-ထိုရသေ့တို့တွင်၊ ဇေန. . တစ်ယောက်သော ဂ္လသိနာရသေ့သည် ကတာ မြှုအပ်သော(ဝါ)စီရင်အပ်သော ဝိဇ္ဇာ အတတ်ပညာတည်း။ ဂ္လတိ. . ဤသည်ကား အဓိပ္ပါယောယ . . အဓိပ္ပါယ်တည်း။

အဓိပ္ပါယ်ကား။ ဂန္ဓာရမည်သော ရသေ့သည် မြှုလုပ်စီရင်အပ်သောကြောင့်လည်းကောင်း၊ ဂန္ဓာရတိုင်းဌ် ဖြစ်သောကြောင့်လည်းကောင်း၊ ထိုဂန္ဓာရတိုင်းတို့တွင် များစွာသော ရသေ့တို့သည် နေထိုင်ကြကုန်၏။ ထိုများစွာသော ဂန္ဓာရရသေ့များထဲမှ တစ်ဦးသော ဂန္ဓာရရသေ့သည် စီရင်ခဲ့သော အတတ်ပညာသို့မဟုတ် ဂန္ဓရမန္တန် အတတ်ပညာ ဖြစ်သည်ဟု ဆိုလိုပါသည်။

ထိုဂန္ဓာရီမန္တန်(ဝါ)ဂန္ဓာရီမန္တန်ပညာသည် အထူးထူး၊ အပြားပြား၊ များပြားလှစွာသော သိဒ္ဓိအမျိုးမျိုး၊ ပညာအမျိုးမျိုး၊ ဂန္ဓာရီဝိဇ္ဇာဉာဏ်အမျိုးမျိုးတို့ကို တတ်မြောက်ပြီးစီးနိုင်သောကြောင့် ဆယ်ပါး

သောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်၊ တစ်ဆယ့်ရှစ်ပါးသော အဌာရသအတတ်ပညာ၊ ပဋိဇ္ဈကတ်၊ ဗေဒင်ပညာများ၊ စိန္တာမယသိဒ္ဓိမှီး၊ ဝိဇ္ဇာမန္တသိဒ္ဓိမှီး၊ ဝိဇ္ဇာမယိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိ၊ သဒ္ဓိမျိုးတို့ကို တတ်မြောက်နိုင်စွမ်းရှိ၍ နတ်တို့၏ ကမ္မဇိဒ္ဓိတန်ခိုးကိုပင် လွှမ်းမိုးနိုင်သောသတ္တိရှိ၍ မြေလျှိုး ပိုးပုံ့ နတ်ပြည် (၆)ထပ်လုံးကိုပင် အလိုရှိရာ မျက်တောင်တစ်ခတ်အတွင်း သွားလာနိုင်ခြင်းစသော တန်ခိုးမှီးဖြစ်ကြောင်းတို့ကို အထူးသိမှတ်ထားကြပါလေ။

ဆရာတော်။ ။ ကဲ. . ကဲ၊ အားလုံးလည်း သိသွားကြပါပြီ၊ အမျိုးမျိုးသော ဝိဇ္ဇာအတတ်၊ ဂန္ဓာရီဝိဇ္ဇာအတတ်၊ ဂါထာ၊ အင်းဝိဇ္ဇာဓိရ်များ၏ အကြောင်းများကို စုံစုံစေ့စေ့ သိသွားကြပြီဖြစ်လို့ ဒီနေ့တော့ ဒီလောက်နဲ့ပင် ကျေနပ်ကြဦးဟော့။

စာရေးဆရာအဖွဲ့။ ။ မှန်လှပါဘုရား၊ တပည့်တော်များ အဖွဲ့က ဆရာတော်ကြီးအား အထူးပဲကျေးဇူးတင်ရှိပါသည်ဘုရား။ အသေးစိတ် ရှင်းလင်းပြသ၊ ဟောကြားသည့်အတွက်လည်း တပည့်တော်တို့ ယခင်ယခင်များက မသိခဲ့တာများ၊ မရှင်းလင်းခဲ့တာများ အခုဆိုရင် ရှင်းလင်းပြတ်သားစွာသိရှိရပါပြီဘုရား ဆရာတော်ကြီးလည်း အေးအေးဆေးဆေး အနားယူပါဦးဘုရား။ယခု ဆရာတော်ကြီးမိန့်ကြားချက်၊ ဟောကြားချက်များကို ရိုသေလေးစားစွာနာခံမှတ်သား၍ ရိုသေစွာသိမ်းဆည်းထားပါ့မယ် ဘုရား။ မှတ်တမ်းလည်း တင်ထားပါ့မယ် ဘုရား။

တပည့်တော်တို့ စာရေးဆရာအဖွဲ့ကိုလည်း

ဆရာတော်ဘုရားအနေဖြင့် တပည့်အရင်းကဲ့သို့ အသိအမှတ်ပြုတော်မူပါဘုရား။
ဆရာတော်ကြီး၏ တပည့် အဖြစ် ခံယူပါသည် ဘုရား။ တပည့်တော်တို့အား ရန်ကုန်ကို ပြန်ခွင့်ပြုတော်မူပါဘုရား။

ဤတွင် ရန်ကုန်မြို့မှ စာရေးဆရာအဖွဲ့သည် မှတ်စုစာအုပ်များ၊ အသံသွင်းတိတ်ခွေများဖြင့် ဝိဇ္ဇာအကြောင်းများ၊ ဝိဇ္ဇာတို့၏ သဘောတရားရေးရာများကို ဘောပင်ဖြင့် မှတ်တန်မှတ်၊ ရေးတန်ရေး၊ အသံသွင်းစရာရှိတာများကို အသံဖမ်းပြီး အကျွန်ုပ်ကျမ်းပြုဆရာတော်အား ရိုသေစွာကန်တော့၍ ပြန်ထွက်သွားကြပါတော့သတည်း။ ■

၄

အဖျက်ဝိဇ္ဇာများအကြောင်း

ခပုဂ္ဂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်တစ်ရက်
အာစရိယမူလော်ပွဲတွင် ဟောကြားသော သြဝါဒကထာများမှ -

ရပ်ဝေးဒေသများမှလည်းကောင်း၊ မနီးမဝေးသော ဒေသများမှလည်းကောင်း၊ ပြည်မြို့အနီးအနား တစ်ဝိုက်မှလည်းကောင်း ဝေပုလ္လာရာမ ဆရာတော်ကြီးအား ပူဇော်ကန်တော့ရန်အတွက် ဤယခုကျင်းပလျက်ရှိသော အာစရိယပူဇော်ပွဲအား တက်ရောက်လာကြကုန်သော တပည့်တပည့်မအပေါင်း သူတော်ကောင်းတို့. . . ။

ယခုလို ဆရာတော်အား ပူဇော်ကန်တော့သော ဝါကျွတ်ပူဇော်ပွဲလည်း ကန်တော့ပွဲလည်းဖြစ်သော ဤအာစရိယပူဇော်ပွဲကြီးမှာ တစ်သက်တာမှတ်သားနိုင်ရန်အတွက် အများသူငါ သဘောမပေါက်သေးသော ဝိဇ္ဇာဗိုလ်ရှိများနှင့်ပတ်သက်သော အကြောင်းအရာများထဲမှ ယခုဆရာတော် ဟောကြားမယ့်အကြောင်းက **အဖျက်ဝိဇ္ဇာများအကြောင်း** ပါပဲ။ သေချာစွာ၊ ရိုသေစွာ၊ စိတ်ဝင်စားစွာ မှတ်သားနာယူကြပါကုန်လော့. . . ။

ဝိဇ္ဇာလောကဆိုတာက (၂)မျိုး (၂)စားရှိကြပါတယ်။

(က) ဘုရား၊ ရဟန္တာ၊ အရိယာသူတော်ကောင်းတို့ သံသရာဝဋ်က ကျွတ်လွတ်ပြီး ဘုံ(၃၁)ဘုံမှ လွတ်မြောက်ပြီး သန္ဓိသုခ၊ အသခ်တဓော်၊ မြတ်လှစွာသော နိဗ္ဗာန်တရားကို မျက်မှောက်ပြု၍ ထို ရအပ်၊ ရောက်အပ်ပြီးသော နိဗ္ဗာန်တရားကိုဝင်စံ၍ နိဗ္ဗာန်သို့ ဝင်စံကြွသွားတော်မူကြကုန်သော ဘုရား၊ ရဟန္တာ၊ အရိယာသူတော်ကောင်းတို့၏ လောကုတ္တရာဘုံ၊ အရိယာဝိဇ္ဇာဘုံ၊ အသခ်တဘုံ၊ သန္ဓိသုခဘုံ၊ အမတဘုံ၊ ဘုံသုံးဆယ့်တစ်မှ လွတ်နေသောဘုံ၊ သံသရာဝဲသြဃ စက်ရဟတ်ကြီးထဲမှ လွတ်မြောက်နေသော လောကုတ္တရာဝိဇ္ဇာများ၏ လောကသည် ဇာတိ မရှိ၊ ဇရာ မရှိ၊ ဗျာဓိ မရှိ၊ မရဏ မရှိ၊ သောက မရှိ၊ ဗျာပါဒ မရှိ၊ ပရိဒေဝမရှိ၊ ဥပါယာသမရှိ၊ ဒုက္ခမရှိ၊ ဒေါမနဿ မရှိ၊ မယုတ်မစီး မပျောက်ပျက်နိုင်သော ပရမတ္ထအားဖြင့် ထာဝရ ငြိမ်းချမ်းသော၊ ထာဝရ ချမ်းသာသော၊ ထာဝရ တည်ငြိမ်အေးချမ်းသော၊ နိဗ္ဗာန်သို့ဝင်စံကြကုန်သော နိဗ္ဗာန်ချမ်းသာအပွဲ့အစည်း။

(ခ) ဒုတိယတစ်မျိုးက လောကီဝိဇ္ဇာလောကလို့ ဆိုလိုပါတယ်။ ဒီလောကီဝိဇ္ဇာလောကသည် သံသရာလည်စေတတ်သော လောက၊ သံသရာဝဋ်က မကျွတ်သေးသောလောက၊ ဘုံ (၃၁)ဘုံမှ မလွတ်သေးသော လောက၊ ထိုလောကီဝိဇ္ဇာများသည် တဏှာ၊ ရာဂ၊ လောဘ၊ ဒေါသ၊ မောဟ၊ ဇာတိ၊ ဇရာ၊ မရဏ မကင်းသေးသော(ဝါ) လွတ်ကင်းအောင် မကြိုးစားသေးသော လောက ဖြစ်ပါသည်။ ထိုလောကီဝိဇ္ဇာများသည် ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်နှင့်တကွ ဝိဇ္ဇာမဟိဒ္ဓိတို့ကို ရရှိအောင်မြင်ထားသောကြောင့် နတ်တို့၏ ကမ္မဇိဒ္ဓိကိုပင် လွှမ်းမိုးခြယ်လှယ်နိုင်သောကြောင့် ဤလောကီဝိဇ္ဇာလောကသည် လှပ်ထွေးပွေလီလျက် ရှိနေကြပါသည်။ သို့ပေမဲ့ အကြောင်းတစ်

ခု ခံနေတာက ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း ကြံကြိုက်နေ၍သာ အနည်းငယ် တော်ပေသေး၏လို့ မှတ်ရပါမည်။

သာသနာတော်အတွင်း၌ မကြံကြိုက်ဘဲ သာသနာပကာလအဆိုန်များတွင်မူ ထိုလောကီဝိဇ္ဇာလောကသည် အလွန်ကြောက်စရာ ကောင်းလောက်အောင် ရှုပ်ထွေးပွေလီလှက်ရှိတော့၏။ ဤလောကသည် နဂိုမူလကမှ လောဘ မကင်းသေး၊ ဒေါသ မကင်းသေး၊ မောဟ မကင်းသေးတော့။ ဒီကြားထဲမှာ အတတ်ပညာတွေ၊ သိဒ္ဓိတန်ခိုးတွေက အောင်မြင်ပြီးစီးလာတော့ မာန်တွေတက်၊ ရန်တွေတက်၊ လောဘတွေ တိုးလာ၊ တဏှာတွေ ထကြွလာ၊ တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့် တစ်ဖွဲ့၊ နိုင်လိုမင်းထက်တွေဖြစ်၊ အာဏာတွေပြ၊ ပညာတွေပြ၊ တန်ခိုးချင်းပြိုင်၊ ပညာချင်းပြိုင်၊ အာဏာချင်းပြိုင်၊ သိဒ္ဓိချင်း၊ မဟိဒ္ဓိချင်း၊ အပြိုင်ကြပြီး၊ ရှုပ်ချင်တိုင်းရှုပ်၊ ပွေချင်တိုင်း ပွေလှက်ရှိလေတော့၏။

မှတ်ချက်။ (၁) ဗုဒ္ဓဘုရားရှင်နှင့်တကွ ဘုရားရဟန္တာ၊ အရိယာသူတော်ကောင်းတို့၏ ဝင်စံရာဖြစ်သော နိဗ္ဗာန်သည် (လောက)မှလွတ်ပြီး ဖြစ်သောကြောင့် (လောက)ဟူသော အသုံးအနှုန်းများကို ပယ်၍ နိဗ္ဗာန်ဝင်စံသော အဖွဲ့အစည်းနှင့်သာ(သဘောပေါက်လွယ်အောင်)သုံးစွဲထားခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်လောကဟူ၍ မရှိချေ။

(၂)လောဘတရား၊ ဒေါသတရား၊ မောဟတရား အပြည့်အဝရှိနေပြီး တဏှာ၊ မာန အပြည့်ရှိနေလျက်နှင့် ပြောတိုင်းဖြစ်၊ လုပ်တိုင်းဖြစ်၊ တောင့်တတိုင်း ပြည့်စုံ၊ လိုချင်တာကို ခဏနှင့် ရရှိနိုင်သော မြေလျှိုး၊ မိုးပျံ၊ တန်ခိုးစွမ်

သဘောဖြင့် ဥပမာနှိုင်းပြီး အမှန်စစ်စစ် လောကီဝိဇ္ဇာ တန်ခိုးသာပင်၊ ထိုသို့သော သိဒ္ဓိပညာ၊ မဟိဒ္ဓိပညာ၊ အာကာသပညာများ ရှိလာသည့် အခါ သတ္တဝါအများ၊ ကမ္ဘာ့လူသားများသည် အယူအဆ၊ အတွေးအခေါ်များသည် တစ်ဖက်စောင်းနင်း၊ တစ်ခြမ်းစောင်းနင်း ဖြစ်လာစေရတော့၏။ ထိုအခါ အယူမှား၊ အကျင့်မှား၊ အပြောမှား ဖြစ်စေလေတော့၏။ အကောင်းဘက်ကို အမှန်အတိုင်း မြင်သိသူမှာ အလွန် အလွန်ပင် ရှားပါးလှ၏။ ထို့အတူ အတတ်ပညာကလည်း ရှိနေ၊ လိုတရသည့် ဘဝမျိုးကလည်း ဖြစ်နေ၊ ဘုန်းတန်ခိုးအာဏာ သိဒ္ဓိတွေကလည်း ရရှိနေ။ ထိုအခါများမှာ အမှန်ကိုမြင်နိုင်ခဲတယ်။ အမှန်ကို သိလည်းသိနိုင်ခဲတယ်။ ဟုတ်မှန်တာကို ဆောင်ရွက်ဖို့ထက် မကောင်းတာ၊ မဟုတ်တာကို လုပ်လာဖို့က ပိုပြီး သေချာလာတော့၏။ (သတ္တဝါများ၏စိတ်သည် မကောင်းမှုများတွင် အလွန် ပျော်မွေ့စေတတ်၏)

တည်ငြိမ်သည်၊ အေးချမ်းသည်၊ ငြိမ်းချမ်းသည်၊ ငြိမ်းအေးသည် ဆိုရာ၌ ဘုရားရဟန္တာ၊ အရိယာ သူတော်ကောင်းတို့၏ ကျင့်စဉ်သာ ဖြစ်ပါသည်။ သူတော်ကောင်း ကျင့်စဉ်ဆိုသည်က ရှိပြီးသား လောဘတရားကို နည်းနိုင်သမျှ နည်းပါးအောင်၊ ဒေါသတရားကို နည်းနိုင်သမျှ နည်းပါးအောင်၊ မောဟတရားကိုလည်း နည်းနိုင်သမျှ နည်းပါးအောင် (ဖြစ်နိုင်ပါလျှင် တတ်နိုင်ပါလျှင်၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတရားများ လုံးဝချုပ်ငြိမ်းပြီး လုံးဝကင်းရှင်းနေအောင်) ကျင့်ကြံပွားများ အားထုတ်ရသည်ဖြစ်သောကြောင့် တစ်မဂ်၊ တစ်ဖိုလ်ရလေ၊ တည်ငြိမ်လေ၊ အေးချမ်းလေ၊ ငြိမ်းချမ်းလေ ဖြစ်လာရတော့၏။

တစ်ခြိန်ခြိန်၌ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကိုရ၍ အရဟန္တပုဂ္ဂိုလ်ဖြစ်ပြီးပါက အရာဌာနအားလုံးသည် တည်ငြိမ်သွားတော့၏။ ငြိမ်းချမ်းသွားတော့၏။ အေးချမ်းသွားတော့၏။ ကမ္ဘာနှင့် စကြာဝဠာအားလုံးသည် တည်ငြိမ်သွားတော့၏။ အေးချမ်းသွားတော့၏။ ငြိမ်းချမ်းသွားရတော့၏။ မိမိ၏ခန္ဓာကိုယ်သည် ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏာ ဒုက္ခများမှ ကင်းလွတ်သည်ဖြစ်၍ စိတ်အစဉ်သည်လည်းကောင်း ရွှင်ထွေးပေလိမ့် မရှိနိုင်တော့ပေ။ နိုင်လိုမင်းထက် မရှိနိုင်တော့ပေ။ ကြီးနိုင်ငယ်ညှဉ်းမျိုး မရှိတော့ပေ။ ရွှင်ရွှင်ထွေးထွေး ဘဝမျိုးလည်း မရှိနိုင်တော့ပေ။ ရွှင်ထွေးပေလိသော စိတ်မျိုးလည်း မရှိနိုင်တော့ပေ။

ထို့ကြောင့်ပင်လျှင် ဘုရားရဟန္တာ အရိယာသာဝကတို့သည် မိမိ၏ ဘဝ လမ်းခရီး အဆုံးရောက်အောင် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အသခ်္ဘတဓာတ် နိဗ္ဗာန်ကို မရောက်ရောက်အောင် ကြိုးစားဆောင်ရွက် အားထုတ်လျက် ရှိသည်ဖြစ်သောကြောင့် လောကီကိစ္စဗဟုကိစ္စ၊ အမြော အမြောများအား ဥပေက္ခာပြု၍ မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာ၊ နိဗ္ဗာနချမ်းသာ၊ နိဗ္ဗာန်ချမ်းသာများကိုသာဝင်စား၍ အာရုံပြု၍ မျက်မှောက်ပြုလျက် ရှိနေပါသောကြောင့် ဘုရား၊ ရဟန္တာ၊ အရိယာသာဝကများသည် တည်ငြိမ်လွန်းလှ၏။ အေးချမ်းလွန်းလှ၏။ ငြိမ်းချမ်း လွန်းလှ၏။ ထို့ကြောင့် ပြောဖွယ်ရာမရှိ၊ ဆိုဖွယ်ရာ မရှိ၊ ဝေဖန်စရာမရှိ၊ မလေးမစား မပြုကောင်း၊ မထေမဲ့မြင် မပြုကောင်း၊ လှောင်ပြောင်၍ မပြောကောင်း၊ မဝေဖန်ကောင်း၊ အမြဲထာဝရ လေးစားကြကုန်ရာ၏။ အမြဲထာဝရ ရှိခိုးဦးခိုက် ကန်တော့ထိုက်လှ၏ဟူ၍ မှတ်သားထားသင့်လှ၏။

လောကီဝိဇ္ဇာများက ထိုသို့မဟုတ်ပါပေ။ လောဘတရား၊ ဒေါသတရား၊ မောဟတရား၊ မာန်မာနတရားများ ရှိနေသေးသည့်အတွက် ရှိပေါက်မြောက်ပြီးစီးနေသော သိဒ္ဓိများ၊ တန်ခိုးများ၊ ပညာများသည် လည်း နိဗ္ဗာန်ရောက်ကြောင်းတရား မဟုတ်သောကြောင့် တစ်ဦးနှင့် တစ်ဦး တစ်ပါးနှင့်တစ်ပါး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်အဆိုင် အနိုင်အရှုံးများဖြင့် ရွှင်ထွေးပေလိလျက်ရှိနေပါတော့၏။ ထို့အပြင် ဒီလောကီ ပညာရပ်

များ၊ သိဒ္ဓိများ၊ မဟိဒ္ဓိများ၊ တန်ခိုးများကို ငါတို့သာ ရအောင်ယူထားမယ်။ သိုဝှက်ထားမယ်။ သိမ်းဆည်း ထားမယ်။ ဒါတွေကို ဘယ်သူကိုမှ မပေးနိုင်ဘူး။ မဝေ ငှနိုင်ဘူး။ ဒီနေရာကို ရလာမယ်၊ ရောက်လာမယ်. ပုဂ္ဂိုလ်မှန်သရွေ့ အရောက်မခံတာ၊ အဝင်မခံတာ၊ အလာမခံတာ၊ အထိမခံတာ၊ ထိလာ ရောက်လာခဲ့ရင် ဖျက်ဆီးပစ်တာ၊ လှည့်စားပစ်တာ၊ အသေသတ်ပစ်တာများအထိ သဲသဲမဲမဲ တိုက်ခိုက်ဖျက်ဆီးတတ်တာသည် အဖျက်ဝိဇ္ဇာများပင်ဖြစ်၏။ ထို အဖျက် ဝိဇ္ဇာများသည် နေရာတကာအနံ့၊ တောတောင်ရော၊ မြို့ရွာပါမကျန် ရှိနေကြကုန်၏။

အချို့အချို့သော အဖျက်ဝိဇ္ဇာများသည် (ကိုယ့်ထက်သာ မနာလိုသော စိတ်များပြားလှသည်) ဖြစ်ပါ၍ မိမိထက် အတတ်ပညာများသာလွန်သွားမှာ အလွန်ကြောက်ရွံ့. စိုးရွံ့ကြကုန်၏။ မိမိတို့ထက် သိဒ္ဓိတန်ခိုး၊ မဟိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး သာလွန်သွားမှာကို လုံးဝမလိုလားပါခေ။ ထို့ကြောင့်ပင် မိမိတို့ထက် သိဒ္ဓိတန်ခိုး၊ ပညာတန်ခိုး၊ မဟိဒ္ဓိတန်ခိုး သာလွန်နိုင်သည့် ပုဂ္ဂိုလ်များအား နည်းအမျိုးမျိုး၊ ပရိယာယ်အမျိုးမျိုးနှင့် နှောင့်ယှက်ဖျက်ဆီးတတ်ကြလေကုန်၏။ ထိုကဲ့သို့ နှောင့်ယှက် ဖျက်ဆီးတတ်ခြင်းကြောင့် သူကို **အဖျက်ဝိဇ္ဇာခေါ်**ခြင်းဖြစ်ပါသည်။ ထိုအဖျက်ဝိဇ္ဇာများသည် လောကီဝိဇ္ဇာဘက်ရော၊ လောကုတ္တရာဝိဇ္ဇာလမ်းကို တက်လှမ်းနေသော ပုဂ္ဂိုလ်များပါ အခါအခွင့် သင့်လျှင် သင့်သလို၊ အခွင့်အရေးရလျှင် ရသလို၊ ကြံကြိုက်လျှင် ကြံကြိုက်သလို ဖျက်ဆီးတတ်ပါသည်။ အနိုးကပ်ဆုံး အဖျက်အဆီးတချို့ကို ရှင်းပြပါဦးအံ့။

(၁) လောကုတ္တရာဝိဇ္ဇာလမ်းတွင် တစ်မင်၊ တစ်ဖိုလ်ရရန်အတွက် ကမ္မဋ္ဌာန်းတရားအားထုတ် ကြိုးစားနေသော ယောဂီများ၊ ရဟန်းသံဃာများအား သမာဓိမရအောင် ဖျက်ဆီးခြင်း၊ ဉာဏရသမာဓိ မရအောင်၊ အပ္ပနာသမာဓိမရအောင် ဖျက်ဆီးခြင်း၊ တရားထိုင်ရာ အားထုတ်ရာ ပါဒဖူစင်ကျောလောက်အောင်

စိတ်ကိုလေလွင့်စေခြင်း၊ ရူးသွပ်အောင် စိတ်မမှန်အောင် ဖျက်ဆီးခြင်း။

(၂) ဝိပဿနာတရားတွင် နာမရူပပရိစ္ဆေဒဉာဏ် အဆင့်မှစ၍ ဉဒယဗ္ဗယဉာဏ်ကြားတွင် ထင်ယောင်ထင်မှားဖြစ်အောင် ဖျက်ဆီးခြင်း (ဥပမာ) မဂ်မဟုတ်သည်ကို မဂ်ဟုထင်စေခြင်း၊ ဉဒယဗ္ဗယဉာဏ် မဟုတ်သည်ကို ဉဒယဗ္ဗယဉာဏ်ဟု ထင်မြင်စေခြင်း၊ ဝိပဿနာ၏ အညစ်အကြေး၊ အရောင်၊ အလင်း၊ အဆင်းနိမိတ်များကို စွာန်ဟု၊ မဂ်ဟုထင်စေခြင်း စသည်များသည် အဖျက်ဝိဇ္ဇာများ၏ ဖျက်စီးမှုပင်ဖြစ်၏။

ဥပမာ- ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကို ဖော်ပြပါဦးအံ့. . ။

ဘုန်းကြီး၏ ပထမကျေးဇူးရှင် ရွှေဥမှင်တောရဆရာတော်သည် ရဟန်းသိက္ခာ(ဝါ၂၀)ခန့်က ညဘက်တွင် သမထတရား အားထုတ်စေရာတွင် သမထအာရုံထဲ၌ ပိတ်ပြူစင်ကြယ်နှင့် လက်တစ်ဖက်မှာလည်း တောင်ဝှေးနှင့် စိပ်ပုတီးကိုင်လျှက်ပေါ်လာတော့ စိတ်ထဲမှ ဆရာတော်က မေးလိုက်တယ်၊ "ဒါဘယ်ပုဂ္ဂိုလ်လဲ"လို့ မေးလိုက်တယ်။ ထိုအခါ ပိတ်ပြူစင်ကြယ်နှင့်ပုဂ္ဂိုလ်က "ငါပထမံဘိုးဘိုးအောင်ပဲ" လို့ပြန် ဖြေတယ်။ ဘာကိစ္စ၊ ဘာအကြောင်းကြောင့်လာတာလဲလို့ မေးလိုက် တော့. . "အရှင်ဘုရား ဒီနည်းအတိုင်း ညမအိပ်ဘဲ၊ ညကို မကျိန်း စက်ဘဲ ရက်ပေါင်း ၄စရက်စေ့အောင် အားထုတ်ပါ။ ၄၉ ရက်နေ့မှာ အရှင်ဘုရား ကောင်းကင်ကို ပျံနိုင်ပါလိမ့်မယ် အာကာသသိဒ္ဓိ ပေါက်ပြီလို့ မှတ်ပါဘုရား" လို့ ဆရာတော်ကြီးကို လျှောက်ထားပြီး ပျောက်ကွယ် သွားတာပေါ့လေ။ ဒါနဲ့ဆရာတော်ကြီးလည်း အမှန်တကယ် ပဲ ပထမံဘိုးဘိုးအောင်ကိုယ်တိုင် ကမ္မဋ္ဌာန်းနိမိတ်ထဲမှာ လာပြောတော့ အဟုတ်မှတ်တာပေါ့။ "ဟန်ကျတာပဲ၊ ငါကြိုးစားပြီး ၄စ ရက်စေ့အောင် ညဘက်ကိုလုံးဝမအိပ်ဘဲ ကြိုးစားပြီး အားထုတ်တော့ မယ်ပေါ့"။ ဒီလိုဆုံးဖြတ်ပြီး ဆရာတော်ကြီးက သွားစိတ်ကူးနဲ့သူ သုဘတွေးနဲ့သူ သဘောတွေကျပြီး၊ ဝမ်းသာအားရနှင့် နေ့မအား၊ ညမအား ကြိုးစား

အားထုတ်လာတာ ရက်ပေါင်း (၄၅)ရက်စေ့တော့တစ်ခါ၊ အာရုံနိမိတ်ထဲမှာ ပထမံဘိုးဘိုးအောင်က ပေါ်လာပြန်တယ်တဲ့. . ။

ဒါနဲ့ ဆရာ တော်ကြီးလည်း ကမ္မဋ္ဌာန်းအာရုံနိမိတ်မှာ ပေါ်နေတဲ့ ပထမံဘိုးဘိုးအောင်ဆိုသူကို အသာစိုက်ကြည့်နေလိုက်တယ်။ ဘာများထပ်ပြောဦးမလဲပေါ့။ ဒီလိုတွေးပြီး ကြည့်နေလိုက်ရာ နိမိတ်ထဲက ပထမံဘိုးဘိုးအောင်က- " ဆရာကြီး ငွဲမလျှော့နဲ့နော်၊ နောက် ဥရက်စေ့လျှင် အာကာသသိဒ္ဓိနဲ့ ကောင်းကင်ကို ပျံနိုင်တော့မှာဘုရား။ တပည့်တော်နောက် လာတွေ့နိုင်မှာမဟုတ်တော့ဘူး။ အခုတစ်ခါတည်းပဲ လျှောက်ထားခဲ့ပါတယ်ဘုရား။ အဓိဋ္ဌာန်ရက်လည်း ၄၈ ရက် စေ့တော့မှာဆိုတော့ တပည့်တော်တစ်ခါတည်း နှုတ်ဆက်ခဲ့ပါတယ်ဘုရား၊ တပည့်တော်ကို သွားခွင့်ပြုပါ" ဟုလျှောက်ထားပြီး အာရုံနိမိတ်ထဲမှာပဲ ပျောက်ကွယ်သွားရော။

ထိုအခါမှာ ဆရာတော်ကြီးက အလွန်အားရဝမ်းသာဖြစ်နေတာပေါ့။ ဒီလို တိတိကျကျ လာရောက်လျှောက်ထားတော့ သေချာပြီ။ ဒါအဟုတ်ကိုသေချာပြီ၊ ရက်ကလည်း ကပ်နေပြီ။ ငါတော့ အာကာသသိဒ္ဓိပေါက်တော့မယ်ပေါ့။ ဆရာတော်ကြီးက အတော်အားရကျေနပ်နေတာ အကွန်ပ်က ဆရာတော်ကြီးအား ဝတ်ဖြည့်ဖို့ အနီးကပ်ရောက်နေရင်လည်း ဆရာတော်ကြီးက ပထမံဘိုးဘိုးအောင် လာသွားကြောင်း၊ ငါ့ကို ဒီလိုဒီလိုအမိန့်ရှိ သွားကြောင်း၊ အခုဆိုရင် ရက်ကလည်း ၄၈ ရက်ပြည့်တော့မှာ ဖြစ်ကြောင်း၊ " ငါတော့ ဒီတစ်ခါတော့ အာကာသသိဒ္ဓိပေါက်မှာအမှန်ပဲ "လို့ ပြောဆိုအမိန့်ရှိပါတော့တဲ့။ ဤတွင်အကွန်ပ်က " ဟုတ်မှလဲလုပ်ပါ။ ဆရာတော်ကြီးရာ။ တော်ကြာ ကောင်းကင်ကနေ ပြုတ်ပျက်ကျနေမှဖြင့် ဒုက္ခများပါဦးမယ်" လို့ ကွန်ပ်က လျှောက်ထားလိုက်ပါသည်။ ဤတွင်ဆရာတော်ကြီးက စိတ်တိုလာလျက် " မင်းအသာနေစမ်းပါကွာ၊ မင်းပြောသလိုတော့ ဖြစ်မယ် မထင်ပါ ဘူးကွ၊ အခုကိစ္စက ပထမံဘိုးဘိုးအောင်က တိတိကျကျကြီး လာပြောထားတာက သူပြောသလို ငါတော့ ကောင်းကင်ပျံနိုင်မှာ သေချာပါတယ်

ကွာ၊ မင်းတွေ့ကရာတွေ လျှောက်ပြောမနေစမ်းပါနဲ့ဟ "လို့ အကျွန်ုပ်ကို ဆုပါတော့တယ်။ အကျွန်ုပ်လည်း ဆရာတော်ကြီး မကြိုက်နှစ်သက်မှန်းသိ၍ ဘာမှပြန်မပြောတော့ဘဲ အသာပင်ဆိတ်ဆိတ်နေလိုက်ပါတော့၏။ အကျွန်ုပ်၏စိတ်ထဲမှာတော့ "ကောင်းကင်ဗျဲ နိုင်ရင် တော့တော်သေးရဲ့၊ မဗျဲနိုင်ပဲ မြေကြီးပေါ် ပြုတ်ကျမှ ဒုက္ခ၊ အရှက်ကွဲဦးမယ်၊ ဆရာတော်ကြီးက ခက်တာပဲ" လို့ စိတ်ထဲကတွေးရင်း၊ စဉ်းစားရင်းနှင့် ဆရာတော်ကြီးအား ဝတ်ဖြည့်ပြီး မိမိကျောင်းသို့ ပြန်လာပါတော့၏။

သို့နှင့်စုစုပေါင်း အဓိဌာန်ရက်ပေါင်း ၄၈ရက်စေ့၍ ၄၉ ရက်မြောက်သောနေ့တွင် အကျွန်ုပ်လည်း နောက်ကဆွမ်းထမ်းသော ဟန်မောင်ကိုခေါ်၍ စစ်တပ်ဘက်သို့ ဆွမ်းခံကြွခဲ့ပါတယ်။ နံနက် (၁၀)နာရီခွဲသာသာမှာ ဆွမ်းခံကပြန်ရောက်တော့ သတင်းက ဆီးကြိုနေပါတယ်။ နံနက် (၉)နာရီလောက်က ဆရာတော်ကြီးသည် သူ့ကျောင်းဝရံတာမှနေပြီး သက်နှံးကိုခါးတောင်းကျိုက်ပြီး ခုံချလိုက်ရာ ခြေထောက်တစ်ဖက်၊ အရိုးမျက်ပြီး အကြောထုံးသွားတယ်။ ပေါင်အရိုးလည်းနည်းနည်း အက်သွားသည်ဟူ၍ သတင်းကြား လာရပါတော့၏။ ကျောင်းထဲရောက်တော့ ယောဂီမကြီးဒေါ်သုတက အကျွန်ုပ်ကို အားပါးတရ ပြောဆိုလျှောက်ထားနေပါတော့၏။ အကျွန်ုပ်လည်း ဆွမ်းခံကပြန်လာတာဖြစ်လို့ ချွေးသုတ်၊ သက်နှံးများကို လွှားပြီး၊ သက်နှံးတစ်စုံကိုလဲကာ ယပ်တောင်တစ်ချောင်းနှင့် အမောဖြေရင်း ဆရာတော်ကြီးအကြောင်းကို တွေးနေမိပါတော့၏။ ဆရာတော်ကြီးကို သနားလည်းသနားမိပါသည်။ ဖြစ်မှဖြစ်ရလေဟုလည်း စိတ်ထဲမှ ရေရွတ်နေမိတော့၏။ သို့နှင့် မကြာလှပါ။ ဆရာတော်ကြီးကျောင်းမှ ဆရာဝန်နှင့် သူနာပြုဆရာမတို့အဖွဲ့. ပြန်လည်ထွက်ခွာသွားတာကို ကြည့်ရင်း"တို့ဆရာတော်ကြီးကို အဖျက်ဝိဇ္ဇာတစ်ပါးပါးက ပထမဲဘိုးဘိုးအောင်အယောင်ဆောင် ပြီးလိမ်လည်လှည့်ပတ်ပြီး လာဖျက်ဆီးတာသာဖြစ်မယ်"ဟုတွေးရင်း၊ စဉ်းစားရင်းဖြင့် နေ့ဆွမ်းစားပြီးနောက် ဆရာ

တော်ကြီးကျောင်းပေါ် သို့ တက်သွားပြီး နေသာထိုင်သာရှိ၏၊ မရှိ၏။ ဆရာက မည်ကဲ့သို့ ကုသပေးသွားသည်တို့ကို မေးမြန်းလျှောက်ထားရင်း ဆရာတော်ကြီးသည် မျက်နှာမသာမယာနှင့် စိတ်ဆိုးစိတ်တိုလျက်ရှိပြီး၊ အကျွန်ုပ်အားကြည့်၍ " ဝေပုလ္လကြီး။ မင်းပြောတာမှန်တယ်ဟေ့-ငါတော့ ဝိဇ္ဇာလိမ်တာ၊ ဒီတစ်ခါခံရတာပဲကွ၊ ခွေးမသားဝိဇ္ဇာတွေ၊ ဒါပထမံဘိုးဘိုးအောင်တော့ မဖြစ်နိုင်ဘူးကွ၊ ဒါ အဖျက်ဝိဇ္ဇာ တစ်ဦးဦးက ပထမံဘိုးဘိုးအောင် အယောင်ဆောင်ပြီး ငါ့ကိုသက်သက် ချောက်တွန်းတာဖြစ်မှာပဲ ထင်တယ်ဟေ့" ဟု စိတ်ဆိုးဆိုးနှင့် အကျွန်ုပ်ကို အမိန့်ရှိနေပါသည်။ ဆရာတော်ကြီး စိတ်တိုလာသည့်အခါ မည်သူမှ အနားမကပ်ရဲပေ။ ပြောစရာရှိလျှင်လည်း ပြတ်ပြတ်သားသား ပြောဆို တတ်ပါသည်။

မှတ်မိပါသေးသည်။ ဆရာတော်ကြီး ဦးဇင်းတွေ ကိုရင်တွေကို စာချလျှင် ပို၍ကြောက်စရာ ကောင်းပါသည်။ စာကို ဥခေါက်လောက် စာချပေးလျှင် ရလျှင်ရ၊ မရလျှင် အသံခပ်ကျယ်ကျယ်နှင့် ဆူဆဲတော့၏။ ဒါမှစာချက စာရလျှင်ရ၊ မရလျှင် နီးစပ်ရာ စာအုပ်များဖြင့် ကောက် ပေါက်တော့၏။ ဤမျှ စိတ်တို၊ စိတ်ဆတ်၏။ သို့နှင့် အကျွန်ုပ်သည် ဆရာတော်ကြီး၏ ခြေထောက်ခြေဆစ်နေရာများကို သေချာစွာ ကိုင်ကြည့်ပြီး " တော်သေးတာပေါ့။ ဆရာတော်ကြီးရာ၊ ခြေထောက် မကျိုးတာပဲ တော်သေးတယ်။ ကျိုးများကျိုးရင် ဆရာတော်ကြီး အနည်းဆုံး ခု လနဲ့ မပျောက်ချင်ဘူး၊ လူလည်းငြိမ်ငြိမ်နေရတယ်။ ဟိုကြွ၊ ဒီကြွ ကြွလို့မရတော့ဘူး။ ပထမံဘိုးဘိုးအောင်အစစ်ကတော့ ဒီလိုဘယ်လုပ်ပါ့မလဲဘုရား၊ တပည့်တော် ထင်ကြည့်တာပါဘုရား။ ဒါက အဖျက်ဝိဇ္ဇာတစ်ပါးပါးက ပထမံဘိုးဘိုးအောင် အယောင် ဆောင်ထားပြီး ဆရာတော်ကြီးကို ဒုက္ခရောက်အောင် လာလုပ်တာ သာ ဖြစ်နိုင်ပါတယ်ဘုရား" ဟု လျှောက်ထားလိုက်ပါသည်။ တံ့အခါ ဆရာတော်ကြီးသည် စိတ်တို၍ ဒေါသဖြစ်လျက်ဖြင့် အသံခပ်ကျယ် ကျယ်ဖြင့် ဝိဇ္ဇာများကို ငါနဲ့ငါနဲ့ ခွကန်ဆဲဆို ကြိမ်းမောင်းနေပါတော့၏။

အကျွန်ုပ်လည်း ဆရာတော်ကြီး၏ဖြစ်ပုံကို ကြည့်ပြီး ငိုအား ထက်၊ ရယ်အားသန်ကာ အသာအယာပင်ပြုံးရယ်၍ မိမိကျောင်းဇရပ်သို့ ပြန်လာ ခဲ့ပါတော့၏။ ဤကား အကျွန်ုပ်၏ ကျေးလူးရှင် ရွှေဥမင်တောရ ဆရာတော်ကြီး ကိုယ်တိုင်ခံလိုက်ရသော အဖျက်ဝိဂ္ဂတို့၏ နည်းပရိယာယ်ပါပါ နှောင့်ယှက်ဖျက်ဆီးမှုပင် ဖြစ်ပေတော့၏။ အကျွန်ုပ်သည် ဆရာတော်ကြီးနားတွင် အနီးကပ် ဆည်းကပ်ခစားနေရသောကြောင့် ထို အဖြစ်အပျက်များကို အစမှအဆုံးတိုင် သိထားနေခြင်း ဖြစ်ပေတော့၏။

ထို့အတူ အကျွန်ုပ်ကိုယ်တွေ့ ဖြစ်ရပ်တစ်ခု ရှိပါသေးသည်။ ထိုပုဂ္ဂိုလ်က ပေါင်းတည်မြို့၊ (၁၁)လမ်းမှာ နေထိုင်သော တကာကြီး တစ်ဦးဖြစ်ပါသည်။ အကျွန်ုပ်သူ့ကို သိကျွမ်းသောအခိုန်သည် သူ့အသက်(၇၀)ကျော်ပြီဖြစ်ပါသည်။ သူမှာ ဇနီးမယားရော၊ သားသမီး အကြီးတွေပါ ပြည့်စုံစွာရှိကြပါ၏။ သူအမည်နာမကို(ဖော်ပြ၍ မသင့်တော်သောကြောင့်)မဖော်ပြတော့ပါ။ ထိုတကာကြီးသည် အကျွန်ုပ်နှင့် ရွှေဥမင်တောရကျောင်းတွင် ရက်ကြာကြာအဓိဋ္ဌာန်ဝင်၍ အကျွန်ုပ်နှင့် တစ်ကျောင်းထဲတွင် အတူတကွနေထိုင်၊ သီတင်းသုံးဖူး၏။ ထိုတကာကြီးသည် ရွှေဥမင်တောရသို့ ခရာခရာ၊ လာရောက်၍ အကြိမ်ပေါင်းများစွာ အဓိဋ္ဌာန်ရက်ဖြင့် ဥပုသ်သီတင်း သီလဆောက်တည်နေကျဖြစ်၍ အကျွန်ုပ်နှင့် လည်း ရင်းနှီးနေတော့၏။ ထိုအခိုန် ထိုအခါတုန်းက လွန်ခဲ့သော အနှစ် (၄၀)နီးပါးကဖြစ်ပြီး၊ အကျွန်ုပ်သည်ပင်လျှင် ရဟန်းငယ်သက္ကာ (၆)ဝါသာရှိသေး၏။ တစ်နေ့ ထိုပေါင်းတည်မြို့မှ တကာကြီးသည် ရွှေဥမင်တောရကျောင်းတွင် ရက်ပေါင်း (၁၀၈)ရက် ဥပုသ် သီလဆောက်တည်ပြီး အာနာပါနကမ္မဋ္ဌာန်းတရား အားထုတ်မည်ဆို၍ အကျွန်ုပ်မှာ ဝမ်းသာအားရ ကြိုဆိုရပါသည်။ ထိုတကာကြီးသည် အကျွန်ုပ်နေထိုင်သော ကျောင်းဇရပ်မှာပင် အကျွန်ုပ်နှင့်အတူတကွ နေထိုင်၍ တရားအလုပ်ကို လုပ်နေခြင်းဖြစ်ပါသည်။

(သူ့အမျိုးသမီးက စေ့းဆိုင်ဖွင့်ထားပြီး၊ စေ့းရောင်းပါတယ်၊ သမီးတွေကလည်း သူ့အလုပ်နှင့်သူ ရှိကြပြီးသားဖြစ်သောကြောင့်

စားရေး၊ သောက်ရေး၊ စီးပွားရေး၊ ငွေရေးကြေးရေးကစ၍ ဘာမှပူစရာ မရှိပေ။ အားလုံးက သူ့အလုပ်နှင့်သူ ဦးဆောင်လုပ်ကိုင်နေတာဆိုတော့ ဒီတကာကြီးက အားလပ်နေတာပေါ့)

ဒီတော့ ဒီတကာကြီးက အားနေတာကများတော့ ဇနီးမယားနဲ့ သားသမီးတွေကလဲ- "အဖေ တရားသာအားထုတ်ပါ။ အဖေအား နေတာပဲ။ တရားအလုပ်ကိုသာလုပ်ပါ။ အေးအေးဆေးဆေးပဲ။ နောက် ကြောင်း ဘာမှပူစရာမလိုဘူး" တုဆိုလာပါသည်။ ဒီတော့ ဒီပေါင်းတည် က တကာကြီးဟာ ဥပုသ်စောင့်လိုက်၊ တရားထိုင်လိုက်နဲ့ အဆင်ပြေနေပါ၏။ ထိုသို့ ဥပုသ်သီလစောင့်လိုက်၊ အဓိဌာန်ဝင်၍ တရားအားထုတ်လိုက်နှင့် တစ်နေ့ညနေဘက်တွင် ခေတ္တခဏ အနားယူ၍ နားနေခိုက် ရေနွေးကြမ်းတစ်အိုးနှင့် ရေနွေးသောက်ရင်း စကား ပြောဆိုနေခိုက် ပေါင်းတည်မြို့မှ တကာကြီးသည် သူတရားထူးရကြောင်းကို အကျွန်ုပ် အား လျှောက်တင်နေပါသည်။

" ဆရာတော်ဦးဝေပုလ္လ. . . တပည့်တော် သူများကို ပြောလို့ တော့ ဖြစ်မယ်မဆင်ဘူး။ အခုတပည့်တော် တရားထူးရနေပြီ၊ ဒါ အရှင်ဘုရားကို ကိုယ့်လူရင်းမို့၊ ကိုယ့်ဆရာသမားလို ခင်မင်လို့ တပည့် တော် လျှောက်တာပါဘုရား" ဟုကျွန်ုပ်အား လျှောက်ထားပါသည်။ ထိုအခါ အကျွန်ုပ်က- "ဟာ တကာကြီး ခင်ဗျားလျှောက်စရာရှိတာ လျှောက်ဗျာ။ ခင်ဗျားဟာက စကားပလွင့်ခံနေတာက ကြာနေတာ" ဟု အကျွန်ုပ်က တကာကြီးကို ပြောလိုက်ပါသည်။ ဤတွင် ပေါင်းတည်မြို့မှ တကာကြီးသည် တောင်ကြည့်မြောက် ကြည့်ကြည့်ပြီး အကျွန်ုပ်အား -"ဆရာတော် ဦးဝေပုလ္လ၊ တပည့်တော် တရားထူးရနေပြီ၊ တပည့်တော် တရားထိုင်တဲ့အခါမှာ ခန္ဓာကိုယ်က ကြမ်းမှာရှိတဲ့ ခင်းထားတဲ့ ဖျာနဲ့ တစ်တောင်ခန့် လွတ်လွတ်နေတယ်။ အောက်ကကြမ်းပြင်နဲ့ အောက်ပိုင်း တင်ပါးနဲ့ တစ်တောင်လောက်ကို မြောက်တက်နေတယ် ဘုရား။ ပြီးတော့ နားထဲမှာလည်း ကြားနေရတယ်၊ မင်းစျာန်ရနေပြီ၊ စျာန်ပုံလို့ ရနေပြီ၊ စျာန်ပုံပါတော့လား"လို့ နားထဲမှာလည်း ကြားကြားနေ ရတယ်ဘုရားလို့

လျှောက်ထားပါသည်။ အကျွန်ုပ်သည် ထိုတကာကြီး လျှောက်တာများကို စိတ်ထဲမှ တွေးနေရင်း၊ စဉ်းစားရင်းဖြင့် -

" ခင်ဗျား တကာကြီး၊ အရမ်းအရမ်းတော့ မဆုံးဖြတ်နဲ့နော်၊ ဒါတွေက ယုံရတာမဟုတ်ဘူး၊ အဖျက်ဝိဇ္ဇာကမှန်းမသိ၊ လမိုင်းကမှန်းမသိ၊ ဘပဲကျွပ်က ပြောတတ်တာ၊ ဒီကိစ္စတွေဘက်က ကျွပ်က ငယ်သေးတော့ မကျွမ်းသေးဘူး။ ဒီတော့ ခင်ဗျားဆရာတော်ကြီးဆီသွားပြီး အစစ်ဆေးခံပြီး လျှောက်ထားကြည့်ပါလား" ဟု အကြံဉာဏ်ပေးလိုက်ပါတော့တ်။

သို့ပေမဲ့ ဆရာတော်ကြီးထံသွားပြီး လျှောက်တင်သည်ဟူ၍ကား မကြားသိရပါ။ ရက်များမကြာမီ အစိဋ္ဌာန်ရက်စေ့၍ ဆရာတော်နှင့်တကွ ကျောင်းရှိသံဃာများ၊ ယောဂီမများအား နှုတ်ဆက်ပြီး ပြန်သွားပါတော့တ်။ ပေါင်းတည်မြို့မှ တကာကြီးပြန်သွားပြီးနောက် အကျွန်ုပ်သည်လည်း ကျောင်းဝင်းတ်ဝေယျာဝစ္စများ၊ ဆွမ်းခံရေးကိစ္စများ၊ တရားအစိဋ္ဌာန်ဝင်ရေးကိစ္စများကို ဆရာတော်ကြီးထံ လျှောက်ထားရင်းဖြင့် ရက်တကုန်မှန်းမသိ ကုန်သွားရာ (၂)လခန့် ကြာသွားခဲ့ပါသည်။ နောက်မနက်မိုးလင်းတော့ အရုဏ်ဆွမ်းစား၊ ဆွမ်းဟင်းခွက်များပြင်၍ ဆွမ်းချိုင့်နှင့်တကွ ဆွမ်းထမ်းသောတကာ မောင်ဟန်မောင်ကိုခေါ်ပြီး စစ်တပ်ဘက်ကို ဆွမ်းခံထွက်ခဲ့ပါတော့တ်။ ဆွမ်းခံပြီး၍ နံနက် (၁၀)နာရီသာသာတွင် အကျွန်ုပ်တို့ ဆွမ်းခံအဖွဲ့သည် ရွှေဥမင်တောရကျောင်းဝင်းထဲသို့ ပြန်ဝင်ခဲ့ပြီး၊ သက်နံးများလဲ၊ ခန္ဓာကိုယ်မှချွေးများ သုတ်၍ ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ရင်း အမောဖြေလျက်ရှိပါတ်။

ထိုအခိုက် ဆရာတော်ကြီးတ်ကျောင်းမှ ရှိုက်ကြီးတငင် ငိုကြွေးနေသော အသံများကိုကြားရ၍ အကျွန်ုပ်လည်း ဆရာတော့်ကျောင်းပေါ်သို့ တက်သွားခဲ့မိတ်။ ဆရာတော်ကြီးတ်ရှေ့မှာ ပေါင်းတည်မြို့မှ တရားအားထုတ်သော တကာကြီးတ်မိသားစုများ ငိုကြွေးနေသည်ကို တွေ့မြင်ရတော့တ်။ ဆရာတော်ကြီးသည် ထိုင်နေရာမှ အကျွန်ုပ် ကျောင်းပေါ်သို့ တက်လာသည်ကိုမြင်ရ၍ ဆရာတော်ကြီးက အကျွန်ုပ်အား

လုပ်၍-

"ဟ. ဝေပုလ္လကြီး ဒီမှာ ပေါင်းတည်မြို့က မင်းရဲ့ တကာကြီး ကွယ်လွန်အနိစ္စရောက်လို့ သူမိသားစုက ဒီမှာလာပြီး အကျိုးအကြောင်း လာပြီး လျှောက်ထားနေတယ်ဟေ့"

အကျွန်ုပ်လည်း ဆရာတော်ကြီးဆီမှ အသံကိုကြားသိလိုက်ရတော့ အတော်ပင် အံ့သြခြင်း၊ တုန်လှုပ်မိခြင်းဖြစ်မိပါတော့၏။ ဘယ်လို လုပ်ပြီး ကွယ်လွန်အနိစ္စရောက်ရတာလဲ၊ ဒီကပြန်သွားတာ အကောင်းကြီးပဲ၊ ဘာရောဂါမို့လို့လဲဟု အကျွန်ုပ်စဉ်းစားတွေးတောရင်း-

" ဒါက ဘယ်လိုဖြစ်ကြတာလဲတဲ့။ ဒီကျောင်းက ပြန်သွားတုန်းကတော့ အကောင်းကြီးပဲ။ အံ့သြဖို့ ကောင်းလိုက်တာ၊ ကိုယ့်နားတောင် ကိုယ်မယုံစရာပါပဲ" ဟု အကျွန်ုပ်က မေးလိုက်ပါတော့သည်။

ဤတွင် ပေါင်းတည်မြို့မှ ကွယ်လွန်အနိစ္စရောက်သွားသော တကာကြီး၏ ဇနီးလုပ်သူက ငိုလျက်- " ညည တစ်ညလုံး တရားထိုင်ပါတယ်ဘုရား။ မနက်ဖက်ဆိုရင် တပည့်တော်မတို့ သူ့သမီးတွေကို ပြောပြီဘုရား။ အဖေတော့ စွာန်ရနေပြီ၊ အဖေ့ခန္ဓာကိုယ်နဲ့ အောက်က ကြမ်းပြင်နဲ့ တစ်တောင်လောက်မြောက်၊ မြောက်တက်နေတယ်" လို့ ပြောပြောနေပါတယ် ဘုရား။ တည့်တော်မတို့ကလည်း ညဘက်တရား ထိုင်တော့ အိပ်ရေးပျက်တာများလို့ စကားတွေ တောင်ပြော မြောက်ပြော ပြောနေတာပဲဆိုပြီး သူ့ကိုအိပ်လို့ပေါ်အောင် မြန်မာနှုံးသည်းခြေဆေးတွေဝယ်ပြီး တိုက်ပေးပါတယ်ဘုရား။ ဒါပေမဲ့ ဆေးကျတော့ သူက မသောက်ဘူး။ ဆေးသောက်မည်ကြံလျှင် " ငါဘာဖြစ်လို့လဲ၊ ငါက အကောင်း၊ နင်တို့က ငှါကိုရှုးနေတယ်များ မှတ်လား။ ငှါကို ဒီဆေးတွေ လာပြီး မတိုက်ကြနဲ့။ ငါရဟန္တာဖြစ်နေပြီ၊ ငါစွာန်ရနေပြီ"။

ဒီစကားကိုပဲ ထပ်ခါတစ်လဲလဲ ပြောနေတာပါပဲဘုရား။ ဒါနဲ့ တစ်ပတ်ခန့် ကြာတော့၊ မနက်အိပ်ယာကအထ ထမင်းကြမ်းနဲ့ အသုတ်နဲ့ ထမင်းစား၊ ရေနွေးသောက်နဲ့ နေပြီးကာမှ မိသားစုအားလုံးကို အိမ်

အပေါ်ထပ်ကို အကုန်လာခဲ့ကြ၊ ငါနောက်က လိုက်လာခဲ့ကြလို့ ခေါ်ပြီး အိမ်အပေါ်ထပ်ကို တက်သွားပါရောဘုရား။ ဒီတော့ တပည့်တော်မတို့ မိသားစုအားလုံးလည်း သူနောက်ကလိုက်ပြီး အိမ်အပေါ်ထပ်ကို တက်လိုက် သွားရတာ ပေါ့ဘုရား။ ဒီတော့ သူကဘာပြောသလဲဆိုတော့-

"အားလုံးမိသားစုတွေ စုံပြီလားဟေ့၊ စုံရင် အဖေစကားပြောမယ်၊ သမီးတို့နားထောင်ကြ၊ အခုဆိုရင် အဖေဟာစွာန်ရနေပြီး၊ ရဟန္တာလည်း ဖြစ်နေပြီ၊ သမီးတို့မယုံရင် အခုပဲ အဖေစွာန်ဖျံပြမယ်။ ကဲ.. အားလုံးကြည့်ကြဟေ့"လို့ အော်ပြောပြီး နောက်ထပ် ဘာမပြော၊ ညာမပြောနဲ့ သူဝတ်နေတဲ့ပုဆိုးကို အတင်းချွတ်ချပြီး တိုက်အပေါ်ထပ်မှ ပြေးထွက်သွားပြီး ခုန်ချလိုက်တာပါပဲဘုရား။ အောက်ကိုပြုတ်ကျပြီး မြေကြီးပေါ်မှာ ပွဲချင်းပြီး ကိစ္စတုံးသွားတော့တာပါပဲ ဘုရား"

ဇနီးလုပ်သူက ခရေစေ့တွင်းကျ အပြည့်အစုံ လျှောက်ထားတင်ပြနေပါတော့၏။ ဆရာတော်ကြီးနှင့် အကျွန်ုပ်လည်း စိတ်မကောင်းရုံမှလွဲ၍ ဘာမျှမတတ်နိုင်ကြတော့ပါ။ ကိစ္စအားလုံးက လွန်သွားခဲ့ပြီဖြစ်ပါသည်။ အကျွန်ုပ်သည် စိတ်မကောင်းခြင်းကြီးစွာဖြင့် -

" တကာမကြီးတို့ တကာကြီးအတွက် ဝမ်းနည်းကြေကွဲနေမဲ့အစား တကာကြီးအတွက် ကောင်းရာသုဂတိရောက်အောင် ကုသိုလ်ကောင်းမှုသာ များများပြုကြပါ။ အမျှလည်းပေးဝေပါ" ပြောဆိုရင်း မိမိသီတင်းသုံးရာ ကျောင်းဇရပ်သို့ ပြန်လာခဲ့ပါတော့၏။

" ဩော်.. အဖျက်ဝိဇ္ဇာ၊ အဖျက်ဝိဇ္ဇာ ဝုဒ္ဓမြတ်စွာဘုရား အလောင်းတော်ပင်လျှင် ဘုရားဖြစ်ခါနီး မာရ်နတ်က စစ်သည်ဗိုလ်ပါများစွာနဲ့ ဗုဒ္ဓမြတ်စွာဘုရားကို လာရောက်တိုက်ခိုက်နှောင့်ယှက်သေးတာပါ။ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ကုသိုလ် ကောင်းမှုတွေပြုလုပ်လာခဲ့၍သာ မာရ်နတ်မင်း၏ရန်ကို တွန်းလှန်ချေဖျက်ပြီး ဘုရားအဖြစ်ကို ရောက်တော်မူတာဖြစ်၏။ ကျန်သော အောက်ခြေသတ္တဝါအများများကား ပြောစရာမလိုတော့ပေ။ အချိန်မရွေး၊ အဖျက်အဆီးသည် ရှိနေမည်သာ ဖြစ်တော့၏။

ဤနေရာ၌ ရွေးဆရာ့ဆရာတော်ကြီးများ အကျွန်ုပ်၏ ပထမကျေးလူးရှင် ရွှေဥမှင်တောရ ဆရာတော်ကြီး၏ ဩဝါဒမိန့်ကြားချက်အရ အကျွန်ုပ်ကျမ်းပြုအရှင်၏ ကိုယ်တွေ့လက်တွေ့အရ အဖျက်ဝိဇ္ဇာဟူသည်မှာ တစ်ခါတစ်ရံ ပင်လယ်အတွင်းတွေ့မြင်ရတတ်သော ပင်လယ်ကမ်းခြေများတွင် အများဆုံးတွေ့ရတတ်သော ဝင်ကစွတ်ကောင်နှင့် အလားသဏ္ဌာန်တူလှ၏ဟု ဆရာတော်ကြီးများ မိန့်ဆိုဖူး၏။

ဝင်ကစွတ်ကောင်သည် ခရုအခွံနှင့်တွေ့လျှင် ထိုအခွံထဲသို့ ဝင်နေပြီး ခရုအနေဖြင့် သွားလာလှုပ်ရှား၏။ ဂဏာန်းအခွံနှင့် တွေ့လျှင်လည်း ဂဏာန်းအခွံ ထဲကိုဝင်၍ ဂဏာန်းအနေနှင့် လှုပ်ရှားသွားလာ၏။ ကနုကမာအခွံ နှင့်တွေ့လျှင်လည်း ကနုကမာအနေနှင့် သွားလာလှုပ်ရှား၏။ ထို့အတူ ပင်လျှင် အဖျက်ဝိဇ္ဇာသည်လည်း ထိုဝင်ကစွတ်အကောင်နှင့် အသွင်သဏ္ဌာန်တူလှ၏ဟု မှတ်သားထားသင့်ပါသည်။ ထို့ကြောင့် အချို့သော အဖျက်ဝိဇ္ဇာသည် ရက္ခစိုးနတ်အယောင်ဆောင်၍ လှည့်ဖြားတတ်၏။ အချို့သောအဖျက်ဝိဇ္ဇာတို့သည် မိမိကိုယ်ကို အဖျက်ဝိဇ္ဇာဟူ၍ မပြပဲ ဘီလူးအသွင်၊ သရဲအသွင်ပြသ၍ လူတို့အား ခြောက်လှန့်ကြကုန်၏။ အချို့သော အဖျက်ဝိဇ္ဇာတို့သည် မိမိ၏ ကိုယ်အား အဖျက်ဝိဇ္ဇာဟု အမှန်အကန်မပြပဲ မြွေယောင်၊ နဂါးယောင်၊ မျှောယောင်ဆောင်၍ လူတို့အား လှည့်ပတ်ခြောက်လှန့်ကြကုန်၏။

အချို့သော အဖျက်ဝိဇ္ဇာများသည် လှပချောမောသော မိန်းမငယ်ယောင် ဆောင်ခြင်း၊ မိန်းမဖြင့် လှည့်ပတ်ဖြားယောင်းခြင်း၊ လှပတင့်တယ်သော မိန်းမအသွင်ဆောင်၍ မပျက်၊ ပျက်အောင် ဖျက်ဆီးတတ်ကြပါသည်။ အချို့အချို့သော အဖျက်ဝိဇ္ဇာတို့သည် ငါအဖျက်ဝိဇ္ဇာပဲဟု မပြောဘဲ၊ မပြဘဲ၊ ပထမဦးဦးအောင် အယောင်ဆောင်၍ လှည့်ပတ်ဖျက်ဆီးတတ်ခြင်း၊ သူရဿတိနတ်သမီးအယောင် ဆောင်၍ လှည့်ပတ်ဖျက်ဆီး တတ်ခြင်းရှိပါသည်။ မက်၊ ဖိုလ်မရသည်ကို မက်ဖိုလ်ရသယောင်ဖြင့် ဖျက်ဆီးတတ်ခြင်း၊ သမာဓိမရသေးတာကို သမာဓိရနိုသယောင် စိတ်ထဲမှာ ထင်မြင်လာအောင် ဖျက်ဆီးတတ်ခြင်း၊ ဈာန်မရ

သည်ကို စွာန်ရသည် ထင်မြင်လာအောင် ဖျက်ဆီးတတ်ခြင်း၊ ဝိဇ္ဇာ မဖြစ်သည်ကို ဝိဇ္ဇာဖြစ်နေပြီဟု ထင်မြင်တတ်လာအောင် ဖျက်ဆီးတတ်ခြင်းသည် အဖျက်ဝိဇ္ဇာ၏လက္ခဏာပင်ဖြစ်တော့၏။

ထို့အပြင် ထိုအဖျက်ဝိဇ္ဇာများသည် မိမိဖျက်ဆီးမည့်လူ၊ ရှင်၊ ရဟန်းသည် သိုက်တစ်ခုခုနှင့် နီးကပ်စွာ တည်ရှိနေသည်ဟု သိရလျှင် ထိုသိုက်ကို အမိန့်ပေး၊ အာဏာပေး၍ မဖျက်ဖျက်အောင် သိုက်ကို ဖျက်ဆီးခိုင်းတော့၏။ ထိုအခါ သိုက်က နှောင့်ယှက်သည်ဟု ဖြစ်လာရတော့၏။ ထို့ပြင် မိမိဖျက်ဆီးမည့် လူ၊ ရှင်၊ ရဟန်း၊ ယောကျ်ား၊ မိန်းမသည် သိုက်ကိုယုံကြည်တတ်သလား၊ နှစ်သက်တတ်သလား၊ အားကိုးတတ်သလား၊ နတ်ကိုယုံကြည်တတ်တာလား၊ နှစ်သက်တတ်တာလား၊ အားကိုးတတ်တာလားစသည်ဖြင့် အဖျက်ဝိဇ္ဇာများက လေ့လာစုံစမ်းပြီးမှ နတ်ကို အားကိုးယုံကြည်တတ်လျှင်၊ နတ်အယောင်ဆောင်၍ ဖျက်ဆီး တတ်ကြ၏။ သိုက်ကိုယုံကြည်နှစ်သက်လျှင် သိုက်ယောင်ဆောင်ပြီး ဖျက် ဆီးတတ်ကြသေး၏ဟု မှတ်သားကြပါလေ။

ထိုအဖျက်ဝိဇ္ဇာသည် မိမိဖျက်ဆီးမည့်လူ၊ ရှင်၊ ရဟန်း၊ ယောကျ်ား၊ မိန်းမစသည်တို့သည် တစ္ဆေသရဲ ကြောက်တတ်တာလား၊ ပြိတ္တာတို့၊ ဘီလူးတို့ကို ကြောက်တတ်တာလား၊ မြွေတို့၊ နဂါးတို့ကို ကြောက်လန့်တတ်တာလားဟု ကြည့်ရှုဆင်ခြင်၍ မြွေကို ကြောက်လန့်တတ်ပါက မြွေနှင့်ဖျက်ဆီးလာတော့၏။ သရဲတစ္ဆေကို ကြောက်လန့်တတ်ပါက ထိုသရဲတစ္ဆေဖြင့် ခြောက်လှန့်ဖျက်ဆီးလာတော့၏။ ဤသို့လျှင်လည်း သဘောပေါက်အောင် မြင်သိတတ်ရာ၏။ ထို့ပြင် ထိုအဖျက်ဝိဇ္ဇာများသည် ယောကျ်ား၊ မိန်းမ ခွဲခြားသတ်မှတ်၍ များသောအားဖြင့် ယောကျ်ားများသည် သူတို့၏ အကျင့်၊ သီလ၊ သိက္ခာတရားများကို မိန်းမနှင့်သာ ဖျက်ဆီးလျှင် ဘာမျှမခံနိုင် အားလုံးပျက်စီးရသည်ဟု ယူဆပြီး၊ အကျင့်၊ သီလ၊ သမာဓိတရားနှင့် ပြည့်စုံသော ယောကျ်ား များအား ချောမောလှပ၊ တင့်တယ်သော မိန်းမပျို၊ မိန်းမငယ်ယောင် ဆောင်၍ လည်းကောင်း၊ နီးစပ်ရာတွင်ရှိနေသော မိန်းမတစ်ဦးဦးကို ဝင်စီးထား၍

ဝင်ပူးထား၍လည်းကောင်း၊ မပျက်ပျက်အောင် ဖျက်ဆီးတတ်ကြကုန်၏ဟု သိမြင်ထာကြပါလေ။ ဤနည်းပရိယာယ်များသည် မည်သည့်အဖျက်သမား၊ အဖျက်ဝိဇ္ဇာမဆို၊ ဤနည်းပရိယာယ်များဖြင့်သာ ကြံ့လျှင်ကြံ့သလို၊ အခွင့်အရေးရလျှင် ရသလို ဖျက်ဆီးတတ်ကြကုန်တော့၏။

သာဓကတစ်ခုကို ပြဆိုပါဦးဘုံ။ လွန်ခဲ့ပြီးသော နှစ်ပေါင်း ၄၀ နီးပါးခန့်က မြန်အောင်မြို့၊ အင်ပင်မြို့နှင့် ထူးကြီးမြို့ကြားမှာ နာမည်ကြီး ဆရာတော်တစ်ပါး ကျောင်းထိုင်ပါသည်။ (ဆရာတော်ကြီး၏ ဘွဲ့တော်ကို တော့ မသင့်တော်ပါ၍ မဖော်ပြတော့ပါ) ထိုဆရာတော်ကြီးသည် စာပေပရိယတ္တိက လည်းပြည့်စုံ၊ သက်တော်ကလည်း (၇၀)နီးပါးရှိနေ ပြီဖြစ်၍ ထိုဆရာတော်ကြီးသည် သူနေထိုင်သီတင်းသုံးရာ ကျောင်းတိုက်နှင့် မနီးမဝေး ညောင်ပင်ကြီးတစ်ပင်အောက်မှာ မဟာသရဏာဂုံတော်ကြီးကို အဓိဋ္ဌာန်ရက်ပိုင်းနှင့် ရွတ်ဖတ်သရဇ္ဈယ်တော်မူ၏။ သို့သော်လည်း ထိုဆရာတော်ကြီး၏ တပည့်များ၊ တကာ-တကာမ များပြောပြ လျှောက်ထားချက်အရ ရဟန်းဘောင်၊ ရဟန်းဘဝမရောက်ခင် ငယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ မြွေတို့၊ မျှော့တို့ကို အလွန်ကြောက်လန့်တတ်သောဟူ၏။ ဆွမ်းခံကြွရင်း ဒုမင်္ဂလ၊ သုမင်္ဂလ အလှူ အတန်းရှိ၍ ရွာထဲကြွသည့်အခါ လမ်းမှာမြွေတွေ့လျှင် ကြောက်လန့်ပြီး ကျောင်းပြန်ပြေး၊ ပြန်ကြွတတ်ပါသည်။ ရွာထဲဆက်လက် မကြွတော့ပါ။ ဆရာတော်ကြီးသည် ဤမျှပင်မြွေမျှားကိုကြောက်တတ်၊ လန့်တတ်သည်ဟု ဆရာတော်ကြီး၏ တပည့်တကာ-တကာမများမှတစ်ဆင့် ကြားသိရပါသည်။ ထိုဆရာတော်ကြီးသည် တောထဲ၊ တောင်ထဲ၊ တရားအားထုတ်ဖို့ မသွားဘဲ ပိမိ၏ကျောင်းတိုက်၏အနီး ညောင်ပင်ကြီးတစ်ပင်အောက်မှာပင် **မဟာသရဏာဂုံတော်ကြီးကို နေ့ဘက်ကို (၆)နာရီကြာအောင် ရွတ်ဖတ်သရဇ္ဈယ်တော်မူပြီး၊ တစ်ဖန်ညဖက်ကိုလည်း ဤနည်းအတူ (၆)နာရီကြာအောင် သရဇ္ဈယ်တော်မူ၏။** ထိုဆရာတော်ကြီး အားထုတ်ခဲ့သည်မှာ ပထမ (၉)ရက်စေ့အောင် ရွတ်ဖတ်သရဇ္ဈယ်ခဲ့ရာမှ (၉)ရက်အဓိဋ္ဌာန်အောင်မြင်တော်မူ၏။ သို့နှင့် ပိမိကျောင်းမှပင် တစ်ပတ်ခန့်

နားနေပြီးနောက် ဒုတိယအကြိမ် အဓိဋ္ဌာန်(၁၈)ရက်၊ ရွှတ်ဖတ် သရဖွယ် ရာမှာလည်း လွယ်ကူချောမောစွာပင် အဓိဋ္ဌာန်(၁၈)ရက် အောင်မြင်ပြီးစီးသွား၏။ သို့နှင့်ကျောင်းမှာ တစ်ပတ်ခန့်နားနေပြီးနောက် ဆရာတော်ကြီးက "ငါ အဓိဋ္ဌာန်ဝင်ပြီး မဟာသရဏဂုံတော်ကြီးကို အားထုတ်ရာမှာ အဆင်ပြေလိုက်တာဟော့၊ တောထဲတောင်ထဲသွားပြီး ကျင့်စရာမလိုဘူးဟော့။ တောထဲ၊ တောင်ထဲသွားကျင့် ရတာကမှ မြွေတို့၊ ကင်းတို့ ကြောက်ရသေးတယ်ကွာ၊ အခုတော့ ဟန်ကျလိုက်တာ ကိုယ့်ကျောင်းနားအားထုတ်တော့ အဆင်ပြေတာပေါ့ကွာ" ဆရာတော်ကြီး က သူတကာ၊ တကာမတွေကို အားပါးတရ ဝမ်းသာ အားရ အမိန့်ရှိနေသေးတယ်တဲ့။ ဒီလိုနဲ့ တစ်ပတ်ခန့် အနားယူပြီးနောက် တတိယအကြိမ် (၂၇)ရက် အဓိဋ္ဌာန်ဝင် အဓိဋ္ဌာန်ပြုပြီး ထိုယခင် ညောင်ပင်ကြီးအောက်မှာပင် မဟာသရဏဂုံတော်ကြီးကို ရက်ပေါင်း (၂၇) ရက် တိုင်တိုင် အားထုတ်ကြီးစားပြီး သရဖွယ်တော်မူရှာတယ်။ အကျွန်ုပ်လည်း ကြက်သွန်ခင်းဆရာတော်ကြီးထံ အလည်အပတ်ရောက်နေပြီး ကြက်သွန်ခင်းကျောင်းတိုက် ဧယျာပုညရာမတိုက်မှာပင် ခေတ္တခဏ တည်းခိုနေပါသည်။ ဆရာတော်ကြီးနှင့်လည်း မတွေ့ရ၊ မမြင်ရ၊ မဖူးရတာကြာတာနှင့် ကြက်သွန်ခင်းဆရာတော်ကြီးနှင့် စကားလက်ဆုံကျရင်း ကြက်သွန်ခင်းကျောင်းတိုက်မှာ (၁၂) ရက်ခန့်ကြာ သွားခဲ့ပါသည်။

တစ်နေ့တွင် ကြက်သွန်ခင်း ဆရာတော်ကြီးနှင့် စကားလက်ဆုံကျရင်း ကြက်သွန်ခင်းဆရာတော်ကြီးက အမိန့်ရှိပါသည်။ " ဒီဆရာတော်ကြီးက မြွေတော့အတော်ကြောက်တတ်တယ်၊ အခု အဓိဋ္ဌာန်လေး ဘာလေးတစ်ကြိမ်နှစ်ကြိမ် အောင်မြင်တာတောင် အတော်လေး ခရီးရောက်နေတယ်။ ဘာရောဂါမျိုးပဆို သူ့ကိုသွားပြရင် ပျောက်ကင်းတတ်တယ်။ သက်သာစေတတ်တယ်။ ပစ္စည်းပျောက်၊ နွားပျောက်၊ ကျွဲပျောက်လို့ သွားလျှောက်ရင်လည်း ဘယ်နေရာမှာ၊ ဘယ်သူလက်ထဲမှာကအစ တိတိကျကျပြောတယ်။ ပြောတဲ့အတိုင်းလည်း မှန်တာများတယ်။ ပယောဂတို့၊ စုန်း၊ နတ်၊ အစွဲတို့ဘာတို့

ဆိုရင် သောက်ရေတစ်ခွက် ခပ်ခိုင်းပြီး သွေလက်နဲ့ကိုင်ပြီး "ပျောက်ကင်းစေ" လို့ နှုတ်ကပြောလိုက်တာနဲ့ ရေကဆေးဖြစ်ပြီး စုန်းစွဲတို့၊ နတ်စွဲတို့ ပယောဂအနှောင့်အယှက်တွေ ပျောက်ကင်းကြတယ်" ဟူ၍ ကြက်သွန်ခင်းဆရာတော်ကြီးက အမိန့်ရှိပါသည်။

အကျွန်ုပ်ကျမ်းပြုအရှင်လည်း ကြက်သွန်ခင်းဆရာတော်အား နှုတ်ဆက်ခြင်း၊ ကန်တော့ခြင်းဖြင့် ပြည်မြို့၊ ရွှေဥမင်တောရသို့ ပြန်လာခဲ့ပါသည်။ ထို့နောက် ကြက်သွန်ခင်းကျောင်းတိုက်သို့ အကျွန်ုပ်ပြန်မရောက်တော့ပါ။ တခြား ဗဟုကိစ္စများဆောင်ရွက်ရင်းနှင့် တစ်နှစ်ခန့်ကြာသွားခဲ့ပါသည်။ တစ်နေ့ ကြက်သွန်ခင်းဆရာတော်ကြီးနှင့် တပည့်တကာ၊ တကာမ(၉)ယောက်နဲ့ ပြည်မြို့ကို ရောက်ရှိလာခဲ့ပါသည်။ အကျွန်ုပ်၏ ကျောင်းဖြစ်သည့် ရွှေဥမင်တောရမှာပင် လာရောက်တည်းခိုသီတင်းသုံးခြင်းလည်း ဖြစ်ပါသည်။ ဆရာတော်ကြီးကို ကြွလာရခြင်း၏ အကြောင်းကို မေးမြန်းလျှောက်ထားရင်း ဆရာတော်ကြီးအား ရှိခိုးကန်တော့လျက် ကြက်သွန်ခင်းဆရာတော်ကြီးနှားမှာပင် ကျွဲ့ကျွဲ့ထိုင်လျက် အကျိုးအကြောင်းကို လျှောက်တင်ခြင်းဖြစ်ပါသည်။

ဤတွင် ကြက်သွန်ခင်း ဆရာတော်ကြီးက-

"မောင်ဝေပုလ္လရေ. . . ကိုယ်တော့်ကို တပည့်တော်ပြောပြတဲ့ ညောင်ပင်အောက်မှာ မဟာသရဏကုံကို အဓိဋ္ဌာန်ဝင်ပြီး ရွတ် ဖတ်တဲ့ ဆရာတော်ကြီးအတွက် လာရတာပဲ။ ဒီဆရာတော်ကြီးက စိတ်နောက်ပြီး သံကြိုးတောင် ချီထားရတယ်ဟေ့။ သွေရောဂါ ပျောက်လိုပျောက်ငြား၊ ပြည်မြို့ဘက်ကို ထွက်လာပြီး ဆရာရှာတာပဲဟေ့။ ကိုယ်တော့်မှာ နီးစပ်ရာ ဆရာကောင်းကောင်းမွေးရှိရင် လမ်းညွှန်စမ်းပါကိုယ်တော်" ဟု ကြက်သွန်ခင်းဆရာတော်ကြီးက အမိန့်ရှိပါသည်။

ဤတွင် အကျွန်ုပ်က အံ့သြခြင်း၊ အံ့အားသင့်စွာဖြင့် ဘယ်ပုံဘယ်နည်းနဲ့ ဘယ်လိုမျှား ဖြစ်ရတာတုံးဘုရား။ တပည့်တော်ကြားရတာ စိတ်မကောင်းလိုက်တာဘုရား။ ဒီအဆင့်အထိ အခြေအနေ ရောက်ပြီးခါမှ ဖြစ်မှဖြစ်ရတယ်လို့ဘုရား။ ဤတွင်ကြက်သွန်ခင်းဆရာတော်ကြီးက-

"သူက မြွေကြောက်တတ်တော့ တစ်ခုခုကများ မြွေနဲ့ခြောက်လိုက် တာများလားမှ မသိတာကွာ၊ အခုဖြစ်ရတာက မြွေတွေလာပြီ၊ မြွေတွေလာပြီ၊ ပြေးကြဟေ့. . ပြေးကြဟဲ့လို့ ထအော်ပြီး ညောင်ပင် အောက်ကနေ အတင်းထွက် ပြေးတော့တာပါပဲကွာ၊ သူအဖြစ်က ဒီ အတိုင်းပဲဟေ့"ဟု ကြက်သွန်ခင်းဆရာတော်ကြီးက အမိန့်ရှိလာပါ တော့၏။

ထူးဆန်းတာတစ်ခုရှိပါသေးတယ်။ ဒါက ကြက်သွန်ခင်းဆရာ တော် အမိန့်ရှိသွားတာက တစ်နှစ်တစ်နှစ်မှာ နဂိုပကတိ အကောင်းအ တိုင်းပါပဲ။ ဒါပေမဲ့ သူညောင်ပင်အောက်က မြွေတွေလိုမြင်ပြီး ထပြေးတဲ့ နေ့ "မြွေတွေလိုက်လာပြီဟေ့-ပြေးကြဟေ့-ပြေးကြဟေ့" ဒီလို ထအော်ပြီး ပြေးတဲ့နေကတော့ကွာ လူမှန်းမသိ၊ သူမှန်းမသိ၊ စိတ် နောက်ပြီး ရူးတော့တာပါပဲကွာ။ အဲဒီနေ့ကတော့ သူတကာ၊ တကာမ တွေက ဘုန်းကြီးကိုဝိုင်းဖမ်းချုပ်ပြီး သံကြိုးနှင့်ချီနှောင်ပြီး ကျက်သရေ ခန်းထဲ ထည့်ထားရတော့တာပေါ့ကွာ။ ကျန်တဲ့ရက်တွေ၊ လတွေက အကောင်း (တစ်နှစ်မှာ ရက်ပေါင်း ခုဖ၅၅)ရက်မှာ အဲဒီမြွေတွေလာနေပြီ ပြေးကြဟေ့. . ပြေးကြဟေ့. . လို့ အော်ပြေးတဲ့နေ့ကို ရောက်ရင် လူစိတ် ပျောက်ပြီးက ရူးတော့တာပါပဲဟေ့။ သူနဂို မူလကောင်းနေစဉ်အခါမှာ သူပြောပြအမိန့်ရှိတာကတော့ ထုံးစံအတိုင်းပဲပေါ့ကွာ၊ အဓိဋ္ဌာန်ရက် တွေဝင်ပြီး မဟာသရဏာဂုံတော်ကြီးကို ဘားတွေ၊ မာန်တွေ၊ ဝိရိယ တွေနဲ့ ကြိုးစားပြီး ရွတ်ဖတ်၊ သရဏွယ်နေတုန်း၊ ညောင်ပင်ကြီး တစ်ပတ်လည်မှာ တစ်ရှူးရှူး၊ တရဲရဲနဲ့ အသံတွေ၊ ဗလံတွေ ကြားနေရတော့ မျက်စိကို ဖွင့်ပြီး ကြည့်လိုက်တော့ ညောင်ပင်အောက် တစ်ပတ်လည်မှာ မြွေအကြီး တွေ ရော၊ မြွေအငယ်လေးတွေရော၊ မြွေအလတ်စားအရွယ် တွေရော ကြည့်ရ တာကတော့ မြွေတွေဟာ ရာနှင့်ချီပြီး ထောင်နှင့်ချီပြီး ငါဆရာတော် ရွတ်ဖတ်သရဏွယ်နေတဲ့ ညောင်ပင်ဆီကို ပြေးလာနေ ကြတာကွာ။ နည်း တာမဟုတ်ပါဘူး။ ကြောက်ဖို့ လန့်ဖို့ကောင်းလိုက်တာ။ ကြက်သီးတွေကို တဖျန်းဖျန်းနဲ့ ထလာတာပဲကွာ။ ဒါနဲ့ ငါဆရာတော်လည်း ဒီလောက်မှား

တဲ့မြွေ ငါကိုကိုက်ရအောင် ပြေးလာတာနဲ့ တူတယ်။ ဒီလောက်မှားပြားတဲ့ မြွေတွေကို ငါလည်းဘာမှတတ်နိုင်မှာ မဟုတ်ဘူး။ ဒီတော့ ပြေးတာပဲ ကောင်းပါတယ်ဆိုပြီးတော့ ထပြေးရတော့ တာပါပဲကွာ။ ဒီတော့ အဓိဋ္ဌာန်လည်း ပျက်ကရောပေါ့ကွာ။ သတိပြန်ရလာလို့ရှိရင် ဒီအတိုင်း ပြန်လည် ပြောပြရှာပါတော့တယ်။

အကျွန်ုပ်သည် ကြက်သွန်ခင်းဆရာတော်ကြီး အဓိန္ဓိနေသည်မှားကို စိတ်ဝင်စားစွာ နားထောင်ရင်း အလွန်ပင် စိတ်မကောင်းခြင်း ဖြစ်မိပါတော့၏။ နဂိုမူလကမှ မြွေကြောက်တတ်သော ဆရာတော်ကြီး အခုတော့မြွေနဲ့ပဲ အခြောက်အလှန့်ခံခဲ့ရပြီး အကျင့်အဓိဋ္ဌာန်ပါ ပျက်စီးရတော့သည်ကို စိတ်မကောင်းရင်း တွေးတောမိနေပါတော့၏။ အချို့ ဆရာတော်ကြီးများ အဓိန္ဓိရှိဖူးသည်မှာ တချို့က အနှောင့်အယှက်လုပ်တာကတော့ မှန်ပါတယ်ကွာ။ ဒါပေမဲ့ သီလစမ်းတာလို့ ဆိုပြန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤကဲ့သို့ လောကီဝိဇ္ဇာလမ်းကို ဆောင်ရွက်အားထုတ်ကြရာမှာဝိဓိမှာ ထိန်းသိမ်းစောင့်ရှောက်အပ်သည့် သီလနှိမ်မရှိ၊ သမာဓိနှိမ်-မရှိ၊ သီလစောင့်ထိန်းမှု နှိမ်-မရှိ၊ စောင့်ထိန်းအပ်သော သီလများ လုံခြုံအောင် စောင့်ထိန်းမှုရှိမရှိဆိုပြီး၊ သီလစမ်း တာဟု ဆိုလိုရင်းဖြစ်ပါသည်။ အမျိုးမျိုးသော နည်းပရိယာယ်များဖြင့် တောစောင့်နတ်များ၊ တောင်စောင့်နတ်များ။ သစ်ပင်စောင့်နတ်များက ဓိဓိအား သီလလုံခြုံမှု ရှိ-မရှိ သိရှိရအောင် သီလများကို စမ်းသပ်စစ်ဆေးသည့် အနေဖြင့် ခြောက်လှန့်ကြကုန်၏ဟု ဆိုထားကြပါသည်။ သီလစမ်းသပ်သည်ဆိုရာမှာ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အမျိုးအစားများက စမ်းသပ်ကြပါသနည်းဟု ဆိုပါလျှင် ဓိဓိအားထုတ်ရာ ဒေသအရပ်မှ အနီးကပ်ဆုံး တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်များက ဓိဓိအား အကျင့်သီလ၊ သိက္ခာ ရှိ-မရှိ စမ်းသပ်ကြကုန်သည်ဟု ဆိုလိုပါသည်။

တို့အပြင် ဝိဇ္ဇာဂိုဏ်းဝင်၊ နတ်ဂိုဏ်းဝင် တစ်ခုခုဖြစ်နေပါက ကျင့်ကြံမှားများ အားထုတ်ကြရာမှာ ဝိဇ္ဇာဂိုဏ်းဝင်ဖြစ်ခဲ့လျှင် ဓိဓိတို့

ဝိဇ္ဇာဂိုဏ်းက သိလစမ်းသပ်တာလည်းရှိတတ်ပါသည်။ နတ်ဂိုဏ်းဖြစ်လျှင် မိမိတို့၏နတ်ဂိုဏ်းက မိမိအား သိလစမ်းသပ်တာ၊ အကျင့်ကို စမ်းသပ်တာ ရှိနိုင်ပါကြောင်း ဆရာတော်ကြီးများ မိန့်ကြားသည်ကို နာခံမှတ်သားဖူးပါ၏။

ထို့ကြောင့် အားလုံးသော ပုဂ္ဂိုလ်များသည် သတိပြုရသည်မှာ-

လောကုတ္တရာ အရိယာဝိဇ္ဇာလမ်းသည်လည်း အခန့်မသင့်လျှင် အဆင်မပြေလျှင်လည်း အနည်းအပါးတော့ အဖျက်ဝင်သေး၏။ လောကီဝိဇ္ဇာလမ်းများမှာမူကား အလွန်ဆိုးဝါးစွာ အဖျက်များပြားလှ၏။ အစစအရာရာ သတိဝိရိယထားနိုင်ပါမှ တော်ကာကျ၏။ ထို့ကြောင့် လောကီဝိဇ္ဇာများ၏ ပေါက်မြောက်ရာလမ်းများကို အားထုတ်ဆောင်ရွက်ကြရာမှာ အကယ်၍လောကီဝိဇ္ဇာဖြစ်သွားပါက တန်ခိုးအမျိုးမျိုး၊ ပညာအမျိုးမျိုး အာဏာအမျိုးမျိုး၊ သိဒ္ဓိအမျိုးမျိုးတို့ကို ပိုင်စိုးရ၍ နတ်ပြည် (၆)ထပ် နတ်များ၏ကမ္ဘဏ္ဍိတန်ခိုးကိုပင် လွှမ်းမိုးချုပ်ကိုင်နိုင်သောကြောင့်နတ်များ မနာလို၊ မရှစိမ့်ဖြစ်စေတော့၏။ နတ်များ မနာလို၊ ဝန်တို၍ မနှစ်မြို့ဘဲ ရှိတော့၏။ ထို့ကြောင့် မဟာဂန္ဓာရီလောကီဝိဇ္ဇာလမ်းများ၊ ပထမံဝိဇ္ဇာလောကီလမ်းများ၊ လောကီယဝိဇ္ဇာမိုရ်လမ်းများကို နတ်များက မကြည်မြူ မနှစ်မြို့၊ မနာလိုဝန်တိုသည်ကား များပြားလှကုန်၏။ အချို့သောပေါက်မြောက်ပြီး ဝိဇ္ဇာများကလည်း သိဒ္ဓိလည်းစုံ၊ ပညာလည်းစုံ၊ ကြင်ယာလည်းစုံ၊ အတတ်ပညာလည်းစုံ၊ တန်ခိုးမဟိဒ္ဓိလည်း ပြည့်စုံနေသည်ဖြစ်၍ အခါအခွင့်မသင့်လျှင်၊ စိတ်တိုင်းမကျလျှင် ထိုနတ်များကိုပင် ခေါ်ယူ၍ ကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဒဏ်ပေးခြင်း၊ နှိပ်စက်ခြင်းများ၊ ရိုက်နှက်ခြင်းများပြုလုပ်ကြသည်လည်း များသောကြောင့် ဤလောကီဝိဇ္ဇာလမ်းများကို ကျင့်ဆောင်ပွားများ အားထုတ်နေကြသော ပုဂ္ဂိုလ်များအား လောကီသိဒ္ဓိများ အောင်မြင်ပေါက်မြောက် ပြီးစီးသွားမှာကို နတ်ကြီးများ မနာလိုဖြစ်ခြင်း၊ မရှစိမ့်ခြင်း၊ မလိုမုန်းထားခြင်းကြောင့် ဤလောကီဝိဇ္ဇာလမ်းများကို နတ်များဖျက်ဆီးကြကုန်တော့၏။

ထို့ကြောင့် လောကီဝိဇ္ဇာလမ်းများကို အားကြိုးမာန်တက်၊ ကျင့်

ကြံ ပွားများ အားထုတ်ကြကုန်သော သူတော်ကောင်းတို့သည် သရဏာဂုံ (၃)ပါးနှင့်တကွ (၅)ပါးသော သီလတော်မြတ်တို့ကို လုံခြုံစေရ၏။ နတ်များ၊ ဝိဇ္ဇာများ၊ သတ္တဝါအများ ချစ်ခင်လေးစားအောင် နေထိုင်ကျင့်ဆောင်ကြရာ၏။ (၃၁)ဘုံအတွင်း တည်ရှိကြကုန်သော နတ်များ၊ သတ္တဝါအများ၊ ဝိဇ္ဇာများတို့ကို အထူးမေတ္တာပို့သ၍ အထူးမေတ္တာဖြန့်ကျင်း၍ မေတ္တာဖြင့် နေထိုင်ကျင့်သုံးတတ်ကြရာ၏။ သီလတရားကို အားကိုးတတ်ကြရာ၏။ သမာဓိတရားကို အားကိုးတတ်ကြရာ၏၊ မေတ္တာတရားကို အားကိုးယုံကြည် တတ်ကြကုန်ရာ၏။ သို့မှသာ ဤလောကီဝိဇ္ဇာလမ်းသည် အောင်မြင်ပြီးဆုံးခြင်းသို့ ရောက်စေနိုင်တော့၏။ ထိုသို့မဟုတ်ပါက အလွန်လျှင် အန္တရာယ်များပြားရာ၏။ အနှောင့်အယှက်၊ အဖျက်အဆီးလည်း အားကြီးလာနေတော့၏။

အချို့ဆိုလျှင် စိတ်ထဲမှာ အလိုလို လှုစိတ်ပျောက်နေပြီး မိမိ၏ အုပ်ထိန်းသူများ၊ ဇနီးသားမယားပင် မသိမမြင်တော့ဘဲ၊ အိမ်ကနေ ထွက်သွားတာ (၂)လ (၃)လကြာအောင်ပင် လျှောက်သွားနေတတ်၏။ အချို့လည်း မိမိစိတ်ထဲမှာ စိတ်ကြိုးတွေဝင်ပြီး စိတ်ဘဝင်မြင့်ကာ အမှန်တကယ်ပင် ရှင်ဘုရင်ဖြစ်တော့မလိုလို၊ ဝိဇ္ဇာဖြစ်တော့မလိုလို၊ မိဖုရားဖြစ်တော့မလိုလိုနှင့် စိတ်ခိုက်အောင်ဝင်စီးထားပြီး နေ့မအိပ်၊ ညမအိပ် သည်းခြေခိုက်အောင် ဖြစ်ပျက်နေခြင်းမျိုးများလည်း ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် အရာရာသောကိစ္စများကို သတိနှင့်ဆင်ခြင်၍ သမာဓိနှင့်ကြည့် ရှု၍ ဟုတ်၏ -မဟုတ်၏ကို ဆင်ခြင်တိုင်းထွာကာ သီလ၊ သမာဓိ၊ အကျင့်၊ သိက္ခာတရားကို လက်ကိုင်ထားပြီး ကြိုးစားအားထုတ် သင့်လှ၏။

အဖျက်ဝိဇ္ဇာတို့၏ အပေါင်းအသင်းများမှာ (၁) လမိုင်းနတ် (၂) ဥစ္စာစောင့်သိုက် (၃) အောက်မိစ္ဆာဒိဋ္ဌိနတ်များ စသည်များ ဖြစ်နေကြပါသည်။ တချို့ဆိုလျှင် ဤကဲ့သို့ဖြစ်ပျက်နေတာသည်။ သိုက်ပွဲပေးလိုက်လျှင် ပျောက်ကင်းသွားပါလိမ့်မည်ဟု ဆိုကြတာလည်းရှိ၏။ အချို့ဆိုလျှင်လည်း နတ်ပွဲကြီး ကြိုးကြီးကျယ်ကျယ် ပေးလိုက်လျှင် ကောင်းသွား

ပါလိမ့်မည်ဟု ဆိုသူဆိုတတ်ကြပါသည်။ နဂိုမူလထဲက အမှားဖြစ်နေတာကို ထပ်ထပ်ပြီး မှားပြီးရင်းမှားနေအောင် ဖြစ်ပေါ်လာစေတော့တာ။ ထိုကိစ္စများကို အဖျက်ဝိဇ္ဇာများ၊ အဖျက်နတ်များ၊ ဥစ္စာစောင့်သိုက်များက လူတစ်ဖက်သားရဲ့စိတ်ကို ထိုင်းမှိုင်းစေပြီး တိုက်တွန်းနေတာလည်း ဖြစ်စေနိုင်သည်။ ပတ်ဝန်းကျင် လောကကလည်း ထိုနတ်များ၊ သိုက်များပေါများရာ ရပ်ကွက်မျိုး၊ ကျေးရွာမျိုး ဖြစ်လျှင်လည်း ဤလိုတိုက်တွန်းချက်မျိုး ဖြစ်နိုင်ပါသည်။

အချို့ဆရာများက ဤသို့လုစိတ်ပျောက်ပြီး နေ့မအိပ်၊ ညမအိပ်၊ ထမင်းမစား၊ ဟင်းမစားဖြစ်နေသည်များကို လမိုင်းကပ်နေသည်ဟု ပြောကြ၊ ဆိုကြတာလည်း တွေ့ကြုံဖူးတာ။ အချို့လည်း ဤသို့ ဖြစ်လာခဲ့လျှင် စိတ်ဖောက်ပြန်ပြီး စိတ်ရောဂါရနေသည်ဟု ဆိုကြသည်လည်း ရှိကြပါသည်။ မည်သို့ပင် ဖြစ်ပါစေ၊ မှားတာကတော့ မှားသွားပြီ၊ ဖြစ်တာကလည်း ဖြစ်သွားပြီ၊ ဖောက်တာကလည်း ဖောက်သွားပြီဖြစ်လို့ အကောင်းဆုံး ညွှန်ပြလိုသည်မှာ ပုတီးစိပ်တာတို့၊ တရားထိုင်တာတို့၊ ဂါထာမန္တန်ရွတ်တာတို့၊ အဓိဋ္ဌာန်ဝင်တာတို့ကို အကုန်အနားပေးပြီး ရပ်တန့်ထားရပါမည်။ အကောင်းဆုံးမှာ ဘုရား၊ တရားအလုပ်ကို အကုန်ရပ်တန့်ထားပြီး၊ စိတ်ကို အနားပေးထားရမည်ဖြစ်ပြီး ထိုသို့စိတ်ကို အနားပေးထားသော ကာလများတွင် စိတ်ရောဂါကုဆရာဝန်ကြီးများနှင့် ပြသပြီး၊ စိတ်ဖောက်ပြန်နေတာကို ကုသသင့်သည်။ မှတ်ယူရပါမည်။

ဒီလုပ်ငန်းကြောင့် အဖျက်ဝင်ပြီး စိတ်တွေ ဖောက်ပြန်သွားသည်ကို ထိုလုပ်ငန်းများကို ရပ်တန့်ပစ်တာသည် အကောင်းဆုံးဖြစ်သည်။ သည်နောက်မှ စိတ်ကို ကုသကယ်မသင့်ဘူး။ စိတ်ကို ကုသကယ်မသည်ဆိုရာမှာလည်း အခြားအခြားသော နည်းများထက် စိတ်ရောဂါကုဆရာဝန်ကြီးများနှင့် ကုသသင့်ပြီး၊ ထိုဆရာဝန်ကြီးများ၏ ညွှန်ကြားချက်များကို တိကျစွာလိုက်နာစေခြင်းဖြင့် ရောဂါဝေဒနာများ ပျောက်ကင်းစေရတော့တာ။

အချို့အတော်ကြာအောင်ပင်၊ ရပ်နားထားပြီးမှ စိတ်ရော၊ လူပါ အကောင်းပကတိဖြစ်တာ သေချာပြီ၊ သေချာစွာ ကောင်းသွားပြီဆိုပါမှ စိတ်ချရမှ ဤဘုရား၊ တရားအလုပ်၊ တရားထိုင်သည့်အလုပ်၊ ရွတ်ဖတ်သရဇ္ဈယ်သည့်အလုပ်၊ ကမ္မဋ္ဌာန်းအားထုတ်သည့်အလုပ်များကို ပြန်လည်၍ စတင်အားထုတ် ဆောင်ရွက်သင့်ပါသည်။ ဒါတောင်သေချာမှ စတင်လုပ်ကိုင်အားထုတ်သင့်သည်။ မသေချာသေးပါက စိတ်ထဲမှာ သို့လော၊ သို့လော သံသယရှိနေသေးပါက ရပ်ကိုရပ်ထားရပါမည်။ အနည်းငယ်မျှပင် ပြန်၍မစတင်မိပါစေနှင့်ဟုဆိုလိုပါသည်။

အဘယ့်ကြောင့်ဆိုသော် ရောဂါဝေဒနာ ဖျောက်ကင်းသွားပြီဆိုပြီး တရားထိုင်သည့်အလုပ်၊ ရွတ်ဖတ်သရဇ္ဈယ်သည့်အလုပ်၊ ပုတီးစိပ်သည့်အလုပ်များကို ပြန်စ၊ ပြန်လုပ်မိပါက (နဂိုမူလက အကင်းမသေသေးပါက)ချက်ချင်းပင် လမိုင်းနတ်များ၊ အဖျက်နတ်များ ပြန်လည်ဝင်ရောက် နှောင့်ယှက်လာမှာ စိုးရိမ်သည့်အတွက် ပုတီးစိပ်တာ တရားထိုင်တာများ၊ ရွတ်ဖတ်သရဇ္ဈယ်တာများကို အကင်းသေအောင် ရောဂါဝေဒနာများ လုံးဝဖျောက်ကင်းသည်အထိ အချိန်ကြာမြင့်စွာ သို့မဟုတ် လပေါင်း၊ နှစ်ပေါင်းများစွာ ကြာအောင်ပင် ရပ်တန့်ထားသင့်ကြောင်းဖြင့် သတိပေးအပ်ပါသတည်း။

အထူးမှတ်ချက်(၁) ဤအဖျက်ဝိဇ္ဇာ အကြောင်းနှင့်ပတ်သက်၍ သိသင့် သိထိုက်သည်များကို ပြဆိုထားပြီး၊ ဟောကြားထားပြီးဖြစ်ပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ နောက်ဆုံးအနေဖြင့် အကြံပြု လိုသည်မှာ လောကုတ္တရာဝိဇ္ဇာလမ်း၊ အရိယာဝိဇ္ဇာလမ်းများကို အားထုတ်လို၍ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ တရားထိုင်ခြင်းများ ပြုလုပ်အားထုတ်ပြီး ကျင့်ကြံမည်ဆိုပါက (စာတွေ့ရော၊ ငါတွေ့ရော၊ လောကီရော၊ လောကုတ္တရာရော၊ စွယ်စုံ ကျင့်ကြံအားထုတ်မှုသော၊ တချို့တစ်ဝက် ပေါက်မြောက်

အောင်မြင်ဖူးသော ကမ္မဋ္ဌာနစရိယကောင်းကောင်း နှင့် တွဲကပ်၍ ထိုကမ္မဋ္ဌာနစရိယ၏ အုပ်ချုပ်မှု၊ ထိန်းသိမ်းမှု၊ ကွပ်ကဲမှု၊ သွန်သင် ပြသမှုအောက်မှာ ကျင့်ကြံ အားထုတ်သင့်ပါကြောင်း။ သို့မှသာ ကမ္မဋ္ဌာနစရိယက မိမိမှာ လိုအပ်တာများကို ဖြည့်ဆည်းပေးနိုင်ပြီး ပိုနေတာကိုလည်း နှုတ်ယူ ပေးနိုင်ပေလိမ့်မည်။ မကျွမ်းကျင်၊ မလိမ္မာသေးဘဲ၊ အတွေ့အကြုံမရှိသေးဘဲ မိမိဘာသာတစ်ဦးတည်းကိုယ့်အယူအဆနှင့်ကိုယ်၊ ကိုယ့်သဘောနှင့်ကိုယ်တစ်ဦးတည်း အားမထုတ်သင့်ကြောင်း သတိပေးပါရစေ။ မဖြစ်သင့်တာမဖြစ်အောင် လို့ပါ။ မမှားသင့်တာ မမှားရအောင်လို့ပါ။ အကယ်၍ တစ်ခုခု ချွတ်ချော်ပြီး မှားခဲ့ရင်လည်း အချိန်မီ ပြုပြင်နိုင်အောင်လို့ အကြံပေးရခြင်း ဖြစ်ပါသည်။

ထို့ပြင်လောကီဝိဇ္ဇာလမ်းတို့ကို ကြိုးစားအားထုတ်ကြမည့် ပုဂ္ဂိုလ်များသည်လည်း ထိုနည်းတူစွာပင် ပေါက်မြောက်ဖူးသော၊ လောကီဝိဇ္ဇာလမ်းကို အားထုတ်ဖူးသော၊ လောကီဝိဇ္ဇာလမ်းများကို ဗဟုသုတပြည့်စုံစွာဖြင့် ကျင့်ကြံအားထုတ်ဖူးသော ဆရာသမား ကောင်းကောင်းနှင့်တွဲ၍ **ဆရာသမားကောင်းကိုရှာဖွေ၍ ထိုဆရာကောင်း၊ သမားကောင်း၏** အောက်တွင်၊ အုပ်ချုပ်မှုအောက်တွင်၊ ကွပ်ကဲမှုအောက်တွင်၊ အနီးကပ်သွန်သင်ပြသမှုအောက်မှာ ကျင့်ကြံကြိုးကုပ် အားထုတ်သင့်သည်ဟု ဆိုလိုပါသည်။ မိမိတစ်ကိုယ်တော်၊ ငါတကော ကောပြီးမလုပ်ဆောင်သင့်ကြောင်း၊ အကယ်၍ မိမိကျင့်ဆောင်အားထုတ်ကြရာတွင် အမှားအယွင်းဖြစ်လာပါက ဆရာသမားကောင်းကောင်းနှင့် အနီးကပ်အား ထုတ်နေတော့ ချက်ချင်းပဲ အမှားကို ပြုပြင်နိုင်သွားတော့တာပေါ့။

အထူးမှတ်ချက်(၂) အရိယာဝိဇ္ဇာလမ်းကိုပဲ ကြိုးစားအားထုတ်သည် ဖြစ်ပါစေ သို့မဟုတ် လောကီဝိဇ္ဇာလမ်းများကိုပဲ ကြိုးစားအားထုတ်သည် ဖြစ်ပါစေ။ ထိုသို့ အားထုတ်နေရာကနေ အဖျက်ဝိဇ္ဇာ အဖျက်ခံရပါက လည်းကောင်း၊ အဖျက်ဝိဇ္ဇာများ၏ အပေါင်းအသင်းများဖြစ်သော လမိုင်းနတ်များ၊ သိုက်များ၊ အောက်မိစ္ဆာနတ်များ၏ ဖျက်ဆီးမှုကို ခံခဲ့ရပြီဟုဆိုပါက ရှေ့ဆက်လက်ပြီး အားမထုတ်သင့်တော့ဘဲ အားထုတ်မှု၊ ကျင့်ကြံပွားများမှုများကို အမြန်ဆုံးရပ်တန့်သင့်သည်ဟု မှတ်ယူရပါမည်။ ထိုသို့မရပ်တန့်ဘဲ ဆက်လက်အားထုတ်နေပါက အမှန်ကိုအမှား၊ အမှားကို အမှန်ပြောင်းတိပြောင်းပြန်ဖြစ်ကုန်ပြီးဆက်လက်ပြီး အမှားတွေကိုသာတွေ့ပြီး လုံစိတ်ယောက်ကာ ဒုက္ခကြီးကြီး ကျယ်ကျယ်ရောက်ရတော့၏။ နောက်နောင် ဒီဘဝမှာ၊ ဒီခန္ဓာ၊ ဒီစိတ်နဲ့ လောကုတ္တရာဝိဇ္ဇာလမ်း၊ လောကီဝိဇ္ဇာလမ်းကို မပေါက်မြောက်နိုင်တော့ပါ။ ပေါက်မြောက်အောင် အားထုတ်နိုင်ဖို့ အခွင့်အရေးလည်း ရနိုင်မှာ မဟုတ်တော့ပါ။ ထို့ကြောင့် ကျင့်ကြံအားထုတ်မှုကို ချက်ချင်းရပ်ပြီး ခံစားနေရသော ရောဂါ ဝေဒနာများကိုသာ ကုသ ကယ်မဖို့ ဆောင်ရွက်သင့်ပါကြောင်း သတိပေးအပ်ပါသည်။

အဘယ်ကြောင့်ဆိုသော်. . ကျင့်ကြံပွားများအားထုတ်နေ သော ဃာဂီပုဂ္ဂိုလ်အား အဖျက်ဝိဇ္ဇာ၊ အဖျက်နတ်များ၊ သိုက်များ၊ လမိုင်းများ ဝင်ရောက်နှောင့်ယှက်တာ၊ ဖျက်ဆီးတာများကို ခံရပြီဟုဆိုပါက၊ နောက်နောင် အားထုတ်နေလည်း ဝင်လက်စ၊ ဖျက်ဆီးလက်စရှိနေလျှင် အမြဲတမ်းအားထုတ်တိုင်း၊ အားထုတ်တိုင်းဝင်ရောက်ဖျက်ဆီးရှိနေလေတော့၏။ ထို့ကြောင့် အားထုတ်ပွားများ

တာမျှားကို ချက်ချင်းရပ်တန့်ထားရမည်ဟု ဆိုလိုပါသည်။ ရပ်တန့်မထားဘဲ ဆက်လက်အားထုတ်နေပါက အားထုတ်တိုင်း အဖျက်က ဝင်ရောက် ဖျက်ဆီးနေလေတော့၏။ နောက်ဆုံးကျတော့ လူစိတ်ပျောက်နေပြီး၊ လုံးဝမထွက်တော့ဘဲ အနှောင့်အယှက်၊ အဖျက်အဆီးများကိုယ်တိုင် ခန္ဓာကိုယ်အတွင်း နေရာယူလာလျက် အားထုတ်၍ တလွဲတချော်ဖြစ်အောင် အမြဲတမ်းဝင်ရောက် ဖျက်ဆီးနေလေတော့၏။

အားလုံး ရပ်ဝေးနေ၊ ရပ်နီးနေ
တပည့်တကာ၊ တကာမအပေါင်းတို့ -

အကြောင်းအကျိုးသင့်နေ၍ ယခုလို သီတင်းကျွတ်လ ဝါကျွတ်အာစရိယပူဇော်ပွဲနေ့မျိုးမှာ တပည့်အပေါင်းတို့ ဘဝတစ်သက်တာ မှတ်မိနေအောင် အဖျက်ဝိဇ္ဇာအကြောင်းကို ဟောကြားရခြင်းလည်း ဖြစ်ပါတယ်။ မည်သည့်အလုပ်ကိစ္စမျိုးကိုမဆို၊ သတိရှိနေဖို့တော့ လိုပါလိမ့်မယ်။ သတိလက်ကိုင် ထားနေသမျှ ကာလပတ်လုံး အဖျက်အဆီးအနှောင့်အယှက်များဟာ တော်ရုံတန်ရုံ ဖျက်ဆီးလို့မရတော့ဘူးပေါ့။ သတိ-မရှိဘဲ၊ သတိလက်လွတ်ထင်ရာမြင်ရာ တွေ့ကရာတွေကို ပေါ့ပေါ့ဆဆသဘောထားပြီး ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား။ ဘာသီဘာသာ နေထိုင်ကျင့်သုံးနေပါက အဖျက်ဝိဇ္ဇာများ၊ အဖျက်မိစ္ဆာနတ်များ၊ အခိုနိမ့်မွေ့ဝင်ရောက် ဖျက်ဆီးနိုင်ကြောင်းကို သတိထားတတ်ကြပါလေ။ ကိုင်း - အဖျက်ဝိဇ္ဇာအကြောင်း ဟောရ၊ ပြောရတာလည်း အချိန်အတော်ကြာသွားခဲ့ပေပြီ။ ဒီအချိန်၊ ဒီနေရာမှာပင် အဆုံးသတ် နိဂုံးချုပ်လိုက်ကြပါဦးစို့. . ။ ။

၅

ဝိဇ္ဇာ အစစ်နှင့်အတု ခွဲခြားပြပုံ

ပထမ ယက္ကန်းစင်တောင် ဆရာတော်၏ သြဝါဒမှ..
ဒုတိယ ယက္ကန်းစင်တောင် ဆရာတော်၏ သြဝါဒမှ..
ရွှေဥမင် တောရဆရာတော်ကြီး၏ သြဝါဒကထာမှ..
အကျွန်ုပ် ဝေဠုလွှာရာမဆရာတော်၏ သြဝါဒကထာမှ..

(၁၉၇၂-ခုနှစ်မှ၊ ၁၉၇၅-ခုနှစ်အတိ ဝိဇ္ဇာရှင်းတမ်းတိတ်ခွေမှ ထုတ်နှုတ်သည်။)

အဓိဋ္ဌာန်ဝင်နေသော ဆရာတော်၏ ကျောင်းလေးထဲမှာ ရပ်ဝေးရပ်နီး အပါအဝင် အချို့ပြည်မြို့ထဲမှ တပည့်အရင်းများလည်းပါဝင်၍ ညဖက်တွင် အဓိဋ္ဌာန်ဝင်သော ဆရာတော်၏ကျောင်းလေးသည် ပရိသတ်များဖြင့် စည်ကားလှုပ်ရှိနေခဲ့ပါသည်။ ပုတီးကုန်းမြို့မှ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ကြည်ညီအမတို့လည်း ရောက်ရှိနေကြပါသည်။ ပေါက်ခေါင်းမြို့မှ မောင်ထွန်းတို့၊ တင်မြင့်တို့အပါအဝင် ရန်ကုန်ပရိသတ်၊ မြည်ပရိသတ် စုံစုံညီညီနှင့် ရှိနေခြင်း၏ အကြောင်းရင်းကား ယနေ့ညမှစ၍ ဝေဠုလွှာရာမဆရာတော်ကြီးသည် ဝိဇ္ဇာအစစ်နှင့် ဝိဇ္ဇာအတုအယောင်

တို့ကို ခွဲခြားပြီး ဟောပြောပြသမှာဖြစ်သည့်အတွက် ပရိသတ်များ စုံညီစွာ ရောက်ရှိနေခြင်းဖြစ်ပြီး အချို့ဆိုလျှင် (ကက်ဆက်)များ၊ အသံသွင်းတိတ်ခွေများဖြင့် အသံပါဖမ်းယူဖို့ စီစဉ်နေကြခြင်းလည်းဖြစ်ပါသည်။

ဆရာတော်ဟောကြားမယ့် ရှေ့မှာလည်း မိုက်တန်များ၊ ကက်ဆက်များ၊ အသံခွဲစက်များ၊ လျှပ်စစ်မီးကြိုးများနှင့် ရှုပ်ထွေးလျက်ရှိပါသည်။ ညစဉ်ညတိုင်း ည (၈)နာရီမှ ည (၁၀)နာရီအထိ ညစဉ်ဟောကြားသွားမှာဖြစ်သောကြောင့် မှတ်ယူသင့်တာများကို ကက်ဆက်ဖြင့် ကူးကြမည်ဟု ပြင်ဆင်နေကြခြင်းလည်း ဖြစ်ပါသည်။ ထိုစဉ်မကြာမြင့်မီမှာပင် ည (၈)နာရီထိုးနေပြီဖြစ်၍ ဆရာတော်သည် ဟောကြားမည့် တရားဟောပလ္လင်ပေါ် သို့ ကြွရောက်တော်မူလာတော့၏။

ဆရာတော်။ အားလုံးတပည့်တွေ စုံစုံညီညီပါလားဟေ့။ ကောင်းတယ်။ ကောင်းတယ်။ အားလုံးသီသင့်တာတွေ သီသွားရတာ ပေါ့ကွယ်။

တပည့်များ။ မှန်လှပါဘုရား၊ အခုခေတ်က အတုအယောင်တွေ အလွန်ပေါများတော့ ဘယ်ဟာက ဝိဇ္ဇာအစစ်လည်း ဘယ်ကိစ္စက ဝိဇ္ဇာအတုလည်းဆိုတာ စဉ်းစား ဝေဖန်ရ ခက်လှပါတယ်ဘုရား။ ဆရာတော်ကိုယ်တိုင် တိကျပြတ်သားစွာ ဟောကြားပါမှ တပည့်တော်များ သိရမှတ်ရမှာပါဘုရား။

ဆရာတော်။ ညစဉ်ညတိုင်း ဝိဇ္ဇာရှင်းတမ်းကိစ္စမပြီးမချင်း ည (၈)နာရီမှစ၍ ဟောကြားသွားမှာပါ။ သေသေချာချာ မှတ်သားကြ ပေတော့ဟော့။

ဗုဒ္ဓပြတ်စွာဘုရားရှင်၏ သာသနာတော်ဟာ ယခုဆိုရင် အနှစ် (၂၅၀၀)ကျော်လာခဲ့ပါပြီ။ ဒီလို သာသနာနှစ် (၂၅၀၀)ကျော်လာတာနဲ့အမျှ အစစ်တွေက တစ်မျိုး၊ အတုအယောင်တွေက တစ်ဖုံ၊ အမျိုးမျိုးရောထွေး ယှက်တင်ဖြစ်နေခဲ့တာလည်း တပည့်တကာ၊ တကာမတွေ

အသိပါပဲ။ ဒီခေတ်၊ ဒီကာလ ဝိဇ္ဇာဆိုပြီး အတုအယောင်တွေက အလွန်ပေါများတဲ့ ခေတ်ပဲ။ ကြာလာတော့ လူတွေက အစစ်ကြတော့ အတုလို့ထင်လိုထင်၊ အတုကြတော့ အစစ်လို့ထင်လိုထင် အမျိုးမျိုးဖြစ်ပေါ်လျက်ရှိနေကြတာပါပဲ။ အချို့ဆိုလျှင် အတုအယောင်တွေကို အစစ်ထင်ပြီးတော့ အားကိုးကြ၊ ကိုးကွယ်ကြ၊ ယုံကြည်ကြနဲ့၊ နောက်ပိုင်းလည်း ရောက်ရော၊ ငွေလိမ်သွားတာနဲ့ လူလိမ်ပြီး သမီးယူသွားတာနဲ့၊ လိမ်ညာစားသောက်သွားတာနဲ့ ခေတ်ကာလ ဒီအခါမှာ အမှားကြီး ကြားနေရ၊ သိနေရပါတယ်။ အတုအယောင်နဲ့ ပတ်သက်လို့ စကားစပ်လို့ ပြောရပါဦးမယ်။

သက်သေ သာဓကလေး တစ်ခုပေါ့လေ။ ဒါတွေဟာလည်း ဘုန်းကြီးတို့ တပည့်တွေ၊ တကာ၊ တကာမများ ကြားဖူး၊ သိဖူးကြပါလိမ့်မယ် ။ ဒါကဘာလဲဆိုတော့. . . မြန်မာရာဇဝင်အစမှာ ပေါက်ကွဲရာမကောင်းစားစဉ်အခါက အနော်ရထာဘုရင် နန်းတက်ခါစနှစ်မှာပဲ နှလုံးမသာစရာ၊ စိတ်မချမ်းမြေ့စရာ၊ သာသနာတော်မြတ်ရဲ့ မြင်ကွင်းတွေကို စတင်တွေ့လာရတော့တာပါပဲ။ သာသနာတော်နှင့် ပတ်သက်၍ ပေါက်ကွဲရာမခေါ် ပုဂံမြည်မှာ ဗုဒ္ဓဘာသာ၊ သာသနာအစစ်က မရောက်ရှိလာသေးဘူး။ ဘာတွေက အရင်ရောက်နေပါသလဲဆိုတော့ အရည်းကြီးဂိုဏ်းတွေ သောင်းကျန်းနေတဲ့ ခေတ်ဖြစ်နေတာပေါ့။ အရည်းကြီးဂိုဏ်းတွေဆိုတာက- တနည်းအားဖြင့်ပြောရရင် မိစ္ဆာဒိဋ္ဌိဂိုဏ်းတွေပါပဲ. . ။ ဒီမိစ္ဆာဒိဋ္ဌိ အရည်းကြီးတွေဟာ ကြည်ညိုဖွယ်ရာကို မဆောင်ဘူး၊ ဖြစ်သလိုနေ၊ ဖြစ်သလို စား၊ ဖြစ်သလို အိပ် ရေငုပ်၊ တုံးခုန်၊ မီးလှဲ၊ ဇယ်ပစ် ဒါတွေပဲ နေ့စဉ်လုပ်နေကြတာ ဖြစ်တယ်။ အဆိုးဝါးဆုံးက ဒီပုဂံခေတ်မှာ သူတို့သမီးများ လက်ထပ်တော့မယ်ဆိုရင် အရည်းကြီးတွေထဲ ပန်းဦးလွှတ်တဲ့ပွဲဆိုပြီး၊ မိန်းမပျိုများကို အရည်းကြီးထဲ (၇)ရက် တစ်ပတ်ခန့် သွားအိပ်ခိုင်းတဲ့ပွဲ။ မိန်းပျိုများခမျာ ဘုမသိဘမသိနဲ့ အရည်းကြီးတွေနဲ့ (၇)ရက်တစ်ပတ်ခန့်သွားပြီး အိပ်စက်ရတဲ့ဒုက္ခ။ ဒါတွေဟာ ပေါက်ကွဲရာမခေတ်မှာ အလွန်ခေတ်စားနေတဲ့ အလွန်ပေါပြူလာ ဖြစ်နေတဲ့ အဖြစ်အပျက်တွေပါပဲ။ ဒီအရည်းကြီးတွေကို ရှိခိုးနေရတာ၊ အားကိုးနေရ

တာ၊ နေ့စဉ်ဆွမ်းကွမ်းကပ်လှူနေကြရတာ၊ လက်ထပ်မင်္ဂလာပြု တော့မယ့် မိန်းမဖို့များကို လက်မထပ်ခင် အရည်းကြီးများထဲ ပန်းဦးဆက် ရတာတွေသည်. . . သာသနာတော်မှာ ဒါတွေဟာ အစစ်တွေလား၊ အတု တွေလားဆိုတာ သေချာစွာ ဝေဖန်ကြည့်ပါလား၊ အနော်ရထာ ဘုရင် နန်းမတက်ခင်က တိုင်းပြည်အုပ်ချုပ်သွားသော ရှေးမင်း စဉ်မင်းဆက်များသည်ပင်လျှင် ဒီအရည်းကြီးတွေကို ကိုးကွယ်ဆည်းကပ်နေကြတာ၊ အမှန်ကတော့ အတုတွေပါလို့ဆိုရင် စာယ်သူ ကိုးကွယ် ဆည်းကပ်ကြပါ့မလဲ။ အတုမှန်း၊ အစစ်မှန်း မသိတော့ဘဲ အတုတွေကို အစစ်ထင်ပြီး ကိုးကွယ်ဆည်းကပ်ကြတာသာ ဖြစ်တယ်။ ဒါတွေကို အထူးသဘောပေါက်ဖို့ လိုပေလိမ့်မယ်။

နောက်များမကြာမီမှာပဲ အနော်ရထာမင်း နန်းတက်ပါတယ်၊ အနော်ရထာမင်းက ဘုန်းတန်ခိုး၊ အာဏာကြီးသော မင်းတစ်ပါးဖြစ်တာက တစ်ကြောင်း၊ ဘဝအဆက်ဆက်က ဆည်းပူးခဲ့သော ကုသိုလ်ကောင်းမှု၊ ပါရမီများရှိလာတာက တစ်ကြောင်းကြောင့် အနော်ရထာမင်း၏ မှက်စိမြင်ကွင်းထဲမှာ ထိုအရည်းကြီးမိစ္ဆာဒိဋ္ဌိတွေကို သာသနာတော်အတွက် တကယ့်ရဟန်းကောင်း၊ ရဟန်းမြတ်ရယ်လို့ မမြင်ဘူးတဲ့။ အနော်ရထာမင်း၏ မှက်စိထဲမှာ ဒီအရည်းကြီးတွေကို မြင်ရ၊ တွေ့ ရတာသည် စိတ်မချမ်းသာခြင်း၊ စိတ်ရှုပ်ထွေးခြင်း၊ စိတ်ဆင်းရဲခြင်းများသည် နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်ပြီးတော့နေတယ်တဲ့။ ဟုဒွမြတ်စွာဘုရား ၏ သာသနာတော်မှ ရဟန်းများဟာ ဒီအရည်းကြီးတွေလို ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာကို အနော်ရထာမင်းရဲ့ စိတ်ထဲမှာ သိနေသလိုလိုပင်။ ဤသို့နှင့်ပင် အနော်ရထာမင်းသည် မချစ်သော်လည်း အောင့်ကာနမ်းဆိုသော စကားပုံအရ မကြည်ညိုသော်လည်း မကိုးကွယ်၊ မဆည်းကပ်သော် လည်း၊ လောလောဆယ် ဒီအရည်းကြီးများ သာ ရှိနေသောကြောင့် စိတ်နှလုံးမသာမယာဖြင့်ပင် နေ့စဉ်ဆွမ်းကပ်နေရခြင်း၊ အရည်းကြီးတွေတောင်းသမျှ နေ့စဉ်ပေးကမ်းရခြင်းများ ရှိနေခဲ့ပါသည်။ စိတ်နှလုံးထဲမှာတော့ဖြင့် မချမ်းသာလှပေ။ သို့နှင့် များမကြာမီမှာပင် အောက်မြန်မာ

နိုင်ငံတော် (သုဝဏ္ဏဘူမိ)သထုံမြို့မှ ရှင်အရဟံ မထေရ်မြတ်သည် သာသနာပြုရန်အတွက် အထက်မြန်မာပြည် ပေါက်ရာမသို့ ကြွတော်မူလာခဲ့၏။ ထိုအခါ အနော်ရထာမင်းနှင့်တကွသော မွန်မတ်၊ သေနာပတိ၊ ပုဂံပြည်သူပြည်သားများသည် (**ရှင်အရဟံမထေရ်မြတ်၏**) တရားတော်မြတ်ကို အစမှအဆုံးတိုင် နာကြားရသည့်အခါ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ၊ ဘုရား၊ တရား၊ သံဃာ ရတနာ (၃) ပါးကို ကိုးကွယ်ဆည်းကပ်လာလေတော့၏။

ထို့နောက် ရှင်အရဟံမထေရ်မြတ်၏ အကူအညီ မိန့်မှာချက်အရ သုဝဏ္ဏဘူမိသထုံမှ ပိဋကတ်သုံးပုံ ဓမ္မခန္ဓာများကို ပုဂံပြည်သို့ သယ်ယူ၍ ပုဂံပြည်တွင် ဗုဒ္ဓဘာသာ၊ သာသနာတော် ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်တော်မူတော့၏။ ထိုအခါကမှ ရှင်အရဟံမထေရ်နှင့် သံဃာတော်များ ပိဋကတ်၊ သုံးပုံ၊ ဓမ္မခန္ဓာတို့အား ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအစစ်အမှန်ဟု ယုံကြည်၍ ကိုးကွယ်ဆည်းကပ်ကြပြီး။ ထို့နောက် ပုဂံပြည်အနှံ့တွင်ရှိနေသော အရည်းကြီးများကို ဗုဒ္ဓသာသနာတော်ကြီး၏ ဆူးငြောင့်များ၊ ရန်သူများ၊ ဆန့်ကျင်ဘက်ပုဂ္ဂိုလ်များ၊ အတုအယောင်များဟု သိမြင်လာကြလေတော့၏။ ထိုသို့အစစ်အမှန်၊ အတုအယောင်ဟု ခွဲခြားသိမြင်လာနေသော အချိန်မှစ၍ အနော်ရထာမင်းသည် အရည်းကြီးများအပေါ် အရင်လို မကိုးကွယ်တော့ဘဲ ယခင်ကပ်လှူနေကျ ဆွမ်းအုပ်များကိုလည်း မလှူတော့ဘဲ အရည်းကြီးတွေကို ပြင်းပြင်းထန်ထန် အာဏာထားကာ လုပ်တော်ကြောင်လဲစေ၍ အချို့ကို ဆင်ထိန်း၊ မြင်းထိန်းအလုပ်များ၊ အချို့ကို ဆင်ခွေးကျွေး၊ မြင်းခွေးကျွေး အလုပ်များ၊ အချို့ကို အလုပ်သမားအဖြစ်၊ အချို့ကို စစ်သည် တပ်သားအဖြစ်ခန့်အပ်ပြီး အလုပ်ကြမ်းနှင့် ခိုင်းစေရတော့၏။ ထိုအချိန်ထိုအခါမှစ၍ ပေါက်ကြားပြည်(ဝါ)ပုဂံပြည်မှာ အရည်းကြီးဂိုဏ်းများ ပျောက်ကွယ်ကုန်တော့၏။

ပေါက်ကြားပြည်သူလူထုတို့သည်လည်း သာသနာတော်နှင့်ပတ်သက်၍ ယခုမှပင် မည်သူက အစစ်အမှန်၊ မည်သူက အတုအယောင် ဆိုသည်

များကို မျက်ဝါးထင်ထင် ခွဲခြားသိမြင်ရလေတော့၏။ ဒါကတော့ ပထမ ဆုံး သာဓကတစ်ခုပါ သေချာစွာ မှတ်သားကြပါ။

ဒုတိယ သက်သေသာဓက တစ်ခုက- ဝုဒ္ဓမြတ်စွာဘုရားရှင် ပရိ နိဗ္ဗာန်ပြုပြီးနောက် သာသနာသက္ကရာဇ် (၂၁၈)ခုနှစ်အကျော်တွင် သီရိ ဓမ္မာသောကမင်း နန်းတက်တော်မူသောအခါ၌လည်း အထက်ပါ ပြဿနာမျိုးဆန်ဆန် ဖြစ်ပျက်ခဲ့ဖူး၏။ ဖြစ်ပုံအကြောင်းအရာကား သီရိ ဓမ္မာသောကမင်းသည်လည်း အနော်ရထာမင်းကဲ့သို့ပင် ပါဋလိပုတ် ပြည် တွင်းမှာ အရည်းကြီးဂိုဏ်းများ ထွန်းကားလျက်ရှိပြီး၊ နေ့စဉ် အရည်းကြီး တွေကို ဆွမ်းကပ်ရခြင်း၊ အရည်းကြီးတောင်းသမျှကို ပေးနေရခြင်း နှိ ခဲ့ပါ၏။ သီရိဓမ္မာသောကမင်းသည် မနှစ်မြို့သော်လည်း၊ မကြည်ညို သော်လည်း မချစ်သော်လည်း အောင့်ကာနမ်းဟူသော စကားပုံအတိုင်း အရည်းကြီးများကို နေ့စဉ်နေ့စဉ်၊ ဆွမ်းဝတ်တည်ခင်းရခြင်း ပြုနေရလေ ၏။ တနေ့သ၌ ဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေ ဆွမ်းခံကြွ နေသည်ကို လေသာတံခါးမှ ဖူးမြင်ရ၍ ထိုနိဂြောဓ သာမဏေအား နန်း တော်အတွင်းသို့ပင်၍ တရားတော်များကိုနာယူပြီး နိဂြောဓ သာမဏေကို ဆွမ်းဆက်ကပ် လှူဒါန်းလေ၏။ ထိုအခါ ဓမ္မာသောကမင်း ကြီးသည် နိဂြောဓသာမဏေ၏ တရားတော်ကို နာကြားရပြီးနောက် ဝုဒ္ဓဘာသာဝင် သာသနာပြုမင်းတစ်ပါး ဖြစ်ပေါ်လာတော့၏။

ထိုသို့ဝုဒ္ဓဘာသာဝင် သာသနာပြုမင်း တစ်ပါးဖြစ်လာသော အခါမှ ယခင်ကိုးကွယ် ဆည်းကပ်နေသော အရည်းကြီးများသည် သာသ နာတော်၏ ရဟန်းအစစ်အမှန် မဟုတ်ကြောင်း၊ အတုအယောင်သာ ဖြစ်ကြောင်း သိရှိလာခဲ့ပြီးနောက်တွင်ကား ဒိဋ္ဌိအရည်းကြီးရဟန်းများကို နေ့စဉ်တည်နေသော ခြောက်သောင်းသော ဆွမ်းအုပ်တို့ကိုဖြတ်၍ ဒိဋ္ဌိ အရည်းကြီးများထံ ဆွမ်းအုပ်မတည်တော့ဘဲ ဝုဒ္ဓမြတ်စွာဘုရားရှင်၏ တပည့်သားဖြစ်တော်မူသော သံယာတော်၊ ရဟန်းတော်များကိုသာ နေ့ စဉ်ဆွမ်းအုပ် ခြောက်သောင်း တည်ခင်းကပ်လှူတော်မူတော့၏။

ဤနေရာ၌ ဓမ္မာသောကမင်းကြီးသည် နိဂြောဓသာမဏေနှင့် မတွေ့ခင်၊ မဖူးရခင်က မိစ္ဆာဒိဋ္ဌိ အရည်းကြီးများကိုပင် တကယ်အစစ် အမှန် ရဟန်းသံယာများဟု ထင်မြင်မိကုန်၏။ အတုမှန်း၊ အစစ်မှန်း မဝေခွဲနိုင်ခဲ့။ အတုအယောင်ကိုပင် အစစ်ထင်မိနေတော့၏။ နိဂြောဓ သာမဏေငယ်နှင့် ဖူးတွေ့ရပြီး နောက်ပိုင်းမှာမှ သာသနာအစစ်အမှန်၊ ရဟန်းသံယာအစစ်အမှန်ကို ကိုးကွယ်ခွင့်၊ ဆည်းကပ်ခွင့်၊ သာသနာပြု ခွင့်ရလေတော့၏။ ထို့ကြောင့် လောကမှာ အစစ်အမှန်သည် အလွန်ပင် တွေ့ခဲ၏။ မြင်ရခဲ၏။ ကြုံရခဲ၏။ များသောအားဖြင့် အတုအယောင် များတို့သည်သာ ကြီးစိုးကုန်၏။ လွှမ်းမိုးကုန်၏။

တတိယသက်သေ သာဓကတစ်ခုကို ပြပါဦးအုံ-

ဗုဒ္ဓမြတ်စွာဘုရား လက်ထက်တော်အခါက ဗုဒ္ဓမြတ်စွာဘုရား မပွင့်ခင် အချိန်ကာလများတွင် မိစ္ဆာဒိဋ္ဌိဂိုဏ်းကြီးများ ကိုယ့်ကိုယ်ကို ဘုရားဟု အမည်တပ်နေသူများ၊ တပည့်များစွာတို့နှင့် ဂိုဏ်းဆရာလုပ် နေသူများ အလွန်ပေါများကြကုန်၏။ ထိုသို့ဘုရားအတု အယောင်တွေ ပေါများနေချိန် မိမိကိုယ်ကို ဘုရားဟု အမည်တွေတပ်ပြီး ဘုရားများ ပေါများနေချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်လာသော ကြောင့် များသောအားဖြင့် ဘယ်ဟာက ဘုရားလဲ၊ မိစ္ဆာဒိဋ္ဌိတွေ ပြော ပြောနေတဲ့ ဘုရားဆိုတာတွေက အစစ်အမှန်လား၊ နောက်မှဖြစ်လာ သည့် အသက်အရွယ် ငယ်ငယ်ရွယ်ရွယ်နှင့် ဗုဒ္ဓဘုရားအဖြစ် ပွင့်လာ သည့် ဂေါတမဗုဒ္ဓဘုရားက အစစ်အမှန်လားဆိုသည်မှာ ပထမပိုင်းမှာ မဝေခွဲနိုင်ကြပါ။ မစဉ်းစား၊ မဝေဖန်နိုင်ကြပါ။

သို့လော. . . သို့လော ယုန်ထင်ကြောင်ထင် ထင်နေကြသည် သာ များပြားလှကုန်၏။ ထို့နောက် အနေအထိုင်ချင်း မတူ၊ ဣန္ဒြေချင်း မတူ၊ အရောင်အဆင်းချင်း မတူ၊ ရုပ်ရည်ရူပကာချင်းမတူ၊ အသံအနေ အထားချင်း မတူ၊ တရားဟောပြောတာချင်း မတူ၊ ကျင့်ကြံပွားများ အား ထုတ်တာချင်း မတူ၊ အယူဝါဒချင်းလည်း မတူညီသောကြောင့် သာ နောက်ပိုင်း မကြာမြင့်မီမှာပင် ဂေါတမဗုဒ္ဓမြတ်စွာ ဘုရားရှင်သည်

တကယ်စင်စစ် ဘုရားစစ်၊ ဘုရားမှန်ဖြစ်တော့၏။ ကျန်သောဘုရားတို့သည် ဘုရားအတုအယောင်များသာဖြစ်ကုန်၍ ကိုယ့်ကိုယ်ကို ဘုရားလုပ်နေသော မိစ္ဆာဒိဋ္ဌိများသာဖြစ်ကြောင်း သိမြင်လာကြ ကုန်တော့၏၊ တိုင်းသူပြည်သား လူအများတို့သည် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားမဖြစ်ခင် မပွင့်ခင် ကာလသမယတုန်းကဆိုပါလျှင် မိမိကိုယ်ကို ဘုရားဟု သမုတ်ထားကြကုန်သော မိစ္ဆာဒိဋ္ဌိများကိုသာ ဘုရားစစ်ဘုရားမှန်ဟု ထင်မြင်နေကြကုန်တော့၏။ ထို့ကြောင့်ပင်လျှင် **အတုတစ်ထောင် အယောင်တစ်သိန်း အစစ်မှာတစ်ယောက်ဟုဆိုရိုးစကားရှိခဲ့ဖူးတော့၏။**

ထို သက်သေ သာဓကများကို ထောက်ထားပြီးနောက်...

ဝိဇ္ဇာလောကတွင်လည်း အတုအယောင်များ အလွန်ပေါများကြကုန်၏။ စည်းမဲ့ကမ်းမဲ့များလည်း အလွန်ပေါများလျက် ရှိကြကုန်၏၊ ဥပမာ- ဘုန်းကြီးတို့ သိထားသော ဝိဇ္ဇာအမျိုးအစားများမှာ.. အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာန်၊ ဝေဒဝိဇ္ဇာ၊ နက္ခတ်ဝိဇ္ဇာ၊ မဟိဒ္ဓိဝိဇ္ဇာ၊ ပထမံဝိဇ္ဇာ၊ ဓမ္မဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ၊ သမထဝိဇ္ဇာ၊ ထိုဝိဇ္ဇာ(၁၂)မျိုးသာ ရှိပါသည်။ **ဓမ္မဝိဇ္ဇာနှင့် အရိယာဝိဇ္ဇာသည် အတုတူသာဖြစ်သောကြောင့် ထို(၁၂)မျိုးကို တစ်မျိုးဟူ၍ သတ်မှတ်ပြီး ယူဆပါလျှင် လောကီဝိဇ္ဇာကဏ္ဍ၊ လောကုတ္တရာဝိဇ္ဇာကဏ္ဍ၊ စုစုပေါင်း နှစ်မျိုးပေါင်းပါမှ ဝိဇ္ဇာပေါင်း (၁၂)မျိုးသာရှိကြောင်းကို အထူးသတိပြုရပါမည်။**

ဝိဇ္ဇာအစစ်၊ ဝိဇ္ဇာအမှန်တို့မည်သည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်နှင့်ကြွကြွရောက်ပါက အောက်ဆုံးအထစ် ပဋိဘာဂနိမိတ် အပွနာသမာဓိအဆင့်ကို ကျွမ်းကျင်လိမ္မာစွာ ရရှိထားပါမှ ဝိဇ္ဇာအစစ်အမှန်ဟု ဓမ္မသိဒ္ဓိပါရဂူ၊ လေးကျွန်းပိုင်ဆရာတော်ကြီးမှ အမိန့်ရှိခဲ့ဖူး သည်ကို ဘုန်းကြီးတို့ကြားနာရဖူး၏။ ထိုပဋိဘာဂနိမိတ်၊ အပွနာ သမာဓိတရားကိုမှ မရသေးသရွေ့၊ မရောက်သေးသရွေ့ ဝိဇ္ဇာဟုမသုံးသင့်ကြောင်း၊ ဝိဇ္ဇာမစစ်သေးကြောင်း အထူးသတိပြုကြရာ၏။ ထို့ပြင် ပေါက်ဆရာတော်တစ်ပါးဖြစ်သည့် ရှင်ဥတ္တမကျော် ဆရာတော်ကြီးက အမိန့်ရှိဖူးသည်မှာ " ဝိဇ္ဇာအစစ် ဝိဇ္ဇာအမှန်ဆိုတာကွာ အောက်ထစ်ဆုံး ပဋိ

ဘာဂနိမိတ်၊ အပ္ပနာသမာဓိမှစ၍ ဖြစ်နိုင်ပါလျှင် စွာန်တရား၊ မဂ်တရား၊ ဖိုလ်တရားအထိ ရောက်ရှိထားပါမှ ဝိဇ္ဇာအစစ်အမှန်လို့ ခေါ်လို့ရတယ်ကွ။ သမာဓိ တစ်ခွေးသားမှ မရှိတာတွေကို ဝိဇ္ဇာလို့သတ်မှတ်နေရင် အကုန်မှား ကုန်တော့မပေါ့ကွာ"ဟု အဓိန်ရှိဖူး၏။ ထို့ပြင် ပုပ္ပါးတောင်ဓမ္မဝိဇ္ဇာ၊ ဦးကလျာဏဆရာတော်ကတော့ ခွဲခြားပြပြီး အဓိန်ရှိသွားပါတယ်။

ဆရာတော် ဦးကလျာဏကတော့ ဘယ်လိုခွဲခြားပြီး အဓိန်ရှိသလဲ ဆိုရင် " အင်းဝိဇ္ဇာတို့၊ ဂါထာဝိဇ္ဇာတို့၊ သမထဝိဇ္ဇာတို့ဆိုတာ အဓိကအချက်ကတော့ ပဋိဘာဂနိမိတ်၊ အပ္ပနာသမာဓိတရားကို ပါရဂူမြောက်အောင်မြင်ထားရမယ်။ ဒါမှဝိဇ္ဇာလို့ခေါ်လို့ရနိုင်တယ်။ အရိယာဝိဇ္ဇာတွေမှာတော့ စွာန်တရား၊ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်သည့် အဆင့်ထိအောင် အရိယာဝိဇ္ဇာ၊ လောကုတ္တရာဝိဇ္ဇာလို့ သတ်မှတ်လို့ရပါတယ်။ စွာန်တရားလည်း မရ၊ မဂ်တရား၊ ဖိုလ်တရားလည်း မရခဲ့လျှင် အရိယာဝိဇ္ဇာလို့ မခေါ်ထိုက်သေးဘူးလို့ မှတ်ရမယ်ကွဲ့" ။ ဒါက ဓမ္မဝိဇ္ဇာ ဦးကလျာဏ၏ အဆိုအဓိန်ဖြစ်ပါတယ်။

ဒါဆိုရင် ဝိဇ္ဇာအစစ်ဆိုတာဘာလဲ ဆိုတာသည် ရှင်းလင်းသွားပါပြီ။ ဝိဇ္ဇာစစ်၊ ဝိဇ္ဇာမှန်ကို ဘာနဲ့တိုင်းတာမလဲ။ ဘာပေတံနဲ့ တိုင်းတာလို့ ရမလဲဟု မေးလာခဲ့ပါလျှင်-

(၁) ပဋိဘာဂနိမိတ်/အပ္ပနာသမာဓိအဆင့် ပေတံမျိုးနှင့် တိုင်းတာနိုင်ပါသည်။ (လောကီ)

(၂) စွာန်တရား၊ မဂ်ဖိုလ်နိဗ္ဗာန်အဆင့် ပေတံမျိုးနှင့် တိုင်းတာမှ ရနိုင်ပါသည်။ (လောကုတ္တရာ)

ဒါဆိုရင် အခုခေတ် ဝိဇ္ဇာအယောင်ဆောင်တွေ၊ ဝိဇ္ဇာတု၊ ဝိဇ္ဇာယောင်တွေဟာ ဒီပေတံ(၂)မျိုးနှင့် တိုင်းတာကြည့်ပါ။ ဘာတစ်ခုမှ မကိုက်သေးရင် မကိုက်သေးဘူးဟူ၍သာ မှတ်ကြရပါမည်။ ကိုက်လျှင်တော့ လောကီမှာ ကိုက်ညီတာလား၊ လောကုတ္တရာမှာ ကိုက်ညီတာ

လားဆိုတာ ဆုံးဖြတ်ပြီးသိနိုင်ပါသည်။ ဒီပေတံ (၂)မျိုးနဲ့မှ တိုင်းထွာလို့ မကိုက်ညီနေရင်တော့ ဒီပုဂ္ဂိုလ်ကို ဝိဇ္ဇာဟုမခေါ်ထိုက်သူ၊ ဝိဇ္ဇာမဖြစ်သေးသူ၊ ဝိဇ္ဇာမဟုတ်သူ၊ ဝိဇ္ဇာအဆင့်သို့ မရောက်သေးသူ ဟုၵ်ခ်ိ သိရှိထားရမည်ဟု မှတ်ယူသင့်ပါသည်။

ဒီပေတံ (၂)မျိုးစလုံးနှင့် တိုင်းတာ၍မှ ဘယ်ပေတံနှင့်မှ မကိုက်ညီဘူးဆိုတာမှန်ပေမဲ့ သို့သော် သူကိုယ်သူဝိဇ္ဇာဟု အမည်ခံနေပါက သူကိုယ်သူ ဝိဇ္ဇာဟုအထင်တစ်လုံးနှင့် ထင်နေပါက၊ ထိုပုဂ္ဂိုလ်သည် ဝိဇ္ဇာအတုအယောင် ဖြစ်နေသည်ကို သင်သဘောပေါက်ပါ။ နိုးနိုးသားသားနှင့် အဖြောင့်အတိုင်းဝန်ခံ၍ ဆက်လက်ပြီး ကြိုးစားအားထုတ်နေပါက ကျင့်တုန်းကျင့်ဆဲ၊ ကြိုးစားအားထုတ် နေဆဲကာလ ဆိုထိုက်ပါသည်။

ဤကမ္ဘာ၊ ဤလောကကြီးထဲ၌ ကမ္ဘာ့လူသားအားလုံးတို့သည် အကျဉ်းချုပ်အားဖြင့် ပျက်စီးတတ်၊ ပျက်စီးလွယ်ခြင်း၊ ဆုတ်ယုတ်ပျက်ပြားတတ်၊ ဆုတ်ယုတ်ပျက်ပြားလွယ်ခြင်းစသော အဂ်ိလက္ခဏာများနှင့်ပြည့်စုံသော အကြောင်းသုံးပါးမှာ . . .

(က) မိန်းမ (အမျိုးသမီး)
(ခ) ငွေ (ပိုက်ဆံ)
(ဂ) မူးယစ်ဆေးဝါး (အရက်သေစာ၊ မူးယစ်ဆေးဝါး)

ဤ(၃)မျိုးမှ တစ်မျိုးမျိုးနှင့် လောဘရမ္မက်ကြောင့် တဏှာရာဂကြောင့် လိုက်စားနေလျှင် ထိုပုဂ္ဂိုလ်ကို ဝိဇ္ဇာလမ်းစဉ်အရ၊ ဝိဇ္ဇာအတု အယောင်သာဖြစ်နိုင်သည်ဟု မှတ်ယူပါ။ ဝိဇ္ဇာအစစ်အမှန်သည် ထိုပျက်စီးရာ၊ ပျက်စီးကြောင်းဖြစ်သည့် မိန်းမလိုက်စားခြင်း၊ ငွေကြေးမက်မောခြင်း။ အရက်သေစာ မူးယစ်ဆေးဝါး သောက်စားခြင်းများကို အထူးရှောင်ရှားကြကုန်ဇ်။ အဘယ်ကြောင့်ဆိုသော် ဝုဒ္ဓမြတ်စွာဘုရားရှင်ဇ်၏ သာသနာတော်အတွင်း ကြုံကြိုက်နေပါလျက် လောကဇ်အဖျက် (၃)ပါး ဖြစ်သော-

(က) တရားရာဂကြောင့် အမျိုးသမီးများအား ဖျက်ဆီးခြင်း၊ လိုက်စားခြင်း။

(ခ) တရားလောဘကြောင့် ငွေကြေးပိုက်ဆံကို ဦးစားပေးမက်မောခြင်း။

(ဂ) အရက်သေစာ မူးယစ်ဆေးဝါးများကို သုံးစွဲသောက်စားလာခြင်း။

ဤတရား (၃)ပါးသည် လောက၏ပျက်စီးရာပျက်စီးကြောင်း (၀၂) ဝိဇ္ဇာလောက၏ ပျက်စီးရာ ပျက်စီးကြောင်း တရာများဖြစ်တော့၏။ ဝိဇ္ဇာလမ်းစဉ်ကို ကျင့်ကြံပွားများအားထုတ်နေကြသော ပုဂ္ဂိုလ်များ၏ ပျက်စီးရာ၊ ပျက်စီးကြောင်း၊ အဖျက်တရား (၃)ပါးဟူ၍ မှတ်ကြပါကုန်လော့။

မှတ်ချက်။ အချို့အချို့သော အဖျက်ဝိဇ္ဇာများ၊ မိစ္ဆာအဖျက်နတ်များသည် ဝိဇ္ဇာလမ်းကိုလိုက်၍ ဝိဇ္ဇာ အကျင့်ကိုအားထုတ်နေသော၊ ပွားများနေသော ပုဂ္ဂိုလ်များအား မပေါက်မြောက်စေလို၍၊ မနာလိုဝန်တို၍၊ မနာလိုမရှစိမ့် သောအခါ ထိုပုဂ္ဂိုလ်အား လာဘ်လာဘ ဖွင့်ပေးသလိုလိုနှင့်၊ သာသနာပြု၊ ဘုရားတည်၊ ကျောင်းဆောက်နိုင်ရန် လာဘ်လာဘကို ဖွင့်ပေးသလိုလိုနှင့် ထိုဝိဇ္ဇာတို့၏ အကျင့်လမ်းစဉ်ကို မပျက်ပျက်အောင် ပထမဆုံး အဖျက်လက်နက်ဖြစ်သော ငွေ-ပိုက်ဆံနှင့်သွေးဆောင်ဖြားယောင်း၍ ဖျက်ဆီးလေတော့၏။ မိမိတစ်သက်တာတွင် မိမိဘဝတစ်လျှောက်လုံးတွင် တစ်ခါဖူးမျှ မကိုင်ခဲ့ရသော များစွာသော ငွေကြေးပိုက်ဆံများ မိမိဘဝ၊ မိမိသက်တမ်းတစ်လျှောက်တွင် ဒီလောက်ငွေကြေးပြည့်စုံခြမ်းသာတာကို မတွေ့ဖူး၊ မခံစားခဲ့ရဖူးသော များပြားလှစွာသော ဝင်ငွေများ၊ ပိုက်ဆံများဖြင့် သုံးချင်သလိုသုံး၊ ဖြုန်းချင်သလိုဖြုန်း (လိုနေလျှင် လာလိမ့်မယ် မရှိလျှင် ဝင်လာလိမ့်မည်)ဟု လာဘ်လာဘ မာန်တက်၍

စည်းစိမ်ဥစ္စာ၊ ရွှေ၊ ငွေ တို့ကို ခံစားလာသည့်အခါ ပို့ပြီး လောဘတွေ တက်၊ ပိုမိုပြီး အလိုဆန္ဒတွေကြီးကြီးလာက နောက်ကျတော့ ထိုပုဂ္ဂိုလ်သည် ငွေနောက်၊ ပိုက်ဆံနောက် သို့သာ တစ်ကောက်ကောက်လိုက်၍ ငွေလောဘ၊ ပိုက်ဆံလောဘတွေသာ ထပ်ခါထပ်ခါ တက်တက်လာပြီး နောက်ဆုံးတွင် အကျင့်ကိုလည်း ဂရုမစိုက်၊ မှန်အောင် မကျင့်၊ ပညာကိုလည်းဂရုမစိုက်၊ သီလတရားလည်း ခန္ဓာကိုယ်မှာ မလုံခြုံတော့ဘဲ အကျင့်ပျက်၊ သီလပျက်၊ သမာဓိပျက်ပြီး နောက်ဆုံးတွင် မိမိအားထားကျင့်ဆောင်နေသော ဝိဇ္ဇာလမ်းစဉ်ကြီး၊ ဝိဇ္ဇာအကျင့်ကြီး ပျက်စီးဆုံးရှုံးရတော့၏။

ဤလောကကြီးသည် ငွေများများစားစား ဝင်လာ၊ ရလာခဲ့လျှင် လောကတွင် ကျက်စွာသယ လိုတိုင်းရသော ဘဝမျိုးဖြစ်ရတော့၏။ ထိုအခါ လိုတိုင်းရနိုင်သော ငွေကြေးပြည့်စုံနေသည့်ကာလတွင် ဘဝနှင့်လောကခံ၊ လောကခံနှင့် သူတော်ကောင်းတရားစသည်တို့ကို နားမလည်ပါက စကားပြောမောက်မာခြင်း၊ မာန်မာနထောင်လွှားခြင်း၊ ကိုယ်ချင်းစာတရားခေါင်းပါးခြင်း၊ ကြီးနိုင်ငယ်ညှဉ်း လုပ်ဆောင်လာတတ်ခြင်း၊ အရာရာကို ငွေဖြင့်တိုင်းထွာလာခြင်း၊ တို့ပြင် အရက်သေစာ၊ မူးယစ်ဆေးဝါးများသုံးစွဲ၍ ဇိမ်ခံတတ်လာခြင်း၊ နောက်ဆုံးတွင် မိန်းမငယ်များအား ငွေဖြင့်ဖျက်ဆီးတတ်လာခြင်းဖြစ်တော့၏။ ဤအကျင့်မျိုးတွေနဲ့ ပြည့်စုံလာတာဟာ ဝိဇ္ဇာအကျင့်လား၊ ဝိဇ္ဇာလမ်းစဉ်လား၊ အတုအယောင်ဆောင်တွေရဲ့ လမ်းစဉ်လားဆိုတာ ရှင်းလောက်ပါပြီ။

ဒီနေရာမှာ ငွေနှင့်ပတ်သက်လာလျှင် များသောအားဖြင့်ဝင်ငွေကောင်းရပါလို၏၊ လက်လွန်ထားသော ငွေများ အပြန်ဆုံးပြန်လည် ရရှိရပါလို၏၊ ဇီးပွားရေးဝင်ငွေ အထူးကောင်းလာပါစေ၊ သိန်း (၃၀၀)ထီ

ဆုကြီး၊ သိန်း (၅၀၀)ထီဆုကြီး အမြန်ဆုံးပေါက်ရပါလို၏ဟု ဆုအမျိုးမျိုးတောင်းခြင်း အပါအဝင်၊ လာဘ်လာဘကိစ္စကို လုံးဝမျှားပင် လိုလားတောင့်တကြကုန်၏။ ထိုအခါ သူရဿတီနတ်သမီးက ပေးမှုန်းမသိ၊ အဖျက်ဝိဇ္ဇာ၊ အဖျက်နတ်တွေကပဲ ပေးမှုန်းမသိ၊ ဖြားယောင်းမှုန်းမသိ၊ လှည့်ပတ်မှုန်းမသိ ဖြစ်တတ်ကြပေလိမ့်မည်။

ထိုအခါ ဝိဇ္ဇာလမ်းစဉ်၊ ဝိဇ္ဇာအကျင့်ကို ကျင့်နေကြကုန်သော ပုဂ္ဂိုလ်မှန်သမျှ ငွေကြေးပေါများစွာ ဝင်လာရင်ပဲ ငါ့ကို အထက်ပထမဘိုးဘိုးအောင်က ပေးတာပဲ၊ ငါ့ကို အဘဘိုးမင်းခေါင်က ပေးတာပဲတို့၊ ငါ့ကိုမယ်တော် သူရဿတီနတ်သမီးက မစတာပဲ လို့ ထင်ကြ၊ မြင်ကြမှာပါပဲ။ ဟုတ်တာ၊ မဟုတ်တာ ဘေးချိတ်တား၊ ကိုယ့်အစွဲနှင့်ကိုယ်၊ ကိုယ်ထင်ရာမြင်ရာကို ပြောဆိုကြ၊ အားရဝမ်းသာ ဖြစ်ကြနှင့်ရှိကြပေလိမ့်မည်။ အကယ်၍သာ မိမိကျင့်ကြံပွားများအားထုတ်နေသော ဝိဇ္ဇာအကျင့်၊ ဝိဇ္ဇာလမ်းစဉ်ကြီး ပျက်စီးရာပျက်စီးကြောင်းအတွက် မိမိက ငွေကို နှစ်သက်မှန်း၊ ကြိုက်မှန်းသိ၍ အဖျက်ဝိဇ္ဇာတစ်ပါးပါးက လည်းကောင်း၊ ပိစ္ဆာအဖျက်နတ် တစ်ပါးပါးကလည်းကောင်း၊ မိမိနှင့်နီးစပ်ရာ ဥစ္စာစောင့်သိုက် တစ်ခုခုကလည်းကောင်း၊ မိမိအား ငွေနှင့်ပေါက်ပြီး ဖျက်ဆီးပစ်လိုက်သည်ကိုမူ မည်သူမှ တွေးမိ၊ ထင်မိကြမှာ မဟုတ်ပါပေ။ ရာခိုင်နှုန်းနှင့်ကြည့်ပြီး ပိုင်းဖြတ်မည်ဆိုလျှင် ပိုင်းဖြတ်ပုံနည်းကို အကျွန်ုပ် ပြသပါမည်။

အကျွန်ုပ်ကျွမ်းပြုအရှင်၏ နှစ်ပေါင်း (၄၀)အတွင်း ဝိဇ္ဇာလောက၊ ပညာလောက၊ နတ်လောက၊ အကျင့် သီလ၊ သိက္ခာဗဟုသုတများအရ အတွေ့အကြုံများအရ ပထမဘိုးဘိုးအောင်၊ အဘဘိုးမင်းခေါင်၊ သူရဿတီနတ်သမီးတို့ထံမှ သာသနာပြုဖို့အတွက် လာဘ်လာဘဖွင့်ပေးပြီး ငွေကြေးပြည့်စုံအောင် ကူညီမစနိုင်မှု၏ အား သည် ရာခိုင်နှုန်း ၂၅% ရှိနိုင်ပါသည်။ ကျင့်ကြံပွားများ အားထုတ်မှု ပျက်စီးအောင်၊ သီလ၊ သမာဓိ ပျက်စီးအောင် မိမိအားထုတ်နေသော ဝိဇ္ဇာအကျင့်၊ ဝိဇ္ဇာလမ်းစဉ်ကြီး မပျက်ပျက်အောင် လှည့်ပတ်ဖြားယောင်းပြီး ငွေကြေးပြည့်စုံအောင် ကူညီ

မ,စမ္ပအားသည် ရာခိုင်နှုန်း ၇၅% အထိ အားကောင်းစွာ တည်ရှိနေသည်ဟု ရာခိုင်နှုန်းဖြင့် ချိန်တိုး၍ပြလိုက်ပါသည် သူတော်ကောင်းတို့၊

ထို့ကြောင့် မိမိဘဝမှာ ထူးထူးခြားခြား ငွေရေးကြေးရေး ပြည့်စုံလာခြင်းသည် အကောင်းဖြစ်ဖို့ထက်၊ သာသနာ ပြုဖို့အတွက်ထက် မိဝိဘဝ၊ မိမိသီလ၊ မိမိ၏အကျင့်လမ်းစဉ်ကို မပျက်ပျက်အောင် ဖျက်ဆီးဖို့က ပိုမိုသေချာနေကြောင်းသတိပြုပါလေ။ ထို့ကြောင့် အစစ်အမှန် အတွက် ကုညီမစမ္ပအားသည် ၂၅%ထက် မပိုနိုင်တော့ချေ။ အဖျက်အဆီးအတွက်၊ မပျက်,ပျက်အောင် ဖျက်ဆီးဖို့အတွက် ကုညီမစမ္ပ အားသည် ၇၅%ထက်ပင် ပိုမိုနိုင်ကြောင်း အထူးသတိထားပြီး လေ့လာမှတ်သား သင့်၏။ ဒုတိယအချက်က (မိန်းမ)ကိလေသာ၊ တဏှာရာဂ ဟူသည် အရိယာပုဂ္ဂိုလ်များ၊ ဘုရားရဟန္တာမှလွဲလျှင် ကျန်တာမကင်းနိုင် ကြသေးပေ။ ကိလေသာ၊ တဏှာ၊ ရာဂ ပင်လယ်အတွင်းမှာ နစ်မွန်းပြီး မျောပါလွှက် ရှိကြကုန်လေတော့၏။

ပထမအချက်ဖြစ်သော ငွေရေးကြေးရေးများကို မမက်မော၊ မတွယ်တာ၊ တန်ဖိုးရှိရကောင်းမှန်းမှမသိ ငွေကို ခင်တွယ်၊ နှစ်သက်ရကောင်းမှန်းပင်မသိသော ဝိဇ္ဇာအကျင့် ကျင့်ဆောင်နေသော ကြိုးစားမှားမှား အားထုတ်နေသော ယောဂီပုဂ္ဂိုလ်များသည် ငွေကြေးနှင့် လှည့်ပတ်ဖြားယောင်း၍မရပါက အမျိုးသမီး(မိန်းမ) နှင့်လှည့်ပတ် ဖြားယောင်းလာလေတော့၏။ ငွေရေးကြေးရေးနှင့်လှည့်ပတ်ပြီးမရပါက မိန်းမနှင့် လှည့်ပတ်မှုများ၊ ဖြားယောင်းမှုများကို ခံရတတ်တာက ပိုမိုများပြားပါသည်။ အဖျက်ဝိဇ္ဇာများ၊ မိစ္ဆာအဖျက်နတ်များ၏ အကျင့်၊ သီလ၊ သမာဓိတရားများကို ဖျက်ဆီးရာဖျက်ဆီးကြောင်း လက်နက် (၂) မျိုးတည်း။ ပထမတစ်မျိုး (ငွေ)။ ဒုတိယတစ်မျိုး (မိန်းမ)။ ထိုလက်နက် (၂)မျိုးမှ တစ်မျိုးမျိုးနှင့်ဖြစ်စေ၊ နှစ်မျိုးစလုံးနှင့်ဖြစ်စေ ဖျက်ဆီး၍ ပျက်စီးသွားကြကုန်သော သူတော်ကောင်းများ မြောက်များစွာ ရှိကြကုန်၏။

လောကတွင် သူတော်ကောင်းတို့သည် လည်းကောင်း၊ ဝိဇ္ဇာအကျင့်များကို ကျင့်ဆောင်ပွားများကြကုန်သော ယောဂီပုဂ္ဂိုလ်တို့သည်

လည်းကောင်း ထိုအဖျက်လက်နက် နှစ်မျိုးဖြစ်သော ငွေနှင့်မိန်းမကို သတိတရားလက်ကိုင်ထား၍ သတိပြုဆင်ခြင်ကြပေကုန်လော့။ လောက၏ အဖျက်ဝိဇ္ဇာ၊ အဖျက်နတ်များ၊ မိစ္ဆာနတ်များ၏ အသုံးများလှသော လက်နက်နှစ်မျိုးဟု မှတ်ကြပါလေ။

လောက၏အတွေ့အကြုံများအရ အကျင့်ပဋိပတ်ကို အားကိုး၍ ကျင့်ဆောင်နေကြ သော ဝိဇ္ဇာလောင်းလှမ်းများသည် အမျိုးသမီးများ၏ မာယာကျော့ကွင်းတွင်ဝင်မိ၍ ပညာပျက်၊ အကျင့်ပျက်၊ ဘဝပျက်သွားရတာများသည်။ ဘုန်းကြီးတို့၊ ဆရာတော်ဘဝတွင် မြောက်များစွာတွေ့ခဲ့ရဖူး၏။ မည်မျှပင် အကျင့်ကောင်းကောင်း၊ တစ်မင်၊ တစ်ဖိုလ်မှ မရသေးသမျှ အာသဝေါကုန်ခန်း၊ ရဟန္တာမဖြစ်သေးသမျှ အထူးသတိထားရပါမည်။ မိန်းမတို့၏ အနုံအသက်၊ အငွေ့အသက်များ၊ မိန်းမတို့၏ အမူအယာ၊ မာယာများ၊ မိန်းမတို့၏ သဒ္ဒအသံ၏ဆွဲငင်အားများ၊ မိန်းမတို့၏ အထိအတွေ့၊ ကာမဂုဏ်အာရုံများသည် ဘုရားရဟန္တာ အရိယာများမှလွဲလျှင် ကျန်သောပုဂ္ဂိုလ်များ အံခံရခက်လှတော့၏။ မခံနိုင်တာကများပြားလှကုန်၏။ မိန်းမကြောင့် ပညာပျက်၊ ဘဝပျက်၊ အကျင့်ပျက်စီးတာများလှကုန်၏။

သာဓကသက်သေ ကိုယ်တွေ့တစ်ခုကို ဆိုပါဦးဘုံ့. . . .

အကျွန်ုပ်ကျမ်းပြုအရွှင် ဘုန်းကြီးတို့ ရဟန်းသိက္ခာဝါ (၉)ဝါ လောက်တုန်းက အလွန်အကျင့်ကောင်းသည့် ဦးဓမ္မသီရိဆိုသော ရဟန်းတစ်ပါးနှင့် ဘုန်းကြီးတို့ အတော်ခင်မင်ရင်းနှီးခဲ့ဖူး၏။ ထိုဦးဓမ္မသီရိသည် ပေါင်းတည်မြို့သားဖြစ်ပြီး၊ ခေတ်ပညာလည်း အနည်းအပါးတတ်မြောက်၏။ အစိုးရအလုပ်တစ်ခုခုမှ ပင်စင်ယူပြီး သက်နံးဝတ်၊ ရဟန်းဘောင်တက်၊ တရားဓမ္မ ကျင့်ကြံပွားများနေသော ပုဂ္ဂိုလ်လည်း ဖြစ်ပါသည်။

ထိုဦးဓမ္မသီရိသည်လည်း ဓမ္မဝိဇ္ဇာ ဦးကလျာဏ ပုပ္ပါးတောင်မှ ဘိုးမင်းခေါင်၊ လေးကျွန်းပိုင်ဆရာတော်ကြီးစသော ပုဂ္ဂိုလ်ကြီးများ၏ တပည့်လည်းဖြစ်ပါသည်။ ဝိဇ္ဇာဂိုဏ်းဂဏအကြောင်းအရာ၊ ဗဟုသုတ

လည်း အတော်ပြည့်စုံစွာသိမြင်သော ပုဂ္ဂိုလ်လည်းဖြစ်ပါသည်။ ဝိဇ္ဇာ အကျင့်လမ်းကို အားထုတ်နေကြသော ဘုန်းကြီးတို့နှင့် ဓမ္မမိတ်ဆွေများ လည်းဖြစ်ပါသည်။

တစ်ကျောင်းတည်း၊ တစ်ဇရပ်တည်းမှာ အတူသီတင်းသုံးပြီး တရားအားထုတ်ခဲ့သော ဓမ္မမိတ်ဆွေများလည်းဖြစ်ပြီး အလွန်ခင်မင်သော မိတ်ဆွေများလည်း ဖြစ်ခဲ့ပါသည်။ ပုပ္ပါးတောင်မကြီးမှ အဓိဋ္ဌာန်စခန်းများ ဝင်ခဲ့တုန်းကလည်း အတူတူပင်။ ကျိုက်ထီးရိုး၊ ကေလာသတောင်မှာ အဓိဋ္ဌာန်စခန်းဝင်ခဲ့ကြသည်မှာလည်း အတူတူပင်။ ရန်ကုန်မြို့၊ ဘုရား(၅)ဆူ အဓိဋ္ဌာန်အကျင့်စခန်းဝင်ကြတုန်းကလည်း အတူတူပင်ဖြစ်ပါသည်။

ထိုအခိုက်တစ်နေ့ ရွှေဥမင်တောရဆရာတော်ကြီး လက်ထက်ထဲက ကျောင်းဝင်းထဲတွင်ရှိနေသော အသက်(၃၀)အရွယ် ခန့်ရှိမည်ထင်ရသည့် ယောဂီမတစ်ယောက်သည် ထိုဦးဓမ္မသီရိ ကိုယ်တော်အား နေ့စဉ်နေ့တိုင်း ဓာတ်ဘူးနှင့်ရေနွေးကြမ်း လာရောက်ကပ်လှူနေ၏။ ထို့ပြင် ထိုယောဂီမသည် ဦးဓမ္မသီရိကိုယ်တော်အား ကြက်သားကြော်၊ ငါးကြော်များ၊ လက်ဖက်ပွဲများ၊ ခဏခဏလာရောက် ကပ်လှူတာလည်း တွေ့တွေ့နေရ၏။ ထို့နောက် ဤသို့ကပ်လာဖန် များလာသောအခါ နောက်နောင်တွင် ထိုယောဂီမသည် အကျွန်ုပ်နှင့် ဦးဓမ္မသီရိတို့ နှစ်ပါးတည်း သီတင်းသုံးသောကျောင်းပေါ် သို့ သေတ္တာများ၊ အထုပ်အပိုးများနှင့် ပြောင်းရွှေ့လာပါတော့၏။

ထိုနေ့ကား အကျွန်ုပ်က ဆွမ်းထမ်းသမား မောင်ဟန်မောင်နှင့် ဆွမ်းခံကြနေသည့်အချိန်ဖြစ်ပါသည်။ ဆွမ်းခံမှ ဘုန်းကြီးပြန်မကြွခင်မှာပဲ နာရီနဲ့ကြည့်မယ်ဆိုရင်တော့ မနက်(၉)နာရီလောက်တော့ ရှိမှာပေါ့။ ဒီအချိန်မှာ ဒီယောဂီမက ဘုန်းကြီးမရှိတုန်း အခွင့်အရေးယူပြီးတော့ အကျွန်ုပ်တို့နှစ်ပါး သီတင်းသုံးရာကျောင်းပေါ် သို့ ပြောင်းရွှေ့ လာခြင်းဖြစ်ပါသည်။ ဤတွင်ဘုန်းကြီးက -

ဘုန်းကြီး။ ဟ. . ဦးဝမ္မသီရိ ကိုယ်တော်တို့၊ တပည့်တော်တို့ဟာ တရားသမားတွေပါ။ ဒီအမျိုးသမီးတွေနဲ့ အတူတူနေလို့ ဘယ်သင့်တော်ပါ့မလဲ။ ဘယ့်နယ့်ကြောင့် ဒီယောဂီမကို အရှင်ဘုရားလက်ခံထား ရတာလဲ၊ မသင့်တော်ဘူး၊ လူမြင်လည်း မကောင်းဘူး၊ ဝိနည်းနဲ့လည်း မညီညွတ်ဘူး။ ဒါ့ကြောင့် အရှင်ဘုရား ဒီယောဂီမကို သွန်နေရာ၊ သွဇရပ်ကို ပြန်ထားလိုက်ပါ။ မသင့်တော်ပါဘူး။

ဦးဝမ္မသီရိ။ ဦးဝေပုလ္လ၊ တပည့်တော်က အသက်ကကြီးပြီ၊ အနီးအနားခိုင်းဖို့၊ စေဖို့ တပည့်တကာမတော့ ထားမှဖြစ်မှာပေါ့။

ဘုန်းကြီး။ အရှင်ဘုရား ထားခြင်းထားရင်လည်း ကပ္ပိယတကာတစ်ယောက်၊ နှစ်ယောက်လောက် ခေါ်တင်ထားရင်တော်သေးတာပေါ့ ဘုရား။ ဒါက သိပ်ပြဿနာမရှိပါဘူး။ ဒီယောဂီမကတော့ မိန်းမဆိုတော့ အတူတူ တစ်မိုးတစ်ရံထဲမှာ နေထိုင်လို့ မသင့်တော်ဘူးဘုရား။ နောက်ဆုံး ကုန်ကုန်ပြောရရင် အရှင်ဘုရား နေတတ်ပေမဲ့ တပည့်တော် မနေတတ်ဘူးဘုရား၊ နေလေ့နေထလည်း မရှိခဲ့ဘူး။ ကျောင်းပေါ်မှာ အမျိုးသမီးရှိနေရင် အနေကြပ်၊ အထိုင်ကြပ်၊ အအိပ်ကြပ်ပါတယ် ဘုရား။

ဦးဝမ္မသီရိ။ ဒါဆိုလဲ ရှင်းပါတယ်ဘုရား။ တပည့်တော်တော့ ဒီယောဂီမလေးကို မပစ်နိုင်ပါဘူး။ ဘုရားတပည့်တော် သူနဲ့ပဲ အတူတူနေပါတော့မယ်။ အရှင်ဘုရားကျောင်း ဝင်းထဲမှာလဲ မနေတော့ပါဘူး။ ပေါင်းတည်ပြို့ကိုပဲ ပြောင်းရွှေ့ပြီး သွားနေထိုင်တော့မယ် ဘုရား။

ဘုန်းကြီး။ ကိုယ့်နားပင် ကိုယ်မယုံကြည်နိုင်တော့ပါ။ ဦးဝမ္မသီရိလို့ ရဟန်းတစ်ပါးက နေ့ချင်းချင်း စိတ်ဓာတ်တွေ ပြောင်း

လဲသွားလိုက်တာ၊ အတော်အံ့သြဖို့ ကောင်းနေပါလား။ အစွယ်ကောင်းသေးသော မိန်းမတစ်ယောက်နှင့် အနီးကပ် နေထိုင်လာဖန်များတော့ နေ့ချင်း၊ ညချင်းစိတ်တွေ ဖောက်ပြန်လာပြီး မိမိအားထုတ်နေကျ ဝိဇ္ဇာလမ်း၊ အကျင့်လမ်းကိုပင် မေ့မျောက်နေကာ မိမိယုံကြည်အားကိုး၍ ကျင့်ကြံပွားများ အားထုတ်နေသော ကောင်းမြတ်သည့် သူတော်ကောင်းဝိဇ္ဇာအကျင့်လမ်းစဉ်ကို မိန်းမနှင့် အလဲအလှယ်လုပ်ပြီး လဲစားသွားတတ်တဲ့ ကိုယ်တော်ပါလား။ ဒါက ကိုယ်တော့်သဘောပါ။ ကိုယ်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ။ အကောင်းအဆိုး၊ ကိုယ်တော် သိရှိပြီးသားပဲ၊ ကိုယ်တော်ကြုံကန့်သတ်သလို သာ ဆုံးဖြတ်ပါ။

အကျွန်ုပ်ဘုန်းကြီးလည်း ဦးဓမ္မသီရိကို ဆက်လက်မပြောဆိုတော့ပါ။ သီတင်းသုံးဖော် အချင်းချင်း စိတ်မကောင်းရဲ့ကလွဲ၍ အကျွန်ုပ်ဘုန်းကြီး ဘာမျှမတတ်နိုင်ပါ။ ကံတရားအတိုင်း၊ သူ့ကံတရားက သူ့ကိစ္စကို ဆုံးဖြတ်ပေးမှာသာ ဖြစ်ပေတော့၏။ သို့နှင့်တစ်ပတ်ခန့် ကြာသွားသည့်အခါ ဦးဓမ္မသီရိနှင့် ထိုယောဂီမတို့သည် သေတ္တာကြီးငယ်၊ အထုပ် အပိုးကြီးငယ်တွေနှင့် ပေါင်းတည်မြို့ကို ပြောင်းရွှေ့သွားပါတော့၏။ ဘုန်းကြီးလည်း မိမိနှင့်သီတင်းသုံးဖော်အချင်းချင်း တစ်ပါးပဲ ထွက်သွား၍ စိတ်မကောင်းစွာနှင့်ပင် မိမိကျောင်းမှာ မိမိတစ်ပါးတည်း ဝိဇ္ဇာအကျင့် လမ်းစဉ်များကို ဆက်လက်ကြိုးစား အားထုတ်နေတော့၏။ သို့နှင့် ၂ လ နီးပါးခန့်ကြာသွားခဲ့၏။ တစ်နေ့ ပေါင်းတည်မြို့၊ ဘွဲ့ပင်ခံရပ်မှ တပည့်တကာ၊ တကာမများရောက်ရှိလာ၍ ထိုတကာ၊ တကာမများနှင့် အလာပ၊ သလ္လာပ ထွေရာလေးပါး စကားများဖြင့် ပြောဆိုပြီးနောက်

"ဟဲ့ . . တို့ကျောင်းကနေ ပေါင်းတည်မြို့ကို ပြောင်းရွှေ့သွားတဲ့ နင်တို့အရပ်ကပဲလေ. . ဦးဓမ္မသီရိ ဦးဇင်းနေထိုင်ကောင်းရဲ့လားဟဲ့" ဟု မေးလိုက်ပါသည်။ ဦးဓမ္မသီရိသည် ပေါင်းတည်မြို့၊ ဘွဲ့ပင်ခံရပ်က

ပင်ဖြစ်ပါသည်။ ပေါင်းတည်၊ ဘွဲ့ပင်ခံအရပ်က တကာ၊ တကာမတွေ ရောက်လာတော့ ဦးဓမ္မသီရိ နေထိုင်ကောင်းရဲ့လားလို့ မေးလိုက်မိခြင်း ဖြစ်ပါသည်။

ထိုအခါကျမှ ပေါင်းတည်မြို့၊ ဘွဲ့ပင်ခံအရပ်မှ တကာ၊ တကာမများက " အရှင်ဘုရားမေးတဲ့ ပေါင်းတည်မြို့၊ ဘွဲ့ပင်ခံအရပ်က ဦးဓမ္မသီရိက ပုံလွန်တော်မူသွားတာ အရက် (၂၀)လောက်ရှိသွားပါပြီ ဘုရား" ဟု လျှောက်ထားပါသည်။ အကျွန်ုပ်ဘုန်းကြီးသည် ကိုယ့်နားပင် ကိုယ် မယုံကြည်နိုင်တော့ပါ။ မြန်လှချေလား ဘယ်လို ဖြစ်တာလဲဟု တွေးမိ၍-

ဘုန်းကြီး။ ဟ. . ဘယ်လိုဖြစ်ရတာလဲဟ၊ တဲ့သြဖို့ ကောင်းလိုက်တာ။ ငါ့ကျောင်းက ခွာသွားတာမှ ဘာကြာသေးလို့လဲဟ။ တစ်လကျော်ကျော်လေးပဲ ရှိသေးတာ။ ဘယ်လိုဖြစ်တာတုံး၊ ဘာရောဂါနဲ့လဲဟ။

အကျွန်ုပ်လည်း ဆက်တိုက်ပင် မေးမြန်းလိုက်မိပါသည်။ ထို တကာ-တကာမအဖွဲ့က " ပြောကြတာကတော့ ဘုရား။ ဒီပြည်က ပြောင်းလာပြီး သူတကာမ(ဇနီး)အိမ်မှာပဲ နေထိုင်နေတာ နောက်သွေးတွေ အန်လာတာပဲဘုရား။ ပထမ သူဇနီးကလည်း နောက်ကကပ်ပါလာတဲ့ ယောဂီမနဲ့က သို့လောသို့လော မသက်သာစရာတွေနဲ့ စကားများရန်ဖြစ်ကြတာလဲ နေ့တိုင်းရက်ဆက်ဆိုသလိုပဲတဲ့ဘုရား။ ဦးဓမ္မသီရိ ဦးဇင်းကြီးကလည်း သွေးတွေက အန်ဆိုတော့ နောက်မကြာခင်မှာပဲ ပုံလွန်တော်မူသွားတယ်လို့တော့ ကြားရတာပါပဲဘုရား"ဟု လျှောက်ထားကြသည်။

ဘုန်းကြီး။ အော်. . . ကံများဆိုးလိုက်တာ၊ လူဆိုတာ မီးစာကုန်ခါနီး ဒီလိုပဲလား။ သတ္တဝါဆိုတာ မီးငြိမ်းခါနီး ဒီလိုပဲလား။ အော်. . ဦးဓမ္မသီရိဟာ ဘုန်းကြီးလို မနေမိတာဒုက္ခရောက်ရတာပဲ။ ဒီမိန်းမကြောင့်၊ ဒီယောဂီကြောင့် သူဘဝ ဒီလိုဒုက္ခမျိုးနဲ့ ရင်ဆိုင်ရပြီး နိဂုံးချုပ်သွားတာ

သာဖြစ်ပေလိမ့်မယ်။ ကံတရာများ ဆန်းကြယ်လှပါတကား။ ငါနဲ့သာ အတူတူနေထိုင်သီတင်း သုံးဖြစ်ခဲ့လျှင် ဦးဓမ္မသီရိ ဒီလိုအဖြစ်မျိုးနှင့် ကြုံရမှာမဟုတ်ဘူး အခုတော့ ယောကိမတစ်ယောက်နဲ့ မြို့ငထွက်ခါမှပဲ ဘဝနိဂုံးချုပ်၊ တစ်ဇာတ်သိမ်းသွားရပါလား။

ဟု စဉ်းစားဝေဖန်ရင်း စိတ်မကောင်းစွာဖြင့် ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုများကို အမျှပေးဝေနေမိတော့တ်။ လူချင်းတူသော်ယည်း ကံအကျိုးပေးချင်း မတူကြပါလား။

ထို့ကြောင့်-

(က) မြင့်မြတ်သော အရိယာသူတော်ကောင်းအကျင့်နှင့် မိန်းမ မလဲမိပါစေနှင့်။

(ခ) မြင့်မြတ်သော အရိယာတို့၏အကျင့်နှင့် မိန်းမ လဲမစားမိစေနှင့်။

(ဂ) မြင့်မြင့်သော အရိယာအကျင့်နှင့် အမျိုးသမီးနှင့် မဖလှယ်မိပါစေနှင့်။

ထို့အတူ-

(က) မြင့်မြတ်သော ဝိဇ္ဇာတို့၏ အကျင့်တရားကို အမျိုးသမီးတို့နှင့် မရောထွေးမိပါစေနှင့်။

(ခ) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားကို အမျိုးသမီးတို့၏ အထိအတွေ့နှင့် မလဲမိစေနှင့်။

(ဂ) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားကို အမျိုးသမီးတို့၏ မာယာပရိယာယ်နှင့်မလဲမိစေပါနှင့်။

(ဃ) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားကို အမျိုးသမီးတို့၏ အမူအယာ၊ မြူဆွယ်မှုများနှင့် မလဲလှယ်မိပါစေနှင့်၊

ထိုနည်းတူစွာပင် -

(က) မြင့်မြတ်သော အရိယာ အကျင့်ကို ငွေကြေးနှင့် အလဲအထပ် မလုပ်မိပါစေနှင့်။

(ခ) မြင့်မြတ်သော အရိယာ သူတော်ကောင်းအကျင့်ကို ငွေကြေးနှင့် လဲမစားမိစေနှင့်။

(ဂ) မြင့်မြတ်သောအရိယာ သူတော်ကောင်းအကျင့်တရားကို ငွေကြေးနှင့်ပေါက်ပြီး မဖျက်ဆီးမိစေနှင့်။

(က) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားကို ငွေကြေးနှင့် အလဲအထပ် မလုပ်မိပါစေနှင့်။

(ခ) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားကို ငွေကြေးနှင့် လဲမစားမိပါစေနှင့်။

(ဂ) မြင့်မြတ်သော ဝိဇ္ဇာတို့၏အကျင့်တရားများကို ငွေကြေးနှင့်ပေါက်ပြီး မဖျက်ဆီးမိပါစေနှင့်။

ဤသည်လျှင် သူတော်ကောင်းအကျင့်၊ ပဋိပတ်လမ်းကို တန်ဖိုးထားတတ်သော သူတော်ကောင်းတို့၏ ခံယူချက်ပင် ဖြစ်ပေတော့၏။

ထို့ကြောင့် -

(က) ရုပ်ဟက်ဆင်းဟက်၊ ဣန္ဒြေမရှိ၊ တည်ငြိမ်မှုမရှိ၊ ရပ်တကာလှည့်၊ ရွာတကာသွား၊ မြို့တကာဝင်၊ နေရာတိုင်းမှာ သွားသဲကြေးနေရတာဟာ ဝိဇ္ဇာအတုအယောင် ဆောင်တွေရဲ့ သင်္ကေတပဲ။

(ခ) မုတ်ဆိတ်မွေး ဗရပြစ်နှင့် နှုတ်ခမ်းမွေးက ခပ်ကြွားကြွား၊ ရှေ့ကဦးဆောင်ကြတော့ နောက်က တစ်အုပ်တစ်မ ဟိတ်ဟန်ထုတ်၊ ဒါက ဝိဇ္ဇာဂိုက်း အလုပ်ပြသောအတု၊ အယောင်ဆောင် တစ်မျိုး။

(ဂ) လက်ဝဲအမျိုးသမီးများ၊ လက်ယာအမျိုးသားများ၊ ရှေ့နောက်ဝဲယာ ဟိတ်ဟန်ပြလို့ တောင်ဝှေးက ခပ်ကြွားကြွား၊ ဝိဇ္ဇာဆိုတာဒါပဲဟု ဟိတ်ဟန်ပြသော အတုအယောင်က တစ်မျိုး။

(ဃ) ကန်တော့ပွဲအစုံစုံ၊ ဓာတ်ခန်း၊ ဓာတ်နန်းက အပုံပုံ ဝိတ်ဖြူစင်ကြယ်၊ စိတ်ပုတီးနဲ့ ရိပ်ကြီးခိုတော့ မယောင်၊ ဟန်ဆောင်ကာ ဥဒ္ဒတဖွဖွ၊ နံနက်စာတစ်ပုံ၊ နေ့လယ်စာတစ်မျိုး၊ ညစာတစ်နည်း အကုန်တီး၍ ညဘက် ရုပ်ရှင်ကြည့်၊ အမျိုးသမီးနှင့်ငြိတိတိ အတုဝိဇ္ဇာယောင်ဆောင်တာ တစ်မျိုး။

(င) ဓာတ်ခန်းဓာတ်နန်းက ဖွင့်၊ လာဘ်တွေ ပွင့်မယ်ပြော ငွေတွေ အရမ်းတောင်း၊ ရွှေမှာတော့ ဝိဇ္ဇာ၊ တစ်နေရာမှာ ဇနီးမယားကို ရသမျှအကုန်အပ်၊ ဝင်သမျှ အကုန်ပို့၊ လိုသမျှ အကုန်တောင်းတတ်သော၊ ဇနီးမျက်နှာနှင့်ငွေမျက်နှာကိုသာ ကြည့်တတ်သော အတုအယောင်ကတစ်မျိုးနှင့်

ပြောတိုင်းဆိုတိုင်း မယုံကြနှင့်။ ယုံသင့်မှယုံ၊ စဉ်းစားဝေဖန်ပြီးကြည့်၊ မိမိထက်သိ၍ တတ်သော ပညာရှိများနှင့်ညှိ၊ ဒါမှအပြေမှန်ကို မြင်နိုင်ပေလိမ့်မည်။

မှတ်ချက်။ သူတော်ကောင်း၊ သူမြတ်လောင်းများသည် လောကီဝိဇ္ဇာလမ်း၊ လောကုတ္တရာဝိဇ္ဇာ လမ်းများကို ကြိုးစားနေဆဲ၊ အားထုတ်နေဆဲ၊ ကျင့်ဆောင်ဖွားများဆဲ ပုဂ္ဂိုလ်များသည် အစစ်အမှန်အကန်ဖြစ်ကြလေသောကြောင့်

(၁) လူဟူများသိကုန်ကြမှာ အလွန်ဝိုးရိပ်ကြကုန်၏၊ လူသိမခံလိုကြပေ။ လူမြင် မခံလိုကြပေ။ လူအများ အသင်ကြီးလာမှာကို အလွန်စိုးရိမ်တတ်ကြကုန်၏။

(၂) မိမိကျင့်ကြံဖွားများများ အားထုတ်နေသော အကျင့်တရားကိုလည်း လူအများသိကုန်မှာ အလွန်ဝိုးရိပ်ကြကုန်၏၊

(၃) မိမိနေရပ်လိပ်စာ၊ အယ်မာနေသည်၊ ဘာတွေ ကျွေးဆောင်နေသည်၊ ဘာတွေ လုပ်နေသည်ကို လူအများ

သီကုန်မှာကို အလွန်စိုးရိမ်ကြကုန်၏။ လူသိမခံလို ကြပေ။ လူမြင်မခံလိုကြပေ။ လူများအထင်ကြီးလာမှာကို အလွန်စိုးရိမ်တတ်ကုန်၏။

(၄) လူတောထဲမှာ မနေ၊ လူသူလေးပါးရှိရာမှာ အားမထုတ်၊ မပွားများ၊ မကျင့်ဆောင်၊ လူအထင်ကြီးအောင် မလုပ်၊ လူသူလေးပါး ဝင်ကပ်လာမှာကို အလွန်စိုးရိမ်တတ်ကြကုန်၏။ ထို့ကြောင့် လူသူလေးပါး မကြည်မြူအောင် နေထိုင်၏။ လူသူလေးပါး မကပ်ခွင့်အောင် နေထိုင်မြဲမြံပြ၏။ တစ်ခါတစ်ရံ လူအများကြည်ညိုလာမှာ လေးစားလာမှာ ဝင်ကပ်လာမှာ စိုးရိမ်သည့်အတွက် အရှုးယောင်ဆောင်၍ နေထိုင်ခြင်း၊ တစ်ခါတစ်ရံ ဆွဲ ဘာ နား၊ မကြားခွင် ယောင်ဆောင်၍ နေထိုင်ခြင်း၊ တစ်ခါတစ်ရံ ညစ်ပတ်သော၊ နံစော်နေသော အဝတ်အစားများကို ဝတ်ဆင်ပြီး နေထိုင်တတ်၏။

(၅) လောဘမရှိ၊ လောဘနည်းပါး၏၊ ဒေါသမရှိ၊ မေတ္တာတရားများ၏။ မောဟမရှိ၊ မောဟနည်းပါး၏။ မာန်မာန မရှိ။ လူသူလေးပါးနှင့် စကားမပြော၊ မဆက်ဆံ။ ဤသည်ပင်လျှင် သူတော်ကောင်း၊ ပုဂ္ဂိုလ်၊ ဝိဇ္ဇာလမ်းမှန်ကိုကျင့်နေသော ပုဂ္ဂိုလ်တို့၏ နေထိုင်မှု၊ အမူအကျင့်ပင် ဖြစ်ပေတော့၏။

ယခုဟောပြော ပြသခဲ့တာသည် လွှာဝ၊ လွှလောက၏ ဝိဇ္ဇာအတုအယောင်များ၊ ဝိဇ္ဇာလမ်းစဉ်ကို တက်လှမ်းနေကြကုန်သော ပုဂ္ဂိုလ်များအား လွှလောက၏ဝမ္မတာအရ ဖျက်ဆီးမှုများကို ဟောပြောပြသခြင်းသာ ဖြစ်သည်။ ထိုကိစ္စသည် ပုံမှန်မှုလမှုန်တမ်းအားဖြင့် အဖျက်အဆီးများသာ ဖြစ်သေး၏။

ထို့ထက်လွန်ကဲ၍ သီလတရား၊ သမာဓိတရား၊ ပညာတရား ထို(၃)ပါးသောတရားတို့နှင့် ပြည့်စုံလာစေပြီးနောက် အကျင့်ပဋိပတ်

လမ်းကို အထူးကြိုးစားအားထုတ် လာခဲ့ပြီးဖြစ်ပါသည်။ လမ်းစဉ်ကလည်း မှန်ကန်နေပါသည်။ သီလတရားကလည်း လုံခြုံအောင် စောင့်ထိန်းနေပါသည်။ ဆရာကောင်းကောင်း၊ ကမ္မဋ္ဌာနာစရိယကောင်းကောင်းနှင့် အနီးကပ် လမ်းညွှန်မှုများဖြင့် အထူးကြိုးစားအားထုတ် လာခဲ့သည်ရှိသော် မိမိတွင် သင့်တင့်လျောက်ပတ်သော သမာဓိတရားများကိုလည်း ရရှိထားပြီ ဖြစ်ပါသည်။ ထိုအခါ မိမိတွင်-

(၁) ဆရာကောင်း၊ သမားကောင်း ကမ္မဋ္ဌာနစရိယ ကောင်းနှင့် ကြုံတွေ့နေပြီ၊

(၂) ကောင်းမြတ်သော သီလများကို ဆောက်တည်၍ သီလလုံခြုံစွာ ဆောက်တည်နေပြီ၊

(၃) ဆရာကောင်း၊ သမားကောင်း ကမ္မဋ္ဌာနစရိယကောင်းများ၏ ဆိုဆုံးမသော၊ လမ်းညွှန်ပြသထားသော လမ်းစဉ်၊ အကျင့်လမ်းကလည်း မှန်ကန်နေပြီ၊

(၄) ထိုအခါ ဖြူစင်သော သီလတော်ကြောင့် တည်ငြိမ်သော၊ ငြိမ်းချမ်းသော၊ ဖြောင့်မတ်သော၊ သမာဓိအကြည်ဓာတ်ကလည်း သင့်တင့်စွာ ရရှိလာနေပြီ၊

ထိုအချက် (၄)ချက်စလုံးနှင့် ပြည့်စုံလာသောအခါ ယောဂီပုဂ္ဂိုလ်သည် အသင့်အတင့် တည်ငြိမ်မှု၊ အသင့်အတင့် စိတ်ချမ်းသာမှု အသင့်အတင့် စိတ်ငြိမ်းချမ်းမှု ရရှိလာခဲ့ပြီးဖြစ်ပါသည်။ ထိုအခါ မိမိစိတ်ထဲတွင် အနှစ်နှစ် အလလက စွဲကျန်နေသော အပူသောကများ စိုးရိမ်စိတ်များ၊ ကြောင့်ကြစိတ်များ၊ သို့လော. . သို့လော. . သံသယကုက္ကုစ္စစိတ်များ အသင့်အတင့် ဘေးဖယ်လာခဲ့ပြီ ဖြစ်သောကြောင့် ကမ္မဋ္ဌာန်းအကျင့်တရား အဆင့်မြင့်ဝိပဿနာလမ်းစဉ် အကျင့်တရားများသည် စိတ်သန်အား၊ စိတ်ထက်သန်အား စိတ်ထဲမှာ အာရုံပြုအား စိတ်ပါဝင်စားမှုအားသည် အလွန်အားကောင်း လာသောကြောင့်-

(၁) ပရစိတ္တ၊ ဝိစာရစာဉာဏ်များကိုလည်း ရလာစေတတ်သည်။

(၂) အထင်၊ အမြင်၊ အကြားစောတ်တို့ကိုလည်း ပါရမီအလျောက် ရလာစေတတ်သည်။

(၃) ဒေဒင်ပညာ၊ နက္ခတ်ပညာ၊ ကြိုဟ်ပညာများကို မသင်ရဘဲနှင့် တတ်စေနိုင်သည်။

(၄) အရာရာသောကိစ္စများကို ကြိုတင်၍ သိလာသလို ထင်မြင် လာတတ်သည်။

(၅) ဘေးရန်အန္တရာယ်များလည်း အလိုလို ကင်းဝေး၍ လာရတော့၏။

(၆) စိတ်ထဲမှ တောင့်တမိခဲ့သော ဆုတောင်းမိခဲ့တာများသည် မကြာမီ ရောက်ရှိလာတာ၊ ပြည့်စုံလာတာမျိုးများ ဖြစ်ပေါ်လာစေနိုင်၏။

ထိုအခါ အကျင့်ပဋိပတ်တရားကို ကြိုးစား၍ အားထုတ်ချင်လာသော ယောဂီပုဂ္ဂိုလ်အား လည်းကောင်း၊ အဆင့်မြင့်ဝိပဿနာအကျင့် တရားများကို ကြိုးစား၍ အားထုတ်ချင်လာသော ယောဂီပုဂ္ဂိုလ်အားလည်းကောင်း၊ အဆင့်မြင့်ဝိပဿနာ အကျင့်များကို ကြိုးစား၍အားထုတ်ချင်လာသော ယောဂီပုဂ္ဂိုလ်အားလည်းကောင်း ၃ရက် သို့မဟုတ် ၃ လ သို့မဟုတ် ၃ နှစ်စေ့သော အခါတို့၌လည်းကောင်း ၈ ရက်၊ ဆို့မဟုတ် ၈ လ သို့မဟုတ် ၈ နှစ်စေ့သော နေ့များတွင် လည်းကောင်း ကြိုးမားသော အဖျက်အဆီးများ ဝင်လာနိုင်ပါသည်။

အထစ်အငေါ့များ၊ အဖုအထစ်များ၊ အခက်အခဲများ၊ အမှုပြဿနာများ၊ စိတ်ရှုပ်စရာများ၊ စိတ်ဆင်းရဲစရာများ၊ စိတ်သောက ရောက်စရာများ ဝင်ရောက်လာစေနိုင်ပါသည်။ ထို့အပြင် ရုတ်တရုတ် ပြင်းထန်သော ဒဏ်ရာအနာတရများ၊ အမှတ်တမဲ့ ပြင်းထန်သော ကျန်းမာရေး ချို့ယွင်းပြီး ရောဂါဝေဒနာ ခံစားရမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

အထူးသဖြင့် (၃ ရက်၊ ၈ ရက်၊ ၈လ ၊ ၃လ)များကို အထူးသတိ

ပြုပါ။ ထိုရက်များ၊ လများသို့ ဝင်ရောက်လာခဲ့လျှင် သတိကြီးစွာထားပါ။ သတိလက်လွတ်မဖြစ်ပါစေနှင့် ထို ၃ရက်၊ ၃လ၊ ၈ ရက်၊ ၈လ နေ့ ရက်များအတွင်းမှာ မထင်မှတ်ဘဲ အစွပ်စွဲခံရတာများ၊ မိန်းမအဖျက် ဝင်ရောက်လာတာများ အထူးသတိပြုကြပါလေ။

လူသားစင်စစ်၊ လူမိန်းမ၊ အဖျက်အဆီးက တစ်မျိုး၊ ဤကိစ္စက မြင်သာထင်သာ သေးသည်။ အဆိုးပါးဆုံးမှာ နတ်မိန်းမ အဖျက်အဆီး ကိစ္စပင် ဖြစ်ပါသည်။ အံ့သြဖွယ်ရာ၊ မယုံကြည်နိုင်စရာ မမြင်အပ်သော နတ်မိန်းမ အဖျက်အဆီးပင်ဖြစ်တော့၏။ လူမိန်းမအဖျက်အဆီးမှာ မျက်စိနှင့်မျက်ဝါးထင်ထင် မြင်တွေ့ရသည်မို့ သတိ၊ ဝိရိယနှင့် ကြည့် ရှောင်ပါက ရှောင်နိုင်ပါသေးသည်။ ဤနတ်မိန်းမ အဖျက်အဆီးမှာမူ မျက်စိနှင့်မြင်တွေ့ရသော ကိစ္စမဟုတ်သည့်အတွက် သူက မြင်တွေ့ဆဲမှ မြင်တွေ့ရနိုင်ပါသည်။ သူက မမြင်မတွေ့စေလိုပါက မြင်တွေ့ရန် အလွန်ခက်ခဲသော ကိစ္စမျိုးဖြစ်ပါသည်။

ထို့ကြောင့် ဆင်ကန်းတောတိုး ဘဝမျိုးဖြစ်စေတတ်ပြီး၊ လူမိန်းမ အဖျက်ကို လွန်ဆန်နိုင်သည်ထား နတ်မိန်းမအဖျက်အဆီးမျိုးကိုမူ ရှောင်နိုင်ရန် ခက်ခဲလှပေစွတကား. . ။

သို့ပေမဲ့ သို့ပင်သို့ငြား၊ ရှောင်နိုင်ရန်ခက်ခဲလှပေမဲ့ မရှောင်၍ ကား မဖြစ်နိုင်၊ ရှောင်ကို ရှောင်ရမှာ ဖြစ်ပါသည်။ ရာခိုင်နှုန်းနှင့် ခြိမ်းခြောက်ပါလျှင် မရှောင်နိုင်သည့်ပုဂ္ဂိုလ်က ရာခိုင်နှုန်း ၈၀ခန့်၊ ရှောင်နိုင်သော ပုဂ္ဂိုလ်က ရာခိုင်နှုန်း ၂၀ ခန့်သာ ရှိနိုင်ပါသည်။ သတိ အလွန်ကောင်းပါမှ၊ သိလ အလွန်ကောင်းပါမှ၊ သစ္စာစွမ်းအား အလွန် ကောင်းပါမှ၊ သမာဓိတည်ကြည်အား အလွန်ကောင်းပါမှ၊ ထို နတ်မိန်းမများ၏ အဖျက်အဆီး အန္တရာယ်များမှ လွတ်မြောက်နိုင်လေ လိမ့်မည်။ တော်ရုံတန်ရုံ လွယ်ကူလှသည်တော့ မဟုတ်ပါပေ။

(၁) မိမိ၏အကျင့်၊ သိက္ခာနှင့် မိမိကိုယ်ကို ယုံကြည်စိတ်ချ ထားမှု အားကောင်းရမည်။

(၂) မိမိတွင် ကြီးစားမှုအားနှင့် ဝိရိယအား အလွန်ကောင်းရပါမည်။

(၃) မိမိတွင် ဆောက်တည်ထားသော သီလကို အဓိက အားကိုးအားထား ရှိစေရမည်။

(၄) မိမိ၏တည်ကြည်မှု၊ သမာဓိအားကို အဓိက အားကိုးယုံကြည်တတ်ရပါမည်။

(၅) ငွေခိုင်မာခြင်း၊ သစ္စာဆိုရဲခြင်း၊ တိတိကျကျ၊ ပြတ်ပြတ်သားသား ဆုံးဖြတ်လုပ်ကိုင် တတ်ရပါမည်။

(၆) မေတ္တာတရားကိုလက်ကိုင်ထား၍ မေတ္တာဖြင့် အောင်မြင်တတ်၊ အနိုင်ယူတတ်ရပါမည်။

ဤအထက်ပါ (၆)ချက်နှင့်ပြည့်စုံသူသည် မည်သည့်အဖျက်အဆီးမျိုးကိုမဆို မအောင်မြင်တာမရှိ မနိုင်တာမရှိ၊ ထိုနတ်မိန်းမ အဖျက်အဆီးမျိုးကိုပင် ကျော်လွှားနိုင်ရာ၏ဟု မှတ်ကြပါလေ။

(၁)	ဒေဝက္လတ္ထိ	နတ်မိန်းမ
(၂)	ဒေဝကိန္နရီ	နတ်ကိန္နရာမ
(၃)	ဒေဝဘုမ္မာရီ	မြေတွင်းထဲမှာနေသော ဘုမ္မစိုးနတ်မိန်းမ (ဘုမ္မိက္လတ္ထိ)
(၄)	ဒေဝ ရုက္ခက္လတ္ထိ	ရုက္ခစိုးနတ်မိန်းမ
(၅)	ဥစ္စာစောင့်သိုက်စောင့်	ဥစ္စာစောင့်မ၊ သိုက်စောင့်မိန်းမ

ဤအဖျက်အဆီး (၅)ပါးကို ပညာရှင်များ၊ အကျင့်ပဋိပတ်ရှင်များ၊ ဝိဇ္ဇာလမ်းပေါက်အောင် ကျင့်ဆောင် ပွားများ အားထုတ် ကြကုန်သော ယောဂီပုဂ္ဂိုလ်များတို့သည် အထူးသတိပြုကြရာ၏။ အထူးသတိထားရမည့် အန္တရာယ် (၅)ပါးဖြစ်သည်ဟု သတိပြုကြပါလေ။ ထို့ပြင် အကျင့်ပဋိပတ်လောကတွင် အလွန်ကြောက်စရာ ကောင်းလှသည့်ဘဝကိုလည်းကောင်း၊ ပညာကိုလည်းကောင်း၊ အကျင့်ကို

လည်းကောင်း၊ သီလကိုလည်းကောင်း ဖျက်ဆီးတတ်သည် သို့မဟုတ် မပျက် ပျက်အောင် လှည့်ပတ်ဖြားယောင်းတတ်သည်ဟု မှတ်ပါလေ။

ပညာရှင်များ၊ အကျင့်ရှင်များ၊ သမာဓိအရှင်များ၊ ဝိဇ္ဇာပညာရှင်များသည် ဤနတ်မိန်းမ(၅)ပါးတို့၏ အဖျက်အန္တရာယ်ကြောင့် ဒုက္ခများခဲ့ရသည်မှာ မရေမတွက်နိုင်တော့ပေ။ ထို့ကြောင့် ဤအန္တရာယ် (၅) ပါးကို ပညာရှင်များ သတိထားကြကုန်ရာ၏။ ထို့ကြောင့်. .

အကျင့်ပညာရှင်၊ အတတ်ပညာရှင်၊ ပဋိပတ်ပညာရှင်၊ ဝိဇ္ဇာပညာရှင်၊ သမထပညာရှင်၊ ဝိပဿနာ ပညာရှင်တို့သည် မိမိတို့ ပွားများအားထုတ်နေသော (သို့မဟုတ်) မိမိတို့ အားကိုးယုံကြည်၍ ကျင့်ကြံကြိုးကုတ်အားထုတ်နေသော အဆင့်အတန်းမြင့်မားသည့် အဆင့်မြင့် ဝိဇ္ဇာအကျင့်တရားကိုလည်းကောင်း၊ အဆင့်မြင့် ဝိပဿနာအကျင့်တရားကိုလည်းကောင်း၊ အဆင့်မြင့်သမထ အကျင့် တရားများကို လည်းကောင်း

(၁) ပဒေသရာဇ်မင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာ ၊ အဆောင်အယောင်များနှင့်လည်း မလဲနိုင်ပါ။

(၂) ကေရာဇ်မင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာ၊ အဆောင်အယောင်များနှင့်လည်း မလဲနိုင်ပါ။

(၃) စကြာဝတေးမင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာ၊ အဆောင်အယောင် များနှင့်လည်း အလဲအထပ်မလုပ်နိုင်ပါ။

(၄) သိကြားမင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာ၊ အဆောင်အယောင်များနှင့်လည်း အလဲအထပ်မလုပ်နိုင်ပါ။

(၅) ဗြဟ္မာမင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာ၊ အဆောင်အယောင်များနှင့်လည်း အလဲအထပ်မလုပ်နိုင်ပါ။

(၆) သူဌေးသူကြွယ်တို့၏ စည်းစိမ်ဥစ္စာ၊ ရတနာ၊ အဆောင်အယောင်များနှင့်လည်း အလဲအထပ် မလုပ်

နိုင်ပါ။

(၇) သမ္မတမင်း၊ မန္ဓာတ်မင်း၏ စည်းစိမ်ဥစ္စာ၊ ရတနာများနှင့်လည်း အလဲအထပ် မလုပ်နိုင်ပါ။

(၈) မနောမယ ပတ္တာမြားရတနာများနှင့်လည်း အလဲအထပ် မပြုလုပ်နိုင်ပါ။

(၉) မကိဇောတ ပတ္တာမြားရတနာများနှင့်လည်း အလဲအထပ် မပြုလုပ်နိုင်ပါ။

ထို့ကြောင့် မိမိယုံကြည်အားကိုးစွာ၊ အားထားစွာ၊ ရည်မှန်းချက်ပန်းတိုင်အပြည့်ဖြင့် ကြိုးစားအားထုတ်၍ ကျင့်ကြံပွားများလာခဲ့ရသော အကျင့်ရတနာ၊ ပဋိပတ်ရတနာ၊ ဝိဇ္ဇာအကျင့်ရတနာ၊ သမထ အကျင့်ရတနာ၊ ဝိပဿနာအကျင့်ရတနာများကို အထူးတန်ဖိုးထားတတ်ကြပါစေ။ အထူးယုံကြည် အားကိုးတတ်ပါစေဟု လမ်းညွှန်ပြသအပ်ပါသည်။

ဤသို့လျှင် မိမိတို့၏ အကျင့်ပဋိပတ်တရား၊ အဆင့်မြင့် ဝိဇ္ဇာအကျင့်တရားများ၊ အဆင့်မြင့် သမထဝိပဿနာ အကျင့်တရားများကို ယုံကြည်အားကိုး၍ တန်ဖိုးထားတတ်ကြပါလျှင် ထိုဒေဝဂ္ဂတ္ထိ၊ ဒေဝကိန္နရီ၊ ဘုမ္မဒေဝ ဂ္ဂတ္ထိ၊ ရုက္ခဒေဝဂ္ဂတ္ထိ ဥစ္စာစောင့်မိန်းမစသော နတ်မိန်းမ(၅)ပါးတို့၏ အဖျက်အဆီးအန္တရာယ်များမှ လွယ်ကူစွာ ကျော်လွှားလွန်မြောက်နိုင်မည်ဟု မှတ်ထင်ကြကုန်ရာ၏။

အထူးမှတ်ချက်။

အချို့ပညာတက်စဉ်၊ အကျင့်တက်စဉ်များတွင် သူတို့၏ လမ်းစဉ်၊ သူတို့၏ပညာစဉ် အရ ကျင့်ကြံပွားများ အားထုတ်လာခဲ့သည်မှာ နှစ်ပေါင်းမည်၍မည်မျှ ရှိလာခဲ့ပြီး အထက်၊ အထက်သော သိဂ္ဂိပညာ၊ မဟိဂ္ဂိပညာ၊ ဝိဇ္ဇာပညာရပ်များကို ပေးအပ်ဖို့အတွက် ထိုသို့မပေးအပ်မီ အကျင့်၊ သီလ၊ သိက္ခာများကို စစ်ဆေးသောအနေဖြင့် လည်းကောင်း၊ စမ်းသပ်သောအနေဖြင့် လည်းကောင်း၊ စာမေးပွဲတစ်ခု ဖြေဆိုရသည့် သဘောကဲ့သို့

အထက်သက်ဆိုင်ရာ ထွက်ရပ်ပေါက်ပြီး ဂိုဏ်းဆရာကြီးတို့သည် လည်းကောင်း၊ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးများတို့သည်လည်းကောင်း၊ မိမိအား ငွေရေးကြေးရေးလောဘ၊ ပစ္စည်းလောဘ၊ အဆောင်အယောင်လောဘ၊ အလှအပလောဘ၊ ကျောက်မျက်ရတနာ လောဘ၊ ရာထူးအဆင့် တိုးတက်မှုလောဘ၊ ရှိ-မရှိ သိစေချင်သောသဘောဖြင့် ငွေဖြင့်တို့၌ စမ်းသပ်စစ်ဆေးကြကုန်၏။

ရှတ်တရက်ငွေရေးကြေးရေးကို ပေါပေါများများ ဝင်နေအောင်လုပ်ခြင်း၊ မတန်တဆ မမျှော်လင့်ဘဲ ငွေကြေးပြည့်စုံချမ်းသာနေအောင် ငွေနှင့်တို့ကြည့်သည်။ ထိုသို့ငွေကို ပေါပေါများများ ပြည့်စုံလာသော်လည်း မိမိသည် ငွေကို မက်မောမှုမရှိ၊ ငွေကြောင့် စိတ်ရောကိုယ်ပါ တုန်လှုပ်မှုမရှိ၊ ငွေကြောင့် ဣန္ဒြေမပျက်၊ သို့မှသာ အထက်ဆရာတော်ကြီးများ၊ သိဒ္ဓိပေါက်ဆရာတော်ကြီးများက သာဓုခေါ်၍ ငွေနှင့်ထိတွေ့သော်လည်း တုန်လှုပ်ခြောက်ခြားမှုမရှိပါမှ ရှေ့ဆက် တက်လှမ်းရမည့် ပညာများ၊ သိဒ္ဓိများ၊ ဉာဏ်စဉ်များ၊ မဟိဒ္ဓိများကို အဆင့်တက်ပေးနိုင်မြင့်ပေးကြကုန်တော့၏။

ထိုမှတစ်ဆင့် မြင့်သထက်မြင့်အောင် အဆင့်မြင့်ဝိပဿနာ အကျင့်များ အဆင့်မြင့်သမထအကျင့်များ၊ အဆင့်မြင့်ဝိပဿနာ အကျင့်များကို နှစ်ပရိစ္ဆေဒများစွာ ကျင့်ဆောင်ပွားများအားထုတ်ပြီးနောက် အချိန်ကျလာသည့်အခါ-

ပိန်းမနှင့် ထိတွေ့ ကြည့်စေတော့၏။ လူပိန်းမ၊ နတ်ပိန်းမစသည် များဖြင့် စမ်းသပ် ခံရတော့၏။ လောကစာမေးပွဲ စစ်သောသဘောပင်။ လူမိန်းမ၊ နတ်မိန်းမတစ်မျိုးမျိုးနှင့်ဖြစ်စေ၊ နှစ်မျိုးစလုံး နှင့်ဖြစ်စေ၊ စမ်းသပ်စစ်ဆေးတော့၏။ ထိုသို့လျှင် လူမိန်းမ၊ နတ်မိန်းမများဖြင့် စမ်းသပ်စစ်ဆေးသည့်အခါ ထိုမိန်းမများကြောင့် တုန်လှုပ်မှုရှိ-မရှိ၊ စိတ်လှုပ်ရှားမှု ရှိ-မရှိ၊

ကျွန်ုပ်၊ သင်တို့၊ အကျင့်၊ သီလ ပျက်စီးမှု ရှိ-မရှိ၊ ခံနိုင်ရည်ရှိ-မရှိ၊ ကာမ၊ ရာဂ၊ တဏှာထကြွမှု ရှိမရှိ၊ ကာမ၊ ရာဂ၊ တဏှာများကို ထိန်းချုပ်နိုင်စွမ်းရှိမရှိ၊ စမ်းသပ်စစ်ဆေးလေတော့တဲ့။

ထိုအခါ ထိုသို့ လူမိန်းမ၊ နတ်မိန်းမများနှင့် ထိတွေ့စမ်း သပ်စုံစမ်းသော်လည်း ကျွန်ုပ် သင်တို့ပျက်စီးမှုမရှိခြင်း၊ စိတ်ရောကိုယ်ပါ တုန်လှုပ်ခြောက်ခြားမှုမရှိခြင်း၊ မိမိ၏အကျင့်၊ သီလ၊ သမာဓိ တရားများကို အပျက်အစီးမခံခြင်း၊ မိမိ၏အကျင့်၊ သီလ၊ သမာဓိ မည်မှုန်မှန်းခြင်း၊ ထိုလူမိန်းမ၊ နတ်မိန်းမတို့အား မနှစ်သက်ခြင်း၊ အလိုမလိုက်ခြင်း၊ အာရုံ မဝင်စားခြင်းဖြစ်ပါမှ စမ်းသပ်စစ်ဆေးသော အထက်ဆရာကြီးများ၊ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးများတို့သည် သာဓု (၃) ကြိမ် ခေါ်ဆိုလျက် မိမိအား ကောင်းချီးပေးကြ ကုန်တော့တဲ့။

ဝမ်းမြောက်ဝမ်းသာ၊ ဝမ်းသာအားရ၊ အထက်အထက်သော ဝိဇ္ဇာပညာရပ်များ၊ သမထပညာရပ်များ၊ ဝိပဿနာဉာဏ်ပညာရပ်များကို ပေးအပ်ခြင်း၊ ဆိုးမြင့်ခြင်း၊ လမ်းညွှန်ပြသခြင်းပြုလေတော့တဲ့။

ဤနေရာတွင် အထူးသဘောပေါက်အောင် လောကီဝိဇ္ဇာနှင့် လောကုတ္တရာဝိဇ္ဇာတို့ကို ခွဲခြားပြပါဦးအုံး။

(၁) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် ကြိုးစားအားထုတ်ရသော အကျင့်။

(၂) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် ကြိုးစားလှုပ်ခါန်းရသော ဘါနအကျိုး။

(၃) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် ထိန်းသိမ်းစောင့်ရှောက်ရသော သီလတရား။

(၄) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် မွေးမြူထိန်းသိမ်းရသော သမာဓိတရား။

(၅) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် ရဲရဲတောက်ဆိုရဲသော သစ္စာတရား။

(၆) လောကီဝိဇ္ဇာလမ်း အောင်မြင်ဖို့အတွက် တည်မတ်သော ကြိုးစားအားထုတ်မှု၊ ဝိရိယတရား။

(၇) လောကီဝိဇ္ဇာလမ်း အောင်မြင်ပြီးစီးဖို့အတွက် နူးညံ့ပျော့ပျောင်းသော မေတ္တာတရား။

ဤ(၇)ချက်သော ပြည့်စုံမှုများကို အားထုတ်ဆောင်ရွက်ပါက လောကီဝိဇ္ဇာလမ်းကို အောင်မြင်ရတော့၏။ မအောင်မြင်၍မရ မုချ အောင်မြင်ရတော့၏။ ယခုဘဝတွင် မအောင်မြင်၊ မပြီးစီးခဲ့ပါက လာမည့်နောက်ဘဝတွင် မုချသေချာပေါက် အောင်မြင်ပြီးစီးရတော့၏။

လောကုတ္တရာ အရိယာဝိဇ္ဇာလမ်းမှာမူ ကုညီမစ စောင့်ရှောက်မှုသည် အရိယာဝိဇ္ဇာကမ္မဋ္ဌာနစရိယ၊ ရိုးရိုးကမ္မဋ္ဌာန်း အကျင့်လမ်း၏ ကမ္မဋ္ဌာနစရိယ၊ ထို (၂)မျိုးစလုံးသည် ရှိကြကုန်ရာ၏။ ထို(၂) မျိုးစလုံး၏ ကုညီမှု၊ မစမှု၊ စောင့်ရှောက်မှု၊ လမ်းညွှန်မှု၊ ဉာဏ်စဉ်အဆင့် တက်ပေးမှုတို့သာ အထူးလိုအပ်တော့၏။ ကျွန်တော် တစ်မင်၊ တစ်ဖိုလ်ရရှိရန်အတွက်၊ နိဗ္ဗာန်တရားကိုရရှိရန်အတွက် ဗိမိဘာသာ ဗိပိကြိုးစား၍ အားထုတ်ယူရသည်ဟု မှတ်ကြရာ၏။

အကယ်၍သာ တစ်မင်တစ်ဖိုလ်ရခဲ့လျှင်လည်းကောင်း၊ ဈာန်တရားမင်တရား၊ ဖိုလ်တရားတို့ကို ရခဲ့လျှင်လည်းကောင်း၊ ရဟန္တာဖြစ်သွားခဲ့လျှင်လည်းကောင်း၊ အနီးအနားလူများ၊ ရပ်ဝေးရပ်နီးမှ လူများက နောက်ဆုံးမှသိခွင့်ရ၏။ အစောဆုံးသိနေကြသော ပုဂ္ဂိုလ်များမှာ ရွာစောင့်နတ်များ၊ မြို့စောင့်နတ်များ၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ကျောင်းစောင့်နတ်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်များ၊ လောကပါလနတ်များ၊ သာသနာတော်စောင့်နတ်များက အစောဆုံးကြို့တင်၍ သိမြင်ကြကုန်တော့၏။

ထို့ကြောင့် ဓာတ်မုန်လျှင် နတ်ထံက လာလိမ့်မည်ဟု လောကီ

ဝိဇ္ဇာပဂ္ဂိုလ်ကြီးများက မိန့်မှာတော်မူခဲ့တ၏။ အဓိပ္ပါယ်မှာ နည်းမှန်၊ လမ်းမှန်၊ အကျင့်မှန်၊ သီလမှန်၊ သမာဓိမှန်ကန်အောင်သာ ကျင့်ကြံပွားများ အားထုတ်ကြပါ။

ထိုသို့မှန်မှန်ကန်ကန် အားထုတ်မှုမှန်လာခဲ့ပါလျှင် မိမိ၏အကြောင်း၊ မိမိ၏အကျင့်၊ မိမိ၏သိဒ္ဓိ၊ မိမိ၏ပညာ၊ မိမိ၏အောင်မြင်မှုများကို နတ်ထံကလာလိမ့်မည်။ လူတွေထက် နတ်တွေက အရှင်ပြောလာကြလိမ့်မည်ဟု ဆိုလိုပါသည်။ ဤတွင် ဝိဇ္ဇာအစစ်နှင့်အတု ခွဲခြားပြပုံပြီးစီး၏။ ။

၆

ကန်တော့ပွဲထိုးပုံ အမျိုးမျိုးနှင့် ဝိဇ္ဇာဝိရ ဆရာတော်ကြီးများ ကန်တော့ခန်း

ရေးဆရာကြီးများ ဆရာတော်ကြီးများ၏ မူဝါဒ

ကန်တော့ပွဲထိုးသည်၊ ကန်တော့ပွဲထိုး၍ ပူဇော်သည်၊ လှူဒါန်းသည်များမှာ မိမိထက် တစ်နာရီ၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်ကြိုးသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ဆရာသမားများအား လည်းကောင်း၊ ပူဇော်ခြင်း၊ ကန်တော့ခြင်း၊ လှူဒါန်းခြင်းသာဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရပါလျှင် ဒါနတစ်ခုပြုလုပ်ခြင်းသာဖြစ်ပါသည်။ ထိုကန်တော့ပွဲဖြင့် ကန်တော့ခြင်း၊ လှူဒါန်းခြင်း၊ ပူဇော်ခြင်းများသည် သက္ကစ္စ ဂါရဝနိဝါတ ဖြစ်ခြင်းကြောင့် ရှိသေခြင်း၊ အလေးဂရုပြုခြင်း၊ နှိမ့်ချရိုကျိုးခြင်း၊ အလေးအမြတ်ပြုခြင်း၊ လေးစားခြင်းအဓိပ္ပါယ်မျိုးပင် ဖြစ်ပါသည်။ ကန်တော့ပွဲထိုးသည်၊ ကန်တော့ပွဲထိုး၍ လှူဒါန်းသည်၊ ကန်တော့ပွဲထိုး၍

ပူဇော်သည်ဟု ဆိုကြရာ၌ တစ်မြို့၊ တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်း ဆိုသော စကားပုံအတိုင်း အမျိုးမျိုးကွဲပြား ခြားနားလျက် ရှိကြပါသည်။

(၁) ရတနာသုံးပါးအား ကန်တော့ပွဲဖြင့် အမြဲလှူဒါန်း ပူဇော်ထားခြင်း။

(၂) ရတနာသုံးပါးအား ရံဖန်ရံခါ၊ တစ်ခါတစ်ရံ ကန်တော့ ပွဲဖြင့် လှူဒါန်းခြင်း။

(၃) အနန္တောအနန္တ (၅)ပါးအား ကန်တော့ပွဲဖြင့် ပူဇော်လှူ ဒါန်းခြင်း။

(၄) သာနာ (၅၀၀၀) အားရည်စူး၍ သာသနာပွဲဖြင့် ပူဇော်လှူဒါန်းခြင်း။

(၅) အထက်ထွက်ရပ်ပေါက်ဆရာကြီးများ၊ ဆရာတော် ကြီးများအား ကန်တော့ပွဲဖြင့် လှူဒါန်းခြင်း။

(၆) နတ်များအား ကန်တော့ပွဲထိုး၍ ပူဇော်ပသခြင်း။

ဤ(၆)မျိုးသောကိစ္စများတွင် ကန်တော့ပွဲနှင့်ပူဇော်ပုံ၊ လှူဒါန်းပုံ များအား အကျယ်တဝင့် ဟောပြောပြသသွားမှာ ဖြစ်ပါသည်။

(၁) ရတနာသုံးပါးအား ကန်တော့ပွဲဖြင့် လှူဒါန်းပူဇော်ခြင်း

ရတနာသုံးပါးဆိုသည်မှာ ဗုဒ္ဓဘာသာ၊ ဗုဒ္ဓသာသနာအရ ဘု ရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဟုဆိုအပ်သော ရတနာ (၃) ပါးကို ဆိုလိုသည်။ တစ်နည်း သရဏဂုံ (၃)ပါးဟု ဆိုလိုသည်။ ထိုရတနာ (၃)ပါးအား ကန်တော့ပွဲများဖြင့် ပူဇော်ခြင်း၊ လှူဒါန်းခြင်းသည် ထို ကန်တော့ပွဲကို ရတနာသုံးပါးကန်တော့ပွဲ (သို့မဟုတ်) သရဏဂုံ(၃)ပါး ကန်တော့ပွဲဟု ခေါ်ဆိုရပါမည်။ သို့မဟုတ် ခေါ်ဆိုထိုက်ပါသည်။ **ရတနာသုံးပါးမှလွဲ၍ တစ်ခြားဘာမှ မပါစေရ။ ရတနာသုံးပါးနှင့် အပ်စပ်တာများကိုလည်း မထည့်သွင်းရ။**

ရတနာ(၃)ပါးပွဲ ပြင်နည်းမှာ

ရခိုင်ငှက်ပျောသီး (၃)ဖီး၊ အုန်းသီးကောင်းကောင်းတစ်လုံး၊ ကွမ်းယာ(၃)ယာ၊ မင်္ဂလာရှိသောပန်း(၃)ပွင့်သို့မဟုတ် (၃)ခက်၊ ဖယောင်းတိုင်ထုပ် (၁)ထုပ်၊ အမွှေးတိုင်ထုပ် (၁) ထုပ်၊ ဆေးရွက်ကြီးအလိပ် (၁)လိပ် ထည့်ထိုးပေးရပါသည်။ လက်ဖက်ကို ဆီ၊ ဆား၊ ကြက်သွန်ကြော်၊ နှမ်းလှော် ထို(၅)မျိုး ရောစပ်ပြီး ငှက်ပျောရွက်ကတော့လုပ်၍ လက်ဖက်(၃)ကတော့ကို ထည့်ထိုးရပါသည်။

ထိုကန်တော့ပွဲကို ရတနာ(၃)ပါးပွဲ သို့မဟုတ် သရဏဂုံ(၃)ပါးပွဲ ဟု ခေါ်ဆိုရပါမည်။

မှတ်ချက်။ ကန်တော့ပွဲသည် ရတနာသုံးပါးပွဲဖြစ်ပါ၍ ဘုရားစင်ပေါ်မှာ ရှိရပါမည်။ ဘုရားစင် ကျဉ်းနေပါက ဘုရားစင်ရှေ့တည့်တည့်၊ ဝတ္ထုရုပ်ပွားတော်ရှေ့ တည့်တည့်တွင် စားပွဲတစ်လုံးခင်း၍ စားပွဲပေါ်တွင် စားပွဲခင်းအဖြူကို ခင်းစေ၍ ထိုစားပွဲပေါ်တွင် ရတနာ (၃)ပါးကန်တော့ပွဲကို ပြင်ဆင်၍ တင်ထားရပါမည်။ ကန်တော့ပွဲမှ အုန်းသီး၏ကြွက်မြီးတံကို ဝတ္ထုရုပ်ပွားတော်ဘက်သို့ ဦးထိုးထားစေရပါမည်။ ကန်တော့ပွဲသည် ဝတ္ထုဘုရားအား ကန်တော့ပူဇော်နေသည့် သဘောဖြစ်ပါသည်။

ရတနာ (၃)ပါးအား ကန်တော့ပွဲဖြင့် ပူဇော်လျှောက်ထားပုံ

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမှ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမှ၊ တန်ခိုးတော်အနန္တနှင့်ပြည့်စုံတော်မူပေသော ဝတ္ထုမြတ်စွာဘုရားအမှူးထား၍ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာဟူသော ရတနာမြတ် သုံးပါးနှင့်တို့အား ဤငှက်ပျော သုံးဖီး၊ အုန်းသီးတစ်လုံး၊ ကွမ်းယာ (၃)ယာ၊ လက်ဖက်အစုံ (၃)ကတော့၊ ပန်း (၃) မွှေ့၊ အမွှေးတိုင်၊ ဖယောင်းတိုင်မီးအစုံ၊ ကွမ်းဆေးလက်ဖက်အစုံဖြင့် ထည့်ခင်

၌ ဤရတနာ (၃)ပါး ကန်တော့ပွဲအစုံဖြင့် ရတနာသုံးပါးအား ရည်မှန်း၍ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား။

သုံးကြိမ်နှုတ်ကဆို၍ ကန်တော့ရပါသည်။ ဤကောင်းမှု၊ ဤကုသိုလ်ကြောင့်၊ တပည့်တော်တို့ မိသားစုအားလုံးတို့သည် အပါယ်လေးပါး၊ ရန်သူမျိုးငါးပါး၊ ဘေးရှစ်ပါး၊ ဒကာဆယ်ပါး၊ အနာမျိုး (၉၈) ပါးတို့မှ ကင်းဝေးပမ္မောက်ကြ ကုန်သည်ဖြစ်၍ မင်္ဂလာပါး၊ ဗိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို ရရ၊ ရောက်ရပါလို၏ အရှင်ဘုရား။

(ကန်တော့တာကတော့ ဤအတိုင်းကန်တော့တာ မှန်ပေမဲ့ ဆုတောင်းတာကတော့ မိမိကြိုက် နှစ်သက်သလို ထည့်၍ဆုတောင်း နိုင်ပါသည်။)

လှူဒါန်းပူဇော်ထားသော ကန်တော့ပွဲအား စွန့်ပုံ

ဘုရား၊ တရား၊ သံဃာ၊ ရတနာ (၃)ပါးတို့ဘုရား . . . လှူမှုယဉ်ဝတ္ထုပစ္စည်းများနှင့်တကွသော ကန်တော့ပွဲသည် ဟောင်းနွမ်းနေပြီဖြစ်ပါ၍ အသစ်တစ်ဖန်လဲလှယ် လှူဒါန်းပူဇော်ရန်အတွက် အဟောင်းကန်တော့ ပွဲကို စွန့်တော်မူပါဘုရား။ (၃)ကြိမ်ဆို၍ စွန့်ယူရပါသည်။

ဤကန်တော့ပွဲစွန့်နည်းကို မူတည်၍ ကျန်သောတခြားကန်တော့ ပွဲများကိုလည်း ဤနည်းအတိုင်းပင် စွန့်နိုင်ပါသည်ဟု မှတ်ယူပါလေ။

မှတ်ချက်။ ရတနာ(၃)ပါးကန်တော့ပွဲအား ရတနာ(၃)ပါးကို ကပ်လှူပူဇော်ရာ၌ မိမိ၏ခန္ဓာကိုယ်အား ရေချိုးခြင်း၊ အမွေးနှံ့သာလိမ်းခြင်း(သို့မဟုတ်)သန့်ရှင်းစင်ကြယ်သော အဝတ်အစားများကို ဝတ်ဆင်ပြီးမှ ကန်တော့ပွဲကို လှူဒါန်းပါလေ။

ထိုသို့ ကန်တော့ပွဲကို လှူဒါန်းကပ်လှူရာ၌ ကန်တော့ပွဲရှေ့တွင် ဖယောင်း(၃)တိုင်ထွန်း၊ အမွေးတိုင်(၃)ချောင်းထွန်း၍ ကပ်လှူပူဇော်ရမည်ဖြစ်ပြီး၊ နေ့စဉ်၊ ညစဉ်၌လည်း ဖယောင်းတိုင် (၃)တိုင်ထွန်း၍ လည်း

ကောင်း၊ အမွေးတိုင် (၃)ချောင်းကို ထွန်းညှိ၍လည်းကောင်း၊ ပူတော့ကန်တော့ပေးရမည်ဟု သဘောပေါက်ပါလေ။

နံပါတ် (၁) နှင့် နံပါတ် (၂)သည် အတူတူပင်ဖြစ်ပါသည်၊ ရတနာ (၃)ပါးအား အမြဲတမ်းပူဇော်ပူဇော်၊ တစ်ခါတစ်ရံပဲ ပူဇော်ပူဇော်ပွဲပြင်တာ၊ ပွဲဖြင့်ကန်တော့တာ အတူတူပင်ဖြစ်ပါသည်။ ထိုရတနာ (၃)ပါး ကန်တော့ပွဲအနီးအနားမှာ မိသားစု မရှိမသေမနေထိုင်ရ။ လင်မယားစုံတွဲ မဘိပ်ရ။ ဆဲရေးတိုင်းထွာမှုမပြုရ၊ ရတနာ(၃)ပါးအား ပူဇော်ထားသော ကန်တော့ပွဲမီးဖြင့် ဆေးလိပ်မီးညှိခြင်း မပြုလုပ်ရ။ သတိကြီးစွာ ထားပါလေ။ ထို့အတူ ရတနာ(၃)ပါး ကန်တော့ပွဲထဲတွင် ဆေးလိပ်ပြာများ၊ ဆေးလိပ်တိုများ၊ မလိုလားအပ်သော အမှိုက်များ၊ ကန်တော့ပွဲ ထဲမထည့်ရ သတိပြုပါလေ။ ရတနာ(၃)ပါးအား ပူဇော်ထားသော ဆီမီးဖယောင်းတိုင်မီးဖြင့် မီးမွှေးခြင်း၊ မီးညှိခြင်း မပြုလုပ်ကောင်း။

အမြဲတမ်း ကန်တော့ပွဲပြင်ပြီး ထာဝရ ပူဇော်ကန်တော့တာ တစ်မျိုး၊

(၂) ရတနာသုံးပါးအား ရံဖန်ရံခါ ကန်တော့ပွဲပြင်၍ လှူဒါန်းပူဇော်ခြင်း

ရံဖန်ရံခါ တစ်ခါတစ်ရံပူဇော်ခြင်းကို ပြုမည်ဆိုပါက မိမိမွေးနေ့နှင့် လပြည့်နေ့ကြုံကြိုက်သောနေ့ နံနက် (၆)နာရီမှ နံနက် (၉)နာရီအတွင်း ကန်တော့ပွဲထိုး၍ ပူဇော်ကန်တော့နိုင်သည်။ ထို့အပြင် တနင်္ဂနွေနေ့၊ တနင်္လာနေ့၊ ကြာသပတေးနေ့၊ သောကြာနေ့၊ ထိုလေးနေ့နှင့် လပြည့်နေ့ကြုံကြိုက်သော နေ့များတွင်လည်း ကန်တော့ပွဲထိုး၍ ပူဇော်ကန်တော့ပါလျှင် လောကီဘက်တွင် အလွန်တရာအကျိုးထူးစေပြီး ကောင်းမြတ်သော စည်းစိမ်ဥစ္စာရတနာများနှင့် ပြည့်စုံစေတတ်ပြီး အထစ်အငေါ့အခက်အခဲမှန်သမျှ၊ ပြေလည်နိုင်ပေလိမ့်မည်။ ကိစ္စမှန်သမျှ အောင်မြင်မှု၊ ပြီးစီးမှုများ ရရှိစေနိုင်ပါသည်။ မည်သည့်ပွဲမျိုး မဆို၊ ရတနာသုံးပါးနှင့် စပ်ဆိုင်သောပွဲများ၊ အထက်ဝဋ္ဌာဓိရများနှင့် ပတ်သက်သောပွဲများ သာသနာနှင့် ပတ်သက်သောပွဲများ၊ ဘုရားပွဲ၊ ထီးတင်ပွဲ၊ အနေကာ

တင်ပွဲများနှင့်ပတ်သက်သော ကန်တော့ပွဲများသည် နံနက် ၆နာရီမှ နံနက် ၁၀ နာရီအတွင်းသာ ကန်တော့ပွဲများပြင်ဆင်ပြီး လှူဒါန်းပူဇော် ရမည်ဟု မှတ်ယူကြပါလေ။ ညနေဘက်၊ ညပိုင်း၊ မွန်းလွဲအချိန်၊ ကန်တော့ပွဲ မပြင်ဆင်ကောင်းပါ။ ကန်တော့ပွဲ မထိုးကောင်းပါ။ သတိပြု ကြပါလေ။

အရှေ့လောကဓာတ်မှ နေရောင်၊ နေစက်ဝန်းထွက်စ၊ ထွန်းလင်းစ တောက်ပသောအချိန်၊ ကမ္ဘာလောကအား နေမင်းသည် နေရောင်ခြည်ဖြင့် စတင်ထွန်းလင်းတောက်ပစအချိန်ကို ရည်မှန်း၍ ကန်တော့ပွဲများကို ပြင်ဆင်သင့်သည်ဟု အထူးမှတ်သားကြကုန်ရာ၏။

(၃) အနန္တော အနန္တ (၅)ပါးပွဲပြင်ဆင်ပုံ ပူဇော်ပုံ

ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ၊ အနန္တောအနန္တ (၅)ပါးအား ရည်မှန်းပူဇော်သော ကန်တော့ပွဲဖြစ်သောကြောင့် ကန်တော့ပွဲ ထိုးရာမှာ- ရုံခိုင်ငှက်ပျောသီး (၅)ဖီး၊ အုန်းသီး ကောင်းကောင်းတစ်လုံးနှင့် ကန်တော့ပွဲပြင်ပါ။ ထိုပွဲတွင် အနန္တောအနန္တငါးပါးအား ရည်စူးသောပွဲဖြစ်သောကြောင့် မဂ်လာရှိသော ပန်း (၅)မွှာ (သို့မဟုတ်) (၅)ခက်၊ ကွမ်း (၅)ယာ၊ လက်ဖက် (၅)ကတော့၊ ဖယောင်းတိုင်တစ်ထုပ်၊ အမွှေးတိုင်တစ်ထုပ်၊ ဆေးရွက်ကြီးတစ်လိပ်ထည့်ဝင်ရသည်။ ဤကား အနန္တောအနန္တ (၅)ပါးပွဲ ပြင်ဆင်ပုံဖြစ်၏။

(၄) သာသနာ၅၀၀အား ရည်စူး၍ သာသနာပွဲပြင် လှူဒါန်းပူဇော်ခြင်း

သာသနာ (၅၀၀၀) ကန်တော့ပွဲပြင်ဆင်ပုံမှာလည်း အနန္တောအနန္တ(၅)ပါးပွဲပြင်ဆင်ပုံနှင့် အတူတူပင်ဖြစ်သည်။ မကွဲပြားပေ၊ အနန္တောအနန္တ (၅)ပါးပွဲကို ပြင်ဆင်တတ်လျှင် (၅၀၀၀) ပွဲပြင်ဆင်ပုံမှာလည်း ဤအတိုင်းပင် ဖြစ်ပါသည်။ ဘာမျှ မပြုလုပ်တတ်စရာ အကြောင်းမရှိပေ။ တစ်ခုပဲကွာခြားသည်မှာ သာသနာ (၅၀၀၀) ကတော့ပွဲတွင် ထီးပြု (၅)လက်၊ တံခွန် (၅)လက်တို့ကို အတိုအရှည် ညီညာအောင်၊ အနေတော်အနိုးတံများကို မားနှင့်တိုပြတ်၍ ငှက်ပျောသီးတစ်လုံးနှင့် တစ်လုံးကြားထဲတွင် တည့်မတ်နေအောင်၊ ထောင်နေအောင် ထိုးစိုက်ရမည်ကို အထူး

သတိပြုပါလေ။ ငှက်ပျောသီးထဲကို မထိုးစိုက်ရ။ ငှက်ပျောသီးတစ်လုံးနှင့် တစ်လုံးကြားထဲကို ထိုးစိုက်ရမည်ကို သတိထားပါလေ။

ကန်တော့ပွဲအား အမြဲတမ်းပူဇော်ကန်တော့ရန်အတွက် ကန်တော့ပွဲ ရှေ့တည့်တည့်မှာ ဖယောင်း(၅)တိုင်ထွန်း အမွှေးတိုင် (၅)ချောင်း ထွန်း၍ ပူဇော်ရသည် ဟု မှတ်ကြပါလေ။ အနန္တော အနန္တ (၅)ပါးပွဲတွင်မူ ထီးဖြူ (၅) လက်၊ တံခွန် (၅)လက်ထိုးစိုက်စရာ မလိုတော့ပေ။ သို့ပေမဲ့ သင်္ခါရှိ၍ စေတနာရှိ၍ ထီးဖြူ (၅)လက်၊ တံခွန် (၅)လက်တို့ကို ထိုးစိုက်လှူဒါန်းပါကလည်း ပိုကောင်းပါသည်။ အပြစ်မရှိနိုင်ပါ။

အနန္တော၊ အနန္တ (၅)ပါးအား ကန်တော့ပွဲဖြင့် ကပ်လှူပူဇော်ရာတွင်-

" ဘုန်းတော်အလွန်တရာ ကြီးတော်မူပေထသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ထိုရတနာသုံးပါးကိုအမှူထား၍ ဆရာသမား၊ မိဘ၊ အနန္တော်အနန္တငါးပါးတို့အား ရည်စူး၍၊ ရည်မှန်း၍ ဤငှက်ပျော(၅)ဖီး၊ ဘုန်းသီးတစ်လုံး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းမျိုးထည့်ဝင်၍ ကွမ်း၊ ဆေး၊ လက်ဖက်အစုံဖြင့် ကန်တော့ပွဲများကို ပြင်ဆင်၍ ဆက်ကပ်လှူဒါန်း ပူဇော်ပါ၏ဘုရား။ "

(၅)ကြိမ်ဆိုပါ။ ဤကောင်းမှုဤကုသိုလ်ကြောင့် တပည့်တော်တို့၏ မိသားစုများသည် အပါယ်လေးပါး၊ ရန်သူမျိုးငါးပါး၊ ဘေးရှစ်ပါး၊ ဒဏ်ဆယ်ပါး၊ အနာမျိုး(၉၈)ပါးတို့မှ ဘဝဆက်တိုင်းဆက်တိုင်း၊ ကင်းလွတ်ငြိမ်းကြ ကုန်သည်သာဖြစ်၍ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားဝလကြီးခြင်း၊ ဉာဏ်ပညာ၊ ဘုန်းတန်ခိုး အာနုဘော်ကြီးခြင်းနှင့် ပြည့်စုံရ၍ မင်္ဂလာပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ရပါလို၏ အရှင်ဘုရား။

ကပ်လှူပူဇော်တာကို (၅)ကြိမ်ဆိုပါ။ ကျန်တာဆုတောင်းတာကတော့ တိုတိုတုတ်တုတ်၊ ပြထားသည့် အတိုင်းဆုတောင်းလည်း ရပါသည်။ (သို့မဟုတ်)မိမိစိတ်ကြိုက်၊ ကြိုက်နှစ်သလိုထည့်၍ ခဲ့၍ ဆုတောင်း

နှင့်ပါသည်ဟု မှတ်ယူကြပါလေ။

သာသနာ(၅၀၀၀)ပွဲအား ကန်တော့ပွဲဖြင့် ကပ်လှူပူဇော်ရာတွင်-

"ဘုန်းတော်အလွန်တစ်ရာ ကြီးတော်မူပေထသော ကောက္ကသမြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမ မြတ်စွာဘုရားစသော ထိုလေးဆူကုန်သော ဗုဒ္ဓမြတ် စွာဘုရားရှင်၏ တန်ခိုးတေဇော်၊ အာနုဘော်တို့ကြောင့်သာသနာ (၅၀၀၀) အကျိုးဆောင်ကုန်သော တစ်မင်္ဂ၊တစ်ဖိုလ်ကို ရရှိတော်မူကြပေကုန်သော နှစ်မင်္ဂ၊ နှစ်ဖိုလ်ကို ရရှိတော်မူကြပေကုန်သော၊ သုံးမင်္ဂ၊ သုံးဖိုလ်ကို ရရှိ တော်မူကြပေကုန်သော သောတာပန်၊ နတ်မင်းကြီးများ။ သကဒါဂါမ်နတ်မင်းကြီးများ၊ အနာဂါမ်နတ်မင်းကြီးများနှင့်တကွ စတုလောကပါလ နတ်မင်းကြီးများ၊ သိကြားနတ်မင်းနှင့်တကွ (၃၃) ကျိပ်သော နတ်မင်းနတ်မြတ်များ၊ အလုံးစုံသော သမ္မာဒေဝနတ်မင်းများ သာသနာ တော်စောင့်နတ်မင်းကြီးများအား ရည်မှန်း၍၊ ရည်စူး၍ ဤငှက်ပျော (၅)ဖီး၊ ဘုန်းသီးတစ်လုံး၊ ထီးပြူ (၅)လက်၊တံခွန် (၅)လက်ထိုးစိုက်ထူ၍ လည်းကောင်း၊ အမွေးတိုင်၊ ဖယောင်းတိုင်၊ ပန်း (၅)ပွင့်၊ ကွမ်းဆေး လက်ဖက်အစုံတို့ကို ထည့်ဝင်၍ ဤကန်တော့ပွဲအစုံဖြင့် လှူဒါန်းပူဇော် ကန်တော့ပါ၏ဘုရား။"

(၅)ခါဆို၍ လှူဒါန်းပူဇော်ပါ။ ဤကောင်းမှု၊ ဤကုသိုလ် ကြောင့် အကျွန်ုပ်တို့ မိသားစုဝင်အားလုံးတို့သည် ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်၊ အန္တရာယ်အပေါင်းတို့မှ အမြဲထာဝရ ကင်းဝေးပယောက်ရပါလို၏ဘုရား။ အသက် ရှည်ရှည်နေရ၍ အနာရောဂါ ကင်းဝေးရပါလို၏ ဘုရား။ စီးပွားဥစ္စာ ရတနာများ၊ စည်းစိမ်ဥစ္စာ ရတနာ၊ ရွှေငွေများ တစ်နေ့တစ်ခြား တိုးတက်စွာ၊ စည်ကားစွာ၊ ပြည့်စုံစွာ၊ ဝင်လာမစဲ၊ တသဲသဲ ဖြစ်လာကြပါစေကုန်သတည်းဘုရား။ ထို့ပြင်တစ်ဝ အမျိုးအတွက်၊ ဘာသာအတွက် သာသနာတော်ကြီး နေတစ်ဆူ၊ လတစ်ပါးကဲ့သို့ ထွန်းလင်း တောက်ပ ပြည့်စုံလာအောင် သာသနာပြုခွင့်ရသော သာသနာပြုပဉ္စင်္လထူး၊ ပဉ္စင်္လမြတ်သည် နှကန်အမှန်ဖြစ်ရ၍ မင်္ဂဖိုလ် နိဗ္ဗာန်ကို

ရက်တိုတိုနှင့် လျင်မြန်စွာ ရာက်ရပါလိုကုန်၏ အရှင်ဘုရား။

ဤတွင်လည်း လျှာနိန်းပူစော်တာ (၅)ကြိမ်ဆိုပြီးလျှင် လျှာနိန်းတာ၊ ပူစော်တာ ပြီးစီးတော့၏။ ကျန်သောဆုတောင်းသည် ယခုပြထားသော ဆုတောင်းအတိုင်း ဆုတောင်းနိုင်ပါသည်။ ထို့ထက်ပို၍ မိဓိတို့ ဆန္ဒရှိသလို၊ ကြိုက်နှစ်သက်သလို ချဲ့ထွင်၍ ဆုတောင်းနိုင်ပါသည်။

အထူးမှတ်ချက်များ။

မည်သည့်ကတော့ပွဲမဆို ပွဲထိုးလျှင် (အုန်းသီး)၏ ကြွက်မြီးအတံသည် အပေါ်သို့မော့၍ ထောင်နေသော အုန်းသီးဖြစ်ရပါမည်၊ အုန်းသီး၏ ကြွက်ပြီးအတံသည် အောက်ဘက်သို့ နိမ့်ကျနေတာတို့ အောက်စိုက်ကျနေတာတို့ကို မသုံးသင့်ပါ။ ထို့ပြင် ကတော့ပွဲထိုးမည့် အုန်းသီးသည် အနာအဆာ၊ အပေါက်အကွဲ၊ ကျိုးတာပဲ့တာ၊ ပြုတ်ထွက်နေတာ လုံးဝမရှိစေရပါ။

အုန်းသီးသည် အကောင်းပကတိအတိုင်း အလုံးလုံးပန်းရမည်၊ အုန်းသီး အလုံးကြီးစေရပါမည်။ အုန်းသီးနှင့် ငှက်ပျောသီးများကို ရေဝင်အောင် ဆေးကြောခြင်း၊ သန့်ရှင်းစင်ကြယ် စေခြင်းရှိရပါမည်။ ငှက်ပျောသီးလည်း ထို့နည်းလည်းကောင်းပင် ငှက်ပျောသီးနှင့် ငှက်ပျောသီးသည် သေးငယ်နေသော သိမ်သိမ်သေးသေးဖြစ်နေတာ အနာ၊ အဆာ အကွဲ၊ အရှု ဖြစ်နေတာများကို လုံးဝမသုံးစွဲသင့်ပါ။ သတိပြုပါလေ။

ထို့အပြင် ကတော့ပွဲထိုးရန်အတွက် ငှက်ပျောသီး ဝယ်ယူရာတွင်လည်းကောင်း အုန်းသီး၊ ပန်း၊ ကွမ်းယာ၊ လက်ဖက်၊ ဆေးအမွှေးတိုင်၊ ဖယောင်းတိုင်များဝယ်ယူရာတွင် အကောင်းဆုံး ပစ္စည်းများကို တွေ့ပါလျှက်နှင့် အညံ့သုံးပစ္စည်းများကို မဝယ်သင့်၊ မသုံးသင့်ပါ။ သတိကြီးစွာ ထားကြရာ၏။ ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ သူတော်ကောင်း ကမ္မဋ္ဌာန်းရှိယ။ သူတော်ကောင်းဝိရာ၊ ကမ္မဋ္ဌာန်းရှိယများနှင့် တော်သော်လျှင် ကန်တော့ပွဲဖြင့် လျှာနိန်းပူစော်ကန်တော့ရာ၌ စေတနာမတွန့်တိုမိပါစေနှင့်၊ သဒ္ဓါတရား မဆုတ်ယုတ်မိပါစေနှင့်၊ စေတနာသဒ္ဓါ

ကောင်းကောင်းမွန်မွန်ထား၍ ဆောင်ရွက်လုပ်ကိုင်သင့်ကြောင်း သဘော ပေါက်ကြပါလေ။

(၅) အထက်ထွက်ရပ်ပေါက်ဆရာကြီးများ ဆရာတော်ကြီးများအား ကန်တော့ပွဲထိုးလှူဒါန်းခြင်း

အထက်ထွက်ရပ်ပေါက် ဆရာကြီးများအတွက် ရည်စူး၍ပြစ်စေ၊ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးများအတွက် ရည်စူး၍ပြစ်စေ(ဥပမာ)ကန်တော့ပွဲ(၅)ပွဲဖြင့် ပူဇော်ကန်တော့ခြင်း။ ကန်တော့ပွဲ(၃)ပွဲဖြင့် ပူဇော်လှူဒါန်းခြင်း၊ ကန်တော့ပွဲ(၉)ပွဲ၊ (၁၂)ပွဲ၊ (၁၈)ပွဲ စသည်ဖြင့် လှူဒါန်းကန်တော့ခြင်းမျိုးများရှိတတ်ကြပါသည်။

ထိုပြင် ကန်တော့ပွဲ(၁၀၈)ပွဲထိုး၍ ပူဇော်လှူဒါန်းခြင်းမှအစ ပွဲပေါင်း(၁၀၀၀)လှူဒါန်းခြင်း၊ ပွဲပေါင်း(၅၀၀၀)လှူဒါန်းခြင်းအထိ ကန်တော့ပွဲများထိုး၍ ပူဇော်လှူဒါန်းကြရာတွင် (၅)ဖီးပွဲဖြင့် ပွဲမထိုးသင့်ပါ (၃)ဖီးပွဲဖြင့်သာ လှူဒါန်းပူဇော်ရပါမည်။ ထို့ကြောင့် ကန်တော့ပွဲထိုးရာတွင် ရခိုင်ငှက်ပျောဖီး(၃)ဖီး၊ အုန်းသီးကောင်းကောင်းတစ်လုံး၊ မင်္ဂလာရှိသောပန်း(၃)မျိုးသို့မဟုတ်(၃)ခိုင်သို့မဟုတ် (၃)ခက်၊ ဖယောင်းတိုင်တစ်ထုပ်၊ အမွှေးတိုင်တစ်ထုပ်ထည့်၍ ကျန်တာကွမ်း၊ ဆေးရွက်ကြီး၊ လက်ဖက်(၃)ခုစီထည့်ဝင်၍ ကန်တော့ပွဲထိုးပူဇော်လှူဒါန်းရမည်ဟု မှတ်ယူရပါမည်။

အထူးသတိပြုရမည်မှာ-

မည်သည့် ကန်တော့ပွဲကိုမဆို ရတနာ(၃)ပါးပွဲ၊ အနန္တ(၅)ပါးပွဲ၊ သာသနာပွဲ၊ နတ်ပွဲ၊ သိုက်ပွဲမှန်သမျှတို့သည် တခြားငှက်ပျောသီးကို မသုံးသင့်ဘဲ ရခိုင်ငှက်ပျောသီးကိုသာ သုံးစွဲရမည်ကို အထူးသတိထားကြပါလေ။ အထူးသဖြင့် ရှောင်ရှားရမည့် မသုံးသင့်သည့် ငှက်ပျောမှာ ဖီးကြမ်းငှက်ပျော၊ ဝက်မလွတ်ငှက်ပျော၊ သီးမွှေးငှက်ပျော၊ ဆီတ်ချီငှက်ပျော၊ သူငယ်စာငှက်ပျောများကို လုံးဝမသုံးစွဲသင့်ပါ။ သတိကြီးစွာထားပါလေ။ ဒန့်နံမကိုက်သော ငှက်ပျောသီးများ၊ မင်္ဂလာမရှိသော

ငှက်ပျောသီးများ၊ နာမည်အမည် မကောင်းသော ငှက်ပျောသီးများ၊ ဓာတ်မကိုက်သော ငှက်ပျောသီးများကို မသုံးသင့်ကြောင်း၊ ကန်တော့ပွဲ မထိုးသင့်ကြောင်း သတိပြုပါလေ။ နတ်များကြိုက်နှစ်သက်တာ၊ အထက် ဝိဇ္ဇာဝိုရ်များကြိုက်နှစ်သက်တာ အပြစ်ကင်းစင်တာ ရွေးဓာတ်၊ ငွေဓာတ် နှင့်ပြည့်စုံပြီး အရာရာတည် ငြိမ်ခိုင်မြဲသော ရခိုင်ငှက်ပျောများကိုသာ အဓိကထားသုံးသင့်သည်ဟု မှတ်ထားကြပါလေ။

အထူးပွဲအဖြစ် ရွှေငှက်ပျောသီး ကို တစ်ခါတစ်ရံ သုံးစွဲသင့်သည်။ အစဉ်အမြဲမသုံးစွဲသင့်ပါ။ အထူးသဖြင့် အထူးအန္တရာယ် ကြီးမားသော ငှက်ပျောသီးမှာ ဖီးကြမ်းငှက်ပျောပင်ဖြစ်ပါသည်။ ထိုဖီးကြမ်းငှက်ပျောများကို အချို့အောက်နတ်ပွဲများ၊ မိစ္ဆာနတ်ပွဲများတွင် သုံးစွဲပြီး ကန်တော့ပွဲထိုးတာကို တစ်ခါတစ်ရံမြင်တွေ့ဖူးပါသည်။ အချို့မှာ နားမလည်၍ ဖီးကြမ်းငှက်ပျောကို သုံးတာမျိုး ရှိခဲ့ဖူးပါသည်။ အထူးသတိထား ရှောင်ရှားပါလေ။

ပြနတ်များအားကန်တော့ပွဲထိုးရန် ပူဇော်ပသခြင်း

အထက်နတ်ပွဲမှန်သမျှသည် ရခိုင်ငှက်ပျောသီးနှင့်ပင် ပွဲထိုးရပါသည်။ ပြောရလျှင်တော့ (၃)ဖီးပွဲဖြစ် ပါသည်။ အထက်ပါဝိဇ္ဇာပွဲများကဲ့သို့ပင် ငှက်ပျော (၃) ဖီး၊ အုန်းသီးတစ်လုံး၊ ပန်း (၃)ပွင့်၊ ဖယောင်းတိုင်တစ်ထုပ်၊ အမွှေးတိုင်တစ်ထုပ်ထည့်၊ ကွမ်း၊ ဆေး၊ လက်ဖက်အစုံ ထည့်ရပါသည်။

ဤပွဲမျိုးသည် အထက်ဘက်ဆိုင်ရာ နတ်များအား ကန်တော့ပွဲဖြင့် လျှာခါန်းပူဇော်အပ်သော ပွဲမျိုးဖြစ်ပါသည်။ အချို့အောက်နတ်များ၊ အောက်မိစ္ဆာနတ်များအတွက်မူ အချို့ငှက်ပျောဖီး (၂) ဖီး၊ အုန်းသီးတစ်လုံးနှင့်ပင် (၂)ဖီးပွဲပြင်၍ ပူဇော်ပသကုန်တာတွေ့ဖူးဧါ။ ဤနှစ်ဖီးပွဲသည် အချို့အောက်နတ်များနှင့် သင့်တော်လျော်ကန်လှပေမဲ့ အထက်နတ်မင်းကြီးများအတွက် ကန်တော့ပွဲပြင်ရာတွင်မူ ၃ဖီးပွဲနှင့်သာ ပြင်ဆင်၍ လျှာခါန်းပသသင့်သည်ဟု သိမှတ်ကြရာ၏။

ထို့ပြင် အထက်နတ်မင်းကြီးများဆိုရာမှာ ဓဋ္ဌရဋ္ဌနတ်မင်း၊ ဝိရူဠ်ကနတ်မင်း၊ ဝိရူပက္ခနတ်မင်း၊ ကုဝေရနတ်မင်းစသော စတုလောကပါလ သာသနာတော်စောင့် နတ်မင်းကြီးများ၊ သိကြားမင်းနှင့်တကွသော (၃၃) ကျိပ်သော နတ်မင်းကြီးများ၊ ဗြဟ္မာမင်းနှင့်တကွသော အလုံးစုံသော သမ္မာဒေဝနတ်မင်းများကို အထက်နတ်မင်းကြီးများဟု ခေါ်ဝေါ်ပါသည်။ ထိုအထက် နတ်မင်းကြီးများနှင့်တကွ သူရဿတီနတ်သမီးနှင့်ဒေဝီ (၇) ပါး၊ ဒေဝီ(၉)ပါး၊ ဒေဝီ(၁၂)ပါးတို့အား ကန်တော့ပွဲများဖြင့် ပူဇော်လှူဒါန်း ပါလျှင် ရခိုင်ဂုက်ပျောသီး (၃)ဖီးနှင့် အုန်းသီးတစ်လုံးတို့ပါဝင်ထားသော ဥဖီးပွဲများနှင့်သာ ပူဇော်လှူဒါန်းရမည်ကို အထူးသတိပြုပါလေ။

ထို့ပြင်ထိုအထက်နတ်မင်းကြီးများ ကန်တော့ပွဲများတွင် ထီးဖြူတစ်လက်စီ၊ တံခွန်တစ်လက်စီ ပါဝင်ရမည်ဖြစ်ပြီး၊ မုန့်ဖြူ၊ မုန့်နီများ၊ နာနတ်ယို၊ ဒူးရင်းယိုစသော ယိုပွဲများ၊ သစ်သီးပွဲများ ပါဝင်ရမည်တို့ကို အထူးသတိပြုကြပါလေ။ ထို့ပြင်နှံ့သာဖြူ၊ နှံ့သာနီ၊ ကရမက်ရည်များ၊ အောင်သပြေပန်းများ၊ ကန်တော့ပွဲများအား ပတ်ဖျန်း၊ တောက်ပက်ဖျန်းပေးရမည်ကို သတိပြုပါလေ။ ထိုအထက်နတ်မင်းကြီးများသည် အမွေးနံ့သာများ ကြိုက်နှစ်သက်ကြောင်း သတိပြု ရပါမည်။ ထို့ပြင် အထက်နတ်မင်းကြီးများ၏ ကန်တော့ပွဲမှန်သမျှအား အမွေးတိုင်မီးများ၊ ဖယောင်းတိုင်မီးများဖြင့် ပူဇော်ကန်တော့သင့်၏ဟု မှတ်ပါ။

အထူးမှတ်ချက်။

ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီများ၊ အထက်ထွက်ရပ်ပေါက် ဆရာကြီးများ၊ ဆရာတော်ကြီးများသည် ဟိမဝန္တာတောင်၊ သတ္တရဘန်၊ တောင်စဉ့် (၇)ထပ်၊ တောင်ပေါင်း (၈၄၀၀၀)တို့တွင် အခြေပြု၍ နေထိုင်သီတင်းသုံးတော်မူကြပါသည်။ လိုအပ်လျှင် လိုအပ်သလို စတုမဟာရာဇ်ဘုံမှစ၍ နတ်ပြည်(၆)ထပ်အပါအဝင် ပထမစ္စာန်(၃)ဘုံ ဗြဟ္မာပြည်များ၊ ဒုတိယစ္စာန် (၃)ဘုံ ဗြဟ္မာပြည်များ၊ တတိယစ္စာန် (၃)ဘုံ ဗြဟ္မာပြည်များအထိ ကူးလူးဆက်ဆံ၍နေထိုင်ခြင်း၊ သွားလာခြင်းရှိကြပေကုန်၏။ ထိုနည်း

တူစွာပင် နတ်ကောင်း၊ နတ်မြတ်များသည် ဟိမဝန္တာတောင်၊ သတ္တရဘန်၊ သီတာခုနစ်တန်နှင့်တကွ တောင်စဉ် (၇)ထပ်၊ တောင်ပေါင်း (၈၄၀၀၀) အပါအဝင် အာလိန်(၅)ဆင့် စတုမဟာရာဇ်ဘုံမှစ၍ နတ်ပြည် (၆)ထပ်များတွင် နေထိုင်သွားလာကြသည် ဖြစ်သောကြောင့်...

ကန်တော့ပွဲများကို ပြင်ဆင်သည့်အခါ ကန်တော့ပွဲများသည် အုန်းသီးသည် ပေါ်လွင်နေစေရမည်။ အုန်းသီးသည် အပေါ်မှာရှိနေရမည်ဖြစ်ပြီး၊ ငှက်ပျောသီးများသည် အုန်းသီး၏အောက်နှင့် အုန်းသီး၏အောက်ခြေဘေးတစ်ဘက်ပတ်လည်တွင် ရှိနေစေရပါမည်။ ငှက်ပျောသီးများကြားထဲတွင် အုန်းသီးသည် မြုပ်မနေစေရ။ ငှက်ပျောသီးများ၏အောက်တွင် အုန်းသီးသည် မြုပ်မနေစေရ။ သတိကြီးစွာထားပါ။ ငှက်ပျောသီးများ၏အပေါ်တွင်သာ အုန်းသီးသည် ထင်ထင်ပေါ်ပေါ် ရှိနေစေရမည်ကို ဆိုလိုပါသည်။

ပုံသဏ္ဌာန်ကိုရှင်းပြပါဦးအုံ... ငှက်ပျောသီးများသည် သတ္တရဘန်တောင်စဉ်တောင်ထွတ်များနှင့် အသွင်တူနေစေရပါမည်။ တောင်စဉ်(၇)ထပ်၊ တောင်ပေါင်းခုစ်သောင်းလေးထောင်နှင့် အသွင်သဏ္ဌာန် တူနေစေရပါမည်။ အုန်းသီးသည် မြင့်မိုရ်တောင်ကြီး နှင့် အသွင်သဏ္ဌာန်တူနေရမည်ကို သတိပြုပါ။ ထို့ကြောင့် ကန်တော့ပွဲပြင်သည့်အခါ၊ မိမိတို့ပြင်ဆင်ထားသော ကန်တော့ပွဲအား သေချာစွာကြည့်ပါ။ အုန်းသီးကို မြင့်မိုရ်တောင်ကြီး အမှတ်နှင့် ကြည့်တတ်ပါလေ။ ငှက်ပျောသီးများထောင်ပြီး ချွန်နေတာရယ်၊ အနည်းငယ် ကွေးကွေးကောက်ကောက် ရှိနေတာရယ်ကိုကြည့်လျှင် တောင်စဉ်(၇)ထပ် မြင့်မိုရ်တောင်ခြေရင်း တောင်ပေါင်း (၈၄၀၀၀) တို့နှင့် အသွင်သဏ္ဌာန်တူနေကြောင်းကို သေချာစွာ စိတ်ပါဝင်စားအောင် ကြည့်ပါ။ ကြည့်တတ်လာသောအခါ မြင့်မိုရ်တောင်ကြီး၏ဘေး တစ်ပတ်လည်ကြီးတွင် တောင်ပေါင်း (၈၄၀၀၀)နှင့် တောင်စဉ် (၇)ထပ်တို့ ခြုံရံပြီး ပတ်လည်တွင် တည်ရှိပါလား... ဟု သိမြင်နိုင်ပါသည်။

ထို့ကြောင့်၊ ဒုက်ဖျောသီးသည် တောင်ပေါင်း (၈၄၀၀၀) နှင့် တောင်စဉ် (၇)ထပ်ပုံသဏ္ဌာန်နှင့်တူနေကြောင်းကို မြင်နိုင်ပြီး၊ အုန်းသီးသည် မြင့်မိုရ်တောင်ကြီး၏ အသွင်သဏ္ဌာန် ဆောင်နေသည်များကို မျက်စိထဲထင်ထင် တွေ့မြင်နိုင်ပါလိမ့်မည်ဟု မှတ်ပါ။ ထို့ကြောင့် ကန်တော့ပွဲ ထိုးတတ်သလား၊ ကန်တော့ပွဲပြင်ဆင်တတ်သလား ဆိုသည်များကို ပြင်ဆင်ထားသော ကန်တော့ပွဲများကို ကြည့်ရုံဖြင့်လည်းကောင်း၊ ထိုးထားသော ကန်တော့ပွဲများကို မြင်ရုံဖြင့်လည်းကောင်း သိမြင်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ကန်တော့ပွဲပြင်သော ဇလုံတစ်လုံးထဲမှ ဒုက်ဖျောသီး၊ ဒုက်ဖျောဖီးများနှင့်ရောပြီး အုန်းသီးကိုထည့်ပြီး တည်ထားရုံနှင့် ကန်တော့ပွဲ မပီပြင်ဘူး၊ ကန်တော့ပွဲမထိုးတတ်ဘူးဟု မှတ်ယူနိုင်ပါသည်။ ထို့ကြောင့် အထက်ဝိဇ္ဇာ ပညာရပ်များကို လေ့လာလိုက်စားကြကုန်သော ပုဂ္ဂိုလ်များသည် ကန်တော့ပွဲ ပြင်တတ်ဖို့၊ ကန်တော့ပွဲထိုးတတ်ဖို့ သတိပြု လေ့လာကြပါကုန်လော့။

ပေါက်ဝိဇ္ဇာများနှင့် အထက်ထွက်ရပ်ပေါက်ဆရာတော်ကြီးများအား ကန်တော့ခန်း

ရာဇဂဟေ. . . တောင်ရုံးလုံး. . . ပိတ်ဖုံးမြို့ငယ်မြို့၊ ဂနိုင် ရစ်သန်း. . ရေယဉ်စမ်းတို့ဖြင့် ပေါ်မြန်းဖွယ်မှ. . လူပေါင်းစုလျက်. . ရတုသုံးလီ၊ ခါညိုအိုမ်အိုမ်. . တငြိမ့်ငြိမ့်နှင့်၊ နှစ်သိမ့်မနော. . အံ့သြမကုန်၊ ပြည့်စုံထိုထို ရာဇဂြိုဟ်ဟု၊ နဂိုပညတ်. . ပြည်တော်မြတ်၌ စတ္တာရော ပုဂ္ဂလာစ. . လေးဦးသောပုဂ္ဂိုလ်ကျော် အရှင်မြတ်တို့သည်လည်းကောင်း၊ အသီတိသတ သဟဿစရိယာစ. . . ရှစ်သောင်းကုန်သော ဆရာတော်သခင် အရှင်မြတ်ကြီး အပေါင်းတို့သည်လည်းကောင်း၊ အဌာရသ သိပ္ပေဟိစ တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာကြီးတို့ကို လည်းကောင်း၊ ဒဿသိဒ္ဓိယာစ. . ဆယ်ပါးသော သိဒ္ဓိကြီးတို့ကိုလည်းကောင်း၊ ပတ္တာ ရောက်တော်မူ ကြပေကုန်သော အာစရိယာစ ဆရာတော်သခင် ကျေးလူရှင်ကြီးများ အပေါင်းတို့သည်လည်းကောင်း၊ တေသံ-ထိုဆရာတော်သခင် ကျေးလူရှင်ကြီးများ အပေါင်းတို့၏ သိဿာဒယောစ . . တပည့်အကြီး၊ ရှင်ပလီး

ရှင်အလွဂေါဏာ၊ ဓမ္မစေတီ၊ ဘိုးမင်းခေါင်၊ ဘိုးဘိုးအောင်၊ ရသေ့ဆံရှည်ကိုယ်တော် ဦးဓမ္မစာရီ အစရှိကြကုန်သော တပည့်ကြီးငယ် အပေါင်းတို့သည်လည်းကောင်း။ ဝိဇ္ဇာရောစ. . လုဝိဇ္ဇာ၊ နတ်ဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဂါထာဝိဇ္ဇာ၊ မန္တာန်ဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ စာမဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ မဟာဂန္ဓာရီဝိဇ္ဇာ၊ မဟိဒ္ဓိဝိဇ္ဇာ၊ လောကီဝိဇ္ဇာ၊ လောကုတ္တရာ ဝိဇ္ဇာ၊ အရိယာဝိဇ္ဇာ၊ ဓမ္မစေတီမင်း၊ သီလကြောင်မင်း၊ မဓုသခ်ရာဇာ၊ ရေတိမ်ဆရာတော်၊ မယ်ဒက်ဆရာတော်၊ ခဝဲတောင်ဆရာတော်၊ ငွေသံကြားဆရာတော်၊ မင်းကျောင်းဆရာတော်၊ တောင်ဖိလာဆရာတော်၊ တောင်လေးလုံး လေးထပ်ဆရာတော်၊ ခွင်အရပ်ကိုယ်တော်၊ တးမဲ့ဆရာတော်၊ ဆံရှည်ကိုယ်တော်၊ လွှာရှည်ကိုယ်တော်၊ နှာရှည်ကိုယ်တော်၊ အထုပ်တစ်ရာကိုယ်တော်၊ ရောင်ကိုယ်တော်၊ ကျားကိုယ်တော်၊ ဣန္ဒာသက္က ဆရာရသေ့၊ ဂေါဓိန္ဒရသေ့၊ ဒီဝစက္ခုရှင်ရသေ့၊ သံသိပ္ပဘွဲ့ခံ ဆရာရသေ့၊ ဝဏ္ဏလင်္ကာရ ဆရာရသေ့၊ မနောမယသိဒ္ဓိရှင်၊ ရေမရောပါတဲ့ ကျောက်မျက်သခင်၊ ပထမဘိုးဘိုးအောင်၊ ဘိုးတော်ဘိုးမင်းခေါင်၊ ဆရာကြီးဦးခေါင်၊ ဦးရဲသူ၊ ဆရာဖြူ ဆရာငြိမ်း၊ ဆရာကြီးဦးနေထက်၊ ဦးချမ်းလှိုင်၊ တောဓိပင်ဆရာလှိုင်၊ တောဓိပင်ဆရာဆိုင်၊ အောင်တော်မူ ဆရာထယ်၊ ဦးမုတ်ဆိတ်၊ ဆရာဝင်းကြီး အစရှိကြကုန်သော ဝိဇ္ဇာဓိရ် အမျိုးမျိုးတို့သည်လည်းကောင်း။ တဖန်သတ္တဝါစ အရိမေတ္တေယျဘုရား အလောင်းတော်နတ်မင်းကြီးသည်လည်းကောင်း၊ ဩဘာသစရိယောစ ဆယ်ပါးသော သိဒ္ဓိကြီးတို့ကို ပြီးစီးအောင်မြင်သည်ဖြစ်၍ ဆရာကွန်းဟုအမည်တွင်သော ယက္ခန်းစင်တောင် ဆရာတော် ဦးဩဘာသသည် လည်းကောင်း။ ထိုပြင်တစ်ဝမ်းကွဲလာရန်အောင်၊ သိဒ္ဓိရန်အောင်၊ ဆရာကွန်း၊ ယက္ခန်းစင်တောင်စသော ငါးမည်ရာ ငါးဘွဲ့ခံ ကျော်လူရှင် ဆရာ တော် ဦးဩဘာသသည်လည်းကောင်း၊ ယက္ခန်းစင်တောင် တိနာမေန ယက္ခန်းစင်တောင်ဟုအမည်ရှိသော ဌာနေအရပ်၌ ဝသဝန္တာ. . သီတင်းသုံး နေထိုင်တော်မူပေသော အာစရိယော-ဖြဟ္မစိုးကြီးလှသော ဆရာတော်ဘုရားကြီး သည်လည်းကောင်း။

ပုပ္ပါးတောင်တိနာမေန-ပုပ္ပါးတောင်ဟု အမည်ရှိသော ဌာနေ အရပ်၌၊ ဝသန္တော သီတင်းသုံး နေထိုင်တော်မူပေသော. . ဦးအာဒိစ္စော နာမ. . ဦးအာဒိစ္စဟု အမည်တော်ရှိပေသော၊ အာစရိယောစ-ပုပ္ပါး တောင် ဆရာတော်ဘုရားကြီးသည်လည်းကောင်း၊ ဣမသ္မိံပစ္ဆိမပ္ပန္နေ ကာလေနံ- ယခုပစ္ဆိမပ္ပန်ကာလ၌ အမှာကံ-အကျွန်ုပ်တို့အား ဓမ္မေန - မမှား မစောင်း တရားကောင်းတိုင်းဖြင့်၊ ဩဝါဒေါ-သမထဝိပဿနာ အဖြာဖြာ သော ကျင့်ကြံအားထုတ်ပုံ၊ နည်းနိဿယ အဖြာဖြာတို့ကို သွန်သင်ဆုံးမ ဩဝါဒ ပေးတော်မူပေသော ဦးဥဂ္ဂံသနာမ. ဒုတိယ ယဇ္ဈန်းစင်တောင် ဣစ္ဆာသယ၊ ဣသိနာဂ၊ ဦးဥဂ္ဂံသ ဆရာတော်ဘုရားကြီးသည် လည်း ကောင်း။

ဣမံဌာနံ-ဤအရပ်၊ ဤဌာနသို့ အာဂစ္ဆန္တု. . ကြွလာတော်မူကြ ပေကုန်လော့(ဝါ) ကြွမြန်းတော်မူကြပါကုန်လော့. . . အာဂန္တွာ-ကြွလာ တော်မူကြကုန်ပြီး၍၊ မေ-ဘုရားတပည့်တော်၏ သုအာသနေ. . ကြွပြန် ပုံကား၊ ထုံနံ့သာဖြင့် စုံစွာကြိုင်သင်း၊ ပန်းရေချမ်း၊ ဆီမီး၊ ဖယောင်းတိုင်။ သီးမျိုးစုံကန်တော့ပွဲတို့ဖြင့် လှူဒါန်းခင်းကျင်းရာဖြစ်သော ဤနေရာ၊ ဤ ဌာနသို့ တိဋ္ဌန္တု. . တပည့်တော်တို့အား ငဲ့ညှာသနားသောအားဖြင့် တန့် ရပ်တည်နေ သီတင်းသုံးတော်မူလှည့်ပါ ဆရာတော်သခင် ကျေးလူးရှင် ကိုယ်တော်ကြီးအပေါင်းတို့ ဘုရား။

အဟံ-ဖောင်တော်စကြာ၊ ဆိုက်ရောက်ပါက၊ စီးရန်အသင့် မျှော် လင့်ကာသာ နေရပါသေး။ ဘုရားတပည့်တော်တို့သည် တုံမှာကံ-ဆရာ တော်သခင် ကျေးလူးရှင်ကြီးမှား အပေါင်းတို့၏၊ ပါဒေ-ခြေတော်အစုံ၊ ကြာပဒုမ်တို့ကို၊ ဝန္ဒာမိ-သုံးလီစေတနာ၊ သုံးဖြာဂါရဝ ပဏာမဖြင့် ကြည်ဆွ သဒ္ဓါ ရှိခိုးပါ၏။ ကန်တော့ပါ၏။ ပူဇေပါ၏ ဆရာတော်သခင် ကိုယ် တော်မြတ်ကြီး အပေါင်းတို့ဘုရား. . ။

ဤသို့လျှင် ရှိခိုးပူဇော် ကန်တော့ရသော ကောင်းမှုကံစေတနာ တို့ကြောင့် တပည့်တစ်ဦး ရင်သားဦးကဲ့သို့ ဆရာတော်ဘုရားကြီးများ၏

စိတ်တော်မှာ စွဲမှတ်တော်မူကြ၍ ပေါက်မြောက်အောင်မြင် သိဒ္ဓိမျိုးကို လိုအင်ဆန္ဒ ဟူသမျှနှင့် ဘယာကင်းပျောက်. . ဘေးမရောက်ရအောင်၊ မနောဘုရား၊ ဓမ္မဒိဋ္ဌာန်ဘုရား၊ ဘုရားစစ်၊ ဘုရားမှန် ကိုယ်တော်မြတ်ကြီး ကို ထင်လင်းစွာ ဖူးတွေ့ရ၍ မဂ်ဆိုက်၊ ဖိုလ်ဆိုက်၊ သုညတဆိုက်၍ သန္တိသုခ၊ အသခ်တ နိဗ္ဗာန်တော်ကြီးကို ဆိုက်ရောက်နိုင်အောင် စောင့်မ ခိုးမြဲနှင့် ပေးသနားတော်မူပါ ဆရာတော်သခင် ကျေးဇူးရှင်ကိုယ်တော်မြတ် ကြီး အပေါင်းတို့ ဘုရား။

အဟဲ. . ဘုရားတပည့်တော်သည်. . အလာဒိကတွာ. ယနေ့ ယခုကိုအစပြု၍၊ အတ္တာနံ. . . မိမိကိုယ်ကို၊ အာစရိယာနံ. . ဆရာတော် သခင် ကျေးဇူးရှင်ကြီးများအပေါင်းတို့အား နိယာဒေမိ. . အပ်နှင်းပါ၏။ မံ. . တပည့်တော်ကို အန္တေဝါသိကာတိ. . . အတွင်းနေ တပည့်အရင်း ဟူ၍၊ ဓာရေထ. . . မှတ်ထင်တော်မူကြပါကုန်ဘုရား. . ။
(ကန်တော့ပွဲအစုံနှင့် တပည့်အရင်းအဖြစ် အပ်နှင်းရပါသည်။)

ဤအထက်ပေါက်ဆရာများ၊ ထွက်ရပ်ပေါက် ဆရာတော်ကြီးများ၏ ကန်တော့ခန်းသည် လွန်လေပြီးသော နှစ်ပေါင်း (၁၀၀) ကျော်မှ ဆရာ့၊ ဆရာတော်ကြီးများ၏ ရှေးဟောင်းမူများ ဖြစ်ပါ၍ သူမူရင်းအတိုင်း ထည့်သွင်းပေးခြင်းဖြစ်ပါသည်။ အတတ်နိုင်ဆုံး၊ အကွရာပါဠိ အထားအသိုများကို စိစစ်၍ ထည့်သွင်းခြင်း ဖြစ်ပါသည်။ အမှားတွေ့ပါက စေတနာရှေ့ထား၍ ပြုပြင်ပေးနိုင်ပါသည်၊ ရှေးမူမပျက် တင်ဆက်ခြင်းသာ ဖြစ်ပါသည်။

ဆရာတစ်ဆူ လုပ်လိုသူများသည်လည်းကောင်း၊ အထက်၊ အထက်၊ အထက်တန်းကျသော ဝိဇ္ဇာပညာများကို လေ့လာလိုက်စားကြကုန်သော သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့သည် ယခုပြဆိုထားသော ရှေးမူဟောင်း၊ ပေါက်ဝိဇ္ဇာများ၊ ထွက်ရပ်ပေါက် ဆရာတော်ကြီးများအား ကန်တော့ခန်းတို့အား အထူးကျက်မှတ်ထားပြီး နေ့စဉ် နေ့တိုင်း

ဤကန်တော့ခန်းဖြင့် ကန်တော့ခြင်း၊ ကန်တော့ပွဲများ ပြင်ဆင်ပြီးသော အခါ၊ ထိုရှေးဟောင်းထွက်ရပ်ပေါက် ဆရာတော်ကြီးများ ကန်တော့ခန်း ဖြင့် ကန်တော့၍ မိမိ၏ တပည့်-တပည့်မများအားလည်း ကန်တော့ပွဲ နှင့်တကွ ဤကန်တော့ခန်းကို ရွတ်ဆို၍ တပည့်အဖြစ် အပ်နှင်းခိုင် ပါသည်။

၇

ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာမိုရ်တို့၏ စာရင်း

သုံးပါးသောလောကတို့တွင် ကြုံကြိုက်နေကြကုန်သော သတ္တဝါအပေါင်းတို့တွင် ဖြစ်ထွန်းလျက်ရှိကြ ကုန်သော ကမ္ဘာလူသားအားလုံးတို့သည် ဝဒ္ဓဘာသာ၊ သာသနာတော်ကြီး နေတစ်ဆူ၊ လတစ်ပါး ထွန်းလင်းတောက်ပသည်နှင့် အလွန်ကြုံကြိုက် ခဲလှပါ၏ အရတော်လှသော လွှာဝကို ရရှိလာခဲ့ခြင်းလည်းတစ်ကြောင်း၊ ဝဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်နှင့်လည်း ကြုံကြိုက်လာခဲ့သည်ကတစ်ကြောင်း ထိုသို့သော အကြောင်းများနှင့် ကြုံဆုံခဲ့ရသော ကမ္ဘာသူ၊ ကမ္ဘာသား၊ သတ္တဝါအများတို့သည် ငါးဖြာသော ဗလ၊ ငါးဝသော ဣန္ဒြေ၊ ငါးမျိုးသော သီလနှင့်လျော်ညီစွာ မဖျက်ကြသဖြင့် တည်ရှိနေသမျှသော ဆိစိတ်ဖြေတို့သည် သမထဝိပဿနာ၊ ဘာဝနာအချက်ဖြင့် မဖျက်ကူးပြောင်း၊ တစ်ကြောင်းတစ်ခုဖြစ်သော လောကီဘက်ပညာအပေါင်းတို့တွင် ကောင်းစွာမှတ်သားရှိ အင်းသွား၊ အင်းလာ၊ စာမအခံ၊ စာပစာအုပ်၊ စာမအွဲ့၊ စာတတ်အနေတစ်ခန်း၊ တတ်ပုံ၊ တတ်လုံ၊ တတ်ခံ၊ တတ်အုပ်၊ တတ်ဘဝနှင့် တတ်အမှန်မည်မှု၊ တတ်အဂိုးတန်တို့ကို မြှုပ်နှံပုန်မယုတ်သဖြင့် ချက်ပြုတ်

လုပ်ကိုင်၊ အင်းအိုင်မန္တရား ပထမံအတတ်များဖြင့် ကြံဆစီမံ စီရင်ဆောင်ရွက်ကြသည်ရှိသော် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့ကို အသိ တစ်ခါတည်း မငြိမခ၍၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရလေးဖြာသော အကြောင်းတရား တို့တွင် ဥတုဇကို အစပယ်၍ လေးဖြာသောအကြောင်း တရားတို့ကို ထာဝရ ညီမျှစွာ တည်စေလျက် . .

ကမ္ဘာတည်သရွေ့ ရှည်သောအသက်ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော ဝိဇ္ဇာထွက်စဉ်ကား ကြံဆစီမံ စီရင်ဆောင်ရွက်ကြသည်ရှိသော် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏာတို့ကို အသိတစ်ခါတည်း မငြိမခ၍ ကံ၊ စိတ်၊ ဥတု၊ အာဟာရ လေးဖြာသော အကြောင်းတရားတို့တွင် ဥတုဇကို အစပယ်၍ လေးဖြာသော အကြောင်းတရားတို့ကို ထာဝရ ညီမျှစွာ တည်စေလျက် ကမ္ဘာတည်သရွေ့ ရှည်သောအသက်ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော ဝိဇ္ဇာထွက်စဉ်ကား -

(၁) ကောက္ကသံမြတ်စွာဘုရားရှင်၏ သာသနာတော် အတွင်း၌လည်းကောင်း၊သာသနာပ၌လည်းကောင်း ထိုကောက္ကသံမြတ်စွာဘုရား လက်ထက်တော်၌ ထင်ရှားစွာဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာဓိရိအပေါင်း ၈၀၀၀ စုစုပေါင်း ရှစ်သောင်းရှိကြပေကုန်၏။

(၂) ကောဏာဂုံမြတ်စွာဘုရားရှင်၏ သာသနာတော် အတွင်း၌လည်းကောင်း သာသနာပကာလ၌ လည်းကောင်း ထိုကောဏာဂုံမြတ်စွာဘုရား လက်ထက်တော်အခါ၌ ထင်ရှားစွာဖြစ်ကြကုန်၍ ဆယ်ပါးသော သိဒ္ဓိ ဝိဇ္ဇာ မဟိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာဓိရိအပေါင်း ၈၀၀၀ ရှိ၏၊ စုစုပေါင်း ရှစ်သောင်း ရှိကြကုန်၏၊

(၃) ကဿပမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်း၌ လည်းကောင်း သာသနာပကာလ၌လည်းကောင်း ထိုကဿပ

မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌ ထင်ရှားစွာပြစ်ကြကုန် သော ဆယ်ပါးသောသိဒ္ဓိ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာ မဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန်သော ဝိဇ္ဇာဓိရ်အပေါင်း ၈၀၀၀၀ ရှိ၏၊ စုစုပေါင်း ၎င်း သောင်း ထွက် ကုန်၏။

(၄) ဂေါတမမြတ်စွာ ဘုရားရှင်၏ သာသနာတော် အတွင်း၌လည်းကောင်း၊ သာသနာပ ကာလတို၌လည်းကောင်း ထိုဂေါတမ မြတ်စွာဘုရားရှင်၏ လက်ထက်တော်အခါ၌ ထင်ရှားစွာဖြစ် ကြကုန်သော ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါး သော ဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာမဟိဒ္ဓိ၊ သိဒ္ဓိတန်ခိုးဖြင့် ထွက်ရပ်လမ်းသို့ ကြွမြန်းကြကုန် သော ဝိဇ္ဇာဓိရ်အပေါင်း ၈၀၀၀၀ ရှိကြကုန်၏၊ စုစုပေါင်း ရှစ်သောင်းထွက်ကုန်ကြ၏။

(၅) နောင်ပွင့်တော်မူလတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား၏ သာသနာတော်အပကာလ၌ လည်းကောင်း၊ သာသနာတော် အတွင်းကာလ၌လည်းကောင်း၊ ထိုပွင့်တော်မူ လတ္တံ့သော အရိမေတ္တေယျ မြတ်စွာဘုရား လက်ထက်တော် အခါ၌ ထင်ရှားပြစ် ကုန်လတ္တံ့သော ဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာ မဟိဒ္ဓိနှင့် ခြောက်ပါးသော ဝိဇ္ဇာဉာဏ်တို့ဖြင့် ထွက်ရပ်လမ်း ကြွမြန်းကြကုန်မည့် လောကီယဝိဇ္ဇာဓိရ်ပေါင်း ၃၂၀၀၀ ရှိ သတည်း၊ စုစုပေါင်း သုံးသိန်းနှစ်သောင်း ရှိကြကုန်၏။

ထို့ကြောင့် ဤဘဒ္ဒကမ္ပာ တွင် ဘုရားငါးဆူပေါင်း၌ ကောင်းမွန်စွာထွက်ရပ်လမ်း ကြွမြန်းကြကုန်သော လောကီယ ဝိဇ္ဇာဓိရ် ပါင်း ၆၄၀၀၀၀ ရှိကြ ကုန်မည်ဖြစ်ကြောင်း၊ စုစုပေါင်း ဘုရား(၅)ဆူလျှင် ခြောက်သိန်းလေးသောင်းသော ဝိဇ္ဇာဓိရ်များ ထွက်ရမည်ဖြစ်၏။ ထို ၆၄၀၀၀၀ သော လောကီယဝိဇ္ဇာဓိရ် အပေါင်းတို့သည် ယခု ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာ တော်အတွင်း ကင်ပေါ်မယုက် စဉ်းအဆက်ဖြင့် ထွက်ရပ်လမ်း

ကြွမြန်းတော်မူကြမည့် ဝိဇ္ဇာဓိရ်မည့် အမည်ရှိကြပေကုန်သော ပညာရှိကဝိတို့သည်ကား ပုဗ္ဗဝိဒေဟကျွန်းမှ စုတေခဲ့၍ ကာသိကရာဇ်တိုင်းဌ်ပြုစ်သော သုတေဇသရမည်သော ပုဏ္ဏားမျိုးမှ ဖြစ်သော ပြဒါးဝိဇ္ဇာပေါင်း ခြောက်ကျိပ်လေးယောက်တို့သည် ထင်ရှားစွာ ထွက်ရပ်လမ်းသို့ ကြွမြန်းကြလေကုန်ပြီ. . ။

စတုမဟာရာဇ်ဘုံမှ ဝိရူပက္ခမည်သော နတ်မင်းကြီး၏သားသည် စုတေခဲ့၍ ဇမ္ဗူဒီပါတောင်ကျွန်းဌ် ဖြစ်ပြီးလျှင် အင်္ဂပုရတိုင်း ကိုဉ ဘုမန္တမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ပြဒါးဝိဇ္ဇာပေါင်း၊ တစ်ရာ့ ကိုးကျိပ် ငါးယောက်တို့သည် ဤဇမ္ဗူဒီပါတောင်ကျွန်းမှ ထွက်ရပ်လမ်း ကြွမြန်း၍ ထွက်ကြလေကုန်ပြီ. . ။ ၎င်းနောက် အပရဂေါယာနကျွန်းမှ စုတေခဲ့၍ ကောသလတိုင်း အမြွတေသရမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဝိဇ္ဇာဓိရ်ပေါင်း လေးရာ့ကိုးကျိပ် သုံးယောက်တို့သည် ထင်ရှားစွာ ထွက်ရပ်လမ်းသို့ ကြွမြန်း၍ ထွက်ကြလေကုန်ပြီ။ ထို့ပြင် မြောက်ကျွန်းမှစုတေခဲ့၍ ကုရုတိုင်း သဇ္ဇတေရပြဟ္မဏာမည်သော ပုဏ္ဏားမျိုးမှဖြစ်သော ဆေးဝိဇ္ဇာပေါင်း ခြောက်ရာ့ကိုးကျိပ် ရှစ်ယောက်တို့သည် ထင်ရှားစွာ ထွက်ရပ်လမ်း ကြွမြန်း၍ ထွက်ကြလေကုန်ပြီ. . . ။

ထို့ကြောင့်ပင်လျှင် ထိုထွက်ရပ်လမ်းကြွမြန်း၍ ထွက်ကြွလေကုန်ပြီးသော ဝိဇ္ဇာဓိရ်ယောကျ်ား ၈၀၀၀၀တို့တွင် ၁၄၁၀ပိုပိုမို၍ ပိုလွန်၍ လာပြီဟု ပဝတ္တသရိကျမ်းတို့၌ ထင်ရှားစွာပြထားကြကုန်၏။ သင်္သကရိက်ဘာသာ၊ ဘင်္ဂလီဘာသာများဖြင့် ပြသထားလေသည်။ ရာဇပြိုဟ် ပြည်၌ ဇေတိကဇာတ်အဘဖြစ်သော ပြဒါးဝိဇ္ဇာလည်းတစ်ရပ်၊ သုဝဏ္ဏဘူမိ သထုံပြည်၌ နာဂတိသမည်သော ရဟန်းအဘဖြစ်သော ဆေးဝိဇ္ဇာလည်းတစ်ရပ် ထွက်ရပ်လမ်း၊ ကြွမြန်း၍ ထွက်တော်မူကြ လေကုန်ပြီ. . ။

သုဝဏ္ဏဘူမိ သထုံပြည်နယ်၌ သထုံသုပမာလာနှင့် ကြုတ်အတွင်းဝင်၍ ပေါင်းသင်းခဲ့ဖူးသော အင်းဝိဇ္ဇာလည်းတစ်ရပ်၊ ကဝါလမိုင်ဇာတ်၌ သာဂရမင်းကြီး၏သားတော် နန္ဒကုမာရသည် ဒီသာပါမောက္ခဆရာကြီးထံတွင် အဋ္ဌရသ (၁၈)ရပ်သော ပညာများကို သင်ကြားတတ်

မြောက်ပြီး၍ နေပြည်တော်ကို ပြန်မည့်ကိစ္စတွင် တက္ကသိုလ်၊ ဒီသာ၊ မောက္ခဆရာကြီးက ဆရာကြီး၏မြေးတော်သူ ပဉ္စမ္ပမည်သော မင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးပြီးလျှင် မင်းသမီးဝင်သာအောင် ကြေတံဖာရံလုပ်၍ ကြေတံထဲတွင် မင်းသမီးကိုထည့်၍ ကြေတံကိုဆေးသုတ်ပြီးလျှင် မင်းသားလေးထံ အပ်နှံလိုက်၏။

ပြီးလျှင် တက္ကသိုလ်ဒီသာပါမောက္ခဆရာကြီးက မင်းသားလေးကို ဤသို့မှာကြား၏။ " ငါ့တပည့် အသင်မင်းသား ဤကြေတံကို နေပြည်တော် မရောက်မချင်း လမ်းခရီးအကြားမှာ မဖွင့်လေနှင့်၊ မိုး တိုင်းပြည်ရောက်မှ တစ်ခါတည်း အပြီးဖွင့်ပါလေ"ဟု မှာကြားပြီး ကြေတံကို အပ်နှံလိုက်လေ၏။

မင်းသားသည်မနေမူ၍ နေပြည်တော်ရောက်အောင်ပင် မစောင့်နိုင်ဘဲ ကန္တရဒေသ တောစပ်တစ်နေရာတွင် ကြေတံကိုချပြီး ဖွင့်ကြည့်ရာ သီဂွိအမည်ရှိသော ဆေးဝါးသည် ချောမောလှပသော မင်းသမီးကို မြင်တွေ့သွားပြီး ကောင်းကင်ခရီးမှသက်၍ ကြေတံတွင်းဝင်ပြီးလျှင် မင်းသမီးနှင့် ပေါင်းသင်းသော ဆေးဝါးမိုရ်လည်းတစ်ရပ်. . ။

ထိုပြင် ရတနာပုရ အင်းဝမြို့သည် သတိုးမင်းဖွားလက်ထက် မဓုသခံရာဇာမည်သော ဘုန်းကြီးသည် သုဝဏ္ဏဂိရိတောင်ထိပ်၌ သံ ပြဒါးကို ဖမ်း၍စီရင်ရာ ထိုပြဒါးသည် ဆုံးခန်းတိုင်အောင် ပေါက်ရောက်သဖြင့် ရွှေငွေကိုလုပ်ကိုင်၍လည်းကောင်း၊ သတိုးမင်း၏ ဆင်ဝန်ဖိုးသာဆက်၏သား ငပေခေါင်မည်သော တပည့်ကိုလွှဲအပ်ပြီးလျှင် တော်လုံကို သိမ်းထားစေ၍ ထိုသုဝဏ္ဏဂိရိတောင်ထိပ်၌ ဥမင် (၃၀)ကို တူးစေ၍ ကြီးကျယ်သော ကုသိုလ်အလှူတော်ကြီးကို ပေးလှူပြီးလျှင် ထိုမဓုသံရာဇာ ဘုန်းတော်ကြီး၏ ပြဒါးစာတိုလုံးကို ငပေခေါင်ခိုးယူ၍ ထွက်ပြေးတိမ်းရှောင်သွားသောကြောင့် မဓုသခံရာဇာဘုန်းတော်ကြီးသည် တစ်နယ်ခင်နည်းအတိုင်း သရဏပြဒါးကို ကြံစည်ပြုလုပ်၍ စီရင်သဖြင့် အဆုံးတိုင် အောင်မြင်ပြီးစီးဖူးသည်လည်းတစ်ရပ်. . ။

ထိုအင်းဝခေတ်မှာပင် ကျောင်းတစ်ကျောင်း၏ဇရပ်၌ နေထိုင်သော တကာ၊ တကာမဇနီးမောင်နှံ နှစ်ဦးတို့သည် ထိုဘုန်းတော်ကြီးကျောင်းတိုက်မှာပင် ဥပုသ်သီလဆောက်တည်၍ ဗုဒ္ဓါနုဿတိဂုဏ်တော်ကို ပွားများအားထုတ်လျက် ဥပုသ်ရက်ရှည် အစဉ်ဒါန်ဝင်၍နေ၏။

တစ်နေ့သ၌ ခင်ပွန်းသည် တကာကြီးသည် မိမိရရှိထားသော စာမအင်း ၆၆အင်းကို ပြာချ၍သောက်သည်ရှိသော် အင်းဝိဇ္ဇာဖြစ်၍ ထိုဇရပ်မှာပင် ပျောက်ကွယ်ကာ ထွက်ရပ်လမ်း ပေါက်မြောက်အောင်မြင်သွားသည်လည်း တစ်ရပ်. . ။

ထို့နောက် (၃)နှစ်ခန့်ကြာသွားသောအခါ ထိုမိမိနေခဲ့သော ဇရပ်မှာပင် ခန္ဓာကိုယ် ရုတ်တရက် ပြန်ပေါ်လာခဲ့ပြီး၊ မိမိတကာမလုပ်သူအား သူကဲ့သို့ အင်းစာမများကို သောက်မှိုချ၍ သူနောက်လိုက်ခဲ့ရန် မှာကြားပြီးလျှင် အင်းစာမ ချပုံချနည်းနှင့် သိဒ္ဓိတင်ပုံ၊ ဂါထာစုပ်ပုံတို့ကို အသေးစိတ် သင်ကြားပြသပြီးနောက် ထိုဇရပ်ပေါ်မှာပင် ပျောက်ကွယ်၍သွားခဲ့၏။

ထို့နောက် မှားမကြာမီမှာပင် တကာမလုပ်သူသည် ခင်ပွန်းသည် အင်းဝိဇ္ဇာဝိုရိမှာကြားခဲ့သည့်အတိုင်း အင်းစာမများကိုချ၍ သိဒ္ဓိတင်ပြီးလျှင် ဥပုသ်သီတင်းဆောက်တည်ကာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများ၍ အင်းစာမများကို သောက်မှိုတော့၏။ မှားမကြာမီမှာပင် ထိုဒါယကာမကြီးသည်လည်း အင်းဝိဇ္ဇာဝိုရိဖြစ်၍ ခန္ဓာကိုယ်ပျောက်ကွယ်ကာ ခင်ပွန်းသည်နောက်သို့ လိုက်ပါသွားလေတော့၏။ ဤ၌လည်း အင်းအတတ်နှင့် ထွက်ရပ်ပေါက် သွားသော အင်းဝခေတ်ဇနီးမောင်နှံ အင်းဝိဇ္ဇာဝိုရိတို့ တစ်ရပ်. . ။

ထို့နောက် မြင်စိုင်းမြို့၊ ဇေယျသိခံမင်းလက်ထက်၊ ပညာသိရိကျော်သူမည်သော အမတ်တစ်ဦးသည် မင်းမူထမ်းများဖြစ်သည့် တာတောင်တို့ကို ကျွမ်းကျင်သွားလာနိုင်သော နောက်လိုက်နောက်ပါ ဦးရေ(၃၆)ယောက်တို့နှင့် စိတ်တူကိုယ်တူ သဘောတူမျှကြသဖြင့် ဆေးသိုက်

အညွှန်းအတိုင်း တောတောင်တို့ကို ဝင်ထွက်သွားလာကာ ဆေးအတတ်ကို ကြံစည်ဆောင်ရွက်စီရင်လျှင် ထမြောက်အောင်မြင်ခဲ့သည် ဖြစ်၍ နောက်သား၊ နောင်လာ၊ စဉ်လာမပျက် ဆက်လက်လုပ်ကိုင် စားသောက် လျှာခါနီးနိုင်ကြစေရန် ရည်သန်လျက် ထိုမြင့်စိုင်းမြို့၏ အရှေ့တောင် တာ (၅၀၀)ခန့်တွင် နိမ္မိတကုန်း စီရင်တော်မူခဲ့၏။

(နိမ္မိတကုန်းဟူသည် တစ်ခြားသောကုန်းနှင့်မတူ၊ ထိုနိမ္မိတကုန်းထက်တွင် လက်ဝဲ၊ လက်ယာ ဆေးဝိဇ္ဇာအဖြစ် စနစ်နှင့်တကွ သီလသမာဓိ၊ ညီမျှသောသူတို့ ရရှိနိုင်ပါစေခြင်းအကျိုးငှာ၊ ကြေးပုရိုက်နှင့်တကွ ရွှေတစ်ခွက်လျှင် အချိန် (၃၆) ကျပ်သား၊ ငွေတစ်ခွက်လျှင် အနှိုး (၃၆)ကျပ်သားနှင့် ရွှေခွက်၊ ငွေခွက်ပေါင်း (၃၆၀၀)နှင့် ထိုနိမ္မိတကုန်းထက်တွင် မြှုပ်ထားခဲ့ပြီးမှ ကုန်းတော်ပေါ်မှာ စေတီယောင်တည်ထားခဲ့လေ၏။ ထို့နောက် ထို(၃၆)ယောက်သော ဆေးဝိဇ္ဇာတို့သည် ထိုစေတီယောင်၏ အရှေ့ဘက် စမ်းအိုင်ကြီးနှစ်ခုအကြား၌ ရပ်ပြောင်း မီးဆင်း၌ ထင်လင်းစွာ ထွက်ရပ်လမ်း ကြွမြန်းကြကုန်သော ဆေးဝိဇ္ဇာများလည်း တစ်ရပ်. . ။

ပုဂံမြို့၊ ကျစွာမင်းလက်ထက် အရှင်ဉာဏဝံသမည်သော ဘုန်းတော်ကြီးသည် စိန္တာမယမည်သောအင်းကို အကြိမ်ကြိမ်လိုက်၍ အင်းကစားပါများသဖြင့် ထိုစိန္တာမယအင်းသိုက်သည် ကြီးပွားပေါက်မြောက်အပြီးပေါက်သဖြင့် ထွက်ရပ်လမ်းသို့ ရောက်ဖူးသော စိန္တာမယ၊ အင်္ဂါလည်းတစ်ရပ်. . ။

အရိမဒ္ဒန နာမမည်သော ပေါက်ကံမြို့ကြီး၌ အရှင်အဂ္ဂဝေါဟာမည်သော ပြာဒေဝိဇ္ဇာလည်းတစ်ရပ်. . ။

ဒွါရာဝတီမြို့၌ အရှင်ကဝိန္ဒသာရမည်သော ရေတိမ်ဇွာသားဘုန်းတော်ကြီးတစ်ပါးသည် သလဲပြာဒေးကို စီရင်ဆောင်ရွက်သည်နှင့်အတူမြောက် အောင်မြင်သဖြင့် ထိုပြာဒေးအတတ်ဖြင့် ထွက်ရပ်လမ်းပြမြန်းဖူးသော ရေတိမ်ဆရာတော် ပြာဒေဝိဇ္ဇာလည်းတစ်ရပ်. . ။

အင်းဝမြို့၊ ဘိုးတော်ဘုရားလက်ထက်၊ သရေခေတ္တရာပြည်၊ မယားမင်ရွာသား ဆရာအောင်မည်သော ရသေ့တစ်ဦးသည် သလဲပြဒါး ကို စိရင်တစ်ထောက် အပြီးပေါက်သဖြင့် ထွက်ရပ်သို့ ဧရောက်မူးသော ပြဒါးဝိဇ္ဇာလည်း တစ်ရပ်. . ။

အင်းဝမြို့၊ နောင်တော်မင်းတရား လက်ထက်တွင် အောင်ဆွမ်း သာရွာဟောင်း၊ တောရကျောင်းနေ အရှင်ဣန္ဒာစရိယမည်သော ပြဒါး ဝိဇ္ဇာလည်း တစ်ရပ်. . ။

အမရပူရမြို့၊ နောင်တော်ကြီးမင်းတရား ခေတ္တစိုးစံနေဦးက ထို မြို့၏ အရှေ့တောင်ယွန်းယွန်း တောင်သမန်ရွာ၏အနီး၊ နွားနို့စုရွာကြီး၌ အရှင်နာဂိန္ဒမည်သော ဘုန်းတော်ကြီးသည် ခတီရလောဟာသ်ကို စိရင် ၍ အပြီးပေါက်မြောက်သဖြင့် ရွှေ့ ငွေတို့ကို လုပ်ကိုင်ပြီးလျှင် အမရပူရ ဆင်ဖြူဝန်မင်း၏အဘအား ရွှေငွေများကိုအပ်နှင်းလျက် တောင်သမန် အင်း အနောက်ဘက်ကမ်းထိပ်တွင် နောင်သားနောင်လာ၊ သူတော်စင် တို့ ငါသို့တစ်မူ အကြံတူလျှင် သုံးစေမှုအံ့ဟု မိုးကြိုးပုရပိုက်ကို ကြေးအုပ် နှင့်ထည့်၍ တည်ထားအပ်သော ရုပ်ပွားတော်ကြီး၏အနီး စောဘုရားမင်း ကြီးအောက်တွင် မိုးကြိုးပရပိုက်၌ ထွက်ရပ်သိဒ္ဓိ လမ်းမကြီးကို ပြီးဆုံး အောင် ရေသားမှာထားလျက်ပြီးမှ ထိုပုရပိုက်နှင့် ထိုက်တန်သော ပါရမီ ရှင်မှန်လျှင် လွယ်လင့်တကူ မတူးမဆွဘဲနှင့် ၄င်းစောဘုရားမင်းကြီး၏ အောက်တွင် သုံးလတန်သည်၊ လေးလတန်သည်၊ ဥပုသ်သီလဆောက် တည်၍ နေထိုင်ပါမူကား ဩဿဒိဒေဝမည်သော နတ်တို့သည် ယူ ဆောင်၍ ကောင်းစွာပေးလာလိမ့်မည်ဟု မှတ်ရာ၏။ ထိုပုရပိုက်ကို ရရှိ ပါက အရှင်နာဂိသရမည်သော သံဝိဇ္ဇာကြီးနှင့်အတူ နေထိုင်ရ၏။

နောင် အရိမေတ္တေယျဘုရားပွင့်ပါမှ တစ်ဆင့်တစ်ဖန် အသင့် ဖူးတွေ့ပူဇော်ရလတ္တံ့သော သတ္တဉ္ဇုတမြတ်စွာဘုရား ဝါတော် ကပ်၍ ရပ်တော်မူလိမ့်မည်ကို သံဝရမာလာမည်သော သံဝိဇ္ဇာကြီးသည် သိမြင်သည်ဖြစ်၍ ကောင်းစွာလျှောက်သောငှာ အလျားအတောင်(၂၅၀)၊

အနံ့ အတောင်(၂၀၀)၊ အထူ(၄၀)ရှိသည့် သေလုပ်ဝါရမည်သော သံ
ကျောက်ဖျာကြီးကို ဂန္ဓမာဒနတောင်မှ ဆောင်ယူလာခဲ့၍ ၄င်းသံသုမာ
ဂိရိမည် သောတောင်ထိပ်ဝယ် ကျောင်းအလှဴငှာ ခင်းလျှက်ထားအပ်သည်ဟု
လောကီပဝတ္တိသဒိုးကျမ်းများ၌ လာရှိသော ထိုကျောက်ဖျာကြီး၏ ဒါဃ
ကာ မဟာသံဝရမာလာမည်သော သံဝိဒ္ဓာကြီးလည်းတစ်ရပ်. . ။

ထို့ပြင် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာတော်အတွင်းနှင့်
သာသနာပကာလသမယများတွင် အနောက် မရှိမဒေသ၌ မသွေပထမ
အခြေရသဖြင့် ရှေးကတစ်ဆင့် အသင့်ဖြစ်ကြရဖူးသော ထူးလှသော
စိန္ဓာဝိုရ်လောင်း ရသေ့အပေါင်းတို့ကလည်း ထောင်သောင်းမက များပြား
လှပေသေး၏။

မာဂဓတိုင်း၊ ရာဇဂြိုလ်ပြည်၊ ဗိမ္ဗိသာရမင်းလက်ဆက်၊ နှစ်ဂု
ခြောက်ကျိပ်သော စိန္ဓာမယဝိဒ္ဓာဝိုရ်လောင်း ရသေ့အပေါင်းတို့သည်
အာယုသမိုင်း၊ ဓာတုသမိုင်း၊ ပြဟ္ဓန္တရသမိုင်းအစရှိသော ကိုးခွက်သော
စမ္ဘာနဝအဆင်၊ ရထားမြင်းသိုက်၊ အင်းသိုက်တို့ကို အရင်းအဖျားလိုက်
ရှာမှီ မီးကိုးတိုင် ယမိုက်ပြီးလျှင် ကြိုက်ရာကိုအားထုတ်၊ အဌမုတ်ကို
ပြောင်းပြန် ရုပ်ပြောင်းဟန်ဖြင့် တစ်ဖန်မဟုတ်၊ အမှန်ဆက်၍ ထွက်ရပ်
လမ်း၊ ကြွမြန်းမှုးကြကုန်သော စိန္ဓာမယ၊ ပြဟ္မာအာမည်ရှိသော အင်း
ဝိဒ္ဓာလည်း တစ်ရပ်. . ။

ထို၅စ်သောင်းသော ရသေ့တို့တွင် (၇၇၃၀)သော ဝိဒ္ဓာဝိုရ်
လောင်း ရသေ့အပေါင်းတို့သည် ကောင်းမွန်လှစွာသော နေ့ဘဝအဆက်
ဆက် ပြုခဲ့ဖူးသော ပါရမီအဟုန်ဖြင့် အထုံအဆက် လွန်စုံမက်၍
မဟုတ်ထိုးခဲ့ကြသော တစ်လုံးထွက်ကိစ္စနှင့် စိတ်ခုန်၍ ထွက်ရပ်ပေါက်
ဖူးကြလေပြီ။ သို့သော်လည်း တေဝိဒ္ဓာခေတ် အခါသမယမှာ-

သာသနာတော်နှစ် . . . နှစ်ထောင်ကျော်အလို . .
မရောင်ပိုတော့မှ . . . နောင်ဝိဒ္ဓာဝိုရ်ဆက်မည်ဟု
ယခုတွက်ရ . . . (၇၂၂၀) ရှိလေပြီ . . ။

ထို့ကြောင့် ယခုတွက်ရ ၇၂၂၇၀ သော သူတော်ကောင်း ပါရမီ ရှင် ဝိဇ္ဇာမိုရ်အပေါင်းတို့သည် ကောင်းစွာမလွဲ ဖြစ်ဆဲဖြစ်လတ္တံ့ ဖြစ်ရာအံ့ဟု ရှေးဟောင်းကျမ်း အစောင်စောင်၊ ပေအဆုဆူ၊ ပုရပိုက်မူများတွင် ထင်ရှားစွာ ပါရှိသဖြင့် နောင်အစဉ်အဆက် ပါရမီထုံခွက်ဖြင့် တိုက်တိုက် ဆိုင်ဆိုင်ရှိပါကလည်း ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော ဝိဇ္ဇာဉာဏ်၊ ခွဲ ဝိရိယ စိတ်သန်သန်ဖြင့် ကြိုးစားအားထုတ်၍ ဝိဇ္ဇာမယိဒ္ဓိ၊ သိဒ္ဓိအ ဖုံဖုံ၊ ပညာဂုဏ်ဖြင့် ထွက်ရပ်လမ်းအားထုတ်ကြရန် တိုက်တွန်းအပ် ပါကြောင်း။ ။



၈

တေဓိပက္ခိယ အင်းဝိဇ္ဇာထွက်လမ်း

၄	၉	၂
၈	၁	၄
၄	၃	၉

ဤတေဓိပက္ခယအင်းတော်ကို ထွက်ရပ်လမ်းအထိ ဝိဇ္ဇာလမ်းပေါက်သည်အထိ ကြိုးစားအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည် ပထမဦးစွာ အင်းစိရင်ပုံ၊ အင်းချုပ်၊ အင်းအသက်သွင်းပုံ၊ သိဒ္ဓိတင်ပုံတို့ကို အထူးလေ့လာ အားထုတ်သင့်ပါသည်။ ဤသို့လျှင် အင်းချုပ်၊ ချနည်း၊ အင်းစိရင်ပုံ၊ စိရင်နည်းများကို လေ့လာတတ်မြောက် ပြီးနောက်တွင်းကား ဤတေဓိပက္ခိယ အင်းတော်မြတ်ကို ဝိဇ္ဇာလမ်းပေါက်အောင်၊ ထွက်ရပ်လမ်းပေါက်အောင် အားထုတ်ကြရာ၏။ အားထုတ်ပုံအစီအစဉ်ကား-

(၁) ကျောက်သင်ပုန်းကောင်းကောင်းတစ်ချပ် လိုအပ်ပါမည်။ ထို ကျောက်သင်ပုန်းသည် မျက်နှာပြင် ညီညီညာညာရှိသော ကျောက်သင်ပုန်း ဖြစ်ရမည်ဖြစ်ပြီး၊ အနာအဆာ၊

အကွဲ၊ အအက်၊ အပေါက်၊ အပြဲ၊ အရှ မပါဝင်စေရပါ။ အားလုံး အကောင်းပကတိ ဖြစ်စေရပါမည်။

(၂) ကံ့ကူဆံအချောင်းများ ရှာပြီးဝယ်ထားရပါမည်။ (ကျောက်တံကို လုံးဝ မသုံးစွဲရပါ)

(၃) တနင်္ဂနွေနေ့၊ အင်္ဂါနေ့၊ သောကြာနေ့ ထို (၃)နေ့တို့တွင် ဗောဓိပက္ခိယအင်းကို ကစားလျှင် နေမွန်းတည့်ချိန် ကစားရပါမည်။ အဓိပ္ပါယ်မှာ နေ့မွန်းတည့်ချိန် တစ်ချိန် ကစားရပါမည်။ ညဖက် ညသန်းခေါင်ချိန် တစ်ချိန် အင်းကစားရပါမည်။

(မှတ်ချက်။ အင်းတစ်ကြိမ်၊ တစ်ကြိမ်ကစားလျှင် (၄)နာရီအနည်းဆုံး ကြာရပါမည်။ ထို့ထက် မလျော့နည်းစေရပါ။ ထို (၄)နာရီထက် ပိုလွန်၍ အင်းကို ကစားလေ ပိုကောင်းလေဟု မှတ်ကြရပါမည်။)

(၄) တနလာနေ့၊ ဗုဒ္ဓဟူးနေ့၊ ကြာသပတေးနေ့ ထို(၃)နေ့သည် နံနက်နေတက်ချိန် တစ်ကြိမ် အင်းကို ကစားရပါမည်။ ညပိုင်းတစ်ကြိမ် (ညဉီးပိုင်းကာလ) အင်းကစားရပါမည်။

(၅) စနေနေ့သည် နံနက်ပိုင်း နေတက်အချိန် တစ်ကြိမ်၊ အင်း ကစားရမည်ဖြစ်ပြီး၊ ညနေပိုင်းတစ်ကြိမ်၊ နေစောင်းချိန်မှ စ၍ နေဝင်ချိန်အထိတစ်ကြိမ် အင်းကစားရမည်ဖြစ်ပါသည်။

ဤသို့လျှင် အင်းကစားရမည့်အချိန် သို့မဟုတ် ကာလ သို့မဟုတ် နာရီတို့ကို ခွဲခြားစိတ်ဖြာ၍ အထူးလေ့လာမှတ်သားပါလေ။

"အင်းကစားရာ၌ လိုက်နာရမည့် စည်းကမ်းဥပဒေသများ"

(၁) အင်းကစားမည့်ပုဂ္ဂိုလ်သည်၊ ခန္ဓာကိုယ်အား သန့်စင်စေ၍၊ ရေမိုးချိုးခြင်း၊ သန့်ရှင်းစင်ကြယ်သော အဝတ်အစားများကို ဝတ်ဆင်ခြင်း ပြုရပါမည်။ ဖြစ်နိုင်ပါလျှင် နံ့သာရည်၊ ကရမက်ရည်တို့နှင့် ဆွတ်ဖျန်းခြင်း၊ ပက်ဖျန်းခြင်းများကို ဆောင်ရွက်ထားရပါမည်။

(၂) ရတနာ (၃)ပါးအတွက် ကန်တော့ပွဲ(၁)ပွဲ၊ အင်းဝိဇ္ဇာဆရာကြီးများ၊ ဆရာတော်ကြီးများအတွက် ကန်တော့ပွဲ(၁)ပွဲ၊ သာသနာတော်စောင့် လောကပါလ နတ်မင်းကြီးများ အတွက် ကန်တော့ပွဲ (၁)ပွဲ၊ တောဓိပတ္တိယ အင်းစောင့်နတ်မင်းကြီးများအတွက် ကန်တော့ပွဲ(၁)ပွဲ၊ စုစုပေါင်းကန်တော့ပွဲ(၄)ပွဲပြင်ရပါမည်။

ကွမ်း၊ ဆေး၊ လက်ဖက်၊ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်စုံလှစေ၊ ပွဲပြင်ပုံပြင်နည်းမှာ (ရတနာ (၃)ပါးပွဲကို အလယ် ဗဟိုနေရာမှာ အနည်းငယ် မြင့်ထား၍ ထားရပါမည်။ ကျန်သော ပွဲ (၃)ပွဲစလုံးသည် ရတနာ (၃)ပါးပွဲထက်အနည်းငယ်နှိမ့်ထားစေပြီး ပြင်ဆင်ထားရပါမည်။ ပွဲများထားမည့် အခင်း၊ ခုံတို့တွင် အောက်ခံပိတ်ဖြူ ကိုသာခင်းပါလေ။

(၃) နေ့စဉ်ညစဉ် အင်းကစားမည်ဆိုပါလျှင် မကစားခင်၊ ကန်တော့ပွဲများအား ဆွမ်း၊ရေချမ်း၊ ဆီးမီး၊ ဖယောင်းတိုင်မီး၊ အမွှေးတိုင်များကို ထွန်းညှိပူဇော် ကန်တော့ရာ၏။

မှတ်ချက်။ ရတနာ (၃)ပါး ကန်တော့ပွဲထားရာ၌ ကြည်ညိုဖွယ်ရာ ဝတ္ထုရုပ်ပွားတော်(သို့မဟုတ်) ပုံတော်ကို တည်ငြိမ်တည့်မတ်စွာ ထားရမည်ကို သတိပြုပါလေ။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးပွဲမှန်းသိစေရန်၊ အလွယ်တကူ သိမြင်နိုင်ရန် ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

အဓိက အရေးကြီးသောအချက်မှာ ရှိသေသင့်သည်များကို ရှိသေခြင်း၊ ပူဇော်သင့်သည်များကို ပူဇော်စေခြင်း ဂါရဝထားသင့်သည်များကို ဂါရဝထားစေခြင်းကို အထူးသတိပြုပါလေ။

(၄) ရတနာသုံးပါးကန်တော့ပွဲဖြင့် ရတနာသုံးပါးအား ပူဇော်ကန်တော့ပုံ၊ ဆုတောင်းပုံများကို ဤကျမ်းတစ်နေရာ၌ ပြသ ထားပြီးဖြစ်ပါသည်။

(၅) သာသနာပွဲနှင့် ကန်တော့ပုံ၊ ပူဇော်ပုံနည်း အတိုင်းပင် ဆောင်ရွက် လုပ်ကိုင်ရမည်ဖြစ်ပေမယ့် ဤတော်မိပက္ခိယ အင်းဝဒွာထွက်လမ်းတွင်မူ(ဥဖိုးကန်တော့ပွဲ)သာ လိုအပ်သောကြောင့်သုံးဖီးပွဲနှင့်သာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ (၅ ဖီးပွဲကို မသုံးသင့်ပါ) ပွဲပြင်၍ပူဇော်ပုံ၊ လှူဒါန်းပုံမှာ ဤကျမ်းတစ်နေရာ (ကန်တော့ပွဲထိုးပုံအမျိုးမျိုးကဏ္ဍ) တွင်ပါရှိသော သာသနာပွဲ အပ်ပုံအပ်နည်းအတိုင်း ပူဇော်ကန်တော့ပုံနည်းအတိုင်းပင်ဖြစ်ပါသည်။ (သတိပြုပါ)

(၆) အင်းဝဒွာဝိုရိုဆရာကြီးများ၊ ဆရာတော်ကြီးများအား ကန်တော့ပွဲထိုး၍ ပူဇော်လှူဒါန်းရာ၌ ကန်တော့ပွဲပြင်ဆင်ပြီးနောက်(ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူပေထသော ကောဏ္ဍသမ္မတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပ မြတ်စွာဘုရား၊ ဂေါတမ မြတ်စွာဘုရား ထို(၄)ဆူကုန်သော ဝုဒ္ဓမြတ်စွာဘုရားရှင်အပေါင်းတို့၏ တန်ခိုးတော်၊ မေတ္တာတော်တို့ကြောင့် ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသောဝိဇ္ဇာဉာဏ်၊ ဝိဇ္ဇာမဟိဒ္ဓိတန်ခိုးဂုဏ်နှင့် ပြည့်စုံတော်မူကြ၍ ထွက်ရပ်လမ်း ကြွမြန်းတော်မူကြပေကုန်သော၊ အလုံးစုံသော အင်းဝဒွာဆရာကြီးများ၊ အင်းဝဒွာဝိုရိုဆရာတော်ကြီးများအားပင့်ဖိတ်ပါ၏။ ပင့်ခေါ်ပါ၏။ ဤနေရာ၊ ဤဌာနသို့

ကြွရောက်၍ လာရောက်တော် မူကြပါကုန်လော့၊ ကြွလှမ်း၍ လာရောက်ကြပါကုန်လော့။ ဤသို့လျှင် ကြွလှမ်း၍ ကြွရောက်တော်မူ လာကြပေကုန်သော အင်းဝိဇ္ဇာဆရာကြီးများ၊အင်းဝိဇ္ဇာ ဆရာတော်ကြီးများအား ရည်စူး၍၊ ရည်မှန်း၍ ဤဌက်ပျော်သုံးဖီး၊ အုန်းသီးတစ်လုံး၊ အမွှေးတိုင်၊ ဖယောင်းတိုင်များထည့်ဝင်၍ ကွမ်း၊ ဆေး၊ လက်ဖက်၊ ပန်း အစုံတို့ဖြင့် ထည့်ဝင်၍ ဤကန်တော့ပွဲများကို ပြင်ဆင်ကာဖြင့် အမွှေးတိုင်မီး၊ ဖယောင်းတိုင်မီးတို့ကို ထွန်းညှိကာဖြင့် လှူဖွယ်ဝတ္ထု ပစ္စည်းအစုံဖြင့် လှူဒါန်းပါ၏။ ပူဇော်ပါ၏။ ဒါနပြုပါ၏ ဘုရား. .) (၃)ကြိမ်ဆိုပါလေ။

ဤကောင်းမှု၊ ဤကုသိုလ်ကြောင့် အကျွန်ုပ်တို့သည် ဆယ်ပါးသောသိဒ္ဓိ၊ ခြောက်ပါးသော အဘိညာဉ်နှင့်တကွ သိဒ္ဓိအမျိုးမျိုး၊ ပညာအဖုံဖုံ၊ တန်ခိုးမဟိဒ္ဓိအစုံစုံတို့ကို အောင်မြင်ပြီးစီး၍ မင်္ဂလေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် တရားမြတ်တို့ကို လျင်မြန်စွာ မျက်မှောက်ပြုရပါလိုကုန်၏ အရှင်ဘုရား၊

မှတ်ချက်။ ဤထွက်ရပ်ပေါက် အင်းဝိဇ္ဇာဆရာကြီးများ၊ ဆရာတော်ကြီးများအား ကန်တော့ပွဲအစုံ လှူဒါန်းဖွယ်အစုံတို့ဖြင့် လှူဒါန်းပူဇော်နည်း၊ ကန်တော့နည်းကို အတိုဆုံးနှင့် အလွယ်ဆုံးကို ပြသလိုက်ပါသည်။ ဤနည်းကိုမှီ၍ ကျန်သောထွက်ရပ်ပေါက်ဆရာကြီးများ၊ ဆရာတော်ကြီးများ၏ အမည်နာမ၊ သက်ဆိုင်ရာအကျင့်ဂိုဏ်းများကို ပြောင်းလဲ၍ ထည့်ဆိုရုံသာ ရှိတော့၏။ အခက်အခဲမရှိနိုင်တော့ပေ။ (တိုသို့မဟုတ်ဘဲ အကောင်းဆုံးကို အသုံးပြုလိုပါလျှင်) ကန်တော့ပွဲ ထိုးပုံအမျိုးမျိုးနှင့် ဝိဇ္ဇာဝိုင်ဆရာတော်ကြီးများ ကန်တော့ခန်းတွင် ပါဝင်နေသော ပေါက်ဝိဇ္ဇာများနှင့် ထွက်ရပ်ပေါက်ဆရာတော်ကြီးများအား ကန်တော့ခန်းကို အသုံးပြု၊ လက်ကိုင်ထားသုံးပါလျှင်လည်း အားလုံးပြီးစီးနိုင်တော့၏။

(၇) တောဓိပက္ခိအင်းတော်စောင့် နတ်မင်းကြီးများအား ကန်တော့ ညပွဲထိုးခြင်းနှင့် ကန်တော့ပွဲ ပြင်ဆင် ပြီးနောက် အင်းစောင့် နတ်မင်းကြီးများအား ကန်တော့ပွဲအပ်ရန်မှာ -

ဘုန်းတော်အလွန်တရာကြီးမြတ်တော်မူပေထသော ကောက္ကသံ မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿဖ မြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား၊ ထိုလေးဆူကုန်သော ဗုဒ္ဓမြတ်စွာ ဘုရားရှင်အပေါင်းတို့၏ တန်ခိုးတေဇော် အာဏာတော်၊ မေတ္တာတော်တို့ကြောင့် တောဓိပက္ခိယ အင်းတော်မြတ်ကို စောင့်ရှောက်လျက်ရှိကြပေကုန်သော အင်းတော်စောင့် နတ်မင်းကြီးများအား ပင့်ဖိတ်ပါ ၏။ ဖိတ်ကြားပါ၏။ ဤနေရာ၊ ဤဌာနသို့ ကြွရောက်လာကြပေကုန်လော့။ လာရောက်ကြပေ ကုန်လော့။ ဟေ ဟေ အာဂစ္ဆန္တု အာဂစ္ဆေယျ. . ဤသို့လျှင် ကြွလှမ်း၍ လာရောက်ကြပေကုန်သော တောဓိပက္ခိယ အင်းတော်စောင့် ဆိုင်ရာ နတ်မင်းကြီးများအား ရည်မှန်း၍ ရည်စူး၍ ဤငှက်ပျော(၃)ဖီး၊ ဘုန်းသီးတစ်လုံး၊ အမွှေးတိုင်၊ ဖယောင်းတိုင်၊ ပန်းအစုံတို့ဖြင့် ထည့်ဝင်၍၊ ကွမ်း၊ ဆေး၊ လက်ဖက်အစုံ၊ လှဒါန်းဖွယ်များ ထည့်ဝင်၍ ကန်တော့ပွဲအစုံအလင်ကို ပြင်ဆင်ပြီးနောက် ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီးများကို ထွန်းညှိ၍ ဤလုပတင့်တယ်. . သန့်စင်ကြယ်သော ကန်တော့ပွဲ အစုံတို့ဖြင့် လှဒါန်းပါ၏။ ပူဇော်ပါ၏။ ပေးလှူပါ၏။ ဒါနပြုပါ၏။ (၃)ကြိမ်ဆိုပါ။ ဤကောင်းမှု၊ ဤကုသိုလ်ကြောင့် အကျွန်ုပ် တို့သည် ဤတောဓိပက္ခိယ အင်းဝိဇ္ဇာထွက်လမ်းကို စီရင်ကြီးစား၊ ပွားများအားထုတ်ရာ၌ လိုရာသို့၊ လိုရာအကို၊ လိုရာဆန္ဒကို လျင်မြန်စွာ အောင်မြင်ပြီးစီး၍ ဆယ်ပါးသော သိဒ္ဓိကြီး ခြောက်ပါးသော အဘိညာဉ် ဝိဇ္ဇာမဟိဒ္ဓိ သိဒ္ဓိအမျိုးမျိုး၊ ပညာအမှုဖဲ့၊ တန်ခိုးမဟိဒ္ဓိ အစုံအစံတို့ဖြင့် လျင်မြန်စွာ အောင်မြင်ပြီးစီး၍ မင်

(၄)ပါး၊ ဖိုလ် (၄)ပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ရပါလို၏ ဘုရား။

မှတ်ချက်။ ဤတေဓိပကိုယ အင်းစောင့်နတ်မင်းကြီးများအား ကန်တော့ပွဲပြင်ဆင်၍ လှူဒါန်းပုံ၊ ပူဇော်ပုံ၊ ကန်တော့ပွဲအပ်ပုံတို့ကို မှတ်သားထား၍ ဤနည်းကိုမှီ၍ ကျန်သောအခြားအခြားသော၊ အင်းစောင့်နတ်မင်းများ၊ ဆေးတော်စောင့်နတ်မင်းများ၊ စာမ၊ အကွရာစောင့် နတ်မင်းများ အပါအဝင် အခြားအခြားသော ဂိုဏ်းစောင့်နတ်မင်းများအားလည်း ဤနည်းအတိုင်းပင် မှတ်သားကြရာ၏။ ဤတေဓိပကိုယ နတ်မင်းကြီးများနေရာတွင် မိမိအလိုရှိသော နတ်မင်းများ၊ မိမိအလိုရှိသော ဂိုဏ်းစောင့်နတ်များကို လဲလှယ်သုံးစွဲသွားတတ်ရံသာ လိုအပ်တော့၏၊ ကျန်တာ မခက်ခဲတော့ပြီ။

(ဂ) တေဓိပကိုယ အင်းဝိဇ္ဇာထွက်လမ်း စတင်၍ အားထုတ်ပုံများ

ဤသို့လျှင် ရတနာသုံးပါးပွဲ အင်းဝိဇ္ဇာ ဆရာတော်ကြီးများပွဲ၊ သာသနာတော်စောင့် နတ်မင်းကြီးများပွဲ၊ တေဓိပကိုယ အင်းစောင့်နတ်မင်းကြီးများပွဲတို့ကို အသီးသီးပြင်ဆင်ခြင်း၊ အသီးသီးပင့်ဖိတ်၍ ဖိတ်ခေါ်၍ ပွဲများအား အပ်နှံလိုရာဆုကို တောင်းပြီးနောက် သုံးပါးသော သရဏဂုံ၊ ငါးပါးသော သီလတော်မြတ်များ၊ ရှစ်ပါးသော သီလတော်မြတ်၊ ကိုးပါးသော သီလတော်မြတ်တို့ကို သင့်တင့်လျောက်ပတ်စွာ ခံယူဆောက်တည်ပြီး သစ္စာပြုရပါမည်။

သစ္စာပြုပုံမှာ. . . ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာစသော ရတနာမြတ်သုံးပါးနတ်တို့ဘုရား တပည့်တော်သည် ယနေ့ယခုအခိုန်ပှစ၍ သစ္စာပြု၊ သစ္စာဆိုပါကုံဘုရား။ ဤကဲ့သို့ တပည့်တော်သည် ရတနာမြတ်၊ သုံးပါးနတ်တို့၏ ရှေ့တော်၌ သစ္စာပြု၊ သစ္စာဆိုရဲ

သည်တို့ကို ပင့်ဖိတ်၍ ရောက်ရှိနေကြပေကုန်သော အလုံးစုံသော အင်းဝိဇ္ဇာဆရာကြီးများ၊ ထွက်ရပ်ပေါက်ပြီးသော အင်းဝိဇ္ဇာ ဆရာတော်ကြီးများ၊ ဝိဇ္ဇာဇော်ဂျီ တပသီပုဂ္ဂိုလ်များ၊ ပေါက်ဝိဇ္ဇာများ၊ အလုံးစုံသော လောကပါလနတ်များ၊ သာသနာတော်စောင့်နတ်မင်းကြီးများ၊ သိကြားမင်းကြီးနှင့်တကွ (၃၃)ကျိပ်သော နတ်မင်းကြီးများ၊ အလုံးစုံသောသိကြား၊ နတ်၊ ဗြဟ္မာမင်းများ၊ တေဓိပတ္တိယ အင်းတော်စောင့်နတ်မင်းကြီးများ အားလုံး သိမြင်တော်မူကြ ပါစေကုန်သတည်း။ ကြားသိတော်မူကြပါစေကုန်သတည်း။ အသိအမှတ်ပြုတော် မူကြပါစေကုန်သတည်း။ အသိသက်သေအရာ၌ တည်တော်မူကြပါစေကုန်သတည်း။ ဘုရားတပည့်တော်သည် ယနေ့၊ ယခုအချိန်အခါမှစတင်၍ ဤရုပ်၊ ဤနာမ် တည်တဲ့နေသမျှ ကာလပတ်လုံး အသက်ထက်ဆုံး. . .

အဇ္ဈတ္တေ ပါဏုပေတံ . . . ဇုဠွံ သရဏံ ဂစ္ဆာမိ
အဇ္ဈတ္တေ ပါဏုပေတံ . . . ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဈတ္တေ ပါဏုပေတံ . . . သံဃံ သရဏံ ဂစ္ဆာမိ
အဇ္ဈတ္တေ ပါဏုပေတံ . . . ပါဏာတိပါတာ ဝေရမဏီ
သိက္ခာပဒံ သမာဒိယာမိ
အဇ္ဈတ္တေ ပါဏုပေတံ . . . အဒိန္နာဒါနာ ဝေရမဏီ
သိက္ခာပဒံ သမာဒိယာမိ
အဇ္ဈတ္တေ ပါဏုပေတံ. . . ကာမေသု မိစ္ဆာစာရာ
ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ
အဇ္ဈတ္တေ ပါဏုပေတံ. . . မုသာဝါဒါ ဝေရမဏီ
သိက္ခာပဒံ သမာဒိယာမိ
အဇ္ဈတ္တေ ပါဏုပေတံ. . . သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ
ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

ဤနည်းအတိုင်း (၃)ကြိမ်ဆိုပါလေ။ ဤကဲ့သို့ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာ မြတ်သုံးပါးတို့၏ ရှေ့တော်၌ မှန်ကန်သော သစ္စာဖြင့် သစ္စာဆိုရဲသည်တို့ကို. . ပင့်ဖိတ်၍ ရောက်ရှိနေ

ကြပေကုန်သော ထွက်ရပ်ပေါက်ပြီး ဖြစ်ကြပေကုန်သော အလုံးစုံသော အင်းဝိဇ္ဇာဆရာကြီးများ၊ ဆရာတော် ကြီးများအပေါင်းတို့နှင့်တကွသော အလုံးစုံသော သမ္မာဒေဝနတ်များ၊ လောကပါလနတ်မင်းများ၊ သာသနာတော်စောင့်နတ်များ၊ သိကြားမင်းနှင့်တစ်ကွ (၃၃)ကျိပ်သော နတ်မင်းနတ်မြတ်များ၊ အလုံးစုံသော သိကြား၊ နတ်ဗြဟ္မာမင်းများ အလုံးစုံသော တောဓိပက္ခိယအင်းတော်မြတ်ကို စောင့်ရှောက်ကုန်သော အင်းစောင့်နတ်မင်းကြီးများအားလုံးတို့သည် အားလုံးကြားသိတော် မူကြပါစေကုန်သတည်း။ အားလုံးသိမြင်တော်မူကြပါစေ ကုန်သတည်း။ အားလုံး အသိအမှတ်ပြုတော်မူကြပါစေကုန်သတည်း။ အားလုံး အသိသက်သေအဖြစ်တည်လာ၊ ရပ်လာကြပါစေကုန်သတည်း။

ဤယခုပြုအပ်သော သစ္စာအတိုင်း မကျိုးမပေါက်အောင် ထိန်းသိမ်းစောင့်ရှောက်၍ ဤတောဓိပက္ခိယ အင်းဝိဇ္ဇာထွက်လမ်းကို ကြိုးစားအားထုတ် ကျင့်ဆောင်ပွားများနေသော အကျွန်ုပ်အား ပင့်မိတ်၍ကြွရောက်လာကြပေကုန်သော အလုံးစုံသော ဝိဇ္ဇာဇော်ကို၊ တပသီ ပုဂ္ဂိုလ်များ၊ ထွက်ရပ်ပေါက် အင်းဝိဇ္ဇာဆရာတော်ကြီးများ၊ ဆရာကြီးများ၊ လောကပါလနတ်များ၊ သာသနာတော်စောင့် နတ်မင်းကြီးများ၊ သမ္မာဒေဝနတ်များ၊ တောဓိပက္ခိယ အင်းတော်စောင့်နတ်မင်းကြီးများ အားလုံးတို့သည် အောင်ကြောင်းမင်္ဂလာ၊ အောင်ကြောင်းဖြာ၍ အောင်ဃေါ့တုအောင်သောဆုကို ပေးသနားကြပါစေကုန်သတည်။ အောင်မြင်ရာအောင်ကြောင်း၊ ကောင်းမြတ်သော အောင်သောဆုကို ပေးအပ်ကြပါစေကုန်သတည်း။) ၄-ကြိမ် ဆိုကြကုန်ရာ၏။

ဤသို့လျှင် သစ္စာပြုဆုတောင်းပြီးနောက် -

မိုင်းကိုင်စက္ကူကောင်းကောင်းတွင် တောဓိပက္ခိယ အင်းတော်မြတ်ကို ကျွမ်းကျင်လိမ္မာစွာ ချစီရင်၍ သိဒ္ဓိတင်ဆုတောင်း၍ နေ့စဉ် (၃) အင်း တိတိပြုချ၍ နံသာရည်တို့နှင့် ရောစပ်၍ လိုရာဆုကို တောင်း၍ သောက်မျိုကြရာ၏။ နေ့စဉ် ရက်မပျက်ဇေရ (သတိပြုပါလေ)။

ပထမအဆင့် ပျက်ရက်မရှိဘဲ အင်းပေါင်း (၁၀၈)အင်း စေ့အောင် သောက်ရပါမည်။

ဒုတိယအဆင့် ပျက်ရက်မရှိဘဲ အင်းပေါင်း (၁၀၀၀)စေ့အောင် သောက်ရပါမည်။

တတိယအဆင့် ပျက်ရက်မရှိပဲ အင်းပေါင်း (၅၀၀၀) စေ့အောင် သောက်ရပါမည်။

မှတ်ချက်။ တစ်ဆင့်နှင့်တစ်ဆင့်ကြား၊ နားနေမည်ဆိုပါက နားနေနိုင်ပါသည်။ အဆင့်တစ်ခုခုကို တက်နေစဉ်ဖြစ်၍ အင်းကိုသောက်နေပါက ပျက်ရက်မရှိစေရ။ နားရက်မရှိစေရ။ သတ်မှတ်ထားသော အင်းအချပ်ရေစေ့အောင် ပြုချ၍ဆုတောင်း၍သောက်ရမည်ကို အထူးသဘောပေါက်ကြပါလေ။ ထိုသို့ တေဓိပက္ခိယအင်းမှားကို ပြုချသောက်နေစဉ်အတွင်း၌ ပြသထားသည့်အတိုင်း ကျောက်သင်ပုန်းနှင့် ကန့်ကွဲဆံနှင့် အင်းကစားရမည်ဟု မှတ်ပါလေ။ ကစားရမည့် နေ့၊ နာရီ၊ အချိန်အခါတို့ကို ဤကျမ်း၏ ရှေ့ပိုင်းမှာ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ အထူးမှတ်သားကြပါလေ။

(က) ပထမအဆင့် အင်းပေါင်း (၁၀၈)အင်းစေ့အောင် သောက်မျိုပြီးပါ။ ပယောဂမှန်သမျှတို့ကို နှိမ်နင်းနိုင်တော့၏။ စုန်း၊ နတ်၊ ကဝေ၊ ဖန်း၊ မြေဘုတ်၊ ဘီလူး၊ သဘက်တို့ကို နှိုင်နင်းတော့၏။ မိမိအား စုန်းကဝေ၊ အစိမ်းသရဲ၊ အဝရုဏ်က၊ နတ်ဆိုး၊ ဘီလူးဆိုးများ မကောင်းကြံစည်၍မရနိုင်၊ ထို့အတူ ရန်သူမျိုးငါးပါးတို့သည်လည်း မိမိအား မကောင်းကြံစည်၍မရနိုင်။ မိမိသည် အန္တရာယ်မှန်သမျှ၊ ဘေးမှန်သမျှ၊ အတိုက်အခိုက်မှန်သမျှ၊ ရောဂါဝေဒနာမှန်သမျှ ကင်းဝေး ပယောက်စေရ၏။ ပြောတိုင်းဖြစ်ရ၏။ တောင့်တိုင်းလည်း ပြည့်စုံပေးရ၏။ အလုံးစုံသော သမ္မာဒေဝနတ်များ၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ ချစ်ခင်လေးစားလာရ၏။

ထို့အတူ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ သမ္မာဒေဝနတ်များ အထူးစောင့်ရှောက်ပေးလာကြရကုန်၏။ ဒုတိယအဆင့်မှာ ပြောတိုင်းဆိုတိုင်း အာဏာတည်၏။ အာဏာပိုင်စေပိုင်အဆင့်ဖြစ်၏၊ ကံပါရမီအလျောက် အထင်၊ အမြင်၊ အကြား ရစေနိုင်၏။ အလုံးစုံသော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ချစ်ခင်လေးစားလာရကုန်၏။ ခုနစ်ရက်သား၊ ခုနစ်ရက်သမီးများ ချစ်ခင်လေးစားလာရကုန်၏။ ရောဂါမှန်သမျှတို့ကို လိုရာအမိန့် အာဏာထား၍ ရေကိုလည်းကောင်း၊ ဆီကိုလည်းကောင်း၊ ဝိန္ဓောဆေးကိုလည်းကောင်း ပေးကာမျှဖြင့် ရောဂါ၊ အနာများ ပပျောက်စေရ၏။

အလုံးစုံသော အဝရဒ္ဓက၊ နတ်ဆိုး၊ ဘီလူးဆိုးတို့သည် အနားသို့ မချဉ်းကပ်ဝံ့ပေ။ အပင်းမှန်သမျှ၊ အစာမှန်သမျှ၊ အနှောင့်အယှက်မှန်သမျှ ပျောက်ကင်းစေရတော့၏။ တတိယအဆင့်မှာ ဝိဇ္ဇာဉာဏ်တို့ကို ရရှိစေနိုင်၏။ ကံပါရမီအလျောက် သိဒ္ဓိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုး၊ အာဏာအမျိုးမျိုးတို့ကို အစိုးရအောင်မြင်ပြီးစီးရ၏။ ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာဓိရ်အမျိုးမျိုးနှင့် မြင်တွေ့ခွင့်ရတတ်၏။ ဝိဇ္ဇာဓိရ်တို့၏ နေရာဌာနသို့လည်း ရောက်ရှိစေတတ်၏။ လောကပါလနတ်များ၊ သာသနာ တော်စောင့်နတ်မင်းများ၊ ချစ်ခင်လေးစားလာရ၏။ စောင့်လည်း စောင့်ရှောက်ကုန်၏။ နတ်များထံမှ အစားအသောက်တို့ကိုလည်းကောင်း ပညာများကိုလည်းကောင်း တောင်းခံနိုင်၏။

တောင်းတိုင်းလည်း ရစေနိုင်၏။ ဤစာသယသိဒ္ဓိကဲ့သို့ ပြီးစီးနိုင်၏၊ ဤတတိယအဆင့်သည် ဝိဇ္ဇာဓိရ်များနှင့် တွေ့ကြုံရတတ်ပြီး ဝိဇ္ဇာဓိရ်ပြုနိုင်သော ဆေးများ၊ အင်းစာမများကို တောင်းခံ၍ ဝိဇ္ဇာဓိရ်ဖြစ်အောင် ဆက်လက် ကြိုးစားအားထုတ်ရသော အဆင့်ဖြစ်ပါသည်။

(၉) တစိတ်ကို့ယအင်းကို ကစားနေစဉ် လိုက်နာရမည့် စည်းကမ်းချက်များ

(၁) အင်းကစားနေစဉ်အတွင်း ချောင်းမဆိုးရ။

(၂) အင်းကစားနေစဉ်အတွင်း စကားမပြောရ။

(၃) အင်းကစားနေစဉ်အတွင်း တောင်မြောက်လေးပါး မကြည့်ရ။

(၄) အင်းကစားနေစဉ်အတွင်း မပြီးမီ ထိုင်ရာမှထ မသွားရ။

(၅) အင်းကစားနေစဉ်အတွင်း မပြီးမီ ဆေးလိပ်မသောက်ရ၊ ကွမ်းမစားရ။

(၆) အင်းကစားနေစဉ်အတွင်းမပြီးမီ ရေချိုးခြင်း။ အိမ်သာတက်ခြင်း၊ ဆီးသွားခြင်း မပြုရ။

(၇) အင်းကစားနေစဉ်အတွင်း မပြီးမီ မအိပ်ရ၊ မငိုက်ရ။

(၈) အင်းကစားနေစဉ်အတွင်း မပြီးမီ ည့ည်သည်နှင့် စကား မပြောရ။

အင်းကစားနေစဉ်အတွင်း တည်တည်ငြိမ်ငြိမ် ကစားရာ၏။ စိတ်ပါဝင်စားစွာ အင်းကစားရာ၏။ အင်းကစားနေစဉ်အတွင်း စိတ်သည် အပြင်သို့ မပုံ့လွင့်စေရ။ တိတ်ဆိတ်နေရမည်။ အေးချမ်းငြိမ်သက် နေစေရမါမည်။

အင်းကစားနေစဉ် မိမိအနားမှာ တစ်စိမ်းတစ်ရံ ပုဂ္ဂိုလ်များ မရှိစေရ။ လူဖြစ်လျှင်လည်း တစ်ဦးတည်း၊ ရဟန်းဖြစ်လျှင်လည်း တစ်ပါး တည်းသာ အင်းကစားရမည်ကို ဆိုလိုပါသည်။

မှတ်ချက်။ အင်းကစားသည်ဆိုရာမှာ လည်းကောင်း၊ အင်းစာမ၊ အကွရာများ စီရင်ရာ၌ လည်းကောင်း၊ ဂါထာမန္တန်များ စိပ်ရာ၌လည်းကောင်း၊ ရွတ်ဖတ်သရဇ္ဈယ်ရာ၌ လည်းကောင်း၊ မိမိစိတ်ထဲမှာ သိမှတ်ထားရမည်မှာ

ကမ္မဋ္ဌာန်းတရား အားထုတ်သလို သမထကမ္မဋ္ဌာန်း တရားထိုင်သလိုနှင့် အလွန်တူလှ၏ဟု ဆိုလိုသည်။ လောကီလမ်းနှင့် လောကုတ္တရာလမ်းသာ လမ်းအား ဖြင့် ကွာခြားနေခြင်း ဖြစ်ပါသည်။ အင်းကစားရာ၌ အင်းချစီရင်ရာ၌ မန္တန်၊ ဂါထာစိပ်ရာ၌ အားလုံးသည် တရားထိုင်သလိုကျင့်ရမည်။ ကမ္မဋ္ဌာန်း တရားအား ထုတ်သလို ကျင့်ကြံပွားများ အားထုတ်ရမည်ဟု မှတ် သားထားကြပါလေ။

ထို့ကြောင့် အင်းကစားတော့မည်ဆိုပါလျှင်၊ အင်းစာမ အက္ခရာများကို စီရင်တော့မည် ဆိုပါလျှင် ရုတနာသုံးပါးနှင့်တကွ အထက်ဆရာတော်များ၊ အ ထက်ဝိဇ္ဇာများ၊ အထက်နတ်မင်းကြီးများအား ဖ ယောင်းတိုင်မီး၊ အမွှေးတိုင်မီးများထွန်းညှိ၍ ဆွမ်းပွဲ၊ သစ်သီးပွဲ၊ ယိုမျိုးစုံပွဲ၊ သောက်တော်ရေခွက်၊ ပန်းများ ဆက်ကပ်လှူဒါန်းပြီးလျှင် ဘုရားရှင်တော်မြတ်ထံ သရဏာဂုံသုံးပါးနှင့်တကွ ငါးပါးသော သီလတော်မြတ် ကို ခံယူဆောက်တည်၍ အထက်ထွက်ရပ်ပေါက် ဆရာတော်ကြီးများ အထက်နတ်မင်းကြီးများအား ပင့်ဖိတ်ကြား၍ လိုရာဆုကို တောင်းပြီးမှ အင်းကစား ခြင်း၊ အင်းစီရင်ခြင်း စာမအက္ခရာများကို စိမ်အား ထုတ်ခြင်းကို ဆောင်ရွက်ရမည်ဟု မှတ်ပါ လေ။

(၁၀) တေဇိယကို့ယ အင်းကစားပုံအဆင့်ဆင့်

(က) နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ (၃) ခေါက်ဆိုပါ။



(ခ) ဥမ်စတုကဋ္ဌ မဟာယန်္တ
ဥမ်စတုကဋ္ဌ မဟာယန်္တ
ဥမ်စတုကဋ္ဌ မဟာယန်္တ
ဥမ်စတုကဋ္ဌ မဟာယန်္တ (စုစုပေါင်း ၄-ကြိမ်ဆိုပါ)

အပေါ်တွင် အင်းဘောင်ခတ်ပြထားတာကို ကြည့်ပါ။ လက်ယာရစ်၊ မျဉ်းစတင်တားလျှင် ဂါထာကို စတင်ရွတ်၊ မျဉ်းဆုံးလို့ရပ်လျှင်၊ ဂါထာရွတ်တာလည်း ရပ်ပါ။

ဤနည်းအတိုင်း အင်းကွက်ဘောင်ခတ်ရပါမည်။ အစွန်းထွက်နေခြင်း၊ ဘောင်မခတ်မိဘဲ အင်းဘောင်ဟနေခြင်း မရှိစေရ။ (သတိပြုပါလေ) မျဉ်းတားတာမပြီးမီ ရွတ်တာဆုံးနေတာတို့ မဖြစ်ပါစေနှင့်။ မျဉ်းတားတာဆုံးနေပြီ၊ ရွတ်တာမပြီးသေးတာတို့ မဖြစ်ပါစေနှင့်။ ဂါထာရွတ်တာ၊ မျဉ်းတားတာသည် သွက်လွန်းလျှင်သူ၊ အံဝင်ခွင်ကျ ကိုက်ညီစေရမည်ကို သတိပြုပါ။

ယခုပြဆိုထားသော (ခ) အပိုင်းကို အင်းဘောင်တားခြင်း (သို့မဟုတ်) အင်းဘောင်ခတ်ခြင်းဟုခေါ်ပါသည်။ အင်းဘောင်ခတ်ခြင်းသည် အလွန်မှပင် အရေးကြီးလှပါသည်။ အင်းဘောင်ကို ထိအောင်၊ မိအောင် ခတ်ပါမှ (အပိုအလိုမရှိ) စည်းကမ်းတစ်ကျ ဆောင်ရွက်စီရင်ပါမှ တန်ဖိုးရှိသော၊ အဖိုးတန်သော အင်းကောင်း တစ်ကွက်ဖြစ်နိုင်ပါသည်။



ဉာဉ် ယန္တံ ယန္တံ မဟာယန္တံ ဝိနိဒွေရ
ဉာဉ် ယန္တံ ယန္တံ မဟာယန္တံ ဝိနိဒွေရ
(စုစုပေါင်း ၂ ခေါက်ဆိုပါ)
ဤမျှဉ်း (၂)ကြောင်းသည် အလှားမျှဉ်းဟု ခေါ်ပါသည်။

ဉမ် ယန္တံ ယန္တံ မဟာယန္တံ ဝိနိဒွရေ
ဉမ် ယန္တံ ယန္တံ မဟာယန္တံ ဝိနိဒွရေ
(စုစုပေါင်း ၂-ခေါက်ဆိုပါ)

ဤမျဉ်း (၂)ကြောင်းသည် အနံမျဉ်းဟု ခေါ်ပါသည်။

ဤအတွင်း မျဉ်းများတားရာ၌လည်း ပထမတားသော မျဉ်းမှာ အလျားမျဉ်းများဟုခေါ်ပါသည်။ အပေါ်မှအောက်သို့တားရသော မျဉ်းကို အနံမျဉ်းဟု ခေါ်ပါသည်။ ထိုမျဉ်းကြောင်း နှစ်မျိုးစလုံးကို တားရာ၌လည်း မည်သည့်အင်းကွက်မဆို အလျားမျဉ်းမှ စတင်တားရသည်။ အလျားမျဉ်းတား၍ ပြီးပါလျှင် အနံမျဉ်းကို တားရပါသည်။ အလျားမျဉ်းရော၊ အနံမျဉ်းရော နှစ်မျိုးစလုံး၏ အဟိန်းဂါထာမှာ ၁၈တုတ္တပင်ဖြစ်ပါသည်။

ဤသည်မှာလည်း မျဉ်းစတင်တားလျှင် အဟိန်းဂါထာ စတင်ရွတ်ရပြီး မျဉ်းဆုံးလျှင် အဟိန်းဂါထာလည်း ဆုံးရပါမည်။ လိုနေတာတို့၊ တိုနေတာတို့၊ ပိုနေတာတို့၊ ပြတ်နေတာတို့၊ ဟနေတာတို့ မရှိစေရပါ။ သွက်ရွ နှင့်သူ အံဝင်ခွင်ကျအောင် စည်းကမ်းတကျ မျဉ်းကိုတားရပါမည်။

၄	၉	^
၅	၁	၄
၄	၃	၉

အပုတ်စဉ် (ခ) မှ (ဃ)အထိ အစဉ်အတိုင်းစီရင်သည်ရှိသော် (င) အစီအစဉ်အဆင့်သို့ ရောက်ပါလျှင် စုစုပေါင်း (၉)ကွက်အင်းကို

ထင်ထင်ရှားရှား ချထားပြီး၊ စိရင်ထားပြီးဖြစ်နေကြောင်းကို တွေ့မြင်ရပေလိမ့်မည်။ ထိုသို့ (၉)ကွက်အင်းကို ဖြစ်ပေါ် စေပြီးလျှင် အင်းကွက်ထဲသို့ အင်းဆန်သချိုကို ထည့်သွင်းရန်သာ လိုအပ်တော့၏။ ထည့်သွင်းပုံမှာ.

၄... ဥမ် စတ္တာရော သတိပဋ္ဌာနာ တိဋ္ဌတု.. ဟူ၍ ဂါထာကို ဟိန်း၍ ရွတ်၍ ရေးပါ။

မှတ်ချက်။ ဂါထာအဟိန်းလည်း စရွတ်၊ သချိုလည်း စရေး၊ အဟိန်းဂါထာလည်း ရွတ်၍အဆုံး၊ သချိုဂဏန်း ရေးသားရာမှာလည်း အဆုံးဖြစ်စေရပါမည်။ အဟိန်းဂါထာရွတ်တာက မြန်နေပြီး သချိုဂဏန်း ရေးတာနောက်ကျနေ၍ မဖြစ်နိုင်။ ဂဏန်းသချိုရေးတာက မြန်နေပြီး အဟိန်းဂါထာရွတ်တာက နောက်ကျနေ၍လည်း မဖြစ်နိုင်။ သူကိုယ်နှင့်သူ အံဝင်ခွင်ကျအောင် စည်းကမ်းတစ်ကျ ဖြစ်စေရပါမည်။

၄... ဥမ် စတ္တာရော သမ္မပ္ပဓာနာ တိဋ္ဌတု.. ဟူ၍ ဂါထာကို ဟိန်း၍ရွတ်၍ ရေးပါ။

၄... ဥမ် စတ္တာရော ဣဒ္ဓိပါဒါ တိဋ္ဌတု.. ဟူ၍ ဂါထာကို ဟိန်း၍ရွတ်၍ ရေးပါ။

၅... ဥမ် ပဉ္စ ဣန္ဒြိယာနိ တိဋ္ဌတု... ဟူ၍ ဂါထာကို ဟိန်း၍ ရွတ်ပေးပါ။

၅... ဥမ် ပဉ္စ ဗလာနိ တိဋ္ဌတု... ဟူ၍ ဂါထာကို ဟိန်း၍ ရွတ်ပေးပါ။

၇... ဥမ် သတ္တ ဗောဇ္ဈင်ဂါနိ တိဋ္ဌတု... ဟူ၍ ဂါထာကို ရွတ်၍ ရေးပါ။

၈... ဥမ် အဋ္ဌမဂ္ဂင်္ဂါနိ တိဋ္ဌတု... ဟူ၍ ဂါထာကို ရွတ် ဟိန်း၍ရေးပါ။

၉... ဥမ် နဝ လောကုတ္တရာနိ .. တိဋ္ဌတု ဟူ၍ ဂါထာကို

ရွတ်ဟိန်း၍ ရေးပါ။
အလယ်ဗဟိုကွက်မှာ ၁-ဂဏန်းကို သွင်းရသည်။
၄င်းမှာ- ၁၊ ကား ကော ပုဒ္ဓေါ။
ဘဝိသတိ. . . ဟူ၍ဂါထာကို ဟိန်း၍ရေးသွင်းရပါမည်။

ထိုသို့သခ်ၤာမှန်သမျှထဲမှ ယခုပြဆိုထားသော တေဓိပကို့ယ သခ်ၤာဂဏန်းများကို ရေးသွင်းရာ၌ သခ်ၤာဂဏန်းရေးသည်နှင့် အဟိန်းဂါထာရွတ်ခြင်းစသည့် အစမှအဆုံးတိုင် ကိုက်ညီရမည်ကို သတိထားလေ။ မကိုက်ညီပါက စည်းကမ်းနှင့်အညီ အင်းကို မစီရင်နိုင်ပါက လိုရာသိဒ္ဓိ၊ လိုရာအကျိုးကို မဖြစ်တော့ဘဲ၊ မရနိုင်တော့ပဲ. . အင်းကျိုးခြင်း၊ အင်းကန်းခြင်း၊ အင်းပေါက်ခြင်းထဲမှာ ပါဝင်ရတော့၏။ ဘာအကျိုးမှ ဟုတ်တိပတ်တိ မရနိုင်တော့ပေ။

မှတ်ချက်။ ဤတေဓိပကို့ယ အင်းဝိဇ္ဇာထွက်လမ်းကို မစ,တင်ခင်၊ အားမ ထုတ်ခင် မိမိသည် အင်းများ၊ စာမများ၊ အကျရာများ၊ နံသင့်ကောက်ရသော အင်းများ၊ ဂါထာ မန္တန်တို့ကို အင်းဆန်သွင်း၊ အင်းစီရင်ရသော အင်းများ၊ ဗျည်းအင်းများ၊ ဂဏန်းသခ်ၤာအင်းစသည်များ တို့ကို ကျွမ်းကျင်လိမ္မာစွာ ပါရဂူမြောက်၊ ဝိဇ္ဇာမြောက် အင်းချတတ်အောင်၊ အင်းကို စီရင်တတ်အောင်၊ အင်းချပုံ၊ အင်းစီရင်ပုံတို့ကို ဌာန်ကရိုက်းကျက္ခ၊ စည်းကမ်းကျက္ခ၊ ဥပဒေမိမိ အားထုတ် ကြိုးစားထားဖို့ လိုအပ်လှပါသည်။ သို့မှသာလျှင် ဤတေဓိပကို့ယ အင်းဝိဇ္ဇာထွက်လမ်းကို လွယ်ကူစွာ သဘောပေါက်ပြီး အားထုတ်ကြိုးစားနိုင်မှာ ဖြစ်ပါကြောင်း။ ပါဠိလို မဟုတ်ဘဲ၊ မြန်မာလို စကားပြေသက်သက် ပြရပါလျှင်. .

၄. . ဟူသည်ကား သတိပဋ္ဌာန်တရား(၄)ပါး တည်ပါစေသတည်း။

၄. . ဟူသည်ကား သမ္မပ္ပဓာန်တရား (၄) ပါး တည်ပါစေသတည်း။

၄. . ဟူသည်ကား ဣဒ္ဓိပါဒ်တရား(၄)ပါး တည်ပါစေသတည်း။

၅. . ဟူသည်ကား ဣန္ဒြေတရား (၅) ပါး တည်ပါစေသတည်း။

၅. . ဟူသည်ကား ဗိုလ်တရား (၅) ပါး တည်ပါစေသတည်း။

၇. . ဟူသည်ကား ဗောဇ္ဈင်တရား(၇)ပါး တည်ပါစေသတည်း။

၈. . ဟူသည်ကား မဂ္ဂင်တရား (၈) ပါး တည်ပါစေသတည်း။

၉. . ဟူသည်ကား လောကုတ္တရာတရား(၉)ပါးတည်ပါစေသတည်း။

၁. . ဟူသည်ကား ဧကောဟုဒ္ဓေါဘုရား(၁)ဆူ သိတင်းသုံးတော်မူပါစေသတည်း။

ပါဠိသက်သက်နှင့် အင်းမချနိုင်လျှင်လည်း အထက်ပါ မြန်မာစကားပြေကို သဘောပေါက်အောင် အရက္ခကျက်မှတ်ထားပြီး ဗောဓိပက္ခိယအင်းကို စီရင်၍လည်း ရနိုင်ပေလိမ့်မည်. . ။

အင်းဆန်ဂဏန်း သွားလာပုံ

၁	၆	၇
၈	၅	၃
၂	၄	၉

ပြထားသော ဂဏန်းစဉ်အတိုင်း ဗောဓိပက္ခိယ သင်္ချာအင်းဆန်များကို သူအဟိန်းဂါထာနှင့်သူ ဟိန်းရှိစီရင်ကြပါလေ။ ၌

သို့လျှင် အသေးစိတ်အပြည့်အစုံ ပြသထားပြီးဖြစ်ပါ၍ စိရင်အား ထုတ်မည့် ပုဂ္ဂိုလ်များသည် အခက်အခဲ မရှိနိုင်တော့ပေ။

(စ) အသက်သွင်းပုံ

(ဥမ်. . . ဣတိပိအရဟံ အဝိညာဏကကြသထဲ သဝိညာဏကော
က် သမံအံး အံး)

မိမိချစ်ရင်ထားသော အင်းများအား ဤဂါထာနှင့် (၉)ခေါက်
စွတ်၍ အသက်သွင်းပါလေ. . . ။

(ဆ) သီဒိုတင်ပုံ

ဥမ် ဗုဒ္ဓသီဒိုု ဓမ္မသီဒိုု သံဃသီဒိုု ဇြဟ္မသီဒိုု ဒေဝသီဒိုု ဝိဇ္ဇာသီဒိုု
ယက္ခသီဒိုု သီဒိုုအပေါင်း ထောင်သောင်း ထက်ဆရာ ထက်
စေ. . .

ဥမ် ဗုဒ္ဓသီဒိုု ဓမ္မသီဒိုု သံဃသီဒိုု မာတာပိတု အာစရိယာသီဒိုု
သီဒိုုအပေါင်း ထောင်သောင်းထက်ဆရာ ထက်စေ-တည်ဆရာ
တည်စေသတည်း. . .

မိမိချစ်ရင်ထားသော အင်းများအား ဤဂါထာများနှင့် (၉)
ခေါက်စွတ်၍ သီဒိုုတင်ပါလေ. . .

(ဇ) အင်းကစားရာ၌လည်းကောင်း၊ အင်းသောက်ရာ၌ လည်း
ကောင်း ဆုတောင်းရန်

အဟံ-အက္ခန်ပ်သည်၊ သာဒရံ - ရိုသေခြင်းနှင့်တကွ ဖြစ်သော
ဗုဒ္ဓါဒိရတနတ္တယံ. . . ဘုရားအစရှိသော ဘုရားရတနာ၊ တရား
ရတနာ၊ သံဃာရတနာတို့ကို ဝန်ိုတွာ. . ရိုသေစွာ ရှိခိုးပြီး၍
ပဋ္ဌသိလာနိ- ငါးပါးသော သီလတော်မြတ်တို့ကို၊ ပူရေတွာ -
မြည့်စုံစွာ ခံယူဆောက်တည်ပြီး၍ တေဓိပက္ခိယ ယောဂတော-
လောကုတ္တရာတရား၌ အဆင့်မြင့်မားလှသော တေဓိပက္ခိယ
အင်းအားထား သို့အင်းတို့ကို ယကာယဉ်လျက် ဆောင်ရွက်

သောက်မျှ ရသောကြောင့်. . .
အဆင္ဒ-ဘဇ္ဇကာယော. . မပေါက်မပြ-ရှုနမရှိ ပကတိ ကြွဲခိုင်သော ကိုယ်ရှိသည်လည်း အံမှိ ဖြစ်ရပါစေသတည်း. . ။ သတ္တဝုဓပရိတ္တကော သေနတ်၊ မီးပေါက်၊ အမြောက်၊ စိန်မြောင်း သစ်ချွန်၊ လေးမြား၊ တုတ်နှင့်ဓါးတို့ကို တားမြစ်နိုင်သည်လည်းကောင်း၊ ဣမိနာ ဣဿအက္ခရုံပ်၏ကိုယ်ဖြင့် အည်. . တစ်ပါးသော သူ၏ကိုယ်ကို ပရေနာပိ သူတစ်ပါး၏ ကိုယ်ဖြင့်လည်း မံ အက္ခရုံပ်၏ကိုယ်ကို၊ ကရိတုံ-ဖေါက်လဲတစ်ဖန်၊ ပြန်လှန်ပြုခြင်းငှာ၊ သမတ္တောစွမ်းနိုင်သည်. . အံမှိ. . ဖြစ်ရပါလို၏ ဘုရား၊ သတ္တဝန္ဓနဆိန္နော. ခပ်သိမ်းသော အနှောင်အဖွဲ့၊ အချုပ်အနှောင်တို့ကို ဖေါက်ထွင်းနိုင်သည်လည်းကောင်း၊ အန္တောဇဟိ ပဟန္တံ ဝါ. . အတွင်းမှသည်အပသို့၊ အပမှသည်အတွင်းသို့ ရောက်ရှိဝင်ထွက်နိုင်သည်လည်းကောင်း အနန္တဇလဝါ ရေဝိ. . အတိုင်းမသိသော စစ်သည်ဗိုလ်ပါတို့၏အလယ်၌လည်း သဒါ. . အခါခပ်သိမ်း ဂဏှိတုံ ယူဆောင်ဖမ်းမိခြင်း၊ ဖမ်းဆီးခြင်းငှာ နံ. သက္ကာ. . မစွမ်းနိုင်သည်လည်းကောင်း အံမှိ ဖြစ်ရပါလို၏ ဘုရား. . ။

ဆာယာမတ္တမ္ပိ. . အရိပ်ကိုမျှလည်း. . နဒိဒ္ဒော. . အလိုမရှိက. . မမြင်ရခြင်းသည်လည်းကောင်း၊ သဒ္ဒမတ္တက်. . အသံကိုမျှလည်း. . နသုကော အလိုမရှိက. . မကြားရခြင်းသည်လည်းကောင်း၊ ဟုတ္တာ ဖြစ်ရ၍ ဥဒ္ဒက်. . ငယ်သော ကိုယ်ဖြစ်လျက်. . မဟန္တံ. . . ကြီးသောကိုယ်ကို မဟန္တံဝါပိ. . ကြီးသောကိုယ်ဖြစ်သော်လည်း. . အပွက်. . ငယ်သော ကိုယ်အဖြစ်ကို ကရေ. . ပြုနိုင်ရပါလို၏ဘုရား၊ ဥဒကာ ကာသစာရီကော ရေလယ်၊ ရေပြင် ကောင်းကင်မိုးယံသို့ ပျံတက်၊ ပုံသွားနိုင်ခြင်း သည်လည်းကောင်း၊ မဟိနိမုဠကော. . မြေကြီးမြေအောက်၊ ထွင်းဖောက် ငုပ်လျှိုးနိုင်ခြင်းသည် လည်းကောင်း

သုဝဏ္ဏ- ရတနဘိန်. . . ရွှေ၊ ငွေ၊ ကြေး၊ သံ၊ ဒန်၊ ဂျွတ်၊ ဘင်၊ နာ၊ လောဟာ၊ သုတ၊ ပြဒါးစသည်များကို သဒါ. . အခါခပ်သိမ်း. . ယတိစ္ဆိတကရော. . အလိုရှိတိုင်း ပြုလုပ်နိုင်စွမ်းသည်လည်းကောင်း ဘဝေ. . ဖြစ်ရပါလို၏ အရှင်ဘုရား။

သင်္ခံ. . အလုံးစုံကုန်သော ကောဋာဂါရာဒိုက်. . ကျိုကြဘက္ကာအိမ်ရာ. . ဒိမာန်တို့ကို လျင်မြန်စွာ ဖြစ်စေနိုင်ခြင်းသည်လည်းကောင်း ပုမိတ္တိပိယသံယုတ္တံ. . ယောကျ်ား၊ မိန်းမ အစရှိသော နတ်လူအပေါင်း သောင်းသောင်းကြွေးညာ. . စေတနာတိုးပွား ချစ်မြတ်နိုးကြင်နာ ကြကုန်သည်လည်းကောင်း။ သဟဿာယံ. . . အသက်ထောင်ကျော်ရှည်စွာ နေရသည်လည်းကောင်း. . စိန္တာမဏိ. . သုတစ်ပါး၏စိတ်အကြံကို ဟုတ်မှန်စွာ သိနိုင်ခြင်းသည်လည်းကောင်း ဒုရမ္မိ. . ဝေးသော အရပ်ပင်ဖြစ်သော်လည်း သမီပံ. . နီးစေခြင်းငှာ စွမ်းဆောင်နိုင်သည်၊ ဘဝေ. . ဖြစ်ရပါလို၏အရှင်ဘုရား. . . ။

တဒါ. . ထိုလိုရာအမှု ကိစ္စအစုစုကို ဆောင်ရွက်သောအခါ၌ သင်္ဂေ-အလုံးစုံကုန်သော၊ ဝိဇ္ဇာဓရာ နာနာရူပ-အစိုးရသည်၊ သိပ္ပမောက်မို-ဝိဇ္ဇာဓိုရ်တို့သည်၊ မံ-အကျွန်ုပ်ကို၊ ပဿန္တေ-မြင်ကမ္ဘ လည်းကောင်း၊ သုတမတ္တကေ-ကြားကာမျှလည်းကောင်း။ အတ္တာသိပ္ပံ-မိမိ၏ အတတ်မျိုးကို ပကာ သေတ္တာ-ထင်ရှားစွာ ပြပြီး၍၊ တေ- ထိုကောင်းကင်ပျံ လေကျင့်သိမ်မွေ့သည့် ရသေ့၊ ဇော်ဂျီ၊ တပဿီဆရာ ဝိဇ္ဇာဓိုရ်တို့သည်. . သဒါ-အခါခပ်သိမ်း၊ မံ-အကျွန်ုပ်ကို၊ ဒက္ခန္တု-လျင်စွာပြစေကုန်သတည်း. . ။

တေ. . ထိုဝိဇ္ဇာ၊ ဇော်ဂျီ၊ တပဿီဆရာ ဝိဇ္ဇာဓိုရ်တို့သည်. . ပရိဝါရေတွာ. . ဝန်းပတ်လှည့်လည် ခြံရံ၍ . . နိသိန္နေ. . နေသောအခါ၌. . မမတ္တံ. . အကျွန်ုပ်အလိုရှိသော အကျိုးစီးပွားကို ဂဓံကရောန္တော. . အလေးအမြတ် ပြုသည်ဖြစ်၍. .

ဝဟန္တု. . ရွက်ဆောင်နိုင်ပါစေ ကုန်သတည်း. . . ။
(၄) ခေါက်ရွတ်ဆို၍ ဆုတောင်းပါလေ။ ဤသို့ ဆုတောင်းပြီး နောက်တစ်ဖန်. . .

ဒုတိယဆုတောင်းပုံ

ဥမ်. . ဇမ္ဗူဒီပါ သခ်္ခါသခ်ဲ့ ရေမြေတောတောင်၊ ကုန်အောင်မကြွင်း၊ ခပင်းများစွာ၊ ဘုမ္မာရက္ခ၊ အာကာသနှင့် ဒေဝဒေဝီ. . ဧော်ဂိုဝိဇ္ဇာ၊ ပြဟ္မာသိကြား၊ နတ်အမျာလည်း သားတော်အသွင် မေတ္တာဝင်၍ ခွစ်ခင်လှစွာ ပိယာဟေ ချဉ်းဆရာချဉ်း ကပ်ဆရာကပ်။(၄)ခေါက်ရွတ်ဆိုပြီးနောက် သောက်ပါလေ. .

တစ်နည်း ဆုတောင်းပုံ-

ဘုန်းတော် အလွန်တရာကြီးတော်မူပေထသော ကောဏ္ဍသံမြတ်စွာဘုရား၊ ကောဏာဂုံမြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာဘုရား၊ ထိုလေးဆူကုန်သော ဗုဒ္ဓဘုရားရှင်တို့အား အကြိုးအမှု ဦးထိပ်မှာထား၍ တပည့်တော်တို့သည် (၃)ပါးသော သရဏာဂုံ၊ (၅)စုံသော သီလတော်မြတ် တို့ကို ရိုသေစွာ ခံယူဆောက်တည်ပြီး၍ ဤဗောဓိပက္ခယဝိဇ္ဇာအင်းများကို သောက်မျှိရသော ကုသိုလ်ကောင်းမှုတို့ကြောင့် ဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာမဟိဒ္ဓိအတတ်တို့ကို လည်းကောင်း၊ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်းကောင်း၊ သမာပတ် (၈)ပါး၊ သမာပတ် (၉)ပါးတို့ကိုလည်းကောင်း၊ ဝိဇ္ဇာကတ်(၃)ပုံ၊ ဗောဓင် (၄) ပုံ၊ ဓမ္မခန္ဓာ(၈၄၀၀၀)တို့ကို လည်းကောင်း လျင်မြန်စွာ ပေါက်မြောက်အောင်မြင် ပြီးစီးရ၍ မဂ်(၄)ပါး၊ ဖိုလ် (၄)ပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို မျက်မှောက် ပြုရပါလို၏ အခွင့်ဘုရား. . ။(၄)ခေါက် ဆို၍ ဆုတောင်းပြီး ဗောဓိပက္ခိယအင်းများကို သောက်ရပါမည်. . ။

(၈၅) ဤသို့လျှင် သရဏာဂုံသုံးပါး၊ ငါးပါးသော သီလတော်မြတ်တို့ကို

ရှိသေစွာ ခံယူဆောက်တည် ပြီးသည့်နောက် ဆိတ်ငြိမ်၍ လူသူ လေးပါး အရောက်အပေါက်နည်းပါးသော အရပ်ဒေသတို့တွင် နေထိုင်ကာ တောဓိပက္ခိအင်းများကို နေ့စဉ်(၃)အင်း ပုံမှန် သောက်မျှ ရပါမည်။ ရဟန်းသံယာဆိုပါလျှင် တစ်ပါး၊ နှစ်ပါး ထက် မပိုစေရ။ လူဒါယကာဆိုပါလျှင်လည်း တစ်ဦး၊ နှစ်ဦး ထက် မပိုစေရ။ အကြောင်းမရှိဘဲ စကားမပြောရ၊ အားထုတ် ပွားများ ကျင့်ကြံနေစဉ်အတွင်း၌ကား မိမိသည် သရဏာဂုံ (၃) ပါး၊ (၅)ပါးသော သီလတော်များကိုသာ နေ့စဉ်အာရုံပြု၍၊ နေ့စဉ် အလေးဂရုထား၍ မကျိုးမပေါက်အောင် ဆောက်တည် ရမည်ဖြစ်ပါသည်။

နေ့စဉ်နေ့တိုင်း၊ ညစဉ်ညတိုင်း၌ စွာနိုင်းပါးဂါထာများ၊ သရဏာ ဂုံ သုံးဆယ်ဂါထာများ၊ အဘိညာဉ် (၆)ပါးဂါထာများ၊ ဆု (၈)ပါး ဂါထာများ၊ နိမိုသုတ်ဂါထာများကို နေ့ညမပြတ် သရဇ္ဈယ် စီးဖြန်း အားထုတ်ရာ၏။ အသက်သတ်လွတ်စားပါလေ။ ဤ နည်းအတိုင်း ကျင့်ကြံပွားများအားထုတ်၍ (၄၉)ရက်စေ့လျှင် တောဓိပက္ခိယ အင်းဝိဇ္ဇာများ၊ အင်းစောင့်နတ်များကို မြင်တွေ့ ရ၏။ ပရစိတ္တ၊ ဝိဇာနာနညာဏ်ကို ရစေတတ်၏။ သူတစ်ပါး မကောင်းကြံစည်သမျှတို့ကို အကုန်သိမြင်နိုင်၏။

မကောင်းသော မိန်းမနှင့်တကွ သူတစ်ပါးမကောင်းကြံစည်၍ မရနိုင်ပြီ။ တော-တောင်အတွင်း၌ တစ်ပါးတည်း၊ နှစ်ပါးတည်း နေရသော် လည်း၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရွာကွဲစုံး နတ်များ၊ ဘုမ္မစိုးနတ်များ မပြတ်စောင့်မ စောင့်ရှောက် ကြကုန်၏။ တောတွင်းသားရဲ တိရိစ္ဆာန်များပင် ချစ်ခင်လေးစား မြတ်နိုး ကုန်တော့၏။ နတ်များထံမှ အစားအသောက်များကို တောင်းလျှင်ရတတ်၏။ ရတိုင်းမတောင်းလေနှင့်၊ သိတိုင်း လည်း မဟောမိစေနှင့်။ တောတောင်အတွင်းထဲမှာ ရဲဖန်ရဲခါ ကိုးပါးသီလ၊ ဆယ်ပါးသော ဥပုသ်သီလတော်များကို ခံယူ

ဆောက်တည်၍ ရာသက်ပန် အသက်ထက်ဆုံးတိုင် သရဏဂုံ သုံးပါးနှင့် ငါးပါးသီလတော်မြတ်ကို ရှိသေစွာ ခံယူဆောက် တည်၍ ရာသက်ပန်ထာဝရ မကျိုးမပေါက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ပါလေ. . ။ ရတိုင်းတောင်းနေလျှင် ပညာကွယ် တတ်ပါသည်။

ဤသို့အားထုတ်၍ (၃)လသို့ရောက်ခဲ့လျှင် အထက်ပါ သရဏဂုံသုံးဆယ် ဂါထာများ အဘိညာဉ်ခြောက်ပါးဂါထာ များ၊ ဈာန်ငါးပါးဂါထာများ၊ နိမ္မိသုတ်ဂါထာများကို မပြတ် သရဇ္ဈယ်ပွားများ၍ မိမိနေထိုင်သောနေရာ၊ ကျောင်းဇရပ်မှ တစ်ခေါ်ခန့် အရှေ့အရပ်သို့လည်းကောင်း၊ ထို့နောက် တစ် ခေါ်ခန့် အနောက်အရပ်သို့လည်းကောင်း၊ ထို့နောက် တစ်ခေါ် ခန့် တောင်အရပ်သို့လည်းကောင်း၊ ထို့နောက် တစ်ခေါ်ခန့် မြောက်အရပ်သို့ လည်းကောင်း ဗောဓိပက္ခိယ အင်းဝိဇ္ဇာဓိရ် ဟု ခေါ်ဝေါ်တမ်းတ၍ ဗောဓိပက္ခိယအင်းဝိဇ္ဇာဓိရ်ကို ရွာပါ လေ။

မတွေ့မချင်း ရွာပါလေ။ ထိုအခါ ထိုအတွင်း ရုက္ခစိုး နတ်များ၊ ဘုမ္မစိုးနတ်များ၊ အာကာသစိုးနတ်များ၊ တောစောင့် နတ်များ၊ တောင်စောင့်နတ်များ၊ ထိုအရပ် (၄) မျက်နှာတို့တွင် နေထိုင်ကြသောနတ်များက မိမိအား သီလကို စမ်းသပ်ကြကုန် လတ္တံ့၊ မကြောက်လေနှင့်၊ ကြောက်စရာမလို၊ ခြိမ်းခြောက်ရ မည်မှာ --အသင်ရုက္ခစိုးနတ်မင်းတို့ ဤအနီးအနား အရပ် လေးမျက်နှာမှာ နေထိုင်ကြသည့် နတ်များအပေါင်းတို့၊ အသင်ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်များ အပေါင်း တို့ . . . အကျွန်ုပ်၏ အသက်ကိုလည်းကောင်း၊ ခန္ဓာကို လည်းကောင်း၊ မြတ်စွာဗုဒ္ဓဘုရားထံ စွန့်လွှတ်လှူဒါန်း ထား ပြီး ဖြစ်ပါသည်။ တရားတော်ကို လည်းကောင်း၊ သံဃာတော် ကိုလည်းကောင်း လှူဒါန်းထားပြီး၊ စွန့်လွှတ်ထားပြီး ဖြစ်ပါ

သည်။ အသက်ကိုပင် အသေခံတော့မည်-ဟုဆိုပါ။ ထိုအခါ နတ်တို့သည် ပျောက်ကွယ်သွား၍ တောဓိပက္ခိယ၊ အင်းစောင့်နတ်များ၊ အင်းစောင့်ဝိဇ္ဇာများ ပေါ်ပေါက်လာကြကုန်ပြီးလျှင် မိမိအား နတ်တို့တတ်အပ်သော အတတ်ပညာများကို ပေးအပ်လာကြကုန်၏။ နတ်တို့၏ အတတ်ပညာအမိုးမျိုးကို မိမိအား သင်ကြားပေးကြကုန်တော့၏။ သရဏာဂုံမြဲပါလေ. . ။ ငါးပါးသီလ လုံခြုံပါလေ. . ။ သို့မှသာ အတတ်ပညာများကို ရရှိနိုင်၏။ ထိုမှတစ်ဆင့်တက်သော် ဤတောဓိပက္ခိယ အင်းဝိဇ္ဇာများ၊ အင်းစောင့်နတ်မင်းများ လမ်းညွှန်သည့်အတိုင်း၊ ညွှန်ကြားသည့်အတိုင်း၊ ပေးအပ်သည့်အတိုင်း ဆက်လက်ပြီး ဆောင်ရွက်ကြပါလေ. . ။ ထိုမှနောက် (၉)လအကြာတွင်မူ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့၏ နေရာဌာနကို ရောက်လိမ့်မည်။ ထိုမှတစ်ဆင့် ဆက်လက်လမ်းညွှန်ရာကို လိုက်နာဆောင်ရွက်ပါလေ။ လောကီ၊ တောဓိပက္ခိယ၊ အင်းဝိဇ္ဇာမိုရ်ဖြစ်၍ ထွက်ရပ်လမ်း ပေါက်မြောက်စေတော့၏။

မှတ်ချက်။ ယခုပြဆိုထားသော အင်းလမ်းသည် အလွန် တရာအထက်တန်းကျသော အင်းတော်မြတ်ဖြစ်ပါသည်။ ဤတောဓိပက္ခိယအင်းတော်သည် တောဓိပက္ခိယတရား (၃၇)ပါးဖြင့် စီရင်ထားသည် ဖြစ်သောကြောင့်ပညာရပ်တွင် အထက်တန်းကျသော အင်းတော်ဖြစ်ပါသည်။ အင်းဝိဇ္ဇာလမ်း မှန်ပေမဲ့ အဆင့်အတန်းနိမ့်ကျသော ပညာရပ်များ၊ အဆင့်မမီသော ပညာရပ်များ၊ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးနှင့်တကွ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်နှင့်ဆန့်ကျင်ဘက် ပညာများ မပါဝင်ကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်တွင်း၌ ကြုံကြိုက်နေဆဲကာလ၊ သာသနာတော်

အတွင်း ထွက်နိုင်သော အင်းပညာလမ်းကိုသာ
ဖော်ပြထားပါကြောင့် အားလုံးသောပညာရှင်များ
အထူးသိမြင် ကြပါလေ. . . ။

(ည) ဗောဓိပက္ခိယ အင်းတစားခြင်း

ဤဗောဓိပက္ခိယ အင်းကစားရာ၌ အစီအစဉ်ပြသထားပြီးတာ
များကို သေချာစွာကြည့်ပါ။ သေချာစွာမှတ်သားပါ။ ပြီးလျှင် အင်းကစား
ရာကဏ္ဍတွင် အခန်းနံပါတ် (၁၀)ကိုကြည့်ပါ။ ထိုအခန်းနံပါတ် (၁၀)
မှ စတင်ရမည်ဖြစ်ပါသည်။ အင်းကစားမည်ဆိုပါလျှင် ရတနာသုံးပါး
ကန်တော့ပွဲအပါအဝင် သက်ဆိုင်ရာ ဝိဇ္ဇာပွဲများ၊ သာသနာတော်စောင့်
နတ်ပွဲများအား အသီးသီး ဆွမ်း၊ သစ်သီးပွဲ၊ ရေချမ်း၊ ပန်း၊ ဆီမီး၊
ဖယောင်းတိုင်မီး၊ အမွှေးတိုင်မီးများအား ပူဇော်ခြင်း၊ ကန်တော့ခြင်း၊
ရှိခိုးခြင်းကို ပြုပြီးမှ အင်းကစားပါလေ. . . ။

အခန်းနံပါတ်(၁၀)တွင် အက္ခရာစဉ် (က) နမောတဿ ဘဂဝ
တော အရဟတော သမ္မာသမ္ဗုဒ္ဓဿ. . . စသော (က)မှစတင်၍ တစ်
ဆက်တည်း (ယ) ထိုမှတစ်ဆင့် ဆက်လက်ကစား (ငါ)ပြီးလျှင် (စ) ပြီးလျှင်
(ဆ) တစ်ဆက်တည်းပင် (ဇ)အထိ စုစုပေါင်း အက္ခရာစဉ် (၈)မျိုး စလုံးကို
(က)မှ(ဇ)အထိ အင်းကစားနေရမည်ကို ဆိုလိုသည်။

(ဇ) အဆင့်အထိ ဆုတောင်းခန်းပြီးသည်အထိ ရောက်ရှိပါက
ကျောက်သင်ပုန်းကို လက်နှင့်အသာအယာဖျက်ပါ။ ကဲ့ကူဆဲအင်း ကစား
ထားသော ကဲ့ကူဆဲအမှုန့်များကို သေချာစွာ ခဲယူထားပါ။ ရိုးသေစွာ ခဲယူပြီး
ပုလင်းသန့်သန့်၊ ဘူးသန့်သန့်နှင့် သိမ်းဆည်းပြီး ဝတ္ထုရုပ်ပွားတော် ရှေ့တွင်
လည်းကောင်း၊ ကန်တော့ပွဲမှာလည်းကောင်း ထားရပါမည်။ သိမ်းရပါ
မည်ဟု သိမှတ်ကြပါလေ. . ။ ထိုမိမိ၏လက်ဖြင့် အသာအယာ ရိုးသေစွာ
ဖျက်၍ရရှိလာသော အင်းကစားပြီး ကဲ့ကူဆဲအမှုန့်သည် သိန္ဓိစွမ်းအား
မဟိဒ္ဓိတန်ခိုးစွမ်းအားနှင့် ပြည့်စုံပါသည်။ ထို့ကြောင့် ရိုးသေစွာလက်နှင့်
အသာအယာ ဖျက်ပါ။ ထိုသို့ဖျက်၍ရလာသော အင်း ကစားပြီး ကဲ့ကူဆဲ

အမှုန့်သည် ခြေနင်းနေရာ၊ ခြေနင်းခုံ၊ ဖိနပ်ချွတ်နေရာများသို့ မကျကောင်း၊ သူတစ်ပါး လူအများဖင်ထိုင်သည့် ကြမ်းပြင်နေရာ၊ ဖျာပေါ်နေရာ၊ အိပ်ရာနေရာများပေါ်သို့ မကျကောင်းပါ။

ထို့ပြင် ပြည့်တန်ဆာမ၊ ကိုယ်ဝန်ဆောင်သည်၊ ဓမ္မတာလာ၍ ရာသီပန်းပွင့်နေဆဲမိန်းမ၊ ကိုယ်လက်မသန့်ရှင်းသော ပုဂ္ဂိုလ်များသည် ထိုအင်းကစားပြီး ကံ့ကူဆဲအမှုန့်များကို မကိုင်တွယ်ကောင်း၊ မပေးကောင်း၊ မယူကောင်းဟု အထူးမှတ်သားကြပါလေ. . ။ အထူးသတိထားတတ်ကြပါလေ. . သူတော်ကောင်းအပေါင်းတို့. . ။

ဤနည်းအတိုင်း နေ့စဉ်ညစဉ် (က) နမောတဿမှစ၍ (ဇ) ဆုတောင်းခန်းဆုံးသည်အထိ အကြိမ်ပေါင်းများစွာ အင်းချလိုက်၊ အကြိမ်ပေါင်းများစွာဖျက်လိုက်၊ ထိုသို့နေ့စဉ်ရက်ဆက်ကစားသည်ကို အင်းကစားသည်ဟု ဆိုလိုပါသည်။ ဤသို့လျှင် အင်းချလိုက်၊ ပြီးလျှင် ဖျက်လိုက်၊ အင်းပြန်ချလိုက်၊ ပြန်ဖျက်လိုက် ဤနည်းအတိုင်း နေ့စဉ်၊ ညစဉ် ကစားဖန်များလာသောအခါ ကျောက်သင်ပုန်းပေါ်မှ ကျလာသော အင်းကစားပြီးသော ကံ့ကူဆဲအမှုန့်များသည်လည်း မြောက်များစွာ ကျလာ၊ ရရှိလာလေတော့၏။

ဤနည်းအတိုင်း ယခင်ရှေးအခန်းကဏ္ဍများတွင် ပြသခဲ့သော အချိန်၊ နာရီ ကာလများတွင် ကိုက်ညီအောင် အင်းကစားပါလေ။ နေ့စဉ် အင်းကစားနေခြင်းသည် သမထကမ္မဋ္ဌာန်းတရားတစ်ခုကို ထိုင်နေသည်၊ အားထုတ်နေသည်နှင့် အသွင်သဏ္ဌာန်တူပါသည်။ တူအောင်လည်း အင်းကစားရပါမည်။ တရားကမ္မဋ္ဌာန်း အားထုတ်သလို စိတ်ကို စူးစိုက်စွာ ထား၍ အင်းကစားရမည်ကို ဆိုလိုပါသည်။ ဤသို့လျှင် နေ့စဉ်ရက်ဆက် အင်းကစား၍ ရရှိလာခဲ့သော အင်းကစား ပြီး ကံ့ကူဆဲအမှုန့်ကို (တေဓိပကွိယ အင်းရုပ်မှုန့်) ဟု ခေါ်ဆိုရပါသည်။ တေဓိပကွိယ အင်းဝိဇ္ဇာလမ်းကို အားထုတ်နေသော ပုဂ္ဂိုလ်များသည် နောင်အခါ တေဓိပကွိယအင်းများကို သောက်မှီသည့်အခါ အင်းကစား၌ ရရှိလာသော တေဓိပကွိယအင်းရုပ်မှုန့်များနှင့် ရောရှိ၊ တွဲရှိ၊ ဆု

တောင်းရ၌ သောက်ရမည်ကို အထူးသတိပြုပါလေ..။

(၄) ဗောဓိပက္ခိယ အင်းဝိဇ္ဇာလမ်းပေါက်ပုံမှာ-

ဤသို့လျှင် ဗောဓိပက္ခိယအင်းကို ကစားဖန်များလာသောအခါ စိတ်၏တည်ငြိမ်ခြင်း၊ စိတ်၏ချမ်းသာ ခြင်း၊ စိတ်၏ငြိမ်းချမ်းခြင်းများ ဖြစ်ပေါ်လာသည်နှင့်အမျှ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို ကဲပါရမီအလျောက် ရရှိလာစေတော့၏။ ထိုအခါစိတ်သည် အပူသောကများ၊ ထိန်မိုက်မှုများ၊ ကုက္ကုစ္စများ၊ မတော်လောဘများ၊ မနာလို ဝန်တိုမှုများ၊ သောကဗျာပါဒများမှ ကင်းဝေးပယ်ကွာလာသည့်အတွက် စိတ်၏ ကြည်လင်ခြင်း၊ စိတ်၏သန့်ရှင်းစင်ကြယ်ခြင်း၊ စိတ်၏တောက်ပခြင်း၊ စိတ်၏ငြိမ်သက်ခြင်း၊ ငြိမ်းချမ်းခြင်းနှင့်တကွ ဥပစာရ သမာဓိတရားများ၊ အပ္ပနာသမာဓိများကို ကဲပါရမီအလျောက် ရရှိလာစေရတော့၏။

ဓိမိ၏မျက်စိထဲ၊ အာရုံထဲတွင် တောက်ပသော အလင်းရောင်တစ်ခုခုကို ခံစားရရှိလာစေတော့၏။ တောက်ပသော အလင်းရောင် အကြည်ဓာတ်ပိုင်ရှင်ဖြစ်ရတော့၏။

ထိုသို့ နေ့စဉ်ရက်ဆက် အင်းကစားရင်း ကစားရင်းဖြင့် ကြာမြင့်လာ သည့်အခါ ဥဂ္ဂဟနိမိတ်၊ ဥပစာရ သမာဓိ၊ ပဋိဘာဂနိမိတ် အပ္ပနာသမာဓိတရားတို့ကို ထင်ထင်ရှားရှားပိုင်နိုင်စွာ ရရှိလာခဲ့ရတော့၏။ ထိုအခါ ပရစိတ္တဝိဇာနနဉာဏ်၊ မနောမယိဒ္ဓိဉာဏ်၊ ဝိဇ္ဇာမယိဒ္ဓိတန်ခိုးတို့ကို ရရှိလာစေရတော့၏။ ထိုရောအခါ မိမိသည် သူတစ်ပါး၏ စိတ်အကြံအစည်များကို ကြိုတင်၍ သိမြင်ခြင်း၊ မိမိအား သူတစ်ပါး မကောင်းကြံစည်၍ မရတော့ခြင်း၊ မိမိက ပြောတိုင်းဆိုတိုင်း၊ တောင့်တတိုင်း ပြည့်စုံလာရတော့၏။

ထိုအခါ မိမိအား တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရွာကွစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ ဝိဇ္ဇာဝိုရ်ပုဂ္ဂိုလ်များ အထူး ချစ်ခင်သက်ဝင်၍ မိမိအားစောင့်မခြင်း၊ ကြည့်ရှုခြင်း၊ စောင့်ရှောက်ခြင်းများ ဖြစ်လာရတော့၏။ ထိုအခါ နတ်တို့၏အတတ်ပညာများ၊ ဝိဇ္ဇာတို့၏ အတတ်

ပညာများကို ပေးလာကြကုန်တော့၏။ ထိုသောအခါ မိမိသည် ကယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသ သိဒ္ဓိ၊ ဣဒ္ဓိဝိဓသိဒ္ဓိ၊ ဝိဇ္ဇာမန္တသိဒ္ဓိ၊ စိန္တာမယသိဒ္ဓိ၊ အနုလောကသိဒ္ဓိတို့ကို ပေါက်မြောက်အောင်မြင်ပြီးစီးရ၍ ထွက်ရပ်ပေါက်၊ တေဓိပင်္ခီယ၊ အင်းဝိဇ္ဇာဓိရ် ထွက်ရပ်လမ်းကြီးကို အပြီးအပိုင် ပေါက်မြောက် အောင်မြင်ပြီး သာသနာပြုနိုင်လေတော့၏. . . ။

ပယောဂ၊ စုန်းတိုက်၊ နတ်တိုက်၊ ကဝေတိုက်၊ တစ္ဆေတိုက်၊ ဘုတ်တိုက်၊ ဘီလူးတိုက်မှန်သမျှတို့ အားလည်းကောင်း၊ အပင်းအမျိုးမျိုး၊ အစာအမျိုးမျိုး၊ ပယောဂအစွဲအမျိုးမျိုးတို့အား ဤတေဓိပင်္ခီယ အင်းရုပ်မှန်ကို တိုက်ကျွေးသည်နှင့်၊ သောက်စေသည်နှင့် အားလုံးအစွဲ မှန်သမျှ ပယ်ဖျောက်ရတော့၏။ အပင်းအစာမှန်သမျှ ကျဆင်း၍ ပျောက်ကင်းရတော့၏။ စုန်းစွဲ၊ နတ်စွဲမှန်သမျှ ထွက်ပြေးရတော့၏။ ဤတွင် တေဓိပင်္ခီယအင်းနှင့်ပတ်သက်၍ သာဓကတစ်ပုဒ်ကို ပြဆိုပါ ဦးအုံ. . ။

တေဓိပင်္ခီယ အင်းဝိဇ္ဇာ ဦးနန္ဒမာလာအကြောင်း

မြန်မာသက္ကရာဇ် ၁၂၄၀ လွန်ခဲ့သော အနှစ်တစ်ရာကျော် အဆိုန်ကာလဖြစ်ပါသည်။ အထက်မြန်မာ နိုင်ငံတော်၏ အဓိက မြို့တော်ဖြစ်သော မန္တလေးရတနာပုံနေပြည်တော်ကြီးမှာလည်း နန်းတွင်းအရေးမငြိမ် မသက်လှုပ်ရှားနေသည့်ကာလ၊ အင်္ဂလိပ်နယ်ခဲ့၊ စစ်ဘီလူးတွေကလည်း အောက်မြန်မာနိုင်ငံတော်ကို မျက်စောင်းထိုးပြီး သိမ်းပိုက်မည်တကဲကဲ ရန်စောင်အကြောင်းရှာဆဲ ကာလဖြစ်ပါသည်။ ထိုအခါ ရတနာပုံ နေပြည်တော်မှ သက်တော် (၅၀)အရွယ်၊ သိက္ခာဝါတော်အားဖြင့် ဝါ (၃၀)ခန့်ရှိမည်ဖြစ်သော ဦးနန္ဒမာလာ ဦးဇင်းတစ်ပါးသည် မန္တလေးမြို့ တစ်ဖက်ကမ်းတွင်ရှိသော စစ်ကိုင်းတောင်ပေါ်သို့ သပိတ်တစ်လုံးကိုလွယ်လျက် ရောက်ရှိလာခဲ့ပါသည်။ ဦးနန္ဒမာလာဦးဇင်းသည် အခြားအခြားသော အတတ်ပညာများကို အထူးတလည် တတ်မြောက်သည်တော့မဟုတ်။ စာပေ၊ ပရိယတ္တိရဟန်းစာပေများကိုသာ နားလည်

တတ်ကျွမ်းပါသည်။ သို့ပေမဲ့ တောဓိပက္ခိတရား (၃၇)ပါးကို အင်းချပြီး အင်းကစားတာတစ်ခုကတော့ ဦးဇင်းက နားလည်ထားပါသည်။

ဦးဇင်းဦးနန္ဒမာလာသည် စစ်ကိုင်းတောင်ထိပ်ပေါ် ကြွလာခြင်း အကြောင်းရင်းမှာ တရားဓမ္မလည်း အားထုတ်ရင်း သူရရှိထားသော တောဓိပက္ခိယအင်းဝိဇ္ဇာလမ်းကိုလည်း တောင်ထိပ်မှာ အေးအေးဆေးဆေး အင်းကစားချင်သောကြောင့် ဤနေရာ စစ်ကိုင်းတောင်တော်ပေါ် သို့ ကြွရောက်လာခြင်းလည်း ဖြစ်ပါသည်။ စစ်ကိုင်းတောင်တန်းတစ်ခုလုံးတွင် အမြင့်တက္ကအမြင့်ဆုံး တောင်ထိပ်တစ်နေရာကို ရွေးချယ်လိုက်ပြီး နီးသက်ငယ်မိုး၊ ဝါးကျောင်းလေးကို ဆောက်လုပ်ပြီး တစ်ပါးတည်း သီတင်းသုံးတော်မူ၏။ ဆွမ်းခံချိန် ကျရောက်လျှင် တောင်အောက်ကိုဆင်း၍ ဆွမ်းခံကြွတော်မူပြီး တောင်ထိပ်ပေါ် သို့ ပြန်တက်လာကာ ဆွမ်းစားပြီး ခဏတဖြုတ် အနားယူ၏။

ညဘက်လျှင် တစ်ညလုံး တောဓိပက္ခိယအင်းကို ညလုံးပေါက် အလင်းရောက်အောင် အင်းကစားတော်မူပြီး နေ့ဘက်မှာ ဆွမ်းခံကြွ၊ အနားယူ ဤအတိုင်း ကျင့်ဆောင်ပွားများ အားထုတ်တော်မူ၏။ ကြာမြင့်လာသည့်အခါ တောင်အောက်ခြေ သီလရှင်ချောင်များမှ တရားလာရောက်အားထုတ်နေသော ဦးနန္ဒမာလာမှန်း သိရှိသွားပြီး တောင်အောက်ကို ဆွမ်းခံမကြွဘဲ သီလရှင်များက အသက်သတ်လွတ်ဆွမ်းများကို လာရောက်ကပ်လှူပါရစေ၊ အရှင်ဘုရားသာ တောင်ထိပ်ပေါ်မှာ စိတ်အေးလက်အေး မိမိအလုပ်သာ မိမိကျင့်ဆောင်ပွားများ အားထုတ်တော်မူပါဘုရား။ ဆွမ်းကွမ်းတာဝန်ကတော့ တပည့်တော်မတို့တာဝန်သာ ထားပါဘုရား။ တပည့်တော်မတို့ ကုသိုလ်ကောင်းမှု ယူပါရစေပါဘုရားဟု လျှောက်ထားလာသောကြောင့် ထိုအခါ မှစ၍ တောင်အောက်သို့ကြွ၍ ဆွမ်းခံစရာမလိုတော့ဘဲ တောင်ထိပ်ပေါ်မှာပင် တောဓိပက္ခိယအင်းကိုကစားလိုက်၊ ဝုဂ္ဂါနုဿတိကမ္မဋ္ဌာန်းတရားကို အားထုတ်လိုက်နှင့် မပင်ပန်းဘဲ အဆင်ပြေလာပါတော့၏။

ထိုအခါ အချိန်ရရှိလာပြီဖြစ်ပါ၍ နေ့ဘက်ရော၊ ညဘက်ပါ အချိန်နာရီ ကြာကြာပင် အင်းကစားလာပါတော့၏။ ထိုသို့လျှင် တစ်ခါ ပက္ခိယအင်းများကို နေ့စဉ်ညစဉ် အကြိမ်ပေါင်းများစွာ ရရှိလာအောင် အင်းကစားလာသည့်အခါ တစ်နေ့တွင် ဦးဇင်းဦးနန္ဒမာလာသည် ကျောက်သင်ပုန်းပေါ်တွင် ကဲ့ကူဆံနှင့်အင်းချ၍ အင်းကစားနေစဉ် အင်းကွက်ကို စူးစူးစိုက်စိုက်ကြည့်၍ စိတ်ပါဝင်စားစွာ အင်းကစားနေ ပါလျှင် အင်းကွက်ကိုကြည့်လိုက်တိုင်း၊ ကြည့်လိုက်တိုင်း၊ မိမိ၏မျက်စိ ထဲတွင် ပြာလဲ့လဲ့အရောင်တစ်ခု ကို အမြဲတမ်းလိုလိုပင် မြင်လာရပါတော့ ၏။ ထိုပြာလဲ့လဲ့အလင်းရောင်တစ်ခုသည် အလွန်ကြည်လင်ပြီး အလွန် တောက်ပနေပါသည်။

သို့နှင့် အားတက်သရော ဂရုတစိုက်ဖြင့် ယခင်ကထက်ပိုတိုး၍ အင်းကစားလာ ပါတော့၏။ ဤသို့လျှင် လအနည်းငယ်ခန့် ကြာမြင့်လာ သည့်အခါ အင်းကစားနေရင်းနှင့် စစ်ကိုင်းတောင်အောက်က လူမည်ရွေ့ မည်မျှတက်လာခဲ့သည်တို့ကို ကြိုတင်၍ မြင်တွေ့နေရလေ၏။ ယောကျ်ား က ဘယ်နှစ်ယောက်၊ အမျိုးသမီးကဘယ်နှစ်ယောက် ပါလာသည်တို့ကို လည်းကောင်း ပုဆိုး၊ ထမီ၊ အင်္ကျီ ဘာအရောင်ဝတ်ထားတာကအစ မည် သည့် ကိစ္စ၊ မည်သည့်အကြောင်းကြောင့် လာရသည်ကို လည်းကောင်း၊ တောင်ပေါ်မရောက်ခင် တောင်အောက်မှာ ရှိစဉ်မှာပင်လျှင် ကြိုတင်၍ သိမြင်ရလေ၏။ ထိုသို့ သိမြင်လာပြီးနောက် နောက်များ မကြာမီမှာပင် လျှင် ယခင်တောင်အောက်မှာ မြင်တွေ့ထားသော လူအားလုံးကိုပင်လျှင် တောင်ပေါ် သို့ရောက်လာသည်တို့ကို အံ့သြစွာ မြင်တွေ့ရလေတော့၏။

ထို့နောက်ဆက်လက်ပြီး အင်းကို ကစားလာခဲ့ရာ နောက်လ အနည်းငယ်ကြာခဲ့သော် (ယနေ့စစ်ကိုင်းတောင်ထိပ်ကို မည်သူလာမည်၊ မည်ဝါလာတော့မည်။ စားစရာ၊ သောက်စရာ ဘာတွေပါလာမည်၊ ယောကျ်ားဘယ်နှစ်ယောက်၊ မိန်းမဘယ်နှစ်ယောက် ၊ ကလေးဘယ်နှစ် ယောက်ပါမည်တို့ကို အကုန်အစင် ကြိုတင်၍ သိမြင်နေတော့၏။ ထိုသို့ ကြိုတင်၍ သိမြင်လာသည့်အတိုင်းလည်း အမှန်အကန်ပင် ရောက်ရှိလာ

ပါတော့၏။

ထို့ပြင် ဦးနန္ဒမာလာထံ ရောက်ရှိလာသော ဒကာ၊ ဒကာမများသည် ဘာကိစ္စဖြစ်လာသည်၊ ဘာအကြောင်းပါလာသည်၊ မည်သည့်ကိစ္စမည်ကဲ့သို့လျှောက်တင်တော့မည်ကို ကြိုတင်၍ သိနှင့်နေပြီး ထိုအတိုင်းပင် လာရောက်လျှောက်တင် လာသည်တို့ကို အံ့သြစွာမြင်တွေ့ရလေတော့၏။

ထို့ပြင် ဦးဇင်းကို ယနေ့ဘယ်အဖွဲ့သည် မည်သည့်အချိန်တွင် ဆွမ်းလာကပ်မည်ကိုလည်းကောင်း၊ ယနေ့မည်သည့်မြို့က မည်သည့်ရွာက လာရောက်မည်တို့ကိုလည်း ကြိုတင်၍ သိရှိလာပါတော့၏။ ဤသို့လျှင် ဆက်လက်ပြီး အင်းကိုကစားလာခဲ့ရာ တစ်နေ့အင်း ကစားနေရင်းဖြင့် ကြုံစည်စိတ်ကူးလာမိ၏။ " ရန်ကုန်မြို့ဆိုတာ ငါကြားဖူးနေတယ်၊ အဲဒီ ရန်ကုန်မြို့မှာလည်း ရွှေတိဂုံစေတီတော်ဆိုတာ အတော်ပင် ဘုန်းတန်ခိုးကြီးသည်ဟု ငါကြားဖူးနေတယ်။ အဲဒီရွှေတိဂုံစေတီတော်ကို ငါမူးတွေ့ချင်လိုက်တာ"ဟု စိတ်ထဲမှာတမ်းတ ဆုတောင်းမိ၏။ ချက်ချင်းပင် ရွှေတိဂုံစေတီ၏ တန်ဆောင်းတစ်ခုထဲတွင် ထိုင်လျက်၊ သီတင်းသုံးလျက် ရောက်ရှိနေပါတော့၏။

ဦးနန္ဒမာလာသည် မိမိကိုယ်ကိုမိမိ အလွန်အံ့သြမိ၏။ အလွန်လည်း ဝမ်းသာအားရ ကျေနပ်မိလေတော့၏။ ထို့နောက် ရွှေတိဂုံဘုရားအား မိမိအားရကျေနပ်အောင် စိတ်တိုင်းကျ အားပါးတရ ဖူးမြော်နောက် ယခင် အစဉ်းကထိုင်လျက် ရောက်ရှိလာခဲ့သော တန်ဆောင်းအတွင်းမှာ ပြန်ထိုင်၍- " စစ်ကိုင်းတောင်ထိပ်က ငဉ်ဝါးကျောင်းလေးထဲ ငါပြန်ချင်တယ် "ဟု စိတ်ထဲမှာ ဆုတောင်းလိုက်သည်နှင့်တစ်ပြိုင်နက် မျက်စိဖွင့်ကြည့်လိုက်သည်တွင် စစ်ကိုင်းတောင်ထိပ် မိမိ၏ဝါးကျောင်းအတွင်းထဲမှာပင်ထိုင်လျက် သီတင်းသုံးလျက် ပြန်လည်ရောက်ရှိနေသည်ကို အံ့သြစွာ အားရဝမ်းသာ တွေ့ရပါတော့၏။ ဤတွင် အင်းဝဋ္ဌာဦးနန္ဒမာလာတောဓိပက္ခိယ အင်းဝဋ္ဌာအတတ်ဖြင့် ထွက်မြန်းတော်မူခဲ့ပါပြီ။

နောင်ဆိုပါလျှင် ဗောဓိပက္ခိယ အင်းဝိဇ္ဇာကြီး ဦးနန္ဒမာလာသည် သူ၏တပည့်တကာ၊ တကာမကြီးများ အစဉ်အဆက် ပြောဆိုသွားခဲ့သော စကားများအရ တစ်ခါတစ်ရံမင်းတုန်းမင်း၏ နန်းတော်ထဲတွင်လည်းကောင်း၊ တစ်ခါတစ်ရံ မဟာမြတ်မုနိဘုရားရှေ့တော်တွင် လည်းကောင်း၊ ရံဖန်ရံခါ မန္တလေးတောင်တော်ပေါ်တွင်လည်းကောင်း၊ တစ်ခါတစ်ရံ မုရွာမြို့အနီး မဟာမြိုင်တော၊ အလောင်းတော်ကဿပတွင် လည်းကောင်း၊ ရံဖန်ရံခါ ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် ရင်ပြင်တော်ပေါ်တွင်လည်းကောင်း ဦးနန္ဒမာလာဆရာတော်၏ အရှင်မြတ်ကို ဖူးတွေ့ရနိုင်ကြောင်း သိရှိထားခဲ့ရပါသည်။

ဤတေဓိပက္ခိယအင်းကို အထပ်ထပ်၊ အဖန်ဖန်၊ ကြိမ်ဖန်များစွာ အင်းကစားရင်းဖြင့် ပဋိဘာဂနိမိတ်၊ အပွနာသမာဓိလမ်းကိုပေါက်၍ ဗောဓိပက္ခိယ အင်းဝိဇ္ဇာဓိရ်ဖြစ်သွားသော အင်းဝိဇ္ဇာဓိရ်ကြီး ဦးနန္ဒမာလာ၏ အကြောင်းဖြစ်ပါသည်. . ။

ဤအကြောင်းကို ဆရာ့ဆရာတော်ကြီးများထံမှ ရရှိလာသော ပေစာ၊ စာအုပ်များတွင် တွေ့ရှိရတတ်ပြီး၊ အကျွန်ုပ်၏ ကျေးလူးရှင် ဓမ္မသိဒ္ဓိပါရဂူ လေးကျွန်းပိုင်ဆရာတော်ကြီးထံမှလည်း တစ်ဆင့် ဦးနန္ဒမာလာအကြောင်းကို ကြားသိခဲ့ရဖူးပါသည်။

ဤတွင် ဗောဓိပက္ခိယ အင်းဝိဇ္ဇာဓိရ်ထွက်လမ်းပြီး၏။

၉

ဂါထာ ဝိဇ္ဇာမိုရ် ထွက်လမ်း

ပရိကံပြုပုံ

(က) နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသည်ဖြစ်၍ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမှ တန်ခိုးတော်အနန္တနှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင်အပေါင်း တို့အား သဒ္ဓါရိုကျိုး၊ လက်စုံမိုး၍ ရိုခိုးကန်တော့ပါ၏ဘုရား။

(ခ) ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ၊
ဒုတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံသရဏံဂစ္ဆာမိ၊
ဒုတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။
တတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံသရဏံဂစ္ဆာမိ၊
တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ။

(ဂ) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ

ဝုဒ္ဓါမေ သရဏံ အည်နတ္ထိ ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မောမေ သရဏံ အည်နတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃောမေ သရဏံ အည်နတ္ထိ သံဃံ သရဏံ ဂစ္ဆာမိ

(ယ) အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ ဇီဝိတ ပရိယန္တိကံ ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ ဇီဝိတ ပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ ဇီဝိတ ပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ

ဆုတောင်းခန်း

(င.) ဘန္တေ ဘဂဝါ အမှာကံ ဣမံအတ္တဘာဝံ အမှာကံ ပရိစ္စဇာမိ ဣတိပိသော ဘဂဝါ အရဟံ
သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသ ဒမ္မသာရ
ထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ နမာမိ။

အကျွန်ုပ်သည် ယနေ့ယခုကစ၍ အသက်ထက်ဆုံး သုံးပါးသော မြတ်သရဏဂုံကို ဆည်းကပ်ကိုးကွယ် ပါတော့မည်ဟု သစ္စာပြု၍ နံနက်စောစော၌ တြိကမ္ဗုတ်(၃)ပါး အရည်ကို ဖေး ကက်ရပါမည်။

ဘန္တေဘဂဝါ အမှာကံ ဣမံအတ္တဘာဝံ တုမှာကံ အရိစ္စဇာမိ . . သွာက္ခာတော. . ဘဂဝတောဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိ ပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိတိ . . နမာမိ။
အကျွန်ုပ်သည် ယနေ့ယခုကိုအစပြု၍ သုံးပါးသော သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို မပြတ်ဆောက်တည်ပါမည်ဟု သစ္စာပြု၍ မွန်းတည့်လျှင် နံသာ(၅)ပါးရည်ကို

သောက်ရပါမည်။

ဘန္တေ. . ဘဂဝါ. . အမှာက်. . ကျွမ်းကတ္တာဘာဝံ. . တုမှာက်. ပရိစ္စာဇိ. . သုပ္ပဋိပန္နော. . ဘဂဝတော၊ သာဝကသံယော၊ ဥုဇုပဋိပန္နော၊ ဘဂဝတော၊ သာဝကသံယော၊ ဉာယပဋိပန္နော၊ ဘဂဝတော သာဝကသံယော၊ သာမိစိပ ဋိပန္နော ဘဂဝတော၊ သာဝကသံယော၊ ယဒိဒံ စတ္တာရိ ပုရိသ ယုဂါနိ၊ အဋ္ဌပုရိသ ပုဂ္ဂလာ၊ သေဘဂဝတော၊ သာဝကသံယော၊ အာဟုနေယျော၊ ပါဟုနေယျော၊ ဒက္ခိဏေယျော၊ အဉ္ဇလိကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿတိ-နမာမိ။

အကျွန်ုပ်သည် ယနေ့ ယခုအချိန်မှ အစပြု၍ သရဏဂုံသုံးပါး နှင့်တကွ ငါးပါးသော သီလတော်မြတ်ကို ငါအစိုးရပြီဟုဆို၍ နေဝင်လျှင် ကျဿရမူလီမြစ်ကို သွေး၍ သောက်လေ။

(၈) ဩကာသ၊ ဩကာသ၊ ဩကာသ၊ ခုဒ္ဒကပီတိ၊ ခဏိကပီတိ၊ ဩက္ကန္တိကပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိ တည်းဟူသော ငါးပါးသောပီတိတို့နှင့် ပြည့်စုံတော်မူသော ဗုဒ္ဓမြတ်စွာဘုရား အကျွန်ုပ်၏ ကိုယ်တွင်း၌ရှိသော စက္ခုဒွါရ၊ သောတဒွါရ၊ ဃာနဒွါရ၊ ဇိဝှာဒွါရ၊ ကာယဒွါရ၊ မနောဒွါရတည်းဟူသော ခြောက်ပါးသော ဒွါရတို့၌ ထင်လင်းအောင် ထင်ပေါ်အောင် တည်နေတော် မူပါစေသတည်းဘုရား။

ဩကာသ၊ ဩကာသ၊ ဩကာသ၊ ဥပစာရဝိထိ၊ အပ္ပနာဝိထိ၊ သမာပတ္တိဝိထိ၊ လောကုတ္တရာ ပဋိသန္ဓာဇါးပါးတို့သည် တပည့်တော်၏ ကိုယ်တွင်း၌ ထင်ပေါ်အောင် တည်နေတော် မူပါစေသတည်း ဘုရား။

ကျန္ဆာရောဂေ္ဂ ဘန္တေ ကျန္ဆာမေ ရတ္တိ လဘော ယထာမူလေ ရတ္တ ပုတ္တမေ ယေ မယ္ဟ အကာသယ မာနဒ္ဓ ကျန္ဆာရောဂေါ ပဋိဂ္ဂဏှာမ အာယတိ သံဝရေယျာမိ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံယံပူဇေမိ။

မှတ်ချက်။ ယခုပြဆိုအပ်သော ပရိုက်ပြုပုံ ဆုတောင်းခန်းတို့ကို သက်တော် တစ်ထောင်ရှိသော(သို့မဟုတ်)သက်တော်တစ်ထောင်ကျော်သော ဗုဒ္ဓဘုရားရှေ့တော်တွင် ဆွမ်းသင်ပုတ်၊ ပန်း၊ သစ်သီး၊ အမွေးတိုင်၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကန်တော့၍ မိမိကိုယ်အား ဝတ်ဖြူဂုဏ်ကြယ်ဝတ်ဆင်၊ အမွေးနံ့သာလိမ်းကျံပြီး လျှင် လဆန်းပက္ခ မွေးနေ့ကစ၍ ဂါထာတော်များကို (၇)ရက်တိုင်တိုင် သရဇ္ဈယ်ရပါသည်။

နေ့ညဉ့်မပြတ် သရဇ္ဈယ်ရာ၏။ (၇) ရက်စေ့လျှင် ပထမအဆင့်ပညာခန်း ပေါက်မြောက်တော့၏။ သုတစ်ပါး၏ စိတ်အကြံကို သိမြင်နိုင်၏။ သုတစ်ပါး မကောင်းကြံ၍ မရနိုင်ပေ။ ရှေ့ဖြစ်မည့် အကြောင်းအရာများကို ကြိုတင်၍သိမြင်ရ၏။ စုန်း၊ ကဝေ၊ တစ္ဆေ၊ မြေဘုတ်၊ ဘီလူး၊ သရဲ သဘက်၊ မိစ္ဆာတို့ကို အကုန်နိုင်ပြီဟု၍ မှတ်ပါ။

ရွတ်ဖတ်သရဇ္ဈယ်ရမည့် ဂါထာများကား-

၁။ ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၂။ ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၃။ ဇိဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဇိဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဇိဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ။

၄။ ယာဝ ဇီဝံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

	ယာဝ ဇီဝံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	ယာဝ ဇီဝံ	သံဃံ သရဏံ ဂစ္ဆာမိ။
၅။	မရဏကာလံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	မရဏကာလံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	မရဏကာလံ	သံဃံ သရဏံ ဂစ္ဆာမိ။
၆။	မရဏကာလပရိယန္တံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	မရဏကာလပရိယန္တံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	မရဏကာလပရိယန္တံ	သံဃံ သရဏံ ဂစ္ဆာမိ။
၇။	အရဟတ္တကာလံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	အရဟတ္တကာလံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	အရဟတ္တကာလံ	သံဃံ သရဏံ ဂစ္ဆာမိ။
၈။	အရဟတ္တကာလပရိယန္တံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	အရဟတ္တကာလပရိယန္တံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	အရဟတ္တကာလပရိယန္တံ	သံဃံ သရဏံ ဂစ္ဆာမိ။
၉။	နိဗ္ဗာနကာလံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	နိဗ္ဗာနကာလံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	နိဗ္ဗာနကာလံ	သံဃံ သရဏံ ဂစ္ဆာမိ။
၁၀။	နိဗ္ဗာနပရိယန္တံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	နိဗ္ဗာနပရိယန္တံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	နိဗ္ဗာနပရိယန္တံ	သံဃံ သရဏံ ဂစ္ဆာမိ။
၁၁။	အဇ္ဇတဂ္ဂေ ပါဏုပေတံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	အဇ္ဇတဂ္ဂေ ပါဏုပေတံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	အဇ္ဇတဂ္ဂေ ပါဏုပေတံ	သံဃံ သရဏံ ဂစ္ဆာမိ။
၁၂။	ဗုဒ္ဓါမေနာထော သတ္ထာပိကာရံ	ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
	ဗုဒ္ဓါမေနာထော သတ္ထာပိကာရံ	ဓမ္မံ သရဏံ ဂစ္ဆာမိ။
	ဗုဒ္ဓါမေနာထော သတ္ထာပိကာရံ	သံဃံ သရဏံ ဂစ္ဆာမိ။
၁၃။	ဗုဒ္ဓါမေသရဏံ အညံနတ္ထိ၊ ဓမ္မာမေသရဏံ အညံနတ္ထိ၊	

သံယောမေသရက် အညံနတ္ထိ

၁၄။ ဥပေမိ သရက် ဝုဒ္ဓံ ဓမ္မဉ္စာပိ အနုတ္တရံ။
သံယဉ္စ နရ ဒေဝဿ ဂန္ဓာမိ သရက် အဟံ။

၁၅။ အဌဝိသတိ သမ္ဗုဒ္ဓါ မမ ပုရတော ဂစ္ဆန္တု။
ပဉ္စဝုဒ္ဓါ မဟာတေဇာ မမ သီသေ နိဒ္ဓေ ဠိတာ။

၁၆။ အဌဝိသတိ သမ္ဗုဒ္ဓါ ဂစ္ဆန္တိ မမ ပုရတော။
ပဉ္စဝုဒ္ဓါ မဟာတေဇာ မမသီသေ ပတိဋ္ဌိတာ။

၁၇။ ဝုဒ္ဓေါလောကေ သမုပ္ပန္နော တံဝုဒ္ဓရတနံ အဟံဝန္ဒာမိ သတ္ထာဒါ။
ဓမ္မောလောကေ သမုပ္ပန္နော တံဓမ္မရတနံ အဟံဝန္ဒာမိ သတ္ထာဒါ။
သံယောလောကေ သမုပ္ပန္နော တံသံယရတနံ အဟံဝန္ဒာမိ သတ္ထာဒါ။

၁၈။ အဇ္ဈတ္တိကတ္တာ အဟံ အတ္တာနံ ဝုဒ္ဓဿ နိယျာတေမိတိ မံဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ အတ္တာနံ ဓမ္မဿ နိယျာတေမိတိ မံဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ အတ္တာနံ သံယဿ နိယျာတေမိတိ မံဓာရေထ။

၁၉။ အဇ္ဈတ္တိကတ္တာ အဟံ ဝုဒ္ဓ ပရာယဏောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ ဓမ္မ ပရာယဏောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ သံယ ပရာယဏောတိ မံ ဓာရေထ။

၂၀။ အဇ္ဈတ္တိကတ္တာ အဟံ ဝုဒ္ဓဿ အန္တေဝါသိကောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံ ဓာရေထ။
အဇ္ဈတ္တိကတ္တာ အဟံ သံယဿ အန္တေဝါသိကောတိ မံ

ဓာရေထ။

၂၁။ နတ္ထိမေ သရဏံ အညံ ဗုဒ္ဓေါမေ သရဏံ ဝရံ။
တေဝ သရဏံ ဥပေမိ မယိကာဒိ နဝိဇ္ဇတိ။
နတ္ထိမေ သရဏံ အညံ ဓမ္မောမေ သရဏံ ဝရံ။
တေဝ သရဏံ ဥပေမိ မယိကာဒိ နဝိဇ္ဇတိ။
နတ္ထိမေ သရဏံ အညံ သံဃောမေ သရဏံ ဝရံ။
တေဝ သရဏံ ဥပေမိ မယိကာဒိ နဝိဇ္ဇတိ။

၂၂။ အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ။
ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ။
ဇီဝိတ ပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ။
အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ။
ဇီဝိတ ပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ။

၂၃။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကာမေသုမိစ္ဆာစာရာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သုရာမေရယ မဇ္ဇပ္ပမာဒ ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ
သမာဒိယာမိ။

၂၄။ အဘိက္ကမာယ ပဋိပတ္တိယာ ဗုဒ္ဓဿ ပုဇေမိ။
အဘိက္ကမာယ ပဋိပတ္တိယာ ဓမ္မဿ ပုဇေမိ။
အဘိက္ကမာယ ပဋိပတ္တိယာ သံဃဿ ပုဇေမိ။

၂၅။ အဘိက္ကမာယ ပဋိပတ္တိယာ အာသဝက္ခယပတ္တံ
စတုပဋိသမ္ဘိဒံ။
ဆ အဘိညံ၊ အဋ္ဌ သမာပတ္တိ ဝဟံ မေ ဘဝန္တု သဒ္ဓါ။

၂၆။ ဗုဒ္ဓေါ တိလောက ဒီပေါစ ဗုဒ္ဓေါသုရော တမော နုဒေါ
အစ္ဆန္တံ သရဏံဂုံ နတ္ထိမယ္ဟ ဘယံ သဒါ။

ဓမ္မော တိလောက ဒီပေါစ ဓမ္မောသုရော တမော နုခေါ
အစ္ဆန္တံ သရဏံဓမ္မံ နတ္ထိမယ္ဟံ ဘယံ သဒါ။
သံယော တိလောက ဒီပေါစ သံယောသုရော တမော
နုခေါ
အစ္ဆန္တံ သရဏံသံယံ နတ္ထိမယ္ဟံ ဘယံ သဒါ။

၂၇။ ပိဋိကတ္တယံ ဓာရေမိ၊ မာတာပိတုဟိ ပေသိတော။
သဒ္ဓ စိတ္တံ၊ တာ ပါဒံ၊ အာစရိယ နမာ မဟံ။ (၃)ခေါက်
ဆိုပါ။

၂၈။ ဝုဒ္ဓါ ကာရေ၊ အာလိင်္ဂေတွာ၊ ပိယမတ္တံ ရာဇမဟ်ံ၊
သုဘာသိ တဉ္စ၊ ပိတု ပါဒံ နမာ မဟံ။ ။ (၃) ခေါက်ဆိုပါ။

၂၉။ ဒသ မာသေ ဥရေ ကတွာ၊ ပေါ သိတံ ဝုဒ္ဓိ ကာရဏံ
အာယု ဒီဓ ဝဿ သတံ၊ မာတု ပါဒံ နမာ မဟံ ။ (၃)
ခေါက် ဆိုပါ။

၃၀။ ဝုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သတ္ထပါဏိနံ၊
ဓမ္မောလောကေ သမုပ္ပန္နော သုခါယ သတ္ထပါဏိနံ၊
သံယောလောကေ သမုပ္ပန္နော အနုတ္တရံ ပုညက္ခေတ္တံ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဒ္ဓါ။ (၃)
ခေါက် ရွတ်ဆိုပါ။

၃၁။ ဝုဒ္ဓသ ပုဇံ မဟာတေဇ ဝန္တော
ဓမ္မသ ပုဇံ မဟာပညာ ဝန္တော
သံဃသ ပုဇံ မဟာဘောဂ ဝန္တော
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သတ္ထဒါ။ (၃)
ခေါက်ဆိုပါ။

၃၂။ ဝုဒ္ဓတေဇေန အရိန္ဒမော ဓမ္မတေဇေန မဟာလာဘော
သံဃတေဇေန မဟာယသော၊ ဧတေနသစ္စဝဇ္ဇေန
သောတ္ထိမေ ဟောတု သတ္ထဒါ။(၃) ခေါက်ဆိုပါ။

၃၃။ ဝုဒ္ဓေါမေ ရက္ခန္တု နိစ္စံ၊ ဓမ္မောမေ ရက္ခန္တု သဒါ

သံယောမေ ရက္ခန္တု ဒိနေ ဒိယာယုကော သတံဘဝေ။
(၃) ခေါက်ဆိုပါ။

၃၄။ ဝန္ဒာမိ ရတနတ္တယေ ဝန္ဒ နဿ မဟာသာမိ။
မေ ဘဝန္တု သဒါ သုခီ။ ။

၃၅။ ဘဝတု သဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ သဗ္ဗဗုဒ္ဓါ နုဘာ
ဝေန သဒါသုခီ ဘဝန္တုမေ။
ဘဝတုသဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ သဗ္ဗမ္မာ နုဘာ
ဝေန သဒါ သုခီ ဘဝန္တုမေ။
ဘဝတုသဗ္ဗမင်္ဂလံ ရက္ခန္တု သဗ္ဗဒေဝတာ သဗ္ဗသ်ာ နုဘာ
ဝေန သဒါ သုခီ ဘဝန္တုမေ။

၃၆။ ဒိယမာယု ပဝေသနံ၊ ဒိယဿ သိဒ္ဓံ၊ ဗုဒ္ဓေါ မယ္ဂံ သုခံ
နေတုံ။
ဒိဋ္ဌလာ ဒက္ခိလာ မင်္ဂလာ ရောဂိလာ ဘယ်လာ ခရုလာ
ဒုဗ္ဘိလာ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။
ဒိယမာယု ပဝေသနံ၊ ဒိယဿ သိဒ္ဓံ၊ ဓမ္မော မယ္ဂံ သုခံ
နေတုံ။
ဒိဋ္ဌလာ ဒက္ခိလာ မင်္ဂလာ ရောဂိလာ ဘယလာ ခရုလာ
ဒုဗ္ဘိလာ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။
ဒိယမာယု ပဝေသနံ၊ ဒိယဿ သိဒ္ဓံ၊ သံယော မယ္ဂံ သုခံ
နေတုံ။
ဒိဋ္ဌလာ ဒက္ခိလာ မင်္ဂလာ ရောဂိလာ ဘယလာ ခရုလာ
ဒုဗ္ဘိလာ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုသဗ္ဗဒါ။

၃၇။ ဝဋ္ဋဂါမဏိ ဘယဘီတော၊ တရုကွယ ပရာ-ယကော
အတ္တနော ရတိတံ၊ ကမ္မ၊ ဌာနမေ ထပိတံ ကရေ

ဝဟုလံ ရာဂကွယတော၊ သောက ရောဂါဒိ ပမတော
ဘဝေ ဩဟညေယျံ၊ တတော စိတ္တုတ္တာသ တော၊
အဘယာ၊ သမာဓိတော။

၃၈။ ဒန္တေဟိ ဒန္တ မာဓာရေ၊ ဇိဝှါ တာလုမှိ ယဒိယ။
အလ္လတ္တ ဂေါစရေ၊ စိတ္တံ သဒ္ဓါယိ သုမာနသော။

၃၉။ ယဿ ယဿ ဟိတော ဘဝေါ တေန တေန ဟိတံ ကရံ။
အနုပဓိသ တောပိစ၊ ခိပ္ပ မတ္ထ ဝသေ နယေ။

၄၀။ စိရံ စိရံ တိဋ္ဌတုမေ၊ အာယုဝဏ္ဏံ လဘန္တုမေ၊
ဝိယော ဝိယော ဘဝတုမေ၊ သောကော ရောဂါ ဝိနာသန္တု၊
ဘယာဘိတော ယောလာဘာ၊ သု သမာဟိတော။

၄၁။ ခိပ္ပ မတ္ထ ဝသံ ယောဂါ၊ ယ ခိပ္ပ မတ္ထ ဝသံ နု။
ရဟံ နုရဒေဝ သိတံ၊ ဟုန္ဒ မာမိ ဗြဟ္မ မဟံ။

၄၂။ ဝုဒ္ဓသာသနေ ပါလိန္တောပိ၊ မေ မုမေ သက္ကော၊
စတုန္နံ ဒေဝါနံ ဝိယာ တေ၊ စန္ဒ သုရိယာ၊ ဒေဝေ အက္ခ
ဂါရေ၊ နဟိ ဝိသုကမွော၊ ဒေဝါ ရက္ခာ၊ နာဂါ ဂန္ဓဗ္ဗာစ၊
ဂရုဠာပိ၊ ယက္ခ ကုမ္ဘဏ္ဍာစ၊ မေကာယော၊ ဟတ္ထေ ပါဒေစ၊
ဝိသံ ဝိသံ ပါလေန္တု။

၄၃။ သိရသိ မေ ပဠုဝုဒ္ဓါ၊ နလာဋေ ဗြဟ္မဒေဝတာ၊
စက္ခု ကက္ခေ ဂ္ဂနှောရာဇာ၊ မုခေ ဒေဝိ သုရသတီ။

၄၄။ ဟဒယေ နရာယနဠ၊ ဟတ္ထေစ ပရမေ သွာရော၊
ဥရေ ဗိဿကု ဒေဝါစ၊ တေဒေဝါ မဟိဒ္ဓိကာ။

၄၅။ မဟာဒေဝါ နုဘာဝေန၊ သဗ္ဗ ကမ္မာနိ သိဒ္ဓိမေ
မေတ္တာစိတ္တေန မံသဗ္ဗေ၊ ဩလောကေတု ဒိနေ။

၄၆။ ပဝေရ သုရာ၊ သုရ ဂရဠ၊ မနုဇာ ဘုဇဂ၊ ဂန္ဓဗ္ဗာ၊
သဗ္ဗေ ပါလယန္တု မေ သဒါ။

၄၇။ သတ္တာဒေဝ၊ မနုဿာနံ၊ ဘဂဝါမေ၊ သီသေ မလ္လေဋ္ဌံတံ၊
ဘဂဝါ ရေသတ္တာ၊ ဂ္ဂန္တာဝေနေယျ၊ သဗ္ဗေ သံ၊ ပန္ဒိဝါဒံ၊

သစ္စံ၊ ဘဂ ဝန္တီတံ ။ ။

၄၈။ သူရဿတီဒေဝီစ မေမာတာ၊ မာတာစ မေ သူရဿတီ ဒေဝီ။

အနုကမ္ပံ ဥပါဒါယ ဥက္ကောမေ အမိ့၊ ဒေဟိတွံ။

ဥမ် ဘဒ္ဒေ သူရဿတီ၊ ဝရကဒေဝီ၊ ပြဟ္မာကွဿ၊ သာသနေ ဝိဇာနေယျ။

မေ မုခေ၊ ဣမေ ခယံ တိဌတု၊ ဩဇွဿ သာသနေ သြောင်းကပ်။

ဂါထာဝိဇ္ဇာဓိရိုလမ်းကား အစမှအဆုံးတိုင် ဂါထာပုဒ်ရေပေါင်း (၄၈)ပုဒ်ပါဝင်၏။ ကြိုးစား၍ ကျက်မှတ်ခြင်း၊ ပွားများခြင်း၊ အားထုတ်ခြင်း ကိုပြုအပ်၏။ နေ့ညမပြတ် ပွားများသရဇ္ဈယ်ရာ၏။ ရှေးအခါ တောတောင်ထဲဝင်၍ ကျင့်ကြံပွားများအားထုတ်ကုန်သော ပုဂ္ဂိုလ်တို့သည် ညဉ့်ဦးယံမှစ၍ နံနက်မိုးလင်းသည်အထိ တစ်ညလုံးအဆက်မပြတ် ရွတ်ဖတ်သရဇ္ဈယ်ပွားများကြကုန်၏။ နံနက်မိုးသောက် အလင်းရောက်ပြီဆိုပါမှ အရုဏ်ဆွမ်းဘုဉ်းပေးခြင်း၊ နေ့ဆွမ်းဘုဉ်းပေးခြင်းအပြင် အိပ်စက် အနားယူကြကုန်၏။

ထိုသို့အိပ်စက် အနားယူရာ၌လည်း အချိန်နာရီကြာမြင့်စွာ အိပ်စက်ခြင်း မဟုတ်။ အိမ်ရာတည်ထောင် လွှဲဘောင်လွှဲဘဝမှ လူသားများကဲ့သို့ တစ်နေ့တာအတွက် လူတစ်ယောက်၏ အိပ်ချိန် (၇)နာရီတို့၊ (၈)နာရီတို့၊ (၁၀)နာရီတို့ ကြာမြင့်အောင် အိပ်စက်ခြင်းမျိုး မဟုတ်ပါ။ သူတော်ကောင်းတို့၏ အိပ်စက်ခြင်းမျိုး၊ တရားသမား၊ အကျင့်သမားတို့၏ အိပ်စက်ခြင်းမျိုးသာ အိပ်စက်ရပါသည်။

(တနည်းကား) ကြက်အိပ်၊ ကြက်နီး၊ စကားပုံအတိုင်းပင်

သူတော်ကောင်းတို့သည် အိပ်စက်ခြင်း။ အနားယူခြင်းသာ ဖြစ်ပါသည်။ ထိုအခါ ကိုနိုးစက်အနားယူရာမှထ၍ အားလပ်သောအချိန်များတွင် နတ်များအား မေတ္တာပို့ခြင်း။ ဝိဇ္ဇာလေးကို့ တပဿီများအား မေတ္တာပို့သခြင်း။ သတ္တဝါအများအား မေတ္တာပို့သခြင်းများကို ပြုရပါသည်။ တောစောင့်နတ်များ။ တောင်စောင့်နတ်များ။ ရုက္ခစိုးနတ်များ။ ဘုမ္မ စိုးနတ်များ။ အာကာသစိုးနတ်များအား အဖန်ဖန်အထပ်ထပ် မေတ္တာပွားနေရခြင်းသည်သာ. . ဟု မှတ်ယူကြပါလေ။

ထို့ကြောင့် သူတော်ကောင်း အလုပ်သည်လည်းကောင်း။ တရားသမား၊ အကျင့်သမားတို့၏ အလုပ်သည်လည်းကောင်း လောကတွင် ကပြနေသော ဇာတ်မင်းသား။ မင်းသမီးများ၏ အလုပ်နှင့်အသွင်သဏ္ဌာန်တူလှ၏။ အဘယ်ကြောင့်ဆိုသော် ဇာတ်ကၡီစားရသော ဇာတ်မင်းသား။ ဇာတ်မင်းသမီးများ။ ဇာတ်အဖွဲ့သားများသည် ညဉ့်ဦးယံမှစ၍ မိုးလင်းသည်အထိ အသုံးတော်ခံရ၏။ တစ်ညလုံး ဇာတ်ကြ၊ ခုန်ကြ၊ တီးမှုတ်ကြ လုပ်ကြရပါသည်။ မအိပ်ကြရပေ။ မိုးလင်း၍ ကန့်လန့်ကာချိပြီးမှသာပင် တစ်နေကုန်သည်အထိ အိပ်စက်ရခြင်း။ အနားယူကြရခြင်းရှိပါသည်။

အိပ်ရေးဝ၍ အနားယူပြီးသည်နှင့် အိပ်ရာမှထ၍ တစ်ညလုံးအတွက် ကဖို့၊ ခုန်ဖို့၊ သီဆို၊ တီးမှုတ်ဖို့ ကြိုတင်ပြင်ဆင်ရသည်။ ကြိုတင်ပြီးညှိနှိုင်းကြရ သည်။ ကြိုတင်ပြီး ဇာတ်တိုက်ထားရပါသည်။ ဤနည်းသဏ္ဌာန်တူစွာပင် သူတော်ကောင်းအကျင့်များကို ပွားများ အားထုတ်ကြရာ၌လည်း တစ်ညလုံး ပွားများအားထုတ်ခြင်း။ တစ်ညလုံး ရွတ်ဖတ်သရဇ္ဈယ်ခြင်း။ ပွားများအားထုတ်ခြင်းများကို ပြုနေကြရပြီး နံနက်မိုးလင်းမှပင် အနားယူခြင်း။ အိပ်စက်ရခြင်း ပြုရသည်တို့ကို သဘောပေါက်ပါလေ။ အိပ်ရေးဝ၍ အိပ်ရာမှ ထလာသည်နှင့် တစ်ပြိုင်နက် ညအတွက် ပြင်ဆင်သောအနေဖြင့် နေ့ဖက်အားလပ်နေသော အချိန်ကာလများတွင် သတ္တဝါများအား မေတ္တာပွားများခြင်း။ ဝိဇ္ဇာလေးကို့ တပဿီများအား မေတ္တာပို့သခြင်း။ ပတ်ဝန်းကျင် နတ်ဒေဝါများအား မေတ္တာပို့သ ပွားများ

ခြင်းများ ဆောင်ရွက်ပေးရသည်ဟု မှတ်ယူပါလေ။

(၁) ပထမ ပညာခန်း ပေါက်ပြောက်ပုံ

သက်တော်တစ်ထောင်ကျော်သော ဘုရား၊ စေတီ၊ ဗုဒ္ဓရုပ်ပွား တော်ရှေ့တွင် ဆွမ်း၊ သစ်သီး၊ ရေချမ်းပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်မီး တိုဖြင့် ပူဇော်ကန်တော့၍ မိမိကိုယ်ကို ဝိတ်ဖြူစင်ကြယ်စွာ ဝတ်ပြုလျှင် အမွှေးနံ့သာများလိမ်း၍ လဆန်းပက္ခမွေးနေ့ကစ၍ (၇) ရက်တိုင်တိုင် အထက်ပါ မဟိဒ္ဓိ၊ ဝိပဿနာဂါထာတော်များကို နေ့ညဉ့ပွားများ ရွတ်ဖတ် သရဇ္ဈယ်ပါလေ။ ခုနစ်ရက်မြောက်လျှင် သူတစ်ပါးတို့၏အကြံအစည်များကို အကုန်သိမြင်နိုင်၏။ သူတစ်ပါး မကောင်းကြံစည်၍ မရနိုင်တော့ပေ။ အဟောအပြောဌ်လည်း မေးလာသူသည် လေ့ကားအနား ရောက်သည်နှင့် တစ်ပြိုင်နက် ကြံစည်လာသမျှ အားလုံးစုံကို သိမြင်နိုင်တော့၏။ သိတိုင်းလည်းမဟော၍ ရတိုင်းလည်း မတောင်းနှင့် စုန်းပယောဂ၊ နတ်ပယောဂ၊ အဝရွှကနတ်ဆိုး၊ ဘီလူးဆိုး၊ စုန်းဆိုးကဝေ၊ တစ္ဆေ၊ မြေဘုတ် မှုန်သမျှတို့ကို အကုန်နိုင်တော့၏။

(၂) ဒုတိယ ပညာပေါက်သော အခန်း

သုံးပါးသော သရဏဂုံနှင့်တကွ ငါးစုံသော သီလတော်မြတ်၊ ရှစ်ပါးသော သီလတော်မြတ်တို့ကို လျှောက်ပတ်ကောင်းမွန်စွာ ခံယူဆောက်တည်လျက် သစ္စာအဓိဋ္ဌာန်ပြု၍ ဘုရား၊ တရား၊ သံဃာ ရတနာမြတ် သုံးပါးနတ်တို့ကို အာရုံပြု၍ အထက်ပါ မဟိဒ္ဓိ၊ ဝိပဿနာ၊ ဒေသနာတော်များကို တောတောင်ထဲဝင်၍ ဆီတင်ငြိမ်ရာ ကမ္မဋ္ဌာန်းကျောင်းနှင့် နေထိုင်သီတင်းသုံးလျက် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈယ်နေရပါမည်။ နေလျှင်လည်း တစ်ယောက်၊ နှစ်ယောက်ထက် မပိုစေရ၊ ရဟန်းဖြစ်လျှင်လည်း တစ်ပါးနှစ်ပါးထက် မပိုစေရ။ စကားအလွန်နည်းပါစေ။ အကြောင်းမရှိဘဲ စကားမပြောမဆိုရ။

ထိုတောတောင်ထဲတွင် (၄၅)ရက်စေ့အောင် အားထုတ်ပွားများသရဖြင့်မိလျှင် ပရစိတ္တဝိဇာနာန ဉာဏ်ကို ပေါက်မြောက်လိမ့်မည်။ အလုံးစုံသော သူတို့သည် ချစ်ခင်လေးစားလိမ့်မည်။ လာဘ်လာဘအထူးပွင့်လမ်းပြီး ပေါများလာလိမ့်မည်။ မိမိကြုံစည်သမျှ ဣစ္ဆာသယအားလုံးပြည့်စုံလာတော့၏။ တောထဲ၊ တောင်ထဲတွင် တစ်ယောက်တည်းနေရလင့်ကစား တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရုက္ခစိုး၊ ဘုမ္မစိုးနတ်များ၊ သမာဒေဝနတ်မင်းများ အထူးစောင့်ရှောက်ကြကုန်၏။

သစ်၊ ကျား၊ ဆင်၊ ကျားသစ်၊ မြွေ စသော သားရဲတိရစ္ဆာန်များသည် မိမိအား အခြံအရံဖြစ်၍နေတော့၏။ (၁၀)ပါးသီလ၊ (၉)ပါးသီလ တော်မြတ်ကို ရဲဖန်ရဲခါစောင့်ပါ။ သရဏဂုံ(၃)ပါးနှင့် (၅)ပါးသော သီလတော်မြတ်ကိုမူ အသက်ထက်ဆုံး မကျိုးမပေါက်အောင် စောင့်ထိန်းရပါမည်။ တောင်းရမ်းရတိုင်းလည်း မတောင်းပါနှင့်။ သူများက ပေးသော်လည်း ပေးတိုင်းမယူပါနှင့်။ သစ္စာဟုတ်၍ ပညာကွယ်တတ်ပါသည်။ အတိတ် အနာဂတ်များကို သိသော်ငြားလည်း သိတိုင်းမဟောပြောရ။ မင်းစိုးရာဇာတို့ သိလျှင်လည်း အသက်သေတတ်သည်။ အဖေါ် ချင်းသာသိပါစေ။ သူတစ်ထူးကို ပြောပြမိလျှင်လည်း သစ္စာဟုတ်၍ ပညာကွယ်တတ်ပါသည်။ (အာတာနာဋိယ ပညာပေါက်သောအခန်းပြီး၏)

(၃) တတိယဆင့်ပညာပေါက်သောအခန်း

အထက်ပါ မဟိဒ္ဓိ ဝိပဿနာဒေသနာဂါထာတော်များကို တောတောင်အတွင်း ကမ္မဋ္ဌာန်းကျောင်းတွင် စီးဖြန်း၍ (၂)လတိုင်အောင် ရောက်လျှင် မိမိနေသော ကမ္မဋ္ဌာန်းကျောင်း၏ ဘေးပတ်လည် (သစ်ပင် ၁၂ ပင်)ကို အထိန်းအမှတ်ပြု၍ မဟိဒ္ဓိ ဝိပဿနာ ဒေသနာဂါထာများနှင့်

ဣတိဟာသဂါထာများကို တိုးတိုးမွှတ်ဖတ်သရဇ္ဈယ်၍ တစ်ကိုယ်နှစ်ပါး သော ဆရာတို့တွင် တစ်ပါးပါးကို တွေ့အောင်ရှာပါလေ။

သည်သစ်ပင်မှ ဟိုသစ်ပင်သို့ စကြိန်လျှောက်၍ ရှာပါလေ။ ပထမဆရာ၊ ဒုတိယဆရာ၊ တတိယဆရာ ထိုဆရာ(၃)ယောက်ကို မတွေ့တွေ့အောင်ရှာပါလေ။ တတိယဆရာမှာ စကားပြောလိမ့်မည်။ ဂဇ္ဈဝဒါလိဆရာနှင့် တိုင်ပင်၍ရှာပါလေ။ ညှဉ်ဒ်ရှာပါလေ။ ညှဉ်ဒ် ရှာနေသည့်အတွင်း အထက်ပါ မဟိဒ္ဓိဝိပဿနာ ဒေသနာဂါထာများနှင့် ဣတိဟာသဂါထာများကို အဖန်ဖန်အထပ်ထပ်၊ မွှတ်ဖတ်၊ သရဇ္ဈယ်ရပါမည်။ သစ်ပင်စေ့အောင် ရှာလေ။ (မတွေ့မချင်း တွေ့အောင် ရှာရပါမည်။)

ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးနတ်တို့ သည်လည်းကောင်း၊ အရပ်လေးမျက်နှာ၌နေထိုင်ကုန်သော နတ်တို့သည် သီလအာစရကြောင့် ရောက်လာကုန်၏။ သီလကို စုံစမ်းကြကုန်၏။ မကြောက်နှင့် (အသင် နတ်မင်းတို့. . အကျွန်ုပ်၏အသက်ကိုလည်းကောင်း၊ ရုပ်နာမ်ကိုလည်းကောင်း၊ မြတ်စွာဘုရားရှင်အား စွန့်လွှတ်လှူဒါန်းထား လေပြီ၊ အသက်ကိုပင် အသေခံတော့မည်ဟု ဆိုပါလေ။)

ထို့နောက် သောတာပန်နတ်အပေါင်းတို့သည် မိမိတို့တတ်သမျှ ပညာများကို ပေးအပ်ကြလိမ့်မည်။ စောင်မကြည့်ရှု ကြပေလိမ့်မည်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်များ၊ သောတာပန်နတ်များ သင်ပြရာကို လိုက်ပါလေ။ စာတ်(၄)ပါးကို ကြံလေ။ စာမကို ကြံပါလေ။ အလို ရှိသမျှ ကြံသမျှ ပြီးစီးနိုင်လေ၏။

(၄) စတုတ္ထအဆင့် ပညာပေါက်သော အခန်း

အထက်ပါ မဟိဒ္ဓိဝိပဿနာဂါထာတော် ဒေသနာတော်များကို အပြုမပြတ်မွှတ်ဖတ်သရဇ္ဈယ်၍ (၃)လပြောက်လျှင်-

(၁) မုက္ခဂိရိ (၂) နာတပ္ပ (၃) စိပ္ပဒုလ (၄) လိက္ခမုက္ခို (၅) ဂဇ္ဈဝဒါလီ (၆) စန္ဒဂုပ္ပိ (၇) စိကာလာပ (၈) စိရဉ္ဇ (၉) စိလုစ္ဆ (၁၀)

ဝိဟိန္ (၁၁) နန္ဒသေန (၁၂) စောဒက။ ဘေသင္ရေ ။

ဤတစ်ကျိပ်နှစ်ပါးသော ဆရာတို့သည် ရောက် လာကြကုန်၏။ တင်းတိမ်ကာ၍ အထက်ပါ မဟိဒ္ဓိဝိပဿနာဒေသနာ ဂါထာတော်များကို သာ မပြတ်မလပ် ရွတ်ဖတ်သရဇ္ဈာယ်ပါလေ။ (ညဉ့်အချိန် ရွတ်လျှင် မှက်စိ မှိတ်၍ ရွတ်၊ မှက်စိမဖွင့်ပါနှင့်) စကားမပြောရ။

သူတို့ကပင် ခေါ်သော်လည်း မထူးနှင့်။ သူတို့ကပင် ပြောသော်လည်း ပြန်မပြောနှင့်။ " မည်သည့်ပညာမျိုးကို အလိုရှိ၍ လာသနည်း" ဟု မေးခဲ့လျှင် "အရှင်ဘယ်သူနည်း"ဟ ပြန်မေးပါလေ။ ဤတွင် ဥယျာဉ်မှူး၊ ဝိပ္ပဒူပ၊ လိက္ခမုက်ဂို၊ ဤနှစ်ပါးတွင် တစ်ပါးပါးသည် မည်သူဖြစ်သည်ဟု ပြောလိမ့်မည်။

ပြောသည့်ကာလမှ အစဉ်အတိုင်း " အကျွန်ုပ်အား အသက်ထက်ဆုံး တပည့်အဖြစ် သတ်မှတ်တော်မူပါ။ အသက်ထက်ဆုံး တပည့်အဖြစ် ပြုတော်မူပါ။ အရှင်တို့အားလည်း ဆရာအဖြစ် အသိအမှတ်ပြုပါ၏။ အကျွန်ုပ်သည် အရှင်တို့အား အသက်ထက်ဆုံး ဆရာပြုဖို့ ခွင့်ပြုတော်မူပါ" ဟု ဆိုပါလေ။ **(၁၂) စောဒကနှင့် ဘေသင္ရသည် အတူတူပင် ဟုမှတ်၊ ထို့ကြောင့် (စောဒက၊ ဘေသင္ရ) ဟုတွဲ၍ ခေါ်ခြင်းဖြစ်သည်။**

ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ အလုံးစုံသော သမာဒေဝနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ သူရဿတီဒေဝီနှင့်တကွ ဒေဝီ (၇)ပါး၊ ဒေဝီ (၉)ပါး၊ ဒေဝီ (၁၂)ပါးတို့သည်လည်း အကျွန်ုပ်၏ကမ္မဋ္ဌာန်းကျောင်းသို့ လာရောက်ကြပါစေကုန်သတည်း။ ဒေဝဂ္ဂတ္ထိ၊ ဒေဝဂ္ဂဒ္ဓိမုန်သမ္ဘ တို့သည်လည်း အားလုံးလာရောက်ကြပါစေ။ အင်းဝိဇ္ဇာဓိရ်၊ ဆေးဝိဇ္ဇာဓိရ်၊ ပြဒါးဝိဇ္ဇာဓိရ်၊ သံဝိဇ္ဇာဓိရ်၊ ဂါထာဝိဇ္ဇာဓိရ်၊ မန္တာန်ဝိဇ္ဇာ၊ ဒေဝဝိဇ္ဇာ၊ မဟိဒ္ဓိဝိဇ္ဇာ၊ ပထဝီဝိဇ္ဇာ၊ လူဝိဇ္ဇာ အစရှိသည်တို့သည်လည်း အကျွန်ုပ်၏ထံသို့ ရောက်လာကြပါကုန်လော့။ ရောက်လာကြပါစေကုန်သတည်း။ အကျွန်ုပ်

၏ ကမ္မဋ္ဌာန်းကျောင်းသို့ လာရောက်ကြပါကုန်လော့။ လာရောက်ကြ ပါစေ။ ဝိဇ္ဇာမိုရ်ဆရာများတွင်ရှိသော အတတ်ပညာများကိုလည်း ပေးတော်မူကြပါစေသတည်း။ " အရှင်ဝိဇ္ဇာမိုရ်ဆရာများအား အသက်ထက်ဆုံး ဆရာပြုပါရစေ" ဟု ဆိုပါလေ။

ဤတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ အချိုပွဲ၊ အချဉ်ပွဲ၊ ဆီမီး၊ ဖယောင်းတိုင်မီးတို့ကို ဗုဒ္ဓမြတ်စွာဘုရားတစ်ပွဲ၊ တရားတော် အတွက်တစ်ပွဲ၊ သံဃာတော်အတွက် တစ်ပွဲ၊ ဆရာအတွက် တစ်ပွဲ၊ သမ္မာဒေဝနတ်အတွက် တစ်ပွဲ၊ စုစုပေါင်း (၅)ပွဲ အသီးသီးပြင်ဆင်၍ ပူဇော်ပသပါလေ. . ။ (၇)ရက်တိတိ လှူဒါန်းပူဇော်ပါလေ။ မိမိ အလိုရှိသော ဆုကိုလည်းတောင်းပါလေ။ မိမိ၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို လုံအောင်ထိန်းသိမ်းပါလေ။ မိမိစောင့်ထိန်းထားသော သီလများ၊ မကျိုးမပေါက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ပါလေ။ သို့မှသာ ပညာအစုံရလိမ့်မည်. . ။

(၆) ပဌမဆင့်ပညာခန်း

ပဌမအဆင့် ပညာပေါက်သောအခန်းသည် တော၊ တောင်၊ ကမ္မဋ္ဌာန်းကျောင်းထဲတွင် အထက်ပါမဟိဒ္ဓိ ဝိပဿနာဒေသနာ ဂါထာတော်များကို အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈယ်လာ၍ (၄)လမြောက်လျှင် ပဌမအဆင့်ပညာခန်း ပြီး၏။ တစ်လထက်တစ်လ အထူးကြိုးစား၍ အားထုတ်ရပါမည်။ သီလ၊ အကျင့်၊ သမာဓိတရား ခိုင်မြဲပါလေ။

(၇) ဟိဒ္ဓိဝိပဿနာဂါထာ ဒေသနာတော်ကို မပြတ်ရွတ်ဖတ် သရဇ္ဈယ်လာခဲ့၍ (၅)လမြောက်လျှင် ဆဋ္ဌမအဆင့် ပညာခန်း ပေါက်၏။ ရှေ့လာမည့် (၁၂)ဘဝ၊ ဖြစ်ခဲ့သော (၁၂)ဘဝတို့၏ အဖြစ်အပျက် ကိစ္စများကို အလုံးစုံသိမြင်နိုင်၏။ ဘုမ္မစိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ အာကာသစိုးနတ်များ၊ ဝိဇ္ဇာ၊ ဇော်ဂျီတို့၏ နေရာကို အသင်ကိုယ်တိုင် ရောက် လိမ့်မည်။ ထိုအခါသင့်အား နက်နဲသောစကားကို မြောကြား၍ နိဿယများကို သင်ကြားပေးလိမ့်မည်။

(၈) ဤမဟိဒ္ဓိဝိပဿနာဒေသနာဂါထာတော်ကို တောထဲ၊ တောင်ထဲ၊ ကမ္ဘာ့ဌာန်းကျောင်းထဲတွင် အမြဲမပြတ်ရွတ်ဖတ် သရဇ္ဈယ်၍ (၆)လမြောက်လျှင် သတ္တမပညာအဆင့်ပေါက်၏။ သမ္မာဒေဝနတ် များ၊ သာသနာတော်စောင့်နတ်များ၊ တောစောင့်နတ်များ၊ တောင်စောင့် နတ်များ၊ ရုက္ခစိုးနတ်များ၊ ဘုမ္မစိုးနတ်များ၊ အထူးကူညီစောင့်ရှောက် ကြရ၏။ တောထဲ၊ တောင်ထဲ၊ ရေထဲ၊ မြေထဲရှိသော ရတနာများ၊ ပစ္စည်း များ၊ ကျောက်မျက်များ၊ ရွှေငွေများ၊ ရတနာ (၇)ပါးတို့ကိုလည်းကောင်း၊ သင့်မျက်စိက ကြည့်တိုင်းမြင်တွေ့ရတော့၏။

ဒီဗွစက္ခုပညာ ပေါက်သောအခန်းဖြစ်၏။ တဏှာ၊ လောဘတို့ ကို ချုပ်တီးလေ။ တဏှာလောဘတို့နောက်သို့ မလိုက်အပ်ပေ။ မိမိ၏ သီလ၊ သမာဓိ မကျိုးမပေါက်အောင် ဂရုစိုက်ပါလေ။ သရဏဂုံ (၃)ပါးနှင့် (၅)ပါးသော သီလတော်မြတ်ကို မကျိုးမပေါက်ရအောင် အထူးသစ္စာ အဓိဋ္ဌာန်ပြု၍ ဆောက်တည်ပါလေ။ နတ်တို့သည် မိမိဆောက်တည်ထား သော သီလကို စမ်းသပ်တတ်၏။ အဖျက်များ၏။

(၉) ဤသို့လျှင် မဟိဒ္ဓိဝိပဿနာဂါထာများကို နေ့ညမပြတ် ရွတ်ဖတ်ခဲ့၍ (၆)လပြည့်ပါလျှင် အင်းစာမလမ်းကို လိုက်လိုလျှင် အင်းဝိဇ္ဇာများထံ အင်းစာမများကို တောင်းယူ၍စီရင်ပါ။ အင်းဝိဇ္ဇာ ဖြစ်၏။ ဂါထာဒေသနာတော်ကို ရွတ်လာ၍ (၆)လစေ့ပြီးလျှင် ပြဒါးဝိဇ္ဇာ၊ ပြဒါးလမ်း၊ သံဝိဇ္ဇာ၊ သံလမ်း အလိုရှိရာကို တောင်းယူ၍ ထိုထိုဝိဇ္ဇာများ ဆွဲနှုတ်ပြုရာအတိုင်း လိုက်နာဆောင်ရွက်ပါက ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာများဖြစ်နိုင် ပါသည်။

မှတ်ချက်။ မဟိဒ္ဓိဝိပဿနာဒေသနာဂါထာတော်ကို ရွတ်ဖတ် သရဇ္ဈယ်လာ၍(၆)လပြည့်ပြီးမှ လိုရာလမ်းကို နတ် များညွှန်ပြ၍ဖြစ်စေ၊ ဝိဇ္ဇာများ ညွှန်ပြ၍ဖြစ်စေ၊ ဆောင်ရွက်စီရင် အားထုတ်ခြင်းဖြင့် လိုရာသို့၊ လိုရာ ဝိဇ္ဇာကို ဖြစ်စေရပါသည်။ ဒေသနာဂါထာတော်များ

ကို ရွတ်ဖတ်သရဇ္ဈယ်ရာမှာ (၆)လမပြည့်ခဲ့ပါက၊ (၆)လအထိ မရောက်ခဲ့ပါက အထက်ပါ သံလမ်း၊ ပြဒါးလမ်း၊ အင်းလမ်းများကို မအောင်မြင်နိုင်ကြောင်း၊ မပြီးစီးနိုင်ကြောင်း သတိပြုပါလေ။

ဤကား ပထမအဆင့်ပညာ ပေါက်မြောက်ခန်းဖြစ်ပါသည်။

(၁၀) နဝမအဆင့်ပညာခန်းကို တက်လှမ်းလိုပါလျှင် -

ဤမဟိဒ္ဓိ ဝိပဿနာဒေသနာတော်များကို အားထုတ်လာခဲ့သည်မှာ (၆)လပြည့်မြောက်ပြီးဖြစ်ရပါမည်။ ဤသို့လျှင် (၆)လပြည့်ပြီးသည်အထိ မဟိဒ္ဓိဝိပဿနာ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈယ်လာပြီးသည့်အခါ အင်းဝိဇ္ဇာလမ်းကို လိုက်လိုပါလျှင် စာမအဋ္ဌာရသ (၆၆)အင်းချပါ။ ပထမံ (၄၈)အင်းချပါ။ ဝလေးထောင့် (၁၆)အင်းချပါ။ ဣဋ္ဌာသဃ (၉၆)အင်းချပါ။ နှစ်ကျိပ်ရှစ်ဆူ (၁၆)အင်းချ၊ ထို့နောက်လိုရာ အကွာအင်းကိုချ၊ အားလုံးပြောချပြီး၊ အင်းပြာတို့ကို အထက်ပါ မဟိဒ္ဓိဝိပဿနာဒေသနာဂါထာတော်များဖြင့် စုတ်ပြီးလျှင် သောက်ပါလေ။

အင်းဝိဇ္ဇာ၊ စာမဝိဇ္ဇာ၊ ဆေးဝိဇ္ဇာတို့၏ပညာများကို တတ်မြောက်လေတော့၏။ ဆေးဝိဇ္ဇာလမ်းများကို လိုက်လိုပါလျှင် ပန်းပေါင်းတစ်ထောင်၊ နံ့သာမျိုး (၅)ပါး၊ နတ်ဆေးပေါင်း၊ ပန်းဥ၊ ဒေါန၊ သင်္ဃဏေပေါင်း ထိုဆေးစုကို အထက်ကပြထားသော အင်းပြာများဖြင့်ရောစပ်၍ အုန်းရည်၊ ကြံရည်နှင့်ကြိတ်၊ မဟာဆီ မဟာသွေးနှင့်ကြိတ်၊ ကွဲနို့၊ နွားနို့၊ ဆိတ်နို့နှင့်လည်းကြိတ်ပါ။ **(မဟာဆီမဟာသွေးဆိုသည်မှာ လူမိန်းမ၏ နို့ရည်ကို ဆိုလိုပါသည်။)** ကျောက်ပြင်အောက်မှာ ဖြူစင်သောအဝတ်ကိုခင်း၊ ကာလျှင်လည်း ဖြူစင်သောအဝတ်ကိုပင် ကာရမည်။ မိုးလျှင်လည်း ဖြူစင်သောအမိုးကိုသာ မိုးရမည်။

ဆရာလုပ်သူမှာ (၉)ပါးသီလ၊ (၁၀)ပါးသီလတို့ကို ထိန်းသိမ်းဆောက်တည်ခဲ့ယုပါ။ တပည့်ပါလျှင် ထိုတပည့်သည်(၅)ပါးသီလ၊ (၈)ပါးသီလတော်မြတ်ကို ခံယူထားရပါမည်။ အလုံးစုံသည် သီလ၊ သစ္စာတရား

အဓိဋ္ဌာန်တရားတို့ကို သစ္စာပြုဆောက်တည်၍ ဆေးကြိတ်ရပါမည်။ သီလမရှိသူများ အနားမလာစေနှင့်။ ကြိတ်ပြီးလျှင် ထိုဆေးတော်ကို မဟိဒ္ဓိဝိပဿနာဒေသနာ ဂါထာတော်များနှင့် မပြတ်ရွတ်ဖတ်သရဇ္ဈယ်၍ ဂါထာစုတ်ပါလေ။

ထို့နောက် ဆေးတော်ကို နံသာငါးပါးရည် ကွာသရမူလိမြစ်ရည်တို့နှင့်တွဲ၍ သောက်ပါလေ။ ထို့နောက် "ငါလိုလူ ဇမ္ဗူမရှိ"ဟု ဥဒါန်းကျူးရင့်လေ။ သင့်အား ဝိဇ္ဇာဓိရိပုဂ္ဂိုလ်များ၊ ဇော်ဂျီ၊ တပသီပုဂ္ဂိုလ်များသည်။ သူတို့၏ နေရာ၊ ဒေသ၊ ဌာနသို့ သင့်အားခေါ်ဆောင်လိမ့်မည်။ ထိုမှတဆင့် ဝိဇ္ဇာဓိရိပုဂ္ဂိုလ်များ၏ လမ်းစဉ်၊ ပညာစဉ်များကို ဝိဇ္ဇာဓိရိပုဂ္ဂိုလ်များ ညွှန်ကြားသည့်အတိုင်း လိုက်ပါလေ။ (ဤကား ဆေးဝိဇ္ဇာဓိရိပုဂ္ဂိုလ်တို့၏အခက်း)

မှတ်ချက်။ အဓိကအချက်မှာ မဟိဒ္ဓိဝိပဿနာဒေသနာဂါထာတော်များကို မပြတ်ရွတ်ဖတ် သရဇ္ဈယ်ရာ၌ (၆)လပြည့်အောင် ရွတ်ဖတ်သရဇ္ဈယ်ဖို့သာ လိုရင်းအချက်တည်း။ (၆)လမပြည့်ဘဲနှင့်မူ မည်သည့်လမ်းမှ အောင်မြင်မှုရမှာ မဟုတ်နိုင်။ (၆) လစေ့အောင် မဟိဒ္ဓိဝိပဿနာဂါထာများကို မပြတ်မလပ် ရွတ်ဖတ်သရဇ္ဈယ်ပြီးပါက မိမိဆန္ဒရှိရာ၊ မိမိအလိုရှိရာကို တောင့်တလိုက်လျှင်ပင် မိမိဆန္ဒအလျောက်၊ အလိုအလျောက် ပေါ်ပေါက်လာလိမ့်မည်ဟု မှတ်ယူကြပါလေ။

ဤသို့လျှင် မဟိဒ္ဓိဝိပဿနာ ဒေသနာ ဂါထာတော်များကိုသာဂရုတစိုက် ရိုသေလေးစားစွာ ရွတ်ဖတ်သရဇ္ဈယ်ဖို့သာ အလွန်အရေးကြီးပါသည်။ စုစုပေါင်းအနည်းဆုံး (၁၂) လ(တစ်နှစ်)ပြည့်အောင် အားထုတ်ရမည်ဖြစ်ပြီး၊ ဤမဟိဒ္ဓိ၊ ဝိပဿနာ ဂါထာများကိုပင် အဖန်ဖန် အထပ်ထပ် မပြတ်မလပ် ရွတ်ဖတ်သရဇ္ဈယ်ခြင်းအားဖြင့် ထိုစုစုပေါင်း (၁၂)လစေ့အောင် အရိုးကြေကြေ၊ အရည်စုတ်စုတ်၊ နောက်မဆုတ်တမ်း

အားထုတ်ကာ၊ မိမိဆောက်တည်ထားသော သရဏာဂုံ(၃)ပါးနှင့် (၅)ပါးသော သီလတို့ကို မကျိုးမပေါက်အောင် ဆောက်တည်၍ ကြိုးစားအားထုတ်ရာ၏။

ထို (၁၂)လစေ့အောင် ပြည့်အောင် အားထုတ်လာသောအခါ သက်ဆိုင်ရာ ဝိဇ္ဇာဓိရိုးပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာဝိဇ္ဇာ၊ ဧက်ဂို၊ တပသီ ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာတောစောင့်နတ်၊ တောင်စောင့်နတ်များ၊ သက် ဆိုင်ရာ ရုက္ခစိုး၊ ဘုမ္မစိုးနတ်များ၊ သမာဒေဝနတ်များ၊ သက်ဆိုင်ရာ နယ်မြေဒေသ ပတ်ဝန်းကျင်၏ နတ်ကောင်းနတ်မြတ်များသည် မိမိအား ဝိဇ္ဇာဓိရိုးဖြစ်အောင် လမ်းညွှန်ပြသခြင်း၊ လိုအပ်တာများအား ဖြည့်ဆည်းပေးခြင်း၊ ဝိုင်းဝန်းကူညီစောင့်ရှောက်စေခြင်းဖြင့် မိမိအလိုရှိသော ပန်းတိုင်သို့ အောင်မြင်အောင် တက်လှမ်းနိုင်ကြမည်မှာ မလွဲနိုင်တော့ပေ။

အရိုးကြေကြေ၊ အရေစုတ်စုတ်၊ နောက်မဆုတ်တမ်း အားထုတ်ဖို့ ကြိုးစားဖို့ မဟိဒ္ဓိဝိပဿနာဂါထာများကို မပြတ်မလပ်၊ အဆက်မပြတ် အားထုတ်ပွားများ သရဏ္ဍယ်ဖို့သာ လိုရင်းအချက်ဖြစ်ကြောင်း သတိပြုပါလေ။

သတိပြုရန်။ ဝိဇ္ဇာဓိရိုးသို့ ပညာရပ်များကို၊ စိရင်အားထုတ်လိုသော ပုဂ္ဂိုလ်များသည် သက်သတ်မပါ။ သစ္စာဓမ္မ၊ ဝိရိယနှင့် စာဂတရား စောင့်ထိန်းပါမူ အလိုရှိရာ၊ အလိုရှိသော သိဒ္ဓိတို့ကို ပြီးစီးအောင်မြင်နိုင်၏ဟု ပြသထားပါသည်။ ထို့ကြောင့် ဝိဇ္ဇာဓိရိုးအဖြစ် အောင်မြင်ပြီးစီးအောင် အားထုတ်လိုသော ပုဂ္ဂိုလ်တို့သည် သူတစ်ပါးတို့၏ အသက်၊ အသွေးအသား၊ အရိုး၊ အဆီဟူသည်တို့ကို ရှောင်ရှား၍(မစားမသောက်ဘဲ)အသက် သတ်လွတ် အသီးအရွက်၊ အသီးအနှံများကိုသာ စားသုံးရပါမည်။ သစ္စာဆိုရဲရပါမည်။ သစ္စာအဓိဋ္ဌာန်နှင့်အညီ အကျင့်သီလသိက္ခာနှင့်ပြည့်စုံစွာ ကြိုးစားအား

ထုတ်ပါက အလိုရှိသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီကို၏ ပညာလမ်းများ သိဂွိလမ်းများကို အောင်မြင်ပြီးစီးနိုင်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။

မှတ်ချက်။ အသက်သတ်လွတ် စားသည်ဟူရာမှာ -

(၁) မိမိခန္ဓာကိုယ်တွင် မပျောက်နိုင်သော ရောဂါဝေဒနာများ၊ ရောဂါပိုးမွှားနှင့် ပတ်သက်သော ခန္ဓာကိုယ်တွင် ရောဂါဝေဒနာများအတွက် သက်သာပျောက်ကင်းပါစေခြင်း အကျိုးငှာ၊ ခန္ဓာကိုယ်တွင်း ပိုးမွှားနှင့်ပတ်သက်သော စွဲကပ်နေသည့် ရောဂါအနာအတွက် ဆေးကုသခံရာတွင် အမြန်ဆုံးနှင့်အထိရောက်ဆုံးတို့ ကုသရာတွင် လျင်မြန်စွာပျောက်ကင်းစေခြင်းအကျိုးငှာ၊ ကျန်းမာရေးအတွက်အသက်သတ်လွတ်စားခြင်း တစ်မျိုး။

(၂) သာသနာပြုလုပ်ငန်းများ အောင်မြင်စေရန် အတွက်လည်းကောင်း၊ ထိုပြင် ဘုရားတည်ခြင်း၊ စေတီတည်ခြင်းကျောင်းဆောက်ခြင်း၊ ကျမ်းပြုစုခြင်း၊ မိမိသည် လောကီကိစ္စအဝဝများအတွက် အထစ်အငေါ့၊ အခက်အခဲများမရှိဘဲ လွယ်ကူစွာ၊ ချောမောစွာ အောင်မြင်ပြီးစီးပါစေခြင်း အကျိုးငှာသစ္စာ ပြု၍၊ အဓိဋ္ဌာန်ပြု၍ အသက်သတ်လွတ်စားခြင်း တစ်မျိုး။

(၃) လောကတွင်စောင့်ရှောက်ကုန်သော လောကပါလနတ်များ၊ သာသနာတော်စောင့် နတ်မင်းများ၊ သိကြားမင်းနှင့်တကွ ဥဉကိုပ်သော နတ်မင်းများ အလုံးစုံသော တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ရွာကွစိုးနတ်များ၊ ဘုမ္မစိုး

နတ်များ၊ အာကာသစိုး နတ်များ၊ သောတာပန်
နတ်ကြီးများ အလွယ်တကူ မေတ္တာ သက်ဝင်၊
နတ်အများ ချစ်ခင် လေးစား ကြည်ညိုစေရန်အ
တွက် အသက်သတ်လွတ်စားခြင်းတစ်မျိုး။

(လောကီဘက်တွင် နတ်များချစ်ခင်လာဖို့၊ နတ်
များကြည်ညိုလေးစားလာဖို့ သည် အလွန်အရေး
ပါလှ၏။ နတ်များကြည်ညိုလာပြီး၊ လေးစားလာ
ပြီး၊ နတ်များချစ်ခင်လာပြီဆိုပါလျှင် လောကတွင်
ကြံစည်သမျှ၊ တောင့်တသမျှ၊ အားထုတ်သရွေ့
လိုအင်ဆန္ဒရှိသည်များကို အမြန်ဆုံးရရှိ အောင်
မြင်နိုင်တော့၏။ သတိပြုပါလေ။)

(၄) တောထဲ၊ တောင်ထဲ၊ တစ်ပါးတည်း သီတင်းသုံး
ကြပေကုန်သော တောမှိ ဆရာတော်ကြီးများ၊
ရသေ့သူတော်စင်များ၊ သမထဝိပဿနာတရား
များကို အားထုတ်နေသော သူတော်ကောင်းများ၊
ယောဂီများသည်၊ တောစောင့်နတ်များ၊ တောင်
စောင့်နတ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ၊ အာကာ
သ စိုးနတ်များ၊ တောတွင်းသောင်းကျန်းသော၊
ကျားရဲတိရိစ္ဆာန်များ၊ ကျားသစ်၊ ဆင်၊ မြင်း၊ ကျွဲ၊
နွား၊ မြွေများပါမကျန် မေတ္တာပို့သရာ၌ လည်း
ကောင်း၊ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းရာ၌ လည်း
ကောင်း အလွယ်တကူဖြင့် အောင်မြင်ပြီးစီးပါစေ
ခြင်းအကျိုးငှာ ကိုယ်ချင်းစာနာထောက်ထားသော
တရားသဘောကို လက်ကိုင်ထား၍ မေတ္တာပို့သ
ရာတွင်၊ မေတ္တာစာတ်ပို့လွှတ်ရာတွင်၊ မေတ္တာတ
ရားကို ပွားများရာတွင် ထိရောက်အောင်မြင်စေ
ရန်အတွက် အသက်သတ်လွတ်စားခြင်း တစ်

မျိုးဟု၍ (၄)မျိုးရှိကြကုန်သည်ကို အထူးသဘောပေါက်ပါလေ။

တောထဲးတောင်ထဲတွင်လည်းကောင်း၊ လူသူလေးပါး အရောက်အပေါက်နည်းပါးရာအရပ်၌ သီတင်းသုံး၍ တောမှီတရားရှာ၊ ပွားများ အားထုတ်နေသော သူများအဖို့မှာ မေတ္တာတရားကို လက်ကိုင်ထားပါမှ၊ မေတ္တာကမ္မဋ္ဌာန်းကို ထိထိမိမိ ပွားများနိုင်ပါမှ တောတွင်းနေ သားရဲတိရစ္ဆာန်များ၊ ကျားဆိုး၊ ကျားရဲ၊ ကျားသစ်၊ ဆင်၊မြွေများ၏ ချစ်ခင်ခြင်း၊ မေတ္တာသက်ဝင်ခြင်းကို ရရှိနိုင်ပေလိမ့် မည်။

သို့မဟုတ်ပါကတောထဲ၊ တောင်ထဲ၊ နေထိုင်သီတင်းသုံး၍ တောမှီဆရာတော်များ၊ သံဃာတော်များ၊ ရသေ့ယောဂီများ၊ သူတော်စင်သူတော်ကောင်းများ ကျားစာ၊ ဆင်စာဖြစ်သွားပေလိမ့်မည်ကို အထူးသတိထားကြပါလေ။

ထို့ကြောင့် တောတောင်ထဲတွင်ဖြစ်စေ၊ လူသူလေးပါး အရောက်အပေါက်နည်းပါးရာတွင် တရားအားထုတ်ခြင်း၊ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းကို ဆောင်ရွက်အားထုတ်နေသော ပုဂ္ဂိုလ်များသည် များသောအားဖြင့် အသက်သတ်လွတ်စား၍မေတ္တာကို အထပ်ထပ်ပွားများရ၏ဟု မှတ်ကြပါလေ။

မှတ်ချက်။ အသက်သတ်လွတ်စားခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်ပါပေ။ အသက်သတ်လွတ်စားမှ နိဗ္ဗာန်ရောက်နိုင်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားရှင် မဟောခဲ့ပါပေ။ နိဗ္ဗာန်ရောက်နိုင်သော အကျင့်တရားကို ကြိုးစားအားထုတ်ပြီး ကျင့်ဆောင်ပါမှ နိဗ္ဗာန်ရောက်နိုင်

ပါသည်။အသက်သတ်လွတ်စားတာနှင့် နိဗ္ဗာန်ရောက်ရာ အကျင့်လမ်းသည် တစ်သီးတခြားစီသာ ဖြစ်ပါသည်။ မရောထွေးပါစေနှင့်။ အသက်သတ်လွတ် စားခြင်း(၄)မျိုးကိုမူ ယခုပြဆိုထားပြီးဖြစ်ပါသည်။ သေချာစွာ သဘောပေါက်အောင် လေ့လာမှတ်သား ကြပါလေ။

ထိုနည်းတူစွာပင် ကြက်သား၊ ဝက်သား၊ ဆိတ်သား၊ ငါးအမျိုးမျိုးတို့ကို ကြိုက်နှစ်သက်စွာ စားသုံးနေပြီး ရသာတဏှာကို လုံးဝမဖြတ်နိုင်ဘဲ အသားမှန်သမျှ၊ ကုန်းသတ္တဝါများ၊ ရေသတ္တဝါများကို အားပါးတရ စားသောက်နေပြီး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတရားမြတ်ကို မကျင့်ဘဲ၊ အားမထုတ်ဘဲ၊ စားလိုက်၊ အိပ်လိုက်၊ လေကန်လိုက်နှင့် နေထိုင်နေပါကလည်း မည်သည့်တရားမှ ရမှာမဟုတ်သလို၊ နိဗ္ဗာန်ကိုလည်းမျက်မှောက်ပြုနိုင်မှာ မဟုတ်ပါပေ။ ထို့ကြောင့် အစားအသောက်သည် ပစာနမဟုတ်ဘဲ အသားမျိုးစုံ၊ ငါးမျိုးစုံကိုပဲ တစ်ဝတစ်တင်းကြိုက်သလိုစားသုံးသည်ဖြစ်ပါစေ (သို့မဟုတ်) အသားငါး လုံးဝမစားဘဲ သူတစ်ပါး၏ အသက်၊ အသွေးအသား၊ အရိုး၊ အဆီတို့ကို ရှောင်ကြဉ်၍ အသက်သတ်လွတ် စားသည်ပဲ ဖြစ်နေပါစေ။ **အဓိကအကျဆုံး အချက်တစ်ချက်မှာ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ သာသနာတော်အတွင်း သာသနာ၏ အရိပ်အာဝါသအောက်တွင် လူလာဖြစ်ရသည်နှင့်အညီ ပုဂ္ဂိုလ်တစ်ဦးဦးရဲ့ သရဏဂုံ (၃)ပါး၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလတော်မြတ်တို့ကို ရိုသေစွာ ခံယူဆောက်တည်ခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်း (ရဟန်းသံဃာဖြစ်ခဲ့လျှင်လည်း ပါတိမောက္ခသံဝရသီလတော်မြတ်ကို ရိုသေစွာ လိုက်နာကျင့်သုံးစေ၍) သဗဗတရားများ၊ ဝိပဿနာတရားများကို အဓိကအားထား၍၊ အားကိုး၍၊ ယုံကြည်၍၊ နေ့ညမပြတ်၊ ပွားများအားထုတ်နိုင်ဖို့သာ အထူးအလိုအပ်ဆုံးဖြစ်ပေလိမ့်မည်။** သို့မှသာ ဘဝတစ်ခုရဲ့ ငြိမ်းအေးရာ ဖေးချမ်းရာ နိဗ္ဗာန်တရားကို မျက်မှောက်ပြု

နိုင်မှာဖြစ်ပါသည်။ အသက်သတ်လွတ်စားတာသည်ပဓာန အကြောင်း မဟုတ်သလို၊ အသားငါးများ စားသောက်နေတာသည် လည်း အဓိကပဓာန အကြောင်းမဟုတ်ပါ။ အဓိကအကြောင်းရင်း မှာ သန္တိသုခ၊နိဗ္ဗာန်တရားကိုမျက်မှောက်ပြုနိုင်သော အကျင့်တရားကို ကျင့်ကြံပွားများအားထုတ်ဖို့သည်သာ အရေးအကြီးဆုံးအချက်ဟု မှတ်ကြပါလေ။

သတိပြုပါရန်။ မေထုန်ပေါင်းဖော်၊ ပြုသော်အစာ၊ လွဲရှောင်ပါလော့။
ရတနာမြတ်၊ သုံးပါးနတ်နှင့်၊ ငါးရပ်ပဉ္စသီ
စာဂီတစ်ရပ်၊ ပြီးစီးလတ်သို့ သူမြတ်ဆရာ
မိန့်မှာခဲ့သည် ပညာနေသို့ လင်းဇေါတည်း။ ။

ရှေးပညာရှိကြီးများ၊ ရှေးသူတော်ကောင်းကြီးများ၊ ရှေးသမထ ပညာရှင်ကြီးများ အမိန့်ရှိခဲ့ဖူးသည်များကို ဖော်ပြလိုက်ပါသည်။ လောကီ ဝိဇ္ဇာမိုရ်လမ်း၊ လောကီဝိဇ္ဇာလမ်း၊ သမထလမ်းများအား ကျင့်ကြံ အားထုတ်ပွားများမည့် ပုဂ္ဂိုလ်များသည် (သို့မဟုတ်) သူတော်ကောင်းအကျင့် ကို ကျင့်ဆောင်ပွားများ အားထုတ်လိုပါလျှင် "**မေထုန်သံဝါသ အမှုကို မပြုလုပ်ပါနှင့်**" ဟု ဆိုလိုပါသည်။

ထိုမေထုန်သံဝါသအမှု တွင် (က) မိမိတစ်ဦးထဲ မေထုန်သံဝါ ပြုကျင့်သောအမှု (ခ) အဖို၊ အမ၊ ယောကျ်ား၊ မိန်းမပေါင်းစပ်၍ မေထုန် သံဝါသ ပြု ကျင့်သောအမှုဟူ၍ နှစ်မျိုးနှစ်စား ရှိပါသည်။ ထို (၂)မျိုးစလုံး ကိုမှ မပြုမ..ကျင့်ရပေ။ ထို (၂)မျိုးတို့တွင် သူတော်ကောင်းအဖြစ် လိုလား သော အကျင့်လမ်းကို ဦးစားပေးသော ပုဂ္ဂိုလ်များသည် ပထမအဆင့် အနေဖြင့် အကြမ်းစား(ခ)အဝိုဝါဖြစ်သော အဖိုအမ မေထုန်သံဝါသပြု မှုများကို ရှောင်ကြပါ။ ရှောင်ရှား ရပါမည်။ ထို (ခ)အဝိုဝါကို နှစ်များစွာ နိုင်နိုင်နင်းနင်း၊ ပိုင်ပိုင်နိုင်နိုင်၊ ကိန်းသိမ်းနိုင်ပြီဟုဆိုပါမှ ဒုတိယအဆင့် ဖြစ်သော (**အဂြဟွစရိယ**) (က)အဝိုဝါကို ရာသက်ပန်ထာဝရ နိုင်ငံအပြု ကျင့်ဆောင်၍ ကိန်းသိမ်းရပါမည်။

မေထုန်သံဝါသအမှုတွင် (က)အပိုဒ်သည် မေထုန်ပေါင်းဖော်သောအမှုကို လုံးဝပြုကျင့်ခွင့်မရှိပါ။ မရတော့ပါ။ ဤသို့လျှင် သဘောပေါက်သင့်ပါသည်။ သတိပြုကြပါလေ။

သာဓကများကို ထုတ်ပြပါဦးအုံ-

ရွေးရွေးသော သီဒိုပေါက်ပြီး၊ ထွက်ရပ်လမ်းကြွမြန်း သွားကြကုန်သော ဝိဇ္ဇာဓိရိပုဂ္ဂိုလ်များ၏ ကျမ်းဂန်ပါ အဆိုအမိန့်များအရ လည်းကောင်း၊ ဒုတိယယဉ်ကျေးစင်တောင်၊ ဣန္ဒာသယ၊ ဣသိနာဝ ဇင်တို်းရွာ၊ ဦးဥဂ္ဂံသဆရာတော်ကြီး အမိန့်ရှိဖူးသည်မှာ- "အင်းဝိဇ္ဇာများ၊ ဂါထာဝိဇ္ဇာများသည် ယင်ကောင်တစ်ကောင်သောက်စရာခန့် မိမိ၏ခန္ဓာကိုယ်မှ သုတ်လွှတ်မိပါက မိမိတတ်ထားသော ပညာမှန်သမျှ၊ မိမိအောင်မြင်ပြီးသော သီဒိုမှန်သမျှ၊ မိမိရထားပြီးသော ပညာအကျင့်မှန်သမျှ၊ အားလုံးပျက်စီးရ၏။ အားလုံးသည် သုည(ဝ)ဖြစ်လေတော့၏။ မိမိသည် ကျင့်ဆဲအကျင့်များ၊ ရထားပြီးသော အသိဉာဏ်၊ ဝိဇ္ဇာများတိုးတက်ခဲ့ပြီးသောအဆင့်များ အားလုံးပျက်စီးရတော့၏။ ဘာမှသုံးစွဲ၍မရတော့ပေ။ ဘာမျှသုံးစား၍ မရနိုင်တော့ပေ။ အသက်အရွယ် ရှိသေးလျှင် တစ်ကမ္ဘာပြန်စ၍ ပရိုက်ပြန်ပြု၊ ပြန်စတင်ရတော့၏။ အသက်အရွယ်မရှိတော့ဘဲ အသက်ကြီးရင့်နေပါက တစ်ကမ္ဘာပြန်စ နေလည်းအပိုပါပဲ။ ဘာမှဖြစ်မလာတော့၊

ပုဂံဘုရားတ ဆွမ်းတော်ကြီး တင်လည်းမမီ၊ ညောင်ဦးဘုရားက ဆွမ်းတော်ကြီးတင်လည်းမမီ အားလုံးလက်လွှတ် ဆုံးရှုံးရပြီး သေပွဲဝင်၍ ဘဝပြောင်းသွားရတော့၏" ဟု မှတ်သားထားသင့်ပါသည်။

အင်းဝခေတ်၊ ဘုရင်မင်းခေါင်လက်ထက်၌ ဝေယျကော်ဃဉ်အမည်ရှိသော သက်တော်ရှည် မင်းအတိုင်ပင်ခံ အမတ်ကြီးတစ်ဦးရှိပါသည်။ ထိုအမတ်ကြီးသည် အင်းလမ်း၊ စာမအကွရာလမ်းများကို ကြိုးစားအားထုတ်သဖြင့် အင်းလမ်း၊ အင်းပညာဘက်တွင် အတော်မင် ခဲ့ပေါက်လျက် ရှိပါသည်။ ထို့ပြင် ထိုအမတ်ကြီးတွင် အင်းပညာလာဒ်

သင်ယူနေသော တပည့်မောင်မဲဆိုသူလည်း ရှိပါသေး၏။ တပည့်မောင်မဲသည် အမတ်ကြီးထံမှ အင်းကစားပုံကစားနည်းများ၊ စာမအကွက်စီရင်ပုံစီရင်နည်းများကို ရရှိသဖြင့် အင်းကစားရာတွင် အတော်ပင် ခန့်ပေါက်လွန်းလှက် ရှိပါသည်။

ဆရာအမတ်ကြီးသည် တစ်ပတ်လျှင်(၃)ကြိမ် အင်းဝဘုရင်မင်းခေါင်ထံ အခစားဝင်ရလေသည်။ ထိုသို့ဘုရင်မင်းခေါင်ထံ အခစားဝင်ခါနီးတွင် တပည့်ဖြစ်သူမောင်မဲအား အကာသသိဒ္ဓိပေါက်အင်းကို ကစားခိုင်းထားခဲ့ပြီး မိမိသည် ဘုရင်ထံ အခစားဝင်ရန် ထွက်သွားတော်၏။ တပည့်ဖြစ်သူမောင်မဲသည် မိမိကစားထားသော အကာသသိဒ္ဓိအင်းများကို ပြာချပြီး ဆုတောင်းရှိသောက်မျိုပါသည်။ ထိုသို့ အကာသသိဒ္ဓိအင်းများကို သောက်မျိုရာ၌ ဆရာဖြစ်သူ ဇေယျကော်ထင် အမတ်ကြီးမသိအောင် သောက်မျိုလေ၏။

လအတန်ကြာလေသော် တပည့်မောင်မဲသည် သိဒ္ဓိအမျိုးမျိုးကို အောင်မြင်ပြီးစီးလာလေတော့၏။ တစ်နေ့တွင် အမတ်ကြီး ဇေယျကော်ထင်သည် ဘုရင်မင်းခေါင်ထံသို့ အခစားဝင်နေခိုက် တပည့်ဖြစ်သူမောင်မဲသည် အာကာသသိဒ္ဓိ အင်းစာမများကို ချစီရင်၍ သိဒ္ဓိတင်၊ ဂါထာစုတ်ပြီး တိုအင်းများကိုလိပ်၍လုံး၍ ပါးစပ်ထဲတွင်ငုံပြီး အံမှာခဲ၍ ကောင်းကင်ခရီးဖြင့် ဟိမဝန္တာတောသို့ ရောက်လေ၏။

ထိုအခါ နတ်သမီးအယောင် ဆောင်ထားသော သူယောင်မ၊ သူယောင်သီးတို့သည် လှပတင့်တယ်သော ခန္ဓာကိုယ်ဖြင့်လည်းကောင်း၊ သာယာနာပျော်ဖွယ်ရှိသော အသံတို့ဖြင့်လည်းကောင်း သွေးဆောင်ဖြားယောင်းသည်ရှိသော် ကိလေသာတရားကို မလွန်ဆန်နိုင်ဘဲ ထိုနတ်သမီးအယောင် ဆောင်ထားသော သူယောင်မများနှင့် ပေါ်ပါးလေတော့၏။

မည်၍မည်မျှ ကာလအတိုင်နာရီကြာသွားသည်ဟူ၍ ကားမသိနိုင်တော့ချေ။ သတိရလာ၍ ပြန်လည်သုံးသပ်ခါမှ သူယောင်သီးမှဖြစ်သော သူယောင်မမှန်း သိလာရတော့၏။ ထိုအခါဆရာလုပ်သူ ဇေယျ

ကျော်ထင်အမတ်ကြီးက စိတ်ပူပန်၍ တပည့်ဖြစ်သူမိမိအား လိုက်ရှာခဲ့ရောမည်ဟု စိုးရိမ်ပူပန်ပြီး၊ အင်းဝနေပြည်တော်ကိုပြန်မှပဲ တော်တော့မည်ဟု ကြံစည်စိတ်ကူးပြီး အာကာသသီဒို့အင်းကို နှီး၍ နှုတ်ပါးစပ်မှာငုံ၊ အံမှာခဲ၍ ကောင်းကင်သို့ပျံတက်ရာ ကောင်းကင်သို့ မရောက်ဘဲ အောက်မြေကြီးမှာပင်ရှိနေပြီး သီဒို့တွေ့ပျက်ပြယ်၊ တန်ခိုးတွေ ပျက်စီးပြီး မည်သည့်နည်းနှင့်မျှ အာကာသ ကောင်းကင်သို့ မပျံနိုင်တော့ပေ။ နေပြည်တော်ကိုမှန်း၍ ခြေကျင်ခရီးဖြင့် တစ်တောဝင် တစ်တောင်ထွက်ဖြင့် ခပ်းကြမ်းနှင်လာခဲ့ရာ တစ်နှစ်ခန့်ကြာပါမှ နေပြည်တော်သို့ ပြန်ရောက်လာတော့၏။

တစ်လမ်းလုံး အန္တရာယ်အမျိုးမျိုး၊ ရန်အမျိုးမျိုး ကြုံတွေ့ခဲ့ရပြီး သားရဲတိရစ္ဆာန် အကောင်အမျိုးမျိုးတို့၏ ဘေးရန်မှားမှ ရှောင်ကွင်းခဲ့ကာ အစာမရစာ ငတ်ပြတ်ပြီး အလွန်ပင်ပမ်းကြီးစွာဖြင့် နေပြည်တော်သို့ ပြန်ရောက်သောဟူ၏။

နေပြည်တော်သို့ ပြန်ရောက်လာသောအခါ မိသားစု ဆွေမျိုးသားချင်းများက အစာရေစာတို့ကိုကျွေးစေပြီး အားရှိသော စားကောင်းသောက်ဖွယ်များဖြင့် နေ့ညပြုစုလုပ်ကျွေးကြရာ တစ်နှစ်ခန့်ကြာပါမှ နဂိုမူလ မိမွေးတိုင်း၊ ဖမွေးတိုင်း ပြန်ဖြစ်လာစေတော့၏။

သူယောင်မ၊ သူယောင်သီး၊ သူယောင်တောကိုမူကား စွာန်ရသော ရသေ့သူတော်စင်ပင်လျှင် သူယောင်တောကို အဝေးမှပင်ရှောင်ကွင်း၍ သွားလာကြရကုန်၏။ ထိုသူယောင်မနှင့် ပေါင်းဖော်မိပါလျှင် နဂိုရှိပြီးသား စွာန်သမာပတ်များ အကုန်လျှောကျ ပျက်စီးရကုန်သည်ဖြစ်၍ နောက်ထပ်တစ်ဖန် နဂိုအတိုင်း စွာန်သမာပတ် ပြန်လည်ရရှိဖို့အတွက် အစပရိကမ္မကစတင်၍ အားထုတ်ကြိုးစားရပြန်သောကြောင့် အလွန်ပင်ပန်းလှပြီး နှစ်ရှည်လများ အချိန်ကုန်လှသည်ဖြစ်၍ တန်ခိုးကြီးမားကြကုန်သော စွာန်ရ စွာန်ပျံ သူတော်စင်များ၊ ရသေ့ရဟန်းများ သူယောင်တောကို

အဝေးကပင် ရှောင်ကွင်း၍၊ ချန်လှပ်၍ သွားလာကြကုန်တော့၏။

သာဓကတစ်ခုကိုဆိုဦးအုံ့.

မြန်မာသက္ကရာဇ် ၁၃၂၇ ခုနှစ်တွင် ပုဂံမြို့အနီး ရောဝတီ တစ်ဘက်ကမ်း မြစ်ချမြို့ ရွာတစ်ရွာတွင် ပြဒါးဝိဇ္ဇာဆရာတော်ကြီး တစ်ပါးသီတင်းသုံးတော်မူ၏။ ထိုဆရာတော်ကြီးကိုလည်း မြစ်ချဆရာတော်ဟု ပင်ခေါ်ပါသည်။ အကျွန်ုပ်ကျမ်းပြုအရှင်နှင့်လည်း ရင်းနှီးစွာဆည်းကပ်ခဲ့ဖူး၏။ ထိုမြစ်ချဆရာတော်ကြီးသည် ပြဒါးဝိဇ္ဇာအတတ်ကို တတ်မြောက်နေပြီး အိန္ဒိယ ဝုဒ္ဓဂယာနှင့်လည်းကောင်း၊ ဟိမဝန္တာတောင်နှင့်လည်းကောင်း၊ နေ့ချင်းပြန်သွားလာနိုင်သော သိဒ္ဓိပြုးသည့် ပြဒါးဝိဇ္ဇာတစ်ပါးဖြစ်ပါသည်။ ၎င်းမြစ်ချဆရာတော်ကြီးတွင် ဖိုထိုး၊ ဖိုဆွဲ၊ မီးသွေးထည့်၊ လုံစိုက် ဇော်မံလုပ်ပေးနေကျဖြစ်သော တပည့် ဦးသူတော်တစ်ပါးလည်း ရှိပါသည်။ မြစ်ချဆရာတော်ကြီးသည် ဆရာတပည့် (၂)ဦး မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ပါလျှင် တပည့်ဖြစ်သူ ဦးသူတော်အား ဝုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ရက်ပေါင်း (၄၅)ရက် ဝင်ခိုင်းပြီး (၉)ပါးသီလနှင့် ဥပုသ်သီတင်း စောင့်ခိုင်းတတ်ပါသည်။

ထိုဝုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို အောင်မြင်ပြီးပါမှ မြစ်ချဆရာတော်ကြီးက ပြဒါးတစ်လုံးငုံ၊ တပည့်ဖြစ်သူက ပြဒါးတစ်လုံးငုံ၍ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ကြပါသည်။ မျက်စိမှိတ်၍ ရွှေတိဂုံစေတီတော်ကို အာရုံပြုသည်နှင့် စက္ကန့်ပိုင်းအတွင်း ရွှေတိဂုံစေတီတော်ကို ရောက်နေ၊ ဘုရားဖူးနေ၏။ ထိုမှတစ်ဖန် မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားဟု အာရုံပြု စိတ်ကူးလိုက်သည်နှင့်တစ်ပြိုင်နက် မန္တလေးမြို့၊ မဟာမြတ်မုနိဘုရားကို ဖူးတွေ့ပြီးသားဖြစ်နေ၏။ ထို့အတူပင် ရှမ်းပြည်နယ်၊ အင်းလေးဖောင်တော်ဦးဘုရားကို ဖူးချင်လိုက်တာဟု အာရုံပြုစိတ်ကူးလိုက်သည်နှင့် စက္ကန့်ပိုင်း အချိန်လေးမှာပင် အင်းလေး-ဖောင်တော်ဦးဘုရားပေါ်တွင်ရောက်ရှိနေပြီး ဘုရားဖူးပြီးသား ဖြစ်နေပါတော့၏။

ဘုရားဖူးထွက်နိုင်သည်အထိ ပြဿနာတက်လုံးသည် အောင်မြင်ပြီးစီးလျက်ရှိ၏။ တစ်နေ့သ၌ ဦးသူဟော်ကြီးသည် မြစ်ချေဆရာတော်ကြီးကိုန်းစက်နေခိုက်၊ အနားယူနေခိုက်တွင် ပြဒါးလုံးကို ပါးစပ်ထဲငုံ၍ "တိမဝန္တာတောမှာ သူယောင်တောဆိုတာ ရှိတယ်တဲ့။ ထိုသူယောင်တောက သူယောင်မတွေကလည်း အလွန်တရာ လှပချောမောတယ်ဆိုပဲ။ အဲဒီသူယောင်တော၊ သူယောင်မတွေကို ငါမြင်ချင်လိုက်တာ၊ ငါရောက်ချင်လိုက်တာ"ဟု တမ်းတစိတ်ကူးပြီး အာရုံပြုနေတာ မကြာမီမှာပင် မျက်စိဖွင့်ကြည့်လိုက်တော့ သူယောင်တောကြီးထဲကို ရောက်နေပါရောတဲ့။

ဆူဆူညံညံအသံများနှင့်ဂုယ်သံ၊ မောသံ၊ စကားပြောသံ၊ သီချင်းဆိုသံများ၊ သူယောင်မများ ကခုန် ပျော်ရွှင်နေပုံနှင့် တောတောင်ထဲတွင် လေတိုက်သံ၊ လေပြည်လေညှင်းတိုက်ခတ်သံ၊ သူယောင်သီးများ၊ အရွက်၊ အကိုင်းများနှင့် ထိခိုက်သံများသည် နတ်စောင်းတူရိယာ ငါးပါးအသံများကဲ့သို့ သာယာနာပျော်ဖွယ် ရှိကြကုန်၏။ ထိုသူယောင်မတို့သည် ကိုယ်သားကိုယ်ဟန် လှပသွယ်လျလျက် လူတွင်မက နတ်သမီးတမျှကဲ့သို့ တင့်တယ်လှပကုန်တော့၏။

ဦးသူတော်သည် သူယောင်မများကို မြင်တွေ့ရာ၌လည်း ထိုသူယောင်မများ၏ ကာမရာဂတဏှာဖြင့် မြှူဆွယ်ဖြားယောင်းမှုတို့ကြောင့် ရာဂတဏှာတို့သည် ထိန်းမနိုင်၊ သိမ်းမရ၊ ကာမဂုဏ်ညွတ်ကွင်းမှာ သက်ဆင်းရလေတော့၏။ ဤသို့လျှင် သူယောင်မများနှင့် ကာမရာဂပျော်ပါး၍ ဘဝကိုမေ့၊ အတိတ်ကိုမေ့၊ ဆရာသမားကိုမေ့၊ လောကကိုမေ့၊ အရာရာတို့ကို အမေ့ကြီးမေ့လျက် မိန်းမောနေခိုက် တစ်စုံတစ်ဦး၏လက်ဝါးကြီးသည် ဦးသူတော်၏ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချလိုက်ရာ ဦးသူတော်၏နှုတ်ပါးစပ်ထဲတွင်ရှိသော ပြဒါးလုံးသည် အပြင်သို့ လွင့်စင်ထွက်ကျသွားလျက် တစ်စုံတစ်ဦးသော ပုဂ္ဂိုလ်တစ်ယောက်၏ လက်ထဲသို့ ရောက်သွားပေတော့၏။

ထိုပုဂ္ဂိုလ်ကြီးသည် နှုတ်မှလည်း " ဟိမဝန္တာ သူယောင်တော ကြီးကို အုပ်ချုပ်နေတာ ငါသံဝိဇ္ဇာဟေ့"ဟု ကြွေးဝါးလွှက် ထိုနေရာ မှာပင် ပျောက်ကွယ်သွားပါတော့၏။ ထိုအခါဦးသူတော်သည် ဝိဇ္ဇာလက်ဖြင့် ပါးအရိုက်ခံလိုက်ရသည်ဖြစ်၍ သတိပြန်ရလာပြီး လက်ထဲမှာ ပြဒါးလုံး ကလည်းမရှိတော့သည်ဖြစ်၍ ကောင်းကင်က မဗျဴဟိုင်တော့ဘဲ ခြေဦး တည့်ရာ တစ်တောဝင် တစ်တောင်ထွက်ဖြင့် ၃ နှစ် ခန့်ကြာမှ မြန်မာနိုင်ငံ အတွင်း မြစ်ချေမြို့ရွာကို ပြန်ရောက်လာတော့၏။

သူပြန်ရောက်လာသောအခါတွင် မြစ်ချေဆရာတော်ကြီးမှာ မရှိတော့ပြီ။ ထွက်ရပ်လမ်းကြွမြန်း၍ သွားပေပြီ။ ဦးသူတော်ကြီးသည် လည်း စိတ်ဝေဒနာ စွဲကပ်လာခဲ့ပြီး ရူးသွပ်သော ဦးသူတော်အဖြစ် မြစ်ချေရွာတွင် တွေ့မြင်ရပြီး မကြာမီပင် ကွယ်လွန်အနိစ္စ ရောက်သွား သည်ဟူ၏။

ထို့ကြောင့်-

မေထုန်ပေါင်းဖော် ပြုသော်အရာ လွဲရှောင်ပါလော့
ရတနာမြတ်သုံးပါးနတ်နှင့် ငါးရပ်ပဋ္ဌသီ၊ စာဂီတစ်ရပ်၊

ပြီးစီးလတ်သို့ဟု ဆိုထားရာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးဖြစ်သော သရဏဂုံ(၃)ပါးကို ခန္ဓာ ကိုယ်တွင်း၌ ထုံမွှမ်းစေလျက် ငါးပါးသော သီလတော်မြတ်ကို အသက် ထက်ဆုံး ဆောက်တည်ပါက မိမိအားထုတ်ကြိုးစားထားသော အကျင့် ပညာ၊ အတတ်ပညာ၊ အသိပညာတို့သည် နေရောင်၊ လရောင်ကဲ့သို့ ထွန်းလင်းတောက်ပပေလိမ့်မည်ဟု ဆိုလိုသည့် အဓိပ္ပါယ်ဖြစ်ပါသည်။

ထို့ကြောင့် လက်ဝါးစကားပြေကို ဘာသာပြန်ပါလျှင် မေထုန် အမှု၊ သံဝါသအမှု၊ ကာမရာဂအမှုတို့ကို အဝေးကရှောင်ပါ။ မပြု မကျင့်ပါနှင့်။ ထိုသို့မေထုန်သံဝါသ၊ ကာမရာဂ ကိစ္စများကို အသက် ထက်ဆုံးရှောင်ရှားပြီးနောက် သရဏဂုံ (၃)ပါးနှင့်တကွ (၅)ပါးသော

သီလတော်မြတ်တို့ကို အသက်ထက်ဆုံးရှိသေပါ။ လေးစားပါ။ အားကိုးပါ။ ယုံကြည်ပါ။ ဆောက်တည်ပါ။ ရှပ်၊ နာမ်ခန္ဓာတည် နေသ၍ ထိန်းသိမ်း စောင့်ရှောက်ပါဟု ဆိုလိုပါသည်။ သို့မှသာ လျှင် ပညာရရှိခြင်း၊ ပညာတော်ခြင်း၊ ပညာစွဲမြဲခြင်း၊ ပညာသည် နေမင်း သဖွယ်၊ ထွန်းလင်းတောက်ပ ပေ လိမ့်မည်ဟု ဆိုလိုပါသည်။

၁၀

ဝိဇ္ဇာမိုရ်(၅)မျိုးတို့ နှင့် ပဓာနိယင်္ဂ(၅)ပါး

ဝိဇ္ဇာမိုရ်များအကြောင်းကို လောကီနည်းပေါင်းစုံဖြင့် ဘက်စုံအမျိုးမျိုး၊ ရှုထောင့်အမျိုးမျိုးမှနေ၍ ပြသခဲ့ပါပြီ။ ယခုလည်း တစ်ဖန် လယ်တီဆရာတော်ကြီး၏ ဝိဇ္ဇာမဂ္ဂဒီပနီကျမ်းမှ သိသင့်သိထိုက်သော အကြောင်းအရာများကို ထုတ်နှုတ်၍ပြဆိုပါဦးအံ့. . .

ထိုဝိဇ္ဇာ (၅)မျိုးတို့မှာ-

ဝေဒဝိဇ္ဇာ၊ မန္တဝိဇ္ဇာ၊ ဂန္ဓာရိဝိဇ္ဇာ၊ လောကီယဝိဇ္ဇာ၊
အစိုယာဝိဇ္ဇာဟူ၍ (၅)မျိုး ရှိကြကုန်၏။

ထို (၅)မျိုးတို့တွင် -

(က) ဝေဒဝိဇ္ဇာဟူသည်မှာ သာမ၊ ယဇု၊ ကွဂ္ဂ၊ အထဗ္ဗန တည်းဟူသော ဗေဒင်လေးပုံမျိုးကို တတ်မြောက်သော ဝိဇ္ဇာမျိုးသည် ဝေဒဝိဇ္ဇာမျိုးဟု ခေါ်ပါသည်။

(ခ) မန္တဝိဇ္ဇာဟူရာ၌ အမျိုးမျိုးသော လက္ခဏာကျမ်း၊ အတိတ်ကျမ်း၊ နိမိတ်ကျမ်းများ၊ ဂါထာကျမ်းများ၊ မန္တန်ကျမ်းများ၊ မန္တရားကျမ်းများ၊ အမျိုးမျိုးသော နက္ခတ်ကျမ်းများ၊ အမျိုးမျိုးသော ဓာတ်

ကျမ်းများ၊ ဆေးကျမ်းစသည်ဖြင့် ယခုခေတ်ခေါ် ဝေါ် နေကြကုန်သော် လောကီကျမ်းမှန်သမျှ တတ်မြောက်ပြီးစီးနေခြင်းကို မန္တဝိဇ္ဇာဟု ခေါ် ဝေါ် ပါသည်။

(ဂ) ဂန္ဓာရိဝိဇ္ဇာဟူသည်မှာလည်း ဆေးဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာဟူ၍ ဝိဇ္ဇာဓရကျမ်းဌာလာသော ပထဝီသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဥဒကသိဒ္ဓိ၊ အာကာသသိဒ္ဓိ၊ အာယုသိဒ္ဓိ၊ စိန္တာမယ သိဒ္ဓိမျိုးများကို ပေါက်မြောက် အောင်မြင်သည်ဖြစ်၍ ကမ္မဇဒွိတန်ခိုးနှင့် ပြည့်စုံသော နတ်များ၊ သိကြား၊ ဗြဟ္မာမင်းများ၏ အသိဉာဏ်တန်ခိုးတို့နှင့် တန်းတူ ရည်တူစွမ်းနိုင်သော ဝိဇ္ဇာမဟိဒ္ဓိမျိုးကို ဂန္ဓာရိဝိဇ္ဇာဟု ခေါ် တွင်လေ၏။ ဤဂန္ဓာရီ ဝိဇ္ဇာမျိုးကို ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာရှိသည်မှာ -

တတ္ထ ကတမာ စိန္တာမယာ ကမ္မဇာ ဝိဇ္ဇာဓရာ ဝိဇ္ဇံ ပရိဇပ္ပေတွာ၊ အာကာသေ အန္တလိက္ခေ၊ ဟတ္ထိမ္ဟိ ဒဿေန္တိ - အဿမ္ဟိ ဒဿေန္တိ၊ ရထမ္ဟိ ဒဿေန္တိ၊ ပတ္တိမ္ဟိ ဒဿေန္တိ၊ ဝိဝိဓမ္ဟိ သေနာဗျူဟေ ဒဿေန္တိ၊ အယံ စိန္တမယာ ကမ္မဇာ ဟု ဟောတော်မူ၏။

စိန္တာမယကမ္မဇာသည် ဝိဇ္ဇာတိုင်း၊ ဂေါ်ကိုတိုင်း၊ တပသီတိုင်း မရရှိနိုင်ပါပေ။ အောင်မြင်သောပုဂ္ဂိုလ်မှ အောင်မြင်၏။ မအောင်မြင်သော ပုဂ္ဂိုလ်များလည်း အများအပြားပင် ရှိပါသည်။ ဝိဇ္ဇာတိုင်း စိန္တာမယသိဒ္ဓိ၊ စိန္တာမယကမ္မဇာတို့ကို မရနိုင်ပါပေ၊ မပြီးနိုင်ပါပေ။ ထိုစိန္တာမယသိဒ္ဓိ၊ စိန္တာမယကမ္မဇာတို့ကို အောင်မြင်ပြီးစီးနေသော ဝိဇ္ဇာ၊ ဂေါ်ကို၊ တပသီမျိုးတို့သည် သိကြားနတ်တို့၏ ကမ္မဇဒွိတန်ခိုးကိုပင် လွှမ်းမိုးချုပ်ကိုင်နိုင်သောကြောင့် နတ်ပြည်(၆)ထပ်ကို လှုပ်တစ်ပြက်အတွင်း ခုန်ပျံကျော်လွှား ရောက်ရှိနိုင်သည်ပြင် ဗြဟ္မာဘုံတိုင်အောင်ပင် သွားလာလှုပ်ရှားနိုင်ကြောင်း သတိပြုပါလေ။

ထို့ကြောင့် စိန္တာမယသိဒ္ဓိ၊ စိန္တာမယကမ္မဇာသည် ဝိဇ္ဇာလောက၊ ဂန္ဓာရိဝိဇ္ဇာလောကတွင် အလွန်အရေးပါလှသော သိဒ္ဓိတစ်မျိုးဖြစ်ကြောင်း

သီရာ၏။

ထို့ကြောင့် . . တတ္ထ. . ထိုဆယ်ပါးကုန်သော တန်ခိုးတို့တွင် တကမာ. . အဘယ်အမည်ရှိသော တန်ခိုးသည် စိန္တာမယဣဒ္ဓိ၊ စိန္တာမယတန်ခိုးမည်သနည်း။ ဝိဇ္ဇာစရာ၊ ဝိဇ္ဇာခိုရ်တို့သည် ဝိဇ္ဇံအတတ်ပညာကို အို့ဇပွေတွာ စိပ်၍ (ဝါ)နှိုး၍ အန္တလိက္ခေ. . ရောခြစ်မထင်သော အာကာသေ မိုးကောင်းကင်၌ အတ္တိမို့ ဆင်တပ်ကိုလည်း၊ ဒဿန္တီ ဖန်ဆင်း၍ ပြနိုင်ကုန်၏။ အဿမို့ မြင်းတပ်ကိုလည်း ဒဿန္တီ ဖန်ဆင်း၍ပြနိုင်ကြကုန်၊ ရထမို့ ရထားတပ်ကိုလည်း ဒဿန္တီ ဖန်ဆင်း၍ ပြနိုင်ကုန်၏။ ပတ္တိမို့. . လက်နက်ကိုင် ခြေလျင်တပ်ကြီးကိုလည်း ဒဿန္တီ ဖန်ဆင်း၍ပြနိုင်ကုန်၏။ ဝိဝိဓံ. အထူးထူး အပြားပြားသော. နောဏ္ဏဟိမို့ စစ်သည်ဝိုလ်ထု အစုအဝုံး အလုံးအရင်းကိုလည်း ဒဿန္တီ ဖန်ဆင်း၍ပြနိုင်ကြုန်၏။ အယံ ဤသည်လျှင် စိန္တာမယာဣဒ္ဓိ. . ကြံစည်တိုင်း ပြီးစီးစေနိုင်သော စိန္တာမယ. . . တန်ခိုးမည်၏။

ဆယ်ပါးသော သိဒ္ဓိတို့တွင် စိန္တာမယသိဒ္ဓိခေါ်သည့် စိန္တာမယဣဒ္ဓိမပါဝင်ပေ။ ထို့ကြောင့် ဂန္ဓာရိဝိဇ္ဇာတိုင်းသည် ဆယ်ပါးသော သိဒ္ဓိများကို အောင်မြင်ပြီးစီးနိုင်ပေမဲ့ စိန္တာမယသိဒ္ဓိကိုမူ မပြီးစီးကြပေ။ စိန္တာမယသိဒ္ဓိကိုမူ အောင်မြင်ပြီးစီးအောင် ဆက်လက်အားထုတ်ရပါသည်။

စိန္တာမယသိဒ္ဓိမျိုး၊ တန်ခိုးမျိုးကိုရထားသော အောင်မြင်ပြီးစီးထားသော ဝိဇ္ဇာမျိုးသည် အခြားအခြားသော ဝိဇ္ဇာများထက် တန်ခိုးအာနုဘော်ကြီးမား ကြကုန်၏။ အခြားအခြားသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ

များကိုပင် လွှမ်းမိုးချုပ်ကိုင်နိုင်လေတော့၏။ ထို့ကြောင့် ဝိဇ္ဇာတိုင်း၊ ဝိဇ္ဇာတိုင်းတို့သည် စိန္တာမယသိဒ္ဓိ၊ စိန္တာမယက္ကဒ္ဓိတို့ကို အောင်မြင်ပြီးစီးနေအောင် အထူးပွားများ အားထုတ်ကြရာသတည်း. . ။

အထူးမှတ်ချက်။

ဆရာတိုင်းသည် အယူအဆမတူညီကြခေ။ အထက်ပါ ပြဆိုချက်သည် ပဋိသမ္ဘိဒါမဂ် လာရှိတိုင်း စိန္တာမယသိဒ္ဓိ၊ စိန္တာမယက္ကဒ္ဓိကို မူရင်းအတိုင်း ပြဆိုခြင်းဖြစ်ပါသည်။ ကေစိ အချို့သော ဆရာတို့ သည် စိန္တာမယသိဒ္ဓိအစား ဝိဇ္ဇာမယသိဒ္ဓိကို ယူဆကြကုန်၏။ ကြွက်နှစ် သက်ရာ ယူဆနိုင်ပါသည်။ ထိုတွင် စိန္တာမယသိဒ္ဓိနည်းတူပင် ဝိဇ္ဇာမယ သိဒ္ဓိမျိုးသည်လည်း တန်ခိုး အမျိုးမျိုးကို ဆောင်နိုင်သောကြောင့် စိန္တာမယသိဒ္ဓိမျိုး ကဲ့ သို့ အမျိုးအစား၊ အသွင်သဏ္ဌာန်ချင်း တူလှသည်။ အကျွန်ုပ်၏ အာဘော်မှာ စိန္တာမယက္ကဒ္ဓိသည် အရိယာဝိဇ္ဇာ နယ်ပယ်တွင် အသုံး များလှသည် ဖြစ်ပြီး လောကီနယ်ပယ် ဝိဇ္ဇာ လောကတွင်မူ ဝိဇ္ဇာမယသိဒ္ဓိကို အသုံးများလှ သည်ဟု မှတ်ပါလေ။

(ဃ) လောကီယဝိဇ္ဇာဟူသည်မှာလည်း သာသနာတော်အတွင်း ဖြစ်စေ၊ သာသနာပဋိဖြစ်စေ၊ ကသိုဏ်းတရား၊ ဈာန်တရားတို့ကိုဖြစ်စေ၍ ထိုကသိုဏ်းတရားကြောင့် ရအပ်သော ဣဒ္ဓိဝိဓအဘိညာဉ်၊ ဒိဗ္ဗသောတ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်တို့နှင့် ပြည့်စုံသော အဘိညာဝိဇ္ဇာတို့ကို ဆိုလိုပါသည်။ သာသနာပကာလများတွင် ရှေးခေတ်၊ ရှေးအခါက ရသေ့၊ တောနေပုဂ္ဂိုလ်များ အားထုတ်သောအကျင့်ဖြစ်ပြီး သာသနာတော်အတွင်းမှာမူ ထိုလောကီယဝိဇ္ဇာမှတစ်ဆင့် အရိယာဝိဇ္ဇာအဆင့်ကို တက်လှမ်း၍ နိဗ္ဗာန်ကိုဝင်စံနိုင်ပါသည်။

ဤလောကီအဘိညာဝိဇ္ဇာတို့သည်ကား ဘုရားရဟန္တာ၊ အရိယာသာဝကတို့နှင့်လည်း ဆက်ဆံကုန်၏။ ဘုရားရဟန္တာ၊ အရိယာသာဝကတို့ ရအပ်၊ ရောက်အပ်သော ဝိဇ္ဇာ(၃)ပါး၊ ဝိဇ္ဇာ

(စ)ပါးတို့၌လည်း အတွင်းဝင်ကုန်၏ဟု လယ်တီဆရာတော်ကြီးက ဖွင့်ပြထားပါသည်။ အကျယ်သိလိုပါလျှင် လယ်တီဆရာတော်၏ ဝိဇ္ဇာမဂ္ဂဒီပနီတွင် ကြည့်ပါလေ။

(ဂ) အရိယာဝိဇ္ဇာဟူသည်မှာ အနိစ္စဝိဇ္ဇာ၊ ဒုက္ခဝိဇ္ဇာ၊ အနတ္တဝိဇ္ဇာ၊ မဂ္ဂဝိဇ္ဇာ၊ ဖလဝိဇ္ဇာတို့ကို ဆိုလိုပါသည်။ သစ္စာလေးပါးတရား၏ ဉာဏ်လေးပါးကိုဆိုလျှင်လည်း ရနိုင်ပါ၏။ ထိုအရိယာဝိဇ္ဇာမျိုးသည် သာသနာတော်အတွင်း၌သာ ကျင့်ကြံပွားများအားထုတ်ခွင့်ရနိုင်ပါသည်။ သာသနာပကာလတွင် ပစ္စေကဗုဒ္ဓါမှလွဲ၍ ကျန်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါမှန်သမျှ အောင်မြင်ပြီးစီးအောင်၊ ထမြောက်အောင်မြင်အောင် ကြိုးစားအားထုတ်နိုင်စွမ်းမရှိနိုင်ပါပေ။ **သာသနာရှိနေသမျှသည် အရိယာဝိဇ္ဇာအဖြစ်ကို ရရှိနိုင်ပါသည်။ သာသနာပ သွားပါလျှင်၊ သာသနာကွယ်သွားပါလျှင်မူ အရိယာဝိဇ္ဇာလည်း မရှိတော့ပေ။**

ဤအရိယာဝိဇ္ဇာလမ်းကို ထမြောက်အောင်မြင်အောင် အားထုတ်နိုင်သော သူမှသာလျှင် ဗုဒ္ဓမြတ်စွာဘုရားရှင်အားတွေ့မြင်ဖူးမြင်ရသောသူ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာနှင့်ကြုံတွေ့ရသောသူဟု ခေါ်ဆိုထိုက်၏။

ဓံ ဘိဿေ ဘိက္ခဝေ ဘိက္ခု နပဿတိ
ဓမ္မံ အပဿန္တော မံ နပဿတိ
ဓမ္မံ ဟိသော ဘိက္ခဝေ ဘိက္ခု ပဿတိ၊
ဓမ္မံပဿန္တော မံ ပဿတိ။ (ကဿပဝုတ်ပါဠိတော်)

ဟီ-ထိုငါဘုရားရှင်၏ သက်နှံးစွန်းကိုစွဲကိုင်၍ ဖဝါးခြေထပ်လိုက်ပါလျှက် ငါဘုရားနှင့်ဝေးကွာလှ၏ဟု ဆိုသောစကားသည်မှန်၏။ ဘိက္ခဝေ - ရဟန်းတို့၊ သော ဘိက္ခု-ထိုငါဘုရားရှင်၏ သက်နှံးစွန်းကိုစွဲလျှက် ဖဝါးခြေထပ်လိုက်သောရဟန်းသည်၊ ဓမ္မံ-သစ္စာလေးပါးတရားကို နပဿတိ- မသိပေ။ ဓမ္မံ- သစ္စာလေးပါး တရားကို၊ အပဿန္တော-

မသိမမြင်ရသော ရဟန်းသည်၊ မံ-ငါဘုရားကို၊ နပသဿတိ-မဖူးမြင်ရ၊ မတွေ့မြင်ရ၊ ဟိ- ထိုငါဘုရားနှင့် ယူဇနာတစ်ရာခြားလျက်နေသော်ငြားလည်း ငါဘုရားနှင့်နီးလှ၏ဟု ဆိုသော စကားသည် မှန်၏။ ဘိက္ခဝေ-ရဟန်းတို့၊ သောဘိက္ခု-ထိုငါဘုရားနှင့် ယူဇနာတစ်ရာကွာခြားသော အရပ်ဒေသ၌ နေသော ရဟန်းသည် ဓမ္မံ-သစ္စာလေးပါးတရားကို၊ ပဿတိ-သိမြင်၏။ မံ- ငါဘုရားကို၊ ပဿတိ-ဖူးမြင်ရ၏၊ မြင်တွေ့နိုင်၏။ (ဘုရားတရားကို မတွေ့မမြင်ရလျှင်၊ သံဃာကိုလည်း မတွေ့မမြင်ရသည်သာဖြစ်၏)

အရိယာဝိဇ္ဇာဖြစ်နိုင်သည့် ပဓာနိယင်္ဂအင်္ဂါ (၅)ပါး

ယခုသာသနာတော်အတွင်း၌ အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင်မြင်အောင် အားထုတ်ဟူးမှားနေသော ပုဂ္ဂိုလ်သည် ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့် ပြည့်စုံစေရ၏။ ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့် ပြည့်စုံအောင်ရှိနေသော ပုဂ္ဂိုလ်သည်သာ အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင် အားထုတ်နိုင်လေရာ၏။

ထိုပဓာနိယင်္ဂအင်္ဂါ (၅)ပါးဟူသည်ကား . . .

(က) ဗုဒ္ဓမြတ်စွာဘုရားရှင်အား ယုံကြည်ခြင်းသည် အင်္ဂါတစ်ပါး။

(ခ) ကိုယ်လက်အင်္ဂါ ကျန်းမာကြံ့ခိုင်ခြင်း၊ ခိုင်ခန့်ခြင်းသည်လည်း အင်္ဂါတစ်ပါး။

(ဂ) ဝမ်းတွင်းနှလုံး၊ ဖြောင့်စင်းခြင်း၊ ဖြောင့်မတ်ခြင်းသည် အင်္ဂါတစ်ပါး။

(ဃ) ကြိုးစားမှု၊ ဝိရိယထက်သန်ခြင်းသည်လည်း အင်္ဂါတစ်ပါး။

(င) ရုပ်၊ နာမ်၊ ခန္ဓာတို့၏ ဖြစ်ပျက်မှု၊ ဖြစ်ပေါ်မှု၊ ပျောက်ကွယ်မှုတို့၌ ဉာဏ်ထက်မြက်ခြင်း၊ ဉာဏ်၏ စူးရှခြင်းသည်လည်း အင်္ဂါတစ်ပါး။

ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့်ပြည့်စုံသော သူသည်သာလျှင် ဤမျက်မှောက်ခေတ်၊ ဤယခုကြုံတွေ့နေဆဲ၊ ပုဒ္ဓပြတ်စွာ ဘုရားရှင်၏ သာသနာတော်အတွင်းမှာပင် ပေါက်မြောက်အောင် အားထုတ်နိုင်ကြပေလိမ့်မည်ဟု ပဋ္ဌဂုဏ်တွဲရပါဦးတော်တို့၌ ဟောတော်မူ၏။

အရိယာဝိဇ္ဇာဝိုရ်လမ်း

အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အားထုတ်လိုသော ပုဂ္ဂိုလ်များသည် ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါး နှင့်ပြည့်စုံအောင် ကျင့်ကြံပွားများအားထုတ်ခြင်းဖြင့် အရိယာဝိဇ္ဇာလမ်းကို ဇကန်အမှန်ပင် ပေါက်မြောက်အောင်မြင်နိုင်ပေလိမ့်မည်။ အလွန်ပင် ခက်ခဲနက်နဲလှသော အရိယာဝိဇ္ဇာလမ်းကို အောင်မြင်မှုရနိုင်သော ဤပဓာနိယင်္ဂ (၅)ပါးသည်သာလျှင် လောကတွင် မည်သည့်ကိစ္စမျှားကိုပင် ဆောင်ရွက်သည်ဖြစ်ပါစေ၊ ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့် ညီညွတ်အောင်သာ ကြိုးစားအားထုတ်ပါက အောင်မြင် ပြီးစီးနိုင်လိမ့်မည်ဟု ဆိုလိုပါသည်။

ဤနေရာ၌ အရိယာဝိဇ္ဇာလမ်း အောင်မြင်ပြီးစီးဖို့အတွက် ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးကို ပြသထားခြင်းဖြစ်ပါသည်။ ထို့အတူ ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့်ပင်လျှင် အရိယာဝိဇ္ဇာလမ်းကို အောင်မြင်ပြီးစီးအောင် ကြံဆောင်နိုင်ပါသည်ဟု ဆိုထားမှုတော့ အရိယာဝိဇ္ဇာလမ်းလောက် မခက်ခဲနိုင်သော ကျန်သည့် ဆေးဝိဇ္ဇာဝိုရ်လမ်း၊ အင်းဝိဇ္ဇာဝိုရ်လမ်း၊ လောကီယဝိဇ္ဇာဝိုရ်လမ်း၊ မဟာဂန္ဓာရီဝိဇ္ဇာဝိုရ်လမ်း စသည်များသည်လည်း ပေါက်မြောက်အောင် အားထုတ်လိုပါက ဤပဓာနိယင်္ဂ အင်္ဂါ (၅)ပါးနှင့်အညီသာ ကြိုးစားအားထုတ်သင့်သည်ဟု ဆိုလိုပါသည်။

ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးသည် သမထတရားအားထုတ်ရာ၌ ပေါက်မြောက်အောင်မြင် ပြီးစီးနိုင်စေရန်အတွက်လည်း ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့်အညီသာ ပွားများအားထုတ်ရပါမည်။ ဝိပဿနာတရားအားထုတ်ပွားများရာ၌လည်း ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့်အညီသာ ပွားများအားထုတ်စေပါက ဝိပဿနာတရား၊ မဂ်တရား၊ ဖိုလ်တရား၊

နိဗ္ဗာန်တရားတော်မြတ်ကို အမြန်ဆုံးမျက်မှောက်ပြုနိုင်မှာ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် ဤပဓာနိယင်္ဂ အင်္ဂါ (၅)ပါးစလုံးသည် လောကီတရားဘက်ရော၊ လောကုတ္တရာတရားဘက်ပါ အလွန်အသုံးဝင်ပေလိမ့်မည်။

ထို့ကြောင့် သမထတရားကို အားထုတ်သည်ဖြစ်စေ၊ ဝိပဿနာတရားကို အားထုတ်သည်ဖြစ်စေ၊ ဝိဇ္ဇာဓိရိုအတတ်ကို ပေါက်မြောက်အောင် အားထုတ်သည်ဖြစ်ပါစေ၊ ဤပဓာနိယင်္ဂ အင်္ဂါ (၅)ပါးစလုံးသည် အလွန်အရေးကြီးလှ၏ဟု မှတ်ယူကြပါလေ။

မရွှိမပဏ္ဏာသပါဠိတော် ဗောဓိရာဇကုမာရသုတ်တော်မှာ ဝုဒ္ဓဘုရားရှင်သည် ဤပဓာနိယင်္ဂအင်္ဂါ(၅)ပါးကို ဗောဓိမင်းသားကို အကြောင်းပြု၍ ဟောတော်မူထားတာ ရှိပါသည်။

(၁) ယုံကြည်မှုရှိရမည်။
(၂) ကျန်းမာရေးအထူးကောင်းမွန်နေရပါမည်။
(၃) လိမ်လည်လှည့်ဖြားကောက်ကျစ်စဉ်းလဲမှုမရှိဘဲ ရိုးသားဖြောင့်မတ်ရမည်။
(၄) မဖျင်းမရိုဘဲ တက်တက်ကြွကြွ ကြိုးစားအားထုတ်ရပါမည်။
(၅) ထုံထိုင်းမနေဘဲ သွက်သွက်လက်လက် ဉာဏ်ကောင်းသူ ဖြစ်ရပါမည်။

အချုပ်လက်ဝမှာ-

(က) ယုံကြည်ကျန်းမာ၊ ဖြောင့်စင်းစွာနှင့်၊
လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို
ဖြစ်ချုပ်သိမြင်၊ ဤဇီးအင်၊
မင်္ဂလာရကြောင်းတည်း . . ။

(ခ) ယုံကြည်ကျန်းမာ ဖြောင့်စွာအားထုတ်
နာမ်နှင့်ရုပ် ဖြစ်ချုပ်သိပါစေ. . ။

မှတ်ချက်။(၁) သမထမှာ နိမိတ်မြင်၍ ဈပဿနာမှာ ဖြစ်ပျက်သိတဲ့ ဉာဏ် ရှိရပါမည်။ မည်သည့် သမထတရားကို အားထုတ်သည်။ ပွားများသည်ဖြစ်ပါစေ (နိမိတ်)မရသေးသမျှ၊ နိမိတ်မထင်သေးသမျှ၊ နိမိတ်မပေါ်သေးသမျှ ရှေ့ဆက်လက်ပြီး မသေမခြင်း အားထုတ်ရမည်သာ ဖြစ်ပါသည်။

နိမိတ်ရပါမှ၊ နိမိတ်ထင်ပါမှ သမထလမ်း စတင်ပေါက်မြောက်နိုင်ပေလိမ့်မည်။ သမထလမ်းမှာလည်း ပွားများအားထုတ်ရာ၌ ဤ ပဓာနိယင် အင်္ဂါ (၅)ပါးနှင့် ညီညွတ်အောင် ပွားများအားထုတ်နိုင်ပါမှ နိမိတ်ထင်နိုင်ပေလိမ့်မည်။ နိမိတ် မထင်သမျှ၊ နိမိတ် မရသမျှ သမထလမ်း မပေါက်နိုင်ပါ။

ထိုပဓာနိယင်အင်္ဂါ (၅)ပါးနှင့် ကိုက်ညီအောင် အားထုတ်လာရာ၌ ပထမနိမိတ် ထင်အောင်၊ နိမိတ် ရအောင် အားထုတ်ရသည်။ ဒုတိယ ထိုရလာပြီးသော။ ထင်လာပြီးသော နိမိတ်ကို ဤပဓာနိယင်အင်္ဂါ (၅)ပါးနှင့်အညီသာ ဆက်လက်ကြိုးစား အားထုတ်လာခဲ့ရာ မိမိရထားပြီးသော နိမိတ်ကို ပိုပြီးခိုင်ခန့်အောင်၊ ပိုမိုပြီးစွဲမြဲအောင်၊ ပိုမိုပြီး နူးညံ့ပျော့ပျောင်းလာအောင် အားထုတ် ပွားများရာ၏။ ထိုအခါ မိမိရထားပြီးသော နိမိတ်သည် ပိုမိုပြီး ထင်ထင်ရှားရှားဖြစ်လာပြီး၊ ပိုမိုပြီး နူးညံ့ လာခဲ့သော ဥဂ္ဂဟနိမိတ်ကို ရရှိလာခဲ့မည်ဖြစ်ပါသည်။ ထို့နောက် ထိုရရှိ ထားပြီးသော ဥဂ္ဂဟနိမိတ်ကိုအလွန်အမင်းခိုင်ခန့်အောင်၊ စွဲမြဲအောင်၊ အလွန်အမင်း နူးညံ့သိမ်မွေ့လှပတင့်တယ်နေအောင် နေ့ည အဖန်ဖန် အထပ်ထပ်အားသွန် ခွန်စိုက်အားထုတ် လာခဲ့ရာ ယခင်မိမိရထားပြီးသော ဥဂ္ဂဟနိမိတ်သည် အလွန်

လှပလာခဲ့ခြင်း၊အလွန်အမင်း တောက်ပကြည် လင်းလာခဲ့ခြင်း၊ အလွန်လျှင် ကြည့်ရှုရ မဝ၊ ကြည်လင် ရှင်းသန့်သော ပဋိဘာဂ နိမိတ်အဆင့်သို့ ရောက်ရှိလာခဲ့တော့၏။ ထိုမှတစ်ဆင့် ဈာန်လမ်း ထိုမှတစ်ဆင့် မဂ်လမ်း၊ နိဗ္ဗာန်လမ်းအထိ ကြိုးစား၍ အားထုတ် ပွားများရပေမည်။ ဤကား သမထမှာ နိမိတ်ထင်၊ နိမိတ်မြင် သည်ကို ရှင်းလင်းပြခြင်း ဖြစ်ပါသည်။

မှတ်ချက်။(၂) ပဋိဘာဂနိမိတ်သည် လူတိုင်းလူတိုင်း အားထုတ်တိုင်း၊ အားထုတ်တိုင်း ရနိုင်သောနိမိတ် မဟုတ်ပါ။ ပဋိဘာဂနိမိတ်တစ်ခုကို သေချာစွာ၊ ခိုင်မြဲစွာ၊ အားကောင်းစွာ ရရှိလာပြီဟုဆိုပါလျှင် ထိုပုဂ္ဂိုလ်သည် တိဟိတ်ဥက္ကဋ္ဌ အစစ်အမှန်ဖြစ်ရာ၏ဟု ကျမ်းဂန်များမှာ ဆိုထားပြီး ဖြစ်ပါသည်။ မိမိသည် တိဟိတ်ဥက္ကဋ္ဌဟုတ်မဟုတ် သိလိုပါလျှင် သမထတရားကို အားထုတ်လာပါက ယခုပြဆိုထားသော ပဋိဘာဂနိမိတ်အထိ ပိုင်နိုင်စွာ၊ အောင်မြင်စွာ ရရှိလာပြီဆိုပါက ထိုပုဂ္ဂိုလ်သည် တိဟိတ်ဥက္ကဋ္ဌဟု ဆိုလိုခြင်းဖြစ်ပါသည်။ အားထုတ်ရင်း၊ အားထုတ်ရင်းဖြင့် ပဋိဘာဂနိမိတ်အဆင့်ကို မရခဲ့ပါလျှင် ထိုပုဂ္ဂိုလ်သည် တိဟိတ် ဥက္ကဋ္ဌ မဟုတ်နိုင်ပေ။ တိဟိတ်ဥက္ကဋ္ဌ မဖြစ်နိုင်သေးပေ။ ထို့ကြောင့် တိဟိတ်ဥက္ကဋ္ဌဖြစ်ရန်ပင်လျှင် ဘဝပေါင်းအနန္တ၊ ဘဝပေါင်းအသင်္ချေ၊ ကမ္ဘာပေါင်းအနန္တ၊ ကမ္ဘာပေါင်းအသင်္ချေ အားထုတ်လာပါမှ တိဟိတ်ဥက္ကဋ္ဌဖြစ်နိုင်ကြောင်းကို အထူးသိရှိထားသင့်၏။ တိဟိတ်ဥက္ကဋ္ဌ မှန်ပါလျှင် ပဋိဘာဂနိမိတ် အဆင့် ကို ရရှိလာရာ၏။ ပဋိဘာဂနိမိတ်ရရှိသော ပုဂ္ဂိုလ်သည်လည်း တိဟိတ်ဥက္ကဋ္ဌ ဖြစ်ရာ၏။ ဟု မှတ်ယူကြရာ၏။

ထိုအခါတရားအား ထုတ်သော ယောဂီပုဂ္ဂိုလ်သည် ပဓာနိယင်္ဂ အင်္ဂါ (၅)ပါးနှင့်ညီညွတ်အောင် အားထုတ်ပွားများလာခဲ့ရာ ထိုပုဂ္ဂိုလ်သည် ပဋိဘာဂနိမိတ်ကိုရနိုင်သော ရရှိလာသော တိဟိတ်ဉာဏ်ဌ ကောန်အမှန်ဖြစ်ရာ၏။ ထိုပဋိဘာဂိနိမိတ်ပိုင်ရှင် တိဟိတ်ဉာဏ်ဌသည်သာလျှင် အရိယာဝိဇ္ဇာဖြစ်နိုင်၏။ တိဟိတ်ဉာဏ်ဌသည်သာလျှင် ပထမဈာန်မှစ၍ ပဉ္စမဈာန်အထိ ဈာန်တရားများကို ရရှိစေနိုင်တော့၏။ တိဟိတ်ဉာဏ်ဌသည်သာလျှင် ဖလသမာပတ်၊ နိရောဓသမာပတ်များကို ဝင်စားနိုင်ပေလိမ့်မည်။ တိဟိတ်ဉာဏ်ဌသည်သာလျှင် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်သည်အထိ အောင်မြင်ပြီးစီးနိုင်တော့၏။

ထို့ကြောင့် တိဟိတ်ဉာဏ်ဌအဆင့်သည် အလွန်အရေးပါလှသည်ဟု မှတ်ပါလော။ ထို့ကြောင့် ပဋိဘာဂ နိမိတ်ပိုင်ရှင် တိဟိတ်ဉာဏ်ဌအဆင့်သည် လွယ်လွယ်နှင့် ရရှိလာသော ကိစ္စမဟုတ်ပါ။ လွယ်လွယ်နှင့် အောင်မြင် လာခဲ့သောကိစ္စမဟုတ်ပါ။

ထို့အတူ အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင်မြင်အောင် ကြိုးစားအားထုတ်ရာ၌လည်း ပဋိဘာဂနိမိတ်၊ တိဟိတ်ဉာဏ်ဌအဆင့်သည် အလွန်အရေးပါလှသည်ဟု မှတ်ပါလော။ ထို့ကြောင့်ပင်လျှင် အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင်မြင်လိုပါလျှင် မိမိသည် ပဋိဘာဂနိမိတ်ကို ရရှိထားပြီးဖြစ်သော တိဟိတ်ဉာဏ်ဌ အဖြစ်ကိုရောက်ရှိပါမှ အရိယာဝိဇ္ဇာလမ်းကို အောင်မြင်မှုရပါလိမ့်မည်ဟု မှတ်ယူကြပါလော။

ထို့ကြောင့် ပဓာနိယင်္ဂ အင်္ဂါ (၅) ပါးကို အကျယ်ဝေဖန်ပြပါဦးအံ့ .

(၁) ယုံကြည်မှုရှိရမည်။
(၂) ကျန်းမာရေးအထူးကောင်းမွန်ရမည်။
(၃) လိမ်လည်လှည့်ဖြား၊ ကောက်ကျစ်စဉ်းလဲမှုမရှိဘဲ ဦးသားဖြောင့်မတ်ရမည်။
(၄) မပျင်းမရိဘဲ တက်တက်ကြွကြွ ကြိုးစားအားထုတ်ရပါမည်။

(၅) ထုံထိုင်းမနေဘဲ လေးလံမနေဘဲ သွက်လက်သော ဉာဏ်ကောင်းသူ ဖြစ်ရပါမည်။

ထို (၅) ပါးတို့တွင် -

(ခ) ယုံကြည်မှုရှိရမည်ဟုဆိုရာ၌ သစ္စာ(၄)ပါး မြတ်တရား ကို သိမြင်တော်မူသော ဗုဒ္ဓမြတ်စွာဘုရားရှင် အား ယုံကြည်ခြင်း၊ သင္ဃာတဂဉာဏ်တော်ပိုင်ရှင် သင္ဃာတ ဘုရားရှင်အား ယုံကြည်ခြင်း၊ အရဟံအစ ဘဂဝါ အဆုံးကိုးပါးသော ဂုဏ်တော်အပေါင်းနှင့်ပြည့်စုံတော် မူသော မြတ်စွာဘုရားရှင်အား ယုံကြည်ခြင်း၊ တရား တော်မြတ်အားယုံကြည်ခြင်း၊ ဗောဓိပက္ခိယ တရား (၃၇)ပါးအား ယုံကြည်ခြင်း၊ မဂ်လေးပါး၊ ဖိုလ် လေးပါး၊ နိဗ္ဗာန် တရားအပေါ်တွင် ယုံကြည်ခြင်း၊ ပဋိစ္စ သမုပ္ပါဒ် တရားအပေါ်မှာ ယုံကြည်ခြင်း၊ အရိယာ သံဃာတော် များ အပေါ်မှာ ယုံကြည်ခြင်း၊ သံဃရတနာများအား ယုံကြည်ခြင်း၊ အရိယာ သံဃာတော်များနှင့် သမုတိ သံဃာတော်များကို အားကိုးယုံကြည်ခြင်း၊ ကံတရား ကို ယုံကြည်ခြင်း၊ ကံ-ကံ၏ အကျိုးပေးမှုကို ယုံကြည် ခြင်း စသည်များသည် ယုံကြည်မှု-ရှိရမည်ဟု ဆိုလိုပါ သည်။

မိမိကျင့်ကြံ အားထုတ်ပွားများနေသော သမထတရား များ၏အပေါ်၌လည်းကောင်း၊ ဝိပဿနာတရားများ ၏အပေါ်၌လည်းကောင်း အထူးယုံကြည်မှု ရှိရမည် ကို ဆိုလိုပါသည်။

ဤတွင် သဒ္ဓါ (၄)မျိုးကို အထူးမှတ်ကြရာ၏။ (က) အာဂမသဒ္ဓါ (ခ) အဓိဂမသဒ္ဓါ (ဂ) ဩကပ္ပနသဒ္ဓါ (ဃ) ပသာဒသဒ္ဓါဟူ၍ သဒ္ဓါ (၄)မျိုးကို သတိပြုပါလော။

(က) အာဂမသင္ခါဟူသည်မှာ. . သင္ဗည္ပုတ ဝုဒ္ဓဘုရားရှင်တို့၏ ဘုရားအလောင်းတော်တို့သည် သင္ခါတရားအရာ၌ ဘုရားဆုပန်သည်မှစ၍ မဟုက်မစီးဘဲ အမြဲတည်တံ့ ခိုင်မြဲလာခဲ့သောကြောင့်(ဝါ)မဟုက်မစီး ရှိလာခဲ့သောကြောင့် . . အာဂမသင္ခါမည်၏။

(ခ) အရိယာသာဝကတို့၏ သင္ခါတရားသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရရှိလာသည်မှစ၍ မဟုက်မစီး၊ အမြဲထာဝရ၊ တည်တံ့ခိုင်မြဲခြင်း (ဝါ) မဟုက်မစီးခြင်းကြောင့် အဓိကမသင္ခါ။

(ဂ) ဘုရား၊ ဘုရားဟူသော အသံကိုလည်း ကြားရခဲ့၏။ တရား တရားဟူသော အသံကိုလည်း ကြားရခဲ့၏။ သံဃာ၊သံဃာဟူသောအသံကိုလည်းကြားရခဲ့၏။ ဤကဲ့သို့ အလွန်တရာကြားနာရခဲသော ဘုရား၊ တရား၊ သံဃာဟူ၍ ပြောဆိုအပ်သည် ရှိသော် တစ်စုံ တစ်ယောက်သော သူမျှ တုန်လှုပ်ခြောက်ချားစေခြင်းငှာ မတတ်နိုင်လောက်အောင် မြတ်စွာဘုရားရှင်သည် အရဟံဂုဏ်ရှင်၊ သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်၊ ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်ရှင် အစစ်ကြီး ဖြစ်တော်မူပါပေ၏။

တရားတော်မြတ်သည် သွာက္ခတာစသော ဂုဏ်တော် (၆) ပါးတို့နှင့် ပြည့်စုံတော်မူပါပေ၏။ သံဃာတော်မြတ်သည် သုပ္ပဋိပန္နတာစသော သံဃာဂုဏ်တော်(၉)ပါးတို့နှင့်လည်း ပြည့်စုံတော်မူပါပေ၏ဟု သရဏဂုံ (၃)ပါး၊ ရတနာ (၃)ပါးအပေါ်၌ သက်ဝင်ယုံကြည်ခြင်းသည် သြကပ္ပန သင္ခါမည်၏။

(ဃ) ရတနာ(၃)ပါး၌ ကြည်ညိုမှု၊ ကြည်ညိုခြင်းမျှသည် ပသာဒသင္ခါ မည်၏။ ဤယခုပြဆိုခဲ့သော ပဓာနိယင်္ဂအင်္ဂါ (၅)ပါးတွင်မူ သြကပ္ပန သင္ခါကို အထူးယူရပါမည်။ သြကပ္ပန သင္ခါမျိုး ရရှိထားပါမှ ပဓာနိယင်္ဂ အင်္ဂါ (၅)ပါးတို့တွင် ပဌမနံပါတ် (၁) ယုံကြည်မှုရှိရမည်ဟုဆိုသော တရားနှင့် ကိုက်

ညီပေလိမ့်မည်။

ရှေးအခါက ဆရာတော်ကြီးများအားထုတ်ပုံ၊ နည်းစစ် တစ်မျိုးကို သတိထားမိဖူး၏။ ဤနည်းစနစ်ကား ပထမယက္ကန်းစင်တောင် ဆရာတော် ဦးဩဘာသသည် လည်းကောင်း၊ ဒုတိယယက္ကန်းစင်တောင် ဣန္ဒာသယသီပွဘွဲ့ခံ၊ ဣသိနာဂဇင်တိုက်ဦးဥဂ္ဂံသ ဆရာတော်ကြီးသည် လည်းကောင်း ဝုဒ္ဓနိမိတ်ကို မရရအောင်၊ ဝုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်ကြ၍ ပေါက်မြောက်အောင်မြင်သွားကြသည်များကို ကြားသိဖူး၏။ မြင်တွေ့ခဲ့ရဖူးပါ၏။

ထိုဝုဒ္ဓနိမိတ်ကို ရရှိလိုက်သည်နှင့်တစ်ပြိုင်နက် လောကီဘက်တွင်မူ ပြောတိုင်းဆိုတိုင်း တောင့်တတိုင်းဖြစ်တော့၏။ လောကီဘက်တွင် စေတစ်လုံးပိုင်လေတော့၏။ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ၊ ဝိဇ္ဇာမယသိဒ္ဓိမျိုးတို့ကို ပြီးစီးစေတော့၏။

ထို့ကြောင့် ရှေးရှေးသောဆရာ့ဆရာတော်ကြီးများ၏ ဆောင်ပုဒ်လက်ဘရ -

ဝုဒ္ဓနိမိတ်ရမှ၊ သမာဓိတည်မည်။ သမာဓိတည်မှ ရုပ်နာမ်ကွဲမည်။ ရုပ်နာမ်ကွဲမှ ခန္ဓာကိုယ်မှာဖြစ်တာ၊ ပျက်တာကိုသိမည်။

ခန္ဓာကိုယ်မှာ ဖြစ်တာပျက်တာကိုသိမှ ဘုံ (၃၁)ဘုံမှာ ဖြစ်တာ၊ ပျက်တာကိုသိမည်ဟု ဟောကြားတော်မူခဲ့ပါသည်။ အဓိပ္ပါယ်မှာမူ ဘုရားရှင်ကိုယ်တော်မြတ်အား ပင့်ဖိတ်ခြင်း၊ ဘုရားရှင် ကိုယ်တော်မြတ်ထံ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို အပ်နှင်းခြင်း၊ သက်တော်ထင်ရှား၊ ဝုဒ္ဓမြတ်စွာဘုရားရှင်သည် မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၌လည်းကောင်း၊ မိမိ၏ဂွါရ(၆)ပါးတို့၌လည်းကောင်း၊ မိမိ၏ဟဒယဝတ္ထုအိမ်၌ လည်း ကောင်း၊ ဇလတဝန်ကျောင်းတော်အမှတ်၊ ဝေဠုဝန်ကျောင်းတော်အမှတ်နှင့် အမြဲထာဝရ သီတင်းသုံးတော်မူစေရန် ပင့်လျှောက်ပြီး၊ များစွာသော ဝုဒ္ဓဝင်များကို စိတ်ကူးအာရုံပြုလျက် အရဟံအစ အဂဝါအဆုံး ကိုးပါးသော ဂုဏ်တော်များအား (ဂုဏ်တော်၏အနက်၊ အဓိပ္ပါယ်များကို အာရုံပြု

စိတ်ကူးလျက်၊ စိတ်ဝင်စားလျက်၊ ဂုဏ်တော်များ၏အနက် အဓိပ္ပါယ်ထဲတွင် မိမိ၏စိတ်ကိုသွင်းထားလျက်) ဗုဒ္ဓါနုဿတိဂုဏ်တော် ကမ္မဋ္ဌာန်းကိုပွားများ အားထုတ်ရသည်ဟု ဆိုလိုပါသည်။

ထိုနည်းနိဿယအတိုင်း နေ့စဉ်ရက်ဆက် အားထုတ်ဖန် များလာသောအခါ၊ တစ်နေ့နေ့တစ်ချိန်ချိန်တွင် (ပကတိဓာတ်သား ဗုဒ္ဓဘုရား) သည် ရောင်ခြည်တော် (၆)သွယ်ကိုကွန့်မြူလျက် မိမိအာရုံမနောဒွါရိကဒ္ဒါ ထင်၍၊ မြင်၍လာတော်၏။ ထိုထင်မြင်မှုသည် စက္ကန့်ပိုင်းမျှသာ အချိန်ကြာပေမဲ့ မြင်လိုက်ရသုပ္ပဂ္ဂိုလ်သည်၊ မနောဆီထီ၊ ဝါဂွမ်းဘိုကဲ့သို့ ဂွမ်းဆီထီ၊ မနောပိတိဖြစ်သကဲ့သို့ ဘုံဩမကုန်၊ အံ့ခိုးမကုန်၊ ရုတ်တရက် စက္ကန့်ပိုင်းမျှ ဖူးတွေ့ရသည်ပင်လျှင် အဖိုးအနှုံထိုက်တန်လှသည်ဖြစ်ခြင်းဟု ဆိုရလောက်အောင် မိမိ၏စိတ်ထဲမှာ ဘဝင်မှာ၊ မနောမှာ၊ ထာဝရစွဲထင်နေလောတော့၏။ ဤသည်ပင်လျှင် ဗုဒ္ဓါနုဿတိ ဂုဏ်တော်ကမ္မဋ္ဌာန်းပေါက်မြောက် အောင်မြင်ပြီဟု ဆို၍ရလာပါတော့၏။ ဤကား ဗုဒ္ဓဘုရားနှင့်ပတ်သက်၍ ယုံကြည်မှု ဩကပ္ပနသဒ္ဓါပင်ဖြစ်၏။

(၂) ကျန်းမာရေး အထူးကောင်းမွန်ရမည်ဟုဆိုရာ၌ အရိယာဝိဇ္ဇာအဖြစ်ကို ကြိုးစားအားထုတ်ကြရာတွင် ကျန်းမာရေးသည်လည်း အထူးအရေးကြီးကြောင်း သိရှိထားရပါမည်။ ကျန်းမာရေးမကောင်းပါလျှင် မည်သည့်နည်းနှင့်မျှ အရိယာဝိဇ္ဇာအဖြစ်ကို ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ဖွယ်မရှိပါ။ အဓိကအချက်မှာ မိမိ၏ရုပ်၊ နာမ် (၂)ပါးစလုံးသည် ဥတုဒက်၊ ရာသီဒက်၊ အစာအာဟာရနှင့် ပတ်သက်သောဒက်၊ လေဒက်၊ မိုးဒက်၊ ဓာတ်သဘာဝ ဖောက်ပြန်သောဒက်မှစ၍ ထိုဒက်အမျိုးမျိုးကို ကြုံကြံခံနိုင်စွမ်းရှိသော ခန္ဓာကိုယ်မျိုးကို အလိုရှိအပ်၏။ မိုးရွာလျှင် မိုးရေမိခြင်း၊ ထိခြင်းကြောင့် အအေးမိခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ အဖျားတက်ခြင်းမျိုး မရှိစေရပါ။

ထို့ပြင် နှင်းကျ၍ နှင်းရည်ထိမိသည်နှင့်တစ်ပြိုင်နက် နှာချေခြင်း၊ နှာစေးခြင်း၊ အအေးမိခြင်း၊ အဖျားတက်ခြင်း၊ ချောင်းဆိုးခြင်း မရှိစေသင့်ပါ။ ထို့အတူ နွေရာသီရောက်လာ၍ ပတ်ဝန်းကျင် အပူဓာတ်

လွန်ကဲနေခြင်းကြောင့် နေပူထဲသွားမိ၍ အပူရှပ်ခြင်း၊ အပူငုပ်၍ အဖျားတက်ခြင်း၊ သွေးတက်ခြင်း၊ လေရောဂါ၊ လေငန်းရောဂါရရှိခြင်း ကင်းဝေးနေစေရမည်။

ထို့ကြောင့်ပင်လျှင် မိမိ၏ခန္ဓာကိုယ်သည် ရာသီဒဏ်၊ ဥတုဒဏ်၊ အပူဒဏ်၊ အအေးဒဏ်၊ မိုးဒဏ်၊ လေဒဏ်တို့ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိစေရမည်ဟု ဆိုလိုပါသည်။ မိုးရွာရွာ၊ မိုးရေထိထိ၊ မိမိဘာတစ်ခုမှာ ခန္ဓာကိုယ်မှာ ရောဂါ၊ ဝေဒနာ မရှိတာမျိုး၊ မဖြစ်တာမျိုးကို ဆိုလိုပါသည်။ ထို့အတူ နှင်းကျကျ၊ နှင်းရေထိထိ၊ မိမိဘာတစ်ခုမှ ခန္ဓာကိုယ်မှာ ရောဂါဝေဒနာ မရှိတာမျိုး၊ မဖြစ်တာမျိုးကိုဆိုလိုပါသည်။ ရာသီဥတုသည် မည်မျှအေးအေး၊ မည်မျှပူပူ၊ မိမိ၏ရုပ်နာမ်နှစ်ပါးတွင် မည်သည့်ရောဂါ၊ မည်သည့်အနာမှ မဖြစ်တာမျိုးကို ဆိုလိုပါသည်။ အရိယာဝိဒ္ဓာလမ်းကို တက်လှမ်းမည့်ပုဂ္ဂိုလ်များ သတိထားရပါမည်။

ထို့ပြင် အရိယာဝိဒ္ဓာလမ်းကိုပေါက်မြောက်အောင် အားထုတ်မည့် ပုဂ္ဂိုလ်များသည် မိမိခန္ဓာကိုယ် အမြဲထာဝရ ကျန်းမာရေးကောင်းနေစေရန်အတွက် အောက်ပါဝုဒ္ဓဆေးတော်များကို လက်ကိုင်ထားသင့်ပါကြောင်း . . .

(က) ဝုဒ္ဓဆေးတော် (၁)

သဗ္ဗီ'တိယော ဝိဝဇ္ဇန္တု သောကော ရောဂေါ ဝိနဿတု
မာတေ ဘဝန္တ်န္တရာယာ သုခီဒီယာယုကောဘဝ။
အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာပစာယိနော၊
စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ အာယု ဝဏ္ဏော သုခံ ဗလံ။

(ခ) ဝုဒ္ဓဆေးတော် (၂)

ဒုက္ခပ္ပတ္တာစ နိဒ္ဒုက္ခါ။
ဘယပတ္တာစ နိဗ္ဘယာ၊
သောကပ္ပတ္တာစ နိသောကာ၊ ဟောန္တု။ သဗ္ဗေပိ
ပါဏိနော။

တေသံမေတ္တာ နုဘာဝေန သတ္ထေရောဂါ သုခီဟောန္တု
သတ္ထေဘယာ ဝိနဿန္တု သတ္ထေနဿန္တုပဒ္ဒဝါ

(ဂ) ဗုဒ္ဓဆေးတော် (၃)

ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃစက္ကံ သတ္ထရောဂါ ဝိနဿန္တု
အ သေသတော။

ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃစက္ကံ သတ္ထဘယာ ဝိနဿန္တု
အ သေသတော။

ဗုဒ္ဓစက္ကံ ဓမ္မစက္ကံ သံဃစက္ကံ သတ္ထအန္တရာယာပိ ဝိန
ဿန္တု အ သေသတော။

ဤဗုဒ္ဓဆေးတော်များကိုလည်း အလေးဂရုပြု၍ မှန်မှန် မှီဝဲသင့်၏။ သို့မှသာလျှင် မိမိသည် အရိယာဝိဇ္ဇာအဖြစ် ကြိုးစားအားထုတ်ရာ၌ အထောက်အပံ့၊ အထောက်အကူ၊ သဘောမျိုးအဖြစ်၊ ကျန်းမာရေးကို အထူးကောင်းမွန်စေပါလိမ့်မည်။ ဤဗုဒ္ဓဆေးတော်၏ စွမ်းအားသတ္တိကြောင့် မိမိသည် စိတ်၏ကျန်းမာ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာချမ်းသာခြင်း ရှိစေနိုင်ပါလိမ့်မည်။

အထူးသတိပြုရန်မှာ- အရိယာဝိဇ္ဇာအဖြစ်ကို ပေါက်မြောက် အောင်မြင်အောင် ကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်သည် (ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ) ထို အနန္တ (၅)ပါးအား မပြစ်မှား မိပါစေနှင့်။ မစော်ကားမိပါစေနှင့်။ နေ့ညအမြဲမပြတ် ကန်တော့ပါ၊ ဝန်ချပါ။ တောင်းပန်ပါ။ ရှိခိုးပါ။ ထို့အနန္တောအနန္တ (၅) ပါးစလုံးကို လည်းကောင်း၊ တစ်ပါးပါးကိုလည်းကောင်း၊ ပြစ်မှားခြင်း၊ စော်ကားခြင်း ပြုမိထားပါကလည်း မိမိ၏ရုပ်နာမ် (၂)ပါးစလုံးသည် ဥတုဒဏ်၊ ရာသီဒဏ် မခံနိုင်တော့ဘဲ အမြဲမပြတ် တစ်ခဏမှီး

တစ်ခု တစ်မျိုးပြီးတစ်မျိုး၊ ရောဂါအနာအဆာ များရရှိနေတတ်ပါသည်။

ထိုရရှိနေတတ်သော ရောဂါအနာသည်လည်း ဆေးမတွေ့ဘဲ၊ မပျောက်ကင်းနိုင်ဘဲ တာရှည် ခံစားနေရ တတ်ပါသည်။ ထို့ကြောင့် မိမိသည် ဝုဒ္ဓစိန်ရော၊ ဓမ္မစိန်ရော၊ သံဃစိန်ရော၊ မာတာ ပိတု စိန်ရော၊ အာစရိယစိန်ရေ ထိုစိန်ရေ (၅) မျိုး မသင့်မိစေနှင့်ဟု အထူးမှာကြားလိုက်ပါ သည်။

သင့်မိနေပါက တမက်တစ်ဖိုလ်ရရှိရန် မလွယ် ကူတော့ပါ။ မဂ်ဖိုလ်ကို မရနိုင်လောက်အောင် တားဆီးပိတ်ပင်နေလေတော့၏။ တမဂ်၊ တစ် ဖိုလ်မှ မရရှိနိုင်ဘဲနှင့် အဘယ်မှာလျှင် (အရိ ယာ ဝိဇ္ဇာ)ဖြစ်နိုင်ချေ ရှိတော့ဘဲနည်း. . ဟု မှတ်သားကြ ကုန်ရာ၏။

ယခုခေတ်၊ ယခုကာလများသည် သစ္စာမရှိ၊ ကတိမတည်၊ ရတနာသုံးပါး၊ ဆရာသမား၊ မိဘများအားလည်း ရိုသေရမှန်းမသိ၊ လေး စားရမှန်းမသိ၊ ချစ်ကြောက်ရမှန်းမသိ၊ ဖြစ်လျက်ရှိချေတော့၏။

ထို့ကြောင့်ပင်လျှင် ယခုခေတ်ယခုကာလများရှိ လူသတ္တဝါ အပေါင်းတို့သည် (အကုသိုလ်တရား) နှိပ်စက်အားကောင်း လှသည်ဖြစ် ၍ ရောဂါကပ်လွယ်ကုန်၏။ ရောဂါရလွယ်ကုန်၏။ အနာအဆာ ပေါများ ကြကုန်၏။ ရောဂါဝင်မိလျှင် အနာအဆာရခဲ့မိလျှင် တော်ရုံတန်ရုံဖြင့် မပျောက်ကင်းနိုင်တော့ဘဲ နောက်ဆုံးတွင် သေပွဲဝင်ရသည်အထိ ဖြစ်ကြ ရကုန်တော့၏။ (သတိထားတတ်ကြပါလေ)။

(ယ) အသက်ရှည်ပြီး ကျန်းမာရေးကောင်းစေရန်အတွက် ဒါနတရား ကို မြှောင့်ရနေသရွေ့၊ ရတတ်သရွေ့ မြှရာ၏။ တိုသို့ ဒါနတရား

ကိုပြုရာတွင် အသက်ရှည်ဖို့၊ အနာရောဂါကင်းဝေးစေဖို့ သစ္စာအဓိဋ္ဌာန်ပြု၍ ဆုတောင်းခြင်းပြုရာ၏။

(ဂ) အသက်ရှည်ပြီး ကျန်းမာရေးကောင်းစေရန်အတွက် သီလတရားကို အဆိုန်ရနေသရွေ့ အခါအခွင့် ပေးနေသရွေ့ ဆောက်တည်ခြင်း၊ စောင့်ထိန်းခြင်းပြုကြရာ၏။ ထိုသို့ သီလတရားကို ဆောက်တည် ထိန်းသိမ်းရာတွင် အသက်ရှည်ဖို့၊ အနာရောဂါကင်းဝေးစေဖို့ သစ္စာအဓိဋ္ဌာန်ပြုဆုတောင်း၍ ဆောက်တည်ကြရာ၏။

မှတ်ချက်။ ။ နှေးခေတ်ပုဂ္ဂိုလ်များ၊ နှေးခေတ်၊ နှေးအခါက ပုဂ္ဂိုလ်များသည် များသောအားဖြင့် ရောဂါအနာ ကင်းဝေးကြကုန်၏။ အသက်လည်းရှည်ကြကုန်၏။ ရောဂါအနာအဆာများလည်း ကင်းဝေးကြကုန်၏။(ဆေးရုံများ၊ ဆေးပေးခန်းများ၊ ခေတ်မီကိရိယာများ၊ ခေတ်မီခွဲစိတ်ဆောင်များ၊ ခေတ်မီဆေးဝါးများ မရှိခဲ့ဖူးပါ။ မပေါ် ပေါက်သေးပါ။ ထို့နည်းတူစွာ ကမ္ဘာလှသားများ၌လည်း ရောဂါထွေထွေထူးထူး မရှိခဲ့ပါ။ ရောဂါအနာကြီးကြီးမားမား မရှိခဲ့ဖူးပါ။ သူခေတ်၊သူကာလ၊ သူဆေးဝါးနှင့်သူ အကိုက်အညီပင် ရှိခဲ့ကြပါသည်။ ခရစ်နှစ် ၁၉၄၀ ကော် မြန်မာသက္ကရာဇ် ၁၃၀၀ကျော်မှ စတင်၍ အကျွန်ုပ်ကျမ်းပြု အရွှင်သည်ပင် ကလေးဘဝပင်ရှိသေး၏။ ပြေးရင်း၊ ဆော့ရင်း၊ ကစားရင်း မှောက်လှုက်လဲလျှင် လဲသည်။ ဒူးပေါက် တန်ပေါက်၊ နဖူးပေါက်တန် ပေါက်၊ ဒဏ်ရာ အနာတရ ခဏခဏ ရရှိလာခဲ့ပါဖူးပါသည်။ အမေလုပ်တဲ့သူက၊ အဖေလုပ်တဲ့သူက လမ်းဘေးကဖုတ်ကို ကောက်ယူပြီး အနာများကို သိပ်ပေး၊ ပွတ်ပေးလိုက်ပါသည်။ ထိုခေတ်က ဖုတ်သိပ်ထည့်ပေးတာနှင့်ပင် အနာပုန်သမျှ ပျောက်ကင်းတာကို တွေ့ခဲ့ ရဖူး၏။ မိမိကိုယ်တိုင်လည်း ခံစားခဲ့ရဖူး၏။ ဘာရောဂါမှမဖြစ်၊ ဘာပေးဆိုင်ပိုးမှ မရှိ၊ ဘာပိုးမဟတ်၊ အားလုံး

ပျောက်ကင်းတာ၊ ချမ်းသာတာများကိုပင် တွေ့ဖူး၊ မြင်ဖူးခဲ့ရ၏။

အကျွန်ုပ်သည် ယေစဉ်ကလေးအရွယ်တွင် ရွာအနီးရှိ အတ္ထရံမြစ်ထဲသို့ ရေဆင်းကူးပြီး ဆော့ကစား၏။ ရေငုပ်လိုက်၊ ရေကူးလိုက်နှင့် ဆော့ကစားနေမိ၏။ တစ်ကြိမ်တွင် ရေငုပ်လိုက် ရာ ခြေဖဝါးမှာ ငြောင့်စူးမိတော့၏။ (ကျွန်ုပ်ထင်တော့ တစ်လက်မခန့် စူးဝင်နေသည်) ဟုထင်မိ၏။ ငိုရယ်ပြီး ကမ်းပေါ်တက်လာတာမှာ သမ္မာန်ခတ်သမားများက တွေ့ရှိပြီး ဆေးတင်းဆွဲနုတ်ခဲ့ရာမှာ အကျွန်ုပ်ခြေဖဝါးမှာ အပေါက်အတိုင်း ဖြစ်ကျန်ခဲ့ပြီး၊ ခြေထောက်မထောက်နိုင်တော့ပေ။

ဤတွင် အဖွားဒေါ်အေးရွှေက လမ်းဘေးတွင်ပေါက်နေသော ဘီးစပ်ပင်မှ ဘီးစပ်ရွက်ကိုခူး၍ အရည်ညှစ်ပြီး ခြေဖဝါးအပေါက်ထဲသို့ထည့်၊ အပေါ်က ဘီးစပ်ရွက်ကြိတ်ဖတ်များကို အုံပေးပြီး အဝတ်နှင့်ပတ်စီးပေးပါသည်။ တစ်ပတ်ခန့်ကြာသည့်အခါ ခြေလည်း ထောက်နိုင်၊ သွားနိုင်လာပြီး ငြောင့်စူးသောနေရာ၌လည်း အသားပြန် ပြည့်လာပြီး ပျောက်ကင်းသက်သာလာပါတော့၏။ ထို့ကြောင့် ရွှေ ခေတ်၊ ရွှေအခါက ခေတ်မီသောဆေးဝါးများမရှိ၊ ခေတ်မီသော ဆေးရုံများ၊ ဆေးပစ္စည်းကိရိယာများ မရှိသေး၊ မပေါ်သေးပါ။ ရရာ၊ နီးစပ်ရာ သစ်ရွက်သစ်မြစ်များကို သွေးလိမ်းတန် လိမ်း၊ ကြိတ်ပြီး အုံတန် အုံပေးနှင့် ရောဂါအနာများ သက်သာပျောက်ကင်းကြရ ပါသည်။ သူခေတ် သူကာလ သူဆေးဝါးနှင့် အကိုက်အညီပါပင်။

လောကတွင် သမထလမ်းကို အားထုတ်သည်ဖြစ်စေ၊ ဝိပဿနာလမ်းကို အားထုတ်သည်ဖြစ်စေ၊ လောကီဝိဇ္ဇာလမ်း၊ အရိယာဝိဇ္ဇာလမ်းစသည်များကို အားထုတ်သည်ပင်ဖြစ်စေ၊ အရေးအကြီးဆုံးမှာ အားထုတ်ကြိုးစားပွားများနေသော ပုဂ္ဂိုလ်များသည် အထူးသဖြင့် ကျန်းမာရေးကောင်းနေစေရမည်ဟု ဆိုလိုပါသည်။ ကျန်းမာရေးကောင်းမှ အလုပ်လုပ်နိုင်ပါမည်။ ကျန်းမာရေးကောင်းပါမှ အရိယာဝိဇ္ဇာလမ်းကို ပေါက်မြောက်အောင် အားထုတ်နိုင်မာဖြစ်ပါသည်။

နောက်အရေးကြီးသော အချက်တစ်ခု ရှိနေပါသေးသည်။ ထို အချက်မှာ မည်သည့်အစာ၊ အာဟာရကိုပင် စားသောက်သည်ဖြစ်စေ၊ ဝမ်းဗိုက်တွင် အန္တရာယ်မပေးဘဲ၊ ခန္ဓာကိုယ်တွင် ဒုက္ခမပေးဘဲ စား သောက်လိုက်တိုင်းသော အစာ၊ အာဟာရသည် အလွယ်တကူ ကျေညက် လွယ်သော အစာအိမ်။ မည်သည့်အစာ အာဟာရမဆို လွယ်ကူစွာ ချေ ဖျက်၊ ကျေညက်စေနိုင်သော ပါစကဝမ်းမီး ရှိနေစေဖို့သည် အလွန် အရေး ကြီးလှပါသည်။ အချို့အစာအိမ်နှင့်အစာ ချေဖျက်နိုင်သော ပါစက ဝမ်းမီးသည် အစာအာဟာရအား မီးဖြင့်ကျက်အောင်ချက်ပြီးမှ စား သောက်တာကို လိုလားတ်၏။

ထိုအခါ မည်သည့်ရောဂါမှ မရရှိနိုင်ပေ။ ထိုသို့မဟုတ်ဘဲ အစာ အာဟာရများကို အရှိကိုအရှိအတိုင်း၊ အစိမ်းကို အစိမ်းအတိုင်း စား သောက်ပါက ဝမ်းတွင်းရှိ ပါစကဝမ်းမီးသည် မတောက်နိုင်တော့ဘဲ၊ မချေဖျက်နိုင်တော့ဘဲ၊ အစာမကြေသောရောဂါ၊ ဝမ်းဗိုက်ရောဂါကို ရရှိစေတော့တ်၏။ ထိုအခါ အစာအိမ်ရောဂါသည် ဖြစ်ပေါ်လာလေ တော့တ်၏။ ပါစကဝမ်းမီးမကောင်းလျှင်၊ အားမရှိလျှင် စားသမျှ အစာ အာဟာရတို့သည် မကျေညက်နိုင်ခြင်းတို့ကြောင့် အစာမကြေရောဂါ၊ အစာအိမ်ရောဂါများ ရရှိလာစေပါသည်။ နောက်ကြာလာခဲ့ပါလျှင် မိမိသည် အရိယာဝိဇ္ဇာလမ်းကို အားမထုတ်နိုင်တော့ဘဲ မိမိမှာ ရရှိထား သော အစာအိမ်ရောဂါကို ကုသနေရသည်နှင့် အချိန်များ ကုန်လွန်ရ တော့တ်၏။

အရိယာဝိဇ္ဇာလမ်းကို အောင်မြင်အောင် ကြိုးစားလျက်ရှိနေ သော ပုဂ္ဂိုလ်များသည် မိမိ၌ရှိသော ပါစက ဝမ်းမီးကို ကောင်းသထက် ကောင်းအောင် ပိုမိုဂရုစိုက်သင့်သည်ဟု ဆိုလိုပါသည်။

မှတ်ချက်။ ရှေးရှေးသော ရသေ့သုတေ်စင်များ၊ အရိယာ သုတေ်ကောင်းများသည် ဟိမဝန္တာအစရှိသော လူ သူမနီး၊ တောတောင်များတွင် နေထိုင်သီတင်းသုံး၍ သမထတရား၊ ဝိပဿနာတရားများကို ပွားများ အား

ထုတ်ကြရာ၌ တောတောင်ထဲတွင် လှည့်လည်၍ သစ်သီးများကို ရှာဖွေကာ ရေနှင့်ဆေးကြော်ပြီးလျှင် ဤနည်းအတိုင်း စားသုံးကြရကုန်၏။ မီးနှင့်ကျီစျက်၊ ကြော်၊ လှော်၍ မစားကြချေ။

ဗဟုကိစ္စများသော အလုပ်တို့ကိုလည်း ရှောင်ရှားကြလေကုန်၏။ ထိုသို့ သစ်သီးများကို စားသောက်ရာ၌ ကြာလသည်နှင့်အမျှ ခန္ဓာကိုယ်တွင်း ပါစကဝမ်းမီးသည်။ ညှဉ်လာရတော့၏။ ထိုအခါဝိုက်ရောဂါ၊ ဝိုက်နာရောဂါ၊ လေရောဂါ၊ လေနာရောဂါ၊ လေချွဲပ်၊ ဓာတ်ချွဲပ်သောရောဂါ၊ အစာအိမ်အနာရောဂါများ၊ အစာအိမ်မကောင်းသော ရောဂါများ ရရှိလာကြကုန်တော့၏။

ထိုအခါ ဟိမဝန္တာတော၊ တောင်အရပ်တို့တွင် နေထိုင်သီတင်းသုံး၍ နေကြပေကုန်သော ရဟန်း၊ ရသေ့၊ သူတော်ကောင်းတို့ တောတောင်ထဲတွင် ကွင်းတက်များကိုရှာဖွေပြီး ပါးပါးလှီး၍ ဆားများနှင့်နယ်ပြီး မိမိသီတင်းသုံးရာ ကျောင်းအမိုးပေါ်တွင်လည်းကောင်း၊ တစ်ဘက်ရပ်အမိုးပေါ်တွင်လည်းကောင်း နေလှန်းထားတတ်ကြကုန်၏။ ဆားကိုမူတောထဲ၊ တောင်ထဲမှာပင် ကြခတ်ဝါးရွက်များကို ပြာချ၍ ဆားချက်ထားရသည်ဟု ဆိုကြပါသည်။

ထို့နောက် နေ့စဉ်နေ့တိုင်း တောထဲ၊ တောင်ထဲနေ ရသေ့၊ ရဟန်း၊ သူတော်ကောင်းတို့သည် သစ်သီးများအပါအဝင် တစ်ခုခုကို ဘုဉ်းပေးသုံးဆောင်၍ စားသောက်ပြီးတိုင်း ထိုနေလှန်းထားသော ကွင်းပြားသုံးလေးပြားခန့်ကိုယူ၍ ဝါးစားသုံးဆောင်ပြီး ရေသောက်ပေး ရှည်ဖြင့်နောက်နောင် ဝမ်းဗိုက်နှင့်ပတ်သက်သော ရောဂါများ၊ အစာအိမ်နှင့်ပတ်သက်သောရောဂါများ၊ လေနာ၊ လေငန်းနာ၊ ရင်နာ၊ ရင် ဘတ်နာရောဂါများ၊ အစာမကြေရောဂါများ၊ လေချွဲပ်၊ ဆီးချွဲပ်၊ ဓာတ်ချွဲပ်ရောဂါများ လုံးဝမရှိစေတော့ဘဲ ဘာစားစား၊ ဘာပဲ ဘုဉ်းပေး ဘုဉ်းပေး

ဘာပဲ သုံးဆောင်သုံးဆောင် အစာမကြေဘူးဆိုတာ မရှိတော့ဘဲ ကျန်းမာရေး အထူးကောင်းမွန်နေလေတော့၏။

ထိုသို့ကျန်းမာရေးအထူးကောင်းနေပါမှ တရားခမ်းမှားကို စိတ်ခုန်းသာစွာ၊ ကိုယ်ကျန်းမာစွာ အားထုတ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း။

အချို့အချို့သော ပုဂ္ဂိုလ်တို့သည် ဝိရာဓိရှိလမ်းများ အပါအဝင် အရိယာဝိရာလမ်းကို တက်လှမ်း၍ ကြိုးစားအားထုတ်ရာ၌ ပထမဦးစွာ အာရောဂျသိဒ္ဓိ အနာရောဂါမှန်သမျှသည် မိမိ၏ခန္ဓာကိုယ်တွင် လုံးဝ မကပ်ငြိစေဘဲ၊ အမြဲထာဝရ ရာသက်ပန်ရောဂါဝေဒနာ မှန်သမျှ ကင်းဝေးပယောက်နေစေသော အာရောဂျသိဒ္ဓိကို အောင်မြင်ပြီးစီးအောင် ဖြတ်လမ်းမှလိုက်၍ အားထုတ်ဆောင်ရွက်ကြရကုန်၏။ ထို့အတူ အာရောဂျ သိဒ္ဓိအရ အနာရောဂါကင်းဝေးတာတော့ ဟုတ်ပါရဲ့၊ မှန်ပါရဲ့ အားထုတ်မည်ဟု ကြံစည်ကာရှိသေး၏။ အသက်ကတို့၍ အမြန်ဆုံး သေပွဲဝင်ရတာဆိုပြန်လျှင်လည်း မကိုက်ညီလှသေးပေ။

ထို့ကြောင့် အနာရောဂါလည်း ကင်းဝေးပြီး အသက်လည်း ရှည်လျားနေရရန်အတွက် အာရောဂျသိဒ္ဓိနှင့်အာယုသိဒ္ဓိတို့ကိုတွဲ၍ အောင်မြင်အောင် ဖြတ်လမ်းနည်းဖြင့် ကြိုးစားအားထုတ်ကြလေကုန်၏။ ထိုသို့လျှင် အာရောဂျသိဒ္ဓိ၊ အာယုသိဒ္ဓိ (၂)မျိုးစလုံးတို့ကို အောင်မြင်ပြီး စီးသွားပြီဆိုပါမှ မိမိသည် အခြားအခြားသော ဝိရာလမ်းတို့ကို လည်းကောင်း၊ အရိယာဝိရာလမ်းတို့ကိုလည်းကောင်း၊ ပေါက်မြောက်အောင်၊ ပြီးစီးအောင် စိတ်အေးလက်အေး ကြိုးစားအားထုတ်ရလေတော့၏။

အာရောဂျသိဒ္ဓိ၊ အာယုသိဒ္ဓိများ၏ ရှမ်းအားကြောင့် ကြားကာလတွင် ခဏခဏမသေဘဲ အသက်ကိုရှည်ကြာအောင် ဆွဲဆန့်ထား၍ အရိယာဝိရာလမ်း၊ လောကီယဝိရာလမ်း၊ ဝန္ဓာဝိဝိရာလမ်းများကို အားသွန်မှန်မှိုက် အားထုတ်လေတော့၏။

မည်သည့်နည်း၊ မည်သည့်လမ်းစဉ်အတိုင်းပင်၊ ပိဋကတ်တိုင်း

ကျ၊ အားထုတ်ခွင့်ရှိပါသည်။ ထိုသို့ အားထုတ်ရာ၌မူ ဤပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့် ညီညွတ်အောင်သာ ပွားများအားထုတ်ရပါမည်။ ဤပဓာနိယင်္ဂ အင်္ဂါ (၅)ပါးနှင့်မညီညွတ်ပါက၊ မကိုက်ညီပါက မိမိအားထုတ်နေသော လမ်းစဉ်ကို ပေါက်မြောက်အောင် အားထုတ်နိုင်စွမ်း မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် ပဓာနိယင်္ဂအင်္ဂါ (၅)ပါးနှင့် ညီညွတ်အောင် ကျင့်ဆောင် ပွားများ ကြပါလေ။

(၃) လိမ်လည်လှည့်ဖြားကောက်ကျစ်စဉ်းလဲမှုမရှိဘဲ ရိုးသားဖြောင့်မတ်ရမည်ဟုဆိုရာ၌လည်း မိဘနှစ်ပါးက ခိုးဆိုးတတ်လာခြင်းကြောင့် မိမိသည် သူခိုးဖြစ်ရခြင်းမျိုးများရှိသလို အမေ၊ အဖေ မွေးတုန်းက အကောင်းပဲ၊ ကြီးလာမှ သူခိုးဖြစ်တာမျိုး လောကမှာ မြောက်မြားစွာတွေ့မြင် ရနိုင်ပါသည်။ မည်သည့်နည်းနှင့်ပင်ဖြစ်စေ၊ လောကလူသားအားလုံးတို့သည် မိမိပတ်ဝန်းကျင်၊ မိမိအသိုင်းအဝိုင်း တို့တွင် ဝုဒ္ဓဘာသာ၊ မြန်မာလူမျိုးများ ဖြစ်ကြသည်နှင့်အညီ ဘုရား၊ တရား၊ သံဃာ၊ ရတနာ (၃)ပါးတို့နှင့် အနီးကပ်ထိတွေ့ရာ နေရာများတွင် နေထိုင်ကြီးပြင်းလာခဲ့ရခြင်း၊ ဒါနအမှု၊ သီလအမှုများကြားတွင် နားရည်ဝ၍ ကြီးပြင်းလာခဲ့ရခြင်း၊ ဆရာသမားများ၊ ပိဘများကြားတွင် ကြီးပြင်းလာ ခဲ့ရပြီးလူကြီးသူမ၊ ဆရာသမားများ၊ မိဘများ၏ ဆိုဆုံးမမှု၊ ပဲ့ပြင် သွန်သင်မှုအောက်တွင် ကြီးပြင်းလာရမည်ဆိုပါလျှင် အကျင့်စာရိတ္တ ကောင်းမွန်ခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း ရှိလာပေလိမ့်မည်။

မကောင်းသောအသိုင်းကြားထဲမှာ ကြီးပြင်းလာရခြင်း၊ ကြမ်းတမ်း ရိုင်းစိုင်းသော ပတ်ဝန်းကျင်မှာ ကြီးပြင်းလာရခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးမရှိ၊ သာသနာမရှိ၊ ဘာသာမရှိ၊ သွန်သင်ဆုံးမတတ်သော ဆရာသမားကောင်း၊ မိဘကောင်းအနီးအနားမှာ မဟုတ်ဘဲ ကြီးပြင်းလာခဲ့လျှင်လည်း မိမိသည် ငယ်ငယ်ရွယ်ရွယ်၌ပင်လျှင် ခိုးတတ်သည်၊ လိမ်ညာတတ်သည်၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတတ်သည်၊ မယဉ်ကျေး၊ မသိမ်မွေ့၊ အနေအထိုင်၊ အသွားအလာကစ၍ ရိုင်းပျနေတာ၊ ရိုင်းစိုင်းနေတာများကို ပြင်တတ်ရန်ခဲပါသည်။

ထိုမကောင်းသော အကျင့်ဆိုးများကို ပယ်၍၊ ဖျောက်၍ မိမိကိုယ်ကို သူတော်ကောင်းဖြစ်အောင် ထိန်းသိမ်းခြင်း၊ လိမ္မာယဉ်ကျေးအောင် သိမ်မွေ့နူးညံ့အောင် နေထိုင်ကျင့်ဆောင်ခြင်း၊ ဆရာသမားများ၊ လူကြီးမိဘများ၊ ဆရာတော်၊ သံဃာတော်များ ဆိုဆုံးမရာကို လိုက်နာကျင့်သုံးခြင်းဖြင့် မိမိသည် လူတော်လူကောင်းတစ်ယောက်စေ နှိုင်ပြီး ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ နေတတ်၊ ထိုင်တတ်၊ စားတတ်၊ သောက်တတ်၊ ပြောတတ်၊ ဆိုတတ်သော သူတော်ကောင်းတစ်ယောက် ဖြစ်လာစေနိုင်ပါသည်။ ထိုအခါ မိမိ၏ဘဝတစ်သက်တာလုံးတွင်ပင် မည်သည့်တရားသည် အကုသိုလ်၊ ဒုစရိုက်တရားဖြစ်သည်ကို လည်းကောင်း၊ မည်သည့်တရားသည် ကုသိုလ်၊ သုစရိုက်တရားဖြစ်သည်တို့ကို လည်းကောင်း လေ့လာခြင်း၊ မှတ်သားခြင်း၊ နာယူခြင်းကို ပြုစေ၍ ထိုအချိန်၊ ထိုအခါမှစတင်ကာ၊ မကောင်းသောအကျင့်၊ မကောင်းသောအယူဝါဒ၊ မကောင်းသောလမ်းစဉ် တို့ကိုလည်းကောင်း၊ အကုသိုလ်၊ ဒုစရိုက်ဖြစ်မည့်အပြုအမူ၊ အနေအထိုင်၊ အကျင့်စရိုက်တို့ကိုလည်းကောင်း ပယ်သတ်နိုင်ရပါမည်။

ထို့အတူ ကောင်းသော အကျင့်၊ ကောင်းသော အယူဝါဒ၊ ကောင်းမြတ်သောအတွေးအခေါ်၊ အယူအဆများနှင့်တကွ ကုသိုလ်သုစရိုက် မှားများလာနိုင်မည့် အပြုအမူ၊ အနေအထိုင်၊ အကျင့်စရိုက် တို့ကို လည်း ကုသိုလ်တရား များနိုင်သမျှ ရရှိနိုင်အောင် ကြိုးစားမှားများအားထုတ် ကြရာ၏။ ဤသို့လျှင် ဂိုးသား၍ အကျင့် စာရိတ္တ ကောင်းသော ဖြောင့်မတ်သည့် ပုဂ္ဂိုလ်မျိုးတို့သည်သာလျှင် မိမိတို့ကျင့်ကြံ အားထုတ်နေသော အရိယာ စိဇ္ဈာလမ်းကြီးကို ပေါက်မြောက်ပြီးစီးအောင် ကျင့်ဆောင် မှားများအားထုတ်နိုင်လိမ့်မည်ဟု မှတ်သားကြကုန်ရာ၏။

ထို့ကြောင့် သူတော်ကောင်းအရိယာဝိဇ္ဈာဓိရိလမ်းကို မှားများအားထုတ်လိုသော ပုဂ္ဂိုလ်များသည် ဂိုးသားရမည်။ ဖြောင့်မတ်ရမည်။ လိမ်ညာခြင်း၊ လှည့်ပတ်ခြင်း၊ ဖြားယောင်းခြင်း၊ ပရိယာယ်များပြားခြင်း၊ ကွဲကောက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်းမရှိစေရပါ။ ထို့ကြောင့်

မှန်မှန်ကန်ကန် သိနေစေရမည်။ မှန်မှန်ကန်ကန် ဝန်ခံပြောကြားရဲရမည်။ မှန်မှန်ကန်ကန် တွေးခေါ် ဆုံးဖြတ်နိုင်ရမည်။ မှန်မှန်ကန်ကန် ကြိုးစားအားထုတ် ရဲရပါမည်။ ထိုအရိယဝိန္ဒာလမ်းကြောင်းထဲသို့ လှုလိမ်လှည့်ပတ်မှုများ၊ လှုပ်လှုံလှုံလေမှုများ၊ မနိုးဖြောင့်သူများ၊ ကောက်ကျစ် စဉ်းလဲသူများ ဝင်လာခဲ့ပါက -

(၁) မက် မရခဲ့သည်ကို မက်ရပြီဟု လိမ်ညာတတ်လာခြင်း။
(၂) ဖိုလ်မရသည်ကို ဖိုလ်ရပြီဟု လိမ်ညာတတ်လာခြင်း။
(၃) သမာဓိ မရခဲ့သည်ကို သမာဓိရလာပြီဟု လိမ်ညာတတ်ခြင်း။
(၄) စွာန်မရခဲ့သည်ကို စွာန်ရပြီဟု လိမ်ညာတတ်ခြင်း။
(၅) နိမိတ်မရသည်ကို နိမိတ်ရပြီဟု လိမ်ညာတတ်ခြင်း။

မဟုတ်တာများကို အဟုတ်လုပ်လာတတ်ခြင်း၊ ကောင်းတာကို မကောင်းပါဟု လိမ်ညာတတ်လာခြင်း၊ မမှန်တာကို မှန်ပါတယ်ဟု လိမ်ညာတတ်ခြင်းများ ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် အရိယာဝိန္ဒာ လမ်းကြောင်းကို အောင်မြင်ပြီးစီးအောင် ကျင့်ကြံပွားများအားထုတ်လိုသော ပုဂ္ဂိုလ်များသည် နိုးသားဖို့လိုအပ်သည်။ ဖြောင့်မတ်ဖို့လိုအပ်ပါသည်။ နိုးနိုးသားသား ဝန်ခံရဲသည့်သတ္တိ၊ အပိုအလိုမပါဝင်ဘဲ အဖြစ်ကို အဖြစ်အတိုင်း၊ အနှိုက်အဒိုအတိုင်း၊ အမှန်ကို အမှန်အတိုင်း ကြိုးစားအားထုတ်ရဲသည့် သတ္တိသည် အရိယာဝိန္ဒာလမ်းကြောင်းတွင် အထူးလိုအပ်လှသည်ဟု သိမှတ်ကြရာ၏။

ထိုအရိယာဝိန္ဒာလမ်းကြောင်းကို အားထုတ်ကြရာ၌ ကမ္မဋ္ဌာနစရိယအကြွေက်လိုက်လုပ်တာမျိုး၊ အားထုတ်နေသော ပုဂ္ဂိုလ်အများ၏ အကြွေက်ကို လိုက်ပြောဆိုတာမျိုးမရှိဘဲ မှန်ကန်ရာကိုသာ ပြောဆိုဖို့ အရေးကြီးလှပါသည်။

(၄) မဟုတ်မရိုဘဲ တက်တက်ကြွကြွ အားထုတ်ဖို့ (၀၁) အားထုတ်ရမည်ဟုဆိုရာ၌ အလုပ်တစ်ခုသည် ပေါ့ပေါ့တန်တန် အလုပ်လုပ်၏ မပြီး

နိုင်ပါ။ ပေါ့ပေါ့ဆဆ အလုပ်လုပ်၍ ရအပ်သော အောင်ငွေသည် လည်း သိပ်အရေးမပါလှပါ။ ထိုက်ထိုက်တန်တန် ကြိုးစား၍ ရအပ်သော အလုပ်၊ ဂရုတစိုက်ကြိုးစား၍ ရအပ်သောအကျိုးသည် ကောင်းကျိုးချမ်းသာ မင်္ဂလာသုခမျိုးကို အရိယာသူတော်ကောင်းတို့ ပညာရှိသုခမိန်တို့ ကောင်း ချီး ပေးကြပေကုန်၏။ အောင်တော့အောင်မြင်ချင်တယ်။ ပီပြင်အောင် မကြိုးစားတာမျိုး၊ အားမထုတ်တာမျိုးရှိနေသရွေ့ အောင်မြင်မှု ရရှိလာ မှာမဟုတ်ပေ။ လောကဥပမာအားဖြင့် ဆယ်တန်းစာမေးပွဲ အောင်မြင် တာသည် ထိုစာမေးပွဲဖြေဆိုရာတွင် ဂရုတစိုက်ဖြေဆိုခြင်း၊ တက် တက်ကြွကြွ ဖြေဆိုခြင်း၊ ကြိုးစား၍ ဖြေဆိုခြင်းတို့ကြောင့် အထစ် အငေါ့ အခက်အခဲများကို ကျော်လွှားစေပြီး ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့သည်ဟု ဆိုလိုပါသည်။ ထို့အတူ တက္ကသိုလ်နောက်ဆုံးနှစ် ကို အောင်မြင်၍ ဘွဲ့ရသည်ဟုဆိုရာမှာလည်း ထိုတက္ကသိုလ် နောက်ဆုံး နှစ်ကို ခက်ခက်ခဲခဲ ဖြေဆိုရခြင်း၊ တက်တက်ကြွကြွ ကြိုးစား၍ ဖြေဆို ရခြင်း၊ ဂရုတစိုက်စိတ်ဝင်တစား ဖြေဆိုခဲ့ရခြင်းတို့ကြောင့် တက္ကသိုလ် နောက်ဆုံးနှစ်ကို အောင်မြင်ရသည်ဟု ဆိုအပ်လေသည်။

ထို့ကြောင့် မည်သည့်ကိစ္စ၊ အကြောင်းအရာမဟု ကြိုးစားအား ထုတ်ခြင်းဖြင့် အောင်မြင်တာ၊ ဂရုတစိုက်အားထုတ်ခြင်းဖြင့် အောင်မြင် တာမျိုးဖြစ်ပါသည်။ ပေ့ါညံ့သောပုဂ္ဂိုလ်များ၊ ပျင်းသောပုဂ္ဂိုလ်များ၊ ဝီရိယနည်းသော ပုဂ္ဂိုလ်တို့၏အရာသည် အချဉ်းသာဟု မှတ်ထင်ရပြီး ပြင်း ပြင်းထန်ထန် ကြိုးစားအားထုတ်ခြင်း၊ ဂရုတစိုက်ကြိုးစား အားထုတ်ခြင်း ကြောင့် ဝီရိယအားကောင်းသော ပုဂ္ဂိုလ်တို့၏အရာသည် အောင်မြင် မှုသာ ဖြစ်ပေါ်ရာ၏။

ထို့ကြောင့်ပျင်းရိခြင်း၊ ရေသာခိုခြင်း၊ အချိန်ဆွဲနေခြင်းသည် ကောင်းသောအရာ မဟုတ်ပါပေ။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဗုဒ္ဓဘုရား ဖြစ်စေရန်အတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ တစ်ဆယ့်ခြောက်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့် ဆည်း၍ တက်တက်ကြွကြွ ဇွဲလုံ့လ ဥဿဟဖြင့် တစ်ဖြောင့်တည်း ကြိုး

စားအားထုတ်လာခဲ့၍ သာလျှင် ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက် တော်မူခဲ့ပေ၏။ ထို့နောက် ပစ္စေကဗုဒ္ဓါများ၊ အဂ္ဂသာဝကများ၊ မဟာ သာဝကများသည်လည်း နှစ်သန်းခန့်နှင့် ကမ္ဘာတစ်သိန်း၊ နှစ်သန်း၌၊ တစ်သန်းခန့်နှင့် ကမ္ဘာတစ်သိန်း၊ တစ်သန်းစသည်ဖြင့် ပါရမီဖြည့်၍ ကြိုးစားမှု၊ ဝီရိယ ခွဲဖြင့် အားထုတ်လာခဲ့၍ သာလျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူကြပေ၏။ မကြိုးစားဘဲ အားမထုတ်ဘဲ ပျင်းရိနေလို့ကတော့ ဘာတစ်ခုမှာ ဖြစ်လာမှာမဟုတ်ကြောင်း အထူးသတိပြု သင့်ပါ၏။ အချို့တရား အားထုတ်သောဌာနများတွင် လည်းကောင်း၊ တရားရိပ်သာအချို့တို့တွင် လည်းကောင်း၊ ရေသာခို၊ လေ့ကြုံစီးသော ပုဂ္ဂိုလ်များ ရှိနေတတ်ပါသည်။ အများအပြားလည်း တွေ့ခဲ့ဖူး၏။ အမှန်တကယ်အားထုတ်သော ပုဂ္ဂိုလ်က အလင်းရောင်တွေ့ပါတယ်ဟု ကမ္မဋ္ဌာနစရိယကို လျှောက်ထားလျှင် ဒါကိုမှတ်ထားပြီး မိမိအလှည့်သို့ ရောက်သောအခါ မိမိလည်း အလင်းတန်းကို တွေ့တာမျိုး၊ ပုံတူရိုက်တာမျိုးများလည်း အများအပြား တွေ့ရတတ်ပါသည်။

ဤတွင် ပထမပုဂ္ဂိုလ်သည် အမှန်တကယ်ကြိုးစား၍၊ အားထုတ်၍ ရလာသော အလင်းနိမိတ်ဟုခေါ်ပါသည်။ နောက်ပုဂ္ဂိုလ်သည် ဘာမျှ အားမထုတ်ဘဲ အနေချောင်ရန်အတွက် ပထမပုဂ္ဂိုလ်အတိုင်း သံယောင်လိုက်ပြီး ဖြေနေတာမျိုးဖြစ်ပါသည်။ ထို့အတူ ကမ္မဋ္ဌာနစရိယရှေ့တွင် စစ်ဆေးရာ၌ အမှန်တကယ် အားထုတ်ကြိုးစားသော ပုဂ္ဂိုလ်က နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိလာသည်ဖြစ်၍ ကမ္မဋ္ဌာနာစရိယရှေ့တွင် အားပါးတရ ဝမ်းသာအားရလျှောက်ထားနေ၏။ ထိုအခါ နောက်လူတစ်ယောက် အလှည့်ရောက်သည့်အခါ ပထမပုဂ္ဂိုလ်အားပါးတရ လျှောက်ထားသွားသည့်သဘောအတိုင်းပင်သူလည်း နာမရူပ ပရိစ္ဆေဒဉာဏ် ကိုရနေသယောင် လျှောက်ထားသွားတတ်ကြပါသည်။

တရားအားထုတ်ရာမှာပင်၊ ကမ္မဋ္ဌာန်းတရားအားထုတ်ရာမှာပင် ဤလိုမရိုးမသားကိစ္စမျိုး၊ လိမ်ညာသောကိစ္စမျိုး၊ ရေသာခို၊ လေ့ကြုံစီး အပျင်းထူနေပြီး မကြိုးစား၊ အားမထုတ်သော ပုဂ္ဂိုလ်များအပြား တွေ့ရ

ဖူးခဲ့လေပြီ။ ထို့ကြောင့် မည်သည့်ပုဂ္ဂိုလ်ပင်မဆို၊ မိမိတက်လှမ်း လိုသော အရိယာဝိဇ္ဇာပန်းတိုင်အား မရောက်ရောက်အောင် ဝိရိယဖိုလ်ကို လက်ကိုင်ထား၍ အထူးကြိုးစား အားထုတ်သင့်သည်ဟု တိုက်တွန်းအပ်ပါသည်။

မကြိုးစားဘဲ မည်သည့်ခရီးမှမတွင်း
အားမထုတ်ဘဲ မည်သည့်ပန်းတိုင်မှ မရောက်နိုင်ဟု မှတ်သားနိုင်ကြပါလေ။

ထို့ထက်လွန်ကဲ၍ အရိယာဝိဇ္ဇာလမ်းအပါအဝင် မဂ်လမ်း၊ ဖိုလ်လမ်း၊ နိဗ္ဗာန်လမ်းပေါက်အောင် အားထုတ်ရာ၌မူ အနိုးကျေကျေ၊ အရေစုတ်စုတ်၊ နောက်မဆုတ်တမ်း သေလွှင်လည်း မြေကြီး၊ ရှင်လွှင်လည်း ရွှေထီးသဘောမျိုး အထူးခွဲသန်သော ကြိုးစားမှု ဝိရိယမျိုးဖြင့် အားသွန်ခွန်စိုက် အားထုတ်သင့်လှ၏ဟု မှတ်ယူကြပါလေ။

မည်သည့်ကိစ္စမဟူ ဝိရိယကိုနောက်မဆုတ်စေနှင့်၊ မည်သည့်ကိစ္စမဟူ ဝိရိယကို လျော့မတွက်မိစေနှင့်။ မည်သည့် ကိစ္စမဟူ ဝိရိယကိုအားပြုပါ။ ထိုအခါ အောင်မြင်မှုပန်းတိုင်သည် အလိုအလျောက် မိမိအနီးသို့ ရောက်ရှိလာလတ္တံ့ ဟုမှတ်ယူပါလေ။

(၅) ထံုထိုင်းမနေဘဲ သွက်လက်သော ဉာဏ်ကောင်းသူဖြစ်ရမည်ဟု ဆိုရာ၌လည်း ထိုင်းမှိုင်းသောသူ၊ လေးလံသောသူ၊ တွေဝေနေသော သူမဖြစ်ရေးငှာပါ။ တွေဝေခြင်း၊ လေးလံခြင်း၊ ထိုင်းမှိုင်းခြင်းသည် ကောင်းသောအလှမဟုတ်သင့်ပါ။ မြန်မာစကားပုံတစ်ခုရှိပါသည်။ ထိုစကားပုံမှာ တစ်ထွာပြလျှင် တစ်တောင်မြင်သည် ဟူသောစကားပုံ ဖြစ်ပါသည်။ ထိုစကားပုံအတိုင်း ပိပိမာရှိသော ဉာဏ်သည် ဖွတ်လတ်နေရမည်။ ဉာဏ်သည်သွက်လက်နေရမည်။ ပိပိ၏ဆရာသမားကဖြစ်စေ၊ ပိပိ၏ ကမ္မဋ္ဌာန်းဝိရိယမှ ဖြစ်ပေး၊ ဆရာလုပ်သူက တစ်ထွာပြလာခဲ့ပါလျှင် တပည့်လုပ်သူက တစ်တောင်တစ်လန်မြင်တာမျိုး၊ သိနိုင်သော ဉာဏ်မျိုးကို အလိုရှိအပ်ပါသည်။

(က) ဆွံ့အ နားမကြားသောပုဂ္ဂိုလ်များ။
(ခ) ဦးနှောက်မမှန်သော ပုဂ္ဂိုလ်များ။
(ဂ) စကားထစ်လွန်း၍ စိတ်မှုမမှန်သော ပုဂ္ဂိုလ်များ။
(ဃ) ဝက်ရူး၊ ကြက်ရူး၊ ခဏခဏ တက်တတ်သော ဟိုက်လ်များ။
(င) လေဇန်းရောဂါရရှိထားပြီး အာရုံကြောမမှန်သော ပုဂ္ဂိုလ်များ။
(စ) မွေးရာပါ စာသင်မရနိုင်သူ၊ ပညာသင်၍ မတတ်နိုင်သူများ။

ဤ(၆)မျိုးစလုံးသည် အရိယာဝိဇ္ဇာလမ်းကိုလည်းကောင်း၊ တစ်မက်၊ တစ်ဖိုလ်ရရန်လည်းကောင်း မလွယ်ကူလှသော ပုဂ္ဂိုလ်များဖြစ်ကြပါသည်။ မဖြစ်နိုင်သော ပုဂ္ဂိုလ်များဟုလည်း သတ်မှတ်၍ရပါသည်။ ဘေးကျပ်နံကျပ်၊ အလွန်ခက်ခဲနိုင်သော ပုဂ္ဂိုလ်များဟုလည်းခေါ်၍ ရနိုင်ပါသည်။

ထို့ကြောင့် **ဝိရိယ၊ ဉာဏ်၊ မကုပြန်၊ ရှေးကံမပွင့်လင်း** ဟူသော ဆောင်ပုဒ်လက်ဘရ ကြိုးစားမှု၊ ဝိရိယကလည်း အားကောင်းနေရမည်။ သွက်လက်ချက်ချာသော ဉာဏ်ပညာလည်းရှိစေရမည်။ သို့မှသာလျှင် ဘဝပေါင်းအနန္တ၊ ကမ္ဘာပေါင်းအနန္တမှ ပြည့်ဆည်းခဲ့ရသော ဆည်းပူးခဲ့ရသော ပါရမီများ၊ မဟာကုသိုလ်ကံများသည် အကျိုးပေး၊ ပွင့်လင်း လာလိမ့်မည်ဟု ဆိုလိုပါသည်။

ထို့ကြောင့် ဘဝပေါင်းအနန္တ၊ ကမ္ဘာပေါင်းအနန္တ အားထုတ်ခဲ့ရသော ပါရမီများ၊ ကုသိုလ်ကံများ ပွင့်လင်းလာဖို့အတွက်၊ အကျိုးပေးလာဖို့အတွက် ကြိုးစားမှုဝိရိယနှင့် ဉာဏ်ပညာ ထိုနှစ်မျိုးတို့ ပေါင်းစပ်ပြီး အားသွန်ခွန်စိုက် ကြိုးစားအားထုတ်လာပါမှ ကံပါရမီများ၊ ကုသိုလ်အကျိုးထူးတရားများ၊ ထွန်းလင်းတောက်ပ လာပေလိမ့်မည်ဟု ဆိုလိုပါသည်။ ဘဝပေါင်းအနန္တ၊ ကမ္ဘာပေါင်းအနန္တ၊ အားထုတ်ဆည်းပူးခဲ့သော ကံပါရမီ၊ ကုသိုလ်ပါရမီတို့ကြောင့် တိဟိတ်ဥက္ကဋ္ဌဘဝမျိုးကို ရရှိကာ သမထအရာတွင် နိမိတ်ထင်နိုင်ခြင်း၊ နိမိတ်မြင်နိုင်ခြင်းတည်းဟူသော

ဉာဏ်၊ ဝိပဿနာတရားတွင် ဖြစ်ပျက်တရားကို သိမြင်နိုင်သော ဝိပဿနာဉာဏ်မျိုး ရှိစေရပါမည်။ ထိုသို့ ဝိပဿနာတရားတွင် ရုပ်နာမ်တရားတို့အား ဖြစ်မှု၊ ပျက်မှုတို့ကိုသိမြင်ခြင်း၊ ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ပေါ်မှု၊ ရုပ်တရား၊ နာမ်တရားတို့၏ ချုပ်ပျက်မှုများကို ထိုးထွင်း၍ သိမြင်နိုင်သော ဉာဏ်မျိုးရှိထားရမည်ဟု ဆိုလိုသည်။ **တစ်ထွာပြလို့ လည်းနား မလည်၊ တစ်တောင်ပြလို့လည်းနားမလည်၊ တစ်လဲပြလို့လည်းနား မလည်နိုင်သည့်ဘဝမျိုး၊ ထို့အတူ တစ်ထွာပြလို့လည်း ဉာဏ်မမီ၊ တစ်တောင်ပြလို့လည်း ဉာဏ် မမီ၊ တစ်လဲပြလို့ ဉာဏ်မမီခဲ့ပါလျှင် ယခုဘဝ၊ သမာဓိရဖို့မမြင်၊ တစ်မဂ်တစ်ဖိုရ်ရ ဖို့မမြင်သည့် ဘဝမျိုး မဖြစ်ဖို့ အထူးလိုအပ်ပါသည်။**

ကသိုဏ်း(၁၀)ပါး၊ နေကသိုဏ်း၊ လကသိုဏ်းအပါအဝင်၊ သမထတရားကို ကျင့်ဆောင်ပွားများရာတွင် ဥဂ္ဃဟနိမိတ်၊ ပဋိဘာဂနိမိတ်ကို ရအောင် အားထုတ်နိုင်ဖို့ အရေးကြီးပါသည်။ ထိုဥဂ္ဃဟနိမိတ်၊ ပဋိဘာဂနိမိတ်များကို ရရှိပြီးနောက်၊ အရိယာဝိဇ္ဇာဘက်ကို တက်လှမ်းလိုပါက ဝိပဿနာတရားကို ပွားများအားထုတ်ခြင်းဖြင့် အရိယာဝိဇ္ဇာဖြစ်၍ တစ်မဂ် တစ်ဖိုလ်ရရှိပြီး နိဗ္ဗာန်ကို မှတ်မှောက်ပြုနိုင်ပေလိမ့်မည်။

အောက်ထစ်ဆုံးအနေဖြင့် ရှေးရှေးသောဘဝက အလေ့အလာနည်းခဲ့မှု၊ အားထုတ်မှုနည်းခဲ့သောကြောင့် ယခုဘဝ မဂ်၊ ဖိုလ်ကိုမရသော်လည်း **ပဋိဘာဂနိမိတ်၊ ဥပစာရ သမာဓိတရား** ကို ရရှိထားလျှင်ပင် အပါယ်(၄)ပါးမှ လွတ်မြောက်စေရာ၏ဟု ဝိသုဒ္ဓိမဂ်တွင် အထင်အရှားပြသထားခဲ့ပါသည်။ **ဥပစာရသမာဓိ ဘာဝနာပိ ကာမသုဂတိဘဝဝိဝေသံ အာဝဟတိယေဝ။** အပါယ်ဘေးမှ လွတ်မြောက်နေပါလျှင်လည်း သာသနာတော်နှင့် ကြုံကြိုက်ရကျိုး၊ လုံဖြစ်ရကျိုးနပ်လှသေး၏။ သာသနာတော်နှင့် ကြုံကြိုက်ပါလျက် လူဘဝလည်း အရတော်ပါလျက်နှင့် အပါယ်ဘဝ၊ အပါယ်ဘုံကို ကျရောက်ပါက လူဖြစ်ရကျိုးမနပ် အနှုံးကြီးနှုံးရတော့၏။

ထို့ကြောင့် အချည်းအနှီးသက်သက် နေ့၊ ရက်၊ လ၊ နှစ်တွေ ကုန်လွန်စေ၍ လူတို့ပြည်တွင် အသက်တစ်ရာရှည်ကြာရပါသော်လည်း တစ်နေ့တစ်ရက်သာ အသက်ရှည်သော သူတော်ကောင်းတို့ကိုမျှ မမီဘဲ မရှိစေအပ်ဟု ကြိုးစားမှုဝီရိယကိုတွန်းတင်၍ အရိယာဝိဇ္ဇာလမ်းကို ပွားများ အားထုတ်ကြရာ၏။

နေကသိုက်း၊ လကသိုက်းနှင့်တကွသော၊ ကသိုက်း (၁၀)ပါးတို့ကိုအားထုတ်စေ၍လည်းကောင်း၊ အာနာပါနကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်စေခြင်းဖြင့်လည်းကောင်း၊ ကာယဂတာ သတိကမ္မဋ္ဌာန်းကို ပွားများ အားထုတ်စေခြင်းဖြင့်လည်းကောင်း ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကို အဆင့်ဆင့် ရရှိလာအောင် ပိုင်ဆိုင်လာအောင် ဂရုဝေစိုက်၊ အားသွန်ခွန်စိုက် အားထုတ်ကြရာ၏။

ထိုအခါ ခဏနိုက သမာဓိ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိ တရားတို့ကိုလည်း အဆင့်ဆင့်ရရှိလာအောင်၊ တည်တန့်ခိုင်မြဲလာ အောင် ဂရုတစိုက် အားသွန်ခွန်စိုက် ကြိုးစား၍ အားထုတ်ကြရာ၏။ ထိုမှတစ်ဆင့် အရိယာဝိဇ္ဇာလမ်းကို တက်လှမ်း၍ ဝိပဿနာတရားကို ပွားများ အားထုတ်ခြင်းဖြင့် တစ်မဂ်၊ တစ်ဖိုလ်ရရှိကာ အရိယာဝိဇ္ဇာအဖြစ်နှင့် နိဗ္ဗာန်တရားကို မျက်မှောက်ပြုနိုင်လေတော့၏။

သို့မဟုတ် ထိုသို့မဟုတ်မူ၍ ကသိုက်း (၁၀)ပါး၊ အာနာ ပါန ကမ္မဋ္ဌာန်း ကာယဂတာသတိကမ္မဋ္ဌာန်းတို့ကို အဆင့်ဆင့် ပွားများအား ထုတ်လာခဲ့၍ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်တို့ကိုရရှိပြီး၊ ဥပစာရသမာဓိ၊ အပ္ပနာသမာဓိတို့ကို ရရှိပြီး အရိယာဝိဇ္ဇာလမ်း၊ ဝိပဿနာဘက်မကူးခင် သေးဘဲ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်စသည်ဖြင့် စျာန်လမ်းကို တက်လှမ်းလိုက တက်လှမ်းနိုင်သေး၏။ ထိုစျာန်တို့ကို အနုလုံ၊ ပဋိလုံ၊ အပြန်ပြန်အလှန်လှန် စျာန်ကစားပြီးနောက်မှ အရိယာဝိဇ္ဇာဘက် ကူးပြောင်း၍ ဝိပဿနာတရားတို့ကို ဖြစ်စေကာ တစ်မဂ်၊ တစ်ဖိုလ်ကိုရရှိ၍ အရိယာဝိဇ္ဇာအဖြစ် နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်လေတော့၏။

မှတ်ချက်။ ခဏိက သမာဓိတရားဖြင့် သမထမဖြစ်၊ ဝိပဿနာမဖြစ်နိုင်ပါ။

ပရိကမ္မ နိမိတ်ဖြင့် သမထမဖြစ်၊ ဝိပဿနာမဖြစ်နိုင်ပါ။

ဥဂ္ဂဟနိမိတ်ဖြင့် သမထလမ်းကို စတင်အောင်မြင်နိုင်စေသည်။

ဥပစာရသမာဓိဖြင့် သမထလမ်းကို စတင်အကောင်အထည် ဖော်နိုင်သည်။

ဥပစာရသမာဓိဖြင့် အရိယာဝိဇ္ဇာ ဝိပဿနာဘက်ကျင့်ဆောင်နိုင်ပါသည်။

အပ္ပနာသမာဓိဖြင့် သမထလမ်း စွာန်လမ်းတို့ကို ပြီးစီးနိုင်ပါသည်။

ပဋိဘာဂနိမိတ် အပ္ပနာသမာဓိဖြင့် သမထလမ်း၊ စွာန်လမ်းမှတစ်ဆင့် အရိယာဝိဇ္ဇာလမ်း၊ ဝိပဿနာလမ်းဘက်ကို ကူးပြောင်း၍ ကျင့်ဆောင်ပွားများအားထုတ်နိုင်ပါသည်။

ဤအာနာပါနကမ္မဋ္ဌာန်းအလုပ်ဆိုသည်မှာ သေးနုပ်လွန်းသော ကမ္မဋ္ဌာန်း၊ သိမ်ငယ်လွန်းသောကမ္မဋ္ဌာန်းဟု မမှတ်အပ်ပါ။ မထင်အပ်ပါ။ ဤအာနာပါနကမ္မဋ္ဌာန်းသည် အရိယာဝိဇ္ဇာလမ်းကို တစ်ဖြောင့်တည်း၊ တစ်လမ်းတည်း၊ တက်လှမ်းနိုင်သော ကမ္မဋ္ဌာန်းဖြစ်ပါသည်။ ထို့ကြောင့် ဂဂိ ဝါဋ္ဌ။ သဲစုမျှမက ပွင့်ကြအသီးသီး သပ္ပညုတဘုရားရှင်ကြီးများသည် ကြီးစားပွားများအားထုတ်ခဲ့သော ကမ္မဋ္ဌာန်းတရားဖြစ်ပါ၍ ထိုအာနာပါန ကမ္မဋ္ဌာန်းဖြင့်ပင် သပ္ပညုတဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်ကို ရောက်တော်မူကြရကုန်၏။

ထို့ကြောင့် အာနာပါန ကမ္မဋ္ဌာန်းတရားကို အထင်မသေးအပ်ပေ။ ဤအာနာပါနကမ္မဋ္ဌာန်းတရားသည် တစ်ပါးပွားများလျှင် (၄)ပါးသောတရားနှင့် ပြည့်စုံရ၏။ ငါးပါးသောတရားကို ပွားများလျှင် (၇)ပါးသောတရားနှင့် ပြည့်စုံရ၏။ (၇)ပါးသောတရားကို ဟးများလျှင် (၂)ပါး

သောတရားနှင့် ပြည့်စုံရ၏။

တစ်ပါးသောတရားကား အာနာပါန ကမ္မဋ္ဌာန်းတရားပင်ဖြစ်ပေ၏။ အာနာပါနကမ္မဋ္ဌာန်းအားထုတ်လျှင် သတိပဋ္ဌာန်တရား (၄)ပါးနှင့် ပြည့်စုံစေနိုင်၏။ သတိပဋ္ဌာန်တရား (၄)ပါးကို ပွားများလျှင် တေလျှင် (၇)ပါးနှင့် ပြည့်စုံစေတတ်၏။ တေလျှင် (၇)ပါးကို ပွားများပါလျှင် ဝိဇ္ဇာ. ဝိမုတ္တိကို ရစေနိုင်၏။ ပြည့်စုံစေနိုင်၏။

အရိယာဝင်္ဂလမ်း၊ တရားအလုပ်သည် ပေါ့ပေါ့တန်တန်မဟုတ်ပါ။ အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ စိတ်ဓာတ်ခိုင်မာ ရသည်။ ခွဲ၊ လုံ့လ၊ ဝီရိယ အပြည့်အဝ ရှိရပါသည်။ ထို ခွဲ၊ လုံ့လ၊ ဝီရိယနှင့် အားသွန်ခွန်စိုက် အားထုတ်လာခဲ့သော် ကမ္မဋ္ဌာန်းသတိပြဿ လာပါတော့၏။ တိုး၍တိုး၍ ပွားများအားထုတ်ပါ။ တစ်ဆင့်ပြီးတစ်ဆင့် ထင်ရှားလာသောအခါ ပီတိ(၅)ပါး ဆိုက်ရောက်လာတော့၏။ ခုဒ္ဒကပီတိ၊ ခဏိကပီတိ၊ ဩက္ကန္တိကပီတိ၊ ဥဗ္ဗေဂါပီတိ၊ ဖရဏာပီတိစသော ပီတိ (၅)ပါးတို့သည် ခန္ဓာကိုယ်အနံ့ ပေါ် ပေါက်လာကြတော့၏။ ပြောမယုံ၊ ကြုံဖူးမှသိဟူသော စကားအတိုင်း မိမိသည် ကမ္မဋ္ဌာန်းတရား အားထုတ်ရာမှာ အရတော်ပေစွ၊ ကံကောင်းပေစွ၊ စိတ်ချမ်းချမ်းသာသာ ရှိပေစွဟု အားရဝမ်းသာဖြစ်ပြီး၊ မိမိယခုရရှိထားသော လူဘဝအတွက် အားရကျေနပ်ခြင်း၊ အားရနှစ်သက်ခြင်း၊ ဝမ်းသာပီတိ၊ ဂွမ်းဆီထိသလို ခံစားလာရတော့၏။

ဤသို့လျှင် ကာယဂတာသတိကမ္မဋ္ဌာန်းများ၊ အာနာပါန ကမ္မဋ္ဌာန်းများ အပါအဝင်၊ နေကသိုက်၊ လကသိုက်နှင့်တကွသော ကသိုက်(၁၀)ပါး ဤတရားတို့ကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်မည့် ပုဂ္ဂိုလ်များသည် ပထမရှေးဦးစွာ သဗ္ဗတ္ထကမ္မဋ္ဌာန်းကို စတင်ပွားများ အားထုတ်ကုန်ရာ၏။ သဗ္ဗတ္ထကကမ္မဋ္ဌာန်းမှာ-

(၁) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းဘာဝနာကို (၃)ရက် အားထုတ်ရာ၏။

(၂) မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းဘာဝနာကို (၁) ရက် အားထုတ်ရာ၏။

(၃) မရဏာနုဿတိ အသုဘကမ္မဋ္ဌာန်းဘာဝနာကို (၁) ရက် အားထုတ်ရာ၏။

(၁) ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း၊
(၂) မေတ္တာ ကမ္မဋ္ဌာန်း၊
(၃) အသုဘ ကမ္မဋ္ဌာန်း၊
(၄) မရဏာနုဿတိ ကမ္မဋ္ဌာန်း၊

အရိယာဝိဇ္ဇာလမ်းကို တက်လှမ်းရန်ရည်ရွယ်၍ အာနာပါန ကမ္မဋ္ဌာန်းကြီးကို အားမထုတ်ခင်၊ မပွားများခင်၊ ဤသတ္တဝါက ကမ္မဋ္ဌာန်းကို စတင်၍ ပွားများရာ၏။ စတင်၍ အားထုတ်ကြရာ၏။ ဤသတ္တဝါက ကမ္မဋ္ဌာန်းကို (၅)ရက်တန်သည်၊ (၉) ရက်တန်သည်၊ (၁၈)ရက်တန်သည်၊ အားထုတ်ပြီးပါမှ အာနာပါန ကမ္မဋ္ဌာန်းတရားကို စတင်ပွားများ အားထုတ်ကုန်ရာ၏။

သတ္တဝါတဝှမ်းမြတ်စွာဘုရားရှင်သည် ဤအာနာပါန ကမ္မဋ္ဌာန်းတရားဖြင့် တောဓိပင်နှင့်ရွှေပုလွင်ကို အောင်တော်မူခဲ့ပါ၏။ အလုံးစုံသော သတ္တဝါတဘုရားရှင် အပေါင်းတို့သည်ပင်လျှင် ဤအာနာပါနကမ္မဋ္ဌာန်းတရားကို လက်ကိုင်ထား၍၊ လက်စွဲထား၍၊ ပွားများအားထုတ်ခြင်းဖြင့် တောဓိပင်နှင့် ရွှေပလွင်တော်မြတ်ကို အောင်တော်မူ၍ သတ္တဝါတဉာဏ်တော်ကို ရရှိတော်မူသော ကမ္မဋ္ဌာန်းတရားဖြစ်ပါ၍ ဤအာနာပါနကမ္မဋ္ဌာန်း တရားကို အားထုတ်ခွင့်ရလေစွတကားဟု ဝမ်းမြောက်ဝမ်းသာစွာ အား ထုတ်သင့်ပါသည်။

စိတ်မှာပေါ်တာသည် အာရုံ၊ အာရုံကိုသိတာသည်စိတ်။

အာရုံကိုသိမ်းဆည်း၊ စိတ်ကိုသိမ်းဆည်း၊ အာရုံနှင့်စိတ်ကို သိမ်းဆည်းပါ။ တစ်ကမ္ဘာလုံးမှာ ရှိတာသည် အာရုံနှင့်စိတ်သာ ရှိပါသည်။ ဘုံ (၃၁)ဘုံတွင် ရှိတာသည်လည်း အာရုံနှင့်စိတ်သာ ရှိပါ

သည်။ တစ်သံသရာလုံးကြည့်တတ်လျှင်လည်း အာရုံနှင့်စိတ်သာ ရှိပါသည်။ အထူးသတိပြု ကြည့်တတ်ပါစေ။ အာရုံ (၆)ပါးအနက် ဝင်လေထွက်လေကိုသာ နှာသီးဖျားလေးတွင် အာရုံစိုက်ခါ တရားထိုင်နေသော ပုဂ္ဂိုလ်သည် ဝင်လေ၊ ထွက်လေများ တိခတ်သွားသည့်နေရာကို အာရုံပြု ရှုနေရမှာဖြစ်ပါသည်။ လေသည် ဝင်တိုင်း၊ ထွက်တိုင်း သိနေရပါမည်။ ဝင်လေကြောင့် လှုပ်သွားသည်ကိုလည်းကောင်း၊ ထွက်လေကြောင့် လှုပ်သွားသည်ကိုလည်းကောင်း၊ လှုပ်တိုင်းလှုပ်တိုင်း သိနေရပါမည်။ ထိုသို့ (သိ)နေသည်ကိုပင် အာနာပါန ကမ္မဋ္ဌာန်းတရား အားထုတ်နေသည်ဟု ဆိုရပါသည်။

(သော သတော၀ အဿာသတိ၊ သတော၀ ပဿာသတိ) ဝင်လေကို ရှုပါ၊ ထွက်လေကိုရှုပါ။ ဝင်လေ၊ ထွက်လေနှစ်ပါးတို့ကို ရေတွက်ခါ၊ ရေတွက်ခါ ဖမ်းယူရမှာဖြစ်ပါသည်။ သော. . ထိုသတိရှေ့တင် အာနာပါနကမ္မဋ္ဌာန်းတရားကို ခင်မင်၍ အားထုတ်ဖွားများနေသော ပုဂ္ဂိုလ်သည် သတော၀. . . ထွက်သက်ကို ရှု၊ သတိပြု၍သာလျှင် အဿာသတိ. . ထွက်သက်လွတ်ကာ ရှုထုတ်လိုက်ရာ၏။ သတော. . ဝင်သက်ကို ရှု သတိပြု၍သာလျှင် ပဿာသတိ ဝင်သက်ရှိက်ကာ ရှုလိုက်ရာ၏ဟု ဆိုသတည်း။

လိုရင်းအချက်မှာ တရားအားထုတ်နေသော ပုဂ္ဂိုလ်သည် အသက်ရှူသောလေ ဖွက်တာ၊ ဝင်တာကို မှတ်မိနေအောင် အသက်ရှူရာတွင်(သတိထား၍) ရှူရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

မှတ်ချက်။ ဤအာနာပါနကမ္မဋ္ဌာန်းတရား၌ သီသင့်သီထိုက်သော၊ မှတ်သင့်မှတ်ထိုက်သော၊ ပွားများသင့် ပွားများထိုက်၊ အားထုတ်သင့်သော (က) ဂဏနာနည်း (ခ) အနုဗန္ဓနာနည်း (ဂ) ဋ္ဌာပနာနည်း စသော နည်း(၃)နည်းတို့၏ အားထုတ်ပုံ၊ အား ထုတ်နည်း၊ ကျင့်ပုံကျင့်နည်း၊ ပွားများပုံ ပွားများနည်းများသည် ယခုခေတ်၊ ယခုကာလ များစွာမျိုးကြဲကုန်၏။ အခြားအခြားသော အာ

နာပါန သတိကမ္မဋ္ဌာန်းနှင့် ပတ်သက်သောစာအုပ်၊ စာတမ်းများတွင် ရှာဖွေ၍ လေ့လာမှတ်သားကြပါလေ။ ဤနေရာ၌ ကျမ်းလေးမည်စိုး၍ အကျယ်တဝင့် မရေးသားတော့ပေ။

နိမိတ်(၃)ပါးနှင့် ဘာဝနာ(၃)ပါး သတ်မှတ်ခွဲခြားပုံ

ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဌာပနာနည်းစသော နည်းများဖြင့် အာနာပါနကမ္မဋ္ဌာန်းတရားကို အားထုတ်ပွားများလာခဲ့သည် ရှိသော်. . နိမိတ်အားဖြင့် (၃)ပါး ဘာဝနာအားဖြင့် (၃)ပါးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ အောက်ပါအတိုင်း သိမှတ်ကြရာ၏. . .

(၁) ဂဏနာနည်း၌ ထင်မြင်အပ်သော နိမိတ်သည်လည်းကောင်း ထင်မြင်အပ်သော ထွက်သက်၊ ဝင်သက် အာရုံသည် ပရိကမ္မနိမိတ်မည်၏။

(၂) အနုဗန္ဓနာနည်း၌ ထင်မြင်အပ်သော အာရုံသည်ပင် လျှင် ဥဂ္ဂဟနိမိတ်မည်၏။

(၃) ဌာပနာနည်း၌ ထင်မြင်အပ်သော ပညတ်အာရုံသည် ပဋိဘာဂနိမိတ်မည်၏။

(၁) ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်အခိုက်၌ ပွားများအားထုတ်နေသော ဘာဝနာသမာဓိသည် ပရိကမ္မဘာဝနာသမာဓိ မည်၏။

(၂) ဌာပနာနည်းတွင် ပွားများအားထုတ်နေရာ၌ အပွနာဇွာန်သို့ မရောက်မီစပ်ကြား ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ပွားများသော ဘာဝနာသမာဓိသည် ဥပစာရဘာဝနာသမာဓိ မည်၏။

(၃) စတုတ္ထနည်းအားဖြင့် ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်ဟု ဆိုအပ်သော ရူပါဝစရဈာန်

(၄)ပါးသည် အပွနာဘာဝနာသမာဓိ မည်၏။

အာနာပါန ကမ္မဋ္ဌာန်းတရားကို အားထုတ်ရာ၌ ဂဏနာ၊ အနုဗန္ဓနာအခန်းတွင် ထွက်သက်၊ ဝင်သက်တည်းဟူသော ကမ္မဋ္ဌာန်းအာရုံသည် တစ်ဆင့်ပြီးတစ်ဆင့် သိမ်မွေ့ခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် နူးညံ့ခြင်း၊ တစ်ထစ်ပြီးတစ်ထစ် သိမ်မွေ့နူးညံ့၍ ပျောက်ကွယ်သွားသကဲ့သို့ဖြစ်တတ်၏။ ထိုအခါ မိမိစိတ်ကို ထိရာဌာနဋ္ဌာသာ ထားမြဲထား၍ အလွန်သိမ်မွေ့လှစွာသော ထိုအာရုံကို ထိုနေရာမှာပင် ရအောင်ယူနိုင်၍ ထိုအာရုံသည် ထင်ရှားစွာပေါ်လာပြန်ပြီးသည်နောက် မကြာမီမှာပင် ပဋိဘာဂနိမိတ်ပေါ်လာလတ္တံ့။ ဥပစာရဈာန်သို့ ဆိုက်ရောက်နေတော့၏။ နိဝရဏတရား (၅)ပါးကင်းကွာပြီးသော ကာမာဝစရ၊ ဘာဝနာ၊ ဥပစာရ သမာဓိကို ရရှိလာတော့၏။ ထို့ဥပစာရသမာဓိပင်လျှင် (ဥပစာရဈာန်)ဟု ဆိုအပ်သတည်း။

ဝိပဿနာပြုံ့ အရိယာဝိဇ္ဇာအဖြစ် တက်လှမ်းပုံ

သမာဓိတရားကို များစွာလေ့ကျင့် ပျိုးထောင်လာခဲ့သော အာနာပါနကမ္မဋ္ဌာန်း အားထုတ်သော ပုဂ္ဂိုလ်သည် ဝိပဿနာတရားဘက်ကို ကူးပြောင်းရာ၌ အလွန်လျင်မြန်စွာသာလျှင် ဖြစ်၊ ပျက်ကို ထင်လွယ်နိုင်၏။ သမာဓိနိမိတ်တရားများကို လေ့ကျင့်ပျိုးထောင်မှု နည်းပါးသော ပုဂ္ဂိုလ်များမှာမူ ဝိပဿနာ တရားအားထုတ်ရာတွင် လည်းကောင်း၊ ဝိပဿနာတရားဘက် ကူးပြောင်းရာတွင်လည်းကောင်း၊ နဂိုမူလ သမာဓိနိမိတ် နည်းပါလာသည့်အတွက် ရှပ်၊ နာမ်တို့အပေါ်၌ ဖြစ်၊ ပျက်ထင်မှုသည် အားနည်းနေတတ်ပါသည်။ ဝိပဿနာဘက် ကူးပြောင်းသည့် ပုဂ္ဂိုလ်များ သတိပြုကြပါလေ။

အရိယာဝိဇ္ဇာအဖြစ် ဝိပဿနာဘက်ကူးပြောင်းပုံ

(၁) ရူပ ပရိဂ္ဂဟ ရှပ်တရားတို့ကို သိမ်းဆည်းပုံ

(၂) နာမ ပရိဂ္ဂဟ နာမ်တရားတို့ကို သိမ်းဆည်းပုံ

(၃) ပစ္စယ ပရိဂ္ဂဟ အကြောင်းတရား၊ အကျိုးတရားတို့ကို

သိမ်းဆည်းပုံ

(၄) အဘွါန ပရိဂ္ဂဟ အတိတ်အကြောင်းတရား (၅)ပါး သိမ်းဆည်းသုံးသပ်ပုံ

(၁) **ရူပ ပရိဂ္ဂဟ ပွားများပုံ**

မိမိ၏စိတ်ကို ရင်ချိုင့်တွင်ထား၍ (ရုပ်၊ ရုပ်၊ ရုပ်) ဟု စိတ်ထဲက မှတ်ပြီး ပွားရသည်။

(၂) **နာမ ပရိဂ္ဂဟ ပွားများပုံ**

မိမိ၏ရင်ချိုင့်တွင် မိမိ၏စိတ်ကိုထားပြီးနောက် (ရုပ်)ကို ပွားများပြီးနောက် မိမိ၏ ရင်ချိုင့်မှာပင် စိတ်ကိုစူးစိုက်ထားပြီးနောက် (သိသည်၊ သိသည်၊ သိသည်)ဟု စိတ်ထဲမှဆို၍ ပွားများရပါမည်။

အတိတ်အကြောင်းတရား ငါးပါးမှာ (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ)

(၃) **ပစ္စယ ပရိဂ္ဂဟ ပွားပုံ**

မိမိ၏ ရင်ချိုင့်မှာပဲ စိတ်ကိုစူးစိုက်ထားပြီး (အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ အာဟာရ အတိတ် အကြောင်းငါးပါး ပြုပြင်သည်၊ ပြုပြင်သည်ဟု ဆင်ခြင်ပွားများပါ။)

(၄) **အဘွါန ပရိဂ္ဂဟ ပွားများပုံ**

အတိတ်အကြောင်းတရား ငါးပါးပြုပြင်၍ ဖြစ်ဆဲ. . ဖြစ်ဆဲ. . ဖြစ်ဆဲဟု ဆင်ခြင်ရမှတ်ပါ။

(၅) **သမ္မသနဉာဏ်**

အတိတ်အကြောင်းတရားငါးပါးပြုပြင်၍ ရုပ်နာမ်တို့သည် တသိမ့်သိမ့်၊ တဖွဲဖွဲ၊ သွားလိုလိုဖြစ်၍ သွားလိုလိုပျက် နေပါတကား. . . ။

ဟုမြဲမရှိ. . . အနိစ္စ. . အနိစ္စ. . အနိစ္စ။

ခပ်သိမ်းသော ရုပ်၊ နာမ်တရားတို့ကို ခန္ဓာငါးပါးစသည် ဖွဲ့စည်းစုပုံ၍-

ရှုပ် အနိစ္စံ ခယဋ္ဌေန
ရှုပ် ဒုက္ခံ ဘယဋ္ဌေန
ရှုပ် အနတ္တာ အသာရကဋ္ဌေန

အစရှိသဖြင့် လက္ခဏာရေး (၃)ပါးတင်၍ အဖန်ဖန် အထပ်ထပ် သုံးသပ် သောဉာဏ်သည် **သမ္မသနဉာဏ်** မည်၏။

(၆) **ဥဒယဗ္ဗယဉာဏ်**

အတိတ်အကြောင်း တရားငါးပါးပြုပြင်၍ ရုပ်၊ နာမ်တို့သည်၊ တရိပ်ရိပ်၊ တသဲသဲ၊ တဖွဲဖွဲ၊ နာရီမစဲ အမြဲမပြတ်၊ ဖြစ်ပျက်နေပါတကား . . . အမြဲမရှိ အနိစ္စ. . အနိစ္စ. . အနိစ္စ. . ။

ဦးခေါင်း၊ ခြေ၊ လက်၊ မျက်နှာသဏ္ဌာန်တို့သည် ခဏချင်း ဖြစ်ပေါ်မှု၊ ခဏချင်းပျက်စီးမှု၊ ထင်လင်းအောင်၊ အစုအခဲအားဖြင့် ဖြစ်မှု၊ ပျက်မှုများကို အစုံအစုံ၊ ရှုသောဉာဏ်သည် **ဥဒယဗ္ဗယဉာဏ်** မည်၏။

(၇) **ဘင်္ဂဉာဏ်**

အဖြစ်အပျက်နှစ်ပါးတွင် အဖြစ်ကားပြင်လွယ်၏။ အပျက်ကားမြင်ခဲ၏။ လိုရင်းလည်းဖြစ်၏။ ထို့ကြောင့်အဖြစ်ကို လွှတ်၍ အပျက်သက်သက်ကို ရှုသောဉာဏ်သည် **ဘင်္ဂဉာဏ်**မည်၏။ ရုပ်နာမ်ခန္ဓာငါးပါး၏ မပြုံ၊ ဖြစ်ပျက်နေသည်ကို ရှုကြည့်နေရင်းဖြင့် ဖြစ်တာကို မမြင်တော့ဘဲ၊ ရှုနေသော အရှုခံရော၊ ရှုဉာဏ် (၂)ပါးစလုံးပင်လျှင် အဆက် မပြတ် ပျက်လာသောအခါ ဤခန္ဓာကိုယ်ကြီးသည် အလွန်တရာပင် ကြောက်စရာကြီးပါလားဟု အပျက်သဘောကို ရှုနေရင်း (ရုပ်၊ နာမ်တွေ ပျက်ကုန်ပြီ၊ ပျက်ကုန်ပြီဟု စီးဖြန်းပါ) ထိုအခါ အပျက်တွေသည် ရေလွှမ်းတွေလို၊ အမြှုပ်တွေလို၊ တံလွှပ်တွေလို၊ အဆက်မပြတ်ပျက်နေ

တာကို မြင်တွေ့ရပေမည်။ စကြာဝဠာရေ၊ မြေ တော၊တောင် အကုန်ပျက်။ ရေ၊ မြေ၊ လေ၊ မီး အကုန်ပျက်။ ဘုံ(၃၁) ဘုံ အကုန်ပျက်။ သက်ရှိသက်မဲ့ အရာဝတ္ထုမှန်သမျှ အကုန်ပျက်။ ဘာတစ်ခုမှမမြဲဘဲ အကုန်ပျက်၍ နေတာတွေကိုချည်းမြင်တွေ့နေရတာသည် ဘင်္ဂဉာဏ်ဟု ခေါ်ပါသည်။

(၈) ဘယဉာဏ်

ရုပ်နာမ်ဓမ္မ-သင်္ခါရတို့၏ပျက်ပုံ အနိစ္စသဘောကို ဆင်ခြင်သောအခါ ပျက်ခြင်းနှင့်တကွဖြစ်သော ရုပ်နာမ်တရားတို့၏ အပေါ်၌ သေမင်းကြီးတမျှ ကြောက်လန့်လှုပ်သောဉာဏ်သည် ဘယဉာဏ် ဟုခေါ်ပါသည်။

(၉) အာဒီနဝဉာဏ်

ကြောက်ဖွယ်လန့်ဖွယ်ဟူ၍ ထင်မြင်လာသည်ရှိသော် ဘေးဘယာမျိုးဖြစ်သော ရုပ်ဆိုး၊ နာမ်ဆိုး၌ အားကိုးရာမရှိ အပြစ်အတိပါတကားဟု ရှုဆင်ခြင်သောဉာဏ်သည် **အာဒီနဝဉာဏ်**မည်၏။

အပျက်တို့၏ အပြစ်များကို ကြောက်ဖွယ်လိလိ ရှုကြည့်နေသော အာဒီနဝဉာဏ်ကို ရောက်သောအခါ အားထုတ်သော ပုဂ္ဂိုလ်သည် ဝိရိယအား ကောင်းလာပါတော့သည်။ စကား အပြောအဆို နည်းပါးလာခြင်း လေးလံထိုင်းမှိုင်းလာခြင်းများဖြစ်ကာ၊ အထက်သို့ တရားအတက် ခက်တတ်ပါသည်။ လောကဓံတရားများ၊ အခက်အခဲများစွာကို ရင်ဆိုင်ရတတ်ပါသည်။ ဤ အချိန်တွင် အနာပါနကမ္မဋ္ဌာန်းတရားကို အားထုတ်နေသော ပုဂ္ဂိုလ်သည် စိတ်ဓာတ်ကို ကြိုးကြိုးခိုင်ခိုင် မွေးထားရပါမည်။ မြင့်မြတ်သောစိတ် ကို မွေးရပါမည် သည်းခံ၍တရားကို ရှုမှတ်နေရပါမည်။

(၁၀) **နိဝိန္ဒဉာဏ်**

အားကိုးရာမရှိ အပြစ်အတိသာဟု ထင်မြင်လာသောအခါ ရုပ်နာမ်ဓမ္မသခါရတို့၌ မပျော်မွေ့ ငြီးငွေ့လှသောအနေဖြင့် ရှင်ကြည့်ဆင်ခြင်သော ဉာဏ်သည် **နိဝိန္ဒဉာဏ်**မည်၏။

ခန္ဓာ၏ ဆင်းရဲဒုက္ခများကို ရွှမ့်တ်နေသောပုဂ္ဂိုလ်သည် ရုပ်နာမ်ခန္ဓာ၏ ဘာလေးတစ်ခုကိုမျှ အသုံးမကျသော ဆင်းရဲဒုက္ခများကို စဉ်ဆက်မပြတ် တွေ့နေရသောအခါ ခန္ဓာငါးပါးကို ရန်ရိုထားသော မိမိ၏ကိုယ်ကို ရွံမုန်းငြီးငွေ့လာသော **နိဝိန္ဒဉာဏ်**သည် ဖြစ်ပေါ် လာရတော့၏။

(၁၁) **မုစ္စိတုကမျတာဉာဏ်**

မပျော်မမွေ့ ငြီးငွေ့လှသောအခါ သခါရနယ်အတွင်းမှ အတင်းထွက်မြောက်လိုသော၊ အမြန်ထွက်မြောက်လိုသောဉာဏ်သည် **မုစ္စိတုကမျတာဉာဏ်**ဟု ခေါ် ဆိုပါသည်။

ပျော်မွေ့စုံမက်တယ်၊ တွယ်တာတယ်၊ စုံမက်တယ်ဆိုတာ၊ စွဲလမ်းတယ်ဆိုသည့်စိတ်များ ဖြစ်ပေါ် မလာတော့ဘဲ စက်ဆုပ်ငြီးငွေ့စိတ်များသာ ဖြစ်ပေါ် ၍လာပါတော့၏။ ငြီးငွေ့တော့ မလို၍၊ မလိုချင်တော့ လွတ်ချင်လာပါတော့သည်။ ပျက်စီးနေသည့် ရုပ်နာမ်နှစ်ပါး ဘယ်တော့လွတ်ပါ့မယ်၊ လွတ်ခဲလှချေကလား၊ လွတ်အောင် ဘယ်လိုကြံရပါ့မလဲ၊ လွတ်ရင်တော့ ကောင်းမှာပဲဆိုသည့် စိတ်များ တဖွားဖွား ဖြစ်ပေါ် ပြီးလာပါတော့၏။

ဥပမာဆိုပါအုံ- ထောင် ချောက်တွင် မိနေသော သားကောင်သည် ထောင်ချောက်မှ လွတ်ချင်နေသလို၊ ပိုက်ကွန်တွင် မိနေသောငှက်သည် ထိုပိုက်ကွန်မှ လွတ်ချင်နေသလို၊ လှောင်အိမ်တွင် မိနေသောယုန်သူငယ်သည် ထိုလှောင်အိမ်မှ လွတ်ချင်နေသလို၊ ကမ္ဘာန်းတရားကို အားထုတ်နေသောပုဂ္ဂိုလ်သည် ရုပ်နာမ်နှစ်ပါး သခါရနယ်မှ၊ သခါရတရားများမှ အလွန်လွတ်မြောက်ချင်နေသော **မုစ္စိတုကမျတာဉာဏ်**သည် ဖြစ်ပေါ် လာ

တော့၏။

(၁၂) **ပဋိသခ်ိဳဂၢဳဏ်**

အလွန်တရာ လွတ်လိုလှ၍ လွတ်ခွင့်ရခြင်းငှာ ဘာဝနာ(၄၀) ဖြင့် အကျယ်တဝင့် အပြင်းဆင်ခြင်၍ အားထုတ်မှုဖြင့် ရသော ဥာဏ်သည် ပဋိသခ်ိဳဂၢဳဏ်မည်၏။

လက္ခဏာရေး(၃)ပါး၊ ဝိပဿနာခြင်းရာ (၄၀)နှင့် ထပ်ခါတလဲလဲ သုံးသပ်ဆင်ခြင်ရသော ပဋိသခ်ိဳဂၢဳဏ်ကိုရောက်လျှင် လေးလံခြင်း၊ ထိုင်းမှိုင်းခြင်း၊ မူးဝေခြင်း၊ တင်းကျပ်ခြင်း၊ ပူစပ် ပူလောင်ဖြစ်ခြင်း ဆိုသော အာရုံများမှ လွန်မြောက်ခါ ပေါ်လာတိုင်း ပေါ်လာတိုင်း ချုပ်ပျောက်သွားသည်အထိ ရှုကြည့်အားထုတ်ရပါသည်။

(၁၃) **သခ်ိဳရုပေက္ခါဥာဏ်**

ဘာဝနာ(၄၀)တို့ဖြင့် အကျယ်တဝင့် အပြင်းအထန် အားထုတ်သောအခါ ဝိပဿနာဥာဏ်ထက်သန်၍ ရုပ်နာမ်မမှသခ်ိဳရတို့၌ မုန်းချစ်မပြု လျစ်လျူရှုသောဥာဏ်သည် **သခ်ိဳရုပေက္ခါဥာဏ်** ဟုခေါ်ပါသည်။

(ဘာဝနာ ၄၀ ဆိုသည်မှာ တော ၄၀ ကိုပင်ဆိုပါသည်။) သခ်ိဳရတရားမှန်သမျှ လျစ်လျူရှုပြီး အဆက်မပြတ် အဖျက်ကိုသာ မြင်နေသော သခ်ိဳရုပေက္ခါဥာဏ်မှာ သဘာဝပရမတ်ကို ရှုမနေရတော့ဘဲ ပိုင်နိုင်နေပြီဖြစ်သောကြောင့် အာသီဥာဏ်တွေသည် ကြည်လင်ခြင်း၊ မှန်ကန်နေခြင်း၊ တည်တည်ငြိမ်ငြိမ်ရှိနေခြင်း၊ ထက်ထက်သန်သန် ဖြစ်နေ သောကြောင့် ဝိပဿနာဥာဏ်စဉ်များ သွက်လက်ပေါ်ပါးနေသောကြောင့် စကြိန်လျှောက်ပြီး ပွားများ အားထုတ်ရပါသည်။ ဘုန်းကံကြီးမားသော သူတို့သာ ဤအဆင့်ကို ရောက်နိုင်ခြင်း ဖြစ်ပါသည်။

(၁၄) **အနုလောမဥာဏ်**

ဝိပဿနာဥာဏ် ရင့်သန်ထက်မြက်လေသောကြောင့် မဂ်(၄)ခု

ပေါ်အောင် နီးဆော်ဘိသည့်ပမာ မဂ်(၄)ခုတို့နှင့် လွန်စွာလျော်သောဂုဏ် အနုလောမဂုဏ်ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက် ပုထုဇဉ်အနွယ်မှ လွတ်မြောက်လာပြီးလျှင် အရိယာအနွယ်ဝင်သော ဂေါတြဘူဂုဏ်ဝင်လာခဲ့ပြီ။

ထို . . ဂေါတြဘူဂုဏ်ဖြစ်ပေါ် ပြီးနောက်တွင်ကား သစ္စာလေးချက် တပြိုင်နက် မဂ်စိတ်ပြီးလျှင် ဖိုလ်စိတ်ပေါ်လာ၏။ ထိုအခါ လောကုတ္တရာဂုဏ်(၂)ပါး ဖြစ်ပေါ်ရရှိလာတော့၏။ ထိုအခါမှစ၍ အရိယာဝိဇ္ဇာအဖြစ်ကို ပေါက်မြောက်အောင်မြင် ပြီးစီးရတော့၏။ ပုထုဇဉ်အနွယ် အဆက်ပြတ်ပြီး အရိယာဘဝ အရိယာအဖြစ်ရောက်ပြီ. . ဟု သိမှတ်ကြရာ၏။ ဤသည်လျှင် သမထတရားမှ ဝိပဿနာတရား အကျင့်လမ်းစဉ်မှ အရိယာ ဝိဇ္ဇာလမ်းအထိ ပြဆိုခြင်း ကိစ္စသည် ပြီး၏။ ဤတွင် ဝိဇ္ဇာ (၅)မျိုးနှင့် ပဓာနိယင်္ဂတရား (၅)ပါး ရှင်းလင်းချက် ပြီးစီးသတည်း။

၁၁

အရိယာဝိဇ္ဇာအဖြစ် ဒွတ္တိသကောဌာသ ကမ္မဋ္ဌာန်း

ဤဒွတ္တိသကောဌာသကမ္မဋ္ဌာန်းတရားသည် ဝုဠဒ္ဓဗုဒ္ဓဘာဝရှင်၏ လက်ထက်တော်မှစတင်၍ ဖူးဖော်ဆရာတော်ကြီးများ အထွေထွေသီတောမှီ ဆရာတော်ကြီးများ အားထုတ်တော်မူကြသော ကမ္မဋ္ဌာန်းဖြစ်ပါသည်။ အခြားအခြားသော ကမ္မဋ္ဌာန်းကျင့်စဉ်များကို ပြောင်းလဲ၍ ကျင့်ကြံပွားများ အားတုတ်နေဖို့ မလိုအပ်တော့ဘဲ ဤဒွတ္တိသကောဌာသ ကမ္မဋ္ဌာန်း တစ်မျိုးတည်းနှင့်ပင်လျှင်ကိုယ်အပြီး တစ်မင်း တစ်ခိုလ် အရ အရိယာဝိဇ္ဇာအဖြစ်ကို တက်လှမ်းနိုင်ပေလိမ့်မည်။

တို့ကြောင့် ဖူးဖော်အထွေထွေတို့ တာရ ပို့ဆရာတော်ကြီးများ ကျင့်ကြံပွားများအားထုတ်ခဲ့သော ဤဒွတ္တိသကောဌာသ ကမ္မဋ္ဌာန်းတရားကို အကျယ်ဖွင့်ဆိုပါဦးဘုံး အရိယာဝိဇ္ဇာအဖြစ် မှားများကျင့်ဆောင်လိုသော ပုဂ္ဂိုလ်များသည် ဝုဠဒ္ဓဗုဒ္ဓဘာဝရှင်လက်ထက်တော်တာ နာမည်ကြီးထင်ရှားတော်မူသော ရှင်ရာဟုလာမထေရ် သံကိစ္စသာမဏေရ ပဏ္ဍိတသာမဏေတို့ အထူးပွားများ ကျင့်ဆောင်၍ အရဟန္တာ ရဟန္တာအဖြစ်သို့ ရောက်တော်မူ၍ နိဗ္ဗာန်ကို မှတ်မှောက်ခြင်းကြသည့် ကမ္မဋ္ဌာန်းတရား ဖြစ်ပါသည်။ ထို့အပြင် ဤဒွတ္တိသကောဌာသ ကမ္မဋ္ဌာန်းသည်

ဤကမ္မဌာန်းတစ်မျိုးတည်းနှင့်ပင် အမြန်ဆုံး တစ်မဂ် တစ်ဖိုလ်ကို လှုင်မြန်စွာရရှိ ရောက်ရှိနိုင်ကောင်းကြောင့် **အရိယာဝိဇ္ဇာလမ်း**ကို တက်လှမ်းလိုသော ပုဂ္ဂိုလ်များနှင့် အလွန်သင့်တော်လှသည်ဖြစ်သောကြောင့် ဤဥတ္တိသကောဌာသ ကမ္မဌာန်းတရားကို အောက်ပါအတိုင်း အထူးအားဖြင့် သိမှတ်ကြကုန်ရာ၏-

(၁) **ပရိကမ္မနိမိတ် အဆင့် (တစ-ပဋ္ဌက)အဆင့်**

ကေသာ ..... ဆံပင်
လောမာ ..... အမွေး
နခါ ..... ခြေသည်း၊ လက်သည်း
ဒန္တာ ..... သွား
တစော ..... အရေ

ဤကဲ့သို့ မာဂဓဘာသာဖြင့်သော်လည်းကောင်း၊ မြန်မာဘာသာဖြင့်သော်လည်းကောင်း အနုလုံ (၅)ရက် နှုတ်ဖြင့် သရဇ္ဈယ်ရချေမည်၊

(တစ်ဖန်)

တစော ..... အရေ
ဒန္တာ ..... သွား
နခါ ..... ခြေသည်း၊ လက်သည်း
လောမာ ..... အမွေး
ကေသာ ..... ဆံပင်

ဤကဲ့သို့ ပဒီလုံ(၅)ရက် နှုတ်ဖြင့် သရဇ္ဈယ်ရချေမည်၊

(တစ်ဖန်)

အနုလုံ-ပဒီလုံ (၂)မျိုးရောလျက် (၅)ရက်နှုတ်ဖြင့် သရဇ္ဈယ်ရပါမည်၊ ဤသို့လျှင် ဤ တစပဋ္ဌကဌ် စုစုပေါင်း (၁၅)ရက် နှုတ်ဖြင့် သရဇ္ဈယ် ရချေမည်ဟုမှတ်ပါလေ။

မှတ်ချက်။ ဤဥတ္တိသ ကောဌာသကမ္မဌာန်းတရားဌ် အရေးကြီးသည်မှာ စိတ်ထဲမှ မရွှတ်ရ စိတ်ထဲမှ မမှတ်ရ နှုတ်မှ မတိုးမကျယ်(မတိုး

လွန်း မကျွယ်လွန်း)အနေတော် ဗိဗိန္ဓက်ပုအသံထွက်၌ နှုတ် ဖြင့် သရဖြယ်ရမည်ကို အထူးသတိပြုပါလေ။

(၂) (ဝဏ္ဏပဓက)အဆင့် (တစ်ဖန်)

မံသံ ..... အသား
နာရှ ..... အကြောင်
အဋ္ဌိ ..... အရိုး
အဋ္ဌိမိဉ္ဇံ ..... ချဉ်ဆီ
ဝက္ကံ ..... အညှိ

ဤကဲ့သို့အနုလုံ(၅)ရက် နှုတ်ဖြင့်သရဖြယ်ရချေ၏။ ပဋိလုံ (၅) ရက် နှုတ်ဖြင့်သရဖြယ်ရချေ၏။

ဝက္ကံ ..... အညှိ
အဋ္ဌိမိဉ္ဇံ ..... ချဉ်ဆီ
အဋ္ဌိ ..... အရိုး
နာရှ ..... အကြောင်
မံသံ ..... အသား

ဤသို့လျှင် အနုလုံ/ပဋိလုံရောလှမ်း(ဝါ) နှစ်မျိုးရောလှမ်း (၅) ရက်နှုတ်ဖြင့်သရဖြယ်ရလေ၏။ ထို့ကြောင့် အားလုံးစုစုပေါင်း (၁၅)ရက် နှုတ်ဖြင့်သရဖြယ် ရလေ၏။

(၃) (ပဖွါသပဓက)အဆင့် (တစ်ဖန်)

ဟာယံ ..... နှလုံး
ယကနံ ..... အသည်း
ကီလောမကံ... အမြှေး
ပိဟကံ ..... အဖျဉ်း
ပဖွါသံ ..... အဆုတ်

ဤကဲ့သို့ အနုလုံ(၅)ရက် နှုတ်မှ သရဖြယ်ရာ၏။ (တစ်ဖန်)

ပဖွါသံ . . . . . အဆုတ်
ပိဟက် . . . . . အဖျဉ်း
ကိလောမက်. . . အမြွေး
ယကန် . . . . . အသည်း
ဟဒယ် . . . . . နှလုံး

ဤကဲ့သို့ (ပဋိလုံ) (၅)ရက်နှုတ်ဖြင့်သရဿယ်ကြရာ၏။ (တစ်ဖန်)
အနုလုံ-ပဋိလုံ (၂)မျိုးရောလျက် (၅)ရက်နှုတ်ဖြင့် သရဿယ်ကြရာ၏။ (ပဖွါသပဋ္ဌက)ပြီး၏။

(၄) (မတ္တလုဂ်ပဋ္ဌက)အဆင့် (တဖန်)

အင်္ဂံ . . . . . အုမ
အန္တဂုဏ်. . . . . အုသိမ်
ဥဒရိယ် . . . . . အစာသစ်
ကရိသံ . . . . . အစာဟောင်း
မတ္တလုဂ် . . . . . ဦးနှောက်

ဤကဲ့သို့ အနုလုံ (၅)ရက်စေ့အောင် နှုတ်ဖြင့်သရဿယ် ရုခေ့၏။ (တစ်ဖန်)

မတ္တလုဂ် . . . . . ဦးကျောက်
ကရိသံ . . . . . အစာဟောင်း
ဥဒရိယ် . . . . . အစာသစ်
အန္တဂုဏ်. . . . . အုသိမ်
အင်္ဂံ . . . . . အုမ

ဤကဲ့သို့ (ပဋိလုံ) (၅)ရက်စေ့အောင် နှုတ်ဖြင့် သရဿယ်ရာ၏။ (တစ်ဖန်)

အနုလုံ၊ ပဋိလုံ (၂)မျိုးရောလျက် (၅)ရက်စေ့အောင် နှုတ်မှ သရဿယ်ရာ၏။ ထို့ကြောင့် စုစုပေါင်း အားလုံး (၁၅)ရက်စေ့အောင်

နှုတ်မှ သရဏဂုံရာ၏။ (မတ္တလုဂ်ပဉ္စက)ပြီး၏။

ဤသို့လျှင် တစ်ဆင့်တစ်ဆင့်လျှင် အနုလုံ (၅)ရက်၊ ပဋိလုံ (၅)ရက် အနုလုံ-ပဋိလုံ နှစ်ဖျိုးပေါင်းစပ်၍ (၅)ရက်၊ စုစုပေါင်း (၁၅)ရက် စေ့အောင် သရဏဂုံရမည်ကို သတိထားပါလေ။

(၅) (မေဒဆက္က)အဆင့် (တစ်ဖန်)

ပိတ္တံ ..... သည်းခြေ
သေမှံ ..... သလိပ်
ပုတ္တော ..... ပြည်
လောဟိတံ ... သွေး
သေဒေါ ..... ချွေး
မေဒေါ ..... အဆီခဲ

ဤကဲ့သို့ အနုလုံ (၅)ရက်စေ့အောင် နှုတ်မှ ရွတ်ဖတ်သရဏဂုံရာ၏။ (တစ်ဖန်)

မေဒေါ ..... အဆီခဲ
သေဒေါ ..... ချွေး
လောဟိတံ ... သွေး
ပုတ္တော ..... ပြည်
သေမှံ ..... သလိပ်
ပိတ္တံ ..... သည်းခြေ

ဤကဲ့သို့ ပဋိလုံ (၅)ရက်စေ့အောင် နှုတ်မှ ရွတ်ဖတ်သရဏဂုံရချေ၏။ (တစ်ဖန်)

အနုလုံ-ပဋိလုံ (နှစ်ဖျိုးပေါင်းလျက်ရောလျက်) (၅)ရက်စေ့အောင် သရဏဂုံရာ၏။ စုစုပေါင်းရက် (၁၅)ရက်စေ့အောင် နှုတ်မှ သရဏဂုံ ရချေ၏။ (မေဒဆက္က)ပြီး၏။

(၆) (မုတ္တဆက္က)အဆင့် (တစ်ဖန်)

အဿု ..... မျက်ရည်
ဝသာ ..... အဆီကြည်
ခေဠော ..... တံတွေး
သိယ်ကိကာ . နှပ်
လသိကာ ..... အစေး
မုတ္တံ ..... ကျောင်ငယ်

ဤသို့လျှင် အနုလုံ(၅)ရက်စေ့အောင်နှုတ်မှ ရွှတ်ဖတ်သရွယ်ရခြေ၏။ (တစ်ဖန်)

မုတ္တံ ..... ကျောင်ငယ်
လသိကာ .... အစေး
သိယ်ကိကာ . နှပ်
ခေဠော ..... တံတွေး
ဝသာ ..... အဆီကြည်
အဿု ..... မျက်ရည်

ဤသို့လျှင် ပဋိလုံ(၅)ရက်စေ့အောင် နှုတ်မှ ရွှတ်ဖတ်သရွယ်ရခြေ၏။ (တစ်ဖန်)

အနုလုံ-ပဋိလုံ နှစ်မျိုးရောလျက် (၅)ရက်စေ့အောင် နှုတ်မှ သရွယ်ကြရာ၏။ စုစုပေါင်း ရက်အားဖြင့် (၁၅)ရက်စေ့အောင် နှုတ်မှ သရွယ်ရခြေ၏။ ဤတွင် (မုတ္တဆက္က)ပြီး၏။

(တစ်ဖန်) တစပဋ္ဌက-ဝက္ကပဋ္ဌက-ပဖွါသပဋ္ဌက-မတ္တလုဂိ ပဋ္ဌက- မေဒဆက္က-မုတ္တဆက္က (၆)မျိုး ရောလျက် အနုလုံ (၅)ရက်၊ ပဋိလုံ(၅)ရက်၊ အနုလုံ/ပဋိလုံနှစ်မျိုးရောလျက် (၅)ရက် ထို့ကြောင့် စုစုပေါင်း (၁၅)ရက်စေ့အောင် နှုတ်ဖြင့် သရွယ်ရခြေ၏။

စုစုပေါင်းအားဖြင့် ၁၀၅ ရက်စေ့အောင် နှုတ်မှ သရွယ်ရာ၏။ ကျမ်းဂန်အလို အာစရိယဝါဒအရ ရက်ပေါင်း (၁၆၅)ရက်တိုင်တိုင် နှုတ်မှ

သရဏ္ဂုယ်ရချေ၏ဟု ပြဆိုထားပါသည်။ အာစရိယ၏အလို (၆)ဆင့်စလုံးကိုရောလျက် အနုလုံ (၅)ရက်၊ ပဋိလုံ(၅)ရက်၊ အနုလုံ-ပဋိလုံ နှစ်ပါးရောလျက် (၅)ရက်၊ စုစုပေါင်း (၁၅)ရက်စေအောင် ရွတ်ဖတ်သရဏ္ဂုယ်ရာ၏။

ဤသို့လျှင် (၁၅)ရက်စေအောင် အားထုတ်ခြင်းသည် တစ်ကြိမ်သာဖြစ်၍ စုစုပေါင်း (၅)ကြိမ်စေအောင် နှုတ်ဖြင့် သရဏ္ဂုယ်ပွားများရမည်ကို ဆိုလိုသတည်း။ သို့မှသာ ရက်ပေါင်း(၁၆၅)ကိုက်ညီပေလိမ့်မည်။

ဤဒွတ္တိသ-ကောဌဿ ကမ္မဋ္ဌာန်း၌လည်း (၁) ပရိကမ္မနိမိတ် (၂) ဥဂ္ဂဟနိမိတ် (၃) ပဋိဘာဂနိမိတ် ထိုသို့လျှင် နိမိတ်အားဖြင့် (၃)မျိုးအဆင့်ဆင့် ပွားများအားထုတ်ကြရာ၏။ သို့ရာတွင် ပရိကမ္မနိမိတ်ကို ပွားများအားထုတ်ရာ၌ ပထမအဆင့်သည်(၀)ပထမအဆင့်၌ တရားအားထုတ်သောပုဂ္ဂိုလ်သည် မိမိအားထုတ်သော (ကေသာ) အစရှိသော ကောဌာသကို ဓာတ်အနေဖြင့်လည်းကောင်း၊ အဆင်းအနေဖြင့်လည်းကောင်း၊ စက်ဆုပ်ရွံရှာဘွယ်အနေဖြင့်လည်းကောင်း မပွားများသင့်ပေ။ နှလုံးမသွင်းအပ်ပေ၊ ထိုသို့အားမထုတ်သင့်ပေ၊ ထိုသို့မပြုအပ်ပေ၊ သာမညအားဖြင့် ထို (ကေသာ)အစရှိသည်တို့ကို အစိတ်အပိုင်းအဖို့ အစုကောဌာသ တစ်ခုစီအနေဖြင့်သာ ပွားများခြင်း အားထုတ်ခြင်း နှလုံးသွင်းအပ်ခြင်း ပြုရပါမည်။

(ဥပမာ)အားဖြင့် သကေတစ်ရပ်ကိုပြပါဦးအံ့

(၎ တုဂါမ-မိန်းမ တို့သည် ဓမ္မတာအားဖြင့် ပဋိသန္ဓေကိုယ်ဝန်တည်ရှိသော ကာလ၌ မိမိ၏ကိုယ်ဝန်ကို သားယောကျ်ားလေး အနေဖြင့်လည်းကောင်း၊ သမီးမိန်းကလေးအနေဖြင့် လည်းကောင်း၊ စောင့်ရှောက်ထိန်းသိမ်းမှု မပြုမူ၍ သာမညအားဖြင့် ထိုကိုယ်ဝန်ကို ပုဂ္ဂိုလ်သတ္တဝါတစ်ဦးဟူသောအနေဖြင့်သာ နှလုံးသွင်းလျက် စောင့်ရှောက်ထိန်းသိမ်းဘိသကဲ့သို့တည်း)

ဒွတ္တိသ-ကောဌဿ ကမ္မဋ္ဌာန်းတရားကို ပွားများအားထုတ်သော ပုဂ္ဂိုလ်သည်လည်း ထိုနည်းအတူ (ကေသာ) စသော ကောဌာသကို

(အစိတ်) (အပိုင်း) (အဖို့) (အစု) ကောင်္ဂဿ တစ်ခုစီ အနေဖြင့်သာ (ပရိကမ်) ပြုရာ၏။

ဤသို့လျှင် ရက်ပေါင်း (၁၆၅)ရက်တိုင်တိုင် နှုတ်ဖြင့် သရဇ္ဈယ် ခြင်းပြုရမည့် ပရိကမ်းကား မဇ္ဈိမပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်တို့အတွက်သာ ဖြစ်ရာ၏။ ထိုရက်ကာလအပိုင်းအခြားအတွင်းမှာပင် **မဇ္ဈိမပုဂ္ဂိုလ် နေယျပုဂ္ဂိုလ်တို့**သည် ဤဒွတ္တိသကောင်္ဂဿကမ္မဋ္ဌာန်းကို နှုတ်မှသရဇ္ဈယ်ကာမျှဖြင့် **မဂ်သို့လည်းရောက်နိုင်၏။** ဥဂ္ဃဟနိမိတ်လည်း ထင်နိုင်၏။ **တိက္ခနေယျပုဂ္ဂိုလ်တို့ဖြစ်ပါမူ** (၅)ရက် သို့မဟုတ် (၇)ရက် မပြည့်မီ အတွင်းမှာပင် ဤပရိကမ်ကို နှုတ်ဖြင့်သရဇ္ဈယ်ကာမျှဖြင့် **မဂ်သို့ရောက်နိုင်လေ၏။**

ဤပရိကမ်ကို သရဇ္ဈယ်ကာမျှဖြင့် မဂ်သို့ရောက်သော (မဇ္ဈိမနေယျ- တိက္ခနေယျ)တို့မှာကား ဝိပဿနာဉာဏ်ဖြစ်ပေါ်နိုင်စေရန် **ကမ္မဋ္ဌာန စရိယဆရာ-ကမ္မဋ္ဌာန်းပေးမည့်ဆရာ** သီးခြားရှာဖွေရန် နည်းနှံ့သဃယ ခံစရာမလိုအပ်တော့ပေ၊ ကမ္မဋ္ဌာန်းပေးဆရာထံ၌ သီးခြားဝိပဿနာအလုပ်ကို သင်ကြားသင်ယူစရာ မလိုတော့ပြီ၊ မှတ်သားနာယူစရာ မလိုအပ်တော့ပြီ၊ ဤပရိကမ်ကို သရဇ္ဈယ်နေဆဲမှာပင် **အနိစ္စလက္ခဏော-ဒုက္ခလက္ခဏော-အနတ္တလက္ခဏောဟု** ပညတ်သမုတ်ခြင်းခံရသော မုချဆတ်ဆတ် ပရမတ္ထသဘာဝ ရုပ်နာမ်အာရုံကို ဝိပဿနာဉာဏ်ဖြင့် ဒဿနကိစ္စတတ်လျက် **မဂ်သို့** ဆိုက်ရောက်လေ၏။ ဤသို့ဖြစ်ခြင်းသည် **သမာဓိကို** ရှေ့ဆွားပြုပြုဖြစ်သော သမထယာနိကလမ်းစဉ်၏ အစွမ်းသတ္တိပင်ဖြစ်၏။

မန္ဒနေယျတို့ဖြစ်ပါမူကား ရက်ပေါင်း (၁၆၅)ရက်ကို တစ်ပြန် နှစ်ပြန် စသည်တိုး၍ ဤပရိကမ်ကို **အားထုတ်ရပါမည်။ အယုတ်အားဖြင့် ဥဂ္ဃဟနိမိတ်**ကို မထင်သေးသမျှကာလပတ်လုံး ဥဂ္ဃဟနိမိတ်ကို မပေါ်သေးသမျှ ကာလပတ်လုံး ဤပရိကမ်ကို စွဲမြဲစွာ အားထုတ်ရပါမည်။ မဟာဝါတကာလသည် ဤဒွတ္တိသ ကောင်္ဂဿ ကမ္မဋ္ဌာန်းကို နှစ်ပေါင်း (၃၀)တိုင်တိုင် ပရိကမ်းပြုသော်လည်း ဥဂ္ဃဟနိမိတ်သော်မှ မထင်မိခဲ့ဧ။

ထို့ကြောင့် မနုနေယျတို့အဖို့ ကာလအပိုင်းအခြား အကန့်အသတ် မရှိ ချေ။ ဥဂ္ဂဟနိမိတ်ကို ရှေ့ရှုထင်ပြင်လာမှပင် ပရိကမ္မဈာန်အတွက် နှုတ်မှ ရွတ်ဖတ်သရဇ္ဈယ်ခြင်းကိစ္စ ပြီးပြီဟု မှတ်ယူရပါမည်။

(၂) (ဥဂ္ဂဟနိမိတ်)

ဤကဲ့သို့ ဒွတ္တိံသ ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို အားထုတ်ရာတွင် နှုတ်မှ သရဇ္ဈယ်ခြင်း ပရိကမ်ကို ပြုသည် ရှိသော် ထိုကောဋ္ဌာသတို့သည် အချို့သောယောဂီတို့မှာ အဆင်းအားဖြင့် ရှေ့ရှုထင်ကုန်၏။ အချို့သော ယောဂီတို့မှာ စက်ဆုပ်ရွံရှာဖွယ်အားဖြင့် ရှေးရှုထင်ကုန်၏။ အချို့သော ယောဂီတို့မှာ စိတ်ဓာတ်အားဖြင့် ရှေးရှုထင်ကုန်၏။ အချို့သော ယောဂီတို့မှာ အဖို့၊ အစုကောဋ္ဌာသဖြင့်ပင် ရှေးရှုထင်ကုန်၏။ ဤသို့ မိမိတို့၏ ဥပနိဿယအားလျော်စွာ မနောဒွါရ၌ စိတ်ဖြင့် ယုအပ်သော နိမိတ်တည်း။ (ဥဂ္ဂဟနိမိတ်မည်၏။)

(၃) (ပဋိဘာဂနိမိတ်)

ထိုကောဋ္ဌာသတို့သည် အဆင်းအားဖြင့် ဥဂ္ဂဟနိမိတ် ရှေးရှုထင်ခြားကဲ့၊ ဆံပင်၊အမွေး၊ သည်းခြေတို့၌လည်းကောင်း၊ မျက်စိတို့၏ ညိုရာအရပ်၌လည်းကောင်း၊ (အညိုအညို)ဟု နှလုံးသွင်းရာ၏။ အဆီခဲ၌ လည်းကောင်း၊ မျက်စိတို့၏ ရွှေရာအရပ်၌လည်းကောင်း (အရွှေအရွှေ)ဟု နှလုံးသွင်းရာ၏။ အသားအသွေး တို့၌လည်းကောင်း၊ မျက်စိတို့၏နီရာအရပ်၌လည်းကောင်း (အနီ အနီ)ဟု နှလုံးသွင်းရာ၏။ လက်သည်း၊ ခြေသည်းသွား၊အရေအရိုးတို့၌လည်းကောင်း၊ မျက်စိတို့၏ ဖြူရာအရပ်၌လည်းကောင်း (အဖြူ အဖြူ)ဟု နှလုံးသွင်းရာ၏။ ဤသို့ အဆင်းအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား (စတုက္ကဈာန်/ ပဉ္စကဈာန်တို့သည် ဖြစ်ကုန်၏။ ဈာန်ကိုအခြေပြု၍ ဝိပဿနာကို ဖြစ်စေပြီး မဂ်သို့ရောက်၏။ ဤကား ဝဏ္ဏပဋိဘာဂ နိမိတ်တည်း။

တိုကောဋ္ဌာသတို့သည် စက်ဆုပ်ရွံရှာဖွယ်အားဖြင့် ဥဂ္ဂဟနိမိတ် ရှေးရှုထင်ခြားကဲ့၊ တိုအခါ (ဆံပင်တို့မည်သည်ကား မတင့်တယ်ကုန်၊

စက်ဆုပ် ရွံရှာဖွယ်ရှိကုန်၏)ဟု ဤသို့စသည်ဖြင့် နှလုံးသွင်းရာ၏။ ဤသို့ စက်ဆုပ်ရွံရှာဖွယ်အားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား ပထမဈာန်သည် ဖြစ်၏၊ ထိုဈာန်ကို အခြေပြု၍ ဝိပဿနာကိုဖြစ်စေပြီးလျှင် မင်္ဂလာ ရောက်၏။

မှတ်ချက်။ စက်ဆုပ်ရွံရှာဖွယ်အမှတ်သည် ပထမဈာန်ထက်ပို၍ မရနိုင်ကြောင်း သတိပြုလေ။ ဤကား ပဋိကူလပဋိကူလဘာဂနိမိတ်တည်း။

ထိုကောဋ္ဌာသတို့သည် ဓာတ်အားဖြင့် ဥဂ္ဃဟနိမိတ်သည် ရှေးရှုထင်ငြားဘဲ၊ (ဤဆံပင်တို့သည် ဦးခေါင်းဌ ရစ်၍တည်သော အရေဖြစ်ကုန်၏။ ထိုဆံပင်တို့က ငါတို့သည် ဦးခေါင်းကိုရစ်၍တည်သော အရည်ဖြစ်ကုန်၏ဟု မသိကြကုန်။ ဦးခေါင်းကိုရစ်၍ တည်သောအရည်သည်လည်း ငါ့ဌဆံပင်တို့သည် ဖြစ်ကုန်၏ဟုမသိ။ ထိုဆံပင်တို့သည် စိတ်မရှိကုန် အဟောကတတို့တည်း သတ္တဝိဝမှ ဆိတ်ကုန်၏။ ကြမ်းတမ်းကုန်၏။ ဤကောဋ္ဌာသသည် ပထဝီဓါတ်တည်း။)

ဤသို့စသည်ဖြင့် (မတ္တလုင်)တိုင်အောင် သသမ္ဘာရ ပထဝီဓာတ် ကောဋ္ဌာသ(၂၀)ကို ပထဝီဓာတ်ဟု နှလုံးသွင်းရာ၏။ သသမ္ဘာရ အာပေါကောဋ္ဌာသ (၁၂)ပါးကို အာပေါဓာတ် ဟူ၍လည်းကောင်း၊ သသမ္ဘာရ တေဇောဓာတ် ကောဋ္ဌာသ(၄)ပါးကို တေဇောဓာတ်ဟူ၍ လည်းကောင်း၊ သသမ္ဘာရ ဝါယောကောဋ္ဌာသ (၆)ပါးကို ဝါယောဓာတ်ဟူ၍လည်းကောင်း၊ အသီးအသီး နှလုံးသွင်းရာ၏။ (သို့မဟုတ်) သုဒ္ဓဝိပဿနာယာနိကနည်းဖြင့် ပထဝီကာယစသည်တို့၌ ပြဆိုခဲ့ပြီးသည့်အတိုင်း ပထဝီကာယစသည်တို့၏ သဘာဝလက္ခဏာကို အသီးအသီး ထိုက်သည့် အားလျော်စွာ အာရုံပြုလျက် ဝိပဿနာသို့ ကူးပြောင်းပြီးလျှင် ပွားများအားထုတ်ရာ၏။ (ဤကား ဓာတုပဋိဘာဂ နိမိတ်တည်း)

ထိုကောဋ္ဌာသတို့သည် အဖို့အစု ကောဋ္ဌာသအားဖြင့် ဥဂ္ဃဟနိမိတ် ဧလေဂဏ္ဍကငြားဘဲ၊ ဤသို့ ကောဋ္ဌာသအနေအားဖြင့်ပင် နှလုံးသွင်း

ရာဇ်၊ ထိုသို့ကောင်္ခဒါသအားဖြင့် နှလုံးသွင်းသောပုဂ္ဂိုလ်အား (ပထမ ဈာန်)သည်ဖြစ်ဇ်၊။

ထိုဈာန်ကိုအခြေပြု၍ ဝိပဿနာကိုဖြစ်စေပြီးလျှင် မဂ်သို့ ရောက်ဇ်၊ (ဤကား ကောင်္ခဒါသ ပဋိဘာဂနိမိတ်တည်း)

မှတ်ချက်၊ ဤ ဒွတ္တိကောင်္ခဒါသ ပွားများ အားထုတ်နည်း သည်လည်း အဿသ ပဿသကောင်္ခဒါသ ပွားများ အားထုတ်နည်းကဲ့သို့ပင် ပဋိဘာဂနိမိတ်၊ ဥပစာရ သမာဓိဖြစ်ပြီးမှ ဝိပဿနာသို့ ကူးပြောင်းလျက် မဂ်ကိုစွဲပြီးသော ယောဂီသည် ဥပစာရ သမထယာနိကပုဂ္ဂိုလ် မည်ဇ်၊ အပွနာဈာန် အပွနာသမာဓိဈာန် ဖြစ်ပြီးမှ ဝိပဿနာသို့ ကူးပြောင်းလျက် မဂ် ကိုစွဲ ပြီးသော ယောဂီ သည် (အပွနာ သမထယာနိက ပုဂ္ဂိုလ်မည်ဇ်) ဥပစာရ သမထယာနိက ပုဂ္ဂိုလ်ရော အပွနာသမထ ယာနိကပုဂ္ဂိုလ်ရော နှစ်မျိုးစလုံးပင် အရိယာ ဝိဇ္ဇာများ ဖြစ်ကြလေ ကုန်သတည်း။

မှတ်ချက်၊ ဤသမထယာနိက ပုဂ္ဂိုလ်တို့အား ပွားများအားထုတ်အပ်သော ကမ္မဋ္ဌာန်းအားလျော်စွာ ဥဂ္ဃဟနိမိတ်၊ ပဋိဘာဂနိမိတ် ရှေးရှု ထင်မြင်ရာ၌ အဆင်းသဏ္ဌာန် အနေအားဖြင့်ဖြစ်သော်လည်း၊ ပရမတ္ထ သဘာဝ ရုပ်ကလာပ်တွေ ထောင်သောင်းမက စုပေါင်းခြင်းသို့ ရောက်မှ ဖြစ်ပေါ် လာသော(ဝဏ္ဏါယတန) အဆင်းမျိုးလည်း မဟုတ်၊ သဏ္ဌာန်မျိုး လည်း မဟုတ်ချေ။ ဓင်စစ် အဟုတ်သော်ကား ထိုအဆင်းသဏ္ဌာန် နိမိတ်ဟူသမျှသည် (သညာ)ကြောင့်ဖြစ်ပေါ် လာသော (အ·ဘာဝ)ပညတ် သက်သက်သာဖြစ်ချေသည်၊ ထိုမရှိပညတ်ကိုပင် အမြတ်တနိုးပြုလုပ်ရ သောယောဂီသည် (ဝိပဿနာသို့ကူးပြောင်းသောအခါ) ထို(အ·ဘာဝ)

ပညတ်ကို မပယ်စွန့်နိုင်ရကား ပရမတ္ထ သဘာဝ
အာရုံဟု ထင်မှတ်လျက်ရှိနေတတ်ကြပါသည်။

ထိုအချက်ကို သမထယာနိကပုဂ္ဂိုလ်တိုင်း သတိပြုသင့်ပါသည်။

(ဤတွင် ဒွတ္တိသ ကောဌာသ ကမ္မဋ္ဌာန်းပြီး၏)

※※※

၁၂

ဝိဇ္ဇာလမ်းပေါက် ဂါထာမန္တန်များ

(၁) ဗဟာသရဏာ (၃၀)ဂါထာတော်ကြီး

ကတိ ပရိယန် ..... ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
ကတိ ပရိယန် ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
ကတိ ပရိယန် ..... သံဃံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန် ..... ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန် ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
ဘောဂ ပရိယန် ..... သံဃံ သရဏံ ဂစ္ဆာမိ
ဇိဇိတ ပရိယန် ..... ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဇိဇိတ ပရိယန် ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
ဇိဇိတ ပရိယန် ..... သံဃံ သရဏံ ဂစ္ဆာမိ
ယာဝ ဇိဝံ ..... ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ
ယာဝ ဇိဝံ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
ယာဝ ဇိဝံ ..... သံဃံ သရဏံ ဂစ္ဆာမိ

မရဏ ကာလ ..... ဝုဠွဲ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏ ကာလ ..... သံဃံ သရဏံ ဂစ္ဆာမိ
မရဏကာလ ပရိယန္တံ... ဝုဠွဲ သရဏံ ဂစ္ဆာမိ
မရဏကာလ ပရိယန္တံ... ဓမ္မံ သရဏံ ဂစ္ဆာမိ
မရဏကာလ ပရိယန္တံ... သံဃံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလ ..... ဝုဠွဲ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တ ကာလ ..... သံဃံ သရဏံ ဂစ္ဆာမိ
အရဟတ္တကာလ ပရိယန္တံ. ဝုဠွဲ သရဏံ ဂစ္ဆာမိ
အရဟတ္တကာလ ပရိယန္တံ. ဓမ္မံ သရဏံ ဂစ္ဆာမိ
အရဟတ္တကာလ ပရိယန္တံ. သံဃံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ..... ဝုဠွဲ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ကာလ ..... သံဃံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ..... ဝုဠွဲ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
နိဗ္ဗာန ပရိယန္တံ..... သံဃံ သရဏံ ဂစ္ဆာမိ

စုစုပေါင်း (သရဏဂုံ ၃၀)ဖြစ်၏။ သို့ပေါက် ဝိဂ္ဂဟလမ်းကို အားထုတ်ကြရာတွင် အထူးဂွဖတ်ဖတ် သရဏဂုံသည် ဖြစ်ပါသည်။

(၂) ရာနှင်းယူး ကိစ္စတော်

(က) ဝုဠွေန ဝုဠွေါန ဩန္ဒာ ပဌမာတိဝုဠွေါ ဓောဒန္နာန် ရွယ် သုညံနိမိတ္တံ၊ ။

(ခ) ဝုဠွေါန ဝုဠွေါန ဩန္ဒာ နဝမဓနဝုဠွေါ ဓောဒန္နာန် ရွယ် သုညံနိမိတ္တံ၊ ။

(ဂ) ဝုဠ္ဂါန ဝုဠ္ဂါန ဩန္ဒာ ခန္ဓာဝုဠ္ဂါ ကေခန္ဓာနံ ရူပံ သုညံနိမိတ္တံ။ ။

(ဃ) ဝုဠ္ဂါန ဝုဠ္ဂါန ဩန္ဒာ ကာယဝုဠ္ဂါ ကေခန္ဓာနံ ရူပံ သုညံနိမိတ္တံ။ ။

(င) ဝုဠ္ဂါန ဝုဠ္ဂါန ဩန္ဒာ သုညဝုဠ္ဂါ ကေခန္ဓာနံ ရူပံ သုညံနိမိတ္တံ။ ။

ဥင်းစာန်ငါးပါးဂါထာတော် ဝိဇ္ဇာလမ်းပေါက် အားထုတ်ကြရာတွင် မပြတ်ရွတ်ဖတ်သရဇ္ဈယ် အပ်သော အလွန်အရေးကြီးသည့် အသုံးဝင်သည့်ဂါထာဖြစ်ပါသည်။ သီဒို့ပေါက်အင်းများ စာမများ၊ စာတ်လုံးများ၊ အကွရာများ၊ ဆေးပစ္စည်းများကို ထိုစာန်ငါးပါးဂါထာများဖြင့် အထပ်ထပ် ရွတ်ဖတ်သရဇ္ဈယ် ပေးရသည်ဟု မှတ်ပါလေ။

(၃) စာန်ငါးပါးအချုပ် ဂါထာတော်

အန္ဓကာရေန ဩန္ဒါ ပထမာတိဝုဠ္ဂါ နိစ္စဝုဠ္ဂါ
ခန္ဓနဝုဠ္ဂါ
ကာယဝုဠ္ဂါ နဩန္ဒါ သုညဝုဠ္ဂါ ကေခန္ဓာနံရူပံ
သုံညံနိမိတ္တံ။ ။

(၄) နိဗ္ဗိသုတံ ဂါထာတော်

ဣဒဿ ဝုစ္စတေနိမိတ္တံ ဝုဠ္ဂဿ ဣဒဿ ဝုဠ္ဂဿနိမိတ္တံ
ပမာနဝုဠ္ဂါ မတောပသော အာနုဘာဝေန
သဟဿသီသေ
သဟာသကာယေ သဟတ္ထေသပါဒေ သုဝဏ္ဏံ
ဘောမွအာရောမေ ဇယန္တီ။ ။

(၅) အာဠာဝကပြောက်ယဉ်း ဂါထာတော်

ဥမ် ဣဒ္ဓိဝိဓ ဒိဋ္ဌသောတ ပရမိဣတိဝိဇနာန

ပုဗ္ဗေနိဝါသနုဿတိ
ဒိဗ္ဗစက္ခု အာသဝက္ခယညာဏ် အဟံမမ
ဒိဋ္ဌဓမ္မဝေဒနိယက် ကျဟွတ် ကျဟွတ်။ ။

(၆) ဆု(ဂ)ယိုး ဂါထာတော်

ဥမ် ပညာဓိက သဒ္ဓါဓိက ဝိရိယဓိက ပစ္စေကဗုဒ္ဓေါ အဂ္ဂ
သာဝက
မဟာသာဝက ပကသာမက မောနေယျ အဌပုဂ္ဂလာ နိဗ္ဗ
ယန္တိ သစ္ခဲ့ အနာဂတေ။ ။

ဤစုစုပေါင်း ဂါထာတော်(၆)ပုဒ်စလုံးသည် ဝိဇ္ဇာလမ်းပေါက်ကျင့်ကြံပွားများ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်များအတွက် အလွန်အသုံးဝင်သော အရေးကြီးလှသည့်ဂါထာတော်များ ဖြစ်ကြပါသည်။ တောထဲတောင်ထဲတွင် ကမ္မဋ္ဌာန်းကျောင်းငယ်ဖြင့် နေ့ညပွားများအားထုတ်သောပုဂ္ဂိုလ်များသည် မိမိ၏အကျင့်လမ်းစဉ် ပေါက်မြောက် အောင်မြင်ရေးအတွက် ဤထွက်ရပ်ပေါက် သီဒိုဝင်ဂါထာ(၆)ပုဒ်ကို အဓိကပွားများ အားထုတ် သရဇ္ဈယ်ရသည်ဟု မှတ်ယူကြပါလေ။

(၇) ဝိဇ္ဇာသေ့ ဦးအောင်၏ ဂါထာတော်

သောဘဂဝါကွတိပိ အရဟံ အရဟံဝတ သောဘဂဝါ
ယောကွမဿ ဝေရွပဿ
ဒုက္ခဿ ပဟာနာယ၊ ဓမ္မံ ဒေသေတိ သုခံဝတ နိဗ္ဗာန်
ယတ္ထ ဝေရွပဿ ဒုက္ခံ
နသံဝိဇ္ဇတိ ဇေတန သစ္စဝဒ္ဒေန သုခိမေ ဟောတု သဗ္ဗဒါ
ဇေတန သစ္စဝဒ္ဒေန
နတ္ထိ မယ့် ဘယ် သဒါ သဗ္ဗဒေဝါစ ယက္ခါစ ဘူတ
ပေတာစ ကော်ဂနိ ရာဇမတ္တာ
မနုဿာစ သဗ္ဗေဒေဝါ ဝိနာမေန္တု ဒိသွာဝ ဝိယတောစိတ္တံ

ပုတ္တောဝ သိနေဟ်မမ
ဇဋ္ဌဿ အာနုဘာဝေန သဒါဟောန္တု ဝိယာမမ ဇေတေန
ပုညကမ္မေန ကါယသိဒ္ဓိ ဝိယသိဒ္ဓိ
ဓနသိဒ္ဓိ အာရောဂျသိဒ္ဓိ အာယုသိဒ္ဓိ ပဏ္ဍိသိဒ္ဓိ ဥဒကသိဒ္ဓိ
အာကါသသိဒ္ဓိ ဣဒ္ဓိဝိဓသိဒ္ဓိ
စိန္တာမယသိဒ္ဓိ ဝိဇ္ဇာမန္တသိဒ္ဓိ အနုလောမသိဒ္ဓိ ဣမေသံ
ဘဂဝါသသိဒ္ဓိနံ မမဝမ္ဖန္တု။

ငှင်းဝိဇ္ဇာရသေ့ ဦးအောင်၏ဂါထာတော်ကို နေ့စဉ်နေ့တိုင်း ညစဉ်ညတိုင်း အပြဲမပြတ်ရွတ်ဖတ် သရဇ္ဈယ်ကြရာ၏။ အထူးသဖြင့် သရဏာဂုံ(၃)ပါး၌ (၅)ပါးသော သီလတော်မြတ်ကို အသက်ထက်ဆုံး လုံခြုံအောင် ထိန်းသိမ်း၍ (၉)ပါးသီလတော်မြတ်ကို ဥပုသ်သီတင်း ဆောက်တည်ကာ သုတစ်ပါးတို့၏ အသက်၊ အသွေး၊ အသား အဆီတို့ကို ရှောင်ကြဉ်၍ ဤဂါထာတော်မြတ်ကို နံနက်စောစော အရုဏ်တက်တွင် တစ်ထိုင်တည်းနှင့် (၁၀၈)ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈယ် ပွားများရာ၏။

ရဲဖန်ရဲခါ ရက်ပေါင်း (၁၀၈)ရက်စေ့အောင် အဓိဋ္ဌာန်သစ္စာပြု၍ ရွတ်ဖတ်သရဇ္ဈယ်ပေးပါက သီဒွိအမျိုးမျိုးကို ပြီးစီးစေနိုင်၏။ အထင်အမြင်အကြားတို့သည် မိမိ၏ကံပါရမီအလျောက် ပေါက်မြောက်စေနိုင်၏။ အလုံးစုံသော လူနတ်ဝိဇ္ဇာ အပေါင်းတို့ မိမိအား ချစ်ခင်မြတ်နိုးကြရကုန်၏။ အဆိပ်ရှိသောသတ္တဝါများ၊ အစွယ်ရှိသောသတ္တဝါများ၊ အလုံးစုံသော သားရဲတိရစ္ဆာန်များလည်း မိမိအား ချစ်ခင်လေးစားလာကြကုန်၏။ ရန်သတ္တုမပြုကြကုန်၊ အလုံးစုံသောနာနာဘာဝများ၊ အဝရွက နတ်ဆိုး ဘီလူးဆိုးများ၊ စုံးကဝေ၊ အစိမ်းသရဲများ၊ ဘုတ်ပြိတ္တာ သရဲသဘက်များ အားလုံးသည် မိမိအား ချစ်ခင်လေးစားလာကြရကုန်၏။ ပြောတိုင်းဖြစ်လာရ၏။ တောင့်တတိုင်းလည်း ရရှိလာစေတတ်၏။ အားလုံးသော ဝိဇ္ဇာကော်ဂိုတပသီအပေါင်းတို့သည် မိမိအား ချစ်ခင်လေးစားလာကြကုန်သည်ဖြစ်၍ ထိုဝိဇ္ဇာကော်ဂိုတပသီအပေါင်းကိုသည် မိမိကိုတတ်အပ်သော

အတတ်ပညာများ၊ အကွရာများ သိဒ္ဓိများကို ပေးအပ်ကြကုန်တော့၏။ ထိုအခါ အလုံးစုံသော ဝိဒ္ဓာဓေါဂိတပသီအပေါင်းတို့၏ နေရာဌာနသို့ ရောက် ရှိရုံမျှ ဝိဒ္ဓာဓေါဂိအဖြစ်သို့ ရောက်ရှိစေရတော့၏။ စိန်ခွေးငွေကျောက်သံပတ္တမြားရတနာအမျိုးမျိုးတို့သည် မိမိတောင့်တတိုင်း ပြည့်စုံနိုင်လာတော့၏။ အလုံးစုံသော ဝိဒ္ဓာဓေါဂိအပေါင်းတို့သည် မိမိအား ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြကုန်တော့၏။ ဤဂါထာတစ်ပုဒ်တည်းကိုပင် အားကိုးယုံကြည်ပြီး ရှိသမျှာရွတ်ဖတ်သရဇ္ဈယ်ကြကုန်ရာ၏။

(၂) ပထမ စာပိုဒ်ဦးအောင်၏ ကောဌာသဂုတ်တော်ကျင့်ဆဲ

(၁) ကေသာ. . အရပ်သိဒ္ဓိ .
(၂) လောမာ. . အရပ်သိဒ္ဓိ .
(၃) နခါ . . . အရပ်သိဒ္ဓိ
(၄) ဒန္တာ . . . . အရပ်သိဒ္ဓိ.
(၅) တစော . . . အရပ်သိဒ္ဓိ
(၆) မံသံ . . . . အရပ်သိဒ္ဓိ
(၇) နှာရု . . . . အရပ်သိဒ္ဓိ.
(၈) အဋ္ဌိ. . . . . အရပ်သိဒ္ဓိ
(၉) အဋ္ဌိမိဉ္ဇံ . . အရပ်သိဒ္ဓိ
(၁၀) ဝက္ကံ . . . . အရပ်သိဒ္ဓိ
(၁၁) ဟဒယံ. . . အရပ်သိဒ္ဓိ.
(၁၂) ယကနံ. . . အရပ်သိဒ္ဓိ.
(၁၃) ကိလောမကံ. အရပ်သိဒ္ဓိ
(၁၄)ပိဟကံ. . . အရပ်သိဒ္ဓိ .
(၁၅)ပပ္ဖါသံ . . အရပ်သိဒ္ဓိ . .
(၁၆)အန္တံ . . . အရပ်သိဒ္ဓိ. . .

(၁၇) အန္တဂုဏံ. . အရပ်သိဒ္ဓိ
(၁၈) ဥဒရိယံ. . အရပ်သိဒ္ဓိ
(၁၉) ကရီသံ . . . အရပ်သိဒ္ဓိ
(၂၀) မတ္ထလုင် . . အရပ်သိဒ္ဓိ
(၂၁) ပိတ္တ . . . . အရပ်သိဒ္ဓိ
(၂၂) သေမှံ . . . အရပ်သိဒ္ဓိ
(၂၃) ပုဗ္ဗော . . . အရပ်သိဒ္ဓိ
(၂၄) လောဟိတံ. အရပ်သိဒ္ဓိ
(၂၅) သေဒေါ . . အရပ်သိဒ္ဓိ
(၂၆) မေဒေါ . . အရပ်သိဒ္ဓိ
(၂၇) အဿု. . . အရပ်သိဒ္ဓိ
(၂၈) ဝသာ . . . အရပ်သိဒ္ဓိ
(၂၉) ခေဠော . . အရပ်သိဒ္ဓိ
(၃၀)သိယာဏိကာ. အရပ်သိဒ္ဓိ
(၃၁) လသိကာ. . . အရပ်သိဒ္ဓိ
(၃၂) မုတ္တံ . . . . အရပ်သိဒ္ဓိ

ဤ၌လည်း ဒွတ္တဲသကောဋ္ဌာသ ကမ္မဋ္ဌာန်းကဲ့သို့ပင် ပွားများအားထုတ်ရပါသည်။ ဤအကျင့်လမ်းကို ပွားများအားထုတ်မည့် ပုဂ္ဂိုလ်များသည် ရဟန်းဖြစ်လျှင် တစ်ပါး၊ နှစ်ပါးထက် မပိုစေရ။ လူဖြစ်လျှင်လည်း တစ်ဦး၊ နှစ်ဦးထက် မပိုစေရ၊ ဆိတ်ငြိမ်ရာ တောကျောင်း၊ လူသူအရောက်အပေါက်နည်းပါးရာ တောတောင် အတွင်း ကမ္မဋ္ဌာန်းကျောင်းယေဖြင့် အားထုတ်ရပါမည်။ လူဆိုပါလျှင် (၅)ပါးသီလမြဲစေ၊ ရဟန်းဆိုလျှင် ဒေသနာကြား သီလစင်ကြယ်စေ၊ နွှတ်က တစ်ကိုယ်ကြား တစ်ညလုံး သရဇ္ဈယ်ပါလေ။

အသက်သတ်လွတ် အစာအာဟာရမျိုးကိုသာ စားသုံး၍ ကျင့်ဆောင်ပွားများ အားထုတ်ပါလေ။ (ဒွတ္တဲသကောဋ္ဌာသကို ဂုဏ်တော် (၉)ပါးကပ်၍ ကျင့်ကြံပွားများခြင်းတစ်ပါး)နှင့် (ဒွတ္တဲသ ကောဋ္ဌာသကို သရဏဂုဏ် (၃)ပါးကပ်၍ ကျင့်ဆောင်ပွားများခြင်း တစ်ပါး အားဖြင့် စုစုပေါင်း အကျင့်လမ်းနှစ်မျိုးစလုံးကို ကျင့်ကြံပွားများအားထုတ်ရပါမည်။

(အရဟံသီဒို၊ သမ္မာသမ္ဗုဒ္ဓေါသီဒို၊ ဝိဇ္ဇာသရဏသမ္ပန္နေသီဒို၊ သုဂတောသီဒို၊ လောကဝိဒူသီဒို၊ အနုတ္တရော ပုရိသဒမ္မသာရထိသီဒို၊ သတ္ထာဒေဝမနုဿာနံသီဒို၊ ဗုဒ္ဓေါသီဒို၊ ဘဂဝါသီဒို)စသည်ဖြင့် ဂုဏ်တော်များကိုကပ်၍ ပွားများအားထုတ်ပါလေ၊ ရက်ပေါင်း (၅၄)ရက် အဓိဋ္ဌာန်ဝင်၍ အားထုတ်ခြင်း၊ ရက်ပေါင်း (၁၀၈)ရက် အဓိဋ္ဌာန်ဝင်၍ အားထုတ်ခြ၊ : ပြုရပါမည်။

(၁၈) ဥာဒိယံ . . . . . ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဥာဒိယံ . . . . . ဓမ္မံ သရဏံ ဂစ္ဆာမိ
ဥာဒိယံ . . . . . သံဃံ သရဏံ ဂစ္ဆာမိ

(၁၉) ကရိသ် ..... ငုံ့ သရက် ဂ္ဂဟိ
ကရိသ် ..... မဲ့ သရက် ဂ္ဂဟိ
ကရိသ် ..... သံယ သရက် ဂ္ဂဟိ

(၂၀) မတ္တလ္ဂီ .... ငုံ့ သရက် ဂ္ဂဟိ
မတ္တလ္ဂီ .... မဲ့ သရက် ဂ္ဂဟိ
မတ္တလ္ဂီ .... သံယ သရက် ဂ္ဂဟိ

(၂၁) ပိတ္တံ ..... ငုံ့ သရက် ဂ္ဂဟိ
ပိတ္တံ ..... မဲ့ သရက် ဂ္ဂဟိ
ပိတ္တံ ..... သံယ သရက် ဂ္ဂဟိ

(၂၂) သေမှံ ..... ငုံ့ သရက် ဂ္ဂဟိ
သေမှံ ..... မဲ့ သရက် ဂ္ဂဟိ
သေမှံ ..... သံယ သရက် ဂ္ဂဟိ

(၂၃) ပုတ္တော ..... ငုံ့ သရက် ဂ္ဂဟိ
ပုတ္တော ..... မဲ့ သရက် ဂ္ဂဟိ
ပုတ္တော ..... သံယ သရက် ဂ္ဂဟိ

(၂၄) ဃောဟိတံ ... ငုံ့ သရက် ဂ္ဂဟိ
ဃောဟိတံ ... မဲ့ သရက် ဂ္ဂဟိ
ဃောဟိတံ ... သံယ သရက် ဂ္ဂဟိ

(၂၅) သေဒေါ .... ငုံ့ သရက် ဂ္ဂဟိ
သေဒေါ .... မဲ့ သရက် ဂ္ဂဟိ
သေဒေါ .... သံယ သရက် ဂ္ဂဟိ

(၂၆) မေဒေါ ..... ငုံ့ သရက် ဂ္ဂဟိ
မေဒေါ ..... မဲ့ သရက် ဂ္ဂဟိ
မေဒေါ ..... သံယသရက် ဂ္ဂဟိ

(၂၇) အဃု ..... ငုံ့ သရက် ဂ္ဂဟိ
အဃု ..... မဲ့ သရက် ဂ္ဂဟိ
အဃု ..... သံယ သရက် ဂ္ဂဟိ

(၂၈) ဝသာ ..... ဝုဠ္ဍံ သရဏံ ဂစ္ဆာမိ
ဝသာ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
ဝသာ ..... သံဃံ သရဏံ ဂစ္ဆာမိ

(၂၉) ခေဠော .... ဝုဠ္ဍံ သရဏံ ဂစ္ဆာမိ
ခေဠော .... ဓမ္မံ သရဏံ ဂစ္ဆာမိ
ခေဠော .... သံဃံ သရဏံ ဂစ္ဆာမိ

(၃၀) သိယာကိကာ.. ဝုဠ္ဍံ သရဏံ ဂစ္ဆာမိ
သိယာကိကာ.. ဓမ္မံ သရဏံ ဂစ္ဆာမိ
သိယာကိကာ.. သံဃံ သရဏံ ဂစ္ဆာမိ

(၃၁) လသိကာ .... ဝုဠ္ဍံ သရဏံ ဂစ္ဆာမိ
လသိကာ .... ဓမ္မံ သရဏံ ဂစ္ဆာမိ
လသိကာ .... သံဃံ သရဏံ ဂစ္ဆာမိ

(၃၂) မုတ္တံ ..... ဝုဠ္ဍံ သရဏံ ဂစ္ဆာမိ
မုတ္တံ ..... ဓမ္မံ သရဏံ ဂစ္ဆာမိ
မုတ္တံ ..... သံဃံ သရဏံ ဂစ္ဆာမိ

ဤကဲ့သို့ပင် ဒွတ္တံသ ကောဌာသအား သရဏဂုံ(၃)ပါးနှင့် တွဲကပ်၍ ပွားများအားထုတ်ရာ၏။ ပထမဦးစွာ သက်တော်တစ်ထောင် ကျော်သော ဝုဠ္ဍမြတ်စွာဘုရားရှင်၏ ရှေ့တော်တွင် ရတနာ(၃)ပါးအား ရည်စူးပြီး ကန်တော့ပွဲတစ်ပွဲပြင်၍ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်မီးတို့ဖြင့် ဘုရား၊တရား၊သံဃာ ရတနာသုံးပါးအား ကပ်လှူပူဇော်၍ ရတနာမြတ်(၃)ပါး ရှေ့တော်တွင်ပင် (သရဏဂုံ(၃)ပါးနှင့် တကွသော ငါးပါးသော သီလတော်မြတ်ကို အသက်ထက်ဆုံး လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ပါမည်ဟု၍ သစ္စာပြု၊ သစ္စာဆိုရဲရာ၏။ နံ့သာ(၅)ပါးရည်ကိုလည်း သစ္စာရေအဖြစ် တိုင်တည်ဆုတောင်း၍ သောက်မှီရာ၏။ ရဟန်းတော်မှလွဲ၍ လူများသည် ပိတ်ဖြူစင်ကြယ်ဝတ်၍ အရိယာသုတော်ကောင်းတို့ နှစ်သက်တော်မူသော အကျင့်သီလတော်မြတ်ကို ထိန်းသိမ်းစောင့်ရှောက်၍ (၉)ပါးသီလတော်မြတ်တို့ကို ဥပုသ်သီတင်း

ဆောက်တည်ကာ ထိုသက်တော်တစ်ထောင်ကျော်သော တန်ခိုးကြီး ဘုရားရှေ့တော်မှာပင် ရက်ပေါင်း (၂၇)ရက် အဓိဋ္ဌာန်သစ္စာဆိုခဲ့၍ ဤဒွတ္တံသကေဋဌာသ သရဏာဂုံတော်အား တစ်ညဉ့်လုံးနှုတ်က (တစ်ကိုယ်ကြား)တိုးတိုးဖြင့် သရဇ္ဈယ်မှားများရာ၏။

သိဒ္ဓိအမျိုးမျိုး ပညာအမျိုးမျိုးတို့ကို ပေါက်မြောက်အောင်မြင်ပြီးစီးရတတ်၏။ သမ္ဘာဝေနတ်မင်းများ၊ လောကပါလနတ်များ၊ သာသနာတော်စောင့်နတ်မင်းများ ကူညီမစေစောင့်ရှောက်ကြကုန်၏။ မြေတိုင်းဆိုတိုင်း၊ တောင့်တတိုင်း၊ ဆုတောင်းတိုင်း၊ တမ်းတတိုင်း ပြည့်စုံစေရတော့၏။ ဝိဇ္ဇာသောတာအဘိညာများ၊ ဝိဇ္ဇာကျွေအာဘိညာများ၊ မနောမယသိဒ္ဓိ ပရစိတ္တဝိဇာနနဉာဏ်များ ပါရမီအလျောက် အောင်မြင်ပြီးစီးရတတ်၏။ စိတ်က ကြံစည်ခဲ့မှုဖြင့် ကြံတိုင်းပြီးစီးလာရ၏။ ပီယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ ဘယာသိဒ္ဓိ၊ ပယောဂသိဒ္ဓိတို့ကို အောင်မြင်ပြီးစီးရတတ်၏။

အာဏာပိုင်၊ စေပိုင်ဘဝကို ရောက်ရှိစေတော့၏။ ထို(၁၇)ရက် အဓိဋ္ဌာန်ပညာစခန်းကို အောင်မြင်ပြီးနောက် တောတောင်အတွင်းသို့ ဝင်၍ ကမ္မဋ္ဌာန်းကျောင်းမှာနေထိုင်ကာ နေ့ညသရဇ္ဈယ်မှားများပါလေ။ ထိုအခါ ဝိဇ္ဇာ၊ ဇော်ဂို၊ တပသီတို့သည် အသင့်ထံရောက်ရှိလာကုန်၍ ဧွေတက်ရမည့် အကျင့်လမ်းစဉ်များ၊ ပညာရပ်များကို ညွှန်ကြားပေးပေလိမ့်မည်။

ထိုအခါ အသင်သည် ထိုဝိဇ္ဇာ၊ ဇော်ဂို၊ တပသီတို့၏ညွှန်ကြားပြသရာကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သိဒ္ဓိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုးတို့ကို ပိုင်စိုးရပြီး၊ ဝိဇ္ဇာမိုရ်အဖြစ်ကို ရောက်လိမ့်မည်။ ထိုမှတစ်ဆင့် ဆက်လက်၍ ကြိုးစားဆောင်ရွက်ပါလေဦး။

သစ္စာသမာဓိ မြဲပါစေ၊ သရဏဂုဏ်နှင့်တကွ ငါးပါးသီလတော်မြတ်ကို အသက်ထက်ဆုံး ထိန်းသိမ်းစောင့်ရှောက်ပါလေ။ သစ္စာမြဲသော ဟိုဏ်လိပ်ဌသာ ပညာစွဲမြဲနိုင်ပါ၏။ ဤသို့လျှင် တောထဲ တောင်ထဲ ကမ္မဋ္ဌာန်းကျောင်းနှင့်အားထုတ်၍ ရက်ပေါင်း (၅၄)ရက် လွန်ခဲ့ပါလျှင် ဝိမိနေရာ ကမ္မဋ္ဌာန်းကျောင်းကို မူလဓဟိုထား၍ အရှေ့အရပ်၊ အနောက်အရပ်၊

တောင်အရပ်၊ မြောက်အရပ်၊ တစ်ခေါ်ခန့်ကိုသတ်မှတ်၍ပထမံစာမ ဝိဇ္ဇာဦးအောင် ဟုတမ်းတ၍ ခေါ်ပါလေ။ ပထမံ စာမဝိဇ္ဇာ ဆရာကြီး ဦးအောင် ကို မတွေ့-တွေ့အောင် ရှာပါလေ။

ထိုရောအခါ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ဘုမ္မ စိုးနတ်များ၊ ရုက္ခစိုးနတ်များ၊ ပတ်ဝန်းကျင်၌ နေရာဒေသဌာနတို့ကို စောင့် ကုန်သောနတ်များက အသင့်အား သီလကို စမ်းသပ်ကြကုန်လတ္တံ့၊ ထို အခါ အသင်သည် " အကျွန်ုပ်၏အသက်ကို ဗုဒ္ဓဘုရားရှင်ထံ လှူထား ပြီးလေပြီ အသက်သာအသေခံတော့မည် "ဟုဆိုပါလေ။ ထိုအခါ တော စောင့်နတ်များ၊ တောင်စောင့်နတ်များ၊ သစ်ပင်စောင့်နတ်များ၊ သမ္မာ ဒေဝနတ်များ ပျောက်ကွယ်ခဲ့ပြီ၊ ပထမံ စာမဝိဇ္ဇာဆရာကြီး ဦးအောင်နှင့် တကွ အလုံးစုံသော ဝိဇ္ဇာမိုရ်များ၊ ဇော်ဂျီများ၊ တပသီများ ရောက်ရှိလာ ကြကုန်လျက် မိမိအားအထူးထူးသော အတတ်ပညာများ၊ သိဒ္ဓိများ၊ ကျင့် စဉ်များကို လမ်းညွှန်မိန့်ကြားရာ လိုက်ပါကျင့်ဆောင်ပါလေ။

လိုရာလမ်းကို အလိုရှိသလို ရရှိပေလိမ့်မည်။ မန္တန်လမ်းကို အ လိုရှိလျှင် သင့်အားမန္တန်ဝိဇ္ဇာက လမ်းညွှန်မိန့်ကြားပါလိမ့်မည်။ အင်းလမ်း ကိုလိုက်ချင်လျှင် အင်းဝိဇ္ဇာမိုရ်များက အင်းဝိဇ္ဇာလမ်းကို လမ်းညွှန်ပါလိမ့် မည်။ ဆေးလမ်းကိုအလိုရှိပါက ဆေးဝိဇ္ဇာရောက်လာပြီး ဆေးဝိဇ္ဇာဖြစ် အောင် လမ်းညွှန်ပါလိမ့်မည်။ လိုရာလမ်းကို လိုက်ပါလေ။

ပထမံ စာမလမ်းကိုလိုက်လိုပါက ပထမံစာမဝိဇ္ဇာဦးအောင် ရောက်ရှိလာပြီး ပထမံစာမဝိဇ္ဇာလမ်းကို သင်ကြားပြသပါလိမ့်မည်။ လို ရာလမ်းကို အလိုရှိသလို ကျင့်ဆောင်နိုင်လိမ့် မည်။ မိမိအလိုရှိရာလမ်းကို လိုက်ပါလေ။ ထိုမှတစ်ဆင့် ဆက်လက်ကြံလေဦး။

(၇) သဒ္ဒဗာဟုတ်တော်ကြီး (၄) ယောက်

(၁) (က) နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

(ခ) ဗုဒ္ဓံသရဏံဂစ္ဆာမိ ဓမ္မံသရဏံဂစ္ဆာမိ သံဃံသရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံသရဏံဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ
တတိယမ္ပိ ဗုဒ္ဓံသရဏံဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံသရဏံဂစ္ဆာမိ
တတိယမ္ပိ သံဃံသရဏံဂစ္ဆာမိ

(ဂ) အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံသရဏံဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံသရဏံဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံသရဏံဂစ္ဆာမိ

(ဃ) အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တံက် ဗုဒ္ဓံသရဏံဂစ္ဆာမိ
အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တံက် ဓမ္မံသရဏံဂစ္ဆာမိ
အတ္ထာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တံက် သံဃံသရဏံဂစ္ဆာမိ
စတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဒ္ဒါ

(င) အဟံဘန္တေ သံသာရဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ဗုဒ္ဓံသရဏံဂစ္ဆာမိ
အဟံဘန္တေ သံသာရဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ဓမ္မံသရဏံဂစ္ဆာမိ

အဟံဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သံယံသရကံဂစ္ဆာမိ

(စ) ဗုဒ္ဓါမေ သရဏံ အည်နတ္ထိ ဗုဒ္ဓံသရဏံဂစ္ဆာမိ
ဓမ္မာမေ သရဏံ အည်နတ္ထိ ဓမ္မံသရဏံဂစ္ဆာမိ
သံဃောမေ သရဏံ အည်နတ္ထိ သံဃံသရဏံ ဂစ္ဆာမိ
ဇတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ

(၂) အလာဒီကတ္တာ အဟံအတ္တာနံ ဗုဒ္ဓဿ နိယျာတေမိတိ မံဓာရေထ
အလာဒီကတ္တာ အဟံအတ္တာနံ ဓမ္မဿ နိယျာတေမိတိ မံဓာရေထ
အလာဒီကတ္တာ အဟံအတ္တာနံ သံဃဿ နိယျာတေမိတိ မံဓာရေထ

(၃) အလာဒီကတ္တာ အဟံ ဗုဒ္ဓ ပရာယဏောတိ မံဓာရေထ
အလာဒီကတ္တာ အဟံ ဓမ္မ ပရာယဏောတိ မံဓာရေထ
အလာဒီကတ္တာ အဟံ သံဃ ပရာယဏောတိ မံဓာရေထ

(၄) အလာဒီကတ္တာ အဟံ ဗုဒ္ဓဿ အန္တေဝါသိကောတိ မံဓာရေထ
အလာဒီကတ္တာ အဟံ ဓမ္မဿ အန္တေဝါသိကောတိ မံဓာရေထ
အလာဒီကတ္တာ အဟံ သံဃဿ အန္တေဝါသိကောတိ မံဓာရေထ

တောဝဲ တောင်ထဲ၌လည်းကောင်း၊ သစ်တစ်ပင်အောက်၊ ဝါး တစ်ရုံအောက်တွင်လည်းကောင်း၊ ကျွဲကြွက်မွားများ အားထုတ်ကြရာတွင် ဤသရဏဂုဏ်တော်ကြီး (၄)ပါးသည်လည်း တစ်ကဏ္ဍအနေဖြင့် မွားများ

အားထုတ်ကြရာသည်ဟု မှတ်ပါ။

ထို့ကြောင့် အထက်တန်းစား၊ အဆင့်မြင့် အာဏာပိုင်အာဏာများကို ကျင့်ဆောင်မှုများမှာ အားထုတ်ကြရာတွင် လမ်းမကြွင်းဟုဆိုမှတ်အောင်၊ လမ်းကြောင်းဖြောင့်မတ်အောင်၊ အကျိုးထူးတရားများမှ မြန်မြန်ဆန်ဆန် ခံစားရရှိလာအောင် လိုရာသို့၊ လိုရာအကျိုး လိုရာတန်ဖိုးမှ ပြည့်စုံနိုင်အောင် လူနတ်ဗြဟ္မာ၊ သတ္တဝါများ၊ ဝိဇ္ဇာခေါ်ကို တပါးပါးမဟုတ် ဆရာများ၊ တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ သစ်ပင်စောင့်နတ်များ ချစ်ခင်မြတ်နိုးရှိ စောင့်ရှောက်လာအောင် ဤသရဏဂုဏ်တော်ကြီး(၄)ပါးကို အထူးဂရုစိုက်ပွားများ အားထုတ်ရသည်ဟု မှတ်ပါလေ။

မှတ်ချက်။

ဝဿဘုရားရှင် ပွင့်တော်မူပြီးနောက် ဓမ္မစကြာတရား ဟောတော်မူသောအခါ၌ လည်းကောင်း၊ အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူသောအခါ၌လည်းကောင်း၊ မဟာဝုန်တော၌ မဟာသမယ သုတ်တော်ကို ဟောတော်မူသောအခါ၌လည်းကောင်း၊ ကပိလဝတ်နေပြည်တော်၌ ဝဿဝင်တရားတော်ကို ဟောတော်မူသောအခါ၌ လည်းကောင်း သာဝတ္ထိပြည်၊ သရက်ပြုမင်ရင်း၌ ယမကတန်ဖိုး ပြဿတော်မူ သောအခါ၌လည်းကောင်း၊ ဝဿပြတ်စွာဘုရားရှင်သည် သီကွာဝါတော် (၇) ဝါမြောက်၊ တာဝတိံသာနတ်ပြည်တွင် မယ်တော်မိုးတော်သားကို အကြောင်းပြု၍ ဝါတွင်း(၃)လ ကာလပတ်လုံး အဘိဓမ္မာဒေသနာတော်ကို ဟောကြားတော်မူသောကာလ၌လည်းကောင်း၊ တစ်သောင်းသော စကြာဝဠာ၊ တစ်သိန်းသော စကြာဝဠာ အပါအဝင် နတ်ပြည် (၆)ထပ် ဗြဟ္မာဘုံများမှ အလုံးစုံသော ကုဋေပေါင်းများစွာကုန်သော နတ် ဗြဟ္မာ အပေါင်းတို့သည် အကျွတ်တရားရရှိကြကုန်သည်ဖြစ်၍ အဆိုသောနတ်တို့သည် သရဏဂုဏ်သုံးပါးခံယူပြီး ဆောက်တည်ခြင်းဖြစ်ကြကုန်၏။

အဆိုသောနတ်တို့သည် သရဏဂုဏ်သုံးပါးနှင့်တကွ သောတာပန် နတ်မင်းကြီးများ ဖြစ်ကြရကုန်၏။ အဆိုနတ်တို့သည် သကဒါဂါ

နတ်မင်းများ ဖြစ်ကြရကုန်၏။ အချို့သော နတ်ဗြဟ္မာများသည် အနာဂါမ်နတ်မင်းများ၊ အနာဂါမ်ဗြဟ္မာများ ဖြစ်ကြရကုန်၏။ ထို့ကြောင့် သိန်းပေါင်းများစွာ၊ သန်းပေါင်းများစွာ၊ ကုဋေပေါင်းများစွာ နတ်များတို့သည် အောက်ဆုံးအထစ် သရဏဂုံတည်ပြီး ဖြစ်ကြလေကုန်၏။

ထို့ကြောင့် လူပြည်လူလောက အပါအဝင် အလုံးစုံသော ရေမြေတောတောင်၊ သစ်ပင်၊ ကမ္ဘာစကြာဝဠာစသည်တို့၌လည်းကောင်း၊ ရေမြေတောတောင်၊ မြစ်ချောင်း၊ အင်းအိုင်၊ ပင်လယ်သမုဒ္ဒရာတို့၌လည်းကောင်း၊ လေးကျွန်းတစ်မြင်းမိုရ်၊ တစ်ကမ္ဘာ၊ တစ်စကြာဝဠာ၊ စကြာဝဠာကုဋေတစ်သိန်းအပါအဝင် အနန္တစကြာဝဠာ အားလုံးတို့၌ မည်သည့်အရပ်က သရဏဂုံသုံးပါးကို ဆိုမည်နည်း။ မည်သည့်ကမ္ဘာမှ သရဏဂုဏ် သုံးပါးကို ရွတ်ဆိုမည်နည်း။ မည်သည့်စကြာဝဠာမှ သရဏဂုဏ် သုံးပါးကို ရွတ်ဖတ်သရဇ္ဈယ်ပါမည်နည်း။

ထို့အတူ မည်သည့်ဘုံဌာနက သရဏဂုံသုံးပါး၏ သဒ္ဒအသံကို ကြားရပါမည်နည်း၊ မည်သည့်ကမ္ဘာ၊ မည်သည့်စကြာဝဠာမှ သရဏဂုံသုံးပါး၏ အသံကို စတင်၍ ကြားရပါမည်နည်း။ မည်သည့်သစ်ပင်၊ မည်သည့် တောတောင်၊ မည်သည့်ရေမြေ၊ မည်သည့် ပင်လယ်သမုဒ္ဒရာများမှ စတင်၍ သရဏဂုံသုံးပါး၏ သဒ္ဒအသံကို ကြားသိရပါမည်နည်း။

စတင်၍ကြားသိရသောနေရာသို့ ဌာနသို့၊ စတင်၍ ရွတ်ဆိုပွားများသောနေရာသို့ ဌာနသို့ သရဏဂုံသုံးပါးကို ချစ်ခင်လေးစားကြကုန်သော နတ်မင်းနတ်မြတ်၊ နတ်ဒေဝါအပေါင်းတို့သည်လည်းကောင်း၊ သရဏဂုံသုံးပါးကို ချစ်ခင်ကြည်ညိုကြကုန်သော နတ်ဗြဟ္မာ အပေါင်းတို့သည်လည်းကောင်း၊ သရဏဂုံသုံးပါးကို ခံယူဆောက်တည် ထားကြကုန်သော ဝုဒ္ဓ ဘုရားရှင်ကို မှီလာကြသည့် နတ်ဗြဟ္မာ အပေါင်းတို့သည်လည်းကောင်း အထူးဝမ်းသာအားရ၍ ရောက်လာကြကုန်တော့၏။ သာဓုခေါ်၍ အားရကျေနပ်စွာ စုဝေး၍ ရောက်လာကြကုန်တော့၏။ သရဏဂုံသုံးပါးအသံတော်ကို ကြားနာကြရုန်အတွက် ဟော်ရွှင်ချမ်းသာ ရွှင်လန်းစွာစုဝေး၍ စည်းလုံးညီညာစွာ

ရောက်ရှိ လာကြကုန်တော့၏။

ထိုအခါ သရဏာဂုံသုံးပါးအား အလေးထား ရွတ်ဖတ်သရဇ္ဈယ နေသောပုဂ္ဂိုလ်များအား သရဏာဂုံသုံးပါး၏တန်ခိုးတော်ကြောင့် ကြည်ညိုလာကြခြင်း၊ ချစ်ခင်လေးစားလာကြခြင်း ရှိကြစမြဲပင်။ ထိုအခါ သရဏာဂုံသုံးပါးအား ရွတ်ဖတ်နေသော ပုဂ္ဂိုလ်သည် လူဖြစ်စေ၊ ရဟန်းဖြစ်စေ၊ ရသေ့ဖြစ်စေ အကျင့်ကောင်း၏- မကောင်း၏ကိုလည်းကောင်း၊ သီလရှိ၏- မရှိ၏ကိုလည်းကောင်း၊ သီလလုံခြုံ၏-မလုံခြုံ၏ကို လည်းကောင်း၊ အလိုရမ်းကြီး၏-မကြီး၏ကိုလည်းကောင်း၊ လောဘဒေါသကြီး၏-မကြီး၏ကို လည်းကောင်း၊ လိမ်လည်လှည့်ဖြား ကောက်ကျစ်စဉ်းလဲသူဟုတ်၏-မဟုတ်၏ကိုလည်းကောင်း၊ အထူး လေ့လာကြခြင်း၊ အထူးစူးစမ်းကြခြင်း၊ အထူးစုံစမ်းကြခြင်း၊ အထူးမေးမြန်းကြခြင်း ပြုကြကုန်တော့၏။

ထိုအခါ သရဏာဂုံသုံးပါးအား ရွတ်ဆိုပွားများနေသော ပုဂ္ဂိုလ်သည် အကျင့်မကောင်းခြင်း၊ အလိုရမ်းကြီးခြင်း၊ သီလမလုံခြုံခြင်း၊ သီလမစင်ကြယ်ခြင်း၊ သီလကျိုးပေါက်ခြင်း ရှိနေခဲ့ပါလျှင် လာရောက်စုဝေးကြကုန်သော နတ်များမကြိုက်နှစ်သက် ကြတော့ပေ။ မကြည်ဖြူကြတော့ပေ။ မကြည်ညိုကြတော့ပေ။ ထိုသို့ နတ်များ မကြည်ညိုလျှင်၊ နတ်များ မကြည်ဖြူကြတော့လျှင် မိမိအားကူညီမှု၊ အားပေးမှု၊ မစမှု မပြုတော့ဘဲ ရှောင်ခွာ၍၊ ရှောင်ဖယ်၍ သွားကြကုန်တော့၏။

ထို့ကြောင့်ပင်လျှင် တောထဲတောင်ထဲ အားထုတ်သော ပုဂ္ဂိုလ်များသည် လည်းကောင်း၊ ဝိဇ္ဇာဝိမုတ္တိရသမ်း၊ သမထလမ်းများကို ပေါက်မြောက်အောင် အားထုတ်ကြပေကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် (သရဏာဂုံသုံးပါးနှင့်တကွသော ငါးပါးသောသီလတော်မြတ်တို့ကို အသက်ထက်ဆုံး၊ သေတပန်သက်တစ်ဆုံး လုံခြုံအောင် စောင့်ထိန်းကြရာ၏။ သို့မှသာလျှင် မိမိတွင် သီလလုံခြုံနေသောကြောင့် တောစောင့်နတ်များ၊ တောင်စောင့်နတ်များ၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်များ ချစ်ခင်လေးစားလာကြကုန်တော့၏။ (လောကကမ္ဘာတွင် မိမိအား နတ်များ ချစ်ခင်

လေးစား လာပြီဆိုမှဖြင့် လိုတ.ရစေနိုင်တော့၏။ လိုချင်တာ၊ ရချင်တာ၊ တောင့်တတာ မှန်သမျှ၊ ဆုတောင်းတာမှန်သမျှ၊ ကြွစွာသယဏဲသို့ အကုန်လုံး ကောင်မြင်ပြီးစီးလာရတော့၏။ အားလုံးလည်း ပြည့်စုံ လာရတော့၏။

(၄) ဓနသီဒွဂါဘာတော်

(က) ဝုဒ္ဓေါမေ သရဏံ အည်နတ္ထိ ဝုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မောမေ သရဏံ အည်နတ္ထိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃောမေ သရဏံ အည်နတ္ထိ သံဃံ သရဏံ ဂစ္ဆာမိ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုဇယမင်္ဂလံ။

(ခ) ဒိဝါတပတိ အာဒိစ္စော ရတ္တိမာ ဘာတိ စန္ဒိမာ၊
သန္နဒ္ဓေါ ခတ္တိယော တပတိ ဈာယီ တပတိ ဗြဟ္မဏော၊
အထသဗ္ဗာ မဟောရတ္တိ ဝုဒ္ဓေါ တပတိ တေဇသာ၊
ဧတေန သစ္စဝဇ္ဇေန သောတ္ထိမေ ဟောတုဇယမင်္ဂလံ။

(ဂ) သိရသိမေ ပဗ္ဗဝုဒ္ဓါ နလာဋေ ဗြဟ္မဒေဝတာ၊
စက္ခုကန္နေ ဣန္ဒောရာဇာ မုခေဒေဝီ သုရဿတီ၊
ဟဒယေ နရာယနဉ္စ ဟတ္ထေစ ပရမေသ္ဝရော၊
ဥရေ ပိဿနဒေဝါစ ဇေဒေဝါ မဟိဒ္ဓိကါ၊
မဟာဒေဝါနုဘာဝေန သဗ္ဗကမ္မာနိ သိဒ္ဓိမေ၊
မေတ္တာစိတ္တေန မံသဗ္ဗေ ဩလောကေတု ဒိနေ-ဒိနေ။

(ဃ) ဇေဟိမိတ္တံ ဟိတံပုညံ ယထာ ယာစိ ကတံ ဖလံ၊
ဇေဟိနန္ဒာ ပိယာပုတ္တာ ပိယာသိရိ ပိယာ-ပိယာ၊
သဝဏ္ဏာဟရ ဒွေဖလံ ရောဂါကိယမနသိ မာမတ္တာယ။

သဟဿ ပရိဝါရာယ ဝိသာခါယ တောဓိသက္ကာယ၊
သတ္ထုနာဂရေ သမ္မုခာနံ စိတ္တံ ဘဝတိ မမသန္တိကေ
ဖဟိ-ဖော်
သြောင်းဝုဠ္ဂါ ဓမ္မဝါ သဲယဝါ ရာဇိရာဇဿ ကုမာရိ-
ကုမာရဿ
သြောင်းဖော်-ဖော်ဝလ်ကပ်
အယောရံ ယောရဠေန သိရသာ ဝုဠ္ဂ ဝန္ဒနာ
သတ္ထဒ့ကွါ အဟံမဠာ အယောရာဇာ အနုမောဒနာ

(၄) ဥမ်. . . သူရဿတီဒေဝါနံ ရုက္ခါဒေဝါနံ အာကါသ
ဒေဝါနံ အာလောကဒေဝါနံ
အမဠရာဇာနံ သမဏဗြဟ္မာနံ သတ္တက္ကတ္တိနံ သတ္တပုရိ
သာနံ သတ္တဘောဂါနံ
သတ္တလာဘာနံ သတ္တဓနာနံ ဖော်-ဖော်-ဝလ်ကပ်

(၅) သူရဿတီဒေဝီစ မေမာတာ၊ မာတာစမေ
သူရဿတီဒေဝီ အနုကမ္ပံ
ဥပါဒါယ လာဘ်ဒေဟိ ဓနံဒေဟိ ပိယံဒေဟိ မေ
သူရဿတီဒေဝီ

(၆) ဥမ်. . . တုဋ္ဌေဟိ တုဋ္ဌေဟိ မမတုဋ္ဌေဟိ ပိယေဟိ
ပိယေဟိ မမပိယေဟိ
သိနေဟ သိနေဟ မမသိနေဟ ရာဇစိတ္တံ
ပိယ်မိုင်းမိုင်း အမစ္စ ရာဇစိတ္တံ
ပိယ်မိုင်းမိုင်း ဒေဝစိတ္တံ ပိယ်မိုင်းမိုင်း ဒေဝီမိတ္တံ
ပိယ်မိုင်းမိုင်း
ကတ္တိစိတ္တံ ပိယ်မိုင်းမိုင်း ပုရိသစိတ္တံ ပိယ်မိုင်းမိုင်း
မနုဿစိတ္တံ ပိယ်မိုင်းမိုင်း
သတ္တစိတ္တံ ပိယ်မိုင်းမိုင်း ဥမ်ဖော်-ဖော် ခြင်းခြောခြင်း
ကပ်ခြောကပ်။

(၈) သင်္ဃဟိတ မင်္ဂလာနိ ပုညာဘိ သိရိသောဘာဂိနီ
သုရသဿိစ မေဟာတာ နိစ္စံ ရက္ခန္တု မသဒါ။

စုစုပေါင်း ဓနသိဒ္ဓိဂါထာတော် (၈)ပုဒ်ဖြစ်ပါသည်။

ထို့ဓနသိဒ္ဓိဂါထာ(၈)ပုဒ်ကို မှန်မှန်ကန်ကန် ရွတ်တတ်အောင် သင်ကြား၍ ထိုဂါထာ(၈)ပုဒ်ကို အရက္ခကျက်မှတ်ထားရာ၏။

ထို့နောက် နေ့စဉ် အာရုဏ်တက်ချိန်တွင် ဝတ္ထုမြတ်စွာဘုရား နှင့်တကွ ရတနာသုံးပါး တို့အား ဆွမ်း၊ ရေချမ်း၊ သစ်သီး၊ ပန်း၊ အမွှေးတိုင်၊ ဖယောင်းတိုင်မီးများဖြင့် ကပ်လှူပူဇော်၍ (ဘုရား၊ ရဟန္တာ၊ အရိယာ သူတော်ကောင်းများ ပညာရှိပုဂ္ဂိုလ်များ မကြိုက်မနှစ်သက်သောအကျင့်များ၊ အလုပ်များအား ရှောင်ကြဉ်စေ၍) အရှေ့အရပ်၊ လောကတော်မှ အာရုဏ်တက် ရောင်ခြည်သန်းနေရာဘက်သို့ မျက်နှာမူ၍ ဤဓနသိဒ္ဓိ (၈)ဂါထာကို တထိုင်တည်းနှင့် (၂၇)ခေါက် စေ့အောင် ရွတ်ဖတ်ရာ၏။

အမြင်နက္ခတ်နားလည်သော ပုဂ္ဂိုလ်ဖြစ်ပါက ညဘက်တွင် ကောင်းကင်တွင် ဓနသိဒ္ဓိနက္ခတ်ကို ရှာပါလေ၊ တွေ့ပါလျှင် ထို့ဓနသိဒ္ဓိနက္ခတ်ကို မျက်စိဖြင့်စူးစူးစိုက်စိုက်ကြည့်၍ ဓနသိဒ္ဓိ(၈)ဂါထာစလုံးကို (၂၄)ခေါက်ရအောင် ဓနသိဒ္ဓိနက္ခတ်ကို ကြည့်၍ရွတ်ရာ၏။ ထို့အပြင် အသက်လွတ်စား၍ သရဏာဂုဏ်သုံးပါးနှင့်တကွ ငါးပါးသီလတော်မြတ်ကို လုံခြုံစွာ ခံယူဆောက်တည်ပြီး၊ ဝတ္ထုမြတ်စွာဘုရားရှင်၏ မျက်နှာတော်ကို သေချာစွာ စူးစူးစိုက်စိုက်ကြည့်ရှု ဖူးမျှော်လျက် ဤဓနသိဒ္ဓိ(၈)ဂါထာကို (၁၀၈)ခေါက်ရအောင် ရွတ်ဖတ်သရဇ္ဈယ်ရာ၏။

ဂါထာတော်ကိုလည်း ပီပီသသ အဖြတ်အတောက် မှန်ကန်စွာ ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။ ထို့ပြင် ရှင်သီဝလိပုံတော်ကို ကြည့်၍ နေ့စဉ်(၂၇)ခေါက်ရွတ်ပေးနိုင်၏။ သုရဿတိနတ်သမီးပုံတော်ကိုကြည့်၍ နေ့စဉ်(၂၇)ခေါက်စေ့အောင် ရွတ်ပေးနိုင်၏။ အကျိုးကား ကောင်းကျိုး ချမ်းသာမင်္ဂလာသုခတို့သည် တစ်ရက်ပြီးတစ်ရက် တိုးတက်ဝင်လာကြကုန်၏။ အလုပ်မရှိခဲ့လျှင် အလုပ်ရှိလာရ၏။ အလုပ်မရခဲ့သေးလျှင် အလုပ်ရလွယ်လာတော့၏။

တစ်ရက်ထက် တစ်ရက်၊ တစ်ပတ်ထက် တစ်ပတ်၊ တစ်လ ထက် တစ်လ စည်းစိမ်ဥစ္စာ၊ ရတနာရွှေငွေတို့သည် တိုးတက် ဝင်ရောက် လာကြပေကုန်၏။ အလုံးစုံသော လူနတ်တို့သည် မိမိအား ချစ်ခင်လေး စားလာကြကုန်၏။ အလုံးစုံသော သမာဒေဝနတ်တို့သည်လည်းကောင်း၊ သုရဿတိနတ်သမီးနှင့် ဒေဝီ(၇)ပါးတို့သည်လည်းကောင်း မိမိအား ကူညီ စောင့်ရှောက် ပေးကြလေကုန်၏။

ကျီကျဘက္ကာ ဆန်ရေစပါး၊ ဥစ္စာပစ္စည်း လိုအပ်သမျှ အကုန် ပြည့်စုံလာရတော့၏။ အလုံးစုံသော လူအပေါင်းတို့သည် ချစ်ခင်လာကြ ကုန်၏။ အလုံးစုံသော အဟိတ်တိရစ္ဆာန်တို့သည်လည်း ချစ်ခင်လေးစား လာကြကုန်၏။ အလုံးစုံသော ရန်သူဟူသမျှ ချစ်ခင်လေးစားလာကြ ကုန်၏။ အစားအသောက် အဝတ်အထည် အသုံးအဆောင်များသည် အလိုလို ရောက်ရှိလာကြရကုန်၏။ ကောင်းသော အိပ်မက်များကိုသာ မြင်မက်ရ၏။

မိမိဘဝသည် ကြီးပွားခြင်း၊ ချမ်းသာခြင်း၊ တိုးတက်ခြင်း၊ အောင် မြင်ခြင်းများဖြင့် ပြီးစီးနေတော့၏။ ပြောသမျှ ဖြစ်လာရတော့၏။ တောင့်တသမျှ အားလုံးရောက်ရှိလာကြကုန်၏။ ရွှေငွေဥစ္စာ၊ ငွေကြေး လာဘ်လာဘတို့သည် ဝင်လာမစဲ၊ တဖွဲဖွဲ ရောက်ရှိလာကုန်တော့၏။

စားလည်း စား၊ လှူလည်း လှူ၊ သာသနာလည်း ပြုဆိုသည့် အတိုင်း ကုသိုလ်ကောင်းမှုများကို အထူးကြိုးစား၍ ပြုကြပါလေ၊ စီးပွား

ရေးမျှား၊ အရောင်းအဝယ်ကိစ္စမျှား၊ ငွေရေးကြေးရေးကိစ္စမျှား၊ လျှင်မြန်စွာ အဆင်ပြေ၊ အောင်မြင်လာရတော့၏။ အခက်အခဲမှန်သမျှ မရှိတော့နိုင်၊ ဒုက္ခမှန်သမျှ မတွေ့ရတော့ချေ။ ရပ်ရွာ၊ မြို့ဒေသများတွင် မိမိအား လူချစ်လူခင် များပြားလာကြကုန်၏။ ထင်ပေါ်၏။ ကျော်ကြား၏။ ကျစ်ဆာသယသိဒ္ဓိကဲ့သို့ ဖြစ်စေတော့၏။

နိဂုံးချုပ် ကထာ

သံသရာအဆက်ဆက်၊ ဘဝအဆက်ဆက် ပြုခဲ့ရသော ဒါန ကုသိုလ်၏ စွမ်အားကြောင့်လည်းကောင်း၊ သံသရာအဆက်ဆက်၊ ဘဝ အဆက်ဆက်က ပြုခဲ့ရသော ဒါန-သီလ-ကုသိုလ်များ၏ကောင်းမှု အစွမ်းတော်ကြောင့်လည်းကောင်း၊ သံသရာအဆက်ဆက်၊ ဘဝအဆက် ဆက်က အားထုတ်ခဲ့ရသော သမထတရား၊ ဝိပဿနာတရားများ၏ ကုသိုလ်ကောင်းမှုစွမ်းအားတော်ကြောင့်လည်းကောင်း၊ ယခုဘဝ၊ ယခု ကာလ၊ ယခုအခိုန်များ၌ ပြုလုပ်ဆောင်ရွက်ခဲ့ရသော ဒါနကုသိုလ်မှား သီလကုသိုလ်များ ဘာဝနာကုသိုလ်များတို့၏ တန်ခိုးတေဇော် အာနုဘော်တော်ရောက်ကြောင့် **စိင္တာစကားဝိုင်းနှင့် စိင္တာရှင်းတမ်း(ခေါ်) စိင္တာဝရ ပကာသနီကျမ်း**သည် နိဂုံးကမ္ဘတ် အဆုံးသတ်ခွင့်ရရှိလာခဲ့ပါပြီ။

ဤကျမ်းပြုတ်ကို ပြုစုရေးသားရသည်မှာ အထစ်အငေါ့မရှိ အခက်အခဲမရှိ အကျပ်အတည်းမရှိ အန္တရာယ်မရှိ ရန်မရှိ ပေါ့ရွင်စွာ၊ ပေါ့ပါးစွာ၊ သွက်လက်စွာ၊ ပြုံးရွှင်စွာ၊ ရယ်မောစွာ၊ ရောဂါအနာ ကင်းဝေးစွာ ပြုစုရေးသားစီရင်နိုင်ခဲ့လေပြီ။ အားလည်းအားရခဲ့ပေပြီ။ ကျေလည်း ကျေနပ်ခဲ့လေပြီ။ အောင်မြင်မှုလည်း ရရှိခဲ့ပေပြီ။

" ဤလောက၊ ဤကမ္ဘာကြီးတွင် ဗုဒ္ဓသာသနာတော် နေလသမျှ ထွန်းလင်းတောက်ပ နေဆဲအောက်မှာ အကျွန်ုပ် ကျမ်းပြုအရှင်

အနေဖြင့် လွှာဘဝ၊ ရဟန်းဘဝ ရရှိလာခဲ့သည်မှာ အလွန်ပင် အရတော်လေစွတကား. . . "ဟု မိမိကိုယ်ကို အားရဝမ်းမြောက်ပါ၏။

အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓသာသနာတော်မြတ်ကြီးသည် ဤမြန်မာနိုင်ငံတော်ကြီးမှာ အပြည့်အဝ ထွန်းလင်းတောက်ပနေဆဲကာလ အခါသမယတွင် အကျွန်ုပ်အနေဖြင့် လွှာဘဝရလာခြင်းသည်လည်းကောင်း၊ ရဟန်းဘဝ ရလာခဲ့ခြင်းသည်လည်းကောင်း၊ ထို့ပြင် ဤသာသနာတော်၏ အရိပ်အောက်တွင် သမထတရား၊ ဝိပဿနာတရားစသော ရဟန်းတရားများကို ပွားများအားထုတ်ခွင့်ရခြင်းသည်လည်းတစ်ကြောင်း၊ ဤသို့သော အကြောင်းများကြောင့်လည်း ဗုဒ္ဓမြတ်စွာဘုရားရှင်အား အထူးကျေးလူးတင်မိခဲ့၊ ချီးမွမ်းမိခဲ့ပါ၏။

ဒုတိယအချက်မှာ ဤဗုဒ္ဓ မြတ်စွာဘုရားရှင်၏ သာသနာအရိပ်အောက်မှာ လူသားတစ်ယောက်ဖြစ်အောင် မွေးဖွားပေးခဲ့သော အကျွန်ုပ်ကျွမ်းပြုအရှင်၏ မိဘ(၂)ပါးကိုလည်း အထူးချီးမွမ်းခဲ့၊ ကျေးလူးတင်မိခဲ့ပါ၏။

ထို့နည်းတူစွာ ဤဗုဒ္ဓသာသနာတော်၏ အရိပ်သဖွယ်အောက်တွင် ရဟန်းဘဝကိုရောက်ခဲ့ရသော၊ ရဟန်းတရားကို အားထုတ်ခွင့်ရခဲ့သော၊ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကို ပြုခွင့်ရရှိခဲ့သော ဘဝက်၊ ပါရမီကုသိုလ်က်၊ ပါရမီများကိုလည်း အကျွန်ုပ်ကျွမ်းပြုအရှင်သည် အထူးပင် ကျေးလူးတင်မိခဲ့ပါသည်။

ထို့မှတပါးသော်ပါ၊ ဝိဇ္ဇာနှင့်ပတ်သက်၍၊ ဝိဇ္ဇာလမ်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဝိဇ္ဇာတို့၏အကျင့် အမူအရာ၊ ဝိဇ္ဇာတို့၏ လမ်းစဉ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဝိဇ္ဇာဖြစ်စဉ်၊ ဝိဇ္ဇာအတု၊ ဝိဇ္ဇာအယောင်ဆောင်တို့၏ သဘောသဘာဝနှင့် ပတ်သက်၍ လည်းကောင်း အသေးစိတ်၊ အနုစိတ် ပြသခွင့်၊ ရေးသားခွင့် ရရှိသည့်အတွက်လည်း မိမိ၏ဘဝ၊ မိမိ၏ ကုသိုလ်က် ပါရမီကို ကျေးလူးအထူးတင်မိခဲ့ပါ၏။

မြန်မာမြည်သူမြည်သားများအတွက်လည်း သိသင့်သိထိုက်ရာ မှတ်သားသင့် မှတ်သားရာ၊ ဝိဇ္ဇာဝိုင်ရဲ့ နှင့်ပတ်သက်သော သိကောင်းစရာများကို အတိုအလင်း ဟုတ်ဟောဖော်ထုတ်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဝိဇ္ဇာဝိုင်ရဲပုဂ္ဂိုလ်များနှင့်ပတ်သက်၍ လူလိမ်မခံရအောင်၊ အညာခံရအောင်၊ ကြိုးတား၊ အာတား၊ ပတ်တာ မခံရဖို့အောင် ဤ ဝိဇ္ဇာကောင်းနှင့် ဝိဇ္ဇာမှင်းတမ်း (ခေါ်) ဝိဇ္ဇာဝရ ပကာသနီကုမ်းကို ပြုစုရေးသားရခြင်း ဖြစ်ပါသည်။

ယခုခေတ်၊ ယခုကာလများတွင် ဝိဇ္ဇာကိုးကားနှင့်ပတ်သက်၍ လည်းကောင်း၊ ဝိဇ္ဇာလမ်းစဉ်နှင့်ပတ်သက်၍ လည်းကောင်း၊ ဝိဇ္ဇာခံမှုနှင့်ပတ်သက်၍လည်းကောင်း **အလိမ်အကောတများ၊ အလိမ်အညာများ၊ ရွှေနောက်ပညိမ္ဗများ၊ အတုအယောင်များ** အလွန်အမင်း ပေါများနေသောခေတ်ဖြစ်နေခဲ့ပါပြီ၊ အချို့ဆိုလျှင် အလိမ်အညာခံခဲ့ရပြီး ဘဝပျက်လုမတတ် ဆုံးဖြတ်နစ်နာကြရသည်။ မကောင်းသော လူလိမ်ဆရာများ အတုအယောင်ဝိဇ္ဇာများနှင့်တွေ့ရပြီး အပေါင်းမှားသော အပါသင်ခဲ့ကြသည်အထိ ဆုံးဖြတ်နစ်နာနေမှုများလည်း အများအပြားရှိနေခဲ့ကြပါသည်။

ထိုသို့ အတုအယောင်များရှိနေခြင်း၊ အတုအယောင်များ ပေါများနေခြင်း၊ အလိမ်အညာများ ပေါများနေခြင်းကြောင့် အမှန်တကယ် ပုဂ္ဂိုလ်များ၊ အစစ်အမှန်ပုဂ္ဂိုလ်များ ဝိဇ္ဇာဝိုင်လမ်းကို မှန်မှန်ကန်ကန် ဖိုးဖိုးသားသား အားထုတ်နေသူများအဖို့ တစ်ခါတစ်ခဲ့ အဆင်မပြေခဲ့ရတာမျိုး၊ အမြင်သေး ခံရတာမျိုး အဆင်လွဲခံခဲ့ရတာမျိုး သို့မဟုတ် မတရား ငွပ်စွပ်ခံရတာမျိုး အများအပြားပင် တွေ့ကြုံခဲ့ရဖူးလေသည်။

နဂိုမူလကမူ ဤခေတ်၊ ဤအခါသမယသည် သိပ်ပညာ လွန်းကား တိုးတက်နေသော ခေတ်ဖြစ်သောကြောင့် နေရာတကာမှာ သိပ်ဘာလုပ်လုပ် သိပ်၊ မည်သည့်နေရာ ရောက်ရောက် သိပ်၊ ဘာအကြောင်း ပြောပြော သိပ်၊ တိုးတက်နေသော ခေတ်ရေးကောင်းကောင်း ကမ္ဘာ

သို့ပါသည်သည်လည်း ထွန်းကားတိုးတက်လာနေဆဲ သမယတွင် ဝိဇ္ဇာ အလိမ်များ၊ ဝိဇ္ဇာအညာများ၊ ဝိဇ္ဇာအယောင်ဆောင်များ၊ ပေါများလာခြင်းသည် ကျဆုံးခြင်းတစ်ရပ်လားဟု ထင်မြင်မိပါလေတော့၏။

ထို့ကြောင့်ပင်လျှင် အကျွန်ုပ်ကမ်းပြုအရှင်သည် ပြည်သူလူထုအများသိမြင်နိုင်သော လေ့လာနိုင်ခွင့် ရနိုင်သော၊ အတုအစစ်ကို ခွဲခြားနိုင်ဖို့ လွယ်ကူစေသော **ဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်) ဝိဇ္ဇာဓရ ပကာသနီကျမ်း**ကို နေသားပြုဝေခြင်းဖြစ်ပေ၏။ ဤဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်) ဝိဇ္ဇာရေပကာသနီကျမ်းပြတ်ကို တတ်နှလေ့လာမှတ်သားထားခြင်းအားဖြင့် နောင်ကို ဝိဇ္ဇာနှင့်ပတ်သက်၍ လူလိမ်ခံရစရာ အကြောင်းမမြင်တော့ပေ။

အမှားနှင့်အမှန်ကိုခွဲခြားရ၌ သိရှိထားပြီး ဖြစ်ပါ၍ နောက်နောင်အခါများတွင် ဝိဇ္ဇာအတုဘယောင်အန္တရာယ်များမှ အဝေးကပင် ရှောင်ကွင်း ဖယ်ရှားနိုင်စေမည်ဖြစ်ပါသည်။

ဤဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်) ဝိဇ္ဇဓရပကာသနီကျမ်းကို လေ့လာဖတ်ရှုပြီးနောက် ဒါက ဝိဇ္ဇာအတု၊ ဒါက ဝိဇ္ဇာအလိမ်၊ ဒါက ပြီးဖျန်းတဲ့ဝိဇ္ဇာ၊ ဒါက အာရိုက်လေကန်တဲ့ ဝိဇ္ဇာ၊ ဒါက ဝိဇ္ဇာအယောင်ဆောင်၊ ဒါက တကယ်ရိုးရိုးသားသား ကျင့်ကြံပွားများ အားထုတ်နေတဲ့ ဝိဇ္ဇာအစစ်ဟု ခွဲခြားစိတ်ဖြာပြီး၊ သိမြင်တတ်ကြွ၍ အတုအယောင် ဆောင်တွေ၊ အလိမ်အကောက်တွေကို အဝေးတ ရှောင်ကွင်းနိုင်ခဲ့ပြီး၊ အစစ်အမှန်တရားများကို အမှန်အတိုင်း သိမြင်လက်ခံမိပြီ ဟုဆိုပါက အကျွန်ုပ်ကျမ်းပြုအရှင်သည် ဤကျမ်းပြတ်ကို ပြုစုရကျိုးနပ်လေပြီဟု ရင်ထဲ၊ နှလုံးအိမ်ထဲတွင် ခံယူမိနေမည်မှာ အမှန်ပင် ဖြစ်လေတော့သတည်း။

အားလုံးသော တပည့်- တကာ၊ တကာမ အပေါင်းတို့နှင့်တကွ မြန်မာပြည်သူလူထုနှင့် ကမ္ဘာသူ၊ကမ္ဘာသား၊ အားလုံးသော လူသားတို့

သည် အမှန်ကို အမှန်အတိုင်း၊ အဟုတ်ကိုအဟုတ်အတိုင်း၊ အရှိကိုအရှိ အတိုင်း သိမြင်ကြစေလိုသောစေတနာဖြင့် ဤဝိဇ္ဇာစကားဝိုင်းနှင့် ဝိဇ္ဇာရှင်းတမ်း (ခေါ်)ဝိဇ္ဇာဓရပကာသနီကျမ်းကို ပြုစုရသော ကုသိုလ်ကောင်းမှုကံကြောင့်လည်းကောင်း၊ မဟာကုသိုလ်၊ ညာတာသမ္မယုတ်၊ အသင်္ခါရိကစေတနာကံတို့၏ အကျိုးအားကြောင့် အကျွန်ုပ်သည် အပါယ် (၄) ပါး၊ ရန်သူမျိုး(၅)ပါး၊ ဘေး(၈)ပါး၊ ဒဏ်(၁၀)ပါး၊ အနာမျိုး (၉၆)ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းကြကုန်သည်သာ ဖြစ်၍ အာဏာတန်ခိုးကြီးခြင်း၊ ပညာတန်ခိုးကြီးခြင်း၊ သိဒ္ဓိတန်ခိုးကြီးခြင်း၊ ဘုန်းတန်ခိုးကြီးခြင်း၊ ဘေးကင်းခြင်း၊ ရန်ကင်းခြင်း၊ အန္တရာယ်ကင်းခြင်း၊ စိတ်ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းနှင့် ပြည့်စုံပါစေသတည်း။

ထို့ပြင် ဘဝဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိအတတ်တို့ကိုလည်းကောင်း၊ အဘိညာ(၆)ပါး၊ သမာပတ်(၈)ပါး၊ သမာပတ်(၉)ပါးတို့ကိုလည်းကောင်း၊ ပဋိကတ် (၃)ပုံ၊ ဓေဒင်(၄)ပုံ၊ မွေခန္ဓာ ရှစ်သောင်းလေးထောင်တို့ကိုလည်းကောင်း၊ လျင်မြန်စွာ ပေါက်မြောက် အောင်မြင်ပြီးစီးရသည်ဖြစ်၍ ဘုရား၊ ရဟန္တာ၊ အရိယာဝိဇ္ဇာတို့ ဝင်စံရာဖြစ်သော မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်သော ပဋိသိလ်ထူး၊ ပဋိသိလ်မြတ်သည် ကောအမှန် ဖြစ်ရပါလို၏၊ ဖြစ်ရပါစေသတည်း။

ဝိဇ္ဇာရော မဟာတေဇော သိဒ္ဓိနိဋ္ဌမွို ယေဂတာ တေဝိမေ နုရက္ခန္တု အဝေရာယ သုခေနစ

မဟာတေဇော ကြီးမြတ်သော တန်ခိုးဂုဏ်နှင့်ပြည့်စုံတော်မူပေထသော သိဒ္ဓိနိဋ္ဌမွို-ဆယ်ပါးသောသိဒ္ဓိ၊ ဝိဇ္ဇာမယိဒ္ဓိအတတ်တို့ကို အောင်မြင်ပြီးဆုံးခြင်းသို့ ဂတာ-ရောက်တော်မူကြပေကုန်သော၊ ယေဝိဇ္ဇာဓရပိ အကြင်ဘလုံးစုံသော ဝိဇ္ဇာ၊ ဓေါ်ရို့ တပသီနှင့် ထွက်ရပ်ပေါက်ပြီး ဝိဇ္ဇာမိုရ် ဆရာကြီးများ၊ ဆရာတော်ကြီးများ အပေါင်းတို့သည်လည်း၊ သန္တိ- ဤ

လော်ကဋ္ဌ ထင်ရှားမသွေ တည်ရှိကြကုန်၏၊ တော်ရုံယုတ်ရပ်ပေါက်ပြီး ဝိဇ္ဇာဓိရ်ဆရာကြီးများနှင့် ဆရာတော်ကြီးများ အပေါင်းတို့သည်လည်း၊ မေ-အာကျွန်ုပ်အား အဝေရာယစ ဘေးအမျိုးမျိုး၊ ရန်အသွယ်သွယ်၊ အန္တရာယ် မှန်သမျှတို့မှ ကင်းဝေးပပျောက်ပါစေ ခြင်းအကျိုးငှာလည်းကောင်း၊ သုခေနစ-ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးပါစေခြင်းအကျိုးငှာလည်းကောင်း၊ အနုရက္ခန္တ-နေ့ညမသွေ စောင့်ရှောက် ကြပါစေသတည်း။ ။

နိဒ္ဒိဋ္ဌံ

သုခီအတ္တာနံပရိဟရန္တု

၍

ဝေပုလ္လာရာမဆရာတော်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ပြည်မြို့

(၂၇-၁၀-၂၀၀၅)

ပြည်သို့ဝေပုဏ္ဏားရာဇဓာနီကောင်းတိုက်ပခုံနန္ဒာယကာ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တဝေဓဋ္ဌ

စိတ္တာဓရပကာသနီကျမ်း

Design: Maung Maung Zaw